# အသက်၏ အနှစ်သာရ


## အသက်၏အနှစ်သာရ - ကောင်းမွန်သော လေ့ကျင့်မှု၏အဓိကအချက်ကို ရှာတွေ့ခြင်း

Paul J. Bucknell

ပြန်ဆိုသူ ဓမ္မဆရာတော် ဦးဘီထန်း

# အသက်၏အနှစ်သာရ

## အသက်၏အနှစ်သာရ - ကောင်းမွန်သောလေ့ကျင့်၏ အဓိကအဖြေကို ရှာတွေ့ခြင်း




Paul and Linda Bucknell

ပြန်ဆိုသူ ဓမ္မဆရာတော် ဦးဘီထန်း

**The Life Core: Discovering the Heart of Great Training**

Copyright © 2012, Updated 2014 by Paul J. Bucknell
Translated by Fc. Beitha

Digital
ISBN-10: 1-61993-007-2
ISBN-13: 978-1-61993-007-0

Also in paperback
ISBN-10: 1619930269
ISBN-13: 978-1-61993-026-1

www.foundationsforfreedom.net
Pittsburgh, PA 15212 USA

The NASB version is used unless otherwise stated.
New American Standard Bible ©1960, 1995 used by permission, Lockman Foundation www.lockman.org.
All rights reserved. Limited production is acceptable without prior permission for home and educational use.
For extensive reproduction contact the author at
info@foundationsforfreedom.net

## Paul J. Bucknell ရေးသားသောစာအုပ်များ

## ယနေ့ကျွန်ုပ်တို့အသက်တာထဲသို့ သမ္မာကျမ်းစာစကားပြောဆိုရန် အခွင့်ပေးခြင်း

- သာမန်ထက်ကျော်လွန် ရောက်ရှိခြင်း - အောင်မြင်သောသူတစ်ဦးဖြစ်ခြင်း
- အသက်၏အနှစ်သာရ - ကောင်းမွန်သောလေ့ကျင့်မှု၏အဓိကအချက်ကို ရှာတွေ့ခြင်း
- ဘုရားတရားကြည်ညိုသောသူ - လူတစ်ဦး၏အသက်တာအား ဘုရားသခင်ထိတွေ့သောအခါ
- သမ္မာကျမ်းစကားများအားဖြင့် ရွေးနုတ်ခြင်း
- မိသားစုအတွက် ဘုရားတရားကြည်ညိုမှု အစပြုခြင်း
- သမ္မာကျမ်းစာအရ အုပ်ထိန်းမှု၏အခြေခံသဘောတရားများနှင့် အလေ့အကျင့်များ
- ကောင်းမွန်သောအိမ်ထောင်တစ်ရပ် တည်ဆောက်ခြင်း
- အကြံပြုသောသူများအတွက် လက်မထပ်သေးသည့်ခရစ်ယာန် အကြံပြုခြင်းဆိုင်ရာလက်ထိုး
- တပည့်တော်ဖြစ်ခြင်းဆိုင်ရာ ဆက်နွယ်မှု - ကားတိုင်၏လေ့တွေ့ကျင့်စဉ်များ
- ပြိုင်ပွဲပြေးခြင်း - တပ်မက်ခြင်းများကို အောင်မြင်ခြင်း
- ကမ္ဘာဦးကျမ်း - အုတ်မြစ်ချခြင်း စာအုပ်တစ်အုပ်
- ရောမစာစောင် - အသက်ရှင်ခြင်း ရှင်းလင်းချက်
- ရောမစာစောင် - ကျမ်းစာလေ့လာခြင်းဆိုင်ရာ မေးခွန်းများ
- ဧဖက်စာစောင် - ကျမ်းစာလေ့လာခြင်းဆိုင်ရာ မေးခွန်းများ
- ယေရှုနှင့်အတူ လျှောက်လှမ်းခြင်း - ခရစ်တော်၌ တည်ခြင်း
- တိတုစာစောင်အရ သမ္မာကျမ်းစာကို ခြုံငုံလေ့လာခြင်းများ
- ၁ပေတရု လေ့လာခြင်းဆိုင်ရာ မေးခွန်းများ - ပျက်စီးနေသောကမ္ဘာ၌ အသက်ရှင်ခြင်း
- အမှုတော်လုပ်ငန်းထဲသို့ သင့်ခြေလှမ်းလှမ်းခြင်း
- အမှုတော်လုပ်ငန်းအတွက် ခေါင်းဆောင်များကို လေ့ကျင့်ပေးခြင်း
- ယောနဝတ္ထု လေ့လာရန် လမ်းညွှန် - ဘုရားသခင်၏စိတ်နှလုံးကို နားလည်ခြင်း

# နိဒါန်း

လူမျိုးတကာတို့အား တပည့်တော်ဖြစ်စေရန် စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါသည်။ အသင်းတော်သည် ကမ္ဘာတဝှမ်းပျံ့နှံ့သွားသော်လည်း အနည်းငယ်သော အသင်းတော်များကသာ တပည့်တော်ဖြစ်ခြင်း/မည်ကဲ့သို့ တပည့် တော်မွေးထုတ်မည်ကို သိရှိကြ၏။ အကျိုးဆက်မှာ အသင်းတော်ကို ထိခိုက်လေ၏။.

အခြေအနေသည် နေ့စဉ်သတင်းအချက်အလက်၏အလွန်အကျွံ လွှံဆော်မှုများကြောင့် လည်းကောင်း၊ မရပ်မနားသည့်ရုပ်ပုံနှင့် အသံတို့၏မြစ်တားမှုကြောင့် လည်းကောင်း အလျင်အမြန် ဆိုးရွား လာသည်။ မယုံကြည်ခြင်းနောက်မှာ မကျေမနပ်ဖြစ်ခြင်းလိုက်လာသည်။ ယုံကြည်သူတို့သည် လူတို့အတွက် ဘုရားသခင် လုပ်ပေးသည့်အရာကို ပြောပြပေးမည့်အစား သူတို့အသက်တာထဲ၌ ဘာ့ကြောင့် ဘုရားသခင် ပို၍မလုပ်ဆောင် သနည်းဟူ၍ မိန်းမောတွေဝေကြ၏။

ပူဖောင်းအကြောင်းကို စဉ်းစားကြည့်ပါ။ ၎င်းသည် လေမရှိလျှင် ပုံသွင်း၍ မရသကဲ့သို့ မလှုပ်ရှားနိုင်ပေ။ ထိုနည်းတူ ဘောင်မရှိသောစွန်သည် လေတိုက်နေသော်လည်း မြေပြင်ပေါ်ကိုပဲ ပြန်ကျလာမည်ဖြစ်သည်။ မိုးကောင်းကင်အမြင့်သို့ စွန်လွှင့်တင်နိုင်ဖို့ရန် ဘောင်လိုအပ်ပါသည်။

ကျနော်တို့အသက်တာ၌ ခရစ်တော်၏အုံဩဖွယ်လုပ်ဆောင်ချက်မရှိလျှင် ကျနော်တို့၏ခန္ဓာကိုယ်သည် တစ်ရက်ပွင့်လန်း၍ နောက်ရက်၌ ညှိုးနွမ်းတတ်သောပန်းပွင့်ကဲ့သို့ဖြစ်သွားပေမည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် တန်ခိုးနဲ့ ပြည့်စုံသော ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ကျနော်တို့အသက်တာ ထဲသို့ ဝင်ရောက်လှုပ်ရှား၍ အသက်တာသစ်ကို ဖြစ်ပေါ်စေကာ ဝိညာဉ်ရေးရာပုံသွင်းခြင်း၊ တန်ခိုးနှင့် ရည်ရွယ်ချက်တို့ကို ပေးအပ်တော်မူ၏(၁ပေ၊၁း၂၄-၂၅)။ ခရစ်တော် မပါလျှင် ကျနော်တို့ဘာမျှမတတ်နိုင်။ သို့သော် ကိုယ်တော်ပါရှိလျှင် ကျနော်တို့ အသက်တာအားဖြင့် အံ့ဩဖွယ်ရာများ လုပ်ဆောင်သွားနိုင်သည်ကို ကျနော်တို့ သတိပြုသင့်သည်။

အသက်၏အနှစ်သာရသည် အသင်းတော်၌ အကျပ်အတည်းဖြစ်စေသည့် အခြေခံအကြောင်းရင်းကို ဖော်ထုတ်၍ တကယ့်ခေါင်းဆောင်မှုပညာ လေ့ကျင့်သင်ကြားခြင်းမှတဆင့် အသင်းတော်ထဲသို့ ဘုရားသခင်၏အသက် ပေါင်းစပ်ခြင်းအပေါ် အာရုံစိုက်ခြင်းအားဖြင့် လက်တွေ့ဆန်သော ဖြေရှင်းချက်များကို အကြံပြုစေ၏။ ဘုရားသခင်၏လူတို့အနေဖြင့် သူတို့၏အသင်းတော်များ၊ ကျမ်းစာကျောင်းများ၊ ကျောင်းများနှင့်ခေါင်းဆောင်များသည် မိမိတို့၏အသက်တာများကို အရင်ပြောင်းလဲအားဖြည့်ပြီးမှ အခြားသူများ၏အသက်တာများကို ပြောင်းလဲစေဖို့ရန်

တန်ခိုးနဲ့ပြည့်စုံသောဘုရားသခင်၏သမ္မာတရားများကို တင်ဆက်သောသူများ ဖြစ်ကြောင်း အခိုင်အမာပြောဆိုဖို့လိုအပ်သည်။

ဘုရားသခင်၏လူတို့သည် မိမိတို့၏အသက်တာများ၌ ဘုရားသခင်၏ တန်ခိုးနှင့်ဝိညာဉ်ပိုင်းဆိုင်ရာ ရည်ရွယ်ချက်များတွင် ပြန်လည်နိုးကြားလာဖို့ လိုအပ်ပါသည်။ ဖေက် ၄:၁၂-၁၆ က ကျနော်တို့အား ဤမြေကြီးပေါ်၌ ဘုန်းအသရေနဲ့ ပြည့်စုံသော ထမြောက်ခြင်းအသက်တာကို လိုက်စားရန် တိုက်တွန်းထား ပါသည်။ ဤစာအုပ်သည် ခရစ်ယာန်နဲ့စပ်ဆိုင်သည့် လေ့ကျင့်သင်ကြားခြင်းတစ်ခုတည်း ကိုသာ နားလည် သဘောပေါက်စေမှာမဟုတ်ပဲ ၎င်းနှင့်စပ်ဆိုင်သည့်ရည်မှန်းချက် ပန်းတိုင်များကို မည်ကဲ့သို့ရောက်ရှိရန် အထောက်အကူပြုသွားမည်ဖြစ်ပါသည်။

အခန်းတိုင်း၌ လေ့လာမှု၏အဓိကအချက်များ၊ ဆင်ခြင်စရာကျမ်းပိုဒ် များနှင့်သင်ယူစရာ မေးခွန်းများကို ထည့်သွင်းထားသည်။ ဝိညာဉ်ပိုင်းဆိုင်ရာ ကြီးထွားဖွံ့ဖြိုးမှု၏ဇယားနစ်ခုကိုလည်း နောက်ဆက် တွဲပိုင်း၌ တွေ့မြင်နိုင်ပါသည်။

အသက်၏အနှစ်သာရ အကြောင်းသင်ကြားခြင်း၌ အသံအားဖြင့်ဖြစ်စေ၊ ဗီဒီယိုအားဖြင့်ဖြစ်စေ တွဲဖက်အသုံးပြုနိုင်ပါသည်။ အသင်းတော်၌ ဝိညာဉ် ရေးရာကြီးထွားမှု အစပြုခြင်း ဟူသောခေါင်းစဉ်သည် တပည့်တော် မွေးထုတ် ခြင်း၏အဓိကအကြောင်းအရာကို ဖော်ပြ၍ သင့်အသက်တာနှင့်အခြားသူများ၏ အသက်တာအတွက် ဝိညာဉ်ရေးရာအသက်တာ တဆင့်ပြီးတဆင့်ကြီးထွားခြင်းကို လက်တွေ့မြင့်တင်ပေး သွားမည်ဖြစ်သည်။ ၎င်းကို D1 (BFF Discipleship #1 Digital) စာကြည့်တိုက်၌ တွေ့ရှိနိုင်သည်။

သမ္မာတရားသည် ရှင်သန်တိုးပွား၍ ဘုရားသခင်၏လူတို့သည်လည်း ပြန်လည်လန်းဆန်းကြ ပါစေသော။ ကျနော်တို့၏သာသနာလုပ်ငန်း ပြီးမြောက် နိုင်သော်လည်း ခရစ်ယာန်များအနေဖြင့် သူတို့၏ယုံကြည်ခြင်း၌ မည်ကဲ့သို့ ကြီးထွားရမည်ကို ပိုမိုရှင်းလင်းစွာ နားလည်သဘောပေါက်ဖို့လိုအပ်ပါသည်။ ယနေ့ မျိုးဆက်အနေဖြင့် ဤသင်ခန်းစာကို အသိပညာနှင့်နည်းပညာ၌သာ သက်သေခံ ခြင်းမဟုတ်ပဲ သခင်ဘုရားကို ပိုမိုနက်ရှိုင်းစွာသိရှိ၍ ဤအသိပညာ၊ ဝမ်းမြောက် ခြင်းနှင့် စိတ်အားထက်သန်ခြင်းတို့ကို အခြားသူများအား လက်ဆင့်ကမ်းပေး သူများဖြစ်ကြဖို့လိုပါသည်။

**၂၀၁၂၊ ၂၀၁၄ ခုနှစ်၌ မွမ်းမံသည်။**

**Rev. Paul J. Bucknell**

# မာတိကာ

## အသက်၏ရင်းမြစ်


# ၁ အောင်မြင်ခြင်း အကြောင်းအရာ ၁၁
# ၂ ရှုထောင့်အမြင် ထည့်တွက်ခြင်း ၁၄
# ၃ အပြောင်းအလဲ ရှိရမည် ၁၈
# ၄ အသက်၏ဂုဏ်ကျက်သရေရှိသော ဖော်ပြမှု ၂၅
# ၅ အသက်၏တွန်းအား ၃၀
# ၆ အသစ်သောအသက်၏အမှတ်လက္ခဏာများ ၃၄
# ၇ အသက်၏ရင်းမြစ် ၃၈
# ၈ ဝိညာဉ်တော်ကို မှီတွယ်ခြင်း ၄၀


## အသက်၏ရင်းမြစ်နှင့်သင်


# ၉ နားလည်သဘောပေါက်လာခြင်း ၄၅
# ၁၀ ကြိုဆိုခြင်း ၅၀
# ၁၁ ကြီးထွားလျက်ရှိသော ယုံကြည်ခြင်း ၅၃
# ၁၂ ကျွန်ုပ်တို့အသက်တာ၏ပန်းတိုင်များ ၅၆
# ၁၃ ဦးတည်ချက်ကို ရှာဖွေခြင်း ၆၀
# ၁၄ သိချင်စိတ်ပြင်းပြခြင်း ၆၄
# ၁၅ ကလေးအရွယ် - အဆင့် # ၁ ၆၉
# ၁၆ လူငယ်အရွယ် - အဆင့် # ၂ ၇၅

# ၁၇ ရင့်ကျက်သောအရွယ် - အဆင့် # ၃ ၈၀
# ၁၈ ဘဝစက်ဝိုင် ၈၅


## အသက်၏ရင်းမြစ် & အသက်၏အနှစ်သာရ


# ၁၉ တပည့်တော်ဖြစ်ခြင်း၏ရည်ရွယ်ချက် ၉၁
# ၂၀ အသက်၏အနှစ်သာရ ၉၆
# ၂၁ ရုပါရုံကို ဆုပ်ကိုင်ခြင်း ၁၀၀
# ၂၂ ကျွန်ုပ်တို့၏အကန့်အသတ်များ ၁၀၆
# ၂၃ တစ်ခုလုံး၏အစိတ်အပိုင်းများ ၁၁၃
# ၂၄ ရည်ရွယ်ချက်နှင့်တကွ လေ့ကျင့်ပေးခြင်း ၁၁၇
# ၂၅ ရည်ရွယ်ချက်ကို သတိပြုခြင်း ၁၂၁
# ၂၆ ကွာဟချက်ကို ဆက်စပ်ခြင်း ၁၂၆
# ၂၇ အအသစ်သောယုံကြည်သူကို လေ့ကျင့်ပေးခြင်း ၁၃၁
# ၂၈ အသစ်သောယုံကြည်သူများကို တပ်ဆင်ပေးခြင်း ၁၃၆
# ၂၉ လူငယ်ယုံကြည်သူများကို ထောက်ခံအားပေးခြင်း ၁၄၅
# ၃၀ လူငယ်ယုံကြည်သူများကို တပ်ဆင်ပေးခြင်း ၁၅၁
# ၃၁ ရင့်ကျက်လျက်ရှိသော ယုံကြည်သူများကို ညွှန်ပြပေးခြင်း ၁၅၉
# ၃၂ ရင့်ကျက်သောယုံကြည်သူများကို တပ်ဆင်ပေးခြင်း ၁၆၄


## အသက်၏ရင်းမြစ် & လေ့ကျင့်ပေးခြင်း


# ၃၃ အဓိက ရည်ရွယ်ချက် ၁၇၂
# ၃၄ အတွင်းပိုင်း လုပ်ဆောင်ချက်များ ၁၈၀

# ၃၅ ခေါင်းဆောင်မှု ကြီးထွားရင့်သန်ခြင်း ၁၉၁
# ၃၆ အသင်းတော်များ၌ လေ့ကျင့်ပေးခြင်းများ ၁၉၈
# ၃၇ လေ့ကျင့်ပေးသောကျောင်းများ၌ ပေါင်းစပ်ခြင်း ၂၀၅
# ၃၈ ခရစ်ယာန် K - ၁၂ ကျောင်းများ၌ လေ့ကျင့်ပေးခြင်း ၂၁၂
# ၃၉ ရေရှည်ရှုထောင့် ၂၁၈
# ၄၀ အသက်၏အင်အား ၂၂၅

## နောက်ဆက်တွဲများ& # ၁-၄

နောက်ဆက်တွဲ ၁ - ထူးကဲသော သင်ကြားခြင်းအတွက် လမ်းညွှန်မှု ၂၃၁
နောက်ဆက်တွဲ ၂ - အသက်တာ၏နှိုင်းစာချက်များ ၂၃၂
နောက်ဆက်တွဲ ၃ - စီးဆင်းမှု ၂၃၅
နောက်ဆက်တွဲ ၄ - စာရေးသူအကြောင်း ၂၃၇

# အသက်၏ရင်းမြစ်

## အခန်း ၁-၈

# # ၁ အောင်မြင်ခြင်း အကြောင်းအရာ

ရှုံးနိမ့်ခြင်းဆိုင်ရာအမှောင်ထုကြီးသည် အသင်းတော်အပေါ်၌ ကျရောက်လျက်နေ၏။ ခရစ်ယာန် တစ်ဦး၏လွတ်လပ်မှုဖြစ်သော မိမိအသက်ရှင်ခြင်းနှင့် ကိုးကွယ်ခြင်းတို့ကို ဖော်ပြရန်အတွက် တားဆီး ထိန်းချုပ်သော ရိုးရာဓလေ့သည် အလွန်ဆိုးရွားပါ၏။ ၎င်းသည် သူ့ကို တစ်စတစ်စ ဆုတ်ယုတ် စေခြင်းသာဖြစ်၏။ ယနေ့ခေတ် သင်းအုပ်များနှင့်ယုံကြည်သူများသည် ခြားနားခြင်းမရှိ၊ ဖောက်ပြန်ခြင်း၊ အစွန်းအထင်းရှိခြင်း၊ ညစ်ညမ်းသော ရုပ်ရှင်ကြည့်ခြင်း၊ လောင်းကစားခြင်းနှင့် အပျော်ရည်းစားထားခြင်းတို့၌ ကျင်လည်ကြ၏။

ပိုဆိုးသည်မှာ မိသားစု၏အုတ်မြစ် ကွဲအက်လာခြင်းပေတည်း။ သခင်ဘုရားအပေါ်၌ ကျွန်ုပ်တို့ ကလေးများ၏ချစ်ခြင်းသည်လည်း အားနည်းယုတ်လျော့လာသည်။ ကျွန်ုပ်တို့အသင်းတော်၌ရှိသော ဆယ်ကျော်သက်အရွယ်များ၏ သခင်ဘုရားနှင့်အသင်းတော်ကို စွန့်ခွာခြင်း ကိန်းဂဏန်းသည် ကြီးမားသော ဖော်ပြမှုဖြစ်၍ အလွန်စိုးရိမ်ဖွယ်ရာ မှားယွင်းမှုရှိကြောင်း သိသာထင်ရှားပေ၏။ အန္တရာယ်သည် ကျွန်ုပ်တို့ကို ချောင်းလျက်နေ၏။ ကျွန်ုပ်တို့အသင်းတော်၌ ရာစုနှစ်များစွာကပင် ထိုအရာများရှိနေပြီဖြစ်၍ ပွင့်လင်းမြင်သာမှု ပိုမိုရှိလာဖို့ လိုအပ်သည်ဟု ကျွန်တော်ယူဆပါသည်။ ရှုံးနိမ့်ခြင်းသည် မြေတပြင်လုံး၌ ပျံ့နှံ့လျက်ရှိ၍ မိမိတို့အပေါ်သို့ ကျရောက်လာသောအခါ အရှုံးပေးလိုစိတ်ရှိလာမည်ကို စိုးရိမ်စရာရှိ၏။ တချိန်တည်းမှာပင် မိမိတို့ရရှိခံစားသော သမ္မာတရားသည် တကယ်ဟုတ်သလား မဟုတ်သလားဟူ၍ မိမိတို့ကိုယ်ကို မေးခွန်းထုတ်လာလိမ့်မည်။

## ဘာပြုနိုင်သေးမည်နည်း။

ဤရှုံးနိမ့်ခြင်းနှင့်ဆိုင်သော ဆိုးညစ်သောစုံစမ်းခြင်းကို တိုက်ဖျက်ချေမှုန်းရန် နည်းလမ်းများထဲက အကောင်းဆုံးတစ်ခုမှာ သမ္မာကျမ်းစာဘက်သို့ ပြန်လှည့်ခြင်းပင်ဖြစ်သည်။ သို့ဖြစ်လျှင် ဤအရာများကို ထောက်၍ မည်သို့ဆိုရမည်နည်း။ ဘုရားသခင်သည် ငါတို့ဘက်၌ရှိတော်မူလျှင် မည်သူသည် ငါတို့ကို ဆန့်ကျင်နိုင်မည်နည်း (ရော၊၈:၃၁)။ ဘုရားသခင်သည် ငါတို့ဘက်၌ အမှန်ရှိတော်မူ၏။ ဓမ္မဟောင်းကျမ်း၌ အောင်မြင်ခြင်း အကြောင်းအရာများစွာရှိ၏။ သူတို့၏အောင်မြင်ခြင်းသည် လူတော်လူကောင်းများ၏ အောင်မြင် ခြင်းနည်းတူမဟုတ်ဘဲ ခက်ခဲကြမ်းတမ်းခြင်းနှင့်အတူ ကြောက်မက်ဖွယ်ကောင်းသောအချိန်၌ပင် ဆေးရောင်စုံ အကောင်းဆုံးခြယ်နိုင်ခဲ့သူများဖြစ်ကြ၏။

ထိုသို့သောအချိန်များ၌သာ ဘုရားသခင်သည် မိမိ၏နာမကို ခေါ်သောသူများအပေါ်၌ ကြားဝင်ဖျန်ဖြေ၍ အံ့ဩဖွယ်ကောင်းသောအရာများကို ပြသကြောင်း သမ္မာကျမ်းစာက ဖော်ပြခဲ့သည်။ ဤဖြစ်ရပ်မှန် အကြောင်းအရာများက ပြောင်းလဲခြင်းမရှိသောသမ္မာတရားကို ကျွန်ုပ်တို့အား သတိပေး၏။ ကျွန်ုပ်တို့သည်လည်း ဆိုးယုတ်သောအချိန်၌ပင် ဘုရားသခင်၏လက်တော်ကို ကိုးစား၍ သူ၏ကယ်နုတ်ခြင်းကို တွေ့မြင်နိုင်၏။ ဘုရားသခင်ပြုသောအရာအားလုံးကို ကျွန်ုပ်တို့ မသိနိုင်သော်လည်း ယနေ့ ကျွန်ုပ်အား မည်ကဲ့သို့ ပြုစေလိုကြောင်း သိရှိနိုင်၏။ ကျွန်ုပ်တို့အား ဘုရားသခင်ပေးအပ်သောအလုပ် ပြီးမြောက်စေဖို့ရန် သခင်ဘုရားသည် ကျွန်ုပ်တို့ကိုခွန်အားပေးလျက်နေ၏။

ဘုရားသခင်၏တန်ခိုးကို ပိုမိုအမှတ်ရလေ ဘုရားသခင်၏တန်ခိုးကို ပိုမိုနားလည် ခံယူတတ်လေဖြစ်မည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား ကိုင်တွယ်ဖြေရှင်းတတ်ဖို့ရန် အင်အား ရင်းမြစ်များနောက်သို့ မလိုက်စေလိုဘဲ သူ့ကိုသာ လုံးလုံးကိုးစားစေလိုသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ဘက်၌ရှိကြောင်း နှုတ်ကပတ်တော်က ရှင်းလင်းစွာဖော်ပြ၏။ ၎င်းသည် ကျွန်ုပ်တို့အမှန်တကယ် လိုအပ်သောအရာ ဖြစ်ကြောင်းကိုသိရှိ၍ ယုံကြည်လက်ခံလျှင် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာ အမှန်တကယ် အရှိန်မြင့်တက်လာမည် ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို အောင်မြင်သောသူဖြစ်စေ၍ "အလုံးစုံတို့ကို ပြီးမြောက်လျက် ရပ်တည်နိုင်ရန်" ဟူ၍ ဧဖက်၆:၁၃ ၌ဖတ်ရှုရ၏။ ဘုရားသခင်သည် ရန်သူကြောင့် ဘယ်နည်းနှင့်မဆို မစိုးရိမ်တတ်သောကြောင့် ဘုရားသခင်၏လူတို့သည်လည်း ခိုင်ခံ့စွာရပ်တည်နေနိုင်၏။ ကျွန်ုပ်တို့သည် ကြောက်စရာမလိုအပ်ပေ။

## ကျွန်ုပ်တို့၏အကြီးဆုံး အန္တရာယ်

ဘုရားသခင်သည် ရေစီးသန်သောမြစ်ကြီးသဖွယ် ကျွန်ုပ်တို့ပိုမိုကြီးထွားဖို့ရန် ရေစုန်ဘက်ကို ဆွဲခေါ်တတ်၏။ ကျွန်ုပ်တို့အဖို့ အကြီးဆုံးအန္တရာယ်မှာ မြစ်ကြီး၏အစွန်အဖျားသို့ မိမိတို့၏ ဖောင်ဆိုက်ရောက်မိ၍ ရေတံခွန်အောက်သို့ ထိုးကျခြင်းပင်ဖြစ်သည်။ ခရစ်ယာန်တိုင်း အထူး သတိထားရမည်။ ကျွန်ုပ်တို့အပေါ်သို့ မကောင်းသောအကြံများနှင့်အတူ စိတ်ကသောင်းကနင်း ဖြစ်စေသော စုံစမ်းနှောင့်ယှက်ခြင်းများ ရောက်ရှိလာသောအခါ ကိုယ်တော်သည် ကျွန်ုပ်တို့ကို လုံခြုံစွာလမ်းပြတော်မူ မည့်အကြောင်း ကျွန်ုပ်တို့သည် ဘုရားသခင်၏သမ္မာတရားကို နားလည်သိရှိလျက် စဉ်ဆက်မပျက် တိုက်ပွဲဝင်ကြ၏။

ဘုရားသခင်၏တန်ခိုးတော်ထက် သို့မဟုတ် ခွန်အားထက် ပိုမိုကြီးမားသောတန်ခိုး မရှိတော့ပေ။ အကယ်၍ ကျွန်ုပ်တို့သည် ကိုယ်တော်၌ တည်မည် သို့မဟုတ် ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ ရှိနေမည်ဆိုလျှင် မိမိတို့အသက်တာအားဖြင့် ကိုယ်တော်ပြုစေလိုသောအရာများကို ကျွန်ုပ်တို့ပြီးမြောက် နိုင်သည်။

ခက်ယဉ်းဆုတ်ယုတ်သောအချိန်၌ပင် ကိုယ်တော်မိန့်ဆိုခဲ့သည့်အရာများကို စွဲလန်းလျက် ကောင်းမွန်သောဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည်ဖြစ်သည်။

မိမိတို့အသက်တာ၌ ဘုရားသခင်၏တန်ခိုးတော်နှင့်လုပ်ဆောင်ချက်ကို ပိုမိုနားလည်လာသည်နှင့်အမျှ ရုပ်ထွေးနေချိန်၌ပင် ကိုယ်တော်ကို ပိုမိုယုံကြည်ကိုးစားလာ၍ ကိုယ်တော်၏အုံသြဖွယ်ငြိမ်သက်ခြင်းသည် မိမိတို့၏စိတ်နှလုံးကို စောင့်ထိန်းကြောင်း သိမြင်လာမည်။ ဤသို့သော ဘုရားသခင်အတူပါရှိခြင်းကို နားလည်သဘောပေါက်ခြင်းနှင့် ယုံကြည်စိတ်ချခြင်းသည် မိမိတို့အသက်တာ၌ အရှိန်ကြီးသော တန်ခိုးဖြစ်လာ၏။

## သင်ခန်းစာ

- တိုက်ပွဲနိုင်၏။ ဘုရားသခင်နိုင်၏။ ဘုရားသခင်၏တန်ခိုးကို အစဉ်သတိရလျက် ကိုယ်တော်၌ ယုံကြည်ကိုးစားဖို့ လိုအပ်ပါသည်။
- ဘုရားသခင်သည် ကျွန်ုပ်တို့အသက်တာ၌ သူ့အလိုတော်ပြည့်စုံစေ၍ ယောသပ်၊ ဒံယေလ၊ ယေရှုတို့ကဲ့သို့ သူနှင့်နီးကပ်စွာ အသက်ရှင်လျှောက်လှမ်းနိုင်ရန် ကျွန်ုပ်တို့ကို တန်ခိုးဖြည့်ဆည်း လိုပါ၏။

## ကျက်မှတ်ဆင်ခြင်ပါ

- ရောမ ၈:၃၁
- ဇဖက် ၆:၁၃

## တာဝန်ပေးအပ်ခြင်း

- သင်သည် ဝိညာဉ်ရေးရာ၌ ဒဏ်ရာရနေသလား။ မည်သည့်နယ်ပယ်၌ ရှုံးနိမ့်ပါသနည်း။ သင့်စိတ်နှလုံးထဲ၌ အရင်ဆုံးပေါ်လာသောအရာများကို ရေးချပါ။
- သင့်ယုံကြည်ခြင်းတည်းဟူသောဖောင်သည် လမ်းမှားခဲ့ပါက သင့်သံသယများကို ဝန်ခံခြင်းအားဖြင့် သခင်ဘုရားအား ဝမ်းနည်းကြောင်း ပြောပြ၍ ခွင့်လွှတ်ခြင်းကို တောင်းခံကာ သခင်ခေါ်သွားရာ ရေစုန်ဘက်သို့ ပြန်လှည့်ရပါမည်။
- မည်သို့ဖြစ်နေပါလေစေ ယခု ဟစ်အော်၍ဆုတောင်းပါ ။ တိုက်ပွဲသည် အကျိတ်အနယ် နွဲနေရသော်လည်း ထိုနေရာ၌ သင်ရှိနေရမည်။ အကြမ်းတမ်းဆုံးသောပတ်ဝန်းကျင် အနေအထား၌ပင် ကိုယ်တော်၏နာမတော်ဘုန်းထင်ရှားစေရန် သင့်ကိုအောင်မြင်သောသူဖြစ်စေသောကြောင့် ကိုယ်တော့်ကို ချီးမွမ်းပါ။

# #၂ ရှုထောင့်အမြင် ထည့်တွက်ခြင်း

ရှုထောင့်အမြင်သည် အသက်တာ၌ ရင်ဆိုင်နေရသောအခက်ခဲများ၊ ဖြေရှင်းရန် ကြိုးစားနေသော ပြဿနာများအပေါ်၌ ကျွန်ုပ်တို့တွေးတောသည့် လမ်းစဉ်အတိုင်း ပုံဖော်တတ်၏။ သမ္မာကျမ်းစာအပေါ် အခြေခံ၍ မိမိတို့၏ရှုထောင့်အမြင်သည် မိမိတို့ကို အထောက်အမဖြစ်စေနိုင်သလို မိမိတို့ကို ထိခိုက်စေနိုင်သည်။ ဥပမာ ကမ္ဘာလုံးကို ဝေဟင်မှကြည့်လျှင် ခြားနားသကဲ့သို့ထင်ရသော်လည်း အမှန်မှာ တခြားကမ္ဘာမဟုတ်ဘဲ အပေါ်စီးမှ မြင်ရသောကြောင့်ဖြစ်၏။

လောကကို သမ္မာကျမ်းစာအတိုင်း ရှုမြင်ခြင်းသည် တိကျမှန်ကန်သော အမြင်ကို ရရှိစေပါသည်။ ကျွန်ုပ်တို့၏အမြင်များသည် မမှန်သောယူဆချက်များကို ပွေ့ဖက်လေလေ ခရစ်တော်ကဲ့သို့သော သွင်ပြင်နှင့်ဝေးသည်သာမက ကိုယ်တော်၏ကောင်းသောအမှုကို သယ်ပိုးရန် ၎င်းက အဟန့်အတား ဖြစ်စေ၏။

၎င်းသည် အသင်းတော်၌ သိသာထင်ရှား၍ မှားယွင်းသောအမြင်ကို ဆုပ်ကိုင်ထားပြီး ဘုရားတရား ကြည်ညိုမှုကို အကျိုးမပြုပေ။ အားနည်းသော အသင်းတော်နှင့် လောကီဆန်သောအပြုအမူများက ခရစ်တော်၌ မိမိတို့၏ ယုံကြည်ခြင်း အားနည်းမှုကိုဖော်ပြပေး၏။ တချိန်တည်းမှာပင် ၎င်းက အခြားသော အရာများထက် ပိုမိုကြီးမားသောယုံကြည်ခြင်းကို မိမိတို့ပိုင်ဆိုင်ထားကြောင်း ဖော်ပြပေး၏။

လောကသည် လက်ရှိနည်းပညာများအားဖြင့် စိတ်နှလုံးနှင့်မိသားစုကို ကျူးကျော်လျက်နေ၏။ ယနေ့ခေတ် မျိုးဆက်များ၌လည်း လောကီပုံသဏ္ဍာန်ဆန်ဆန် ဖွဲ့စည်းထားသောတေးဂီတ၊ ရုပ်ရှင်နှင့် စာပေများအားဖြင့် ဖျောင်းဖျလျက်နေသည်။ ကျွန်ုပ်တို့သည် မသိဘဲလျက်နှင့် လောကီ၏တွေးခေါ်မှု အလေ့အထကို လက်ခံနေသောကြောင့် လောက၏အကျင့်စာရိတ္တပျက်ပြား ခြင်းသည် မိမိတို့၏လူမှုအသိုင်းအဝန်းကို ခြိမ်းခြောက်လျက်နေ၏။ အကယ်၍ ကျွန်ုပ်တို့သည် ၎င်းကို ကြိုဆိုခေါ်ဖိတ် နေမယ်ဆိုလျှင် မိမိတို့နှင့်ဆိုင်သော ခရစ်ယာန်မိသားစုနှင့် အသင်းတော်များကို ထိန်းသိမ်းနိုင် မည်မဟုတ်တော့ပေ။

## အရေးကြီးသော ရွေးချယ်မှုပြုလုပ်ခြင်း

အသင်းတော်သည် ပြည်တွင်းစစ်ပွဲအတွင်း လူမျိုးတစ်မျိုးနှင့် များစွာတူညီ၏။ ကျွန်ုပ်တို့သည် စစ်ပွဲကို ဆန့်ကျင်ကြသော်လည်း မိမိတို့ကလေးများကို လေ့ကျင့်ပေးရန် တွန်းအားဖြစ်လာသည်။ အစ္စရေးတို့သည် ပတ်ပတ်လည်၌ရှိသော လူမျိုးခြားများကို ခုခံသကဲ့သို့ ကျွန်ုပ်တို့သည်လည်း အသင်းတော်၌ မိမိတို့၏

ကလေးများကို ဝိညာဉ်ရေးရာ၌ ခိုင်ခံ့အောင် လေ့ကျင့်ပေးရမည်လော သို့မဟုတ် သူတို့သည် ပတ်ပတ်လည်၌ရှိသောရန်သူများကို လက်လျှော့အရှုံးပေးရမည်လော။

ကမ္ဘာအဝှမ်း၌ရှိသော အသင်းတော်များသည် တူညီသောပြဿနာများကို ရင်ဆိုင်နေကြသည်။ ဤပြဿနာသည် အော်လိုင်းမှတဆင့် ကမ္ဘာအဝှမ်း၌ရှိသော နိုင်ငံတိုင်း၊ လူမျိုးတိုင်းအပေါ်၌ ကျူးကျော် လျက်ရှိ၏။ များမကြာမီက သင်းအုပ်များနှင့်ခရစ်ယာန်ခေါင်းဆောင်များအား သင်တန်းပေးရာ မာလာဝီ တောင်ဘက်မြို့ငယ်လေးမှ ပြန်ရောက်လာ၏။ ငါတွေ့မြင်ခဲ့တဲ့အရာကို မှန်းကြည့်ပါ။ ထိုနေရာ၌ရှိသည့် လူငယ်များသည် စမတ်ဖုန်းရှူးရှူးနေကြ၏။ သူတို့သည် လွန်စွာမှ ဆင်းရဲကြသော်လည်း လောက၏ လွှမ်းမိုးမှုသည် သူတို့နယ်မြေနှင့်စိတ်နှလုံးကို ပုံသွင်းနေပြီဖြစ်သည်။

ကျူးကျော်ခြင်းသည် ဝင်ရောက်လာပြီဖြစ်သည်။ လောက၏ကြွားဝါခြင်း၊ မောက်မာခြင်း၊ မိမိတို့စိတ်နှလုံး၌ မှားယွင်းသောတွေးတောခြင်းတို့ကြောင့် သမ္မာကျမ်းစာဘက်ကို ပြန်လှည့်၍ အဆောတလျင် ဆက်ကပ်အပ်နှံဖို့ လိုအပ်လာ၏။

အန္တရာယ်ထဲ ရောက်ရှိနေသောအသင်းတော်ကို နိုးကြားစေသည့်တိုင်အောင် ပြဿနာချုပ်ငြိမ်း မည်လော။ မချုပ်ငြိမ်းနိုင်ပါ။ ခိုင်မာစွာ အမြစ်တွယ်ထားသော ရှုထောင့်အမြင်များကို ချေမှုန်းပစ်ရန် အလွန်ခက်ခဲပါ၏။ မိုက်မဲ့စွာ လက်ခံ၍ မိမိတို့ကျူးလွန်မိသောအမှားများအတွက် ပြောင်းလဲပစ်ရန် အလွန်ခက်ခဲပါ၏။ သို့ရာတွင် ထိုဖြစ်စဉ်များ၌ မိမိတို့တိုက်၍ နိုင်သောသူဖြစ်ဖို့ သခင်ဘုရားသည် မိမိတို့၏လိုအပ်ချက်ကို ဖြည့်ဆည်းပေး၏။ ယုံကြည်သူများသည် ဓားကို ပထမဆုံးအချိန် ကိုင်ဆောင်သောသူ ကဲ့သို့ဖြစ်၍ ကိုယ်တော်၏ နှုတ်ကပတ်တော်ကို သက်သေပြရာ၌ အပြည့်အဝ ထိရောက်မှုမရှိဘဲနေတတ်၏။

## အပြောင်းအလဲ ရှိနေပြီ

အပြောင်းအလဲ ရှိရမည်။ ၎င်းသည် ဖြစ်လာလိမ့်မည်မှန်သော်လည်း လောက၏လမ်းစဉ်အတိုင်း ဆက်လက်မနစ်မွန်းဖို့ရန် ယုံကြည်စိတ်ချရမည်။ အခြားသောသူတို့အား ဖြောင့်မတ်ခြင်းတရား၌ လေ့ကျင့်ပေးခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏သမ္မာတရားများကို သိမြင်နားလည်၍ အောင်မြင်ခြင်းကို စီးနင်းရမည်။

အမှားမပြုမိပါစေနှင့်။ အသစ်သောတရားများအကြောင်းကို ပြောနေခြင်း မဟုတ်ဘဲ ယုံကြည် ထိုက်သော ဘုရားသခင်၏နှုတ်ကပတ်တော်အကြောင်းကို ပြောနေခြင်းဖြစ်၏။ "ဘုရားသခင်၏စကားတော်ရှိသမျှသည် စင်ကြယ်၏။ ခိုလှုံသောသူအပေါင်းတို့၌ ဘုရားသခင်သည် အကွယ်အကာ ဖြစ်တော်မူ၏" (သု၊၃၀း၅)။ မည်သည့်အရာမျှ အပြောင်းအလဲမရှိပါ။

ကျွန်ုပ်တို့၏အားနည်းချက်များသည် ထင်ရှားလျက်ရှိ၍၊ မှောင်မိုက်သည်လည်း အသင်းတော်အပေါ်၌ ကျူးကျော်လျက်နေ၏။ ယခုပင်လျှင် သမ္မာကျမ်းစာအတိုင်း တွေးခေါ်မှုအလေ့အထသို့ ပြန်လှည့်ရန် အချိန်ဖြစ်သည်။ ဓမ္မပညာနှင့်ဆိုင်သော ကျွန်ုပ်တို့၏အမြင်မှာ လောကီနည်းလမ်းများအားဖြင့် အများဆုံးလွှမ်းမိုးခြင်းခံရ၏။ ဓမ္မကောလိပ်ကျောင်းများမှ ဘွဲ့ရပြီးသောသူများသည်လည်းကောင်းကောင်း လေ့ကျင့်ပေးခြင်းခံရသူများ မဟုတ်ပေ။ ၎င်းက သူတို့၏လိုက်လျော အသက်ရှင်ခြင်းကိုလည်းကောင်း၊ အသင်းတော်များ၌ ထိရောက်မှုမရှိသော သူတို့၏လုပ်ဆောင်ချက်များကိုလည်းကောင်း ပေါ်လွင်စေ၏။

## ဘုရားသခင်၏အမြင်များ

ကျွန်ုပ်တို့အခြေအနေများ၌ ဘုရားသခင်၏အမြင် လိုအပ်ပါ၏။ ကျွန်ုပ်တို့ဘာကို မြင်တွေ့ပါသနည်း။ ဘုရားသခင်သည် အသင်းတော်အား ကြီးထွားခိုင်ခံ့မှုနှင့် အရှေ့မှအနောက်တိုင်အောင် တုန်လှုပ်စေရန် သူလိုအပ်ချက် ရှိသမျှကို ပေးအပ်ပြီးဖြစ်သည်။ ကိုယ်တော်၏လူတို့သည် အပြုအမူ၊ ယုံကြည်ခြင်း၊ ခမည်းတော်ဘုရား၏အလုပ်ကို ပြီးမြောက်စေရန် စိတ်အားထက်သန်ခြင်းတို့၌ ခရစ်နှင့်သဏ္ဍာန်တူခြင်းကို ထင်ဟပ်စေနိုင်မည့်အကြောင်း ၎င်းကို ပေးအပ်ခြင်းဖြစ်၏။

ကိုယ်တော်ကို တွေ့မြင်၍ ရှိခိုး ကြ၏။ သို့သော် အချို့တို့သည် သံသယ ဖြစ်ကြ၏။ ထိုအခါ ယေရှုသည် သူတို့ ထံသို့ ချဉ်းကပ်၍ “ကောင်းကင်နှင့် မြေကြီးပေါ်၌ ရှိသမျှသော အခွင့်အာဏာ တို့ကို ငါ့ထံပေးအပ်တော်မူပြီ (မ၊၂၈:၁၇-၁၈)။




ဘုရားသခင်သည် အစ္စရေးအမျိုးသားတို့အား ကတိတော်ပြည်ကို သိမ်းပိုက်ရန် အခွင့်အာဏာကို ပေးအပ်သကဲ့သို့ ကျွန်ုပ်တို့လိုအပ်ချက်ရှိသမျှကို ပေးအပ်ရန် ကတိပြုခဲ့သည်။ ယေရှုခရစ်တော်သည် အခွင့်အာဏာကိုပိုင်ဆိုင်၏။ ဘုရာသခင်၏နှုတ်ကပတ်တော်ကို သင်ယုံကြည်ပါသလား သို့မဟုတ် သံသယရှိနေပါသလား။

## သင်ခန်းစာ

- ကျွန်ုပ်တို့စိတ်နှလုံးနှင့်အသက်တာများ၌ လောကီရေးရာ လွှမ်းမိုးမှုကြီးထွားနေသောကြောင့် ကမ္ဘာတဝှမ်း၌ရှိသောအသင်းတော်သည် အန္တရာယ်ထဲ ကျရောက်လျက်နေ၏။

- အသင်းတော်သည် ထိုအရေခွံဟောင်းကို ဖောက်ထွင်း၍ မိမိအတွက် သော်လည်းကောင်း၊ မွာနှင့်အဝှမ်းလူသားများအတွက်သော်လည်းကောင်း ဘုရားသခင်၏သမ္မာတရား ဘုန်းတော်ကို အပြည့်အဝအမွေခံကာ ရပ်တည်ရမည်။

## ကျက်မှတ်ဆင်ခြင်ပါ

- သုတ္တံကျမ်း ၃၀:၅
- ရှင်မဿဲခရစ်ဝင် ၂၈:၁၇-၁၈

## တာဝန်ပေးအပ်ခြင်း

အသင်းတော်သည် ဘုရားသခင်၏သမ္မာတရားကို ရရှိလျက် ကိုယ်တော်သည် မိမိ၏ကတိတော်နှင့် အတူပါရှိနေသောကြောင့် သင်သည် အသင်းတော်ကို ခြိမ်းခြောက်နေသောအရာများအား အနိုင်ယူမည်ဟု တွေးမိပါသလော။ တချို့သော တပည့်တော်များ သံသယရှိသည်ကို သင်သဘောတူပါသလား။ တကယ်လို့များ သဘောတူလျှင် သင်၏သံသယသည် အဘယ်နည်း။

သင့်အခြေအနေကို သေသေချာချာ စဉ်းစားပါ။ သင်အောင်မြင်သော နေရာနှင့်ကျရှုံးသောနေရာများကို မှတ်သားပါ။

- ကိုယ်တိုင် အသက်ရှင်မှုများ
- အလုပ်
- မိသားစုနှင့်အိမ်
- သာသနာလုပ်ငန်း
- အခြား

# #၃ အပြောင်းအလဲရှိရမည်

အပြောင်းအလဲသည် သက်သောင့်သက်သာမရှိသောကြောင့် ၎င်းကို ခုခံရန် ကျွန်ုပ်တို့ကြိုးစားတတ် ကြ၏။ ကျမ်းစာကိုသင်ပေးသောဆရာတစ်ဦးက "သူတို့ကျောင်း၌ ဆရာသမားအားလုံး ကွန်ပြူတာအသုံးပြုရန် ဖိအားပေးခံရသည်"ဟု ငါ့ကို ညည်းညူပြီး ပြောဖူးသည်။ တကယ်တော့ အပြောင်းအလဲသည် သာမညပါ။ ယနေ့ အသင်းတော်ရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့် နှိုင်းယှဉ်ကြည့်ပါ။ အသင်းတော်သည် ရှင်သန်နိုင်ရေး အတွက် ဟန်ချက်နစ်ခုကြား၌ရှိ၏။

၎င်းမှာ ကြီးထွားခြင်းလော သို့မဟုတ် ရပ်တန့်နေခြင်းလော။ အောင်မြင်ခြင်းလော သို့မဟုတ် ကျရှုံးခြင်းလော။ ဤအရာတို့သည် ကျွန်ုပ်တို့ရွေးချယ်ခြင်းနှင့်ဆိုင်သောအရာများဖြစ်၏။ ကျွန်ုပ်တို့ပတ်လည်၌ရှိသော အသင်းတော်အပေါင်းတို့သည် ညှိုးနွမ်းလျက်နေကြ၏။ တစ်ချိန်က လီဗရာသြဝါဒကို ခံယူခဲ့သောအသင်းတော်များသည် သေအံ့ဆဲဆဲဖြစ်နေပြီ။ ယနေ့ ဧဝံဂေလိအသင်းတော်များပင်လျှင် ထိုသို့ဖြစ်လျက်နေပြီ။ မည်ကဲ့သို့ ထိုသို့ဖြစ်နိုင်သနည်း။ လောကလူသားတို့သည် မှားယွင်းစွာ ကောက်ချက်ချလျက် သတင်းစကား မညီညွတ်၍ ထိရောက်စွာမစွမ်းဆောင်နိုင်သောကြောင့် ဖြစ်သည်ဟုဆိုကြ၏။ သူတို့ကို ကျွန်ုပ်တို့အပြစ်ဖို့နိုင်သလော။ အသင်းတော်သည် ယေရှု၌ရှိသော ယုံကြည်ခြင်းကို တစ်ကြိမ်စွန့်လွှတ်ပြီဆိုလျှင် ဆက်စပ်မှုမရှိတော့ပေ။ တန်ခိုးလည်း ပျောက်ကွယ်သွား၏။

သတင်းကွန်ရက်သည် ကျွန်ုပ်တို့မျက်လုံးနှင့်စိတ်နလုံး စူးရှသည်အထိ မိမိတို့ထံ အချက်အလက်ပေါင်းစုံ အလျှင်အမြန်ရောက်ရှိလာ၏။ ဘုရားသခင်သည် မိမိ၏သမ္မာတရား ဖြန့်ဝေခြင်းကို အရှိန်မြှင့်ဖို့ရန် ဤအသိတရား၏ ရေစီးကြောင်းကို ဖွင့်ထားမည်လော။ သေချာပေါက် ဖွင့်ထားမှာပါ။ သို့ရာတွင် တချိန်တည်းမှာပင် ရန်သူသည် ဤကိရိယာများကို မိမိ၏ဆိုညစ်သော အကြံအစည်များအတွက် အသုံးပြုလာမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် စီးနင်းခံရသည်ဟု မထင်သင့်ပေ။ ရန်သူသည် ကျွန်ုပ်တို့ကို တိုက်ခိုက်ရန်အတွက် မည်သည့်လက်နက်ကို ရွေးချယ်စေကာမူ ပြဿနာမဟုတ်ပေ။ ဘုရားသခင်သည် ထိုရန်သူကို တိုက်ခိုက်ရန် မိမိတို့အားကူညီမည်ဖြစ်သည်။ ဝင်လုတတ်သောစာတန်သည် ဘုရားသခင်၏လူတို့ကို အပြောင်းအလဲပြုနိုင်သော်လည်း သူ၏နည်းဗျူဟာသည် ပြောင်းလဲခြင်းမရှိပေ။ ဘုရား

သခင်၏အစွမ်းသတ္တိသည် မိမိ၏လူများအား ခိုင်ခံ့စွာရပ်တည်နေနိုင်ရန် ကူညီပါလိမ့်မည်။

## ဘုရားသခင်၏လျှို့ဝှက် ပါဝင်ခြင်း

ကနဦးအသင်းတော်သည် ပုရွက်ဆိတ်များနှင့်ခြတောင်ပို့များကဲ့သို့ နှိမ်နင်းခြင်းခံလျက် နေရာအနှံ့ ဟိုတစ်စုသည်တစ်စု ကွဲလွင့်ကြသော်လည်း ဘုရားသခင်သည် သူတို့ကိုစွန့်ပစ်မထားဘဲ တစ်ဦးချင်းစီ နှင့်အတူ ရှိတော်မူ၏။ "သတေဖန်နှင့်ဆက်စပ်၍ ဖြစ်ပေါ်လာသည့် နှိပ်စက်ခြင်းကြောင့် ကွဲလွင့်သွားကြသောသူတို့သည် ..."(တ၊ ၁၁း၁၉)ဟူ၍ဖော်ပြ၏။ ဘုရားသခင်သည် အသင်းတော်အပေါ်၌ ကြည့်ရှုနေ ပါသလား။ ဟုတ်ကဲ့ ကြည့်ရှုလျက်နေ၏။ ဘုရားသခင်သည် အသင်းတော်အားဖြင့် မိမိ၏နတ်ကပတ်တော် အလျင်အမြန်ပျံ့နှံ့ဖို့ရန် ထိုကာလ၌ ထိုသို့သောဖိနှိပ်ခြင်းကို အသုံးပြုတော်မူ၏။ ဤသို့ဖြင့် သူ၏နတ်ကပတ်တော်ကို ဖြန့်ဖြူးစေ၏။ ညှင်းပန်းနှိပ်စက်ခြင်းသည် ကိုယ်တော်၏ကြီးမြတ်သော ရည်ရွယ်ချက်များအတွက် အလုပ်အကျွေးပြုခြင်းသာဖြစ်၏။

တမန်တော် အခန်းကြီး ၁၃ ၌ ဘာကိုတွေ့ရှိသနည်း။ ထိုကွဲလွင့်သွားသော တပည့်တော်များထဲမှ အသင်းတော်တစ်ပါးသည် လောကီအရပ်ရပ်သို့ ဘုရားသခင်၏ဧဝံဂေလိဝေငှရန် အသင့်ပြင်ဆင် ဖွဲ့စည်းထား၏။ "အန္တိအုတ်မြို့၌ရှိသော အသင်းတော်တွင် .... သူတို့သည် ဘုရားသခင်ကို ဝတ်ပြုလျက် အစာရှောင်နေကြစဉ် ..." (တ၊၁၃း၁-၃)။ ဘုရားသခင်၏လူတချို့တို့သည် တမန်တော်အခန်းကြီး ၁၃ ကဲ့သို့ပင် သိမ်မွေ့သောညှင်းပန်းနှိပ်စက်ခြင်း သို့မဟုတ် ပြောင်ညှင်းပန်းနှိပ်စက်ခြင်းကိုခံကြ၏။ အရှေ့တောင်အာရှတိုင်းပြည်၌ရှိသော ငါ့မိတ်ဆွေများထဲမှ သင်းအုပ်တစ်ပါးသည် ဝေစာများ ဖြန့်ဝေခြင်းကြောင့် မရေရာသည့်စကားအရိပ်အမြွက်ဖြင့် မကြာခဏ ခြိမ်းခြောက်ခံရ၏။

အခြားသောသူများသည်လည်း ဆီလျော်မှုမရှိသည့် ခြိမ်းခြောက်မှုကိုခံကြ၏။ အသင်းတော်သည် အမှုမထားဘဲ အရင်နည်းတူ မိမိတို့၏လုပ်ဆောင်စရာများကို ဆက်လက်လုပ်ဆောင်ကြ၏။ သေးငယ်သော ဘေ့စ်ဘောကစားသမားများကပင်လျှင် ဘုရားသခင်၏လူများ စုဝေးဝတ်ပြုခြင်းကို ဟန့်တားကြ၏။

## ဖြေရှင်းနည်းများကို ရှာဖွေခြင်း

ကျွန်ုပ်တို့၏ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ် ပို၍တိုစေခြင်းသည် ယိမ်းယိုင်မှုတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့က ၎င်းသည် အများသဘောဖြစ်သည်ဟု ဆိုကြသော်လည်း ဘုရားသခင်၏လူများကပင် ၎င်းကို စိတ်နလုံး၌ နှစ်သက်ကြ၏။ အိမ်ကို စောစောပြန်သွား၍ ကျွန်ုပ်တို့ပြုလိုသောအရာများကို ပြုတတ်ကြ၏။

လူနည်းစုသာလျှင် မိမိတို့ရရှိထားသောအချိန်များစွာထဲမှ ဆယ်မိနစ်ခန့် ဆုတောင်းကြ၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် မိမိတို့အသက်တာ၌ မည်ကဲ့သို့အထောက်အကူဖြစ်သည်ကို ဆက်လက်မရှာဖွေ တော့သောကြောင့် ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ် စိတ်ဝင်စားခြင်းလည်း မရှိတော့ပေ။

အမှန်မှာ မည်သည့်အရာမျှ မပြောင်းလဲပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို မြေကြီးပေါ်၌ရှိသော လူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံ၊ ဘာသာပေါင်းစုံတို့ထံသို့ အစွမ်းထက်စွာဖြင့် ဝေငှနိုင်ပါသည်။ ဘုရားသခင်၏လူတို့အတွေးထဲသို့ ကျူးကျော်ဝင်ရောက်လာသည့် လောကီဆန်သောတွေးခေါ်မှုများကို ခုခံနိုင်ရန် မိမိတို့၏စနစ်ဟောင်းဖြစ်သည့် အသင်းတော်များအပေါ် ပြုစုခြင်းနှင့်စောင့်ရှောက်ခြင်းပြုရုံဖြင့် လုံလောက်မှုမရှိတော့ပေ။

ထွက်ပေါ်လာသောမေးခွန်းကား ထိုအရာများကို မိမိတို့မည်ကဲ့သို့ ပြောင်းလဲပစ်ရမည်နည်း။ အသစ်သောညွှန်ကြားချက်လော။ ဆန်းသစ်သော သင်ယူစရာများလော။ ထိုအရာရှိသမျှတို့သည် နောက်ကျလွန်း၍ နှောင့်နှေးလွန်းပါ၏။ ကမ္ဘာအရပ်ရပ်၌ရှိသော ဘုရားသခင်၏လူမျိုးတို့သည် သူတို့အသက်တာ၌ သမ္မာတရားရောင်ခြည် တန်ခိုးကင်းမဲ့နေခြင်း ဆင်းရဲဒုက္ခကို ခံစားနှင့်ပြီးဖြစ်ပါသည်။

အိမ်ထောင်ရေးအခြေအနေကို တစိတ်လောက် သုံးသပ်ကြည့်ပါ။ ထိုအိမ်ထောင်၌ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၊ ဂရုစိုက်ခြင်း၊ စိတ်သဘောထား ညီညွတ်ခြင်းတို့ကို တွေ့နိုင်ပါသလား။ ငါ လည်း ကမ္ဘာတဝှမ်း သင်းအုပ်များကို သင်တန်းပေး၍ သူတို့ကို အိမ်ထောင်ရေးအကြောင်းပို့ချခဲ့ဖူးသည်။ သို့သော် သိုးထိန်းများနှင့်သိုးတို့သည် ခြားနားခြင်းအလျှင်းမရှိ။ များစွာသောသူတို့သည် ကြောက်မက်ဖွယ် ကောင်းသောအိမ်ထောင်များဖြစ်၍ စိုးရိမ်ရသောပြဿနာများနှင့် ရင်ဆိုင်နေကြ၏။

## ငုပ်နေသော ပြဿနာကို ဖော်ထုတ်ပါ

ဘုရာသခင်၏ဝိညာဉ်တော်သည် ယဉ်ကျေးမှုပေါင်းစုံရှိသော လူအမျိုးမျိုးတို့ကို တန်ခိုးအပြည့်အဝဖြင့် ကယ်တင်ခဲ့ဖူးကြောင်း ငါတွေ့ဖူး၏။ သို့ရာတွင် နောက်မျိုးဆက်သစ်များ၌ ပို၍ငြင်းပယ်ခြင်းရှိလာတတ်၏။ ထိုသို့ဖြစ်ရခြင်းသည်လည်း သူတို့မိဘများ၌ရှိသည့် မှန်းတီးခြင်းနှင့်အမျက်ဒေါသများကို ဘုရားသခင်၏မေတ္တာအားဖြင့် သင့်တင့်လျောက်ပတ်စွာ မဖယ်ထုတ်ကြသောကြောင့် ဖြစ်သည်။ ထိုသူတို့သည် သူတို့သင်ယူခဲ့သောအရာကို အထင်အမြင်သေးခြင်းဖြင့် အဆုံးသတ်ကြ၏။ ထိုအရာသည် ခရစ်တော်၏ သမ္မာတရား ရောက်ရှိရာအရပ်၌ အပြည့်အဝလက်ခံခြင်းမရှိသော မျိုးဆက်အလိုက် ငြင်းပယ်ခြင်းဖြစ်သည် (တရား၊ ၁:၂-၃)။

အံ့သြဖွယ်ဖြစ်ရပ်နှင့်အနာငြိမ်းခြင်းသည် ငြင်းပယ်ရန်ခက်ခဲသော်လည်း အခြားသော လက်တွေ့ယမ်းခြင်းကို ရှာဖွေခြင်းသည် ကျွန်ုပ်တို့ဖြစ်သင့်သော နေရာသို့ မပို့ဆောင်ပေးနိုင်ပါ။ များစွာသော ခေါင်းဆောင်တို့သည် ထူးထူးခြားခြား ကယ်တင်ခြင်းရရှိလျက် ဘုရားသခင်၏အထူးမစခြင်းကို ခံစားကြသော်လည်း များစွာသောကဏ္ဍများ၌ သူတို့၏မိန်းမများနှင့်ဆက်ဆံရာတွင် အဆင်မပြေကြောင်း ငါကိုယ်တိုင်တွေ့ခဲ့ဖူး၏။ ကျွန်ုပ်တို့သည် ခိုင်ခံ့၍ ဘုရားသခင်၏သူတော်စင်များဖြစ်ဖို့ရန် ကျွန်ုပ်တို့ အသက်တာများထဲမှ နယ်ပယ်တစ်ခုအတွက် အကူအညီရှာဖွေခြင်းထက်ကျော်လွန်၍ ရှာဖွေရန် လိုအပ်ပေသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့အတက်တာများထဲမှ နယ်ပယ်တစ်ခုစီတိုင်း၌ရှိသောလူတို့သည် ဘုရားသခင်၏သန့်ရှင်းသော မျက်မှောက်တော်အားဖြင့် ထိတွေ့ခြင်းခံရမည်ဖြစ်သည်။

ဤပြဿနာများကြောင့် အသင်းတော်များနှင့်ကျမ်းစာကျောင်းများ၌ အမြဲတစေ သင်တန်းပို့ချခြင်း ဖြစ်သည်။ ထိုသူတို့သည် တန်ခိုးနှင့်ပြည့်စုံသော ခရစ်တော်၏ဧဝံဂေလိတရားကို လူတို့ထံသို့ ချိတ်ဆက်ပေးရန် ကောင်းမွန်သော နည်းလမ်းများကို မသိရှိကြပေ။

မယုံကြည်ခြင်းသည်လည်း ကျွန်ုပ်တို့၌ရှိသော လျှို့ဝှက်ပြဿနာတစ်ခု (ငုပ်နေသောပြဿနာ) ဖြစ်သည်။ မိမိတို့၏အတွေ့အကြုံများသည်လည်း မိမိတို့၏ ရှုထောင့်အမြင်များကို ပုံဖော်စေတတ်၏။ မိမိတို့၏အားနည်းချက်များ၌ ခရစ်ယာန်တစ်ဦးပီသစွာ အသက်ရှင်ဖို့ အားထုတ်ခဲ့သော်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ယုံကြည်စိတ်ချမှုနှင့်မျှော်လင့်ချက် ကင်းမဲ့လျက်နေပြန်၏။ မယုံကြည်ခြင်းသည် တစ်စတစ်စ ကြီးထွားလာ၏။ ထိုသို့ဖြင့် နိမ့်ကျသောအဆင့်အတန်းနှင့်ကျဆင်းနေသော မျှော်လင့်ချက်တို့သည် ဤမယုံကြည်ခြင်း၏ပခုံးနှစ်ဖက်ပေါ် စီးနင်းလျက်နေလေ၏။

## အပြောင်းအလဲ လိုအပ်သည်

ကျွန်ုပ်တို့သည် ပြောင်းလဲရမည်လော သို့မဟုတ် ဤလောကကို ဆက်၍ အာရုံစိုက်နေရမည်လော။ အသစ်သောညွှန်ကြားချက်များသည် အပြောင်းအလဲကို ကမ်းလှမ်းသော်လည်း ၎င်းတို့သည် အပေါ်ယံမျှသာဖြစ်၍ ပြဿနာများကို အခြေခံကျကျ ကိုင်တွယ်ရန် ပျက်ကွက်လျက်နေ၏။ ပြဿနာများသည် အရင်အတိုင်း ဆက်လက်ရှိနေ၏။




အလုပ်ကို စွမ်းစွမ်းတမံလုပ် ဆောင်ကြသောသင်းအုပ်များ၊ ဓမ္မဆရာ များနှင့်ဧဝံဂေလိဆရာများကို ထောက်ခံ အားပေးပါ၏။

သူတို့က ချစ်ခြင်းမေတ္တာအကြောင်းကို ကျယ်ကျယ်ဟောပြော၍ တိုးပွားစေမည်ဆိုလျှင် ဘုရားသခင်၏ လူတို့အဖို့ အထောက်အကူ ပြုမည်ဟု ထင်ကြသော်လည်း အမှန်မှာအလုပ်မဖြစ်ပါ ။

အခြားသူများက အသင်းတော်များ၊ ဂိုဏ်းဂဏအဖွဲ့အစည်းများကို ဖျော်ဖြေရေးသို့လှည့်၍ အရှေ့ကမ္ဘာ ဘာသာရေးဖြစ်သည့် ထီအမ်၊ ယိုကိုစသည့်တို့ကို ရွေးချယ်လာကြ၏။ ဤအရာများက သူတို့ရှာဖွေနေသောအရာများကို ပေးလိမ့်မည်ဟု မျှော်လင့်ကြသော်လည်း သူတို့မျှော်လင့်သည့်အတိုင်း ဖြစ်မလာဘဲ ထိုအရာများက အသက်၏ရင်းမြစ်တည်းဟူသော ယေရှုခရစ်တော်နှင့် ဝေးစေခဲ့၏။

## အိမ်ပြန်ရာလမ်း

ကျွန်ုပ်တို့သည် ဘုရားသခင်ထံသို့ပြန်လှည့်ရမည်။ နောင်တသည် ကျွန်ုပ်တို့အဖို့ ဘုရားသခင်ထံသို့ ပြန်လှည့်ရာလမ်းဖြစ်သည်။ “ထို့ကြောင့် သင်တို့၏ အပြစ်များ ပယ်ဖျက်ခြင်းခံရစေရန် နောင်တရလျက် ပြောင်းလဲကြလော့” (တ၊၃း၁၉)။ ကျွန်ုပ်တို့သည် လူတို့၏အတွင်းပိုင်း ပြောင်းလဲခြင်း လိုအပ်မှုကို လှုံ့ဆော်မည့်အစား အပေါ်ယံပြောင်းလဲခြင်းအတွက် လှုံ့ဆော်နိုင်ရန် အခြားသော နည်းပညာများ အသုံးပြုခြင်းကို ရှောင်ရှားရပါမည်။

လူများစွာတို့၏စိတ်နှလုံး၌ တချိန်တည်း တနေရာတည်း၌ စစ်မှန်သော နောင်တ ဖြစ်ပေါ်စေရန် နိုးကြားစေခြင်းသည် လျော်ကန်သောအရာဖြစ်သည်။ ထိုအရာသည် တစ်ဦးချင်းစီကို ပြောင်းလဲစေ၍ ကျွန်ုပ်တို့ထုံးတမ်းဓလေ့၏ ညွှန်ကြားချက်များကိုပါ အမှန်တကယ်ပြောင်းလဲစေရန် လိုအပ်ပါသည်။ ပင်လယ်ရေမျက်နှာပြင်ပေါ်၌ ထနေသောလှိုင်းတံပိုးသည် အားပျော့ပါသည်ဟု မထင်မှတ်သင့်ပါ။ ဆူနာမီလှိုင်းလုံးကြီးသည် ကျွန်ုပ်တို့ခရစ်ယာန်အသက်ရှင်ခြင်း အစဉ်အလာကို ဖျက်စီးပစ်နိုင်သည်။

ယဇ်ပူဇော်ခဲ့သည့် ယဇ်ကောင်အရေအတွက်မှာ အထင်ကြီးလောက်အောင်ဖြစ်သော်လည်း ဘုရားသခင်၏လူတို့ကိုယ်စား ရှောလုမုန်၏ဆုတောင်းခြင်းကြောင့်သာ ဗိမ္မာန်တော် ပြန်လည် ဆက်ကပ်ခြင်းသည် ထူးခြားသော ပွဲတော်ကျင်းပခြင်း ဖြစ်လာစေခဲ့သည်။ ကျွန်ုပ်တို့ဆုတောင်းသော နေရာသည် ရှောလုမုန်မင်းကြီးကဲ့သို့ ယဇ်ပလ္လင်ရှိရာသို့ ပို့ဆောင်ပေးသောစိတ်နှလုံးရှိဖို့ အထူးလိုအပ် ပေသည်။ "... ငါ့နာမဖြင့် သမုတ်သောငါ့လူတို့သည် ကိုယ်ကိုနှိမ့်ချသဖြင့် ငါ့မျက်နှာကိုရှာလျက် ဆုတောင်းပနာပြု၍ အဓမ္မလမ်းကို လွှဲရှောင်လျှင် ငါသည် ကောင်းကင်ဘုံ၌ နားထောင်မည်။ သူတို့အပြစ်ကို ဖြေ၍ သူတို့ကို ချမ်းသာပေးမည်" (၆ရာ၊၇း၁၃-၁၄)။

အခြားလမ်းမရှိပေ။ ကျွန်ုပ်တို့သည် ခွင့်လွှတ်ခြင်းကို ရရှိနိုင်သည့်နေရာ ယဇ်ပလ္လင်ရှိရာသို့ အမြဲတစေ ပြန်လှည့်ကြရမည်။ အစ္စရေးအမျိုးသားတို့၌ မကောင်းသောအရာတည်းဟူသော ပင်နာကျရောဂါ၊ ငတ်မွတ်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်းတို့ ရှိနေပါစေ ပြဿနာမဟုတ်ပေ။ သူတို့သည် ယဇ်ပလ္လင်ရှိရာသို့ ပြန်လှည့်ပါက ဘုရားသခင်သည် သူတို့၏စကားကိုနားထောင်၍ ချမ်းသာပေးတော်မူမည်။ ပဋိညာဉ်သစ်အောက်၌ရှိသော ကျွန်ုပ်တို့၏ယဇ်ပလ္လင်မှာ အပြစ်ကိုခွင့်လွှတ်နိုင်၍ ကျွန်ုပ်တို့အား ပကတိအတိုင်းဖြစ်စေတော်မူသော ယေရှုခရစ်တော်ပင် ဖြစ်သည်။

မျက်မှောက်ကာလ၌ အသင်းတော်ရင်ဆိုင်နေရသည့် ပြဿနာများမှာ သေးနုပ်သောအရာ မဟုတ်ပေ။ ကျွန်ုပ်တို့သည် ထိုပြဿနာများကို ကျမ်းချက်များအားဖြင့် အသေးဆုံးဖြစ်အောင် အားထုတ်နေခြင်းမဟုတ်ပေ။ လုပ်ဆောင်စရာလိုအပ်ချက်များအပေါ်၌ ဘုရားသခင်၏အမြင်ကို ဆုပ်ကိုင်စေနိုင်မည့်နေရာသို့ မိမိတို့၏စိတ်နှလုံးတံခါးကိုဖွင့်လျက် အနည်းငယ်သောယုံကြည်ခြင်းကို အသုံးပြုနေခြင်းသာဖြစ်သည်။

ဘုရားသခင်သည် အသိတရားပိုင်းဆိုင်ရာ ထိုသို့သောပေါက်ကွဲမှုအတွက် စိုးရိမ်ခြင်းမရှိပေ။ ၎င်းကို အသုံးပြုနေခြင်းသာဖြစ်သည်။ သူ့အကြံအစည်သည်လည်း စာတန်၏တိုက်ခိုက်မှုအောက်၌ တဝဲဝဲလည်နေခြင်း မဟုတ်ပေ။ ဘုရားသခင်သည် ကောင်းကင်ဘုံ၌ ထိုင်တော်မူ၍ မိမိရန်သူတို့အပေါ်၌ ပြုံးရယ်တော်မူ၏ဟူ၍ ဆာလံ၂:၄ ၌ ဖော်ပြ၏။ ဧဝံဂေလိတရားသည် ယနေ့ခေတ်လူများနှင့်သက်ဆိုင်၍ တန်ခိုးနှင့်ပြည့်စုံကြောင်းကို ကျွန်ုပ်တို့မယုံကြည်နိုင်သည့်အတွက် မိမိတို့၏စိတ်နှလုံးများကို နှိမ့်ချခြင်းအားဖြင့် ဘုရားသခင်အလိုရှိသည့်အတိုင်း မိမိတို့၏စိတ်နှလုံးများကို ပြင်ဆင်ဖို့လိုအပ်ပါသည်။ ထိုမယုံကြည်နိုင်ခြင်းအတွက် သခင်ဘုရားရှေ့တော်မှောက်၌ မိမိတို့၏ဒူးကို ထောက်လျက်ဝန်ချတောင်းပန်ဖို့ လိုအပ်ပါသည်။

အကယ်၍ ကျွန်ုပ်တို့သည် ကိုယ်တော်ထံသို့ ချဉ်းကပ်ပါက ကိုယ်တော်သည် ကျွန်ုပ်တို့ကိုချဉ်းကပ်၍ အသင်းတော်သည် သူ၏အလင်းတရားအားဖြင့် လောက၌ရှိသောအမှောင်ထုအပေါ် မည်ကဲ့သို့ တန်ခိုးပြည့်ဝစွာဖြင့် ထိပ်တိုက်တွေ့မည်ကို ကျွန်ုပ်တို့အား ပြသသွားမည်ဖြစ်သည်။

## သင်ခန်းစာ

- ကျွန်ုပ်တို့သည် မိမိတို့၏အမြင်ဟောင်းထဲမှ ရုန်းထွက်၍ တန်ခိုးနှင့်ပြည့်ဝသော ကိုယ်တော်၏ သမ္မာတရားဘုန်းကို မြင်တွေ့ရမည့်အကြောင်း

ဘုရားသခင်သည် အသင်းတော်အပေါ်၌ တိုက်ခိုက်မှုမျိုးကို အသုံးပြုတတ်၏။

- အသင်းတော်ရင်ဆိုင်နေရသော အဓိကပြဿနာမှာ မယုံကြည်ခြင်းပင် ဖြစ်သည်။
- ဘုရားသခင်ထံသို ပြန်လှည့်ခြင်း၊ မိမိတို့၏စိတ်နှလုံးများကို နှိမ့်ချခြင်းနှင့် မိမိတို့၏အပြစ်များကို ဝန်ချတောင်းပန်ခြင်းတို့အားဖြင့်သာ ပြောင်းလဲခြင်း အစပြုတတ်၏။
- ဘုရားသခင်၏လူတို့သည် မိမိတို့၏ရန်သူများကို အမြစ်ပါမကျန် ရှင်းထုတ်ပစ်ရမည်။

## ကျက်မှတ် ဆင်ခြင်ပါ

- ဖရာ၊ ၇:၁၄
- ဖရာ၊ ၆-၇
- နေ၊ ၁ (ဗီဒီယို ကြည့်ရန်)

## တာဝန်ပေးအပ်ခြင်း

- သင်နှင့်သင့်ပတ်ဝန်းကျင်သည် အပြစ်တရားအားဖြင့် ပျက်စီးနေပြီလား သို့မဟုတ် ဖြစ်ပျက်နေ သည့်အတိုင်း သင်လက်ခံနေပါသလား။
- သင်သည် သင့်စိတ်နှလုံးနှင့်မျက်စိ၏ပြစ်မှားခြင်းအတွက်သာမကဘဲ ကိုယ်တော်၏တန်ခိုးတော် အောက်၌ အသက်ရှင်မည့်အစား မလိုအပ်သော ရှုံးနိမ့်ခြင်းနှင့်စိတ်ပျက်ခြင်း၌ လူးလိမ့်ခံနေရသော ဘုရားသခင်လူတို့၏အားနည်းချက်အတွက်ပါ ဆုတောင်းပေး၍ ဘုရားသခင်၏ယဇ်ပလ္လင်ရှိရာသို့ ချဉ်းကပ်သောနေဟမိကဲ့သို့ ဖြစ်ဖို့လိုအပ်သည်။

# #၄ အသက်၏ဂုဏ်အသရေရှိသော ဖော်ပြမှု

အသက်သည် အံ့ဩဖွယ်ကောင်းသည့် လျှို့ဝှက်ဆန်းကြယ်သောအရာဖြစ်၍ ကမ္ဘာ့အကြီးဆုံး လျှို့ဝှက်ချက်ဖြစ်၏။ သွေးသားဇာတိနှင့်ဆိုင်သော အသက်အကြောင်းကို ကျွန်ုပ်တို့အားလုံးသိကြသော်လည်း လေ့လာစူးစမ်းခြင်းအားဖြင့်သာ အဓိပ္ပာယ်ဖွင့်နိုင်၏။ အသက်သည် လှုပ်ရှားလျက်၊ အသက်ရှူလျက်၊ မျိုးပွားလျက်၊ ကြီးထွားလျက်ရှိ၏။ ကျွန်ုပ်တို့လူသားတို့၏ဒီအေအေန်နှင့်ပတ်သက်၍ လူတို့၏လေ့လာ ဖော်ထုတ်နိုင်မှုကို ဂုဏ်ယူဝင့်ကြွားကြသော်လည်း အသက်၏သဘောသဘာဝအကြောင်းကို ရှင်းပြဖို့ ဖြစ်လာသောအခါ မရေရာမသေချာ အမှောင်နက်ထဲမှာဘဲ ရှိလျက်နေပြန်၏။

ဝိညာဉ်ရေးရာအကြောင်းသည် ခရစ်ယာန်များ မကြာခဏ ပြောဆိုသည့်အကြောင်းအရာ ဖြစ်သော်လည်း အမှန်တကယ်ဖြစ်နေသည်မှာ မသိရှိခြင်းကြောင့် အသက်ရှူမဝခြင်းသာ အဖတ်တင်၏။ ကျွန်ုပ်တို့သည် ကံအားလျော်စွာ သမ္မာကျမ်းစာဆိုင်ရာ သတိပေးချက်များကိုရရှိထား၍ ထိုကျမ်းစာက မိမိတို့၏အသက်တာများကို အစွမ်းထက်စေရန် ၎င်းကို ဖွင့်ထားဖို့လိုအပ်ပါသည်။

## အသက်၏အသွင်တူသည့် အချက်များ

ကျမ်းစာကို ရေးသားသူများနှင့်ယောဟန်သည် အထူးသဖြင့် အလင်း၊ ချစ်ခြင်းမေတ္တာနှင့် အသက်ဟူသော အရာသုံးခုတို့၏ကိုယ်စားပြုခြင်းအားဖြင့် အလွန်အံ့အားသင့်ကြ၏။ ဘုရားသခင်က ကျွန်ုပ်တို့ထံသို့ ဆက်သွယ်မှုပြုလိုသော ဝိညာဉ်ရေးရာသမ္မာတရားသည် ဤကမ္ဘာကို ဖန်ဆင်းခြင်း၌ အသွင်တူသည့် အချက်များပါရှိ၏။

ဤအရာသုံးမျိုးတွင် အသက်သည် အခြေခံအကျဆုံးဖြစ်၏။ ယောဟန်က “နှုတ်ကပတ်တော်၌ အသက်ရှိ၍ ထိုအသက်သည် လူတို့၏အလင်းဖြစ်၏” (ယော၁:၄)။ မှန်ပါသည်။ ယောဟန်ပြောဆိုနေသော အကြောင်းမှာ ယေရှုအကြောင်းအရာဖြစ်၏။ ယေရှု၌ အသက်ရှိ၍ ထိုအသက်သည် လူသားများကို အသိအမြင်နှင့် နားလည်လွယ်ခြင်းတို့ကို ယူဆောင်ပေး၏။

ဤအခြေခံဖြစ်သော အသက်၏အယူအဆသည် တပည့်တော်ဖြစ်ခြင်းဆိုင်ရာ အသိအမြင်ကောင်း တစ်ခုရရှိဖို့ အရေးကြီးသောအရာဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အသက်၏အယူအဆကို ပို၍ဆုပ်ကိုင် ထားလေလေ အခြားသမ္မာတရား

များ၏အဓိပ္ပာယ်ကို ပို၍လွယ်ကူစွာ ဆုပ်ကိုင်ထားနိုင်လေလေဖြစ်၏။ အသက်သည် အခြားသောသမ္မာတရားများ ချိတ်ဆွဲရန်ဘောင်ဖြစ်၏။

အသစ်သောအသက်သည် ဝိညာဉ်ရေးရာနှင့်ဆိုင်သော အသက်၏အစပြုခြင်းကိုဖော်ပြသည်။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းကို ရှာဖွေလျက်နေသည်ဟုဆိုရာတွင် ဘုရားသခင်၏တရားစီရင်ခြင်းမှ လွတ်မြောက်ရန် ထာဝရအသက်ကို ရှာဖွေနေခြင်းသာဖြစ်သည်။ ကယ်တင်ခြင်း၏ပါဝင်ပတ်သက်နေခြင်းကို ကျွန်ုပ်တို့အမှန်မသိရှိခဲ့ကြပေ။ ထိုအကြောင်းကို တကယ်စဉ်းစားခဲ့လျှင် အသက်ဟူသည် အစပြုခြင်း ရှိကြောင်း ကျွန်ုပ်တို့သိလာလိမ့်မည်။ ထိုအသက်ကိုထောက်၍ ဒုတိယမွေးဖွားခြင်း လိုအပ်ကြောင်း မကြာခဏ သင်ပေးခဲ့ကြသော်လည်း ထိုအသက်သည် မည်ကဲ့သို့ရင့်ကျက်သည်ကိုမူ ကြိုတောင့်ကြိုခဲသာ သင်ပေးကြရ၏။

*အသက်သည် အခြားသောတရားမှန်သမျှ ချိတ်ဆွဲနိုင်သည့်ဘောင်ဖြစ်၏။*

ဓမ္မပညာ စာသင်ခန်းများ၌ သန့်ရှင်းခြင်းနှင့်သန့်ရှင်းစင်ကြယ်ခြင်းအကြောင်းကို အရေးတကြီး သင်ကြားကြသော်လည်း ဝိညာဉ်ရေးရာ၌ လက်တွေ့အသက်ရှင်ခြင်းထက် စကားလုံး အသုံးအနှုန်း၏ ဆိုလိုရင်း၌ ပို၍အားသန်ကြ၏။ များစွာသောသူတို့သည် သန့်ရှင်းစင်ကြယ်ခြင်းအကြောင်းကို ရှင်းပြနိုင်ကြသော်လည်း အနည်းငယ်ကသာ ဝိညာဉ်ရေးရာနှင့်ဆိုင်သောအသက်ကို မည်ကဲ့သို့ရရှိနိုင်ကြောင်း ရှင်းပြနိုင်ကြ၏။

ကျွန်ုပ်တို့နှင့်ဘုရားသခင် ဆက်နွယ်ခြင်း၌ ကြီးထွားဖို့ရန် မသိရှိခြင်းနှင့် မတတ်နိုင်ခြင်းတို့သည် အခက်ခဲတစ်ခုတည်းသာဖြစ်၏။ ထိုသို့ဖြစ်ရခြင်းသည်လည်း တကယ်မသိရှိ၍ ဖြစ်နိုင်သလို မှန်ကန်စွာ သင်ပေးခြင်းမရှိသောကြောင့်လည်းဖြစ်နိုင်၏။ ကျွန်ုပ်တို့မသိသောအရာကို အခြားသောသူများလည်း မသင်ပေးနိုင်ပါ။

## အမြင်အာရုံမှ ဖုံးကွယ်ခြင်း

အသင်းတော်ခေါင်းဆောင်များသည် သမ္မာတရား၏တန်ဖိုးရှိခြင်းကို မသိမြင်ဘဲလျက် ဓမ္မပညာကို ဆည်းပူးသောကျမ်းတတ်ပုဂ္ဂိုလ်များသာ နားလည်မည်ဟု တင်းတိမ်ရောင့်ရဲ၍ နေတတ်ကြ၏။ ၎င်းသည် ကျွန်ုပ်တို့နေ့စဉ်အသက်တာ၌ ယေရှုခရစ်တော်ကြုံတွေ့စေလိုသော သမ္မာတရားနှင့် ဆန့်ကျင်၏။

ဤအလွန်အရေးပါသော သမ္မာတရားသည် သီအိုလိုဂျီစာအုပ်များကို နှစ်သက်သောသူများမှတစ်ပါး သင်ယူ၍မရတော့သည့်အနေအထားသို့ ရောက်ရှိလာသည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ဤသမ္မာတရား သင်ကြားခြင်းနှင့် ပတ်သက်၍ ကျမ်းတတ်ပုဂ္ဂိုလ်များက အေးတိအေးစက်အရှိဆုံးနှင့် အတိုက်အခံ

ပြုသောသူများဖြစ်လာကြသည်။ ထိုသူတို့သည် အမြင်အာရုံ ဖုံးကွယ်ခြင်းခံနေရသူများ ဖြစ်နိုင်ပါသည်။

တချို့ကိစ္စများ၌ ဘုရားသခင်၏လူတို့သည် သူတို့ဝတ်ပြုကိုးကွယ်သည့်နေရာ၌ မှီခိုအားထားမှုပြု၍ မိမိတို့၏ခံမှုများကို မှီညားလျက်ထိုင်ကြ၏။ ထိုသူတို့သည် ဘုရားသခင်ကို သိရှိလိုကြသော်လည်း များစွာသောသူတို့သည် ဘုရားသခင်နှင့် အထူးဆက်နွယ်ခြင်း၌ မည်ကဲ့သို့ လက်တွေ့ကြီးထွားလာမည်ကို မသိရှိဘဲ ကျန်ရစ်နေတတ်ကြ၏။ ထိုသို့သောသူတို့အဖို့ တန်ဖိုးကြီးမြတ်လှသောသမ္မာတရားသည် လက်လှမ်းမမှီဘဲနေကြ၏။

ကံအားလျော်စွာ ထိုသူတို့၌ ဝိညာဉ်ရေးရာကြီးထွားခြင်းကို ဦးတည်စေသောလှုပ်ရှားမှုများ အနည်းငယ်ရှိ၏။ ထိုလှုပ်ရှားမှုကား 'Keswick လှုပ်ရှားမှု' ဖြစ်၍ အလွန်ကန့်သတ်ထားသော လှုပ်ရှားမှုဖြစ်ပါသည်။ ဘုရားသခင်သည် မိမိ၏သမ္မာတရားဘက်သို့ လူတို့၏စိတ်နှလုံးကို ဖွင့်ဟလျက် အရှိန်တန်ခိုးကြီးသောနိုးထမှုရှိစေသည့်အကြောင်းကိုလည်း ကျွန်ုပ်တို့စဉ်းစားမိနိုင်သည်။ ကျွန်ုပ်တော်အံ့အားသင့်သည်မှာ သင်ကြားပို့ချမှုနှင့် နှိုင်းယှဉ်လျက် အတွေ့အကြုံအပေါ်၌ အလွန်အကျွံ အထူးပြုခြင်း ရှိသော်လည်း တနည်းဆိုလျှင် ဘုရားသခင်၏မျက်မှောက်တော်သို့ ချဉ်းကပ်၍ သင်ယူဖို့မလိုအပ် ကြသော်လည်း ကိုယ်တော်သည် ၎င်းအရပ်၌ မိမိ၏ဘုန်းတန်ခိုးနှင့် ရှိတော်မူ၏။ ၎င်းကို သူတို့လည်းအလွယ်တကူ သိမြင်နားလည်နိုင်ကြ၏။

ဆုကျေးဇူးများနှင့်အနာငြိမ်းခြင်းအကြောင်းကို များစွာဆွေးနွေးခြင်းရှိ၏။ ၎င်းတို့သည် ဘုရားသခင်၏ အသင်းတော်အဖို့ အရေးပါသောအရာများဖြစ်သည်။ ဝိညာဉ်ရေးရာကြီးထွားခြင်းသည် ယုံကြည်ခြင်းအားဖြင့် အံ့သြဖွယ်ရာများမှလာသော်လည်း ဘုရားသခင်၏လူနည်းစုများသာ ထိုဝိညာဉ်ရေးရာ ကြီးထွားခြင်းဘက်သို့ ပို့ဆောင်ပေးသည့် အခြေခံကျသောယုံကြည်ခြင်းကို ထူထောင်ကြသည်။ သို့သော် ၎င်းတို့သည် ကိုယ်တော်၏လူအများစုအတွက် ဘုရားသခင်အသုံးပြုသည့် ပုံစံမဟုတ်ပေ။ ၎င်းတို့သည် ကျွန်ုပ်တို့အထဲ၌ ခရစ်တော်၏အလုပ်ကို အတည်ပြုစေခြင်းဖြစ်ပါသည်။


ဘုရားသခင်၌ အံ့သြဖွယ်ရာများအတွက် ပို၍ကြီးမြတ်သော ပန်းတိုင်များရှိ၏။ အံ့သြဖွယ်ရာတို့သည် အစပြုခြင်းသာဖြစ်၏။ ဥပမာ တစ်စုံတစ်ယောက်သည် ခါးနာခြင်းဝေဒနာမှ ကျန်းမာ၍ ခရစ်တော်ကို တွေ့မြင်နိုင်၏။ သို့သော် ထိုသူသည် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့် မိမိ၏အမျက်ဒေါသကို ထိန်းချုပ်နိုင်ဖို့လိုအပ်သေး၏။ ကျန်းမာခြင်းသည် မိမိ၏စိတ်နှလုံးတံခါးကို ဖွင့်ဟစေသော်လည်း အမျက်ထွက်ရာ၌ မိမိ၏လျှာကို ထိန်းချုပ်နိုင်သောစွမ်းရည်နှင့် မတူပေ (ဧ၄:၁၆-၂၉)။ အကယ်၍ ထိုသူသည် ဝိညာဉ်တော်က သူ့အား မည်ကဲ့သို့ကူညီ

မစနိုင်သည်ကို မသင်ယူတတ်ပါက မိမိမယားအပေါ် ဆူပူမှုပြု၍ အသင်းတော်၌ပင် စိုးမိုးလိုစိတ်ရှိလာနိုင်သည်။

## ဝိညာဉ်ရေးရာ စည်းကမ်းဥပဒေများ

ခရစ်ယာန်ဖွံ့ဖြိုးမှုအဖွဲ့သည် ခရစ်ယာန်ကြီးထွားမှုနှင့်တကွ ခရစ်ယာန်စည်းကမ်းဥပဒေများကို အလေးထားလာသောအခါ ပိုမိုကောင်းမွန်စွာလုပ်ဆောင်နိုင်၏။ သို့သော် တခါတရံ နည်းပညာပိုင်း၌ အာရုံစိုက်မှုများသောကြောင့် အရေးပါသည့်အရာဖြစ်လင့်ကစား ကျွန်ုပ်တို့၏နောက်ဆုံးရည်ရွယ်ချက်ကို လွဲစေနိုင်ပါသည်။ သင်သည် ကျမ်းစာဖတ်၍ ဆုတောင်းပြီးသော်လည်း သင့်အသက်တာ၌ မည်သည့်အားသစ်လောင်းခြင်းမျှ မသယ်ပိုးပေးသည့်အခါ သင့်ကိုယ်ကို ဂုဏ်ယူဖူးပါသလား။ ဤသို့သော အမှုတွင် တကယ်အစားထိုးကာ တကယ့်လိုအပ်ချက်အားသစ်လောင်းခံရမည်ဖြစ်သည်။

ယုံကြည်သူများအား ကြီးထွားရန် အားပေးခြင်းသည် သူတို့၏ခရီးပန်းတိုင် ရောက်ရှိဖို့ ပြောပြခြင်းဖြစ်သည်။ အစပိုင်း၌ သူတို့သည် ကားထဲဝင်ဖို့ အလွန်စိတ်လှုပ်ရှား ကြသော်လည်း တဖြည်းဖြည်း မောင်းရင်း မောင်းရင်း သူတို့၏ပန်းတိုင်ကို မရောက်ရှိဘဲ နေကြ၏။ ထိုအခါ သူတို့၏ဦးတည်ချက် လမ်းစပျောက်၍ "ဤအရာကို ဘာ့ကြောင့် ငါပြုရသနည်း" ဟု မေးလာကြ၏။




ခရစ်ယာန်သင်တန်းနှင့်ဓမ္မပညာနှစ်ခုစလုံးသည် ယုံကြည်သူများ၏ လျှောက်လှမ်းရာအရပ်နှင့်ရောက်ရှိရာအရပ်တို့ကို ဖော်ထုတ်ခြင်း၌ လွန်စွာမှ အားနည်း၏။ သခင်ဘုရားသည် ဤအခြေခံကျသော သမ္မာတရားများကို အလွန်ရိုးရှင်းစွာပြု၍ ဆက်သွယ်နိုင်သော တရားဖြစ်စေပါသည်။ အသင်းတော်သည် ထိုသမ္မာတရားများကို လက်ဆင့်ကမ်းရာတွင် ဘာ့ကြောင့် ထိရောက်မှုသိပ်မရှိသနည်း။ အသင်းတော်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို အလွယ်တကူဖတ်ရှုလေ့လာနိုင်သော်လည်း မလိုလားအပ်သောအရာနှင့်ရည်ရွယ်ချက်မဲ့သော အရာများကိုသာ ရေးသားလျက်နေ၏။

ယခုအချိန်သည် သင်ယူခြင်းသာမကဘဲ ကြွယ်ဝသောအသက်တာ ပိုင်ဆိုင်ဖို့ရန် အလွန်အရေးပါသည့်အကြောင်းကို လက်ဆင့်ကမ်းမည့် အချိန်ဖြစ်ပါသည်။ ယေရှုက "ငါမူကား သိုးတို့အား အသက်ကို ရရှိစေရန်သာမက ထိုအသက်ကို ကြွယ်ဝပြည့်စုံစွာ ရရှိစေရန်လာ၏" (ယော၊၁၀:၁၀)။ ပေတရုက "ငါတို့သည်

အပြစ်အရာ၌ သေဆုံး၍ ဖြောင့်မတ်ခြင်းအရာ၌ အသက်ရှင် မည့်အကြောင်း ကိုယ်တော်သည် သစ်တိုင်ပေါ်မှာ ငါတို့အပြစ်များကို မိမိ၏ကိုယ်ခန္ဓာ၌ ကိုယ်တော်ကိုယ်တိုင်ဆောင်ယူတော်မူ၏။ သင်တို့သည် ကိုယ်တော်၏ ဒဏ်ချက်တော်အားဖြင့် အနာရောဂါပျောက်ကင်းခြင်းအခွင့်ကိုရရှိကြ၏(၁ပေ၊၂:၂၄)။

## သင်ခန်းစာ

- ဘုရားသခင်သည် ထိုသမ္မာတရားများကို ကျွန်ုပ်တို့အား နားလည်စေလို၍ ၎င်းတို့ကို မိမိ၏ ဖန်ဆင်းခြင်းထဲသို့ ရုပ်လုံးဖော်စေတော်မူ၏။
- ကျမ်းစာကိုရေးသားသူများနှင့်ယေရှုသည် ကျွန်ုပ်တို့အသက်တာအတွက် အရေးပါသော သမ္မာတရားများကို ဆုပ်ကိုင်စေ၍ နားလည်စေရန် 'အသက်'ဟူသော အသုံးအနှုန်းကိုပါ အသွင်တူသည့် အချက်ဖြင့် အသုံးပြုခဲ့သည်။
- အသင်းတော်တစ်ခုလုံးသည် မည်သည့်အခါမျှ အသက်နှင့်ဆိုင်သော ဤအယူအဆနှင့် ရည်ရွယ်ချက်တို့ကို အမှန်တကယ် ဆုပ်ကိုင်ထားခြင်း မရှိခဲ့ပေ။
- ခရစ်ယာန်ဓမ္မပညာအဖွဲ့အစည်းတို့သည် မိမိတို့၏ကျောင်းသားများကို အရေးပါသော သမ္မာတရားများနှင့် ဝေးကွာစေ၍ ထိုကျောင်းသားတို့၏ အသက်တာများသာမကဘဲ အသင်းတော်များစွာတို့ကိုပါ တုံ့ဆိုင်း ရပ်တန့်စေကြ၏။

## ကျက်မှတ် ဆင်ခြင်ပါ

- ယောဟန် ၁:၄
- ယောဟန် ၁၀:၁၀

## တာဝန်ပေးအပ်ခြင်း

- သင့်ဝိညာဉ်ရေးရာအသက်တာနှင့် တစ်စုံတစ်ဦး၏ဝိညာဉ်ရေးရာ မည်ကဲ့သို့ ကြီးထွားနေသည်ကို ဖော်ပြဖို့ရန် သင်အကောင်းဆုံးလုပ်ဆောင်ပါ။
- ခရစ်ယာန်အသက်တာ၏ပန်းတိုင်ကား အဘယ်နည်း။ အတိအကျဖြစ် စေပါ။
- ကြွယ်ဝသောခရစ်ယာန်အသက်ရှင်ခြင်းကို တွေ့ရှိထားသူများ သင်တွေ့ဖူး ပါသလား။ သင်၏ ဖြေကြားချက်ကိုရှင်းပြပါ။
- ဝိညာဉ်ရေးရာ အသက်တာ၏ကြီးထွားမှုနှင့် ၎င်း၏ပြည့်ဝမှုတို့အပေါ် မရှင်းလင်းသော သင်ကြားခြင်းကြောင့် မည်သည့်ပြဿနာများသည် အမြဲတစေရှိနေတတ်သနည်း။ အကြောင်းရင်းကို ရှင်းပြပါ။

# #၅ အသက်၏တွန်းအား

ရိုးရှင်းသောအရာသည် အကောင်းဆုံးဖြစ်၏။ အရိုးရှင်းဆုံးက အကောင်းဆုံးဖြစ်ကြောင်းကို မကြာခဏ သက်သေပြခဲ့ပြီ။ ၎င်းသည် ဝိညာဉ်ရေးရာကြီးထွားခြင်း၌လည်း လေ့ကျင့်မှုအတွက် မှန်ကန်မှုရှိ၏။

ဘုရားသခင်သည် ဖန်ဆင်းခြင်း၌ လွယ်လွယ်ကူကူတွေ့မြင်နိုင်သော ဥပဒေသများအားဖြင့် အသက်နှင့်ပတ်သက်၍ အရေးပါဆုံးသောသမ္မာတရားများကို တဖြည်းဖြည်းစိမ့်ဝင်စေခဲ့သည်။ ဤအကြောင်းကြောင့် ယေရှုကလည်း သိပ်မရှင်းလင်းသောသမ္မာတရားများကို ဖော်ပြဖို့ရန် ဖန်ဆင်းခြင်းထဲက ရိုးရှင်းသောပုံဥပမာများကို အသုံးပြုရခြင်းဖြစ်၏။ ဖန်ဆင်းသောအရာများကို ဥပမာအဖြစ် အသုံးပြုခြင်းသည် ဝိညာဉ်ရေးရာကြီးထွားခြင်းဆိုင်ရာ ရုပ်လုံးကို ရှင်းလင်းစေပါသည်။ ဝိညာဉ်ရေးရာ အသက်တာကို ၎င်းဖြစ်ခြင်း၏ပကတိအတိုင်း ဖော်ပြရန်ခက်ခဲသော်လည်း ၎င်းနှင့်ပတ်သက်၍ အစပြုခြင်းနှင့်ဖွံ့ဖြိုးခြင်းကို ကျွန်ုပ်တို့သိရှိနားလည်ထား၏။

အမှန်တကယ် ကျွန်ုပ်တို့မည်ကဲ့သို့အသက်ရှင်သည်ကို တခဏစဉ်းစားကြည့်ပါ။ ဖခင်တစ်ဦးသည် မနက်စောစောထ၍ မိမိကလေး၏အိပ်ရာနားသို့ အပြေးအလွှားသွားလျက် သားလေးသားလေး ကြီးထွားလော့၊ ကြီးထွားလော့ဟု ပြောဆိုနေသည်ကို သင်တွေ့ဖူးပါသလား။ ထိုသို့ပြောဆိုလျှင် ရယ်စရာကောင်းလှ၏။ ထိုသို့ဆိုရာတွင် မိမိ၏ကလေးကို မကြီးထွားစေလိုသောကြောင့် မဟုတ်ပေ။ မိဘမှာသမျှ မိမိတို့၏ကလေးများ ပုံမှန်မကြီးထွားလာပါက စိုးရိမ်တတ်ကြ၏။ ဖခင်တစ်ဦးကဲ့သို့ ကျွန်ုပ်တို့မပြုခြင်းမှာ ကြီးထွားခြင်းသည် ကျွန်ုပ်တို့၏အစီအစဉ်၊ အားပေးခြင်းနှင့်စိုးရိမ်ခြင်းတို့ကြောင့် မဟုတ်ဘဲ အလိုအလျောက်ဖြစ်လာသည်ကို ကျွန်ုပ်တို့သိရှိထားကြ၏။ ကြီးထွားမှုသည် အသက်၏အပိုင်းအစတစ်ခုဖြစ်၏။ အသက်ကသာ သူ့ဖန်သာသူ မည်ကဲ့သို့ဖွံ့ဖြိုး၍ ကြီးထွားမည်ကို သိရှိနားလည်တတ်၏။

ဝိညာဉ်ရေးရာအသက်ရှင်ခြင်းသည်လည်း ထိုအတူဖြစ်၏။ တစ်စုံတစ်ဦးသည် မိမိ၏ဆုံးဖြတ်ချက်ဖြင့် ကြီးထွားဖို့ရန် တစ်ခါတင်ဆက်ထားသောအရာကို လွယ်လွယ်ကူကူ တွေ့မြင်နိုင်သည်။ မည်သူမျှ ခရစ်ယာန်တစ်ဦးဆိုကိုသွား၍ ကြီးထွားလော၊ ကြီးထွားလောဟု အထပ်ထပ် ပြောဆိုမည်မဟုတ်ပေ။ ထိုသို့ပြောဆိုခြင်းသည် အထောက်အကူမဖြစ်စေဘဲ ပို၍ရှုပ်ထွေးစေပါလိမ့်မည်။

## အသက်၏ပေါ်လွင်ထင်ရှားမှု

ဝိညာဉ်တော်သည် အသက်ဖြစ်သောကြောင့် ဘုရားသခင်၏ဝိညာဉ်တော်သည် အသက်နှင့်ဆိုင်သော ဤရုပ်လုံးသဏ္ဌာန်များနှင့် ဆက်နွယ်မှုရှိ၏။ ဝိညာဉ်တော်သည် အသက်ကိုပေးတော်မူ၏ (၂ကော၊၃:၆)။ သန့်ရှင်းသောဝိညာဉ်တော်သည် လူတစ်ဦး၌ အသစ်သောအသက်ကို အစပြုလိုက်သောအခါ ထိုယုံကြည်သူအထဲ၌ ဝိညာဉ်ရေးရာအသက်တာ ထင်ရှားလာ၏ (ရော၊၅:၅)။ ယုံကြည်သူအထဲ၌ သန့်ရှင်းသောဝိညာဉ်တော် ကျိန်းဝပ်လာသောအခါ ထိုသူသည် စတင်ကြီးထွားလာ၏။ ဝိညာဉ်ရေးရာ အသက်တာ၏ပန်းတိုင်မှာ ရပ်တည်ရှင်သန်နေခြင်းသက်သက်မဟုတ်ဘဲ သွေးသားခန္ဓာကိုယ်ကြီးထွားလာ သကဲ့သို့ ရင့်ကျက်ခြင်းသို့ ကြီးထွားဖို့ရန်ဖြစ်သည်။

ဤအကြောင်းအရာကို ယုံကြည်သူများ နားလည်သောအခါ သူတို့၏ ဝိညာဉ်ရေးရာနှင့်စပ်လျဉ်း၍ စိုးရိမ်ခြင်းများ ပျောက်ကွယ်သွားနိုင်သည်။ ယုံကြည်သူများအထဲ၌ သန့်ရှင်းသောဝိညာဉ်တော်ရှိနေခြင်းသည် သူတို့၏အသက် တာအား ရင့်ကျက်စေခြင်းငှာ ဝိညာဉ်ရေးရာတန်ခိုး ယူဆောင်ပေးခြင်းကို စိတ်ချမှုရှိစေသည်။ သူတို့သည် ကြီးထွားနိုင်မည်လော သို့မဟုတ် ကျရှုံးရမည်လောဟူ၍ စိုးရိမ်နေမည့်အစား သူတို့အား ကြီးထွားစေမည့် ဘုရားသခင်၏ရည်ရွယ်ချက်အပေါ်၌ မွေ့လျော်နိုင်၍ ကိုယ်တော်၏ပန်းတိုင်များ ပြီးပြည့်စုံစေမည့်လမ်းစဉ်များကို ရှာဖွေလာကြ၏။

ယုံကြည်ခြင်းသည် စိုးရိမ်ခြင်းကိုအစားထိုး၏။ မျှော်လင့်စောင့်ဆိုင်းလျက်တောင်းရမ်း နေသူများသည် ဦးတည်ရာကင်းမဲ့နေကြ၏။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းရရှိ၍ မိမိတို့အသက်တာ၌ ကိုယ်တော်အစပြုသည့် အလုပ်အပေါ်၌ အာရုံစိုက်လာသောအခါ စိတ်အားထက်သန်မှု အစပြုလာ၏။ ၎င်းသည် မိမိတို့၏ယုံကြည်ခြင်း အစပြုသည့်နေရာ အားသစ်လောင်းခြင်း စတင်ခြင်း၌ဖြစ်၏။ ၎င်းသည် ယုံကြည်သူတစ်ဦးချင်းအတွက်သာမကဘဲ ဘုရားသခင်၏လူတို့အား လေ့ကျင့်ပေးနေသောသူများအတွက်ပါ အကျိုးဝင်၏။ ဓမ္မဆရာများသည်လည်း ဘုရားသခင်၏အသြဖွယ်တန်ခိုးကို မှန်ကန်ကြောင်းဝန်ခံ၍ ယုံကြည်သူများအထဲ၌ ထိုဘုရားသခင်၏အသြဖွယ် လုပ်ဆောင်ချက်ကို ရှာဖွေတတ်ကြရမည်။

ဘုရားသခင်သည် အစပြုခဲ့သောအရာကို ဆက်လက်လုပ်ဆောင်သွားပါလိမ့်မည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား အသစ်သောအသက်ကို ပေးအပ်ခဲ့ပါက ဤမြေကြီးပေါ်၌ မိမိတို့အသက်ရှင်သန်နေချိန်၌ပင် ထိုအသက်ကို ကြီးထွားရင့်ကျက်စေရန်ဖြစ်ပါသည်။ “သင်တို့၌ ကောင်းသောအမှုကို အစပြုခဲ့သောအရှင်သည် ခရစ်တော်ယေရှု၏နေ့ရက်တိုင်အောင် ထိုအမှုကို ပြီးမြောက်စေတော်မူလိမ့်မည်ဟု ငါယုံကြည်စိတ်ချ၏ (ဖိ၊၁:၆)။

## ဝိညာဉ်ရေးရာအသက်တာ၌ ထိုးထွင်းသိမြင်မှုများ

ကျွန်ုပ်တို့သည် ရိုးရှင်းသောချဉ်းကပ်မှုရှိရမည်။ သို့သော် တန်ခိုးရှိသော အဆုံးသတ်ခြင်းသည် ၎င်းထဲမှဖြစ်ရမည်။ ယုံကြည်သူများသည် ဝိညာဉ်ရေးရာကြီးထွားခြင်း၌ အဘယ့်ကြောင့် မကြာခဏ နှောင့်နှေးကြသနည်းဟူ၍ တချို့က အံ့အားသင့်ကြ၏။ ဝိညာဉ်ရေးရာကြီးထွားခြင်း ပြဿနာသည် ထုံးစံအတိုင်း ၎င်း၏အရည်အချင်းကြောင့် မဟုတ်ပေ။ ခန္ဓာကိုယ်နှင့်ဆိုင်သောအသက်ကဲ့သို့ပင် မိမိတို့၏ ဝိညာဉ်ရေးရာ အသက်သည် ရှင်သန်နေသလော သို့မဟုတ် သေလျက်နေသလောဟူ၍ ဖြစ်ပါသည်။ လူတစ်ဦး၏ ကျန်းမာရေးပြဿနာသည် သူ့ကို အချိန်မရွေးဒုက္ခပေးနိုင်လျက်ပင် “ငါကောင်းကောင်း အသက်ရှင်နိုင်သည်” ဟုမည်သည့်အခါမျှ ပြောဆိုမည်မဟုတ်ပေ။ လူတစ်ဦးသည် ဒုတိယမွေးဖွားခြင်းခံရသောအခါ သူ၏ဝိညာဉ်ရေးရာ အသက်သည် ထင်ရှား၍ စွမ်းရည်နှင့်ပြည့်ဝလာကာ ကြီးထွားဖို့ရန် ပြင်ဆင်မှု ရှိလာ၏။

ဝိညာဉ်ရေးရာအသက်သည် အားလုံးအတွက် အတူတူဖြစ်ပါသည်။ ကျွန်ုပ်တို့သေချာပြုရန် လိုအပ်သောအရာကား အသက်ဟူသည် ထင်ရှားပေါ်လွင်သဖြင့် ထိုအသက်က ၎င်း၏ကြီးထွားခြင်း အပြည့်အဝကို အဆင့်ဆင့်ရှာဖွေနေကြောင်း ယုံကြည်စိတ်ချရမည်ဖြစ်သည်။ အခြားသောဝိညာဉ်ရေးရာ အသက်၏ အရည်အချင်း သို့မဟုတ် အဆင့်ဟူ၍မရှိပေ။ သင်အုပ်သည် ကျွန်ုပ်တို့ထက်ပင်ကိုယ်ဝိညာဉ်ရေးရာ အရည်အချင်း ပိုကောင်းသည်ဟု နိဂုံးမချုပ်သင့်ပါ။

ခရစ်ယာန်များသည် အမျိုးမျိုးသောခြေလှမ်း၌ ကြီးထွားနိုင်သော်လည်း ၎င်းသည် အသက်၏တန်ခိုး သို့မဟုတ် ရင်းမြစ်ကြောင့်မဟုတ်ပေ။ အခြားသော အကြောင်းရင်းများစွာ ရှိပါသည်။

### သင်ခန်းစာ

- ယုံကြည်သူများသည် သူတို့ဘာသူတို့ ကြီးထွားဖို့ရန် ပြုလုပ်စရာမလိုအပ်ပေ။ အကြောင်းမှာ ထိုသို့ပြုခြင်းသည် ဓမ္မတာအတိုင်းမဟုတ်သောကြောင့်ဖြစ်သည်။ ဝိညာဉ်ရေးရာအသက်သည် ပင်ကိုအားဖြင့် စစ်မှန်သောယုံကြည်သူတိုင်း၏အသက်တာများ၌ ကြီးထွားဖွံ့ဖြိုးရန် ရှာဖွေခြင်းဖြစ်သည်။

- ဘုရားသခင်၏အသက်နှင့်ဆိုင်သော အဆင့်အတန်း သို့မဟုတ် အရည်အချင်းသည် အမျိုးမျိုးမရှိပေ။ ဘုရားသခင်သည် ယုံကြည်သူတစ်ဦးချင်းစီ၌ ညီတူညီမျှ အသက်ရှင်လှုပ်ရှားတော်မူ၏။
- ကျွန်ုပ်တို့၏ခန္ဓာကိုယ်နှင့်ဝိညာဉ်ရေးရာ အသက်ရှင်ခြင်းမှတဆင့် ဘုရားသခင်၏အလိုတော်အတိုင်း အသက်ရှင်ကြီးထွား၍ လုပ်ဆောင်ရန်

ကိုယ်တော်အပေါ်၌ မိမိတို့၏ချီးမွမ်းဂုဏ်ပြုခြင်း စိတ်နှလုံး ဖော်ပြမှုအားဖြင့်သာလျှင် အားသစ်လောင်းခြင်းကို အစပြုပါသည်။

## ကျက်မှတ် ဆင်ခြင်ပါ

- ဖိ၊၁း၆
- ၂ ကော၊ ၃း၆

## တာဝန်ပေးအပ်ခြင်း

- စစ်မှန်သောယုံကြည်သူများသာလျှင် ဒုတိယမွေးဖွားခြင်းခံရသူများဖြစ်သည်။ သင်သည် ကားတိုင်ပေါ်၌ အသေခံတော်မူခဲ့သော ယေရှုခရစ်တော်အားဖြင့် အပြစ်၏ခွင့်လွှတ်ခြင်းကို ဘုရားသခင်ထံ၌ရရှိ၍ ဒုတိယမွေးဖွားခြင်းခံရကြောင်း ယုံကြည်စိတ်ချရပါသလား။ ရှင်းပြပါ။
- သင်ယုံကြည်သူဖြစ်လာသောနေ့ရက်၊ သင်၌ ဝိညာဉ်ရေးရာအစပြုလာသည့်အချိန် စသည်တို့ကို သင်သတိပြုသလောက် ရေးဆွဲပါ။ ထို့နောက်ယာဘက်ကို ဦးတည်သောမြှားပုံကိုလည်း ရေးဆွဲရမည်။ ဤမြှားသည် သင့်အသက်တာ၌ ဘုရားသခင်ပို့ဆောင်ရန် ကြံစည်ထားသည့် ကြီးထွားခြင်းဆိုင်ရာ ကိုယ်တော်၏အထူးသရုပ်ဖော်ခြင်းဖြစ်၏။



- ဖတ်ရှုရန် ဧဖက်၁း၁၃-၁၄။ သန့်ရှင်းဝိညာဉ်တော်သည် စစ်မှန်သောယုံကြည်သူတိုင်း၌ မည်ကဲ့သို့ ကျိန်းဝပ်သည်ကိုဂရုပြုပါ။ သင့်အထဲ၌ ဘုရားသခင်၏လုပ်ဆောင်ချက်အတွက် ကိုယ်တော့်ကို ချီးမွမ်းပါ။

# #၆ အသစ်သောအသက်၏အမှတ်လက္ခဏာများ

ဝိညာဉ်ပိုင်းဆိုင်ရာအသက်သည် ခန္ဓာရေးရာနှင့်ဆိုင်သော အသက်ကဲ့သို့ ဖြစ်သော်လည်း ယုံကြည်သူ ခရစ်ယာန်တိုင်း၌ တန်ခိုးနှင့်ပြည့်ဝသောခွန်အား ဖြစ်ပါသည်။ ထိုအသက်ကို မိမိတို့ပိုင်ဆိုင်ထားကြောင်း ယုံကြည်စိတ်ချရမည်။ ယေရှုက ကျွန်ုပ်တို့အား ဂျုံနှင့်မြက်သီးတို့၏ခြားနားချက် တနည်းဆိုသော် ဘုရားသခင်ထံက စစ်မှန်သောအသက်ကို ပိုင်ဆိုင်သောသူများနှင့် မပိုင်ဆိုင်သော သူများဟူ၍ သတိပေးပြီးဖြစ်သည် (မ၁၃း၂၄-၃၀)။

အစပိုင်း၌ ထိုခြားနားချက်ကို ရှာဖွေတွေ့ရှိရန် မဖြစ်နိုင်ပေ။ သားအိမ်၌ တည်နေသော သွေးသားဆိုင်ရာအသက်လည်း ထိုအတူ တွေ့ရှိရန် ခက်ခဲပါသည်။ သို့ရာတွင် အသက်၏တည်ရှိနေမှုကို အတည်ပြုနိုင်ရန် အမှတ်လက္ခဏာများ အားဖြင့် ကျွန်ုပ်တို့တွေ့မြင်နိုင်ပါသည်။ သားအိမ်ထဲ၌ရှိနေသော ကလေး၏ အနေအထားနှင့်လှုပ်ရှားမှုကို နှုန်းလွန်အသံလှိုင်းစက်ဖြင့် ပြသနိုင်၍ ကလေး မိခင်အား ကလေး၏ကျန်းမာရေးအခြေအနေကို စိတ်ချမှုပေးနိုင်သည်။ သားအိမ်ထဲ၌ ဖြစ်ပျက်နေမှုသည် မှန်ကန်ပါက သားအိမ်၏အပြင်ဘက် မွေးလာပြီးမှလည်း မှန်ကန်မှုရှိ၏။

ကလေးမွေးလာသည်နှင့်အမျှ ဝမ်းဆွဲဆရာများသည် ကလေး၏ကျန်းမာရေးအခြေအနေကို သိရှိရလေအောင် အသားအရောင်၊ အသက်ရှူခြင်း၊ သွေးခုန်နှုန်း၊ အလိုအလျောက် တုံ့ပြန်နိုင်စွမ်း၊ ကြွက်သား၏အရည်အသွေး စသည်တို့ကို စမ်းသပ်မှုပြုပါလိမ့်မည်။ ဤအရာအားလုံးတို့သည် အသက်၏တည်ရှိနေမှုကို ဖော်ပြခြင်းဖြစ်ပါသည်။

ရုပ်လောက၌လည်း လှုပ်ရှားမှုကြီးကြီးဖြစ်သည့်ရေ၊ လေထု၊ လေစသည်တို့ကိုဖော်ပြနိုင်၏။ ၎င်းတို့ အမှန်တည်ရှိနေကြောင်းကို တစ်စုံတစ်ဦးသည် ခံစား၍တွေ့မြင်နိုင်သည်။ အထက်မိုးကောင်ကင်၌ မိုးတိမ်များ တရွေ့ရွေ့ ရွေ့လျားလျက် ရေမျက်နှာပြင်ပေါ်၌ လေနှင့်အတူ သစ်ရွက်များ မျောပါလာသည်ကိုလည်း ကျွန်ုပ်တို့တွေ့မြင်နိုင်ပါသည်။

ယေရှုသည် ဘုရားသခင်၏ဝိညာဉ်တော်လုပ်ဆောင်မှုကို လေနှင့်ရေတို့ဖြင့် နှိုင်းယှဉ်ပြသည်။ "လေသည် အလိုရှိရာသို့ တိုက်တတ်၏။ သင်သည် သူ့အသံကို ကြားရသော်လည်း မည်သည့်အရပ်မှလာ၍ မည်သည့်အရပ်သို့ သွားသည်ကိုမသိ။ ဝိညာဉ်တော်အားဖြင့် မွေးဖွားသူတိုင်းလည်း ထိုနည်းတူဖြစ်၏" ဟု ပြန်၍မိန့်တော်မူ၏ (ယော၃း၈)။ ယေရှုသည် ဝိညာဉ်ပိုင်းဆိုင်ရာအသက်ကို ကျွန်ုပ်တို့အား ပို၍နားလည်စေရန် စီးဆင်းနေသောရေအကြောင်းကို အသုံးပြုခဲ့

သည်။ "ငါပေးမည့်ရေကို သောက်သောသူမူကား ကာလအစဉ်အဆက် မည်သည့်အခါမျှ ရေငတ်မည်မဟုတ်။ ထိုထက်မက ငါပေးမည့်ရေသည် ထိုသူ၌ ထာဝရအသက်တိုင်အောင် ရေပန်းထွက်ရာ စမ်းရေပေါက်ဖြစ်လိမ့်မည်" ဟု ပြန်၍မိန့်တော်မူ၏ (ယော၊၄:၁၄)။

ဤအလားသဏ္ဌာန်တူညီသည့် နှိုင်းယှဉ်ချက်နှစ်ခုသည် အသက်၏အထဲ၌ရှိသည့် အင်အားကို ထိုးထွင်းသိမြင်စေ၍ အသီးသီးအသက်နှင့်ဆိုင်သောကြီးကျယ်ထည်ဝါသည့်တန်ခိုးနှင့်အတူ ၎င်း၏ဦးတည်ချက်ကိုဖော်ပြသည်။ ယေရှုသည် ယောဟန်၃ ၌ ဝိညာဉ်တော်ကို ဟိုဘက်ဒီဘက် တိုက်ခတ်နေသောလေနှင့်အလားတူစွာ ဖော်ပြခဲ့သည်။ ထိုအင်အားသည် ပျံ့နှံ့ခြင်းထက် တစ်ခုအပေါ်၌ စူးစိုက်ခြင်းဖြစ်၏။ ထို့အတူ ဝိညာဉ်ပိုင်းဆိုင်ရာအသက်သည် ကြွယ်ဝပြည့်လျှံ၍ လွတ်လပ်သော်လည်း ခိုင်မာပြတ်သားသော ရည်ရွယ်ချက်ရှိ၏။

## ဝိညာဉ်တော်အလုပ်၏ဖော်ပြချက်များ

ယုံကြည်သူသည် ဝိညာဉ်တော်အားဖြင့် မွေးဖွားသောသူဖြစ်ကြောင်း ယောဟန် ၃ ၌ ရှင်းလင်းစွာ ဖော်ပြသည်။ ထိုသူ၏ဝိညာဉ်ပိုင်းဆိုင်ရာ အသက်သည် ဘုရားသခင်၏ဝိညာဉ်တော် အတူပါရှိခြင်းအားဖြင့် သက်သေပြ၏။ ထိုသို့ဖြင့် ဝိညာဉ်ပိုင်းဆိုင်ရာအသက်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ဆက်နွယ်ထားသည့် အသက်၏အမှတ်လက္ခဏာများ ရှိနေမည်ဖြစ်ပါသည်။ ဝိညာဉ်တော်အားဖြင့် ဖွားမြင်သော အသက်သစ်၏ အမှတ်လက္ခဏာများမှာ အောက်ပါအတိုင်းဖြစ်သည်။

- ဘုရားသခင်၏နှုတ်ကပတ်တော်ကို စာငတ်ခြင်း
- အခြားသော ခရစ်ယာန်ယုံကြည်သူများနှင့်အတူရှိခြင်းကို တောင့်တခြင်း
- ဘုရားသခင်အား စကားပြောလိုခြင်း (ဆုတောင်းလိုခြင်း)
- တစ်စုံတစ်ဦး၏အပြစ်ကို နားလည်သဘောပေါက်ခြင်း
- ယေရှုခရစ်တော်အားဖြင့် ခွင့်လွှတ်ခြင်းရရှိရန် လိုအပ်မှု
- ဘုရားသခင်နှင့်သူ၏လမ်းစဉ်များ၌ ကြီးထွားရန် နှစ်သက်ခြင်း
- အခြားသောသူများအား နားလည်သဘောပေါက်၍ သူတို့၏လိုအပ်ချက်များကို အလေးထားခြင်း

မွေးကင်းစကလေးငယ်သည် အသက်ရှင်မွေးလာ၍ လှုပ်ရှားလျက်၊ ငိုလျက်၊ စာလျက်နေသကဲ့သို့ ခရစ်တော်၌ဖွားမြင်သည့်အသစ်သောအသက်သည်လည်း တချို့သောတောင့်တမှုများနှင့် အသိပညာအတွက် သူ့အလိုအလျောက် ဖော်ပြလာမည်ဖြစ်သည်။

ဗတ္တိဇံဆရာယောဟန်က "သို့ဖြစ်၍ နောင်တနှင့်ထိုက်တန်သောအသီးကို သီးကြလော့" (မ၊၃:၈)။ ယောဟန်သည် ဘာကိုဆိုလိုပါသနည်း။ ယောဟန်သည်

ရိုးရှင်းစွာ ပြောဆိုလျက် သင်တို့သည် (ဖာရိရှဲတို့) ဘုရားသခင်ရှေ့တော်မှောက်၌ အသက်ရှင်လျက်နေသည်ဟု ဆိုပါက သင်တို့၌ အသက်၏သက်သေ လက္ခဏာများ ရှိသင့်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ ဤအမှု၌ ဖာရိရှဲတို့သည် သူတစ်ပါး၏ မှားယွင်းကို လက်ညှိုးထိုးမည့်အစား မိမိတို့၏အပြစ်ကို နားလည်၍ နှိမ့်ချစေရန် ဖြစ်သည်။ အသစ်သောအသက်၏ သက်သေလက္ခဏာများစွာရှိ၏။ အနေအထား အရ တချို့သော သူတို့၏သက်သေလက္ခဏာသည် အခြားသူများထက် ပိုများနိုင်သည်။ ဤအသစ်သောအသက်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့စိတ်နှလုံး၌ နက်ရှိုင်းစွာ ဖွားမြင်ခြင်းခံရသည်။ ဤအသစ်သောအသက်သည် အချိန်ကြာလာသည်နှင့်အမျှ ကျွန်ုပ်တို့၏အကြံအစည်နှင့်အပြုအမူတို့ကို ပုံသွင်းပေး၍ မိမိတို့၏ ဝိညာဉ်ရေးရာကို ကြီးထွားစေကာ အခြားသူများထံသို့ ထင်ရှားစေပါလိမ့်မည်။

## သင်ခန်းစာများ

- လေနှင့်ရေသည် သန့်ရှင်းသောဝိညာဉ်တော်အတူပါရှိခြင်း၊ တန်ခိုးနှင့်ရည်ရွယ်ချက် အကြောင်းအရာ တို့ကို ကျွန်ုပ်တို့အား သွန်သင်ပေးသည်။
- အသစ်သောအသက်သည် ကျွန်ုပ်တို့စိတ်နှလုံး၌ ဝိညာဉ်တော်ပါရှိခြင်း အားဖြင့် ဖြစ်ပေါ်လာသည်။
- ဝိညာဉ်ပိုင်းဆိုင်ရာအသက်သည် ခန္ဓာပိုင်းဆိုင်ရာအသက်ကဲ့သို့ပင် တချို့သော လက္ခဏာများအားဖြင့် ၎င်း၏စစ်မှန်မှုကို ဖော်ပြသည်။
- ဤဝိညာဉ်ပိုင်းဆိုင်ရာ အသက်၏သက်သေလက္ခဏာများသည် ဒုစရိုက်အပြစ်ကို ဆက်လက်ကျူးလွန်ခြင်းအားဖြင့် ထိခိုက်နိုင်သော်လည်း စစ်မှန်သောယုံကြည်သူ၌ အမြဲရှိနေမည်ပါလိမ့်မည်။

## ကျက်မှတ် ဆင်ခြင်ပါ

- မ၊ ၃:၈
- ၁ ယော၊ ၃:၁၀၊၂၃-၂၄

## တာဝန်ပေးအပ်ခြင်း

- ယေရှုအား စတင်သိရှိလာသည့်အကြောင်းကို စဉ်းစားကြည့်ပါ။ အထက်မှာ ဖော်ပြခဲ့သည့် အသက်၏ သက်သေလက္ခဏာများကို ပြန်လည်ဆန်းစစ်ပါ။ ၎င်းတို့ကို သင့်အသက်တာ၌ လေ့လာနိုင်ပါသလား။ အထင်ရှားဆုံးတစ်ခုကို ရေးချပါ။




–

–

–

–

- ယနေ့အတွက် မည်သို့နည်း။ ဤသက်သေလက္ခဏာများသည် ဆက်လက်ရှိနေသင့်သည်။ သခင်ဘုရားထံက စမ်းသပ်ခြင်းသည် ၎င်းတို့ကို ချုပ်ထိန်းနိုင်သည်မှန်သော်လည်း မည်သည့်အရာက သင့်အတွက် အရေးကြီးဆုံးနည်း။ အကယ်၍ အထက်မှာဖော်ပြသည့် အသက်၏သက်သေလက္ခဏာများထဲမှ တစ်ခုခုသည် သင့်အတွက် မှန်ကန်ပါက ၎င်းကိုရေးချပါ။
- ၎င်းတို့ကို ရေးချပြီးနောက်တွင် "သခင်ဘုရား ကိုယ်တော်၏နှုတ်ကပတ်ကို ကျွန်ုပ်နှစ်သက်ပါ၏" ဟု အသံထွက်ဆုတောင်းပါ။ ကိုယ်တော်သည် ၎င်းတို့ကို တိတိကျကျ ဖော်ပြသည်ဖြစ်စေ၊ မဖော်ပြသည်ဖြစ်စေ ယခု ဤအရာတို့သည် ကိုယ်တော်ကြောင့်သာ နှစ်သက်ဖွယ်ဖြစ်၏။ (ထိုသို့ ဆုတောင်းခြင်းသည် အလွန်အရေးကြီးလှပါ၏။)
- အကယ်၍ ဤဆန္ဒများသည် သင့်အဖို့မဟုတ်မှန်ပါက သင်၌ ဝိညာဉ်တော်၏ အသက် မရရှိသေးတာဖြစ်နိုင်ပါ၏။ သင်သည် ထိုသို့ဖြစ်နေသေးလျှင် သခင်ဘုရားကို သိရှိဖို့လိုအပ်ပါသည်။ ယေရှုခရစ်တော်အားဖြင့် ကယ်တင်ခြင်းရ ရှိဖို့ ကိုယ်တော့်ကို ခေါ်ဖိတ်လက်ခံပါ။
- ယော၊ ၃:၁-၈ နှင့် ၄:၁၀-၁၄ တို့ကို လေ့လာပါ။ သန့်ရှင်းသောဝိညာဉ်တော်သည် ထာဝရအသက်၏ရင်းမြစ်ဖြစ်ကြောင်းကို ကျွန်ုပ်တို့အားသတိပေး၍ ထိုဝိညာဉ်တော်နှင့်စပ်လျဉ်းသည့်လေ သို့မဟုတ် ရေ ဟူသောအဓိက စကားစုတို့ကိုရှာဖွေပါ။

# #၇ အသက်၏ရင်းမြစ်

ခန္ဓာပိုင်းဆိုင်ရာအသက်ကဲ့သို့သော ဝိညာဉ်ပိုင်းဆိုင်ရာအသက်သည် ယုံကြည်သူခရစ်ယာန် အထဲ၌ အလွန်တန်ခိုးရှိသောအင်အားဖြစ်ပါသည်။ အသစ်သောအသက်ကို တစ်ကြိမ် ရယူဝန်ခံခြင်းသည် အဓိပ္ပာယ်အမျိုးမျိုးဖြင့် သူ့ဘာသူ စတင်ဖော်ပြသွားမည်။

အင်အားပြင်းလှျပ်စီးကဲ့သို့သော ဤအသစ်သောအသက်သည် ဦးတည်ချက်ရှိ၍ လမ်းညွှန်ချက်ရှိ၏။ ဥပမာ ထိုအသက်သည် ကျွန်ုပ်တို့အား သူတစ်ပါး၏အမှားကို စဉ်းစားရာသို့ မပို့ဆောင်ပေ။ အဘယ့်ကြောင့်ဆိုသော် ထိုအသက်၏ရင်းမြစ်သည် မိမိတို့အထဲ၌ ဘုရားသခင်ဖြစ်ပွားစေတော်မူသော သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်သောကြောင့်တည်း။

ယေရှုက သင်တို့သည် အထက်အရပ်မှဖွားမြင်၏ သို့မဟုတ် ဒုတိယ မွေးဖွားခြင်းခံရ၏ဟု မိန့်တော်မူ၏။ ယေရှုက "သင့်အား ငါအမှန်အကန်ဆိုမည်။ လူသည် ရေနှင့်ဝိညာဉ်တော်အားဖြင့် မွေးဖွားခြင်းကို မခံလျှင် ဘုရားသခင်၏ နိုင်ငံတော်သို့ မဝင်နိုင်။ အသွေးအသားအားဖြင့် မွေးဖွားသောအရာသည် သွေးသား ဖြစ်၏။ ဝိညာဉ်တော်အားဖြင့် မွေးဖွားသောအရာသည် ဝိညာဉ်ဖြစ်၏" (ယော၊၃:၅-၆)။ မိမိတို့၏အသက်သစ်တန်ခိုးသည် ဘုရားသခင်ကိုယ်တိုင်ဖြစ်သည်။ ဤအသက်သစ်သည် ကျွန်ုပ်တို့ အသက်တာအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်ကိုယ်တိုင် သက်ဝင်လှုပ်ရှားခြင်းပင်ဖြစ်သည်။ ဤအကြောင်းကြောင့် ကျမ်းစာက ယုံကြည်သောသူသည် ဝိညာဉ်တော်၌ အသက်သစ်ကို ပိုင်ဆိုင်သူဖြစ်သည်ဟု ရည်ညွှန်းခြင်းဖြစ်သည်။

## ကျွန်ုပ်တို့အထဲ၌ ဘုရားသခင်၏ဝိညာဉ်တော် လုပ်ဆောင်လျက်ရှိ

ဤအကြောင်းအရာကို နားလည်ခြင်းသည် အရေးပါသောအရာဖြစ်သည်။ အကြောင်းမှာ ထိုသို့နားလည်ခြင်းအားဖြင့် မိမိတို့အပေါ် ဘုရားသခင်၏စဉ်ဆက်မပြတ် ကူညီမစခြင်း လမ်းစဉ်များကို တွေ့မြင်နိုင် သောကြောင့်တည်း။ သူသည် မိမိ၏တန်ခိုးကို အသုံးချနိုင်ရမည့်အကြောင်း ကျွန်ုပ်တို့အား ခမည်းတော်ဘုရားနှင့် ပို၍သဏ္ဌာန်တူစေလိုသည်။ ထိုနည်းတူစွာ ဝိညာဉ်တော်သည်လည်း မိမိ၏ ကောင်းမြတ်ခြင်း၊ သန့်ရှင်းသောရည်ရွယ်ချက်တို့နှင့် ဆန့်ကျင်စေသည့် မည်သည့် မှားယွင်းမှုကိုမဆို ကျွန်ုပ်တို့အားပြုမိစေရန် မိမိ၏တန်ခိုးကို အသုံးပြုမည် မဟုတ်ပေ။

များသောအားဖြင့် ကျွန်ုပ်တို့ခရစ်ယာန်အသက်တာသည် သန့်ရှင်းသော ဝိညာဉ်တော်ပြုစေလိုသော အရာကို ဖော်ထုတ်ပြသခြင်းအားဖြင့် ဖွဲ့စည်းတည် ဆောက်ပါလိမ့်မည်။ ၎င်းတို့ကို ယုံကြည်ခြင်းအားဖြင့် သယ်ပိုးသွားမည်သာ ဖြစ်သည်။

ဝိညာဉ်တော်၏တန်ခိုးသည် အားကြီး၏။ ကျွန်ုပ်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်ကို ဝမ်းနည်းစေနိုင်သော်လည်း ၎င်းကို မည်သည့်အခါမျှ မယဉ်ပါးစေ နိုင်သလို၊ မည်သည့်အခါမျှ မရင်ဆိုင်နိုင်ပေ(ဧ၄:၃၀)။ ကျွန်ုပ်တို့အဖို့ အကောင်း ဆုံးမျှော်လင့်ချက်ကား အားကြီးသော ဝိညာဉ်တော်၏လမ်းကြောင်း ပေါ်၌ နေလျက် မိမိတို့၏အားထုတ်မှုမှာသမျှကို ချထားခြင်းရမည်သာဖြစ်သည်။

## သင်ခန်းစာ

- သန့်ရှင်းသောဝိညာဉ်တော်သည် မိမိတို့၏အသက်သစ်ရင်းမြစ် အင်အား ဖြစ်၍ ဘုရားသခင်အလိုရှိသော အရာမှာသမျှကို ပြုဖို့ရန် ခွန်အားကို ဖြစ်ပေါ်စေပါသည်။
- မိမိတို့ကိုယ်ပိုင် ခိုင်ခံ့စရာမလိုအပ်ပေ။ ကျွန်ုပ်တို့သည် အရာမထင်သော ဝါးဖောင်သဖွယ် ဖြစ်သော်လည်း မိမိတို့အသက်တာအတွက် ဘုရားသခင် ၏ဝိညာဉ်တော် သယ်ပိုးစေသောအရာကို အထူးအာရုံစူးစိုက်ရန် လိုအပ် သည်။

## ကျက်မှတ် ဆင်ခြင်ပါ

- ယော၊၃:၅-၆
- ၁ယော၊ ၅:၁၄

## တာဝန်ပေးအပ်ခြင်း

- သင့်အား သန့်ရှင်းသောဝိညာဉ်တော် ပြုစေလိုသောအရာသုံးခုကို ဖော်ပြပါ။
- ဘုရားသခင်ထံ ဆုတောင်းပါ။ သင့်အား ကိုယ်တော့်ကို နှစ်သက် စေလိုသောဆန္ဒကိုပေး၍ ၎င်းတို့ကို သယ်ပိုးစေလိုသောကြောင့် ကိုယ်တော့်ကိုချီးမွမ်းပါ။ သင်သည် ဘုရားသခင်၏ဘုန်းတော်အတွက် ဝိညာဉ်တော်၏မစခြင်းအားဖြင့် ဤအရာများကို လုပ်ဆောင်နိုင်ဖို့ရန် ဘုရားသခင်အား အထူးဉာဏ်ပညာ၊ ခွန်အားနှင့်အကူအညီများကို တောင်းလျှောက်ရမည်။

# #၈ ဝိညာဉ်တော်ကို မှီတွယ်ခြင်း

ကြီးမားသောမြစ်ရေစီးကြောင်းသည် ယုံကြည်သူအသက်တာထဲ၌ အရှိန်အဟုန်နှင့် စီးဆင်းနေသောအရာတစ်ခုကို ပုံဖော်ထားသည်။ အခြားတစ်ခုမှာ အားကြီးသော လေစီးကြောင်းဖြစ်ပါသည်။ မုန်တိုင်း၌ လေပြင်းတိုက်ခတ်ခြင်း ပါဝင်သော်လည်း ၎င်းသည် ကြီးမားသောလေစီးကြောင်းများဖြင့် ဖွဲ့စည်းထားသည်။ တိုက်ခတ်နေသောလေသည် သူ့လမ်းကြောင်းရှိ၍ သတ်မှတ်ထားသည့် ဘောင်အတွင်း၌သာ တိုက်ခတ်တတ်၏။

ဤအားကြီးသောလေစီးကြောင်းသည် မိမိတို့အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်ချက်ကို ပိုမိုရှင်းလင်းစွာ စဉ်းစားဖို့ရန် အထောက်အကူဖြစ်စေသည်။ ဘုရားသခင်သည် မိမိ၏ရည်ရွယ်ချက်ကို လုပ်ဆောင်လျက်ရှိကြောင်း သတိပြုသင့်သည်။ ကျွန်ုပ်တို့သည် ဘဝမုန်တိုင်း တိုက်ခတ်နေစဉ် ဦးတည်ချက်အဖို့ ရှုပ်ထွေးလျက်နေနိုင်သည်။ မတရားသူများသည် ကျွန်ုပ်တို့တစ်ဖက်၌ ထလျက်နေကြသော်လည်း ဘုရားသခင်သည် ထိန်းချုပ်သောအရှင်ဖြစ်ကြောင့် စိုးရိမ်စရာမလိုအပ်ပေ။ မိမိတို့၏တာဝန်ကား ဘုရားသခင်၏ပိုမိုကြီးမြတ်သော ရည်ရွယ်ချက်၌ ရပ်တည်၍ သေးငယ်အမှုဖြစ် သည့်တိုင်အောင် အရေးပါသောအမှုကို လုပ်ဆောင်ရန်ဖြစ်သည်။ ပတ်ဝန်းကျင်အခြေအနေ မည်သို့ဖြစ်စေကာမူ သင်သည် ဘုရားသခင်အဖို့ အသုံးတော်ခံလိုကြောင်းကို အတည်ပြုရမည်။ ဘုရားသခင်၏ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်ဖို့ရန် မိမိတို့လိုအပ်သောခွန်အားရှိသမျှကို မိမိတို့ပိုင်ဆိုင်ထားကြောင်း သတိရပါ။ မိမိတို့၏ဆန္ဒသည် ဘုရားသခင်အား နှစ်သက်စေရန်ဖြစ်၍ ကိုယ်တော်၏ခွန်အား၌ ကိုးစားရန်ဖြစ်ကြောင်း အတည်ပြုထောက်ခံဖို့ လိုအပ်သည်။



ထာဝရဘုရားကို မျှော်လင့်သောသူတို့မူကား အားပြည့်ကြလိမ့်မည်။ ရွှေလင်းယုန်ငှက်ကဲ့သို့ မိမိတို့အတောင်ကို အသစ်ပြုပြင်ကြလိမ့်မည်။ ပြေးသော်လည်း မပင်ပန်း၊ ခရီးသွားသောအခါမမောရကြ(ဟေရှာ၊၄၀:၃၁)။

ထက်၌ရှိသောလေသည် ကျွန်ုပ်တို့၏ဘုရားသခင်ဝိညာဉ် တော်လိုအပ်မှုကို ပြသပါသည်။ ရွှေလင်းယုန်ငှက်သည် အားကောင်းသောအတောင်ပံများကို ပိုင်ဆိုင်ထားသော်လည်း လေဟုန်၌ပျံဝဲနိုင်ဖို့ရန် လေဟုန်ကိုစီးဖို့ လိုအပ်သည်။

ကျွန်တော့်မိတ်ဆွေတစ်ဦးသည် မြင့်သောတစ်နေရာမှ စက်မဲ့လေယာဉ်ကိုလျှောစီးလျက်နေတတ်၏။ ထိုအမှုကို ငါမပြုလိုပေ။ ဘုရားသခင်၏ ဝိညာဉ်တော်ပို့ဆောင်ခြင်း မပါသော်လည်း ထိုအမှုကိုပြုသင့် မပြုသင့် ကျွန်ုပ်တို့၌ ရွေးချယ်ပိုင်ခွင့်ရှိသည်။ မိမိတို့ကိုယ်ကို မေးရမည့်မေးခွန်းမှာ ဘုရားသခင်၏ရည်ရွယ်ချက်အပေါ်၌ မိမိတို့၏ အသိစိတ်သည် မိမိတို့၏အသက်တာ၌ မည်ကဲ့သို့လုပ်ဆောင်နေပါသနည်းဟူ၍ဖြစ်သည်။ ဤသို့သော အနေအထားတွင် များစွာသောသူတို့၏ယုံကြည်ခြင်းမှာ "ဘုရားသခင်လုပ်ဆောင်နေသောအရာကို ငါနားမလည်ဟု ဆိုလျက် မရှင်းမလင်းဖြစ်တတ်ကြ၏။

## အသက်ရှင်ခြင်းဆိုင်ရာ မဖြစ်နိုင်သောခြေလှမ်းများ

ဝိညာဉ်တော်သည် ဘုရားသခင်၏အလိုတော်ကိုပြုဖို့ရန် ကျွန်ုပ်တို့အား အမြဲပို့ဆောင်ပါလိမ့်မည်။ တစ်ခါတစ်ရံ မဖြစ်နိုင်ဘူးဟု ထင်ရသောလမ်းများထဲသို့ ကျွန်ုပ်တို့ကို ပို့ဆောင်ပါလိမ့်မည်။ ထိုအရာတို့ကို မဖြစ်နိုင်ဟုဘာ့ကြောင့် ထင်ရသနည်း။

- ခန္ဓာကိုယ်အရ မိမိတို့၏စွမ်းရည်များထက် ကျော်လွန်သောအခါ
- အချိန်လုံလောက်မှု မရှိသောအခါ
- ငွေကြေးအရ မိမိတို့၏အစီအမံများထက် ကျော်လွန်သောအခါ
- မိသားစုနှင့်မိတ်ဆွေများအားဖြင့် အတိုက်အခံပြုခြင်း ရှိသောအခါ
- စွမ်းရည်များ သို့မဟုတ် ဆုကျေးဇူးများ မလုံလောက်သောအခါ
- မိမိကိုယ်ကို ယုံကြည်စိတ်ချမှုကင်းမဲ့သောအခါ

ထိုသို့သော ဖော်ပြချက်သည် ဆက်ရှိနေမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ဝိညာဉ်တော်သည် ၎င်းကဲ့သို့ ခက်ခဲသောအနေအထားများ၌လည်း ကျွန်ုပ်တို့ကို ပို့ဆောင်ပါလိမ့်မည်။ သင်သည် ခက်ခဲသောသူနှင့် တွေ့ကြုံဖူးပါသလား။ တွေ့ကြုံဖူးမှာပါ။ ထိုသူကို ချစ်ဖို့ရန် ဘုရားသခင်က သင့်အား စိတ်ရှည်ခြင်းကို ပေးပါလိမ့်မည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုသာ ကိုးစားရမည့်အကြောင်း ကိုယ်တော်သည် မိမိတို့၏သာမန်စွမ်းရည်ထက် ကျော်လွန်၍သွားရန် တောင်းဆိုတတ်သည်။ ၎င်းသည်လည်း ဘုရားသခင်၏ ကြိုတင်စီမံချက် ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် မကြာ ခဏ မိမိတို့၏သာမန် စိတ်ဆွဲခြင်း များမှစ၍ မိမိတို့၏ဖြစ်ခြင်းနှင့် ပင်ကိုစရိုက်များ အပေါ်တွင် မှီခို အားထားခြင်းဖြင့် ဆက်သွားရန် ဂရုစိုက်တတ်ကြသည်။ တချို့မှာ ပေတရုကဲ့သို့ ရဲရင့်ကြ၏။ သို့သော် ထိုသူတို့သည် အမြဲအောင်မြင်သောသူ မဟုတ်ကြပေ။ တချို့ကမူ သောမကဲ့သို့ ကြောက်ရွံ့၍ အရှုံးပေးတတ်ကြ၏။

ကျွန်ုပ်တို့သည် ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်နှင့်အတူ မည်ကဲ့သို့လုပ်ဆောင်မည်ကို ဆိုလိုခြင်းမဟုတ်ဘဲ ကိုယ်တော်လုပ်ဆောင်သည့် လမ်းစဉ်ကို မီးမောင်းထိုးပေးခြင်းသာဖြစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ကိုယ်တော်၏မစခြင်းအပေါ် မည်ကဲ့သို့ မှီခိုအားထားမည်ကို သင်ယူရန် လိုအပ်ပါသည်။ ဘုရားသခင်၏အလိုတော် ပြီးပြည့်စုံစေဖို့ရန် အလွန်ပါးနပ်သော နတ်ဆိုး၏အကြံအစည်ကို သိမြင်ရမည်အကြောင်း ကိုယ်တော်၌သာလျှင် ခွန်အားမှစ၍ ဉာဏ်ပညာနှင့်ထိုးထွင်းသိမြင်စွမ်းရှိပါ၏။

## အာရုံစိုက်လျက် သတိပြုကြလော့

ယေရှုက "ဖြားယောင်းသွေးဆောင်ရာထဲသို့ မကျရောက်စေရန် သတိနှင့် စောင့်နေလျက် ဆုတောင်းကြလော့။ စိတ်ဝိညာဉ်သည် ထက်သန်သော်လည်း ကိုယ်ကာယမူကား အားနည်း၏ဟု မိန့်တော်မူ၏ (မ၊၂၆:၄၁)။ စစ်မှန်သောယုံကြည်သူသည် ဘုရားသခင်ကို နှစ်သက်စေလိုသော်လည်း ကျပ်တည်းသောအချိန်ခါ၌ ဘုရားသခင်က မည်ကဲ့သို့ကိုင်တွယ်ဖြေရှင်းပေးနိုင်သည်ကို မမြင်တတ်သောအခါ စုံစမ်းခြင်းသို့ပါသွားတတ်၏။ ကျွန်ုပ်တို့သည် ဘုရားသခင်အလိုရှိသောအရာကို သိမြင်နိုင်ဖို့ရန် ဆုတောင်းခြင်းဖြင့် ကိုယ်တော်၌ အာရုံစိုက်ခြင်းကိုသာ လိုအပ်သည်မဟုတ်ဘဲ ကိုယ်တော့်ထံမှ ယုံကြည်ခြင်း၊ ခွန်အားနှင့်ဉာဏ်ပညာများ မည်ကဲ့သို့ရရှိမည်ကို သင်ယူဖို့ရန်လည်းလိုအပ်ပါသည်။ ကျွန်ုပ်တို့သည် စတင်ဆုတောင်းသောအခါ ဤလိုအပ်ချက်များကို မသိရှိသော်လည်း ကိုယ်တော်ထံသို့ အမှန် ချဉ်းကပ်လာသောအခါ ကိုယ်တော်သည် ၎င်းတို့ကို ကျွန်ုပ်တို့အား ပေးတော်မူလိမ့်မည်။

ဘုရားသခင်နှင့်ဆိုင်သောအရာများကို ချစ်ခြင်းမေတ္တာဖြင့် ထွေးပိုက်ရန် လိုလားမှုသည် သန့်ရှင်းသောဝိညာဉ်တော်ထံမှလာ၏။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းရရှိဖို့ ခရစ်တော်ကို စတင်ကိုးစားယုံကြည်၍ ဒုတိယမွေးဖွားခြင်းခံရသောအခါ ထိုအဖြစ်အပျက်သည် မိမိတို့၏အထဲ၌ သွတ်သွင်းပြီးဖြစ်သည်။ ဤခံစားချက်များကို မိမိတို့ကိုယ်တိုင် ဖန်တီးစရာမလိုပေ။ အသစ်သော ယုံကြည်သူသည် ခရစ်ယာန်တစ်ဦး၏အတွေ့အကြုံကဲ့သို့ပင် ဘုရားသခင်ကို နက်နက်ရှိုင်းရှိုင်း ကိုးကွယ်နိုင်သည်။ ကျွန်ုပ်တို့သည် ဤလိုအင်ဆန္ဒများ ကြီးထွားဖို့ရန် ရုန်းကန်လှုပ်ရှားစရာမလိုသော်လည်း မိမိတို့၌ ရှိသောမေတ္တာ၊ မိမိတို့ဟာမည်သူမည်ဝါဖြစ်ကြောင်း၊ မိမိတို့သည်ဘာကို ပြုသင့်ကြောင်းစသဖြင့် မေးခွန်းထုတ်လာသောအခါ ရှုပ်ထွေးခြင်းရှိလာနိုင်သည်။ မိမိတို့၏ဖြစ်ခြင်းအမှန်ကို ခွာချွတ်ဖို့ရန် နတ်ဆိုးရာကြံလာသောအခါ ခရစ်တော်၌ရှိသော မိမိတို့၏ဖြစ်ခြင်းအမှန်ကို ရှင်းလင်းစေဖို့ရန် ဘုရားသခင်၏ သမ္မာတရားကို ရယူဆည်းပူးရမည်။

ဘုရားသခင်သည် ကျွန်ုပ်တို့၏ခွန်အားဖြစ်တော်မူ၏။ ကျွန်ုပ်တို့သည် ကိုယ်တော်၌ တည်၍ ကိုယ်တော်ကို ခေါ်လျက်နေသောအခါ ထိုတန်ခိုးသည်လည်း မိမိတို့ကို ပို့ဆောင်ပေးလျက်နေတတ်၏။

## သင်ခန်းစာ

- ဘုရားသခင်သည် မိမိ၏အလုပ် ပြီးမြောက်စေရန်အတွက် ဉာဏ်ပညာ၊ အချိန်ကောင်း၊ အခွင့်အလမ်းများနှင့်အခြားသောအရာများအတွက် သူ့ထံ၌ ကိုးစားစေလိုသည်။
- ဘုရားသခင်၏အလိုတော်ကို သယ်ပိုးရန်အတွက် မိမိတို့လိုအပ်သော အရာကို ပေးသနားတော်မူရန် ဘုရားသခင်သည် မိမိတို့အား စိတ်အား ထက်သန်စွာ ရှာဖွေလျက်နေ၏။ သို့သော် နောက်ဆုံး၌ မိမိတို့အား ရှုံးနိမ့်စေမည့်မိမိတို့၏အင်အား၌သာ ကိုးစားတတ်ကြ၏။
- တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် မဖြစ်နိုင်သောလူများနှင့် ရင်ဆိုင်တွေ့ကြုံ သော်လည်း သခင်ဘုရားသည် မိမိတို့အားကူညီရန် ထိုနေရာ၌ မိမိတို့ နှင့်အတူရှိတော်မူ၏။

## ကျက်မှတ် ဆင်ခြင်ပါ

- မ၊ ၂၆:၄၁
- ဆာ၊ ၅:၃၊ဟေရှာ၊၄၀:၃၁

## တာဝန်ပေးအပ်ခြင်း

- ဘုရားသခင်၏အမှုတော်ထမ်းဆောင်ရန်အတွက် သင့်အင်အားများ အပေါ်၌ ပျက်ပြားခြင်းနှင့် ရှုံးနိမ့်ခြင်းကို ဖြစ်စေတတ်သောလမ်းစဉ် များကား အဘယ်နည်း။
- သင်၌ မည်သို့သောပင်ကိုစရိုက်ရှိသနည်း။ ခက်ခဲသောအနေအထား များကို ကျော်လွှားဖို့ရန် ကြိုးစားသောအခါ ထိုပင်ကိုယ်စရိုက်က သင့်အား မည်ကဲ့သို့ ပံ့သွင်းနိုင်စွမ်းရှိသနည်း။
- မဿဲ ၂၆:၄၁ အရ သင်သည် နေ့စဉ်ဝိညာဉ်ရေးရာ၌ ခက်ခဲသော အခြေအနေဟု ယူဆသောအရာကို တွေ့ကြုံသောအခါ၌သာ ဆုတောင်း လျက် စောင့်နေတတ်သလော။

# အသက်၏ရင်းမြစ်နှင့်သင်

## အခန်း ၉-၁၈

# #၉ နားလည်သဘောပေါက်လာခြင်း

ဝိညာဉ်တော်မည်ကဲ့သို့ လုပ်ဆောင်သည်ဟူသောအရာကို ယေဘုယျအားဖြင့် ဖော်ပြရာတွင် သူ၏လုပ်ဆောင်ခြင်း၌ ကိုယ်တိုင်ကိုယ်ကျ၏ရှုထောင့်မှ ကြည့်ရှုရန်လိုအပ်ပါသည်။ ဤစာအုပ်၏ အဆုံးပိုင်း၌သာ သင်ယူသူတစ်ဦး၏ ရှုထောင့်ဘက်မှ နောက်တစ်မျိုးပုံစံဖြင့် ကြည့်ရှုသုံးသပ်ရန်ဖြစ်သည်။

ကျွန်ုပ်တို့သည် မကြာခဏ အသက်၏တည်ရှိမှုကို နားမလည်ဘဲနေတတ်ကြ၏။ အမှန်မှာ ဤတန်ခိုးရှိသောအသက်အားဖြင့်သာ သွားလာအသက်ရှင်၍ အကျိုးပြုနေခြင်းဖြစ်၏။

လူလားမြောက်လာသော ယောက်ျားနှင့်မိန်းမတို့သည် မိမိတို့၏ခန္ဓာကိုယ်ပြောင်းလဲလာခြင်းကို သတိပြုကြသူများဖြစ်ကြသည်။ ထိုသူတို့သည် သူတို့၏ခန္ဓာကိုယ်နှင့်စိတ်ဝင်စားမှုများ ပြောင်းလဲလာခြင်းကို အပြည့်အဝအာရုံစိုက်ကြသော်လည်း ထိုအသက်အားဖြင့် ပြောင်းလဲလာသောအကြောင်းအရာများကို သိပ်မစဉ်းစားတတ်ကြပေ။ ထိုသို့ဖြင့် လူငယ်တို့သည် သူတို့မည်သူမည်ဝါဖြစ်ကြောင်းကိုသာ အာရုံစိုက်လာကြ၏။ ကြာလာသည်နှင့်အမျှ သူတို့သည် မိမိတို့၌မည်သည်ကိုပိုင်ဆိုင်ကြောင်း၌သာ ပို၍အာရုံစိုက်လာကြ၏။ လူငယ်အနည်းစုကသာလျှင် မိမိတို့၏အရွယ်ရောက်လာမှုမှစ၍ အလုပ်အကိုင်ရရှိခြင်း အကြောင်းတို့ကို ချင့်ချိန်စဉ်းစားတတ်ကြ၏။ နေ့ရက်စဉ်တိုင်း အလုပ်နှင့်လုံးပါးခြင်းက မိမိတို့၏ခန္ဓာရေးရာနှင့်ဝိညာဉ်ရေးရာ နှစ်ခုစလုံးအကြောင်းတို့ကို နားလည်သဘောပေါက်ရန် အဟန့်အတားတစ်ခုလို ဖြစ်လာ၏။




ကျွန်ုပ်တို့အထဲ၌ မှုတ်သွင်းပေးတော်မူသောအသက်တည်းဟူသော ဘုရားသခင်၏အသက်ကို မသိရှိခြင်းနှင့် အာရုံမစိုက်ခြင်းသည် အသက်၏နက်နဲမှုကို မခံစားတတ်ခြင်း ပင်ဖြစ်သည်။ ကျေးဇူးမတင်တတ်ခြင်းသည် ကိုယ်ပိုင်လွတ်လပ်စွာ အသက်ရှင်ခြင်းသို့ ပို့ဆောင်၍ မောက်မာခြင်းကို အားသန်စေ တတ်၏။

ထိုအရာသည် ဤနေ့ရက်နှင့်ဆိုင်သော ရုပ်ဝတ္ထုနှင့် လောကီ ရေးရာတို့၏တုန်ခါမှု ခေတ်ကာလကိုဆိုလိုပါသည်။ အရာရာအားလုံးသည် ဓာတုဗေဒနှင့်ပတ်သက်၍ သူတို့၏အသက်ရှင်ခြင်း တစ်ဘက်၌လည်း မည်သည့်အစွမ်းတန်ခိုးမျှမရှိဟု ယုံကြည်ထားကြ၏။ သူတို့ပိုင်ဆိုင်သော အရာအားလုံးအတွက် ကိုယ်တော်၌မှီခိုကြသော်လည်း ဤလောကနှင့်ဆိုင်သော အမှုကိစ္စများ၌ ဘုရားသခင်ပါဝင်နေခြင်းကိုမူ လက်မခံကြပေ။

## ဝိညာဉ်ရေးရာ၌ မထင်ရှားသောပြဿနာ

ဤလျစ်လျူရှုခြင်းသည် အသင်းတော်ကို အကျိုးထိခိုက်မှုရှိစေပါသည်။ ကျွန်ုပ်တို့သည် မိမိတို့၏ ဝိညာဉ်ရေးရာ နောက်ကွယ်၌ အသက်၏စီးထွက်နေမှုကို အာရုံမစိုက်ဘဲနေကြ၏။ ကျွန်ုပ်တို့သည် မိမိတို့၏ထိုးထွင်းသိမြင်နိုင်စွမ်းထက် ထိတွေ့မြင်တွေ့နိုင်သောအရာများ အပေါ်၌သာ ပို၍ အာရုံစိုက် တတ်ကြ၏။

ကျွန်ုပ်ဘဝတစ်လျှောက်၌ ဘုရားသခင်သက်ဝင်လှုပ်ရှား၍ အသင်းတော်အား အားသစ်လောင်း စေခဲ့ဖူးပါသည်။ Ray Stedman ရေးသားသော 'ခန္ဓာကိုယ်အသက်' ဟူသည့်စာအုပ်အားဖြင့် ဝိညာဉ်ရေးရာဆုကျေးဇူးများ နှင့်ပတ်သက်၍ ဘုရားသခင်၏လူများနိုးကြားမှု အပါအဝင် ဘုရားသခင်၏ဝိညာဉ်တော်သည် သူ၏လူတို့အား ထိုဆုကျေးဇူးများဖြင့် အားဖြည့်စေခဲ့သည်။ ဤနှစ်ခု၏ဆက်စပ်မှုမှာ လက်တွေ့ကျ၍ သီအိုလော်ဂျီအရလည်း မှန်ကန်၏။ ဘုရားသခင်၏လူတို့သည် မင်္ဂလာရှိသောသူများ ဖြစ်ကြသော်လည်း ဤကြီးထွားဖွံ့ဖြိုးမှုသည် အချိန်တိုတောင်းလှသဖြင့် အခြားသီအိုလော်ဂျီပိုင်းဆိုင်ရာ ကြီးထွားဖွံ့ဖြိုးမှု၌ မထင်မရှားဖြစ်တတ်ကြ၏။

Charismatic movement လှုပ်ရှားမှုအဖွဲ့တို့သည် ဝိညာဉ်ပိုင်းဆိုင်ရာဆုကျေးဇူးများမှစ၍ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းစဉ်နှင့် ချိတ်ဆက်ထားသည်ဟု ဆိုရသော်လည်း အမှန်မှာ ထိုထက်မက ကျယ်ပြန့်၏။ လူတို့သည် အသက်မရှိသောအသင်းတော်များ၌ပင် ကျမ်းစာကို စတင်လေ့လာ၍ ဆုတောင်းတတ်ကြ၏။ ဤဆုကျေးဇူးများနှင့်မသက်ဆိုင်သည့် တစ်ဦးတစ်ယောက်၏အမြင်ကြောင့် တချို့နေရာများ၌ နိမိတ်လက္ခဏာများကို အလွန်အကျွံဦးစားပေး၍ မိမိတို့၏အသက်တာထဲ၌ ဝိညာဉ်တော်၏လုပ်ဆောင်မှုအပေါ် ထိုသို့သောအာရုံစိုက်ခြင်းသည် သေနေသောအသင်းတော်ပုံစံကဲ့သို့ပင် အသက်တာကို သေစေနိုင်သည်။

မိမိတို့ခရစ်ယာန်အသက်တာများ၌ ဘုရားသခင်၏ဝိညာဉ်တော် ရှင်သန်လျက် လုပ်ဆောင်နေခြင်း အကြောင်းကို မသိရှိလေလေ ဝိညာဉ်ရေးရာ၌ ပို၍သေလေလေဖြစ်၏။ အသင်းတော်အကြောင်းကို သိရှိခြင်းသည် အသင်းသားမဖြစ်စေသလို ဘုရားသခင်အကြောင်းကို များများသိရှိခြင်းသည်လည်း ဘုရားသခင်ကို သိရှိခြင်းမဟုတ်ပေ။ ထိုအရာများကို သိရှိခြင်းသည် ကောင်းသော

အရာဖြစ်သော်လည်း မိမိတို့အသက်တာထဲ၌ရှိသည့် ဘုရားသခင်၏အဓိကနေရာ အပေါ်၌ အလေးထားမှုကို လျစ်လျူရှုခြင်းသည် ကြီးမားသောခလုတ်ဖြစ်လာနိုင်သည်။ ဤဝိညာဉ်ရေးရာ မျက်စိကန်းခြင်းကို မယုံကြည်ခြင်းဟုခေါ်၍ ကျွန်ုပ်တို့အား အောင်မြင်ခြင်းနှင့် အလုမ်းဝေးစေလိမ့်မည်။

## ဟောင်းသောအရာ၌ ပြန်လည်သက်ဝင်နိုးကြားလာခြင်းများ

ယခင်က ပြန်လည်သက်ဝင်နိုးကြားလာခြင်းများသည် ဘုရားသခင်ရှိနေခြင်းကို ကြီးကြီးမားမား နားလည်သဘောပေါက်စေပါသည်။ လူတို့သည် မိမိတို့၏လုပ်ဆောင်ခြင်းကြောင့် ထိုသို့ဖြစ်ခြင်းမဟုတ်ဘဲ သူတို့အားဖြင့် ဘုရားသခင်လုပ်ဆောင်တော်မူသည်ကို သိရှိကြ၏။ မိမိတို့၏အသက်တာအားဖြင့် ဘုရားသခင်ဝိညာဉ်တော် တက်တက်ကြွကြွလုပ်ဆောင်ခြင်းသည် အခြေခံလိုအပချက်ဖြစ်ပါသည်။ ၎င်းကို မသိရှိသောအခါ တလွဲတချော်ဖြစ်ခြင်းတည်းဟူသော ဘာသာရေးဆန်ခြင်း၊ သီအိုလော်ဂျီပိုင်းဆိုင်ရာ မာန၊ ဝိညာဉ်ရေးရာ စိတ်ပျက်ငြီးငွေ့ဖွယ် အခြေအနေ၊ အောက်တန်းကျသော အပြုအမူများ ဖြစ်ပေါ်စေတတ်သည်။ ထိုအရာအားလုံးတို့၏အကျိုးဆက်သည် မိမိတို့၏အသက်တာများ၌ ဘုရားသခင်မည်ကဲ့သို့ လုပ်ဆောင် သည်ကို မရှင်းမလင်းဖြစ်စေတတ်၏။

ထိုယုံကြည်မှု၏အကျိုးဆက်သည် လူသားဆန်သော ဘာသာရေးဖြင့် အဆုံးသတ်၏။ ဦးတည်ချက်ကား ဘုရားသခင်အပေါ်၌ထက် လူသား၏ကြိုးစားအားထုတ်မှုနှင့် တွေးတောကြံဆမှုပေါ်၌ အခြေခံထားသည်။ ထိုအရာတို့သည် ယနေ့ မိမိတို့ပတ်ဝန်းကျင်နှင့်ကမ္ဘာ၌ အတိအကျ မြင်တွေ့ရ၏။

## လက်တွေ့ဆန်သော ဘုရားမဲ့ဝါဒ

ကျွန်တော်သည် နှစ်ပေါင်းများစွာအတွင်းတွင် ယုံကြည်သောသူများစွာတို့၏စိတ်ပိုင်းဆိုင်ရာကို ဖော်ပြဖို့ရန် "လက်တွေ့ဆန်သော ဘုရားမဲ့ဝါဒ" ဟူသော အသုံးအနှုန်းကို အသုံးပြုခဲ့သည်။ ထိုသို့ဆိုရာတွင် သူတို့၏ခရစ်ယာန်အသက်တာ၌ ဘုရားသခင်ပါရှိခြင်းကို နားလည်သဘောပေါက်ခြင်း မရှိဘဲ ပြုမူသောသူများကို ဆိုလိုသည်။ ဆာလံဆရာက ဘုရားသခင်၏လူတို့သည် ထိုသို့သောသူများတည်းဟူသော တိရစ္ဆာန်များကဲ့သို့ မဖြစ်ဖို့ရန် သတိပေး၏။ "ဂုဏ်အသရေနှင့် ပြည့်စုံလျက် ပညာသတိမရှိသောသူသည်ကား ပျက်စီးခြင်းသို့ ရောက်တတ်သော တိရစ္ဆာန်နှင့်တူ၏" (ဆာ၊၄၉:၂၀)။

ခရစ်ယာန်တို့သည် မိမိတို့အသက်တာ၌ ဘုရားသခင်ပါရှိလျက် သက်ဝင်လှုပ်ရှားမှုကို အမှန်သဘောပေါက်နားလည်ခြင်း မရှိကြသောကြောင့် ကြောက်မက်ဖွယ်ကောင်းသော အသက်ရှင်ခြင်းနှင့် ရင်ဆိုင်ကြရ၏။ ဘုရားသခင်သည် အဖြစ်အပျက်၏နောက်ကွယ်၌ ပါရှိသော်လည်း ယုံကြည်သူသည် ၎င်းကို အမှန်သိရှိခြင်းမရှိဘဲ လျှောက်လှမ်းနေကြသည်။ ထို့အတူ ဘုရားသခင်ကို အစေခံသော

သူတို့အတွက် အမှန်ဖြစ်၏။ သူတို့၏အထဲ၌ ဝိညာဉ်တော်၏လုပ်ဆောင်ချက်ကို နားလည်သဘောပေါက်ခြင်း မရှိဘဲလျက် ကျမ်းစာကိုဟောပြော၍ သင်ပေးကာ ဧဝံဂေလိလုပ်နိုင်၏။ ဘုရားသခင်သည် သူတို့၏ယုံကြည်မှုအပေါ်၌ အမှန်တကယ် ရှိမရှိဟူသည်ကို ကျွန်ုပ်တို့မေးမြန်းဆန်းစစ်ရမည်ဖြစ်သည်။ ထိုသူတို့၏ဘာသာရေး လုပ်ရှားမှုများသည် ဘုရားသခင်မပါဘဲ သယ်ပိုးနိုင်ပါသလား။ အကယ်၍ သယ်ပိုးနိုင်ပါက ၎င်းသည် ဘုရားသခင်ပြုသောအမှုမဟုတ်ဘဲ လူကပြုသောအမှု ဖြစ်ကြောင်း အမှန်ပေါ်လွင်ထင်ရှားသည် မဟုတ်သလော။

အသင်းတော်ဘက်သို့ ပြန်လှည့်စေရမည့်သော့ချက်တစ်ခုမှာ ယုံကြည်သူအထဲ၌ ဘုရားသခင်၏ လုပ်ဆောင်ချက်ကို သဘောပေါက်နားလည်ခြင်းပင် ဖြစ်သည်။ ၎င်းသည် တစ်စုံတစ်ဦးကို ပေးကမ်းခြင်း၊ အသင်းတော်သွားရောက်ခြင်း သို့မဟုတ် ဆင်းရဲသောသူကို ဖေးမခြင်းတို့မဟုတ်ပေ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏မျက်မှောက်တော်၌ အသက်ရှင်၍ ကိုယ်တော်သည် ကျွန်ုပ်တို့အသက်တာအားဖြင့် သူ၏ကောင်းမွန်သော ရည်ရွယ်ချက်များကို သယ်ပိုးလျက်နေ၏။

ဘုရားသခင်မရှိဟု မိုက်သောသူသည် ထင်တတ်၏။ ထိုသို့သောသူတို့သည် ဆွေးမြေ့ယိုယွင်း၍ စက်ဆုတ်ဖွယ်သောအမှုကို ပြုတတ်ကြ၏။ ကောင်းသောအမှုကို ပြုသောသူတစ်ယောက်မျှမရှိ။ နားလည်သောသူ၊ ဘုရားသခင်ကိုရှာသောသူ တစ်စုံတစ်ယောက်ရှိသည်မရှိသည်ကို သိမြင်ခြင်းငှာ ထာဝရဘုရားသည် ကောင်းကင်ပေါ်က လူသားတို့ကို ငုံ့၍ကြည့်ရှုတော်မူ၏။ လူအပေါင်းတို့သည် လမ်းလွဲကြပြီ။ တညီတညွတ်တည်း ဆွေးမြေ့ယိုယွင်းခြင်းရှိကြ၏။ ကောင်းသောအကျင့်ကို ကျင့်သောသူမရှိ။ တစ်ယောက်မျှမရှိ (ဆာ၊၁၄း၁-၄)။

## ကိုယ်တော်၏မျက်မှောက်တော်ကို ရှာဖွေခြင်း

ကျွန်ုပ်တို့သည် မိမိတို့အသက်တာ၌ ဘုရားသခင်၏နေရာမှန်ကို နဂိုအတိုင်းပြန်ဖြစ်ရန် နောက်ထပ်တစ်ခါ လိုလားသောအချိန်အခါ၌သာ ပြန်လည်သက်ဝင်နိုးကြားခြင်း ပေါ်လာတတ်၏။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို ယုံကြည်စိတ်ချမှုရှိနေသရွေ့ မိမိတို့၏အင်အားများအားဖြင့် လုပ်ဆောင်သည်ဖြစ်၍ ဘုရားသခင်၏ဘုန်းအသရေမရှိပေ။

ကျွန်ုပ်တို့သည် ကြံရာမရဖြစ်သည့်အခါ ကိုယ်တော်ကိုခေါ်ကြ၏။ ကျွန်ုပ်တို့သည် ကိုယ်တော်ပါရှိခြင်းကို နားလည်သဘောပေါက်သောအခါ ဆုတောင်းခြင်းအပေါ် ကိုယ်တော်၏အဖြေကိုရရှိ၍ စစ်မှန်သော ကိုးကွယ်ခြင်း အစပြုလာ၏။ ဤသို့ဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့အသက်တာထဲ၌ ခက်ခဲသော အချိန်အခါများကို ကျွန်ုပ်တို့အား ပြန်လည်နှပျိုစေရန် အသုံးပြုတတ်၏ (ဆာ၊၁၁၉း၇၃-၇၄)။ အကယ်၍ ကျွန်ုပ်တို့သည် စမ်းသပ်ခြင်းအားဖြင့် လှုံ့ဆော်သည်ထက် ကိုယ်တော်၏မျက်နှာတော်ကို ပုံမှန်ရှာဖွေပါက ဘာဖြစ်မည်နည်း။

အသက်ဟူသောအကြောင်းအရာနှင့်ပတ်သက်၍ ယနေ့ ကျွန်ုပ်တို့လူ့ဘောင်အဖွဲ့အစည်း၏ထင်မြင် ယူဆချက်သည် ဘုရားသခင်လုပ်ဆောင်သည့်အတိုင်း မဟုတ်တော့ပေ။ ဤလောကီဆန်သော တွေးခေါ်ခြင်းသည် အသင်းတော်ထဲသို့ ယိုစိမ့်လာ၍ လောကနှင့်ယုံကြည်သူနှစ်ခု စပ်ကြား၌ ခြားနားချက် မရှိတော့ကြောင်း ကျွန်ုပ်တို့မြင်တွေ့ရ၏။

## သင်ခန်းစာ

- လူသားများမှစ၍ များစွာသောခရစ်ယာန်တို့သည် ဘုရားသခင်နှင့်ဆိုင်သော ခန္ဓာရေးရာအသက်နှင့် ဝိညာဉ်ရေးရာအသက် အကြောင်းအရာတို့ကို သိရှိခြင်းမရှိဘဲလျက် အသက်ရှင်ကြ၏။
- မိမိတို့အထဲ၌ ဘုရားသခင်၏လုပ်ဆောင်ချက်ကို သိရှိခြင်းမရှိပါက မိမိတို့၏စိတ်နှလုံးသည် ခိုင်မာလာ၍ မာနကြီးလာမည်သာဖြစ်သည်။
- ဘုရားသခင်၏မျက်မှောက်တော်ကိုသာ ရှေးရှုလာသောအခါ နှိမ့်ချ၍ ချီးမွမ်းဂုဏ်ပြုတတ်လာကာ ဘုရားသခင်ကို ဗဟိုပြုလျက် သူ့ကိုသာ မှန်မှန်ကန်ကန် မှီခိုအားထားလာ၏။

## ကျက်မှတ် ဆင်ခြင်ပါ

- ဆာ၊ ၁၄း၁-၂
- ဖိ၊ ၃း၁၇-၁၉

## တာဝန်ပေးအပ်ခြင်း

- သင့်အသက်တာအတွက် ဘုရားသခင်ထံက လုပ်ပိုင်ခွင့် အမှတ်လက္ခဏာများကိုဆန်းစစ်ပါ။ သင်လုပ်ဆောင်နေသောအရာပေါ်၌ ဘုရားသခင်၏ ကူညီခြင်း သို့မဟုတ် လမ်းပြခြင်းကို နားလည်ခြင်းမရှိဘဲလျက် သင့်ခရစ်ယာန်အသက်တာ၌ အသက်ရှင်နေပါသလား သို့မဟုတ် သင့်သာသနာ လုပ်ဆောင်နေပါသလား။ ရှင်းပြပါ။
- သင့်ပတ်ပတ်လည်၌ရှိသော (အသင်းတော်နှင့်အသင်းတော်မဟုတ်သည့် အသင်းအဖွဲ့) အသင်းအဖွဲ့တို့၌ ဘုရားသခင်၏လုပ်ရှားခြင်းကို သုံးသပ်ပါ။ ခရစ်ယာန်တို့သည် ဆုတောင်း၍ ဘုရားသခင်နှင့် တစ်စိတ်တစ်ဝမ်းတည်းရှိကြပါသလား။ ဘုရားသခင်သည် နှုတ်ကပတ်တော်အားဖြင့် ထိုသူတို့ကို စကားပြောဆိုသလော သို့မဟုတ် သူတို့သည် ထိုနှုတ်ကပတ်တော်ကို ဖတ်ရှုကြပါသလော။

# #၁၀ ကြိုဆိုခြင်း

ဘုရားသခင်သည် မိမိတို့၏စိတ်နလုံးထဲ၌ အသက်ရှင်လာသောအခါ မိမိတို့သည် သူ၏မျက်မှောက်တော်ကို အစဉ်မပြတ်ရှာဖွေလာ၏။ ယောဟန်က သူ၏ခရစ်ဝင်ကျမ်း ပထမအခန်း၌ စူးစမ်းသိချင်စိတ် ပြင်းပြသောလမ်းစဉ်ဖြင့် ရေးသားခဲ့သည်။ ယောဟန်သည် ဦးစွာပထမ ဤအသက်အကြောင်းကို ပြောဆိုလျက် (၁:၄) ထိုအသက်သည် လောကသို့ရောက်လာကြောင်း၊ ထိုအသက်ပင်လျှင် အလင်းတည်းဟူသော ခရစ်တော်ယေရှုဖြစ်ကြောင်းကို ဖော်ထုတ်ပြသခဲ့သည်။

နောက်ဆက်တွဲ ကျမ်းပိုဒ်များသည် ဆန်းကြယ်နက်နဲလှ၏။ "သို့ရာတွင် ကိုယ်တော်ကို လက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်၏နာမတော်ကို ယုံကြည်သောသူတို့အား ဘုရားသခင်၏ သားသမီး ဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။ ထိုသားသမီးတို့သည် မျိုးရိုးဇာတိအားဖြင့်သော်လည်းကောင်း၊ ကိုယ်ကာယ၏ အလိုဆန္ဒအားဖြင့်သော်လည်းကောင်း မွေးဖွားကြသည်မဟုတ်။ ဘုရားသခင်အားဖြင့် မွေးဖွားကြ၏(ယော၊၁:၁၂-၁၃)။ ထိုသို့ ကိုယ်တော်ကို လက်ခံသောသူတို့အား သူ၏အသစ်သောအသက်ကို ပေးသနားတော်မူ၍ သန့်ရှင်းသောဝိညာဉ်တော်၌ ဖွားမြင်စေတော်မူ၏။


ဤသူတို့သည် ကိုယ်တော်ကိုလက်ခံ၍ ကြိုဆိုခြင်းခံသောသူများဖြစ်ကြသည်။ မူရင်းဂရိဘာသာ စကား၌လည်း အိမ်ရှင်က မိမိအိမ်သို့လာလည်သောသူကို နှုတ်ဆက်၍ လက်ခံကြိုဆိုခြင်း အသုံးအနှုန်း ပုံစံဖြင့် အသုံးပြုထားသည်။

မိမိဧည့်သည်ကို ကြိုဆိုလက်ခံ၍ ဧည့်ခံပြုစုသောသူနှင့်မိမိဧည့်သည် ရှိနေမှန်းကိုပင် မသိရှိသောသူ ထိုသူနှစ်ဦးတို့သည် တကယ်ခြားနားပါ၏။ ဘုရားသခင်သည် မိမိတို့အနား၌ အစွမ်းတန်ခိုးသက်သက် အတွက်သာ ရှိနေခြင်းမဟုတ်ပေ။ ကိုယ်တော်သည် ပုဂ္ဂိုဟ်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် သူ့ကို တက်တက်ကြွကြွ ဧည့်ခံကြိုဆိုလျက် နှစ်သက်စေခြင်းဖြစ်သည်။ ခိုင်ခံ့သောခရစ်ယာန်တစ်ဦးသည် ဝိညာဉ်တော်အားဖြင့် သခင်ဘုရားနှင့်အတူ ဆက်နွယ်၍ ရှင်သန်လှုပ်ရှားအသက်ရှင်တတ်၏။

ဘုရားသခင်၏မျက်မှောက်တော်ကို သိရှိနားလည်ခြင်းသည် ကိုယ်တော့်ကို ကြိုဆိုခြင်း စိတ်နလုံး ဖြစ်ပေါ်စေ၍ သူ့ကိုရှာဖွေစေတတ်၏။ သမ္မာကျမ်းစာထဲ၌ 'ကိုယ်တော်ကို ရှာဖွေခြင်း' ဟူ၍ အကြိမ်ပေါင်းစွာ အသုံးပြုခဲ့သည်။ ငါလည်း ဤအကြောင်းကို အကြိမ်ပေါင်းများစွာ ဆင်ခြင် နလုံးသွင်း၍ ၎င်း၏အဓိပ္ပာယ်ဆိုလိုရင်းကို အပြည့်အဝရရှိရန် ကြိုးစားအားထုတ်ခဲ့သည်။

ကိုယ်တော်ကို ရှာဖွေခြင်းသည် ထိုအရပ်၌ ဘုရားသခင်ရှိနေသည် ဟူသောအကြောင်း အရာပေါ်၌ မူတည်ပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကို မမြင်ရသည့်ဖြစ်၍ ယုံကြည်ခြင်းသည်လည်း ထိုထဲမှ ပေါ်လာခြင်းဖြစ်သည်။ "ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်။ အကြောင်းမူကား ဘုရားသခင်ထံ ချဉ်းကပ်သောသူသည် ဘုရားသခင်ရှိတော်မူကြောင်း ကိုလည်းကောင်း၊ ဘုရားသခင်သည် မိမိကို ရှာသောသူတို့အား အကျိုးပေးတော်မူသောအရှင် ဖြစ်ကြောင်းကိုလည်းကောင်း ယုံကြည်ရမည်(ဟေ၊၁၁:၆)။ ယုံကြည်ခြင်းသည် ခရစ်ယာန်တစ်ဦး၏ ကျောရိုးမကြီးဖြစ်၍ ၎င်း၏အသက်ကို ဖော်ထုတ်ပြသသည့် အရေးကြီးသောအပိုင်းဖြစ်သည်။ ယုံကြည်ခြင်းနှင့်အတူ အသက်ရှိ၏။ ယုံကြည်ခြင်း မရှိဘဲလျက် ဝိညာဉ်ရေးရာအသက် မရှိနိုင်ပေ။ ရှင်ဘုရင်ရောဘောင်နှင့်စပ်လျဉ်း၍ ဘုရားသခင်မိန့်ဆိုသည်မှာ "ထာဝရဘုရားကို ရှာလိုသောငှာ မိမိသဘောမချသောကြောင့် ဒုစရိုက်အမှုကို ပြု၏(၆ရာ၊၁၂:၁၄)။

လူတစ်ဦးသည် ဘုရားသခင်ကို ရှာဖွေသောအခါ ဘုရားသခင်ကို နားလည် သဘောပေါက်ခြင်း သက်သက် မဟုတ်ဘဲ ကိုယ်တော် ကိုသိမြင် လို၍ နှစ်သက်စေလိုပါသည်။




ကိုယ်တော်ကို ကျွန်ုပ်တို့ရှာ ဖွေခြင်းသည် သူနှင့်သူ၏အလို တော်ကို သိရှိဖို့ရန်လိုလားခြင်းကို ဖော်ထုတ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကို သိရှိလို၍ သူ၏လမ်းစဉ်များကို သင်ယူလိုကြ၏။ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် ပိုမိုနီးကပ်လို၍ သူပြုသောအမှု၌ ပါဝင်လိုကြ၏။

ကောင်းသောအိမ်ရှင်သည် မိမိ၏ဧည့်သည်ကို ကောင်းစွာပြုစုတတ်၏။ ထိုအချိန်အတွင်း၌ ဧည့်သည်သည် အိမ်ရှင်၏ဘဝအပိုင်းအစဖြစ်လာ၏။ သို့သော် ယုံကြည်သူခရစ်ယာန်တစ်ဦးအဖို့ ဘုရားသခင်နှင့်ကိုယ်တိုင်ဆက်နွယ်ခြင်းသည် မည်သည့်အခါမျှ ဆုံးသည်ဟူ၍မရှိပေ။ ယုံကြည်သူ၏နှလုံးသားထဲသို့ ယေရှုခရစ်တော် ဝင်ရောက်လာသောအခါ သူသည် မိမိ၏အထဲ၌ အထူးဧည့်သည် ရှိနေခြင်း၏ ဆိုလိုရင်းကို စူးစမ်းရှာဖွေလာတော့သည်။

## သင်ခန်းစာ

- ယုံကြည်သူသည် အစပိုင်း၌ မိမိအသက်တာထဲသို့ ယေရှုကို ကြိုဆိုခြင်း သက်သက်မဟုတ်ဘဲ ယခု သူ့အထဲ၌ ရှင်သန်နေသောခရစ်တော်ယေရှုကို နက်နက်နဲနဲ နားလည်သဘောပေါက်ဖို့ရန် သူ့ဘဝတစ်လျှောက်လုံး ဆက်လက်ရှာဖွေလာပါသည်။

- ယုံကြည်ခြင်းသည် ကျွန်ုပ်တို့အား ဘုရားသခင်ပေးတော်မူသေ သောဖြစ်ခြင်းထဲမှဖြစ်ပေါ်လာသည်။ ကြီးထွားလျက်ရှိသောယုံကြည်ခြင်း သည် မိမိတို့အထဲ၌ ဘုရားသခင်ပါရှိခြင်းနှင့် လုပ်ဆောင်ခြင်းကို ကိုယ်စား ပြုခြင်းဖြစ်ပါသည်။

## ကျက်မှတ် ဆင်ခြင်ပါ

- ဟေ၊၁၁:၆
- ယော၊၁:၁၂-၁၃

## တာဝန်ပေးအပ်ခြင်း

- သင့်စိတ်နှလုံးအား ဘုရားသခင် စတင်ဖွင့်ပေးသည့်အတိုင်း သင့်တွေး တောကြံစည်ခြင်းများကို ကိုယ်တော့်ထံသို့ ပြန်လှည့်ပါ။
- ကျမ်းစာထဲ၌ "ဘုရားသခင်ကို ရှာဖွေလော့ဟူသောစကားစုကို ရှာဖွေပါ။ ဤကျမ်းချက်များနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်သို့မဟုတ် ၎င်း၏ အသုံးအနှုန်း နှစ်ခု သုံးခုစသည်ဖြင့် ရေးချပါ။
- သင်ကျော်ဖြတ်ပြီးသော ရက်သတ္တပတ်အကြောင်းကို စဉ်းစားပါ။ သခင် ဘုရားအား မည်သည့် လမ်းစဉ်များဖြင့် ရှာဖွေခဲ့သနည်း။ ၎င်းသည် သင့်အဖို့ အဘယ်မျှလောက် အရေးပါသနည်း။

များများမဟုတ် ..... နည်းနည်းလေးလား.....အများကြီးလား။ ရှင်းပြပါ။

# #၁၁ ကြီးထွားလျက်ရှိသော ယုံကြည်ခြင်း

သခင်ဘုရားအား မိမိတို့ဝန်ခံသည့်လမ်းစဉ်၊ လိုက်လံရှာဖွေသည့်ပုံစံတို့သည် မိမိတို့၏ ခရစ်ယာန်အသက်တာ ကြီးထွားခြင်းအတွက် များစွာအကျိုးရှိ၏။ အရပ်ရှည်ထွက်လာခြင်း၊ ရင့်ကျက်လာခြင်း၊ သန်မာထွားကြိုင်းလာခြင်းတို့သည် ခန္ဓာကိုယ် ကြီးထွားခြင်းကို ရည်ညွှန်းသကဲ့သို့ ဘုရားသခင်အား ဝန်ခံခြင်းနှင့် သူ့ကိုရှာဖွေခြင်းတို့သည် ဝိညာဉ်ပိုင်းဆိုင်ရာ ကြီးထွားခြင်းကို ဖော်ပြ၏။

သခင်ဘုရား၏မျက်မှောက်တော်ကို ရှာဖွေသောယုံကြည်သူများသည် မိမိတို့၏ယုံကြည်ခြင်းကို အားဖြည့်စေကြ၏။ ကိုယ်တော်ကို မရှာဖွေသောသူများသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်သောသူများ မဟုတ်ပေ။ မြင်တွေ့နိုင်သောအရာအားဖြင့် အသက်ရှင်သောသူများသာဖြစ်သည်။ ခရစ်ယာန်များ၌ အရေးပါသောစိန်ခေါ်မှုနှစ်ရပ်ရှိ၏။ ၎င်းတို့မှာ

(၁) တစ်စုံတစ်ဦးသည် ရှုံးနိမ့်သောအခါ သခင်ဘုရားထံတော်သို့ မည်ကဲ့သို့ပြန်လှည့်ရမည်ကို သင်ယူလေ့လာခြင်း

(၂) အရာရာအားလုံး ကောင်းမွန်နေသော်လည်း သခင်ဘုရားကို စဉ်ဆက်မပြတ်လိုက်ခြင်း

အထက်ပါနှစ်ချက်စလုံးအတွက် ယုံကြည်ခြင်းလိုအပ်၏။ ယုံကြည်သူတစ်ဦးသည် မိမိ၏စိတ်နှလုံးကို နှိမ့်ချ၍ စစ်မှန်သောဝန်ခံခြင်းနှင့် ပေါင်းစပ်လိုက်သောအခါ ထိုသူသည် သခင်ဘုရားကို ရှာဖွေသည့် အလျောက် မိမိ၏ယုံကြည်ခြင်းကို သခင်ဘုရား၌ ကျင့်သုံးလာသည်။

ရှင်ဘုရင်ရေဟောင်သည် သူ့ဖခင် ရှောလမုန်နှင့်မတူ၊ သူ၏အုပ်စိုးခြင်းကို ကောင်းကောင်း အစမပြုခဲ့ပေ။ သူသည် ပညာရှိအကြံပေးပုဂ္ဂိုလ်များ၏သဘောထားထက် သူ့မိတ်ဆွေများ၏သဘောထားကို ရယူလက်ခံခဲ့သည်။ နောက်ဆုံး၌ နိုင်ငံတော် နှစ်ခြားကွဲလေ၏။ ရေဟောင်မင်းသည် မိမိနိုင်ငံကို တည်စေ၍ အားကြီးသောအခါ ဣသရေလအမျိုးရှိသမျှနှင့်တကွ ထာဝရဘုရား၏တရားတော်ကို စွန့်ကြ၏ (၆ရာ၊၁၂:၁)။

ဤကျမ်းချက်သည် ရေဟောင်မင်း နန်းစံငါးနှစ်၌ သူ၏သစ္စာမရှိခြင်းကြောင့် ဒုက္ခရင်ဆိုင်ရသည့် အကြောင်းနှင့် ချိတ်ဆက်ထားပါသည်။ သူတို့သည် ထာဝရဘုရားထံ၌ သစ္စာမရှိကြသောကြောင့် (၆ရာ၊၁၂:၂)။ သို့ရာတွင် ရေဟောင်မင်းသည် ထာဝရဘုရားကို ရှာဖွေသောအခါ ထာဝရဘုရားသည်လည်း သူ့ကိုမစီ

ရင်ဘဲနေလေ၏။ ထိုသို့ ရှင်ဘုရင်သည် ကိုယ်ကိုနှိမ့်ချသောအခါ ထာဝရဘုရား သည် သူ့ကို ရှင်းရှင်းမဖျက်ဆီး မည့်အကြောင်း အမျက်တော်ကို လွှဲတော်မူ၏ (၆ရာ၊၁၂:၁၂)။




ဤအခြေခံသဘောတရားအတိုင်း ဘုရားသခင်က သူ့လူမျိုးတို့အပေါ်၌ ကိုင်တွယ်ခြင်းသည် ကျွန်ုပ်တို့အဖို့ သင်ယူရန် အရေးကြီးပါသည်။ ၎င်း သည် မိမိတို့အပေါ်၌ ဘုရား သခင်မည် ကဲ့သို့ ကိုင်တွယ်သည်ကို ပိုမိုလျင်မြန် စွာ ဆုပ်ကိုင်စေ၍ တိုးတက်ခြင်းကို ပါဖြစ်ထွန်းစေ ပါသည်။

## ယုံကြည်ခြင်းဆိုင်ရာ အချက်အလက်များ

ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာ ကောင်းကျိုးချမ်းသာသည် မိမိတို့၏ယုံကြည် ခြင်းအပေါ်၌ အခြေခံသည်။ တနည်းဆိုသော် တကယ့် လိုအပ်သောအချိန်၌ ဘုရားသခင်နှင့်စပ်လျဉ်း၍ မိမိတို့မည်သို့ ယုံကြည်သည်ဟူသော အရာ၌လည်း မူတည်၏။ မိမိတို့၏ယုံကြည်ခြင်းသည် အားကြီးလာသောအခါ မိမိတို့၏ဝိညာဉ် ရေးရာ ကြီးထွားလာ၏။ မိမိတို့၏ဝိညာဉ်ရေးရာ အားနည်းလာသောအခါ ဝိညာဉ်ပိုင်းဆိုင်ရာ ရှုံးနိမ့်ခြင်းနှင့် ရန်းကန်းတတ်ကြ၏။

ကျွန်ုပ်တို့၏ယုံကြည်ခြင်းခွန်အားသည် အတိတ်က မိမိတို့၏မှတ်တမ်း သို့မဟုတ် လက်ရှိပြုနေသောအကောင်းအဆိုး စသည့်တို့အပေါ်၌ မှီခိုအားခြင်း မဟုတ်ပေ။ ရောဗောင်မင်းသည် အကောင်းလုပ်နေချိန်၌ပင် လဲသွားခဲ့ရသည်ကို သတိပြုရမည်။ သူသည် ကျိုးပဲ့ကြေမွသောအခါ ထာဝရဘုရားကို ရှာဖွေခဲ့၏။ ကျွန်ုပ်တို့၏ဝိညာဉ်ပိုင်းဆိုင်ရာ ကောင်းကျိုးချမ်းသာခြင်းသည် ယခုပင်လျှင် ထာဝရဘုရားအား မိမိတို့မည်ကဲ့သို့ တုံ့ပြန်သည်ဟူသောအရာ၌ မူတည်ပါသည်။

အရာရာအားလုံးကောင်းသည်ဟု ယူဆသောအချိန်အခါ၌ ဘာ့ကြောင့် ကျွန်ုပ်တို့ကျရှုံးရသနည်း ဟူသောမေးခွန်းကို ဤအတိုင်းရှင်းလင်းနိုင်၏။ မိမိတို့ သည် ကျိုးပဲ့ကြေမွနေသောကြောင့် အထူးအကူအညီ အတွက် ဘုရားသခင်ထံ အော်ဟစ်နိုင်ပါသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အား ဝိညာဉ်ရေးရာ၌ ရှုံးနိမ့်ခြင်းနှင့် ကင်း လွတ်စေလို၍ ခိုင်ခံ့စွာရပ်တည်စေလိုသည်။ သမ္မာကျမ်းစာက ကျွန်ုပ်တို့အား ယုံကြည်ခြင်း၌ ခိုင်ခံ့ဖို့ရန် အမြဲတိုက်တွန်းနှိုးဆော်၏။ ခိုင်ခံ့သောယုံကြည်ခြင်း သည် စုံစမ်းနှောင့်ယှက်ခြင်းမှာသမျှကို စိုးမိုး၍ ယုံကြည်ခြင်း၌ မည်ကဲ့သို့ခိုင်ခံ့စွာ ရပ်တည်ရမည်ကို သင်ယူတတ်ခြင်းဖြစ်သည်။ ကြီးထွား လျက်ရှိသော မိမိတို့၏

ယုံကြည်ခြင်းသည် ဘုရားသခင်နှင့် သူ၏အလုပ် အရေးကြီးပုံကို ဟုတ် [illegible]း ပြောဆိုဖို့ရန် စေ့စေ့စပ်စပ် ပူးတွဲထားသည်ဖြစ်၍ ၎င်းက မိမိတို့၏ ဆုံးဖြတ်ချက်များကို ပုံသွင်းမည်ဖြစ်ပါသည်။ ဝိညာဉ်ပိုင်းဆိုင်ရာ အားနည်းခြင်းသည် ယုံကြည်မှု ကင်းမဲ့သောကြောင့်ဖြစ်သည်။

ဤပုံ၌ တွေ့မြင်ရသည့် ပြောင်းလဲမှုများနှင့် အခွင့်အလမ်းများသည် မိမိတို့၏စိတ်နှလုံး၌ မသိမသာဖြစ်ပျက်လေ၏။ နောက်တစ်ခန်း၌ ဘုရားသခင်အားဖြင့် အောင်မြင်လျက်ရှိသော အသက်တာဟုဆိုရာ၌ ကြီးထွားလျက်ရှိသော အနေအထား တချို့၌ မှီခိုအားထားကြောင်းကို ပိုမိုကောင်းမွန်စွာ နားလည်ပါလိမ့်မည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား သူနှင့် ပို၍ပို၍ နီးကပ်စေရန် ပတ်ဝန်းကျင်အားဖြင့် မောင်းနှင်တတ်၏။

## သင်ခန်းစာ

- ဝိညာဉ်ရေးရာ ကြီးထွားခြင်းသည် ဘုရားသခင်ထံတော်၌ မိမိတို့၏ ယုံကြည်ခြင်း သို့မဟုတ် ကိုးစားခြင်းကို ကျင့်သုံးခြင်းမှတဆင့် ပေါ်ပေါက်လာသည်။
- ဝိညာဉ်ရေးရာရှုံးနိမ့်ခြင်းသည် ဘုရားသခင်၏လမ်းစဉ် အရေးကြီးကြောင်း သို့မဟုတ် အကောင်းဆုံး ဖြစ်ကြောင်းကို ရိုးရိုးသားသား မယုံကြည်ခြင်း၏ အကျိုးဆက် ဖြစ်သည်။

## ကျက်မှတ် ဆင်ခြင်ပါ

- ဖိရော၊ ၂:၁၂
- ဖိရော၊ ၂:၁-၁၄

## တာဝန်ပေးအပ်ခြင်း

- ဘုရားသခင်၌ သင့်ယုံကြည်ခြင်းကို ဖော်ပြပါ။ သင့်အသက်တာ၌ ဘုရားသခင်သည် အရေးကြီးကြောင်း သင်မည်ကဲ့သို့ ထင်မြင်ယူဆရသည်ကို စကေး ဂ- ၁ဂ ဖြင့်တိုင်းတာပြပါ။
- သင်လဲသွားရသည့်အချိန်ကို စဉ်းစားကြည့်ပါ။ ထိုအချိန်၌ သင့်သံသယကို ဖော်ပြပါ။ သင်သည် ဘုရားသခင်၏ရှုထောင့် သို့မဟုတ် သူ၏လမ်းစဉ်များကို သံသယရှိနေသလား။

# #၁၂ ကျွန်ုပ်တို့အသက်တာ၏ပန်းတိုင်များ

စွမ်းအင်မှန်သမျှ၌ ဦးတည်ချက်ရှိ၍ ခွန်အားရှိ၏။ ဥပမာ လေသည် အရှေ့မြောက်ဘက်ကို ဦးတည်လျက် တစ်နာရီမိုင် ၆၀ နှုန်းဖြင့် တိုက်ခတ်နိုင်ပါသည်။ ၎င်းသည် အားပြင်းသောလေဖြစ်နိုင်သည်။

ကျွန်ုပ်တို့အသက်၏စွမ်းအားသည် ထို့အတူဖြစ်သည်။ မိမိတို့၏ခန္ဓာကိုယ်သည် ထိုအသက်၏ စွမ်းအားကြောင့် ကြီးထွား၍ ဤမြေကြီးပေါ်၌ မိမိတို့ကိုလုပ်ဆောင်စေနိုင်ခြင်းလည်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဘားစ်ကားများ ရှုပ်ထွေးနေသော်လည်း အချင်းချင်းဆဲလ်ဖုန်းများဖြင့် စကားပြောဆိုနိုင်ကြ၏။ ဝိညာဉ်ပိုင်းဆိုင်ရာအသက်၏စွမ်းအားသည် မိမိတို့၏ခန္ဓာပိုင်းဆိုင်ရာ အသက်ရှင်ခြင်းများကို စေ့စေ့စပ်စပ် အားသွင်းပေးသည်။ ထိုဝိညာဉ်ပိုင်းဆိုင်ရာအသက်သည် အဓိကအားဖြင့် မိမိတို့၏ခန္ဓာပိုင်းဆိုင်ရာ ကိုယ်ထည်နှင့်စိတ်နှလုံးမှတဆင့် လုပ်ဆောင်သော်လည်း ၎င်း၌ ၎င်း၏ကိုယ်ပိုင် တန်ခိုးနှင့်ရည်ရွယ်ချက်ရှိ၏။

ကျွန်ုပ်တို့ကြီးထွားဖို့ရန် ဤဝိညာဉ်ပိုင်းဆိုင်ရာ အသက်တာ၏ဦးတည်ချက်နှင့်ပန်းတိုင်များကို ပိုမိုကောင်းမွန်စွာသိမြင်ဖို့ လိုအပ်သည်။ ကျွန်ုပ်တို့အသက်တာ၏ပန်းတိုင်များကို တန်ပြန်လုပ်ဆောင်မည့်အစား ၎င်းတို့နှင့်အတူ လုပ်ဆောင်သင့်သည်။ ကျွန်တော်သည် Chicago မြို့လမ်းမပေါ်၌ လေထန်သောနေ့များ၌ ကြိုးစားအားထုတ်လျက် လျှောက်လှမ်းခဲ့ဖူးသည်။ လေသည် ငါ့ကိုယ်ပေါ် အရှိန်ပြင်းပြင်း တိုက်ခတ်လျက်နေ၏။ တစ်ဘက်မှာ ငါ့နောက်မှ လေပြင်းအရှိန ်ကြောင့် ငါသည် စက်ဘီးခြေနင်း နင်းစရာမလိုဘဲ အလိုလိုရှေ့ကို လှိမ့်သွားလျက ်နေလေ၏။

## ကျွန်ုပ်တို့၏အသိတရားကို ကျယ်ပြန့်စေခြင်း




အသိတရားသည် မိမိတို့၏ ဝိညာဉ်ရေးရာ ကြီးထွားခြင်း၌ အဓိကသော့ချက်ဖြစ်ပါသည်။ အကယ်၍ ကျွန်ုပ်တို့သည် မိမိတို့၏အသက်တာထဲ၌ ဘုရားသခင်လုပ်ဆောင်နေသောအရာကို သိရှိနားလည်လျက် ပေါင်းစပ်ကာ ၎င်း၌ မိမိတို့၏ လိုအင်ဆန္ဒကို ဆက်ကပ်နိုင် ပါ က မိမိတို့၏ခရစ်ယာန် အသက်တာ ထဲ၌ များသောအားဖြင့် ဝိညာဉ်ပိုင်းဆိုင်ရာ ရုန်းကန်လှုပ်ရှားမှုများသည် ကွယ်ပျောက်သွားပါလိမ့်မည်။

များစွာသောယုံကြည်သူများသည် မိမိတို့အဖို့ ဘုရားသခင်ချပေးသော ပန်းတိုင်များကို မသိဘဲနေတတ်ကြ၏။ အချို့တို့သည် သဘာဝအလျောက် ဖြစ်တတ်ပါသည်။ ကျွန်ုပ်တို့သည် မိမိတို့၏မျက်စိများကို လမ်းမပေါ်သို့ စူးစားကြည့်သောအခါ ဝိညာဉ်ရေးရာနှင့်ဆိုင်သော အရာများကိုမတွေ့မြင်တတ်ပေ။ လူများ၊ ကားများ၊ သစ်ပင်များ၊ လမ်းဘေးလမ်းလျှောက်နေသူများကိုသာ တွေ့မြင်၍ ကောင်းကင်တမန်များနှင့် နတ်ဆိုးများကို မတွေ့မြင်တတ်ပေ။ လေကဲ့သို့သော ဘုရားသခင်၏ဝိညာဉ်တော်ကို သင့်မျက်စိဖြင့် မမြင်နိုင်ပေ။ ဤရုပ်လောက၌ မည်ကဲ့သို့ အကျိုးသက်ရောက်မှု ပြုသည်ကိုသာ တွေ့မြင်တတ်ကြ၏။

ဝိညာဉ်ရေးရာလောကကို တွေ့မြင်နိုင်ဖို့ရန် ဧလိရှဲကျွန်၏မျက်စိကို ဖွင့်ပေးဖို့ဖြစ်လာသည်။ "အို ထာဝရဘုရား ဤသူသည် မြင်နိုင်မည်အကြောင်း သူ၏မျက်စိကို ဖွင့်တော်မူပါဟု ဆုတောင်းသည်အတိုင်း ထာဝရဘုရားသည် ထိုလုလင်၏မျက်စိကို ဖွင့်တော်မူသဖြင့် ဧလိရှဲပတ်လည်၌ တတောင်လုံးသည် မီးမြင်း၊ မီးရထားနှင့်ပြည့်သည်ကို မြင်လေ၏" (၄ရာ၊၆:၁၇)။

ဘုရားသခင်၏နှုတ်ကပတ်တော်ကို လေ့လာခြင်းအားဖြင့် ဝိညာဉ်ရေးရာလောကကို စတင်ခံစားနိုင်သည်။ ဥပမာ ဘုရားသခင်၏သားသမီး အသီးသီး အပေါ်၌ အနည်းဆုံးကောင်းကင်တမန်တစ်ပါးစီ စောင့်ထိန်းလျက်ရှိကြောင်း ဟေဗြဲစာအုပ်ထဲမှ ကျွန်ုပ်တို့သိရှိနိုင်ပါသည် (ဟေ၊၁:၁၄)။

## တိုက်ခတ်လျက်ရှိသောလေ

ဘုရားသခင်၏နှုတ်ကပတ်သည် ဤအကြောင်းအရာ အသေးစိတ်နှင့် စပ်လျဉ်း၍ များများမပြောသော်လည်း ၎င်းက အခြေခံလိုအပ်ချက်များကို မီးမောင်းထိုးပြသည်။ ထိုသို့ဆိုရာတွင် ဝိညာဉ်တော်သည် မိမိတို့အထဲ၌ ဝိညာဉ်ပိုင်းဆိုင်ရာ အသက်၏စွမ်းအားအားဖြင့် လုပ်ဆောင်လျက်ရှိ၏။ ပေါလုသည် ယုံကြည်သူများအတွက် ဤပန်းတိုင်ကို ဖော်ပြပေးခဲ့သည်။ "ငါတို့သည် လူတိုင်းကို ခရစ်တော်၌ စုံလင်ရင့်ကျက်သောသူအဖြစ် ဆက်သနိုင်ရန် လူတိုင်းကို သတိပေး ဆုံးမကာ ဉာဏ်ပညာရှိသမျှတို့ဖြင့် လူတိုင်းကို သွင်သင်လျက် ထိုသခင်၏ အကြောင်းကို ဟောပြောကြ၏(ကော၊၁:၂၈)။

ပေတရုက နည်းနည်း တမူထူးခြားစွာပြောဆို၏။ "သင်တို့ကို ခေါ်ယူတော်မူသောအရှင်သည် သန့်ရှင်းတော်မူသည့်နည်းတူ သင်တို့ကိုယ်တိုင်လည်း အသက်ရှင်နေထိုင်မှုရှိသမျှတို့၌ သန့်ရှင်းခြင်း ရှိကြလော့။ အဘယ့်ကြောင့်ဆိုသော် ငါသည် သန့်ရှင်းသောကြောင့် သင်တို့သည် သန့်ရှင်းခြင်း ရှိကြရမည်ဟုရေးထား၏ (၁ပေ၊၁:၁၅-၁၆)။

'ခရစ်တော်၌ ပြည့်စုံခြင်း' နှင့် 'သန့်ရှင်းခြင်းတို့သည် မိမတုံအသက တာ၌ လှုပ်ရှားတိုက်ခတ်နေသော လေတည်းဟူသော ဝိညာဉ်ပိုင်းဆိုင်ရာ အသက် ၏ဦးတည်ချက် လမ်းစဉ်နှစ်မျိုးကို တင်ဆက်ခြင်းဖြစ်ပါသည်။

ဝိညာဉ်ပိုင်းဆိုင်ရာအသက်၏စွမ်းအားကို ပိုမိုကောင်းမွန်စွာ နားလည်ဖို့ရန် ခန္ဓာပိုင်းဆိုင်ရာ အသက်၏စွမ်းအားနှင့် နှိုင်းယှဉ်အသုံးပြုခြင်းဖြစ်သည်။ အမှန်မှာ ထိုထက်မက ကျယ်ပြန့်၏။ ခရစ်တော်သည် မိမိ၏နှုတ်ကပတ်တော်အားဖြင့် ခန္ဓာနှင့်ဆိုင်သောအသက်ကို ထိန်းထားသကဲ့သို့ ခရစ်တော်သည် ဝိညာဉ်တော် အားဖြင့် မိမိတို့အထဲ၌ရှိသော အသက်၏စွမ်းအားကို ပြင်ဆင်ပေးခြင်းဖြစ်သည် (ယော၁၄:၁၅-၁၇)။

ကျွန်ုပ်တို့ယုံကြည်သူများထဲ၌ ရင်ဆိုင်နေရသည့်ပြဿနာများထဲမှ တစ်ခု မှာ ခန္ဓာပိုင်းဆိုင်ရာအသက်နှင့် ဝိညာဉ်ပိုင်းဆိုင်းရာအသက်သည် ဖြစ်ချင်တိုင်း ဖြစ်သည်ဟု ယူဆခြင်းပင်ဖြစ်သည်။ ထိုသို့ ယူဆခြင်းမှာ မမှန်ကန်ပါ။ ဘုရားသခင် ၏စွမ်းအားသည် သူ၏အလိုတော်ကို ပြည့်စုံစေဖို့ရန် မိမိတို့အထဲ၌ လုပ်ဆောင် လျက်နေ၏။ ၎င်းသည် အယောက်စီတိုင်းနှင့် ဖန်ဆင်းခံ အားလုံးအတွက် မှန်ကန်၏။ အရာရာ အားလုံးသည် ဘုရားသခင်၏ဘုန်းတော်အတွက် ဖန်ဆင်းခြင်း ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော်ကို ယုံကြည်သောသူတို့ အား ဝိညာဉ်ပိုင်းဆိုင်ရာအသက်ကို ပေးသနားတော်မူ၏။

ငါသည်လည်း ခမည်းတော်ကို တောင်းလျှောက်သဖြင့် ခမည်းတော်သည် အခြားသော ကူညီမစသူတစ်ပါးကို သင်တို့နှင့်အတူ ကာလ အစဉ်အဆက်ရှိစေရန် သင်တို့အား ပေးတော်မူမည်။ ထိုအရှင်မှာ သမ္မာတရား၏ဝိညာဉ်တော်ဖြစ်၏။ ဤလောကသည် ထိုအရှင်ကို မြင်လည်းမမြင်၊ သိလည်းမသိသောကြောင့် ထိုအရှင်ကို မခံယူမရရှိနိုင်။ သို့သော် ထိုအရှင်သည် သင်တို့နှင့်အတူ တည်နေ၍ သင်တို့၌ ရှိနေမည်ဖြစ်သောကြောင့် သင်တို့သည် ထိုအရှင်ကိုသိကြ၏ (ယော၁၄:၁၆-၁၇)။

ဘုရားသခင်သည် ကျနော်တို့၏ဝိညာဉ်ပိုင်းဆိုင်ရာ နားလည်သဘော ပေါက်ခြင်းကို တန်ခိုးဖြည့်ပေး၍ ကျနော်တို့နှင့်ပေါင်းစပ်နိုင်ဖို့ရန် ကျနော်တို့ အထဲ၌ အသက်ရှင်လှုပ်ရှားလျက်နေ၏။ သို့မှသာ ကျနော်တို့ အသက်တာအားဖြင့် သူ၏ဘုန်းနှင့်ပြည့်စုံသောရည်ရွယ်ချက်များကို သူနှင့်အတူ ပြီးပြည့်စုံ စေနိုင်မည် ဖြစ်သည်။

## သင်ခန်းစာ

- ဝိညာဉ်ပိုင်းဆိုင်ရာ အသက်၏စွမ်းအားသည် ခန္ဓာပိုင်းဆိုင်ရာ အသက်၏ စွမ်းအားနှင့် အလားသဏ္ဍာန်တူ၍ ကျွန်ုပ်တို့လူသား၏ခန္ဓာကိုယ်ကို မောင်းနှင်းလျက်နေ၏။

- ဝိညာဉ်ပိုင်းဆိုင်ရာ အသက်၏စွမ်းအားသည် မိမိတို့၏အသက်တာထဲ၌ လုပ်ဆောင်နေသကဲ့သို့ ခရစ်တော်သည်လည်း သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် မိမိတို့အထဲ၌ လုပ်ဆောင်လျက်နေ၏။
- ကျနော်တို့၏လိုအင်ဆန္ဒသည် ဘုရားသခင်၏အလိုတော် လုပ်ဆောင်ခြင်းနှင့်အတူ ပေါင်းစပ်လိုက်သောအခါ မိမိတို့၏ခန္ဓာပိုင်းဆိုင်ရာနှင့် ဝိညာဉ်ပိုင်းဆိုင်ရာနှစ်ခုစလုံးသည် ရှင်သန်လာ၍ မိမိတို့၏ဝိညာဉ်ပိုင်းဆိုင်ရာအသက်ရှင်မှုသည် ပိုမိုလွယ်ကူစေပါ၏။

## ကျက်မှတ် ဆင်ခြင်ပါ

- ၁ပေ၊ ၁:၁၅-၁၆
- ယော၊၁၄:၁၆-၁၇

## တာဝန်ပေးအပ်ခြင်း

- ဘုရားသခင်သည် သင်၌ သူ၏ရည်ရွယ်ချက်ကို ပြီးပြည့်စုံစေဖို့ရန် သန့်ရှင်းသောဝိညာဉ်တော်ကို အသုံးပြုလျက်နေသည်ကို သင်စဉ်းစားဖူးပါသလား။ ရှင်းပြပါ။
- ကော၊၁:၂၈ နှင့် ၁ပေ၊ ၁:၁၅-၁၆ အရ၊ သင့်အထဲ၌ ဝိညာဉ်ပိုင်းဆိုင်ရာ အသက်၏စွမ်းအားအားဖြင့် ဘုရားသခင်လုပ်ဆောင်ရန် ရည်ရွယ်သည့်အရာကို သင်မည်သို့ပြောဆိုမည်နည်း။ သင်နှင့် ဘယ်လောက်ဝေးပါသနည်း။

# #၁၃ ဦးတည်ချက်ကို ရှာဖွေခြင်း

ဘုရားသခင်သည် ကျွန်ုပ်တို့အား ခရစ်တော်နှင့်တူအောင် မိမိတို့အထဲ၌ တက်တက်ကြွကြွ ရှင်သန်လှုပ်ရှားတော်မူ၏။ ထိုအရာသည် အံ့သြဖွယ်သမ္မာတရား ဖြစ်သော်လည်း မိမိတို့မူကား ကမောက်ကမ ဖြစ်နိုင်သေး၏။ (နတ်ဆိုးသည် မိမိတို့အား ပို၍ရှုပ်ထွေးစေရန် လှုပ်ရှားလျက်နေ၏)။ ယုံကြည်သူများက ခရစ်တော်နှင့်တူသောအသက်တာသည် မည်သို့နည်းဟူ၍ ရှုပ်ထွေးလာနိုင်သည် သို့မဟုတ် ၎င်းသည် မဖြစ်နိုင်ဟူ၍ ဆိုနိုင်ပါသည်။




သူတို့သည် ဝိညာဉ်ပိုင်းဆိုင်ရာ ရန်းကန်လှုပ်ရှားမှုမျိုးစုံနှင့် တွေ့ကြုံ၍ ထိုအမှုတို့အား မည်ကဲ့သို့ကျော်လွှားရမည်ကိုမသိရှိကြပေ။ ဖြစ်နိုင်ချေမှာ ဤယုံကြည်သူများက ကိုယ်တိုင်ဆက်နွယ်မှုများကို မည်ကဲ့သို့ မှန်ကန်စွာ ကိုင်တွယ်ရမည်ကို မသိရှိခြင်းဖြစ်နိုင်သည်။ ထိုသူတို့သည် သူတစ်ပါးအပေါ်၌ ခါးသီး၍ စိတ်မကောင်းဖြစ်ကြ၏။

ကျွန်ုပ်တို့သည် ကလေးငယ် တစ်ဦးကို တွေ့မြင်သောအခါ သူ့ကို အရွယ်ရောက်ပြီးသောသူများနှင့် ရောနှောရန် စိတ်ကူးမရှိကြပေ။ ထိုသို့ စိတ်ကူးမိပါက မိုက်မဲရာရောက်ပါလိမ့်မည်။ ကလေးငယ်တို့သည် မိမိတို့ဟာမိမိတို့ မစားတတ်သေးပါ။ ထိုသို့ စားတတ်ဖို့ရန် အချိန်ရောက်လာ ပါလိမ့်မည်။ ဝိညာဉ်ပိုင်းဆိုင်ရာ အသက်လည်း ထို့အတူ ဖြစ်ပါသည်။

ယောဟန်က ဝိညာဉ်ပိုင်းဆိုင်ရာ အသက်၏တည်ရှိမှုနှင့်အနှစ်သာရတို့ကို ကျွန်ုပ်တို့အား နားလည်စေရန် ခန္ဓာပိုင်းဆိုင်ရာ အသက်ကို အလားသဏ္ဌာန်တူသည့် ပုံစံအဖြစ် အသုံးပြုခဲ့သည် (ယောဟန် အခန်းကြီး ၁၊၃၊၅ တို့၌ ဆွေးနွေးပြီး ဖြစ်သည်)။ ယောဟန်သည် မိမိတို့၏ဝိညာဉ် ပိုင်းဆိုင်ရာအသက်တာများ၏ကြီးထွားဖွံ့ဖြိုးမှုကို ရှင်းလင်းစေရန် အခြား အထောက်အကူ ပြုသည့်အရာကို ပြင်ဆင်ပေးခဲ့သည်။

လူသားတို့၏ဝိညာဉ်ပိုင်းဆိုင်ရာအသက်သည် လူသားတို့၏ခန္ဓာပိုင်းဆိုင်ရာအသက်ကဲ့သို့ပင် ကြီးထွားသည်။ ထိုနှစ်ခုကြား၌ ခြားနားချက်ရှိသည်မှန်သော်လည်း ခြုံငုံလိုက်ရင် ဆင်တူမှုများရှိ၍ ၎င်းက မတူညီသောခရစ်ယာန်

အသက်တာ အဆင့်ဆင့်၌ မိမိတို့၏ဝိညာဉ်ပိုင်းဆိုင်ရာ အသက်၏ကြီးထွားဖွံ့ဖြိုးမှုကို ကြီးမားစွာ ထိုးထွင်းသိမြင်စေနိုင်သည်။ ကျွန်တော်လည်း တချို့သောကဏ္ဍ၌ ဝိညာဉ်ပိုင်းဆိုင်ရာ အခက်ခဲရှိသောအခါ ဤအလားသဏ္ဍာန်တူသည့် နှိုင်းယှဉ်ချက်က များစွာအထောက်အကူဖြစ်စေပါသည်။

၁ယော၊ ၂:၁၂-၁၄ က ဝိညာဉ်ပိုင်းဆိုင်ရာ အသက်၏အဆင့်သုံးဆင့်ကို ကျွန်ုပ်တို့အား နားလည်စေရန် အဓိကသော့ချက်ကို ပြင်ဆင်ပေးထားပါသည်။ ဤဝိညာဉ်ပိုင်းဆိုင်ရာ အသက်၏အဆင့်သုံးဆင့်သည် ရိုးရှင်းသော်လည်း မိမိတို့အဖို့ ထိုဖြစ်စဉ်သည် အလွန်နက်နဲလှပါသည်။ မည်သည့်အရာသည် ယခင်က မထင်မရှားဖြစ်၍ ယခုလက်တွေ့ဖြစ်လာကာ ရှင်းလင်းပါသနည်း။

## ၁ယော၊ ၂:၁၂-၁၄

သားသမီးတို့၊ သင်တို့သည် ကိုယ်တော်၏နာမတော်အားဖြင့် အပြစ်များ ခွင့်လွှတ်ခြင်းခံရပြီ ဖြစ်သောကြောင့် သင်တို့ထံ ငါရေးလိုက်၏။ ဖခင်တို့၊ သင်တို့သည် အစအဦးကပင် ရှိတော်မူသောအရှင်ကို သိကြသောကြောင့် သင်တို့ထံ ငါရေးလိုက်၏။ လူငယ်လူရွယ်တို့၊ သင်တို့သည် မကောင်းသောအရာကို အောင်နိုင်ခဲ့ကြသောကြောင့် သင်တို့ထံ ငါရေးလိုက်၏။ သားသမီးတို့သည် ခမည်းတော်ကို သိကြသောကြောင့် သင်တို့ထံ ငါရေးလိုက်၏။ ဖခင်တို့၊ သင်တို့သည် အစအဦးကပင် ရှိတော်မူသောအရှင်ကို သိကြသောကြောင့် သင်တို့ထံ ငါရေးလိုက်၏။ လူငယ်လူရွယ်တို့၊ သင်တို့သည် ခွန်အားနှင့် ပြည့်စုံ၍ ဘုရားသခင်၏နှုတ်ကပတ်တော်သည် သင်တို့၌တည်သဖြင့် မကောင်းသောအရာကို သင်တို့အောင်နိုင်ခဲ့ကြသောကြောင့် သင်တို့ထံ ငါရေးလိုက်၏။


သားသမီးတို့၊ လူငယ်လူရွယ်တို့၊ ဖခင်တို့ ဟူသောစကားလုံးတို့သည် ရင်းနှီးသောစကားလုံးများဖြစ်၍ ကောင်းသောဥပမာများဖြစ်သည်။ လူတို့က ဤအကြောင်းနှင့်စပ်လျဉ်း၍ ခန္ဓာပိုင်းဆိုင်ရာ ကြီးထွားဖွံ့ဖြိုးမှုနှင့် အသက်အရွယ်ကို အလေးထားသောကြောင့် ဝိညာဉ်ပိုင်းဆိုင်ရာကြီးထွားခြင်းအား တကယ်လက်တွေ့ကျစေ ပါသလားဟူ၍ ငါ့ကိုမေးမြန်းဖူးသည်။ ယောဟန်၏ဖော်ပြချက်ကို စေ့စေ့စပ်စပ် ကြည့်ရှုလေ့လာပါက ခန္ဓာပိုင်းဆိုင်ရာများထက် ဝိညာဉ်ပိုင်းဆိုင်ရာ ဝိသေသများကို ရည်ညွှန်းပြောဆိုပါသည်။ “မကောင်းသော အရာကို သင်တို့အောင်နိုင်ခဲ့ကြ” နှင့်” နှုတ်ကပတ်တော်သည် သင်တို့၌တည်သဖြင့်” ဟူသောစကားစုတို့သည် ခန္ဓာပိုင်းဆိုင်ရာအသက်ကို မဆိုလိုဘဲ ဝိညာဉ်ပိုင်းဆိုင်ရာ အသက်ကို ဆိုလိုခြင်းဖြစ်သည်။

## အဆင့်သုံးဆင့်သာ

ကြီးထွားဖွံ့ဖြိုးမှုပိုင်းဆိုင်ရာ၏နယ်ပယ်များ၌ ခန္ဓာပိုင်းဆိုင်ရာ ကြီးထွားဖွံ့ဖြိုးမှုနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့များစွာ လေ့လာသင်ယူခဲ့ဖူးသည်။ ဤကြီးထွား

ဖွံ့ဖြိုးမှု၏နယ်ပယ်သုံးခုကို အကျဉ်းချုပ် ဖော်ပြမည် ဖြစ်သော်လည်း ဦးတည်ချက်သည် ဝိညာဉ်ပိုင်းဆိုင်ရာအသက်တာတစ်ခုလုံးအဖြစ် သင့်တော်စေရန်ဖြစ်သည်။

ဝိညာဉ်ပိုင်းဆိုင်ရာ အသက်စွမ်းအင်သည် သန့်ရှင်း သောဝိညာဉ်တော်အားဖြင့် မောင်းနှင်ခြင်းခံ၍ ယေရှုခရစ်တော်၏နောက်လိုက် များကိုပါ ခရစ်တော်နှင့်သဏ္ဌာန်တူသည့်အထိ မရပ်မနားမောင်းနှင်လေ၏။ ဤအဆင့်သုံးဆင့်သည် တစ်ဆင့်ချင်းစီ၌ ဖြစ်သင့်သောအရာများကို ရှင်းလင်းစေ၏။ ဤသို့သောကြီးထွားခြင်းကို ဖြစ်မြောက်အောင် ဆောင်ရွက်ပါက




ယုံကြည်သူများသည် ခိုင်ခံ့လာပါလိမ့်မည်။ မိမိတို့ကိုယ်တိုင်၏ကြီးထွားခြင်းအတွက်ဖြစ်စေ၊ အခြားယုံကြည် သူများ၏ကြီးထွားခြင်း အတွက်ဖြစ်စေ မည်သည့်အချိန်၊ မည်သည့်နေရာ၌ မိမိတို့၏တာဝန်များကို လျစ်လျူရှု၍ ယုံကြည်ခြင်းအားယုတ်ခဲ့သနည်း။

ယနေ့မိမိတို့၏အသင်းတော်များကို ကြည့်ရှုသောအခါ ထိုအသင်းတော်များ၌ မရေရာသောအရာများ၊ ရည်ရွယ်ချက်ကင်းမဲ့နေမှုများအတွက် ဘုရားသခင်၏နှုတ်ကပတ်တော် သို့မဟုတ် ဘုရားသခင်ကို အပြစ်မတင်သင့်ပေ။ အသင်းတော်အနေဖြင့် တပည့်တော်မွေးထုတ်ရန် တာဝန်များကို မေ့လျော့ပျက်ကွက်လျက်နေသည်။ ကျွန်ုပ်တို့မျှော်လင့်ချက်ကား မိမိတို့သည် ခရစ်တော်နှင့်သဏ္ဌာန်တူခြင်း၌ လေးနက်မှုရှိလာ၍ သူ၏မိန့်တော်မူချက်များကို နာခံသောအခါ အသင်းတော်သည် ခိုင်ခံ့လာမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ယေရှုနောက်လိုက်များကဲ့သို့ သူ၏မေတ္တာ၌ သူ၏အလုပ်ကို ထမ်းဆောင်သွားရပါမည်။

ကျွန်ုပ်တို့မိသားစုများ၌ရှိသော ကြီးထွားခြင်းပုံရိပ်လေးကို အသုံးပြုခြင်းအားဖြင့် မိမိတို့အား သွန်သင်ရမည့်အကြောင်း ဘုရားသခင်သည် ဤကြီးထွားဖွံ့ဖြိုးမှုလမ်းစဉ်ကို စွဲမြဲစေရန် ရွေးချယ်ခြင်း ဖြစ်သည်။ နောက်အခန်းများတွင် ယုံကြည်သူများမှစ၍ မိမိတို့ကိုယ်တိုင်နှင့်အခြားသူများ ကြီးထွားခြင်း၌ အထောက်အကူဖြစ်စေရန် ထိုအဆင့်နှင့်ဆိုင်လမ်းစဉ်ကို မီးမောင်းထိုးပေးပါမည်။

## သင်ခန်းစာ

- ယုံကြည်သူများ၏ဝိညာဉ်ပိုင်းဆိုင်ရာ ကြီးထွားဖွံ့ဖြိုးမှုသည် လူသားတို့၏ခန္ဓာပိုင်းဆိုင်ရာ ကြီးထွား ဖွံ့ဖြိုးမှုနှင့်တူညီမှုများစွာရှိ၏။

- အသင်းတော်၌ရှိသော အားနည်းချက်ကို တန်ခိုးမဲ့သောဧဝံဂေလိတရား သို့မဟုတ် တန်ခိုးမဲ့သော ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် မည်သို မျှမပြုနိုင်ပေ။
- ဝိညာဉ်ပိုင်းဆိုင်ရာ ကြီးထွားဖွံ့ဖြိုးမှု သုံးမျိုးရှိ၏။ ၎င်းတို့မှာ အသစ်သော ယုံကြည်သူများ (သားသမီးများ)၊ လူငယ်ယုံကြည်သူများ (လူငယ်လူရွယ် များ)၊ ရင့်ကျက်သောယုံကြည်သူများ (ဖခင်များ) ဟူ၍ဖြစ်သည်။

## ကျက်မှတ် ဆင်ခြင်ပါ

- ၁ ယော၊၂း၁၂-၁၄

## တာဝန်ပေးအပ်ခြင်း

- ၁ယော၊၂း၁၂-၁၄ ကိုလေ့လာပါ။ ထိုအဖွဲ့သုံးဖွဲ့၌ သင်ဘာကိုတွေ့မြင် သနည်း။ ခန္ဓာပိုင်းဆိုင်ရာနှင့် ဝိညာဉ်ပိုင်းဆိုင်ရာနှစ်ခုစလုံးမှ အဆင့်တစ် ခုစီအတွက် ခြားနားချက်တစ်ခုကို မီးမောင်းထိုးပြပါ။
- ယောဟန်က ၎င်းတို့ကို မည်သို့သောအစီအစဉ်ဖြင့် ဆွေးနွေးပါသနည်း။
- သင်သည် တပည့်တော်ပြုခြင်းခံသောသူ တစ်ဦးတစ်ယောက်ကို သိပါသ လား။ မသိပါက၊ ၎င်းသည် ကိစ္စတစ်ရပ်ဟု ယူဆပါသလား။

# #၁၄ သိချင်စိတ်ပြင်းပြခြင်း

ယုံကြည်သူများသည် ဤအဆင့်သုံးဆင့်အကြောင်းကိုကြား၍ ၎င်း၌ အဆင့်လေးဆင့်မရှိကြောင်း နားလည်လာသောအခါ သူတို့သည် မည်သည့် အဆင့်နှင့် သင့်တော်မည်နည်းဟူ၍ တွေဝေလျက်နေကြ၏။ ပျော်ပွဲစားထွက်၍ အဖွဲ့လိုက် ဓာတ်ပုံပြသခြင်းနှင့်တူ၏။ ကျွန်ုပ်တို့၏မျက်စိသည် အဲဒီထဲက မိမိတို့၏ ဓာတ်ပုံကို ရှာဖွေကြ၏။ ငါ့ပုံကော ပါရဲ့လား။ ငါဘယ်လိုနေသလဲ။

ခရစ်ယာန်တို့သည် မိမိတို့အသက်တာများနှင့်စပ်လျဉ်း၍ သိလိုစိတ်ပြင်း ပြ၍ သူတို့မည်သည့် အတိုင်းအတာထိ ရောက်နေပြီဖြစ်ကြောင်းကို သိလိုကြ၏။ များစွာသောယုံကြည်သူများသည် ဝိညာဉ်ပိုင်းဆိုင်ရာ ကြီးထွားဖွံ့ဖြိုးမှု၏အဆင့် အတန်းများအကြောင်းကို မကြားဖူးကြပေ။ သို့ဖြစ်၍ နွေးရုံမျှသာရှိသော ယုံကြည် ခြင်းကို ပိုင်ဆိုင်သောသူတို့၌ ၎င်းသည် တချို့သော စိတ်ဝင်စားမှုများကိုပါ မီးပွား လောင်စေတတ်၏။ ယုံကြည်သူတိုင်း အလွယ်တကူနားလည်၍ ပွေ့ဖက်ကာ အခြားသူများအား လက်ဆင့်ကမ်းနိုင်ဖို့ရန် ဘုရားသခင်သည် အသွင်သဏ္ဍာန်တူ သည့်မိသားစုကိုအသုံးပြုခဲ့၏။

အဆင့်အတန်း ဟုဆိုရာတွင် တစ်စုံတစ်ဦးက မိမိကိုယ်ကို သူတစ်ပါးထက် ကြီးမြတ်ကြောင်း၊ သူတစ်ပါးထက် အရေး ကြီးကြောင်း သဘောပေါက်မိသောအခါ အန္တရာယ်ရှိလာ၏။ အခြားသူများအား ဖြောင့်စေရန် လိုအပ်သည် ဟူသည့်အထိ စဉ်းစားလာ၏ (သင်သည် ထိုသို့သောသူ တို့ကို ဝိညာဉ်ပိုင်းဆိုင်ရာ အနိုင်ကျင့်သူ များဟုခေါ်ဆိုနိုင်ပါသည်)။ ဤကား ယော ဟန်၏စိတ်နှလုံး၌ မရည်ရွယ်နိုင်သောအရာဖြစ်၏။




မိမိတို့ကိုယ်ကို အခြားသူများနှင့် နှိုင်းယှဉ်မည့်အစား မိမိတို့၏လုပ်ဆောင် ခြင်းရော မိမိတို့၏သာသနာလုပ်ငန်း၌ပါ ခရစ်တော်နှင့်သဏ္ဍာန်တူခြင်းကို ထင်ဟပ်စေနိုင်သည့် သန့်ရှင်းသောဝိညာဉ်တော်၏အသက်တန်ခိုးအား ဖော်ထုတ် ရန်သာ စူးစမ်းရှာဖွေသင့်သည်။ မိမိတို့၏ဝိညာဉ်ပိုင်းဆိုင်ရာ အသက်တာ၌ ဤမှန် ကန်သောစိတ်ဝင်စားမှုသည် မိမိတို့မည်မျှကြီးထွားပြီ ဟူသောအကြောင်းကို စဉ်းစားရာသို့ပို့ဆောင်ပေး၍ မည်သည့်ကဏ္ဍ၌ ဆက်လက်ရင့်ကျက်ရန် လိုအပ်နေ သေးကြောင်းကိုလည်း သိစေသည်။ မိမိတို့ကိုယ်ကို ကလေးငယ်တစ်ဦးကဲ့သို့ စဉ်းစားကြည့်ပါ။ သူသည် မိမိ၏ဖခင်ကဲ့သို့ ကြီးထွားလာရန် စိတ်ကူးသူဖြစ်သည်။

## ကြီးထွားမှုဆိုင်ရာ ရုပ်ပုံရုံသစ် လိုအပ်၏

များစွာသောယုံကြည်သူတို့သည် ကျန်းမာသန်စွမ်းသော ကြီးထွားခြင်းကို ရှာဖွေမည့်အစား ဝိညာဉ်ရေးရာ၌ ရပ်တန့်လျက်နေကြ၏။ သူတို့သည် မကြီးထွားတော့ပေ။ ထိုသူတို့သည် ဆက်လက် ကြီးထွားရန် မျှော်လင့်ချက်ကိုပင် မသိကြတော့ပေ။ သူတို့၏အသက်တာ ကဏ္ဍတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသောနေရာ၌ ဒုက္ခရောက်နေကြ၏။ သူတို့သည် သူတို့ကိုယ်ကို လက်ရှိမြင်နေသည့်နေရာမှ တစ်စုံတစ်ရာ ထူးခြားစေနိုင်သည့်မျှော်လင့်ချက်ကိုပါ လက်လွှတ်လိုက်ကြ၏။ ထိုနေရာသည် သူတို့ရှိနေရမည့်နေရာဖြစ်သည်ဟု သူတို့ကိုသူတို့ စဉ်းစားကြ၏။

ကြီးထွားလျက်ရှိသော စပျစ်နွယ်ပင်ကဲ့သို့ပင် မိမိတို့လိုရာသို့သွားတတ်ကြ၏။ ကျွန်ုပ်တို့သည် မိမိတို့၏ခရစ်ယာန်အသက်တာ အဆင့်ဆင့်အတွက် ဘုရားသခင်၏တန်ခိုးနှင့်ပြည့်စုံသော အသက်စွမ်းအား နားလည်သဘောပေါက်ခြင်းကို သူ၏အထူးရည်ရွယ်ချက်နှင့်အတူ ပေါင်းစပ်လိုက်သောအခါ မိမိတို့၏ ကြီးထွားဖွံ့ဖြိုးမှု၌ မိမိတို့သည် ရှေ့သို့ တလိမ့်လိမ့်တက်လာနိုင်သည်။

ကျွန်ုပ်တို့၏ခန္ဓာပိုင်းဆိုင်ရာ အသက်ရှင်ခြင်း၌ ကြီးထွားမှု ပန်းထွက်လာသည့်အတိုင်း အရွယ်ရောက်သည့်ဘက်သို့ မောင်းနှင်ပေးသည်။ ထို့အတူ မိမိတို့၏ ဝိညာဉ်ရေးရာအသက်တာ၌ သူ၏သမ္မာတရားကို နားလည်သဘောပေါက်ခြင်းက ယုံကြည်ခြင်းကို တိုးပွားစေ၍ ၎င်းက မိမိတို့အား ဝိညာဉ်ပိုင်းဆိုင်ရာ ကြီးထွားမှုကို ဖြစ်ပေါ်စေတတ်သည်။ မိမိတို့၏ဝိညာဉ်ရေးရာ ကြီးထွားခြင်းကို တည်ဆောက်ပေးသော တွေးတောကြံဆမှုများမှာ အောက်ပါ အတိုင်းဖြစ်သည်။

- သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်အား ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးသည်အထိ ချဉ်းကပ်လျက် နေ၏။ သူသည် ငါ့အပေါ်၌ အရှုံးမပေးပါ။
- ငါလှည့်သွားသည့်လမ်းမှားကား ဘယ်မှာနည်း။
- ဘုရားသခင်သည် ငါ့အဖို့ အကြံအစည်ရှိတော်မူ၏။
- ဘုရားသခင်သည် ငါ့အား ကြီးထွားရင့်ကျက်ဖို့ရန် တပ်ဆင်ပေးတော်မူ၏။
- ငါဘယ်ကို ရောက်နေသနည်း။
- ငါနောက်ထပ် ကြီးထွားရန် ခြေလှမ်းကား အဘယ်နည်း။
- ငါမည်ကဲ့သို့ ပို၍ကြီးထွားနိုင်မည်နည်း။

ဤသည်တို့ကား ဝိညာဉ်ရေးရာအသက်တာအပေါ်၌ ဘုရားသခင်၏နှုတ်ကပတ်တော်ကို မှန်မှန်ကန်ကန် သင်ကြားခြင်းအားဖြင့် အစပြုပေးခဲ့သည့် လက်ခံဖွယ်စဉ်းစားစရာများဖြစ်ပါသည်။ သမ္မာတရားသည် ယုံကြည်သူများအား သူတို့၌ ဘုရားသခင်၏အလုပ်နှင့်ဆိုင်သော ပြန်လည်မီးတောက်လောင်မည့်နေရာဖြစ်သည့် မှန်ကန်သောခြေရာဘက်သို့ ပို့ဆောင်တတ်၏။

## ကြီးထွားလျက်ရှိသော မျှော်လင့်ချက်

သင်ငါ့ကို တကယ်ယေရှုကဲ့သို့ဖြစ်စေချင်ပါသလား။ ငါ့အတွက် လက်တွေ့ကျတဲ့အရာကို နားလည်အောင် သင်တကယ်ကူညီမှာလား။ ထိုနေရာ၌ သင်ငါ့ကို လမ်းပြမှာလား။ ငါ့အတွက် နောက်ခြေလှမ်းကား အဘယ်နည်း။

ဤသို့ တွေးခေါ်စဉ်းစားခြင်းသည် ယုံကြည်ခြင်းကို ဖြစ်ပေါ်စေ၍ ယုံကြည်သူများကို ဝိညာဉ်ရေးရာ၌ ပိုမိုကြီးထွားစေနိုင်ပါသည်။

ထိုသူတို့သည် ယခုဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးခြင်း အကြောင်းကို စဉ်းစား၍ သူတို့ရင်ဆိုင်နေရသောပြဿနာကို အမှုမထားဘဲ သူတို့အဖို့ ဘုရားသခင်ပြင်ဆင်ပေးသည့်ပန်းတိုင်များကို စတင်ရှာဖွေလာကြ၏။ အပြောင်းအလဲအတွက် မျှော်လင့်ချက်လမ်းစပေါ်လာ၍ ၎င်းနှင့်အတူ ယုံကြည်ခြင်း တိုးပွားလာ၏။ သူတို့သည် ဘုရားသခင်၏ကတိတော်များကို ရရှိထားသူများဖြစ်၍ ထိုကတိတော်များက သူတို့ကို အစဉ်ကြီးထွားစေ မည်ဖြစ်ပါသည်။

ယုံကြည်သူတိုင်းသည် တဆင့်ပြီးတဆင့် ဝိညာဉ်ရေးရာ အသက်တာ၏ အဆင့်မျိုးစုံအားဖြင့် စုံလင်သောရင့်ကျက်ခြင်းအဖြစ်သို့ ကြီးထွားရမည်ဖြစ်ပါသည်။ ဤသင်ကြားခြင်းကို တချို့လက်မခံချင် ကြသော်လည်း ၁ ယော၊၂:၁၂-၁၄ ၌အတိအလင်း ဖော်ပြထားပါသည်။ ကျွန်ုပ်တို့နောက်ကွယ်၌ ပို၍ကြီးသော မသကာ်ဖွယ် ပြဿနာကား ရင့်ကျက်ခြင်းနှင့်ဆိုင်သည့် မှားယွင်းသောအတွေးအခေါ်ပင်ဖြစ်သည်။ မည်သူမျှအပြစ်မပါဘဲ စုံလင်သောသူမရှိနိုင်ပေ။ ကျွန်ုပ်တို့သည် အစွန်းအထင်းရှိပြီးသူများ ဖြစ်ကြသော်လည်း ဘုရားသခင်၏ဘုန်းတော်နှင့်ဆိုင်သောအရာများကို စဉ်ဆက်မပြတ် ဘုရားတရားကြည်ညိုစွာ ဆုံးဖြတ်ချက်ချခြင်းအားဖြင့် မိမိတို့အသက်တာ ပြုပြင်ပြောင်းလဲခြင်းခံရသည်ကို တွေ့မြင်နိုင်ပါသည်။ ယောဟန်ပြောဆိုသည့်စကားကို သတိပြုပါ။

ငါ့သားသမီးတို့၊ သင်တို့သည် အပြစ်မပြုကြစေရန် ဤအရာများကို သင်တို့ထံ ငါရေးလိုက်၏။ တစ်စုံတစ်ယောက်သည် အပြစ်ပြုမိခဲ့လျှင် ခမည်းတော်ထံ၌ ကူညီဖြေရှင်းပေးသူတည်းဟူသော ဖြောင့်မတ်သည့်အရှင် ယေရှုခရစ်တော်သည် ငါတို့အတွက်ရှိ၏။ ထိုအရှင်သည် ငါတို့အပြစ်များ အတွက် အသနားခံခြင်း ပူဇော်သက္ကာဖြစ်တော်မူ၏။ ငါတို့အပြစ်များ အတွက်သာမက လောကီသားအပေါင်းတို့၏အပြစ်များအတွက်လည်း ဖြစ်တော်မူ၏။ ငါတို့သည် ကိုယ်တော်၏ ပညတ်တော်တို့ကို လိုက်နာစောင့်ထိန်းလျှင် ထိုအမှုအရာအားဖြင့် ကိုယ်တော်အား ငါတို့သိကျွမ်းသည်ကို သိကြ၏(၁ယော၊၂:၁-၃)။

ယုံကြည်သူများ၌ သိလိုစိတ်ပြင်းပြလာသောအခါ သူတို့သည် သင်ယူရန်နှင့်ကြီးထွားရန် လမ်းစပွင့်လာသည် (ဆရာသမားများက မိမိတို့ကျောင်းသား /သူများ၌ သင်ကြားလို့ရသောသူများ အဘယ်မျှလောက် အရေးကြီးသည်ကို

နားလည်သိရှိကြ)။ ယုံကြည်သူတစ်ဦးက မိမိသည် လွန်ခဲ့သည့်တစ်ဆယ့်ငါးနှစ်ကပင် အသင်းတော်သို့ ရောက်နေပြီဟု စဉ်းစားပါက စိတ်ပိုင်းဆိုင်ရာ ထူးခြားမှုတစ်ခုခုရှိနိုင်သည်။

အသက်တာဟူသည်မှာ ကျွန်ုပ်တို့လိုအပ်သည့်အလျောက် ကြီးထွားခြင်းမဟုတ်ပေ။ ၎င်းသည် သူ့ဟာသူ ကြီးထွားတတ်၏။ သေးငယ်သော အညွန့်အဖူးကဲ့သို့ဖြစ်၍ ၎င်းကို အကာအကွယ်ပေးလျက် ရေ၊ မြေဩဇာနှင့်နေရောင်ခြည် စသဖြင့်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်။ မိမိတို့သည် အသက်ကို မပြုလုပ်နိုင်ပေ။ ၎င်းကို ပျိုးထောင်ပေးနိုင်သည်။ ခရစ်ယာန်အသက်တာလည်း ထို့အတူဖြစ်သည်။

ယုံကြည်သူသည် ကြီးထွားဖို့ရန်အတွက် မိမိ၌ရှိသောစွမ်းရည်ကို တစ်ကြိမ်နားလည်လျှင် မိမိ၏ စိတ်နှလုံးကို ပြန်လည်ပြုပြင်ဖို့ရန် ဘုရားသခင်၏နှုတ်ကပတ်တော် သမ္မာတရားကို ပို၍ရရှိရန် စိတ်အားထက်သန်လာသည်။ မကောင်းသောအရာများကို ချန်ထားခဲ့၍ သူ့အဖို့ ခရစ်တော်ယေရှု၌ ဘုရားသခင်၏ ကြီးမြတ်သောရည်ရွယ်ချက် ဘုန်းတော်အသရေကို ချီးမြှောက်လာ၏။

အလင်းတော်နှင့်သစ္စာတော်ကို စေလွှတ်တော်မူပါ။ သူတို့သည် လမ်းပြ၍ သန့်ရှင်းသော တောင်တော်သို့၎င်း၊ တဲတော်သို့၎င်း အကျွန်ုပ်ကိုပို့ဆောင်ပါစေသော။ သို့ပြုလျှင် ဘုရားသခင်၏ ယဇ်ပလ္လင်သို့၎င်း၊ အကျွန်ုပ်ဝမ်းမြောက်ရွှင်လန်းရာ ဘုရားသခင်ထံသို့၎င်း အကျွန်ုပ်သည် ရောက်လာ၍ ကိုယ်တော်ကို စောင်းတီးလျက် ချီးမွမ်းထောမနာ ပြုပါမည် (ဆာ၊၄၃:၃-၄)။

ကြီးထွားခြင်းသည် ဖြစ်နိုင်သောအရာဖြစ်၏။ ၎င်းကို မိမိတို့ယုံကြည်သောအခါ ဒါဝိဒ်ကဲ့သို့ ၎င်းကို ယုံကြည်ခြင်းအားဖြင့် မှီအောင်လိုက်ကြ၏။ ဒါဝိဒ်ကဲ့သို့ အပြစ်ပြုမိသောအခါပင်လျှင် ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် လွတ်မြောက်နိုင်သည် (ဆာ၊၃၂)။

## သင်ခန်းစာ

- ကြီးထွားရန် ရပ်တန့်ခြင်းသည် ကြီးထွားရန် လိုအင်ဆန္ဒကင်းမဲ့နေခြင်းဖြစ်သည် သို့မဟုတ် ကြီးထွားခြင်း မလိုအပ်ပေ / အရေးမကြီးဟု ယုံကြည်ထားခြင်းဖြစ်သည်။
- အကယ်၍ ယုံကြည်သူများသည် ဝိညာဉ်ရေးရာကြီးထွားခြင်း အမှန်တကယ်ဖြစ်နေသည်ဟု မြင်တွေ့ပါက ကြီးထွားခြင်းအထဲ၌ ထိုသူတို့၏စိတ်ဝင်စားမှုသည် ပြန်လည်မီးတောက်လောင် လာမည်ဖြစ်သည်။

## ကျက်မှတ် ဆင်ခြင်ပါ

- ဆာ၊၄၃:၃-၄

- ၁ယော၊၂း၁-၃

## တာဝန်ပေးအပ်ခြင်း

- သင့်ပတ်ဝန်းကျင်၌ရှိသော လူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင်ယူရန် မည်မျှစိတ်အားထက်သန်ကြပါသနည်း။ နှုတ်ကပတ်တော်သင်ယူဖို့၊ ဆုတောင်းဖို့၊ ဝတ်ပြုကိုးကွယ်ဖို့ အစည်းအဝေးတက်ရောက်လာသောသူများ၏စိတ်ထားကို အကဲဖြတ်ကြည့်ပါ။
- သင်သည် သင်ယူခြင်းနှင့်ကြီးထွားခြင်း၌ မည်မျှစိတ်ပါဝင်စားသနည်း။ သင်သည် မည်သည့် နယ်ပယ်များ၌ ပိုမိုအားကြီးသနည်း။ ထိုနယ်ပယ်များ၌ ကြီးထွားရန် အခန်းရှိသည်ဟု သင်ထင် ပါသလား။ ရှင်းပြပါ။

# #၁၅ ကလေးအရွယ် –အဆင့် #၁

ဤအခန်း၌ ယုံကြည်ခါစလူသစ်နှင့်ကလေးငယ်တို့အတွက် လုပ်ဆောင်ဖို့ရန် ဘုရားသခင်က မည်သို့သောကတိတော်များပေးတော်မူသည်ကို ကျွန်ုပ်တို့ ကြည့်ရှုရပါမည်။





ကျွန်ုပ်တို့အသီးသီးသည် ကလေးငယ်ဘဝမှစတင်၍ ဆယ်ကျော်သက်အရွယ်သို့ ကြီးရင့်လာလျက် လူလားမြောက်သောသူများဖြစ်ကြ၏။ အသက်အရွယ်တစ်ဆင့်မှ နောက်တဆင့်သို့ ကူးပြောင်းသွားသောအခါ ရှင်းရှင်းလင်းလင်းမဖြစ်သော်လည်း ဖြစ်စဉ်မှာ မရပ်မနားဖြစ်ပျက်လျက်နေ၏။

ကျွန်ုပ်တို့ကြီးထွားခြင်းနှင့်စပ်လျဉ်း၍ မှတ်သားစရာ အဓိကသော့ချက်နှစ်ခုရှိ၏။ ထမအချက်ကား ကျွန်ုပ်တို့မွေးလာသောအခါ အောင်ပွဲခံခြင်းပါလိုက်လာသည်။ မွေးကင်းစကလေးငယ်သည် လောကကို ဗဟိုပြုလာသည်။ ဂုဏ်ယူတတ်သောမိဘတို့သည် သူတို့၏အမွေရတနာသစ်ဖြစ်သည့် သားသမီးတို့၏ဓာတ်ပုံများကို ထုတ်ဖော်ပြသ၍ အချင်းချင်းပို့ပေး တတ်ကြ၏။

အခြားမှတ်သားစရာတစ်ခုမှာ ယောဟန်ပထမစာစောင်၌ ဖော်ပြသည့်အတိုင်း လူတစ်ဦးဖခင်အရွယ် ရောက်ရှိလာခြင်းဖြစ်သည်။ ယခင်၌ ငယ်ရွယ်သောသူတစ်ဦးသည် ယခုအသက်အရွယ်ရလာ၍ မိမိ၏ကလေးငယ်ရရှိလာ၏။ တနည်းပြောရရင် ဘဝစက်ဝိုင်းတစ်ပတ်လည်ပတ်သည်ဟု ဆိုရမည်ဖြစ်သည်။ မျိုးဆက်တစ်ဆက်က နောက်ထပ်မျိုးဆက်တစ်ဆက် တိုးပွားလာသည်ဟု ဆိုလိုပါသည်။

မျက်မှောက်ခေတ် လူများက အသက်အရွယ်ရောက်လာခြင်းဟူသည်မှာ မိဘဖြစ်၍ ၎င်းနှင့်ဆိုင်သော တာဝန်များ၏တောင်းဆိုခြင်းနှင့်မဆိုင်ဘဲ အရွယ်ကြီးရင့်လာသောကြောင့် အလိုလိုအသက်အရွယ်ကြီးရင့် လာခြင်းဖြစ်သည်ဟုအနက်ဖွင့်ရန် ကြိုးစားအားထုတ်လာကြ၏။ ဝမ်းနည်းစရာကောင်းသည်မှာ ယနေ့ အသင်းတော်က ဤသွန်သင်ခြင်းကို တစ်နည်းမဟုတ်ရင် နောက်တစ်နည်းနဲ့ လက်ခံလာကြ၏။ အသင်းတော်ရှိ အသက်တာရင့်ကျက်သောသူများကလည်း နုနယ်သေးသောယုံကြည်သူများကို ကောင်းကောင်းသွန်သင်ဆုံးမခြင်း မပြုကြသောကြောင့် ထိုအယူအဆသည် အဖွဲ့အစည်းနှင့်အသင်းတော် နှစ်ခုစလုံး၌ ကျန်ရစ်လေတော့သည်။ မှန်ကန်သောတရား၊ ပြီးပြည့်စုံသောစက်ဝိုင်းတရားက

ယုံကြည်သူသည် အသက်အရွယ် ရောက်ရှိလာခြင်းသက်သက်မဟုတ်ဘဲ အသီး အပွင့်သီးလာ၍ နောက်လာမည့်မျိုးဆက်အတွက် တာဝန်ယူခြင်း ဟုခေါ်ဆိုပါသည်။




ယခုလက်ရှိ သင်ခန်းစာသည် အသက်တာသစ် အစပြုသည့်နေရာတည်း ဟူသော ပထမအဆင့်ရှိ အရေးပါသမှု၌ အာရုံစိုက်လျက်နေသည်။ တမန်တော် ယောဟန်သည် ဘုရားသခင်နှင့်ဆိုင်သော ဝိညာဉ်ပိုင်းဆိုင်ရာမိသားစု၌ မိမိတို့၏ ကြီးထွားဖွံ့ဖြိုးမှုကို နားလည်စေရန် မိမိတို့၏မိသားစု၌ ခန္ဓာပိုင်းဆိုင်ရာ ကြီးထွား ဖွံ့ဖြိုးမှု အလားသဏ္ဌာန်ကို အသုံးပြုခြင်းဖြစ်သည်။ သူသည် ယေရှုကဲ့သို့ အကျွမ်း မဝင်သောအရာကို သင်ကြားပေးရန် အကျွမ်းဝင်သောအရာကို အသုံးပြုထား သည်။ ကျွန်ုပ်တို့သည် အရှေ့ပိုင်းအခန်းများ၌ ဝိညာဉ်ပိုင်းဆိုင်ရာ အသစ်သော အသက်တာ၏အရေးကြီးပုံကို ဆွေးနွေးခဲ့ပါသည်။ ယုံကြည်ခါစ လူတစ်ဦးသည် အသက်သစ်ကို ရရှိပိုင်ဆိုင်သော်လည်း ကလေးသူငယ်ကဲ့သို့ဖြစ်ပါသည်။

## ကြီးထွားနေသော ကလေးငယ်

ခန္ဓာပိုင်းဆိုင်ရာ ကြီးထွားဖွံ့ဖြိုးခြင်း၌ ကလေးငယ်လေးသည် လေးဖက် တွားသွားလျက်၊ ထိုင်လျက်၊ ထလျက်၊ လမ်းလျှောက်လျက်နေသကဲ့သို့ အသစ် သောယုံကြည်သူအဖို့ ဝိညာဉ်ရေးရာ ကြီးထွား ဖွံ့ဖြိုးခြင်းဆိုင်ရာ ပထမအဆင့်၌ ဘုရားသခင်ထံ သင်ယူရမည့်အခြေခံသင်ခန်းစာ များစွာရှိသည်။ အသက်တာ၏ အဆင့်များသည် အရေးကြီး၏။ အကြောင်းမှာ ထိုအဆင့်ဆင့်တို့၌ တစ်ဦးချင်းစီ သည် မတူညီသောနည်းမျိုးစုံဖြင့် သင်ယူလျက် ကြီးထွားလျက်ရှိကြသောကြောင့် ဖြစ်သည်။

လွန်ခဲ့သောဆယ်နှစ်၌ ရောဘက္ကာက သူ့အကိုကြီး ဣဇာက်ကိုပါ ပန်းခြံ တစ်နေရာသို့ခေါ်သွားပြီး ကစားကြရန် ငါ့ကိုသိမ်းသွင်းစည်းရုံးခဲ့ပါသည်။ ပန်းခြံ တစ်နေရာသို့ သွားရောက်ပြီး ငါးမိနစ်၊ ဆယ်မိနစ်ခန့် ကစားကြသောအခါ သူတို့အချင်းချင်း “ငါတို့တတွေ ဒီအရွယ်နှင့် ဒီပန်းခြံထဲမှာ ကစားနေတာ မဟုတ် သေးဘူး” ဟု တိုးတိုးတိတ်တိတ် ပြောဆိုသံကို ငါကြား၏။ ထို့နောက်မှ တောင် တက်လမ်းလျှောက်ဖို့ စတင်ကြ၏။ သူတို့သည်လည်း ထိုနေရာ၌ တောင်တက်

လမ်းလျှောက်ကြသည်ကို အလွန်အားရ ပျော်ရွှင်လာကြ၏။ ဆိုလိုရင်းကား လူတို့သည် အသက်အရွယ်ရသည်နှင့်အမျှ အပြောင်းအလဲရှိလာတတ်၏။

အသက်အရွယ် တစ်ဆယ့်ငါးနှစ်သာ ရှိသေးသည့်လူငယ်လေးသည်လည်း ထာဝရဘုရားကို သိရှိလာနိုင်သည်။ သူ၏အသက်အရွယ် ငယ်ရွယ်ခြင်းသည် ပြဿနာမဟုတ်ပေ။ ဝိညာဉ်ပိုင်းဆိုင်ရာ ဖွားမြင်ခြင်းသည် ဘုရားသခင်၏မိသားစုဝင် အသင်းသားအသစ်ဖြစ်ခြင်းပေတည်း။

ခရစ်တော်၌ အသက်အရွယ် ကြီးရင့်သောယုံကြည်သူသည်လည်း ဤအဆင့်(၁) တစ်လျှောက်၌ အလျင်အမြန် ကြီးထွားသင့်သည်။ သို့သော် သူသည် အခြေခံအဆင့်သာရှိသေးသည့် ဤအဆင့် (၁)၌ လျှောက်လှမ်းနေသေးကြောင်းကို သတိပြုရမည်။ ထိုသို့မဟုတ်ပါက ထိုသူ၏ဝိညာဉ်ပိုင်းဆိုင်ရာ အသက်တာ၌ ပုံမှန်ကြီးထွားခြင်းအတွက် အခွင့်အလမ်းနည်းပါးသွားလိမ့်မည်။

## အသစ်သောယုံကြည်သူများကို ပြုစုစောင့်ရှောက်ခြင်း

သင်သည် ယုံကြည်သူတစ်ဦးဖြစ်လာသောအခါ ပြုစုစောင့်ရှောက်ခြင်းခံပါသလား။ တစ်စုံတစ်ဦးက သင့်အား ဂရုစိုက်ပါသလား။ ဤမေးခွန်းနှစ်ရပ်သည် အရေးမပါသလို ဖြစ်သော်လည်း တကယ်အရေးပါလှ၏။ ကလေးငယ်တစ်ဦးသည် မွေးလာပြီးနောက် အထူးဂရုစိုက်ခြင်းခံရသည်ကို သတိပြုပါ။ ထိုသို့သော အချိန်၌သာ မိဘများက ထိုကလေးငယ်ကို ဂရုတစိုက်ပြုတတ်ကြ၏။

ကလေးငယ်လေးသည် မိခင်နို့တိုက်ခြင်းသက်သက်မဟုတ်၊ ထိုကလေးငယ်ကို ချစ်လျက်၊ ရေချိုးပေးလျက်၊ ဝတ်ဆင်ပေးလျက် စသည်ဖြင့်ပြုစုပေးရပါမည်။ ထိုကလေးငယ်အတွက် အထူးသဖြင့် ညအချိန်တွင် ထပ်ခါထပ်ခါပြုစုရာများဖြင့် ပင်ပန်းနိုင်နေသော်လည်း ထိုအမှုတို့သည် အလွန် အရေးကြီးသည်။ ဖြစ်ပျက်နေသောအရာများကို သတိပြုရမည်။ မိခင်နှင့်နီးကပ်ခြင်းသည် ကလေးငယ်အဖို့ မေတ္တာပါသောစကားများ၊ အသံများနှင့်ဟန်ပန်အမူအရာများကို ထိတွေ့ခံစားဖို့ရန် အခွင့်ထူးဖြစ်ပါသည်။ ကလေးငယ်သည် မည်ကဲ့သို့တုံ့ပြန်၍ ဆက်ဆံရမည်ကိုသာ သင်ယူနေခြင်းမဟုတ်ဘဲ ပိုက်ခြင်း၊ ကျီစယ်ခြင်းနှင့်ဆော့ကစားခြင်းတို့အားဖြင့် မေတ္တာခံစားရန်လည်းပါသည်။

ကလေးငယ်လေးသည် ထိတ်လန့်၍ ငိုကြွေးသောအခါ ဘာဖြစ်သနည်း။ မိခင်သည် ကလေးငယ်လေးကို အလျင်အမြန် ချီပိုက်လျက် "သား/သမီးလေးရယ် မေမေအနားမှာရှိတယ်၊ ဘာမှမဖြစ်ဘူး၊ မငိုနဲ့တဲ့တော့နော်" ဟူ၍ အသံချိုချိုလေးနဲ့ တိတ်လေ့ရှိ၏။

ကလေးငယ်လေးသည် ခန္ဓာကိုယ်အစားစာနှင့်သူ့လိုအပ်ချက်များ ရရှိခြင်းအတွက်သာမကဘဲ စိတ်ပိုင်းဆိုင်ရာမေတ္တာ ခံစားရရှိဖို့ရန်လည်း အထူးလိုအပ်ပါ

သည်။ ဤကား ကလေးငယ်အဖို့ အသင့်တော်ဆုံးလိုအပ်ချက်ဖြစ်ပါသည်။ အကယ်၍ မိခင်သည် သူ့ကလေးအပေါ် ထိုသို့ပြုဖို့ရန် ပျက်ကွက်ခဲ့ပါက မိခင်၏ မေတ္တာကို မခံစားလိုက်သောကလေးငယ်အဖို့ လွန်စွာမှဘဲ ရင်လေးဖွယ် ဖြစ်ပါလိမ့်မည်။ ဘုရားသခင်သည် ယုံကြည်ခြင်း၌ ပိုမိုရင့်ကျက်သောသူတို့ထံသို့ မေတ္တာ၊ ဂရုစိုက်ခြင်းနှင့် ပြုစုစောင့်ရှောက်ခြင်းစသည်တို့ကို မျှဝေပေးကမ်းပြီးဖြစ်ပါသည်။ အကယ်၍ ယုံကြည်ခြင်း၌ ပိုမိုရင့်ကျက်သောသူတို့သည် ဘုရားသခင်၏အကြံ အစည်အတိုင်း အသစ်သောယုံကြည်သူများကို ကြည့်ရှု စောင့်ရှောက်ပါက ယုံကြည်ခြင်း၌ ခိုင်ခံ့ကြီးထွားလာမည်ဖြစ်သည်။ အကယ်၍ ကြည့်ရှုစောင့်ရှောက်ခြင်း မပြုနိုင်ပါက အသစ်သောယုံကြည်သူအဖို့ ယုံကြည်ခြင်းနှင့်ဆိုင်သော အခြေခံအုတ်မြစ်သည် အားနည်းသွား မည်သာဖြစ်ပါသည်။

## သင်ယူစရာများ

အသစ်သောယုံကြည်သူသည် သင်ယူစရာများစွာရှိ၏။ ပေတရုသည် ကျွန်ုပ်တို့အား အသစ်သော ယုံကြည်သူများကို နားလည်ခြင်း၌ အထောက်အကူဖြစ်စေရန် အလားသဏ္ဍာန်တူသည့်အချက်ကို အသုံးပြု ထားသည်။ ပေတရုသည် အသစ်သောယုံကြည်သူတစ်ဦး၏ ဘုရားသခင်နှုတ်ကပတ်တော်အပေါ် မည်သို့လိုလားတောင့်တသည်ကို ကျွန်ုပ်တို့အား နားလည်သဘောပေါက်စေရန် မွေးကင်းစကလေး၏နို့ရည် အလွန်လိုချင်ပြင်းပြပုံကို ဥပမာပေး၍ အသုံးပြုခဲ့သည်။ "နှုတ်ကပတ်တရား၏နို့စစ်အားဖြင့် ကြီးပွားမည့် အကြောင်း ဖွားစသောသူငယ်ကဲ့သို့ ထိုတရားနို့ကို အလွန်လိုချင်သောစိတ်ရှိကြလော့(၁ပေ၊၂:၂)။

ကလေးငယ်လေးသည် မိမိပါးစပ်ထဲသို့ မိခင်၏နို့စစ်ရည်မရောက်မချင်း ငိုကြွေးနေမည်ဖြစ်သည်။ သို့ရာတွင် ကလေးငယ်လေးသည် မိခင်နို့ရည်ကို စတင်စုပ်ယူလာသောအခါ အငိုတိတ်၍ ကျေနပ်ရောင့်ရဲလေ၏။ အသစ်သော ယုံကြည်သူ၌လည်း ထို့အတူဖြစ်၏။ ယုံကြည်ခါစလူတစ်ဦးသည် ဘုရားသခင်၏ နှုတ်ကပတ်တော် သိလိုသောဆန္ဒအလွန်ပြင်းပြ၏။ ထိုကြောင့် ထိုသူသော သူတို့သည် အသက်တာ ကြီးထွားရမည်အကြောင်း ကျွန်ုပ်တို့သည် သူတို့ကို ကိုယ်တော်၏နှုတ်ကပတ်အားဖြင့် ပြုစုကျွေးမွေးဖို့ရန် သူတို့ရှိရာအရပ်၌ ရှိနေဖို့ရန် လိုအပ်လှပေသည်။ ဤသို့ဖြင့် သူတို့သည် အသက်တာကြီးထွား လာမည်ဖြစ်သည်။

အသက်တာဟူသည်မှာ ဝိညာဉ်ပိုင်းဆိုင်ရာ အသစ်တစ်ဖန်ဖွားမြင်ခြင်း၌သာ အစပြုသည်။ ကလေးငယ်လေးသည် လိုအပ်သောအဟာရဓာတ်ကို ရရှိသကဲ့သို့ယုံကြည်သောသူသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ရရှိသော အခါ ကြီးထွားခြင်းဖြစ်ပျက်လေ၏။ ဘုရားသခင်၏နှုတ်ကပတ်တော်လိုအပ်မှုသည် မိမိတို့၏အသက်တာတစ် လျှောက်လုံးအတွက် ဖြစ်သည်။ ကျွန်ုပ်တို့သည် အသက်ရှင်နေနိုင်ဖို့ရန် ၎င်းကို စားသုံးမှီဝဲဖို့ လိုအပ်သည်မှန်သော်လည်း မိမိတို့ ကြီးထွားလာသည်နှင့်အမျှ တစ်စုံတစ်ရာပြောင်းလဲမှု ရှိတတ်သည်။ အစကနဦး

အဆင့်၌ အစားအစာနှင့် အဟာရဓာတ်သည် နို့စစ်ပုံစံဖြစ်ပြီး မိခင်အားဖြင့် ရရှိခြင်းဖြစ်သည်။ ဤကဲ့သို့ ကျွေးမွေး၍ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ဘုရားသခင်၏ပုံဖော်ခြင်းကြောင့် ဖြစ်၏။ ကလေးငယ်အား နို့တိုက်နိုင့် သောအခါ မိခင်နှင့်ကလေးငယ်နှစ်ဦး တို့သည် အချင်းချင်း မကြာခဏကြည့်ကြ၏။

ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာ အသက်တာသစ်အကြောင်းကို စဉ်းစား သောအခါ ထိပ်ဆုံးက နေရာယူသည့်အခြေခံ လိုအပ်ချက်တချို့ရှိ၏။ ၎င်းတို့မှာ ရင်းနှီးကျွမ်းဝင်ခြင်း၊ ခင်မင်မှုသံယောဇဉ်၊ ချစ်ခြင်းမေတ္တာ၊ ဘုရားသခင်၏နှုတ်က ပတ်တော်၊ ပြုစုစောင့်ရှောက်ခြင်းနှင့်အာရုံစူးစိုက်ခြင်းတို့ဖြစ်ပါသည်။ ကလေးငယ် တစ်ဦးအတွက် အခြားလိုအပ်ချက်များစွာရှိသော်လည်း အခြေခံလိုအပ်ချက် တည်းဟူသော ပြုစုပျိုးထောင်ခြင်းထက် လိုအပ်သောအရာမရှိတော့ပေ။

လွန်ခဲ့သောနှစ်တော်တော်များများ၌ အသင်းတော်သည် လူတို့အား ဘုရားသခင်၏နိုင်ငံတော်ထဲသို့ ခေါ်သွင်းခြင်းကို ကောင်းကောင်းအာရုံစူးစိုက်လုပ် ဆောင်ခဲ့သော်လည်း ထိုယုံကြည်ခါစထဲမှ များစွာသောသူတို့သည် အကြမ်း ဖက်ခြင်း ဒုက္ခကိုခံစားကြ၏။ ထိုသူတို့သည် သူတို့လိုအပ်သော ကြည့်ရှုစောင့် ရှောက်ခြင်းကို မခံစားကြပေ။ အကြောင်းမှာ ထိုသူတို့သည် အခြားသောယုံကြည် သူများအားဖြင့် မည်သည့်အခါမျှ ပြုစုပျိုးထောင်ခြင်းနှင့်စောင့်ရှောက်ခြင်းကို မခံစားဖူးကြသူများဖြစ်သည်။ သူတို့သည် တပည့်တော်အဖြစ် မွမ်းမံခြင်းကိုလည်း မခံဖူးကြပေ။ ကလေးငယ်လေးသည် သူ့ဟာသူ ကျွေးမွေးပြုစုခြင်း မပြုနိုင်သကဲ့သို့ အသစ်သောယုံကြည်သူလည်း သူ့ဟာသူ ကျွေးမွေးပြုစုခြင်းမပြုနိုင်ပေ။ ထိုသူ သည် သူတစ်ပါး၏ကျွေးမွေးပြုစုခြင်းကို လိုအပ်၍ ကာလအချိန်အတန်ကြာမှသာ သူ့ဟာသူ ကျွေးမွေးပြုစုရန် သင်ယူလေ့လာနိုင်၏။

ကျွန်ုပ်တို့သည် ဤအခြေခံတရားကို သိပြီးဖြစ်သော်လည်း မိမိတို့သိရှိ သည့်အတိုင်း အသင်းတော်၌ စောင့်ထိန်းခြင်းမရှိဘဲ အသက်ရှင်ကြ၏။ ထို့သို့ဖြစ်သောကြောင့် ခရစ်တော်၏ခန္ဓာကိုယ်သည် ကြောက်မက်ဖွယ်သောအကျိုး ဆက်များနဲ့ ဆင်းရဲဒုက္ခခံနေရသည်။ ငါကိုယ်တိုင် ယုံကြည်သူများကို မေးလေ့ရှိ သည်မှာ “မင်းတို့ထဲက ဘယ်နှစ်ဦးက ကိုယ်ကိုယ်ကို စောင့်ရှောက်၍ အခြားယုံကြ သည်သူကိုပါ သင်ကြားပေးခဲ့သနည်း။ လူအနည်းငယ်သာ ထိုသို့ပြုနိုင်သည်ဟု ဖြေဆိုခဲ့သည်။

ဘုရားသခင်၏သားသမီးရတနာများအပေါ် ပြုစုစောင့်ရှောက်ရန် ကျွန်ုပ် တို့၏ပျက်ကွက်မှုကြောင့် ကိုယ်တော်ဝမ်းမြောက်မည်မဟုတ်ပေ။ အဘယ့်ကြောင့် မိမိတို့၏စိတ်နှလုံးသည် ထပ်တူထပ်မျှ မကြေကွဲရသနည်း။ အသင်းတော်သည် လည်း နောက်မျိုးဆက်သစ်များ မွေးထုတ်ဖို့ရန် မိမိတို့၏အားနည်းချက်အပေါ် ဘာ့ကြောင့် နောင်တမရဘဲ နေကြရသနည်း။

## သင်ခန်းစာ

- ယေရှုခရစ်တော်၏နောက်လိုက်သစ်သည် ကလေးငယ်လေးကဲ့သို့ဖြစ်သောကြောင့် ထိုကလေးငယ်သည် ကလေးထိန်း၏ပြုစုကျွေး မွေးခြင်းကိုလိုအပ်သည့်အတိုင်း ယေရှုခရစ်တော်၏ နောက်လိုက်သစ် သည်လည်း ထို့အတူဖြစ်သည်။
- ဘုရားသခင်သည် ကျွန်ုပ်တို့အား မိခင်က မိမိ၏ကလေးငယ်လေးကို နူးညံ့သိမ်မွေ့စွာနှင့် စိတ်ရှည်လက်ရှည်ဖြင့် ပြုစုစောင့်ရှောက်သကဲ့သို့ စောင့်ရှောက်စေလိုပါသည်။
- ဘုရားသခင်သည် အသစ်သောယုံကြည်သူအား မိမိ၏နှုတ်ကပတ်တော်ထဲမှ အခြေခံတရားများကို ထိုသူ၏အသက်တာ ပထမအဆင့်မှစ၍ ကြီးထွားလာသည့်အထိ သင်ကြားပေးတော်မူ၏။
- ထာဝရဘုရားသခင်သည် မိမိ၏သားသမီးအသစ်များအား မိမိ၏မေတ္တာနှင့် ပြုစုစောင့်ရှောက်ခြင်းကို နားလည်စေလိုပါသည်။

## ကျက်မှတ် ဆင်ခြင်ပါ

- ၁ပေ၊၂:၂

## တာဝန်ပေးအပ်ခြင်း

- သင်သည် အသစ်သောယုံကြည်သူအား တပည့်တော်ဖြစ်စေဖူးပါသလား။ မည်သည့်အရာဖြစ်ပျက်၍ မည်သည့်အရာ မဖြစ်ပျက်သနည်းဟူသည်ကို ရှင်းပြပါ။
- သင့်ပတ်ပတ်လည်၌ရှိသော အသစ်သောယုံကြည်သူများအား သင်မည်ကဲ့သို့ တုံ့ပြန်သနည်း။ သူတို့ကို တပည့်တော်ပြုပါသလား။ အဘယ့်ကြောင့် ပြုသနည်း သို့မဟုတ် အဘယ့်ကြောင့် မပြုရသနည်း။
- သင်သည် တပည့်တော်မမွေးထုတ်ဘဲနေသေခါ မည်သို့ခံစားရသနည်း။ အကယ်၍ သင်သည် တပည့်တော်မွေးထုတ်ခဲ့ပါက မည်သည့်အရာများကို ရရှိပါသနည်း။

# #၁၆ လူငယ်အရွယ် –အဆင့် #၂

အကယ်၍ အသစ်သောယုံကြည်သူသည် ရင်းနှီးသောမေတ္တာနှင့် ဂရုစိုက်မှုကို လိုအပ်ပါက လူငယ် ယုံကြည်သူကော ဘာလိုအပ်မည်နည်း။

လူငယ်တစ်ဦးသည် မိမိ၏ဆုံးဖြတ်ချက်များကို ထိန်းချုပ်ရန် အစပြုသည့် နည်းလမ်းအားဖြင့် သူ့အကြောင်းကို သိရှိနိုင်သည်။ ထိုသူ၌ အကူးအပြောင်း ရှိတတ်သည်။ ထိုအကူးအပြောင်းမှာ မိမိကိုယ်ကို တာဝန်မယူနိုင်သော အနေအထားနှင့်အသိဉာဏ်နည်းပါးသော အချိန်မှစ၍ အမှန်တရားကိုသိရှိပြီး မိမိအတွက်ရောအခြားသူများအတွက်ပါ အသင့်အတင့်တာဝန်ယူနိုင်သည့် အချိန်ထိဟူ၍ ဖြစ်ပါသည်။ လူငယ်တို့သည် လူကြီးအရွယ်သို့ ကူးပြောင်းနေသူများဖြစ်၍ မိမိတို့အတွက်ရော အခြားသူများ အတွက်ပါမည်ကဲ့သို့ တာဝန်ယူဂရုစိုက်ကြမည်ကို သင်ယူလေ့လာဖို့ လိုအပ်ပါသည်။ စိတ်နှလုံးထဲ၌ ဘုရားသခင်၏ရည်မှန်းချက်ပန်းတိုင်များကို ထိန်းသိမ်းထားခြင်းသည် အထဲ၌ တင်းမာနေသော အရာများကို လျှော့ချဖို့ရန် များစွာအထောက်အကူပြုပါသည်။




အကူးအပြောင်းကာလနှင့်စပ်လျဉ်း၍ "ဆယ်ကျော်သက်" ဟူသောစကားကို ဖော်ပြဖို့ရန် မြောက်များစွာသောဘာသာစကား၌ အထူးပြုစကားလုံး မရှိကြပေ။ မူရင်းဂရိဘာသာစကား၌ ဤယုံကြည်သူကို လူငယ်လူရွယ်ကဲ့သို့ဖော်ပြသည်။ သို့သော် ငယ်ငယ်ရွယ်ရွယ်လည်း မဟုတ်၊ ရင့်ကျက်သောသူလည်း မဟုတ်ပေ။

## လူငယ်ယုံကြည်သူ၏ စိန်ခေါ်မှု

လူငယ်ယုံကြည်သူသည် စိုးမိုးခြင်းများနှင့်စုံစမ်းနှောင့်ယှက်ခြင်းများ တစ်ဖက်၌ ခိုင်ခံ့စွာရပ်တည်နိုင်ရန် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မည်ကဲ့သို့ အသုံးပြုရမည်ကို သင်ယူရပါမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ပထမအဆင့်မှာကဲ့သို့ပင် အရေးကြီး၏။ လူငယ်တို့သည် ဖြားယောင်းခြင်းအပေါ် မည်ကဲ့သို့ရင်ဆိုင်ရမည်ကို သင်ယူရမည်။ ဤကား အောင်မြင်သောသူတစ်ဦး အဖြစ်ပြည့်စုံဖို့ရန် လိုအပ်သောအပိုင်းဖြစ်ပါသည်။

ဘဝဟူသည့် အကြောင်းအရာများသည် ဤသို့ဖော်ပြပါသည်။ လူငယ်တို့သည် အသက်ကြီးရင့် လာသောအခါ ဤလောက၌ မိဘမပါဘဲ မည်ကဲ့သို့

လုပ်ရှားအသက်ရှင်ရမည်ကို သင်ယူရမည်။ ဤဖြစ်စဉ်သည် လူသားများအဖို့ တရိစ္ဆာန်များနှင့် နှိုင်းယှဉ်ပါက အလွန်နှေးကွေးသည်ဆိုရသော်လည်း နောက်ဆုံး တော့ ဖြစ်ပျက်လာသည်။ ကလေးငယ်လေးများနှင့် မူကြိုတက်နေသူများသည် မိမိတို့ဘာမိမိတို့ စားသောက်ရန် ရိုးအစွာသင်ယူတတ်ကြ၏။ သို့သော် အရွယ် ရောက်လာခါနီးတွင် မိမိတို့ဘာမိမိတို့ စားသောက်တတ်ရန် အစားအစာရရှိဖို့ မည်ကဲ့သို့လုပ်ဆောင်ရမည်ကို သင်ယူဖို့လိုအပ်သည်။

ဝိညာဉ်ပိုင်းဆိုင်ရာ ကြီးထွားဖွံ့ဖြိုးခြင်း၌ ပို၍ကြီးရင့်သောလူငယ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို လိုလားကြသော်လည်း အခြားသူများ၏လိုအပ် ချက်ကို ဖြည့်ဆည်းဖို့ရန်အတွက် ပုံမှန်အားထားလို့မရကြပေ။ ဤသို့သောယုံကြည် သူတို့သည် မိမိတို့ကိုယ်ကို ဘုရားသခင်၏နှုတ်ကပတ်အားဖြင့် ကျွေးမွေးဖို့ရန် သင်ယူနေသူများဖြစ်ကြသည်။ ထို့အပြင် သူတို့အား တိုက်ခိုက်ရန် ချောင်းနေသော ရန်သူ၏လက်ထဲမှ သူတို့ကိုယ်ကို ခုခံကာကွယ်ရန် ဘုရားသခင်၏နှုတ်ကပတ် တော်ကို မည်ကဲ့သို့အသုံးပြုရန် သင်ယူနေသောသူများလည်းဖြစ်ကြသည်။

လူငယ်ယုံကြည်သူတို့အကြောင်းကို ယောဟန်ဖော်ပြရာတွင် အားပါသော စကားလုံး ရွေးချယ် သုံးနှုန်းသည်ကို သတိပြုစေလိုပါသည်။ "လူပျိုတို့၊ သင်တို့ သည် ခွန်အားနှင့်ပြည့်စုံ၍ ဘုရားသခင်၏ နှုတ်ကပတ်တော်၌ မှီဝဲဆည်းကပ်သဖြင့် မာရ်နတ်ကို အောင်သောကြောင့် သင်တို့အား ငါရေး၍ပေးလိုက်ခဲ့ပြီ(၁ယော၊ ၂:၁၃-၁၄)။

လောကကို ကျွန်ုပ်တို့နှစ်သက်စွဲလန်းရလေအောင် ဤလောကသည် မသန့်ရှင်းရုံမက အထောက်အကူမပြုပါ။ ဤလောက၌ ကျွန်ုပ်တို့၏သေတမ်းစာကို ရှာဖွေနေသည့် တကယ့်ရန်သူဖြစ်ပါသည်။ ယေရှုခရစ်တော်သည် စစ်ပွဲကို အနိုင်ယူပြီးဖြစ်ကြောင်း မိမိတို့သည် သမ္မာတရား၌ နစ်သိမ့်ခွန်အား ယူသင့်သည်။ လူငယ်တို့မှုကား ဘဝမျိုးစုံနှင့် ရင်ဆိုင်တွေ့ကြုံသောအခါ ဘုရားသခင်၏ကျေးဇူး တော်၌ မည်ကဲ့သို့မှီခိုအားထားမည်ကို ကိုယ်တိုင်သင်ယူဖို့ လိုအပ်ပါသည်။

အခုဖော်ပြမည့်ကျမ်းချက်တွင် ဘုရားသခင်၏သမ္မာတရားထဲမှ ထွက်ပေါ် လာသောတန်ခိုး အကြောင်းကို ပေတရုက အခိုင်အမာကြေညာခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ကြားရသည်။

"ထိုသို့သောအားဖြင့်လည်း အလွန်ကြီးမြတ်၍ အဖိုးထိုက်သောကတိ များကို ငါတို့၌ အပ်ပေးတော်မူပြီ။ အကြောင်းမူကား ထိုကတိတော်များကို အမှီပြု၍ သင်တို့သည် လောကီတပ်မက်ခြင်း အညစ်အကြေးနှင့် ကင်းလွတ်သဖြင့် ဘုရား ပကတိကို ဆက်ဆံရသောသူ ဖြစ်ကြမည်အကြောင်းတည်း(၂ ပေ၊ ၁:၄)။

လူငယ်တို့သည် သူတို့ဖြစ်နေသည်ထက် ပို၍ကြီးရင့်သည်ဟု ယူဆတတ် ကြ၏။ သူတို့သည် တာဝန်ယူလိုစိတ်မရှိဘဲ လွတ်လပ်မှုကိုသာ တောင်းဆို

တတ်ကြ၏။ သူတို့သည် သူတို့ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို သတိမထားဘဲ လျစ်လျူရှုတတ်ကြ၏။ (ဤအရာသည် စိန်ခေါ်မှု တစ်စုံတစ်ရာအတွက် သူတို့ကို စိတ်အားထက်သန်စေနိုင်သည်)

## နောက်ထပ် ကြီးထွားခြင်း၏ခြေလှမ်းများ

ထိုသူတို့သည် ကလေးအရွယ်နှင့်အရွယ်ရောက်ပြီးသောသူတို့ကြား၌ နေလိုကြသည်။ အရွယ်ရောက် ပြီးသောလူဖြစ်ခြင်းမှ လွတ်မြောက်လိုသော ဆန္ဒသည် ကောင်းပေ၏။ သူတို့သည် ဘုရားသခင် ပို့ဆောင်နေသည်ဟု ယုံကြည်ထားသည့်အရာပေါ်၌ မှီအောင်လိုက်နေကြသည်။ ဤလူငယ်တို့သည် သူတစ်ပါးကို မှီခိုအားထားလျက် နေရသည့်အချိန်၊ တနည်းဆိုသော် ကလေးအရွယ် ရှိနေသေးသည့်အချိန်၌ပင် မိမိတို့ကိုယ်ကို ကြီးထွားပြီဟု ထင်တတ်ကြ၏။ သူတို့သည် သူတစ်ပါးအား ပြုစုစောင့်ရှောက်သည့် ဖခင်အဆင့်သို့ ရောက်ရှိလာရမည့်အကြောင်း သူတို့ကြီးထွားသည်နှင့်အမျှ ထိုဟာကွက်များကို လက်လွှတ်ဖို့ လိုအပ်ပါသည်။

ပညာရှိသောလုလင်သည် ကောင်းမွန်သောဝိညာဉ်ရေးရာ စည်းကမ်းချက်များကို ချမှတ်၍ ဖြားယောင်းသွေးဆောင်ခြင်းကို ရင်ဆိုင်ဖို့ရန်အတွက် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မည်ကဲ့သို့အသုံးပြုရမည်ကို သူတစ်ပါးထံမှ သင်ယူလျက်နေ၏။ လူငယ်ယုံကြည်သူသည် စူးရှသောမျက်လုံးနှင့်တကွ မိမိအထဲ၌ တိုက်ပွဲရှိသည်မရှိသည်ကို သတိပြုလာလိမ့်မည်။ သူသည် ယုံကြည်သူတစ်ဦးဖြစ်လျက်နှင့် အဘယ့်ကြောင့် ထိုသို့သောတိုက်ပွဲနှင့် ရင်ဆိုင်နေရသနည်းဟူ၍ တွေဝေမိနိုင်သည်။ တချိန်တည်းမှာပင် ဤလောကနတ်ဘုရားက သူ့အား တပ်မက်သောလမ်းနှင့် မိုက်မဲသောလမ်းတို့၌ လျှောက်လှမ်းရန် ဖြားယောင်းသွေးဆောင်နေသည်ကို သိရှိနားလည်လာလိမ့်မည်။

ဘုရားသခင်သည် တိုက်ပွဲနိုင်ပြီးဖြစ်၍ လူငယ်ယုံကြည်သူကိုလည်း တိုက်ပွဲနိုင်ရန် အပြည့်အဝ တပ်ဆင်ပေးပြီးဖြစ်သည်။ ထိုတိုက်ပွဲ၌ ရှုံးနိမ့်ခြင်းရှိသလို အောင်မြင်ခြင်းလည်းရှိ၏။ အကယ်၍ တစ်စုံတစ်ဦးက ထိုယုံကြည်သူကို တပည့်တော်ပြုပါက သင်တန်းကာလ တိုတောင်းပါလိမ့်မည်။ တပည့်တော်ပြုပေးသောသူကလည်း အဘယ့်ကြောင့် ဝိညာဉ်ရေးရာအသက်တာ ဖြစ်မြောက်အကောင်အထည်ဖော်သည်ကို ရှင်းပြနိုင်သည်။ သင်ယူလေ့လာစရာများ အလျင်အမြန် သင်ယူနိုင်ရ မည့်အကြောင်း သူသည် တပည့်တော်ပြုခြင်းခံသောသူအား လိုအပ်ချက်အစက်အပြောက်များကို တဆက်တည်းဖြစ်ဖို့ရန် ကူညီဖေးမနိုင်သည်။ သို့မဟုတ်လျှင် အသစ်သောယုံကြည်သူသည် တိုက်ပွဲဆင်နွှဲရန် များစွာရှိ၍ အခက်ခဲနှင့်ရှုံးနိမ့်ခြင်း ထပ်ခါတလဲလဲရင်ဆိုင်ရဖွယ်ရှိလာနိုင်သဖြင့် စိတ်ပျက်ခြင်းသို့ ဦးတည်သွားနိုင်သည်။

အသစ်ဖွားမြင်သောကလေးငယ်လေးကို ပြုစုစောင့်ရှောက်ခြင်းသည် မရှိမဖြစ်လိုအပ်သကဲ့သို့ လူငယ်ယုံကြည်သူသည် အသက်အရွယ်အရ ရင့်ကျက်ပြီးဟု ထင်ရသော်လည်း ပြုစုစောင့်ရှောက်ခြင်းသည် မရှိမဖြစ် လိုအပ်သောအရာဖြစ်ပါသည်။ ထိုသူသည် အပေါ်ယံကြည့်ခြင်းအားဖြင့် ဤအဆင့်၌ အကျိုးရှိ၍ ဖောက်ထွင်းမြင်နိုင်သော ယုံကြည်သူတစ်ဦးသည် ဆင်းရဲဒုက္ခနှင့်စုံစမ်းနှောင့်ယှက်ခြင်းတို့ကို ရင်ဆိုင်ရ သောအခါ ကြီးမားစွာအထောက်အကူပြုနိုင်မည်ဟု ထင်ရ၏။

## သင်ခန်းစာ

- လူငယ်ယုံကြည်သူများသည် ခိုင်ခံ့သောခရစ်ယာန်အသက်တာ၌ ရှင်သန်ဖို့ရန်အတွက် ဘုရားသခင်၏ နှုတ်ကပတ်ကို မည်ကဲ့သို့အသုံးပြုရမည်ဟူသည့် သင်ယူခြင်းဆိုင်ရာစိန်ခေါ်မှုကို ရင်ဆိုင်ကြရသည်။
- ကျွန်ုပ်တို့အသက်တာ၌ ဝိညာဉ်ရေးရာတိုက်ပွဲများ ရှိလာလိမ့်မည်။ အကြောင်းမှာ ကျွန်ုပ်တို့သွေးသားနှင့်ရန်သူသည် မိမိတို့ကိုထိခိုက်နာကျင်စေရန် လောကကို အသုံးပြုသောကြောင့်တည်း။
- ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့အား အပြောင်းအလဲမရှိသော အောင်မြင်မှုကို တွေ့ကြုံခံစားစေနိုင်ကြောင်း ကတိပြုထားသည်။
- ဤအဆင့်၌ ဝိညာဉ်ပိုင်းဆိုင်ရာ ထိုးထွင်းမြင်နိုင်ခြင်းသည် မိမိ၏ ဝိညာဉ်ရေးရာ အသက်တာ၌ တချို့သောအရာ အဘယ့်ကြောင့် ဖြစ်ပျက်နေသည်ကို နားမလည်သောသူတည်းဟူသော စိတ်ရှုပ်နေသော လူငယ်ယုံကြည်သူအား ကြီးမားစွာအထောက်အကူပြုနိုင်သည်။

## ကျက်မှတ်ဆင်ခြင်ပါ

- ၂ပေ၊ ၁:၄

## တာဝန်ပေးအပ်ခြင်း

- သင်သည် ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် သင့်ကိုယ်သင် ကျွေးမွေးခြင်းဆိုင်ရာ ခိုင်ခံ့သောဝိညာဉ်ရေးရာ စည်းကမ်းချက်ရှိပါသလား။ အဘယ့်ကြောင့်ရှိသနည်း သို့မဟုတ် အဘယ့်ကြောင့် မရှိပါသနည်း။
- နေ့စဉ် ဘုရားသခင်၏နှုတ်ကပတ်တော် ထည့်သွင်းခြင်းသည် ဝိညာဉ်ရေးရာအသက်တာ ခိုင်ခံ့ဖို့ရန် အရေးကြီးသည်ဟု သင်ယူဆပါသလား။ အဘယ့်ကြောင့် ထိုသို့ယူဆပါသနည်း။

- တစ်စုံတစ်ဦး၏ရှုံးနိမ့်ခြင်းနှင့်အောင်မြင်ခြင်းကို ဆက်စပ်မှုပြုပါ။ တစ်ခုချင်းစီကို သုံးသပ်ပါ။ သင်သည် အဘယ့်ကြောင့် ရှုံးနိမ့်ရသနည်း။ သင်သည် အဘယ့်ကြောင့် အောင်မြင်ရသနည်း။
- သင်သည် တိုက်ခိုက်ခြင်းနှင့်စုံစမ်းနှောင့်ယှက်ခြင်းကို ရင်ဆိုင်နေရသောသူ တစ်စုံတစ်ဦးအား ပြောပြဖို့ရန် ကောင်းကောင်းရင့်ကျက်ပါသလား။

# #၁၇ ရင့်ကျက်သောအရွယ် –အဆင့် #၃

ယောဟန်သည် ဤတတိယအဆင့်တည်းဟူသော နောက်ဆုံးအဆင့်ဖြစ်သည့် "ဖခင်အရွယ်" ကို ထိုးထွင်းသိမြင်စွမ်း အပြည့်ဖြင့် ဖော်ပြထားသည်။ တစ်စုံတစ်ဦးသည် "လူငယ်တစ်ဦး" ဖြစ်လာသောအခါ မရေရာမှု အချို့ရှိနိုင်သော်လည်း ဖခင်အရွယ်သည် ပို၍သေချာ၏။ ဖခင်တို့သည် သားသမီးများရရှိပိုင်ဆိုင်ကြ၏။

ကျွန်ုပ်တို့၏လက်ရှိကမ္ဘာသည် နိုင်ငံရေးမူဝါဒအများကို ပြင်စေခြင်းငှာ ဘုရားသခင်ဖွဲ့စည်းလိုက်သည့် ညှိနှိုင်း၍ရသောဘဝ၏နှစ်သက်ဖွယ်ကို ဖျက်ဆီးပစ်လိုက်၏။ အကယ်၍ ထိုထက်ကျော်လွန်၍ မိမိတို့၏ မိသားစုအကြောင်းကို စဉ်းစားနိုင် ပါက ယုံကြည်သူတိုင်းအတွက် ဘုရားသခင်၏ရည်မှန်းချက် ပန်းတိုင်များ အကြောင်းကို ပိုမိုနားလည်လာနိုင်သည်။ အကြောင်းမှာ ကျွန်ုပ်တို့အသီးသီးသည် ဖခင်ရှိကြသောကြောင့်တည်း။ ကျွန်ုပ်တို့ဖခင်များသည် အလိုအလျောက်ဖခင်ကောင်းများ မဟုတ်ကြပါ။ ကျမ်းစာ သင်တန်းများကို ကျွန်တော်ဦးစီး၍ လုပ်ဆောင်သည့်နေရာ၌ များစွာသောလူတို့သည် ဖခင်ကောင်းများ မပိုင်ဆိုင်ကြပေ။ အကယ်၍ သူတို့က ငါတို့၌ ဖခင်ကောင်းများ ရှိကြပါသည်ဟု ဆိုသည့်တိုင်အောင် ဖခင်ကောင်းဟူသည်မှာ မည်သို့ဖြစ်ကြောင်းကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ခြင်း မရှိကြပေ။



## ကျွန်ုပ်တို့အဖို့ ဘုရားသခင်၏ပန်းတိုင်များ

ရင့်ကျက်သောယုံကြည်သူ အဆင့်အတန်းနှင့်စပ်လျဉ်း၍ ထူးခြားချက်သုံးမျိုးရှိသည်။

(၁) ဘုရားသခင်သည် ကျွန်ုပ်တို့အား ဤတတိယအဆင့်တည်းဟူသော နောက်ဆုံးအဆင့်ဖြစ်သည့် ဝိညာဉ်ပိုင်းဆိုင်ရာကြီးထွားဖွံ့ဖြိုးခြင်းသို့ ရွေ့လျားရန် အလိုရှိ၏။

(၂) ဘုရားသခင်သည် ကျွန်ုပ်တို့အသီးသီးအား အခြားသူများကို ဝိညာဉ်ရေးရာ အသက်တာသစ်သို့ ပို့ဆောင်စေလိုသည်။

(၃) ဘုရားသခင်သည် ကျွန်ုပ်တို့အနီးအနားရှိ ဝိညာဉ်ရေးရာ အသက်တာရရှိသောသူတို့အား တာဝန်ယူပြုစုစောင့်ရှောက်ရန် အလိုရှိတော်မူ၏။

ဦးစွာပထမ၊ ဘုရားသခင်သည် ကျွန်ုပ်တို့အသီးသီးအား ဝိညာဉ်ရေးရာ ရင့်ကျက်ခြင်းသို့ ရှေ့ရှုရွေ့လျားရန် အလိုရှိ၏။ "ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့၎င်း၊ ဘုရားသခင်၏သားတော်ကို သိကျွမ်းခြင်းသို့၎င်း၊ တညီတညွတ်တည်း ရောက်၍ ခရစ်တော်၏ပြည့်စုံခြင်း ပမာဏအရပ်တည်းဟူသော ကြီးရင့်သောသူ၏ အဖြစ်သို့ ရောက်ကြသည်တိုင်အောင် ဖြစ်သတည်း" (ဧ၄:၁၃)။

ကလေးငယ်အဆင့်သည် နှစ်လိုဖွယ်ကောင်းသော်လည်း ၎င်းသည် ပန်းတိုင်မဟုတ်သလို၊ ဆယ်ကျော်သက်အရွယ်လည်း မဟုတ်ပေ။ သူတို့အဖို့ ဘုရားသခင်စီစဉ်သည့်အတိုင်း ထိုသူတို့သည် လေ့ကျင့်ခြင်း၌ ရှိနေကြသေး၏။ တမန်တော်ပေါလုက "ဖခင်" အဆင့်ကို ခရစ်တော်၏ပြည့်စုံခြင်းဖြင့် ရင့်ကျက်သောသူဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ယေရှုခရစ်တော်၏အမှတ်လက္ခဏာသည် ကျွန်ုပ်တို့ အသက်တာထဲ၌ ရှင်းလင်းစွာပေါ်လွင်သင့်သည်။

ပေါလုသည် "ဖခင်များ" ဟူ၍ သုံးစွဲသော်လည်း ၎င်းသည် "သူ" ဖြစ်ကြောင်း သိသာထင်ရှား၏။ ယောဟန်သည် "ယောကျ်ားတို့၏ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးမှုကို" သာ မပြောဆိုဘဲ၊ "မိန်းမတို့၏ ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးမှု" ကိုပါ ပြောဆိုသကဲ့သို့ဖြစ်၏။ တိုင်းနိုင်ငံအသီးသီးနှင့်ယဉ်ကျေးမှု အသီးသီးထဲက ယုံကြည်သူအပေါင်းတို့သည် ခရစ်တော်၌ ကြီးထွားရင့်ကျက်ရန် မျှော်လင့်သောသူများ ဖြစ်ကြသည်။

ကြီးထွားနိုင်ဖို့အလို့ငှာ ကျွန်ုပ်တို့သည် မိမိတို့အဖို့ ဘုရားသခင်၏ရူပါရုံကို ရရှိရမည်။ ၎င်းကို ရရှိဖို့ရန် ယုံကြည်ခြင်းလိုအပ်သည်။ "အကယ်၍ ဘုရားသခင်သည် ငါတို့အား ကြီးထွားစေလိုလျှင် ၎င်းကို ကိုယ်တော်ကိုယ်တိုင် အမှုပြုပါလိမ့်မည်" ဟု မိမိတို့တွေးတောနိုင်ပါသည်။ ဤသည်ကား ယုံကြည်ခြင်းဖြင့် တည်ဆောက်ထားသော သမ္မာတရားများဖြစ်ပါသည်။ ယုံကြည်သူတိုင်း မြေကြီးပေါ်၌ ရှိနေစဉ် ခရစ်တော်နှင့်သဏ္ဍာန်တူသည့်အဖြစ်သို့ ကြီးထွားရမည်ဟူသော အချက်ကို မိမိတို့သိရှိသောအခါ မိမိတို့သည် မည်သို့သောအနှောင့်အယှက်မျိုးကို ရင်ဆိုင်နေရသည်ဖြစ်စေ ကြီးထွားနိုင်ရမည့်အကြောင်း ထိုအမှုသည် ဘုရားသခင်လုပ်ဆောင်သောအရာဖြစ်သည်ဟု မိမိတို့သဘောတူကြရမည်။

## အခြားသောသူများအကြောင်း စဉ်းစားခြင်း

ဒုတိယအနေဖြင့် ရင့်ကျက်သောသူသည် အသက်သစ်ကို ရှေ့ဆက်သယ်ပိုးစေရန် ဘုရားသခင်ပြုတော်မူ၏။ ထိုအမှုတို့သည် အသက်နှင့်ဆိုင်သော အကြောင်းအရာများ မဟုတ်ပါလော။ ယနေ့လောကီသားတို့သည် အသက်ကို ငြင်းပယ်၍ မျိုးဆက်ကိုဖြစ်ထွန်းစေသော ဤပုံရိပ်ကို စိတ်ပျက်ဖွယ် ကောင်းလောက်အောင် ရှုံ့မဲ့စေခဲ့ကြ၏။ ကြီးထွားနေသောလူတစ်ဦးအကြောင်းကို စဉ်းစားကြည့်ပါ။ ထိုသူသည် ထိမ်းမြားမည့်သူကို ရှာဖွေလျက် သားသမီးများ ထွန်းကားရန်

ကြီးမားသောရည်မှန်းချက်ထားရှိ၏။ ဤသို့သော လိုအင်ဆန္ဒများသည် မိမိတို့ အထဲ၌ တည်ရှိပြီးဖြစ်သည်။

ဝိညာဉ်သဘောအရ ပြောရလျှင် ကျွန်ုပ်တို့သည် ဧဝံဂေလိသတင်းကောင်း ဝေငှရန် တာဝန်နှင့် အခြားသူများအား ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်နှင့်ဆက်နွယ်ခြင်းသို့ ပို့ဆောင်ပေးရန် တာဝန်တို့ကို မည်သည့်အခါမျှ မမေ့လျော့ရ။ ကျွန်ုပ်တို့သည် ထိုသူတို့ကို ဤအသစ်သောဆက်နွယ်ခြင်းသို့ ပို့ဆောင်သောအခါ သူတို့ကို ပြုစုစောင့်ရှောက်ရန် မိမိတို့တာဝန်ရှိလာသည်။ ကျွန်ုပ်တို့ရှိသမျှသည် ဘုရားသခင်၏နှုတ်ကပတ်ကို ဟောပြောသောသူများ သို့မဟုတ် သင်ကြားပေးသောသူများ မဟုတ်သော်လည်း မိမိတို့အသီးသီးသည် မိမိတို့အနီးအနား၌ရှိသောသူတို့ကို ကယ်တင်ခြင်းရရှိဖို့ရန်နှင့်ကြီးထွားဖို့ရန် တာဝန်ရှိသောသူများဖြစ်ကြသည်။

## ဝိညာဉ်ရေးရာ ပြုစုစောင့်ရှောက်ခြင်း

နောက်ဆုံးအနေဖြင့် ကျွန်ုပ်တို့သည် မိမိတို့အနီးအနား၌ရှိသော သူတို့ အတွက် ဝိညာဉ်ရေးရာ ပြုစုစောင့်ရှောက်ခြင်းကို လုပ်ဆောင်ရန်ဖြစ်ပါသည်။ ဘုရားသခင်ထံသို့ မိမိတို့ပို့ဆောင်သော ထိုသူတို့ကို မိမိတို့ကူညီရမည်။ ကျွန်ုပ်တို့ထံသို့ ဘုရားသခင်ခေါ်ဆောင်လာသောသူတို့၌လည်း မိမိတို့ အလုပ်အကျွေး ပြုရန် တာဝန်ရှိ၏။

ဤရွှေ့ပြောင်းခေတ်ကြီး၌ လူတို့သည် ပုံမှန်အားဖြင့် မိမိတို့၏အလုပ်များကို ပြောင်းလျက်နေကြ၏။ ခရစ်ယာန်တို့သည်လည်း ကမ္ဘာအနှံ့ပတ်ချာလှည့်လည်၍ ပြောင်းလျက်နေကြ၏။ အခြားတိုင်းပြည်ထဲက ယုံကြည်သူများသည် မိမိတို့အနီးအနား၌ ရောက်ရှိလာနိုင်သည်။ ကျွန်ုပ်တို့သည် အခြားသူများကို အလုပ်အကျွေးပြုရန် အခွင့်အလမ်းရှာဖွေဖို့လိုအပ်လာသည်။ ကျွန်ုပ်တို့သည် ဤအမှုကို ထောင်လွှားသောစိတ်ဖြင့်မပြုရ။ အကြောင်းမှာ ၎င်းသည် ဘုရားသခင်ဆိုလိုသော သူ့သိုးတို့ကို ပြုစုစောင့်ရှောက်ခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် မိမိတို့အနီးအနား၌ရှိသော သူတို့ကိုပြုစုစောင့်ရှောက်ဖို့ရန် ပို၍ ရင့်ကျက်သောယုံကြည်သူများကို အသုံးပြု၏။

များစွာသောတိုင်းပြည်၌ ရောဂါဖြစ်ပွားမှုနှင့်သဘာဝဘေးဒဏ်ကြောင့် မိဘမဲ့ကလေးများ မရေတွက် နိုင်လောက်အောင်ပင် ဖြစ်ထွန်းစေပါသည်။ ထိုထဲမှ များစွာသောအသင်းတော်များနှင့် သင်းအုပ်တို့သည် မိမိတို့မိသားစုများအတွက် လုံလောက်သောအစားအစာမရှိသော်လည်း ထိုကလေးများကို မွေးစားရန် ခေါ်လှမ်းလှမ်းကြ၏။

ထို့အတူ ကျွန်ုပ်တို့သည်လည်း မိမိတို့၏အလုပ်ကို လုပ်ဆောင်ဖို့ လိုအပ်သည်။ ထိုသို့ဆိုရာတွင် အခြားသောသူများအတွက် ဝိညာဉ်ပိုင်းဆိုင်ရာ

ပြုစုစောင့်ရှောက်ခြင်းကိုဆိုလိုသည်။ ဤကား တပည့်တော် ဖြစ်စေရန် ဘုရားသခင်ပေးအပ်သည့်တာဝန်ဖြစ်ပါသည်။ ထိုတာဝန်တို့မှာ ယုံကြည်သူများ၏ ကြီးထွား ဖွံ့ဖြိုးမှုအတွက် ဘုရားသခင်၏မေတ္တာနှင့်ပြုစုစောင့်ရှောက်ခြင်းတို့ကို ဝေမျှရန်ဖြစ်သည်။ များစွာသော အသင်းတော်များတွင် အသင်းအဖွဲ့ငယ်များ ၏ကြီးထွားဖွံ့ဖြိုးမှုသည် ဤဖြစ်စဉ်၌ ကြီးမားစွာအထောက်အကူ ဖြစ်စေသော်လည်း မိမိတို့၏အစီအစဉ်များနှင့် မသင့်တော်သောအရာများ ရှိကောင်းရှိနိုင်၏။ ထိုသူတို့ ၏လိုအပ်ချက်များကို သတိပေးကြပါစို့။

ဖခင်တစ်ဦးသည် မိမိနှစ်သက်အားရသည်များကိုသာ ရှာဖွေ၍ သားသမီး များ၏လိုအပ်မှုကို လျစ်လျူရှုလျှင် ထိုသူသည် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော ဖခင်ပင်ဖြစ်သည်။ ထိုအမှုသည် မှားယွင်းပါ၏။

အခြားသောသူများကို ပြုစုစောင့်ရှောက်ခြင်းသည် ထိုသူတို့ထံသို့ ဘုရားသခင်၏မေတ္တာနှင့် ဉာဏ်ပညာတို့ကို လွှဲပြောင်းပေးရန် ဘုရားသခင်၏ ကြီးမားသောအခွင့်ထူးဖြစ်ပါသည်။ ယောကျ်ားတို့အဖို့ အသင်းတော်၌ အသင်း တော်ခေါင်းဆောင်ပိုင်းဆိုင်ရာရာထူးများထိ ခြေလှမ်းလှမ်းရန် သူတို့၏ လိုလားမှုလည်းပါဝင်သည်။ ထို့ပြင် စုံတွဲတစ်တွဲနှင့်အခြားစုံတွဲတစ်တွဲတို့စပ်ကြား၊ ညီအစ်မတစ်ဦးနှင့် အခြားညီအစ်မတစ်ဦးစပ်ကြား၊ ယောကျ်ားတစ်ဦးနှင့်အခြား ယောကျ်ားတစ်ဦးစပ်ကြားတို့၌ အကြံပေးခြင်း လည်းပါဝင်သည်။ သင့်အနီး အနား၌ရှိသော သူတို့၏လိုအပ်ချက်ရှိရာသို့ နားစွင့်ရမည်။ ဘုရားသခင်သည် ထိုသူတို့ကြီးထွားခြင်း၌ အထောက်အကူဖြစ်စေရန် သင့်ကိုအသုံးပြုလိုသည်။

## သင်ခန်းစာ

- "ဖခင်သည်" ရင့်ကျက်သောယုံကြည်သူဖြစ်၍ လူငယ်ယုံကြည်သူ၏ ရှန်းကန်လှုပ်ရှားမှုများ တစ်ဘက်၌ ခြေလှမ်းလှမ်းသဖြင့် အခြားသူများ အပေါ်၌ မိမိ၏ဂရုစိုက်ခြင်းကို အာရုံစူးစိုက်နိုင်သူဖြစ်သည်။
- ဘုရားသခင်၏လူတို့သည် ခရစ်တော်၌ စုံလင်သောရင့်ကျက်ခြင်းသို့ ကြီးထွားနိုင် / သင့်သည်။
- ကျွန်ုပ်တို့သည် အခြားသူများအပေါ်၌ အသက်နှင့်ဆိုင်သော ဘုရားသခင် ၏သမ္မာတရားကို လက်ဆင့်ကမ်းရန် တာဝန်ရှိသောသူများဖြစ်ကြသည်။

## ကျက်မှတ်ဆင်ခြင်ပါ

- ဧဖက်၊ ၄:၁၃

## တာဝန်ပေးအပ်ခြင်း

- ယေရှု၏နောက်လိုက်သူဖြစ်သည်မှာ ဘယ်လောက်ကြာပြီနည်း။ သင်သည် ဝိညာဉ်ရေးရာ၌ "ဖခင်" ဖြစ်ပါသလား။
- သင်သည် ခရစ်တော်၌ ပို၍ငယ်ရွယ်သောယုံကြည်သူများကို ပြုစုစောင့်ရှောက်ပါသလား။ ၎င်းသည် မည်ကဲ့သို့ ရွေ့လျားသနည်း။ ၎င်းသည် မည်ကဲ့သို့ ပို၍ကောင်းနိုင်မည်နည်း။
- သင့်အနီးအနား၌ ပြုစုစောင့်ရှောက်နေသောသူ တစ်စုံတစ်ဦးရှိပါသလား။

# #၁၈ အသက်ရှင်ခြင်း၏စက်ဝိုင်း

အသက်ရှင်ခြင်း၏စက်ဝိုင်းသည် ခန္ဓာနယ်ပယ်၌သာ မှန်ကန်မှုရှိသည် မဟုတ်ဘဲ ဝိညာဉ်ရေး ရာနယ်ပယ်၌လည်း မှန်ကန်မှုရှိ၏။ ကျွန်ုပ်တို့သည် ဤလောကသို့ မွေးဖွားလာ၍ ရုန်းကန်လှုပ်ရှားများနှင့် ကြီးထွားလာကာ အခြားသူများကို ဆွဲခေါ်လျက် ထိုသူတို့ကို ကြည့်ရှုစောင့်ရှောက်လေ၏။ ထို့နောက် ကျွန်ုပ်တို့သည် အခြားသူများအား အခွင့်အလမ်း လက်ဆင့်ကမ်းရန် ဤစက်ဝိုင်း၏သံသယာထဲမှ ခြေလှမ်းလှမ်းလေ၏။

ဤရုပ်လုံးပုံကြီးသည် ဤအသက်တာ၌ ကျွန်ုပ်တို့အသီးသီးအတွက် ဘုရားသခင်စီရင်သည့် အထူးအလုပ်ကို အကန့်အသတ်ရှိသည့်အချိန်၌ နားလည်လွယ်ကူစေရန် မိမိတို့အားအထောက်အကူ ပြုပါသည်။ ကျွန်ုပ်တို့သည် အချိန်နာရီနှင့် အခွင့်အလမ်း အကန့်အသတ်ရှိသည့် မရေရာမသေချာသော အရပ်၌ နေထိုင်သူများဖြစ်ကြသည်။ ကျွန်ုပ်တို့အား ဘုရားသခင်၏ကျေးဇူးတော်နယ်ပယ်ထဲသို့ ပို့ဆောင်ပေးသော ဘုရားသခင်၏ရည်ရွယ်ချက်ကို မိမိတို့စတင်နားလည်နိုင်ပါသည်။

ဤမြေကြီးပေါ်၌ ကျွန်ုပ်တို့ရရှိသောအချိန်သည် တိုတောင်းလှသော်လည်း ၎င်းက ထာဝရကာလနှင့်ဆိုင်သောအရာကို ကြီးမားစွာပုံသွင်းနိုင်သည်။ သာမန်အားဖြင့် မိမိတို့ယုံကြည်လက်ခံသည့်အရာများထက် မိမိတို့၏နေ့စဉ် ဆုံးဖြတ်ချက်များသည်သာ ပို၍အရေးကြီး၏။ ကျွန်ုပ်တို့အသီးသီး၏လုပ်ဆောင်ချက်များသည် မိမိတို့အသက်တာများ၌ ထာဝရကာလအတွက် ကြီးမားစွာလွှမ်းမိုးနိုင်သည်။ ဘုရားသခင်သည် ဤအမှုကို အတိအကျလုပ်ဆောင်တော်မူ၏။

## တစ်ခုလုံးကို ဆုပ်ကိုင်ရရှိခြင်း

ဝိညာဉ်ရေးရာကြီးထွားခြင်းကို အကျယ်တဝင့် နားလည်သဘောပေါက်ခြင်းသည် အသက်ရှင်ခြင်းကို အဆုံးစွန်ပြည့်စုံစေပါသည်။ ဖြစ်ပျက်သော လမ်းစဉ်မှာ

- တာဝန်ခံမှု - ကျွန်ုပ်တို့သည် မိမိတို့၏မျက်မှောက်အသက်တာ၌ အရေးပါသည့်အရာအတွက် ပိုမိုလွယ်ကူစွာ နိုးကြားတတ်၏။
- ရှင်းလင်းမှု - ကျွန်ုပ်တို့သည် မိမိတို့အားဖြင့် ပေါက်ကြားပြီးသောအရာသို့မဟုတ် မပေါက်ကြား သေးသည့်အရာနှင့်ဆိုင်သော ရုပ်လုံးပုံသဏ္ဍာန်ကို အတော်အတန် ရရှိပြီးဖြစ်သည်။

- ဦးတည်ချက် - ကျွန်ုပ်တို့သည် မိမိတို့အသက်တာအတွက် ဘုရားသခင်၏ အထူးအကြံအစည်ကို ပြည့်စုံစေခြင်းမှစ၍ ရင့်ကျက်ခြင်းသို့ ရောက်ရှိခြင်းအားဖြင့် မိမိတို့၏ဆုံးဖြတ်ချက်ကို ပြတ်သား စေကြ၏။

ကျွန်တော့်အဖေသည် ကျွန်ုပ်တို့အရပ်မြင့်တက်လာခြင်းကို တံခါးဘောင်၌ ခဲတံနှင့် အမှတ်အသား လုပ်ခြင်းဖြင့် တိုင်းထွာတတ်၏။ ငါလည်း ဘယ်လောက်မြင့်တက်လာသည်ကို တွေ့မြင်ချင်၍ အမြဲစိတ်လှုပ်ရှားလျက်နေ၏။ ကျွန်ုပ်တို့လည်း ဝိညာဉ်ရေးရာ၌ ထို့အတူဖြစ်ပါသည်။ ယုံကြည်သူတို့သည် သာမန်အားဖြင့် သူတို့ကိုယ်တိုင်၏ဝိညာဉ်ရေးရာ ကြီးထွားခြင်းအကြောင်းကို သိလိုစိတ်ပြင်းပြကြတတ်သည်။ တချို့သောအမှုသည် ယှဉ်ပြိုင်ရာကျသော်လည်း ၎င်းသည် စုံလင်သောရင့်ကျက်ခြင်းသို့ ပို့ဆောင်ပေးသည့် ပိုမိုကြီးထွားခြင်းကိုဖြစ်စေပါသည်။ ဤကြီးထွားခြင်းသည် ကျွန်ုပ်တို့ရင့်ကျက်ခြင်း အဆင့်သို့ ရောက်ရှိပြီးနောက်ပိုင်း၌လည်း ဤလောက၌ ဆက်လက်တိုးပွားနေမည်ဖြစ်သည်။

ယုံကြည်သူများကြားထဲ၌ ဝိညာဉ်ပိုင်းဆိုင်ရာပေါ့လျော့မှုနှင့်စပ်လျဉ်း၍ များစွာငုပ်နေသောပြဿနာကား ရည်မှန်းချက်ပန်းတိုင်များ မရှိခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ထိုသူတို့သည် ဝိညာဉ်ရေးရာ၌ မကြီးထွား တော့ဘဲ ရပ်တန့်လျက်နေကြ၏။ ထိုသူတို့သည် မိမိတို့အသက်တာထဲ၌ ဘုရားသခင် လုပ်ဆောင်လျက်ရှိသည့်အရာများကို အာရုံစူးစိုက်မည့်အစား သူတို့ကိုယ်တိုင်၏ပြဿနာများ၌ စိတ်အနှောင့်အယှက်ဖြစ်၍ ဘာသာရေးထောင်ချောက်၌ ယစ်မူးကာ လောက၏ ဖမ်းဆုပ်ခြင်းကို ခံလျက်နေကြ၏။

## စိတ်နှလုံးထဲ၌ ငိုကြွေးခြင်းနှစ်မျိုး

ယောရှုမှတ်စာနှင့်တရားသူကြီးမှတ်စာ နှစ်အုပ်တို့ကို ဖတ်ရှုပြီးနောက်ပိုင်း ငါ့စိတ်နှလုံးထဲ၌ နက်နဲသော ငိုကြွေးခြင်းနှစ်မျိုးကို ကောင်းကောင်းသဘောပေါက်လာသည်။

(၁) ယောရှုမှတ်စာသည် ကျွန်ုပ်အသက်တာတစ်လျှောက် ဘုရားသခင်၏ကြီးမားသောလုပ်ဆောင်ချက်ကို မျှော်လင့်တတ်ဖို့ရန် ကျွန်ုပ်စိတ်နှလုံးကို ဖိတ်ခေါ်ပါသည်။ အရာခပ်သိမ်း ဖြစ်နိုင်ပါသည်။ ငါ့အထဲ၌ဖြစ်စေ၊ အသင်းတော်၌ဖြစ်စေ၊ ဒေသတစ်နေရာ၌ဖြစ်စေ၊ ကမ္ဘာတဝှမ်း၌ဖြစ်စေ မည်သည့်အရာမျှ ဘုရားသခင်၏ အလုပ်ကို မဟန့်တားနိုင်ပေ။

(၂) ယောရှုမှတ်စာသည် ကျွန်ုပ်စိတ်နှလုံးကို နှိမ့်ချစေပါသည်။ ကျွန်ုပ်အသက်တာတာဝန်ဝတ္တရားများနှင့်စပ်လျဉ်း၍ ကျွန်ုပ်၏လျစ်လျူရှုမှုများအပေါ်၌ အလွန်စိတ်မကောင်း ဖြစ်မိသည်။ ကျွန်တော်ကောင်းကောင်း လုပ်နိုင်သောအရာများကို လုပ်ဆောင်ဖို့ ပျက်ကွက်ခဲ့သည်။

စွမ်းရည်နှင့်ပြည့်သောအောင်မြင်ခြင်းသည် ရှက်ကြောက်ဖွယ်ကောင်းသည့် ရှုံးနိမ့်ခြင်း၏နောက်၌ နေရာယူလျက်နေ၏။ တစ်ခုချင်းစီသည် အခြားတစ်ခုဖြစ်နိုင်သည်ကို သတိရစေသည်။ ကျွန်ုပ်တို့သည် မကြီးထွားသောကြောင့် ဓားစားခံများ မဟုတ်ကြပေ။ ကျွန်ုပ်တို့သည် အချိန်နာရီတိုင်းတွင် အခွင့်အလမ်း၏ တံခါးဝ၌ ရပ်လျက်နေသောသူများ ဖြစ်ကြသည်။

ကျွန်ုပ်တို့သည် ထိုတံခါးဝလမ်းမအတိုင်း လျှောက်လှမ်းသောအခါ မိမိတို့၏ဝိညာဉ်ပိုင်းဆိုင်ရာ ကြီးထွားဖွံ့ဖြိုးမှုသည် မည်သည့်အရပ်သို့ရောက်ရှိနေသည်ကို အကဲဖြတ်နိုင်ကြ၏။ ကျွန်ုပ်တို့စိတ်နှလုံးသည် ဘုရားသခင်လုပ်ဆောင်ပေးခဲ့သည့်အရာ၌ ကျေးဇူးတင်ရှိသော်လည်း တရားသူကြီးမှတ်စာ၌ ဖော်ပြသည့်အတိုင်း ထိုလမ်းစဉ်များ၌ပင် မကြာခဏ အသက်ရှင်ခြင်းနှင့်ဆိုင်သော အခြေခံစည်းမျဉ်းများကို လျစ်လျူရှုတတ်ကြ၏။ အသက်တာနှင့်ဆိုင်သော အခွင့်အလမ်းများမှာ အောက်ပါအတိုင်းဖြစ်သည်။ သင့်အုပ်စုကာ အဘယ်နည်း။


- သင်သည် ကြောက်စရာကောင်းသော လင်နှင့်အသက်ရှင်နေပါသလား။
- သင့်အထက်လူကြီးသည် သင်၏လုပ်နိုင်စွမ်းရည်ကို မသိမြင်တတ ်သူလော။
- သင့်ရည်းစားကို တစ်စုံတစ်ဦးက ခိုးယူခဲ့ပါသလား။
- သင်သည် အသက်ကြီးလျက်နေသည့်အပေါ်၌ စိတ်တိုပါသလား။

အကယ်၍ ကျွန်ုပ်တို့သည် မိမိတို့အနီးအနား၌ရှိသော အခြားသူများ၌သော်လည်းကောင်း၊ မိမိတို့ အသက်တာထဲ၌သော်လည်းကောင်း ပြဿနာများကို သတိပြုနေကြပါက အောင်မြင်ခြင်း၏နောက်၌သာ ထိုင်လျက်နေကြောင်း ကျွန်ုပ်တို့သတိရဖို့လိုအပ်သည်။ သမ္မာကျမ်းစာထဲ၌ ရန်သူ၏တန်ခိုးသည် မည်သည့်အခါမျှ အရေးမကြီးကြောင်း သင်သိရှိပါသလား။ ၎င်းသည် ရိုးရိုးလေး ဖြစ်ပါသည်။ အကြောင်းမှာ ဘုရားသခင်သည် ပို၍ကြီးမြတ်ပါ၏။ သို့ဖြစ်၍ ယောရှုမှတ်စာသည် ကျွန်ုပ်တို့အား သတိပေးရန် တရားသူကြီးမှတ်စာ မတိုင်မီနေရာယူလျက်ရှိ၏။

ကျွန်ုပ်တို့သည် အတိတ်၌ ဖြစ်ပျက်သောအရာကို ပြန်လည်မရယူနိုင်သော်လည်း မိမိတို့၏ဆောင်ရွက်မှုများကို ချဲ့ထွင်ဖို့ရန် သခင်ဘုရားအလိုရှိသည့်အတိုင်း ယုံကြည်မှုအပြည့်ဖြင့် မိမိတို့၏ အနာဂတ်ထဲသို့ လျှောက်လှမ်းဖို့ဖြစ်ပါသည်။ အတိတ်၌ ရှုံးနိမ့်မှုများရှိခဲ့ရင်လည်း အရေးမကြီးပေ။ ဘုရားသခင်သည် ယနေ့ကျွန်ုပ်တို့အား လမ်းပြရန် အသင့်ပြင်ဆင်၍ အဆင်သင့်နေ၏။

တမန်တော်ပေါလုက မိမိတို့အား တိုက်တွန်းသည်မှာ "ထို့ကြောင့် ပညာမဲ့ကဲ့သို့မဟုတ်၊ ပညာရှိကဲ့သို့စေ့စေ့မြဲမြဲ ကျင့်ဆောင်မည့်အကြောင်း သတိပြုကြလော့။ ယခုနေ့ရက်ကာလတို့သည် ဆိုးယုတ်သောကြောင့် ကာလအချိန်ကို

ရွေးနှုတ်ကြလော့။ ထို့ကြောင့် သတိမရှိသူမဖြစ်၊ သခင်ဘုရား၏ အလိုတော်ရှိရာကို ပိုင်းခြား၍ သိသောသူဖြစ်ကြလော့” (ဧ၊ ၅:၁၅-၁၇)။




အချိန်ဟူသည်မှာ ဘဝ၏အပိုင်းအစတစ်ခုဖြစ်၍ ကျွန်ုပ်တို့အားလုံးကို အကျိုးသက်ရောက်မှုပြုသည်။ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် နှိမ့်ချသော စိတ်နှင့် ကြိုးစားရှာဖွေစိတ်ရှိသောသူများအား ဘုရားသခင်သည် သူတို့ဆုံးရှုံးသော အချိန်များအတွက် ကုစားပေးနိုင်သည်။ စပျစ်ရည်ကို အချဉ်ဖောက်လာသည့် ဖြစ်စဉ်ထိ ပြုလုပ်ရာတွင် အချိန်ကြာမြင့်သော်လည်း ယေရှုသည် တခဏအတွင်း၌သာ ရေကို စပျစ်ရည်ပြောင်းပစ်လိုက်၏။

သင်သည် မည်သည့်ဝိညာဉ်ရေးရာ ဇယားပေါ်၌ ရှိကြောင်းရှင်းပြပါ။ သင်သည် မည်သည့်နေရာ၌ ရှိသင့်ပါသနည်း။ သင်ရှိသင့်သည့်နေရာသို့ သခင်ဘုရားပို့ဆောင်ပါမည့်အကြောင်း သူ့ကိုရှာဖွေ၍ သင့်အသက်တာ၌ သူ့အဖို့ အသီးအပွင့်တိုးပွားရန် ဆက်လက်ရှာဖွေရပါမည်။

## သင်ခန်းစာ

- ဝိညာဉ်ရေးရာကြီးထွားမှု ဇယားအပေါ်၌ ကျွန်ုပ်တို့ရောက်ရှိသည့်နေရာ ဖော်ထုတ်ခြင်းတွင် မိမိတို့၏ အကန့်အသတ်ရှိသောအချိန် နေရာများ သည် အရေးကြီး၍ မိမိတို့ရှေ့ဆက်သွားရန် စေ့ဆော်ပေး၏။
- ဘုရားသခင်သည် ကျွန်ုပ်တို့အသက်တာတစ်လျှောက် နည်းဗျူဟာကျကျ လုပ်ဆောင်စေလိုသော်လည်း ကြီးထွားမှု တိုးတက်ခြင်းနှင့်ရင့်ကျက်ခြင်း သည် မရှိမဖြစ်လိုအပ်အရာများဖြစ်သည်။
- ကျွန်ုပ်တို့သည် ကြီးထွားရန် ရည်ရွယ်ချက်ထားရှိသောအခါ ကြီးထွားမှု သည် လျင်မြန်လွယ်ကူလာ၍ ပိုမိုစိတ်လှုပ်ရှားလာတတ်၏။

## ကျက်မှတ် ဆင်ခြင်ပါ

- ဧ၊၅:၁၅-၁၇

## တာဝန်ပေးအပ်ခြင်း

- သင်သည် ဝိညာဉ်ရေးရာအသက်တာ ကြီးထွားခြင်းဇယား၌ မည်သည့်နေရာတွင် ရှိကြောင်း ထောက်ပြပါ။
- ဝိညာဉ်ရေးရာကြီးထွားမှု အရေးကြီးသည်ဟုခံစားပါသလား။ ဤအမှုနှင့်စပ်လျဉ်း၍ သခင်ဘုရားကို ပြောပြ၍ အသက်တာ၌ သင်၏ဦးစားပေးမှုအား မီးမောင်းထိုးပေးမည့်အကြောင်း ကိုယ်တော်ကို တောင်းခံပါ။
- သင်ကိုယ်တိုင်၏ကြီးထွားမှုအတွက် လိုအပ်သောအပြောင်းအလဲကို အတည်ပြုခြင်း၌ သင့်အား အာရုံစိုက်စေရန် လုပ်ငန်း၊ လုပ်ရိုးလုပ်စဉ်၊ အကြောင်းအရာနှင့်တိုးတက်မှုတစ်ခုခုကို ဖော်ထုတ်ပါ။ သင်သည် ၎င်းကို မည်ကဲ့သို့ / မည်သည့်အချိန်၌ အကောင်အထည်ဖော်မည်နည်း။ ဤအကြောင်းကို ထာဝရဘုရားအားပြောပြလော့(သု၊၃:၆)။

# အသက်၏ရင်းမြစ်
# &
# သက်၏အနှစ်သာရ

## အခန်း ၁၉-၃၂

# # ၁၉ တပည့်တော်ဖြစ်ခြင်း၏ရည်ရွယ်ချက်

အထက်ကဖော်ပြသည့်ကြီးထွားခြင်းဆိုင်ရာ အဆင့်သုံးဆင့်အကြောင်းကို ယုံကြည်သူများ ကြားသိသောအခါတွင် သူတို့သည် ခွန်အားရရှိပြီးဖြစ်ပါသည်။ သူတို့သည် ၎င်းတို့၏ဆိုလိုရင်းကို နားလည်သောအခါ အသစ်သောခြေထောက် တစ်စုံ ရရှိသကဲ့သို့ခံစားကြ၏။ များစွာသောသူတို့သည် ခရစ်ယာန်အသက်တာ၌ အဆင့်ဆင့်ရှိကြောင်းကို မစဉ်းစားဖူးကြပေ။ ထိုသို့ မစဉ်းစားဖူးသောသူတို့တွင် ခရစ်ယာန်ဓမ္မဆရာများနှင့်တရားဟောဆရာများလည်းပါဝင်သည်။

## ငါမသိသောအရာများ

ယုံကြည်သူတို့သည် ထုံစံအတိုင်း ခရစ်ယာန်အသက်တာကို မရှင်းမလင်း၊ နားလည်ရန်ခက်ခဲသည်ဟု ထင်တတ်ကြ၏။ သူတို့က "ငါကယ်တင်ခြင်းရရှိပြီးပါပြီ။ ဆိုတော့ အထက်ကောင်းကင်ကိုပဲ ရှေ့ရှုရမှာပေါ့" ဟု ဆိုတတ်ကြတယ်။ ထိုသူတို့ သည် သန့်ရှင်းစင်ကြယ်ခြင်းအကြောင်းအရာနှင့်စပ်လျဉ်း၍ သိပ်ပြီးနားလည်ပုံ မပေါက်ဘူး။

ငါနှင့်ငါ့မိန်းမဟာ ကလေးမိဘတွေကို ကလေးမချီတဲ့နည်း လေ့ကျင့်ပေး ကြတယ်။ အဲဒီနေရာမှာပင် ကျွန်ုပ်တို့အခက်ခဲရှိသေးတယ်။ မိခင်ကြီးများသည် မိသားစု၏လိုအပ်မှုကြောင့် အိမ်၌နေခြင်းအမှု နည်းသထက်နည်းလာသောအခါ အတွေ့အကြုံနည်းပါးလှသော ငယ်ရွယ်သည့်စုံတွဲများသည် သူတို့၏ကလေးငယ် များကို မည်ကဲ့သို့ပြုစုစောင့်ရှောက်ရမည်ကို မသိကြတော့ပေ။

တစ်စုံတစ်ဦးက အခြေခံအဆင့်မျှသာဖြစ်သည့်ကလေးငယ်အား ပြုစုပျိုး ထောင်ခြင်းနှင့်မိခင်နို့ တိုက်ကျွေးခြင်း အမှုတို့သည် သဘာဝအလျောက်ဖြစ်လာ လိမ့်မည်ဟုဆိုကြ၏။ သို့သော် ထိုသို့မဖြစ်နိုင်ပေ။ တစ်စုံတစ်ဦးသည် မိမိ၏သား သမီးများကို ကောင်းမွန်စွာ နို့တိုက်ကျွေး၍ ပြုစုပျိုးထောင်ရန် သင်ယူစရာ များစွာရှိပါသည်။ တစ်ခါတစ်ရံ သဘာဝအလျောက်ပြုမူတတ်သည့် သဘောသည် စိတ်ပျက်ဖွယ် ကောင်းလောက်အောင် အထောက်အကူမဖြစ်ပေ။ ထိုအကြောင်း ကြောင့် ဆေးရုံနှင့် ဆေးခန်းများတွင် ကလေးငယ်ပြုစုပျိုးထောင်ခြင်းနှင့်ဆိုင်သော ပညာပေးသင်ကြားခြင်း အတန်းများကို ထည့်သွင်းပေးခြင်း ဖြစ်သည်။

ခရစ်တော်၏သင်ကြားခြင်းသည်လည်း ထို့အတူဖြစ်၏။ ကျွန်ုပ်တို့သည် ဘုရားသခင်အတူပါရှိခြင်းကို သိရှိလျက် ဝတ်ပြုကိုးကွယ်ခြင်းအမှုကို ပြုနိုင်ပါသ လား။ ယုံကြည်သူများသည် အလိုအလျောက် ကြီးထွားပါမည်လော။ ပျိုလဲကျရှုံး ခြင်းကလွဲ၍ အခြားဘာမျှမဖြစ်နိုင်ပေ။ များစွာသောသူတို့သည် ဝိညာဉ်ရေးရာအ

ကြောင်းအရာများကို မှန်မှန်ကန်ကန် နားလည်သဘောပေါက်ကြသော်လည်း ပြဿနာများ ရှိနေသေးကြောင်း ကျမ်းစာပင်လျှင်ဖော်ပြ၏။ ၎င်းတို့မှာ အကျင့်ပိုင်းဆိုင်ရာ (ရော၊၂:၁၄-၁၅)၊ ဘုရားသခင် ပါရှိခြင်း (ရော၊၁:၁၉-၂၀) သို့မဟုတ် တစ်ကိုယ်ကောင်းဆန်ခြင်းနှင့်စပ်လျဉ်း၍ မှားယွင်းမှုတို့ဖြစ်ပါသည်။ ဤအရာတို့သည် မရှင်းမလင်းဖြစ်နိုင်ပါသည်။ ထိုစဉ်၌ မိမိတို့၏အာရုံခံစားမှုသည် မိမိတို့၌ရှိသည့် မရေရာသောအရာကို အလွယ်တကူ ပယ်ချနိုင်သည်။

ဤအကြောင်းကြောင့် ယေရှုက ကျွန်ုပ်တို့အား တပည့်တော်မွေးထုတ်ရန် မိန့်ဆိုခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ယေရှုမိန့်ဆိုခဲ့သောအရာနှင့်ပြုခဲ့သည့် အရာများကို အခြားသူများအား သင်ယူစေရန် ခေါ်ဆောင်လာရမည်။ "ငါသည် သင်တို့အား မိန့်မှာသမျှတို့ကို စောင့်ရှောက်စေခြင်းငှာ သူတို့အား ဆုံးမဩဝါဒပေးကြလော့" (မ၊၂၈:၁၉)။

မကြာသေးမီကနှစ်များတွင် များစွာသောသူတို့သည် တပည့်တော်ဖြစ်ခြင်းအကြောင်းနှင့်စပ်လျဉ်း၍ သင်ကြားပေးခြင်းနှင့်ရေးသားခြင်းများ လုပ်ဆောင်ခဲ့သည်ကိုတွေ့ရှိ၍ ဝါဝမ်းသာအားရဖြစ်၏။ သို့သော်လည်း လူတို့သည် တပည့်တော်ဖြစ်ခြင်းကို ဦးတည်ရာလမ်းကြောင်းထက် နည်းဗျူဟာတစ်ခုဟု ယူဆလာခြင်းကြောင့်တစ်ကြောင်း၊ အကြောင်းအရာထက် ကိုယ်တိုင်ဆက်နွယ်ခြင်း အပေါ်၌ပို၍အာရုံစိုက်လာခြင်းကြောင့်တစ်ကြောင်း ငါသည် စိတ်ပျက်လာ၏။ သူတို့အသီးသီးက အခြားသူများအား မည်ကဲ့သို့လေ့ကျင့်သင်ကြားပေးမည်ဟူသောအရာ၌ အာရုံစိုက်သည်ကို ငါလည်း အသိအမှတ်ပြုပါသည်။ ဤအကြောင်းအရာကို ငါလည်းသင်ပေး၏။ အကြောင်းမှာ ဤအကြောင်းအရာသည် အချို့ကိစ္စများ၌ မေ့လျော့၍ အဆင့်အတန်းလျော့ကျလာသောကြောင့်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့သည် ထိုအရာကို ကျော်လွန်၍ ဆက်သွားဖို့ လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်ကား အခြားသူများ သင်ယူစေခြင်းငှာ သင်ကြားပေးရန် ဖြစ်ပါသည်။ ဤ" သင်ယူလေ့လာခြင်း" သည် တပည့်တော်ဖြစ်ခြင်းထက် သာလွန်သော တကယ့်အဓိပ္ပာယ်ဆိုလိုရင်းဖြစ်သည်။ ကျွန်ုပ်တို့ထဲတွင် များစွာသောသူတို့သည် သင်ကြားပေးခြင်း အရေအတွက်ဖြင့် သက်သောင့်သက်သာ ခံစားကြ၏။ ထိုအရာတို့ကို စမ်းသပ်စစ်ဆေး၍ တိုင်းတာနိုင်၏။ အနောက်တိုင်း ပညာရေးသည် ဤအတွက် ကျွန်ုပ်တို့အား လေ့ကျင့်ပေးသည်။ သို့ရာတွင် ဝိညာဉ်ရေးရာ ကိစ္စများသည် လွယ်လွယ်ကူကူ စမ်းသပ်စစ်ဆေး၍ မဖြစ်ပေ။ ထို့ကြောင့် ၎င်းသည်

(၁) လျစ်လျူရှုလွယ်၍

(၂) မရှင်းမလင်းဖြစ်ကာ

(၃) အပြင်ပန်းအားဖြင့် ဆီလျော်မှုနည်းပါးတတ်သည်။

ပေါလုနှင့်အခြားသူများကလည်း ကျွန်ုပ်တို့သည် ယေရှုအကြောင်းကို မှန်ကန်စွာ သင်ယူသောအခါ အရေးကြီးသည့်အပြောင်းအလဲ ဖြစ်ပေါ်ကြောင်း အတည်ပြုပြောဆိုကြ၏။ "စိတ်နှလုံးသဘောသစ်ကို ရရှိပြီးလျှင် မှန်သောဖြောင့် မတ်ခြင်း၊ သန့်ရှင်းခြင်းပါရမီအားဖြင့် ဘုရားသခင်နှင့်အတူအမျှ ဖန်ဆင်းသော လူသစ်ကို ယူတင်ဝတ်ဆောင်မည်အကြောင်း၊ (ဧ၄:၂၃) ဟူသောစကားစုသည် အရေးကြီးသော်လည်း လိုအပ်သည့်ပြောင်းလဲခြင်း ဖြစ်ပေါ်စေရန် လုံလောက်သော ရှင်းလင်းမှုနှင့် အခိုင်အမာယုံကြည်မှုတို့ပါ တွဲဖက်ရမည်။

## ၁ယော၊ ၂:၁၂-၁၄ ၌ရှိသော သမ္မာတရား၏တန်ခိုး

၁ယော၊၂:၁၂-၁၄ ၌ ဖော်ပြသည့်အကြောင်းအရာကို သင်ကြားခြင်း၌ ကျွန်ုပ်တော် အတော့်ကိုစိတ်လှုပ်ရှားခဲ့ပါသည်။ ကျွန်ုပ်တို့အားလုံးသည် မိသားစုအ ကြောင်းနှင့်ပတ်သက်၍ ရင်းနှီးကြသောကြောင့် ယောဟန်သည် ဤအရာကို ချက်ချင်း သင်ယူရန်အတွက် အလွန်ရိုးရှင်းစွာဖော်ပြ၏။ ဘုရားသခင်သည် ဤအရာကို လွယ်လွယ်ကူကူ သင်ယူရန်နှင့်ကြီးထွားရန်အတွက် လုပ်ဆောင်ခြင်း ဖြစ်သည်။

ထိုထက်မက ယောဟန်သည် တစ်ဦးချင်းစီနှင့်ဆိုင်သည့် ကဏ္ဍများကို ပိုမိုကောင်းမွန်စွာ သင်ယူလေ့လာနိုင်ရန် ကျွန်ုပ်တို့အား အထောက်အကူဖြစ် စေမည့် ပြည့်စုံသောနည်းစနစ်ကို ပြင်ဆင်ပေး၏။ အသက်တာနှင့်ဆိုင်သော ထိုအဆင့်သုံးဆင့်အကြောင်းကို အစပိုင်း၌ ဖော်ပြပြီးဖြစ်သော်လည်း ၎င်းသည် အစပြုခြင်းသာဖြစ်သည်။ ဝိညာဉ်ပိုင်းဆိုင်ရာ သင်ယူလေ့လာခြင်းသည် နက်ရှိုင်း သောပင်လယ်သမုဒ္ဒရာထဲသို့ ဆင်းသွားပြီးလမ်းလျှောက်ခြင်းနှင့်တူ၏။ ကျွန်ုပ်တို့ သည် မမျှော်လင့်သောလှိုင်းတံပိုး ရိုက်ခတ်ခြင်းဒဏ်ကို ခံရနိုင်သည်သာမက ပင်လယ်အောက်ခြေကို မတွေ့ဘဲနေနိုင်၏။ ထိုသို့ဖြစ်သည့်တိုင်အောင် ဘုရား သခင်သည် ကျွန်ုပ်တို့အား ပို၍နက်သောရေထဲသို့ ဆင်းလာရာ ဆက်လက်ခေါ် ဖိတ်တတ်၏။ ကိုယ်တော်သည် ကျွန်ုပ်တို့အား ပို့ဆောင်လေရာရာ၌ သူ့ကိုသာ ကိုးစားစေလို၏။ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် သူ၏ဘုန်းအသရေရှိသောပုဂ္ဂိုလ် ဖြစ်ခြင်းနှင့်အကြံအစည်များကို ပိုမိုထိတွေ့ခံစားနိုင်မည် ဖြစ်သည်။

## သင်ကြားခြင်းထဲက အမြင်

အသက်၏ရင်းမြစ်နှင့်အချက်အချာဖြစ်သည့် ဤအပိုင်းရှိ ဖွဲ့စည်းမှုစနစ် အားလုံးတို့သည် ပညာရေးရာနှင့်သင်ကြားခြင်း ရှုထောင့်အမြင်ထဲက အစိတ် အပိုင်းများနှင့်အပြန်အလှန်ဆက်နွယ်မှုရှိကြောင်းကို ကျွန်ုပ်တို့ပြသသွားမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဤအရာကို တစ်ဦးချင်းအဆင့် အကန့်အသတ်ဖြင့် လုပ်ဆောင်ခဲ့သော်လည်း အသင်းတော်ကြီး၌ အသုံးပြုရန်လည်း အရေးကြီး ပါသည်။

ဤချဉ်းကပ်မှုသည် ကျွန်ုပ်တို့သင်ကြားခြင်း၌ အကောင်အထည်ဖော် စေနိုင်သည့် သင်ကြားလေ့ကျင့်ခြင်းဆိုင်ရာ လက်တွေ့ကျသောနည်းလမ်းများ ဖြစ်၍ မိမိတို့အတွက် အထောက်အကူဖြစ်စေသည်။ ထို့အပြင် ကျွန်ုပ်တို့၏ သင်ကြားလေ့ကျင့်ခြင်း၌ ဝိညာဉ်ပိုင်းဆိုင်ရာ ကြီးထွားဖွံ့ဖြိုးမှုကိုပါ ဖြစ်ပေါ်စေသည်။ ဆရာသမားများ ကြည့်ရှုံနဲ့ ကျွန်ုပ်တို့သည် အရည်အသွေးပမာဏများများကို ထုတ်လုပ်နိုင်လိမ့်မည်ဟု သေချာပေါက်မပြောနိုင်ပါ။ သို့သော် အခြားသူများအား သင်ကြားလေ့ကျင့်ပေးသောအခါ မိမိတို့အဖို့ ဘုရားသခင်ပြင်ဆင်ပေးတော်မူ သည့် ပန်းတိုင်များသို့ ရောက်ရှိမည်ဟု သေချာပေါက်ပြောနိုင်သည်။

ခရစ်ယာန်ဓမ္မဆရာများသည် အသင်းတော်၌ဖြစ်စေ၊ ကျောင်း၌ဖြစ်စေ မိမိတို့၏ ကျောင်းသား/ သူများကို ခရစ်တော်၌ စုံလင်စေသောသူများအဖြစ် ဝိညာဉ်ရေးရာ၌ ကြီးထွားစေလိုကြ၏။ အကယ်၍ ဤအရာသည် မိမိတို့၏ပန်းတိုင်များ ဖြစ်ပါက သင်ယူခြင်း၌ စိတ်အားထက်သန်မှု ကင်းအောင်းလာရန်အတွက် ကောင်းမွန်သောဖော်ရွေမှုကို ပျိုးထောင်ပေးရမည်။ တပည့်တော်ဖြစ်ခြင်းသည် မိမိတို့အဖို့ ဘုရားသခင် ပြင်ဆင်ပေးသော ပန်းတိုင်ရှိရာသို့ ရောက်ရှိရန် အထောက်အကူ ပြုသည့် အဓိကသော့ချက် အယူအဆဖြစ်ပါသည်။

## သင်ခန်းစာ

- တပည့်တော်ဖြစ်ခြင်းသည် သင်ယူနေခြင်း၌ ဖြစ်ပျက်သည့်အရာတည်းဟူသော ပိုမိုရင့်ကျက်သော သူတစ်ဦးက နုနယ်သေးသောသူတစ်ဦးအား ယေရှု၏အကြောင်းအရာများကို သင်ယူစေရန် ကူညီသည့်အကြောင်း ဖော်ပြခြင်းပင်ဖြစ်သည်။ ထိုသူသည်လည်း ခရစ်တော်ကဲ့သို့ မည်ကဲ့သို့ ခိုင်ခံ့စွာ အသက်ရှင်မည်ကို သိရှိလာမည်။
- ခရစ်ယာန်တို့၏သင်တန်းပို့ချခြင်းဆိုင်ရာ စိန်ခေါ်မှုသည် သမားရိုးကျဖြစ်စေ၊ သမားရိုးကျမဟုတ်သည် ဖြစ်စေ ယုံကြည်သူများအား ဘုရားတရားကြည်ညိုခြင်း အသက်တာကို အမှန်တွေ့ကြုံခံစား ကြသည်အထိ ပြောင်းလဲစေရန်ဖြစ်သည်။
- တိုင်းတာ၍ရသော သိရှိနားလည်မှုအပေါ်၌ အာရုံစူးစိုက်မှုကင်းမဲ့ခြင်းသည် သင်ယူခြင်းဆိုင်ရာ အရည်အသွေးကို အကဲဖြတ်ရန် ခက်ခဲစေသည်။
- ခရစ်တော်လုံ့ဆော်ခြင်းအားဖြင့် ဘုရားသခင်ကို သိရှိသောအခါ အသက်တာပြောင်းလဲခြင်း ဖြစ်ပေါ်သည်။ ထိုသို့ဖြင့် ဆရာသည် မိမိတပည့်၌ ပြောင်းလဲခြင်းကို မြင်တွေ့နိုင်ခြင်းဖြစ်သည်။

## ကျက်မှတ် ဆင်ခြင်ပါ

- ၉၄:၂၄

## တာဝန်ပေးအပ်ခြင်း

- သင်သည် တစ်စုံတစ်ရာအကြောင်းကို သင်ယူခဲ့ပြီး ၎င်းကို လက်တွေ့ ကျင့်သုံးရန် နားမလည်သည့် ဥပမာတစ်ခု ဖော်ပြပါ။
- သင်သည် ယခုပင် ဝိညာဉ်ရေးရာ ကြီးထွားရန် စိတ်ဆန္ဒပြင်းပြသည်ဟု ပြောနိုင်ပါသလား။ ဘာ့ကြောင့် ပြောနိုင်၍ ဘာ့ကြောင့် မပြောနိုင်သနည်း။
- တစ်စုံတစ်ဦးအား တပည့်တော်ပြုဖူးပါသလား။ မည်သူနည်း။ မည်သည့် အချိန်၌နည်း။

# #၂၀ အသက်အူတိုင်

ကျွန်ုပ်တို့ထဲမှ များစွာသောသူတို့သည် ဤမြေကြီး၏အတွင်းပိုင်း လုပ်ဆောင်ချက်များကို သတိမမူဘဲ အသက်ရှင်ကြ၏။ မြေငလျင်လှုပ်သောအခါ လူအနည်းငယ်ခန့်သာ မိမိတို့၏ခြေဖဝါးအောက်၌ရှိသော အကြောင်းအရာကို စဉ်းစားတတ်ကြ၏။ သို့သော် အများစုမှာ ၎င်းအကြောင်းအရာကို အချိန်ပေးပြီး မစဉ်းစားမိကြပေ။

ကျွန်ုပ်တို့၏ခရစ်ယာန်အသက်ရှင်ခြင်းသည်လည်း ထို့အတူဖြစ်သည်။ ခရစ်ယာန်တို့သည် သူတို့၏ ခရစ်ယာန်အသက်တာ အောက်၌ဖြစ်ပျက်နေသော အကြောင်းအရာကို မသိရှိကြပေ။ သန့်ရှင်းစင်ကြယ်ခြင်း ဖြစ်စဉ်ကို လေ့လာ၍ အကျယ်တဝင့်ရေးသားခဲ့ကြသော်လည်း ဝိညာဉ်ရေးရာအသက်တာ၌ အရေးကြီးဆုံး အကြောင်းအရာကို လျစ်လျူရှုကြ၏။

ဤစာအုပ်၏အစပိုင်း၌ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လုပ်ဆောင်လျက်ရှိသည့် အသက်တာ၏ တန်ခိုးအကြောင်းကို ကျွန်ုပ်တို့ဖော်ပြပြီးဖြစ်ပါသည်။ အသက်သည် စွမ်းအားသက်သက်မဟုတ်ဘဲ ပုဂ္ဂိုလ်ဖြစ်ပြီး လိုအင်ဆန္ဒနှင့် ရည်ရွယ်ချက်ရှိ၏။ တစ်စုံတစ်ဦးသည် ဝိညာဉ်တော်၏ရည်ရွယ်ချက်နှင့်တကွ သတိရှိစွာ လုပ်ဆောင်သောအခါ ထိုအင်အား၏တန်ခိုးကို ပို၍နားလည်ရ၏။ ယုံကြည်သူများသည် ဝိညာဉ်တော်၏ရည်ရွယ်ချက်ကို လျစ်လျူရှုသောအခါ ရှုပ်ထွေးခြင်း သွင်ပြင်အမျိုးမျိုးကိုဖြစ်စေသည့် သတိမဲ့သောအသက်တာ၌ အသက်ရှင်ကြရ၏။ တစ်နည်းပြောရလျှင် ယုံကြည်သူတစ်ဦး၏အသက်ရှင်ခြင်းမှ ထွက်ခွာခြင်းသည် ဝိညာဉ်တော်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

ခရစ်ယာန်အသိုင်းအဝန်းထဲတွင် သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်စီးဆင်းမှု တချို့ကို ဖော်ထုတ်သည့်လှုပ်ရှားမှု အသင်းအဖွဲ့ရှိ၏။ ထိုသူတို့သည် သူတို့ခေါ်လေ့ရှိသည့် “သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝခြင်း” အထဲသို့ ဝင်ရောက်ရန် စိတ်လှုပ်ရှားကြ၏။ သို့သော်လည်း များသောအားဖြင့် သူတို့လည်း မဟုတ်ကြဘူး။ သူတို့သည် မိမိတို့၏အသက်တာထဲ၌ ဘုရားသခင်၏ကြီးမြတ်သော ရည်ရွယ်ချက်ကို လျစ်လျူရှုကြ၏။

တမန်တော်ပေါလုသည် ချစ်ခြင်းမေတ္တာအကြောင်းကို ဖော်ပြသည့် ၁ကောအခန်းကြီး ၁၃ ကို သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူး အကြောင်းကို ဖော်ပြသည့် အခန်းကြီး ၁၂ နှင့် ၁၄ စပ်ကြားတွင် ရည်ရွယ်ချက်ရှိရှိ ညှပ်ထားသည်။ ဤဆုကျေးဇူးများသည် ဧကန်မုချအရေးကြီး၏။ သတိပြုရမည်မှာ တမန်ပေါလု

သည် ပိုမိုကြီးမြတ်သောတစ်စုံတစ်ရာကို ကျွန်ုပ်တို့အား ပြသခြင်းငှာ ဆွေးနွေးချက်ကို စကားကြားဖြတ်လိုက်လေ၏။ “သင်တို့သည် အမြတ်ဆုံးသောဆုကျေးဇူးတော်တို့ကို အလွန်အလိုရှိ ကြသည့်တွင် သာ၍မြတ်သောလမ်းကို ငါပြဦးမည်” (၁ကော၊၁၂:၃၁)။

## စိတ်နှလုံးအကြောင်းအရာပေါ် အာရုံစူးစိုက်ခြင်း

ကျွန်ုပ်တို့အသက်တာ၌ ဝိညာဉ်တော်အားဖြင့် ဘုရားသခင်ပြုသောအမှုသည် ကျွန်ုပ်တို့အား ခရစ်တော်ကဲ့သို့ ပိုမိုသန့်ရှင်းစေ၏။ ထိုအမှုသည် သာမန်မျက်စိဖြင့် မြင်၍မရသော သန့်ရှင်းသော ဝိညာဉ်တော်၏ရည်ရွယ်ချက်ဖြစ်ပါသည်။ သန့်ရှင်းခြင်းအသက်တာမရှိသည့် ဆုကျေးဇူးများသည် အလွဲသုံးစားခံရလိမ့်မည်။

သန့်ရှင်းသောဝိညာဉ်တော်၏အတွင်းပိုင်း လုပ်ဆောင်ချက်များနှင့် ရည်ရွယ်ချက်တို့ကို “အသက်၏အချက်အချာ” ဟု ေါခေါ်ဝေါ်ခဲ့သည်။ အကြောင်းမှာ ၎င်းသည် ကျွန်ုပ်တို့ယုံကြည်သူများ၏အဓိက လုပ်ဆောင်ချက်ဖြစ်သောကြောင့်တည်း။ သန့်ရှင်းသောဝိညာဉ်တော်သည် အသက်ကို ယူဆောင်လာ၍ ယုံကြည်သူများကိုလည်း အလင်းဖွင့်ပြပေးသည်။ သူသည် ကျွန်ုပ်တို့အား ဝိညာဉ်ပိုင်းဆိုင်ရာ ဆုကျေးဇူးများကို ပေးသနား၍ မိမိတို့အား ယုံကြည်ခြင်း၌ လျှောက်လှမ်းနိုင်ရန် ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် လှုံ့ဆော်ပေးလျက် စကားပြောတော်မူ၏။

“သမ္မာတရားနှင့်ပြည့်စုံသော ထိုဝိညာဉ်တော်သည် ရောက်လာသောအခါ သမ္မာတရားကို သင်တို့အား အကြွင်းမဲ့ သွန်သင်ပြသလိမ့်မည်။ ထိုဝိညာဉ်တော်သည် ကိုယ်အလိုအလျောက် ဟောပြောမည်မဟုတ်။ ကြားသမျှတို့ကို ဟောပြောလိမ့်မည်။ နောင်လာလတံ့သောအရာတို့ကို သင်တို့အား ဖော်ပြလိမ့်မည်” (ယော၊၁၆:၁၃)။

ဝမ်းနည်းစရာကောင်းသည်မှာ ဝိညာဉ်တော်၏ထိတွေ့ခြင်းမပါဘဲလျက် သန့်ရှင်းသောဝိညာဉ်တော် အကြောင်းကို ကျွန်ုပ်တို့သိရှိနိုင်သည်။ ဤအရာသည် ကျွန်ုပ်တို့ဦးနှောက်နဲ့ သိခြင်း၏အခြေခံ ပြဿနာ ဖြစ်ပြီး၊ မိမိတို့သင်ယူလေ့လာခြင်းသည်လည်း မိမိတို့အသက်တာ၌ ကောင်းကောင်း ကျင့်သုံး၍မရပေ။ လူတို့သည် သန့်ရှင်းသောဝိညာဉ်တော်ကိုလည်းကောင်း၊ သူ၏ရည်ရွယ်ချက်ကိုလည်းကောင်း နားလည်သဘောပေါက်ခြင်း မရှိဘဲလျက်သွားလာလှုပ်ရှားနိုင်သည်။ ၎င်းကို လျစ်လျူရှုခြင်း ဟုခေါ်ပါသည်။

သန့်ရှင်းသောဝိညာဉ်တော်၏ကောင်းမြတ်ခြင်းနှင့် ဘုရားတရားကြည်ညိုသောရည်ရွယ်ချက်တို့အား ဆန့်ကျင်တုံ့ပြန်ခြင်းကို “မနာခံခြင်း” ဟုခေါ်သည်။ တချို့သောသူတို့သည် သူတို့အား သန့်ရှင်းသော ဝိညာဉ်တော် လုပ်ဆောင်စေလိုသောအရာကို သိရှိကြသော်လည်း သူပြုစေလိုသည့် လမ်းစဉ်အတိုင်း ပြည့်စုံစေရန်

မပြုလုပ်ကြပေ။ ရှောလုမင်းသည် ဝမ်းနည်းဖွယ်နှင့်စိတ်ပျက်ဖွယ်ကောင်းသည့် ခေါင်းမာသော ပုံဥပမာကိုဆောင်ထားပါသည်။ သူသည် သူ၏သင်ခန်းစာယူစရာများကို မေ့လျော့ခြင်းအားဖြင့် သင်ယူစရာ အခွင့်အလမ်းကောင်းများစွာကို လက်လွှတ်ဆုံးရှုံးခဲ့ရ၏။

ကျွန်ုပ်တို့၏စိတ်သဘောထားကို ဆန်းစစ်ခြင်းသည် မိမိတို့၏အတွင်း ပုဂ္ဂိုလ် ပုံရိပ်များကို ပို၍ ကောင်းမွန်စေသည်။ ကျွန်ုပ်တို့သည် တွန့်တိုခြင်းမရှိဘဲ ပေးကမ်းရန်ဖြစ်သည် (၂ကော၉:၇)။ ကျွန်ုပ်တို့သည် သူတစ်ပါးအား ညည်းညူခြင်းမရှိဘဲလျက် အမှုထမ်းရမည်။ ကျွန်ုပ်တို့အား ဘုရားသခင်ပြသသည့် ဦးစားပေးမည့် အရာကို မိမိတို့သည် အလျင်အမြန် ပြည့်စုံစေရန် ဆောင်ရွက်ရပါမည်။

## ဘုရားသခင်အား ယေဘုယအားဖြင့် တုံ့ပြန်ချက်နှစ်မျိုး

သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့၌ ဘုရားသခင်လုပ်ဆောင်သောအရာကို မိမိတို့နားလည် သဘောပေါက်သောအခါ မိမိတို့ကိုယ်တိုင် သူနှင့်သူ၏ရည်ရွယ်ချက်များနှင့်အတူ ပူးပေါင်းဖို့ရန် များစွာလွယ်ကူ၍ ပိုမိုဝမ်းမြောက်ဖွယ်ဖြစ်လာသည်။




အထက်ပုံဇယားတွင် ယုံကြည်သူနှင့်သန့်ရှင်းသောဝိညာဉ်တော် စပ်ကြား၌ အဟန့်အတားပုံစံဖြင့် ရှိသည့်လျစ်လျူရှုခြင်းနှင့်စိတ်နလုံးခိုင်မာခြင်းတို့ကို ကျွန်ုပ်တို့တွေ့မြင်ရပါသည်။ ညာဘက်ခြမ်းပုံ၌ရှိသော အဟန့်အတားသည် ဆွဲထုတ်ခြင်းကိုခံရ၍ ယုံကြည်သူအထဲသို့ သန့်ရှင်းသောဝိညာဉ်တော် စီးဆင်းခွင့် ရရှိလေ၏။ ဤသည်မှာ ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းဆိုင်ရာ ဆိုလိုရင်းအဓိပ္ပာယ်မှန်ဖြစ်သည်။ တနည်းဆိုသော် ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် လုံးလုံးလွှမ်းမိုးခြင်းခံရသည်။

ဘုရားသခင်၏လူတို့သည် ဘုရားသခင်၏အမှုတော်မြတ်တို့၌ စိတ်အားထက်သန်စွာ ပူးပေါင်းနိုင်ရ မည့်အကြောင်း ခရစ်ယာန်သင်တန်းပို့ချခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ရည်ရွယ်ချက်ကို ရှင်းရှင်းလင်းလင်း ဖော်ထုတ်ပြသသင့်သည်။ ဝမ်းနည်းဖွယ်ကောင်းသည်မှာ များစွာသောသူတို့သည် ဤအမှုတော်

လုပ်ငန်းကို ရှင်းလင်းစွာ မရှင်းပြနိုင်ကြပေ။ ထို့ကြောင့် ဘုရားသခင်၏လူအပေါင်းတို့သည် မျက်နှာပြင်အောက်၌ ဖြစ်ပျက်နေသောအရာများကို လျစ်လျူရှုနေကြခြင်းဖြစ်ပါသည်။

ယုံကြည်သူများ အားနည်းခြင်းနှင့်ခွန်အားမဲ့နေခြင်းတို့ကို သူတို့အဖို့ ဘုရားသခင်လိုအင်ဆန္ဒနှင့် ယှဉ်ကြည့်ရပါမည်။ ယုံကြည်သူ၏ခွန်အားသည် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်ချက်ကို မိမိ၏ လိုအင်ဆန္ဒနှင့်တကွ ဆက်နွယ်လျက် အတည်ပြုခြင်းအားဖြင့် ဖြစ်လာသည် (ရော၊၁၂:၁-၂)။

## သင်ခန်းစာ

- များစွာသောယုံကြည်သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ရည်ရွယ်ချက်ကို လျစ်လျူရှု ကြသောကြောင့် ဝိညာဉ်တော်၏အလုပ်ကို မေ့လွယ်၍ သံသယရှိလာကြ၏။
- ယုံကြည်သူသည် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်ချက်အပေါ် တုံ့ပြန်ရန် မလိုလားသောအခါ ဝိညာဉ်ပိုင်းဆိုင်ရာမောက်မာမှုနှင့် တာဝန်မဲ့ခြင်း တိုးပွားလာသည်။
- ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဘုရားသခင်၏သန့်ရှင်းစင်ကြယ်စေခြင်း ရည်ရွယ်ချက်ကို ကိုယ်တော်သည် မည်ကဲ့သို့အကောင်အထည်ဖော်သည်ကို ရှင်းလင်းသောအခါ ပို၍ကျယ်ပြန့်သည့် မိမိတို့၏ဝိညာဉ်ရေးရာ အသက်တာပိုင်းဆိုင်ရာ အမြင်ကို လက်ခံရရှိလေ၏။ ၎င်းက မိမိတို့အား ဝိညာဉ်တော်နှင့်ပြည့်ဝလျက် အသက်ရှင်ခြင်းကို နားလည်းစေသည်။

## ကျက်မှတ် ဆင်ခြင်ပါ

- ယော၊၁၆:၁၃

## တာဝန်ပေးအပ်ခြင်း

- ယောဟန် ၁၆:၅-၁၅ ကိုဖတ်ရှုပါ။ သန့်ရှင်းသောဝိညာဉ်တော် အကြောင်းနှင့်စပ်လျဉ်း၍ သင်လေ့လာ တွေ့ရှိသောအရာများကို ရေးချပါ။
- များမကြာမီက သင်ရှန်းကန်ခဲ့သည့် ဝိညာဉ်တော်၏ကမ်းလှမ်းချက် တစ်စုံတစ်ရာကို လုပ်ဆောင်ဖို့ သင့်မသင့်ကို စဉ်းစားပါ။ ထိုအရာသည် အဘယ်နည်း။ သင်သည် ၎င်းကိုမည်ကဲ့သို့တုံ့ပြန်သနည်း။

# #၂၁ ရုပ်ပါရုံကို ဆုပ်ကိုင်ခြင်း

ကျွန်ုပ်တို့သည် ဆရာသမားများနှင့်သင်ကြားပို့ချသူများ ဖြစ်သည့်အလျောက် ယုံကြည်သူအသီးသီး အတွက်ရော မိမိတို့ကိုယ်ပိုင်အသက်တာအတွက်ပါ ဘုရားသခင်ပါဝင်ပတ်သက်ခြင်း အပြည့်အဝကို ဆုပ်ကိုင်ထားဖို့ လိုအပ်ပါသည်။ အဘယ့်ကြောင့်နည်း။ အကြောင်းမှာ ဤကား ယုံကြည်ခြင်းတည်းဟူသော ကျွန်ုပ်တို့အား ဘုရားသခင်ရောက်ရှိစေလိုသောအရာ၊ စောင့်ထိန်းစေလိုသောအရာ၊ သူတစ်ပါးအား လက်ဆင့်ကမ်းစေလိုသောအရာ ဖြစ်ပါသည်။

ယနေ့များစွာသောသူတို့သည် ရည်မှန်းချက်ပန်းတိုင်များ၊ ရုပ်ပါရုံနှင့်သာသနာအကြောင်းတို့ကို ပြောဆိုကြသော်လည်း အမှန်စင်စစ် သူတို့သည် ကျမ်းချက်များ၌သာ နစ်မြုပ်လျက်နေကြ၏။ ဘုရားသခင်သည် သူကိုယ်တိုင်ရေးဆွဲထားသည့်ပုံစံအတိုင်း ပြုမူလုပ်ရှား၍ သူ၏ကြီးမြတ်သော အကြံအစည်ကို ပြည့်စုံစေလျက်နေ၏။ ဖန်ဆင်းခြင်း၏လုပ်ဆောင်ချက်သည် အံ့သြဖွယ်အကြံအစည်ဖြစ်၍ ကိုယ်တော်၏ လက်ရာပြောင်မြောက်ခြင်း - ဘုရားသခင်၏အသင်းတော် - ကိုယ်တော်၏ရွေးနှုတ်ခြင်းလည်းဖြစ်သည်(ကော၊ ၁:၁၅-၂၀)။

ရာဇဝင်ချုပ်ဒုတိယစောင် ၂၉ သည် ဟေဇကိမင်း၏ပြုပြင်ပြောင်းလဲမှုများအတောအတွင်း ယုဒပြည်၌ ဖြစ်ပျက်သောအံ့သြဖွယ်ရာ ပြောင်းလဲခြင်းအကြောင်းကို ဖော်ပြသည်။ သူတို့သည် အတိတ်က ရှင်ဘုရင်တို့၏ ပြုပြင်ပြောင်းလဲမှုများထက် ပိုမိုနက်ရှိုင်းစွာ ထိုးဖောက်၏။ အကြောင်းမှာ သူသည် ဖြစ်နိုင်သည့်အရာအတွက် မျှော်လင့်ချက်တစ်ခုရှိသောကြောင့်တည်း။

ထိုမျှော်လင့်ချက်သည် ဘုရားသခင်၏နှုတ်ကပတ်တော် ကြားနာခြင်းအားဖြင့် ဖြစ်ပေါ်သည်။ သူသည် ပသာခါပွဲစောင့်ထိန်းခြင်းနှင့်စပ်လျဉ်း၍ ဘုရားသခင်အလိုရှိသောအရာကို ရုပ်လုံးဖော်စဉ်းစား၏။ ထိုအခါ သူသည် ထိုအတိုင်းပြု၍ တောင်ပိုင်းယုဒနိုင်ငံရှိ လူတို့ကို ခေါ်မည့်အစား အစ္စရေးလူအပေါင်းတို့ကို ခေါ်ဖိတ်လေ၏။ သူဤသို့ ပြုရခြင်းမှာ အစ္စရေးလူယောက်ျားရှိသမျှတို့ ပါဝင်ခြင်း အရေးကြီးပုံကို ကျမ်းစာက မီးမောင်းထိုးပေးသောကြောင့်တည်း။ သူသည် ဘုရားသခင်၏နှုတ်ကပတ်တော် ထောက်မရာတွင် နိုင်ငံရေးပိုင်းဆိုင်ရာ အငြင်းအခုံဖြစ်မှုအပေါ် ရဲရင့်၏။

ကျွန်ုပ်တို့၏ရည်မှန်းချက်ပန်းတိုင်များသည် မိမိတို့ယျဉ်ကျေးမှုအရအရေးပသည်ဟု ယူဆသော အရာထဲကမဟုတ်ဘဲ ကျမ်းစာထဲ၌ မိမိတို့တွေ့မြင်သည့်အရာထဲမှ ဖြစ်သင့်သည်။ သမ္မာကျမ်းစာသည် မိမိတို့၏အိမ်ထောင်ရေး၊

အသင်းတော်နှင့်စပ်လျဉ်းသောအသက်တာ၊ တစ်ဦးချင်းဆက်နွယ်မှုနှင့် မိမိတို့ အသက်တာနှင့်ဆိုင်သော အခြားကဏ္ဍများစွာအတွက် ဘုရားသခင်အလိုရှိသော အရာများကို သင်ပေး၏။ နှုတ်ကပတ်တော်၏ဖော်ပြချက်သည် မိမိတို့အတွေ့အကြုံ သို့မဟုတ် ထင်မြင်ယူဆချက်နှင့် ခြားနားသောအခါ မိမိတို့အား မေးခွန်းနှစ်မျိုးဖြင့် စိန်ခေါ်မှုပြု၏။

(၁) သင့်အတွက် ဘုရားသခင်၏ရည်မှန်းချက်များသည် သင်၏ရည်မှန်းချက်ကို ပုံသွင်းသင့်သည်ဟု သင်ယုံကြည်ပါသလား။

(၂) ဤရည်မှန်းချက်များ ရောက်ရှိရန် သင့်အား ဘုရားသခင်ကူညီနိုင်သည်ဟု ယုံကြည်ပါသလား။

## ရည်မှန်းချက်များနှင့်အသီး

ကျွန်ုပ်တို့ဥယျာဉ်၌ စိုက်သမျှသောအပင်တို့သည် လျှို့ဝှက်သည့်အကြံ အစည်အတိုင်း ကြီးထွားလာရန် စီမံထားသကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော် သည်လည်း ကျွန်ုပ်တို့တစ်ဦးချင်းစီအပေါ်၌ သူ၏အကြံအစည် ဖြန့်ကျဲလာရန် ဖြစ်သည်။ ဤစာအုပ်၌ ကျွန်ုပ်တို့၏အဓိက မျှော်လင့်ချက်မှာ ကျွန်ုပ်တို့အသက် တာနှင့်တကွ ခရစ်တော်၌ ဘုရားသခင်၏လျှို့ဝှက်သော အကြံအစည်နှင့် တန်ခိုး တို့စပ်ကြား၌ရှိသည့် ဆက်နွယ်မှုကို ဖော်ထုတ်ရန်အတွက် ဖြစ်သည်။

မှန်ပါ၏၊ တစ်ဦးချင်းတိုင်းနှင့်လုပ်ငန်းတိုင်းသည် ထူးခြားမှုရှိသော်လည်း တူညီမှုများလည်းရှိ၏။ အပင်များ၊ အမြစ်များ၊ အကိုင်းခက်များ၊ အရွက်များနှင့် အသီးများအကြောင်းကို စဉ်းစားကြည့်ပါ။ အပင်တိုင်းသည် ထူးခြားသော်လည်း တူညီသောလုပ်ဆောင်ချက်များရှိ၏။ ရှမ်းဆီးပင်သည် ဆီးဖြူပင်နှင့် ဆင်တူရိုးမ ဖြစ်သော်လည်း ခြားနားမှုရှိ၏။ ခြားနားမှုသည် ဘယ်ရီသီးများ၏အရောင် အဆင်းများထက် များစွာနက်ရှိုင်းမှုရှိသည်။

ခရစ်ယာန်ယုံကြည်သူများ အသက်ရှင်မှု၌ တူညီသောပုံစံများရှိသော် လည်း သူတို့၏ခေါ်ခြင်းနှင့် ခရစ်တော်နောက်လိုက်ရာတွင် ဘုရားသခင်၏ ရည်ရွယ်ချက် ပေါ်လွင်ထင်ရှားစေခြင်း ခြားနားမှုရှိ၏။ ယုံကြည်သူများသည် ဘုရား သခင်၌ ဆက်ကပ်အပ်နှံလျက် မိမိတို့၏အသက်တာများကို စင်ကြယ်စေ သောအခါ ကျွန်ုပ်တို့၏ကောင်းမြတ်သော ဘုရားသခင်သည် ထိုအရာများကို သူတို့အား ဖွင့်ပြတော်မူ၏။ အပင်သည် မရင့်ကျက်မချင်း အသီးမသီးပေ။ အကယ်၍ အပင်သည် သန်မာကြံ့ခိုင်ပါက များစွာသော အသီးကို သီးနိုင်၏။

ဘုရားသခင်၏လူအပေါင်းတို့အတွက် အခြေခံမွမ်းမံခြင်းနှင့်ဆိုင်သော သင်တန်းရှိသကဲ့သို့ ဘုရားသခင်၏နိုင်ငံတော်လုပ်ငန်း၌ ပါဝင်သောယုံကြည်သူ အသီးသီးအတွက် ပိုမိုထူးခြားသော သင်တန်းလည်းရှိ၏။ ထိုနေရာ၌ သူတို့သည်

အသီးသီးစပြုလာသောအခါ အထင်ရှားဆုံး ကြီးထွားမှုနှင့် ပြောင်းလဲမှုတို့ကို ကျွန်ုပ်တို့မြင်တွေ့ပါလိမ့်မည်။ မည်သူမျှ နုနယ်သောသေးသည့်အပင်၌ ရင့်သောအသီးကို မမျှော်လင့်သလို ကျွန်ုပ်တို့လည်း စောလျင်စွာ အသီးကြီးထွားလာဖို့ရန် မမျှော်လင့်ပေ။ ထို့အတူ ယုံကြည်သူသည် မိမိ၏ကြီးထွားမှုကို ဖော်ထုတ်ရာ၌ မိမိ၏စွမ်းအားအပေါ် အာရုံစူးစိုက်မှု ပို၍အရေးကြီး၏။ ထို့ကြောင့် ပင်ကိုယ်စွမ်းရည် ကြီးထွားဖွံ့ဖြိုးမှုသည် လိုအပ်ခြင်းဖြစ်၏။ အချိန်တန်သောအခါ အသီးသီးရန် ဘုရားသခင်လုပ်ဆောင်ခဲ့၏။

ထိုမှတပါး လူသည် လယ်၌ မျိုးစေ့ကြဲပြီးမှ နောက်တစ်ဖန် မိမိမကြည့်မမှတ်၊ နေ့၊ ည အိပ်လျက် နိုးလျက်နေသော်လည်း အပင်ပေါက်၍ ကြီးပွားသည်နှင့် ဘုရားသခင်၏နိုင်ငံတော်တူ၏။ မြေကြီးသည် မိမိအလိုအလျောက် အသီးကိုသီးစေ၍ ရှေးဦးစွာ အညွှောက်၊ ထို့နောက် အနှံ၊ ထို့နောက် အနှံထဲမှာအောင်မာသောအဆန်ကို ဖြစ်စေတတ်၏(မာ၄း၂၇-၂၈)။




ဤကား မိမိတို့အသက်တာကို ခရစ်တော်ထံသို့ မောင်းနှင်ပေးသည့် အသက်စွမ်းအား၏တွန်းအားဖြစ်ပါသည်။ ခရစ်တော်သည် မိမိ၏ရည်ရွယ်ချက်များကို ယူဆောင်လာ၍ ကျွန်ုပ်တို့အား ကောင်းမြတ်သောအသီးများကို သီးစေလိုပါသည်။

တချို့သောလူတို့သည် အကြောင်းမလှစွာဖြင့် ရည်မှန်းချက်နှင့် စံနှုန်းအကြောင်းတို့ကို စဉ်းစားတွေးခေါ်ခြင်း မရှိကြပေ။ အကယ်၍ မှန်မှန်ကန်ကန်နားလည် သဘောပေါက်ခဲ့လျှင် သင်ကြားခြင်းက ကျွန်ုပ်တို့ကို ထိုရည်မှန်းချက်များသို့ ပို့ဆောင်ပေး၍ လွဲသွား စေမည်မဟုတ်ပေ။

ကြမ်းပြင်ပေါ်၌ လေးဖက်တွားသွားနေသော ကလေးငယ်လေးအကြောင်းကို စဉ်းစားကြည့်ပါ။ မိဘနှစ်ပါးသည် ဤကလေးငယ်လေး အရွယ်ရောက်လာမည့်အချိန်ကို စောင့်ဆိုင်းလျက် မျှော်လင့်နေကြ၏။ သူတို့က ဤကလေးငယ်လေး “အရွယ်ရောက်လာ၍ အိမ်ထောင်ကျသောအခါကျရင် ...” ဟူ၍ ပြောဆိုနိုင်ကြ၏။

လူတစ်ဦး၏အသက်တာနှင့်ပတ်သက်၍ ယာယီအားဖြင့် မွေးကင်းစကလေး၊ ကလေးငယ်နှင့် အရွယ်ရောက်လာသည့်အရွယ်ဟူ၍ အဆင့်ဆင့်ရှိ၏။ အကြောင်းမှာ ၎င်းတို့သည် ဖွဲ့စည်းတည်ဆောက်မှုနှင့် ဆိုင်သောကြောင့်တည်း။ ကောင်းမွန်သောလေ့ကျင့်မှုသည် တစ်ဦးချင်းစီ၏ဖြစ်ခြင်းကို ဖော်ထုတ်ခြင်းအားဖြင့် အစပြု၏။ ထို့နောက် တဆင့်ပြီးတဆင့် ဝိညာဉ်ပိုင်းဆိုင်ရာ လိုအပ်သောပြုစုစောင့်ရှောက်ခြင်းနှင့် သင်ကြားခြင်းတို့ကို ဖြည့်ဆည်းပေးရမည် ဖြစ်သည်။

အသိပညာနှင့်အတွေ့အကြုံ မရှိဘဲလျက် မိမိတို့ တွေ့ကြုံခြင်းသည် တုပခြင်းသာဖြစ်သည်။ ၎င်းသည် အတိုင်းအတာတစ်ခုထိ ကောင်းသော်လည်း မိမိတို့သည် လေ့ကျင့်မှုကို လျစ်လျူရှုနေဆဲပင်ဖြစ်သည်။

## လေ့ကျင့်ပေးခြင်းနှင့်မိဘများ

ငါနှင့်ငါ့မိန်းမသည် မိဘနှင့်ဆိုင်သောသင်ခန်းစာများကို သင်ပေးကြ၏။ ကွင်းဆင်းသောအခါ မေးခွန်းမေးမြန်းခြင်းခံရ၍ ငါ့မိန်းမလည်း ထိုမေးခွန်းမဖြေဆိုမီ ကလေးသည် မည်သည့်အရွယ်ရှိကြောင်းကို လိမ္မာပါးနပ်စွာ အရင်ဖော်ထုတ်လိုက်၏။ တစ်နှစ်အရွယ်၊ နှစ်နှစ်အရွယ်ကလေးငယ်လေးသည် ထိန်းကျောင်းသူတစ်ဦး ပြုရမည့်အကြံပြုချက်နှင့် ကြီးမားသောလွဲချော်မှုပြုတတ်၏။

ကျွန်ုပ်တို့ခရစ်ယာန်အသက်တာ အဆင့်ဆင့်၌ မိမိတို့အဖို့ ဘုရားသခင်ထားပေးသည့်အရာကို နားလည်သဘောပေါက်သောအခါ "မည်သို့နည်း" ဟူသောလေ့ကျင့်ပေးခြင်းသည် လေ့ကျင့်ပေးသူရော လေ့ကျင့်ခံရသူနှစ်ဦးစလုံးအတွက်ပါ ပိုမိုရှင်းလင်းလာသည်။ ကျွန်ုပ်တို့သည် အသင်းတော်နှင့်ဆိုင်သောအစီအစဉ်တချို့ကို ပြည့်စုံစေခြင်းသက်သက်မဟုတ်ဘဲ အထူးရည်မှန်းချက်များပြည့်စုံဖို့ရန် ယုံကြည်သူတို့အား သူတို့အဆင့်အတန်း၏ရင့်ကျက်ခြင်း၌ မူတည်လျက် အထောက်အကူပြုရန် လေ့ကျင့်ပေးနေခြင်းဖြစ်ပါသည်။

ငါနှင့်ငါ့မိန်းမသည် လေ့ကျင့်ပေးသူများ သို့မဟုတ် အကြံဉာဏ်ပေးသူများဖြစ်သည့်အားလျော်စွာ ထာဝရဘုရား၌ ဆည်းကပ်၍ လုပ်ဆောင်သည့်အတိုင်း ဘုရားသခင်၏အလိုတော်ကို ရှာဖွေတွေ့ရှိရင်း ထိုလေ့ကျင့်ပေးခြင်းကို ဤတပည့်တော်များ၏အသက်တာထဲသို့ ပေါင်းစပ်ဖို့ရန် အကောင်းဆုံးနည်းလမ်းကို ရှာဖွေကြ၏။ ကောင်းမွန်သောမိဘများက သူတို့၏သားသမီးများအား လေ့ကျင့်ပေးခြင်းနှင့် ဘာမျှ ခြားနားချက်မရှိပေ။

## ဘုရားသခင်၏ရည်ရွယ်ချက်နှင့်တန်ခိုး

ဤဖြစ်စဉ်နှင့်စပ်လျဉ်း၍ အကြီးမားဆုံးသောအရာကား ယေရှုခရစ်တော်သည် ကျွန်ုပ်တို့အထဲ၌ ကြီးထွားနေသော အသက်၏စွမ်းအားဖြစ်၍ သူ၏ရည်မှန်းချက်ရှိရာသို့ ကျွန်ုပ်တို့အား ပို့ဆောင်နေခြင်း ဖြစ်သည်။ ဤအရာကား စနစ်တကျမရှိသောအရာ မဟုတ်ဘဲ အထူးပြုသည့်ဖြစ်စဉ်ဖြစ်ပါသည်။ ဘုရားသခင်သည် သူ၏ရည်ရွယ်ချက်များကို သယ်ပိုးနိုင်ဖို့ရန် ကျွန်ုပ်တို့အထဲ၌ ရှင်သန်လျက်နေ၏။

ဤအသက်တာကို ကျွန်ုပ်တို့ဖန်တီးစရာမလိုသလို ကြီးထွားဖို့ရန် ဖိအားပေးစရာလည်းမလိုအပ်ပေ။ အကယ်၍ အစစ်အမှန်ဖြစ်လျှင် ထိုဇီဇက ကြီးထွားစေ၍ အသီးသီးစေပါလိမ့်မည်။ လယ်သမားတစ်ဦးက မိမိ၏လယ်ယာကို စောင့်ရှောက်သကဲ့သို့ ကျွန်ုပ်တို့သည်လည်း ဘုရားသခင်လုပ်ဆောင်ခြင်းနှင့်အတူ

ရိုးရှင်းစွာ လုပ်ဆောင်ခြင်းသာဖြစ်သည်။ ယေရှုက ပေတရုအား "ငါ့သိုးတို့ကို ကျွေးမွေးလော့ဟုမိန့်ဆိုသောစကားကို သတိရပါ။ ပေတရုက သိုးတို့အား အသက်ပေးစရာမလိုပါဘူး။ သို့သော် သူသည် သိုးထိန်းကောင်းဖြစ်သည့်အလျောက် သိုးတို့ကို ကျွေးမွေး၍ စောင့်ရှောက်ရန်သာဖြစ်သည်။

လော့ကျင့်ခြင်းသည် ငါတို့အားဖြင့် အစပြု၍ ၎င်းက အခြားသူများ လော့ကျင့်ခြင်းအဖြစ်သို့ အလွယ်တကူ ကူးပြောင်းနိုင်မည်ဖြစ်သည်။ လော့ကျင့်ပေးခြင်းဟူသည်မှာ မိမိတို့အသက်တာထဲ၌ ဘုရားသခင်လုပ်ဆောင် ခဲ့ပြီးသောအရာများကို အခြားသူများအား သင်ကြားခြင်းသာဖြစ်သည်။

## သင်ခန်းစာ

- ဝိညာဉ်ပိုင်းဆိုင်ရာ ရှုပါရုံသည် ဝိညာဉ်ပိုင်းဆိုင်ရာ သမ္မာတရားများမှ ပေါက်ဖွား၍ ၎င်းက ကျွန်ုပ်တို့၏မျှော်လင့်ချက်များနှင့် ဦးတည်ချက်များကို ပုံဖော်ပေးသည်။
- ရည်မှန်းချက်များသည် ဝိညာဉ်ပိုင်းဆိုင်ရာ ကြီးထွားဖွံ့ဖြိုးမှု အဆင့်ဆင့်အတွက် အတိအကျဖြစ်ဖို့ လိုအပ်သည်။
- ကျွန်ုပ်တို့သည် ရည်မှန်းချက်ပန်းတိုင်များကို ကြီးထွားခြင်းအတွက် တီထွင်ကြံဆ ဖန်တီးနေခြင်း မဟုတ်ဘဲ ကျမ်းစာ၌ ဘုရားသခင်မိန့်ဆိုပြီးသောအရာများကို ဂရုတစိုက် ထိန်းသိမ်းလျက် မိမိတို့အသက်တာထဲသို့ ဆက်သွယ်ခြင်းသာဖြစ်သည်။
- ဘုရားသခင်သည် ယုံကြည်သူအသီးသီးတို့အား သူ၏မေတ္တာသီးကို သီးလျက် ဤလောက၌ ထွန်းလင်းရန် အထူးအကြံအစည်ရှိသည်။ ဤကား ထိုယုံကြည်သူ၏အသီး သို့မဟုတ် ကောင်းသော လုပ်ဆောင်ချက်များဟု ခေါ်သည်။

## ကျက်မှတ်ဆင်ခြင်ပါ

- မာကု၊၄:၂၇-၂၈

## တာဝန်ပေးအပ်ခြင်း

- သင့်အသက်ထဲရှိ ဤအဆင့်၌ သင့်အဖို့ ဘုရားသခင်၏ရည်မှန်းချက်ကား အဘယ်နည်း။ အနည်းဆုံး သုံးခုဖော်ထုတ်ပါ။
- ရည်မှန်းချက်ပန်းတိုင်များ ချမှတ်ခြင်း၌ သင်မည်ကဲ့သို့ တုံ့ပြန်မည်နည်း။ သင်သည် ထိုဖြစ်စဉ်အားဖြင့် စိတ်အားထက်သန်သလော သို့မဟုတ် စိတ်ပျက်သလော။ အကြောင်းရင်းကို ရှင်းပြပါ။

- ဥယျာဉ်ရှိ အပင်နှင့်အသီးတစ်ချို့အတွက် ဘုရားသခင်၏ရေရှည်ရည်မှန်းချက်ကား အဘယ်နည်း။ ၎င်းသည် သင့်အသက်တာ၏ဝိညာဉ်ရေးရာ၌ မည်သို့အဓိပ္ပာယ်သက်ရောက်ပါသနည်း။
- အထက်၌ ဖော်ပြပြီးသောရည်မှန်းချက်သို့ ရောက်ရှိဖို့ရန် သင့်ကိုယ်သင် သတိပေး၍ သင့်အနီးအနားရှိ အချို့သောယုံကြည်သူများအကြောင်းကို စဉ်းစားရမည်။ သူတို့အသီးသီး ကြီးထွားဖို့ရန် ဘုရားသခင်မစစေခြင်းငှာ ဆုတောင်းပေးရမည်။ အကယ်၍ ဘုရားသခင်သည် ထိုသူတို့အား ကူညီဖို့ရန် သင့်စိတ်နှလုံး၌ စကားပြောဆိုလျှင် ၎င်းကို လိုက်နာရမည်။

# #၂၂ ကျွန်ုပ်တို့၏အကန့်အသတ်များ

ယုံကြည်သူတစ်ဦး၏ရေရှည် ရည်မှန်းချက်သည် ခရစ်တော်နှင့်တူခြင်းသို့ ကြီးထွားရန်ဖြစ်သော်လည်း ၎င်းကို ပို၍သေသေချာချာ ရှင်းလင်းဖို့လိုအပ်ပါသည်။ ကျွန်ုပ်တို့အသက်တာအတွက် ဘုရားသခင် အလိုရှိသောအရာကို မိမိတို့သည် ပို၍ရှင်းလင်းစွာ ရုပ်လုံးဖော်မြင်တွေ့လေလေ ထိုရည်မှန်းချက်ကို ရရှိရန် လွယ်ကူလေလေဖြစ်သည်။

လေ့ကျင့်ပေးသူတစ်ဦး၊ ကျောင်းဆရာတစ်ဦး၊ မိဘတစ်ပါးဖြစ်သည့်အလျောက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နှင့်အတူ လက်တွဲသူများအတွက် ဘုရားသခင်၏ရည်မှန်းချက်ပန်းတိုင်များကို အလျင်အမြန် ရှာဖွေတွေ့ချက်ပြုရပါလိမ့်မည်။ ၎င်းသည် ကျွန်ုပ်တို့အသိအမှတ်ပြုရန်နှင့်လက်ခံဖို့ရန် လိုအပ်သောအရာဖြစ်သည်။

ပထမအနေဖြင့် တချို့လူအတွက် ကျွန်ုပ်တို့လေ့ကျင့်ပေးခြင်းသည် တစ်လ၊ တစ်နှစ်၊ ငါးနှစ် စသည့်ဖြင့် အချိန်အကန့်အသတ်ဖြစ်ပါလိမ့်မည်။ ထို့အတူ သူတို့နှင့်အတူ ကျွန်ုပ်တို့အချိန်ယူခြင်းလည်း အမျိုးမျိုး ကွဲပြားပါလိမ့်မည်။ ကျွန်ုပ်တို့သည် အတန်းတစ်ခုကို တစ်ပတ်မှာ တစ်နာရီ သင်ကြားပေးလိမ့်မည် သို့မဟုတ် အပတ်တိုင်း တစ်ဦးချင်းကို မကြာခဏ တွေ့ဆုံပါလိမ့်မည်။

ဒုတိယအနေဖြင့် ကျွန်ုပ်တို့ကိုယ်ကို ဘုရားသခင်၏လက်ထောက်များအဖြင့် ထင်မှတ်ရန် အရေးကြီးသည်။ ဘုရားသခင်သည် သူကိုယ်တိုင်၏ ရည်ရွယ်ချက်ကို တစ်ဦးချင်းစီအပေါ်၌ ပြီးပြည့်စုံ လျက်နေသည်။ သူ၏ရည်ရွယ်ချက်ကို အခြားသူများထံသို့ လုပ်ဆောင်ရာ၌ အထောက်အကူပြုရန် ကျွန်ုပ်တို့အားဖြင့် အလုပ်လုပ်တော်မူ၏။ ယေရှုသည် သူတို့ကိုယ်သူတို့ အခြားသူများအထက်မှ မြင်သောသူများရော ဘုရားသခင်၏ရည်ရွယ်ချက်မှ သွေဖည်၍ သီးခြားလုပ်ဆောင်သူများကိုပါ ပြင်းထန်စွာ ပြစ်တင်ရှုပ်ချခဲ့၏။

သို့သော် သင်တို့သည် ရဗ္ဗိဟုခေါ်ဝေါ်ခြင်းကို မခံကြနှင့်။ အကြောင်းမူကား သင်တို့၏ဆရာသည် တစ်ပါးတည်းသာရှိ၍ သင်တို့အားလုံးသည် ညီအစ်ကိုများဖြစ်ကြ၏။ သင်တို့သည် ခေါင်းဆောင်ဟုလည်း ခေါ်ဝေါ်ခြင်းကို မခံကြနှင့်။ အကြောင်းမူကား သင်တို့၏ခေါင်းဆောင် ခရစ်တော်တစ်ပါးတည်းဖြစ်၏(မ၊ ၂၃:၈၊၁၀)။

ယေရှုက ကျွန်ုပ်တို့၌ ဆရာများဟူ၍ မရှိသင့် သို့မဟုတ် တစ်ဦးချင်းစီကို ဆရာဟူ၍ မခေါ်သင့်ဟု ဆိုလိုခြင်းမဟုတ်ပေ (ယာ၊၃:၁ ကိုကြည့်ရှုပါ)။ သို့သော် ကိုယ်တော်ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ဒီဂရီ၊ ရာထူးအဆင့်အတန်းပေါ်၌ မိမိတို့၏

စိတ်နေသဘောထားကို ဖော်ပြနေခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် လူတစ်ဦး၏ ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးမှုကို ပံ့ပိုးပေးရန် ဘုရားသခင်နှင့်အတူ လုပ်ဆောင်နေသောသူများ ဖြစ်ကြောင်းကို နားလည်ရမည်။ ၎င်းသည် အရေးပါသော အမှုဖြစ်သော်လည်း ကျွန်ုပ်တို့သည် အဓိကသော့ချက်မဟုတ်ကြပေ။ ဤအမှု၌ ခန္ဓာပိုင်းဆိုင်ရာအသက် ပြုစုပျိုးထောင်ခြင်းနှင့် စပ်လျဉ်းသည့်ပုံရိပ်သည် ကျွန်ုပ်တို့ကို အထောက်အကူ ဖြစ်စေပါသည်။ ကျွန်ုပ်တို့သည် လူတစ်ဦးကို မကြီးထွားစေနိုင်သော်လည်း ထိုသူကို ကြီးထွားမှု လွယ်ကူစေရန် အထောက်အကူ ပြုနိုင်သည်။

## အကျွန်ုပ်တို့၏အပိုင်းကို မှန်ကန်စွာ သိမြင်ခြင်း

ကျွန်ုပ်တို့သည် မိမိတို့၏အသင်းတော်နေရာသို့ ပြန်လှည့်သောအခါ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပေးအပ်သည့်ခေါင်းဆောင်ပိုင်းဆုကျေးဇူးသို့မဟုတ် သင်ကြားခြင်းဆုကျေးဇူးကို ရရှိနိုင်ကြောင်း ကျွန်ုပ်တို့တွေ့မြင်နိုင် သည်(ရော၊ ၁၂:၇-၈)။ ထိုဝိညာဉ်တော်သည် အခြားသူများ ကြီးထွားဖို့ရန် ကျွန်ုပ်တို့အထဲ၌ သူပေးသည့် ဆုကျေးဇူးကို အသုံးပြုတတ်၏။ ကျွန်ုပ်တို့၏ လေ့ကျင့်ခြင်းကာလသည် အချိန်တို အတွင်း၌ စိတ်ပျက်ဖွယ်ကောင်းသည်ဟု ထင်ရသော်လည်း ယုံကြည်ခြင်းပါရှိ၏။ ထိုအချိန် အတောအတွင်း၌ ပုံဖော်ခြင်းဖြစ်ပျက်ဖို့ရန်အတွက် ဘုရားသခင်ကိုသာကိုးစားပါ။ ထိုကာလ တစ်လျှောက်လုံး တပည့်တော် အသက်တာအဖြစ်သို့ ဘုရားသခင်ပို့ဆောင်လိုသောကြီးထွားခြင်းကို သင်မည်ကဲ့သို့ အကောင်းဆုံး ကြည့်ရှုစောင့်ရှောက်နိုင်သည်ကို ကြိုတင်မျှော်မှန်းရပါမည်။




ဤအမှုသည် “ဘုရားသခင်နှင့်ဆိုင်သည့် ပိုမိုကြီးမြတ်သောအလုပ်” ဖြစ်သည်ဟု အောက်မေ့ပါ။ ဘုရားသခင်သည် တစ်ဦးချင်းစီအတွက် သူ့စိတ်နှလုံးထဲ၌ ပြည့်စုံသောအလုပ်ရှိသည်ဟူသော ယုံကြည် စိတ်ချမှုဖြင့် အလုပ်လုပ်ပါ။ ကျွန်ုပ်တို့လုပ်ဆောင်ရမည့်အမှုသည် သေးသေးလေးပင်ဖြစ်သည်။

## ကျွန်ုပ်တို့၏ကန့်သတ်ခြင်းများကို ရှာဖွေတွေ့ရှိခြင်း

ရေရှည်ရည်မှန်းချက်များ အဘယ်သို့ဖြစ်သည်ကို ဆန်းစစ်ပြီးလျှင် ၎င်းတို့သည် ယုံကြည်သူ တစ်ဦးချင်းစီအတွက် တူညီပါလိမ့်မည်။ ကျွန်ုပ်တို့နှင့်အတူ လုပ်ဆောင်လျက်ရှိသော လူတစ်ဦး၏ကြီးထွားမှု အဆင့်အတန်း အတိအကျကို ကျွန်ုပ်တို့သိရှိဖို့ လိုအပ်၏။ ကျွန်ုပ်တို့၏အချိန်၊ အခြေအနေ၊ အရင်းအမြစ်များ၊ ဆုကျေးဇူးများနှင့်ဘုရားသခင်၏ရည်ရွယ်ချက်တို့ကို စဉ်းစားတွေးခေါ်ရင်း ထိုအ

ချိန်အခါမှတဆင့် ဘုရားသခင်သည် မည်သည့်အရာကို ပြီးမြောက်အကောင်အထည်ဖော်ရန် ကြိုးစားအားထုတ်မည်နည်း။

**အချိန်** - လေ့ကျင့်ခံသူနှင့်ကျနော်တို့အချိန် ဘယ်လောက်ရသည်ကို ဆုံးဖြတ်ရမည်။ ဥပမာအားဖြင့် အတန်းချိန်နှင့်ပတ်သက်၍ မိမိတို့တစ်ဆယ့်သုံးနာရီ ရရှိနိုင်ပါသည်။ နာရီတိုင်း၌ လုပ်နိုင်သောအရာကို ရေးဆွဲချမှတ်၍ အိမ်စာများကိုလည်း သေသေချာချာ လုပ်ခိုင်းရမည်။

**အခြေအနေ** - အရွယ်ရောက်သူတစ်ဦး၏သင်ယူလေ့လာခြင်း အခြေအနေသည် ဆားဒေးစကူလ် အတန်းထဲမှာလား၊ ကျမ်းစာကျောင်းမှာလား၊ ညွှန်ပြပေးနေတဲ့အချိန်မှာလား၊ အခြားအစီအစဉ်မှာလားဆိုတာ အရေးကြီးတယ်။ ကျွန်ုပ်တို့အခြေအနေများသည် ကျနော်တို့ဆွေးနွေးရမည့် လိုအပ်ချက်တွေအတွက် တခါတလေ လမ်းညွှန်ပေးတတ်၏။

**အရင်းအမြစ်များ** - ကျွန်ုပ်တို့၏အရင်းအမြစ်များသည် မိမိတို့လုပ်နိုင်သောအရာကို အများအားဖြင့် ပုံဖော်တတ်၏။ တစ်နေရာ၌ စာအုပ်များစွာရှိနိုင်သော်လည်း အခြားတစ်နေရာ၌ ပုံနှိပ်ထားတဲ့ စာအုပ်တစ်အုပ်မျှမရှိတာလည်းဖြစ်နိုင်တယ်။ တစ်ဦးဦး၌ ကွန်ပျူတာအလုံးရေ များများရှိနေတဲ့အခါ အခြားသူတစ်ဦးမှာ စာသင်ခန်းအတန်းကို လှည့်လည်ဖို့ရန်အတွက် လုံလောက်တဲ့ငွေကြေးပင် မရှိတာလည်း ဖြစ်နိုင်ပါတယ်။ အဲဒီလိုအပ်ချက်တွေအတွက် သတိပြုရမယ်။ အကန့်အသတ်ရှိတဲ့ အရင်းအမြစ်များဟာ ထိရောက်သောလေ့ကျင့်ခြင်းကို မကြာခဏစိန်ခေါ်မှုပြု၏။ သို့ရာတွင် ဘုရားသခင်သည် ခက်ခဲသောအနေအထားများ၌ပင် အခြားသူများအား ဆက်လက်အားပေးရန် သင့်ကိုလေ့ကျင့်ပေး လျက်နေ၏။

**ဆုကျေးဇူးများ** - မျှော်လင့်ချက်ကြီးစွာဖြင့် ကျွန်ုပ်တို့လုပ်ဆောင်သောအရာသည် များသောအားဖြင့် မိမိတို့အား ဘုရားသခင်ပေးတော်မူသော ဝိညာဉ်ပိုင်းဆိုင်ရာဆုကျေးဇူးနှင့် ဆက်စပ်မှုရှိ၏။ ဤအရာသည် အရေးကြီး၏။ အကြောင်းမှာ ကျွန်ုပ်တို့၏ဝိညာဉ်ဆုကျေးဇူးများ အစင်းအကြောင်းတလျှောက်တွင် မိမိတို့၏လုပ်ငန်းကို သယ်ပိုးရန်အတွက် မိမိတို့၌ တိုးပွားသောယုံကြည်ခြင်းရှိသောကြောင့်တည်း။ ကျွန်ုပ်တို့၏ဆုကျေးဇူးများသည် မိမိတို့အလေးထားသောအနေအထား၌ မိမိတို့လိုချင်သည့်အတိုင်း လုပ်ဆောင်နိုင်ခြင်းမရှိသည်ကိုလည်း သတိပြုရမည်။ ၎င်းက စိတ်ရှည်ခြင်းနှင့်ဘုရားသခင်၏ဉာဏ်ပညာ ရှာဖွေခြင်းကို တောင်းဆိုမှုပြုသည်။

**ဘုရားသခင်၏ရည်ရွယ်ချက်** - ဤကား အားလုံးထဲတွင် အရေးကြီးဆုံးအခန်းကဏ္ဍဖြစ်နိုင်ချေရှိသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ဆုကျေးဇူးများသို့မဟုတ် အရင်းအမြစ်များဖြစ်သည့် မိမိတို့၏ကန့်သတ်ချက်များအားဖြင့်

ကန့်သတ်၍မရပေ။ ဤအကြောင်းကြောင့် ဤအချိန်နာရီများ၌ ဘုရားသခင်လိုလားသောအရာကို ပြုလုပ်ဖို့ရန် ဆုတောင်းခြင်းနှင့်သတိထား စဉ်းစားဆင်ခြင်ခြင်းသည် အရေးကြီးခြင်း ဖြစ်သည်။

## ကျွန်ုပ်တို့ကဏ္ဍများကို နားလည်ခြင်း

အခြားသောသူများ စိတ်ရှုပ်ထွေး၍ မျှော်လင့်ချက်မဲ့နေသောအချိန်၌ တချို့သောလူတို့သည် သက်သောင့်သက်သာဖြစ်၍ အသင့်နေကြ၏။ ကျွန်ုပ်တို့သည် ဘုရားသခင်ပြုစေလိုသောအရာကို ပို၍ဆုပ်ကိုင်ထားလေလေ မိမိတိုထည့်ဝင်နိုင်သောအရာသည် အလွန်နည်းပါးသည်ကို ပို၍မြင်တွေ့ လေလေဖြစ်သည်။ လုပ်ငန်းတာဝန် သေးငယ်သော်လည်း ကိစ္စမရှိပါဘူး။ ဘုရားသခင်သည် သင်၏လုပ်ငန်းကို တန်ဖိုးကြီးကြီးထားနေဆဲဖြစ်သည်။ မည်သည့်အခါမျှ အထင်အမြင်သေးခြင်းမရှိပေ။

လူတစ်ဦးရပ်လျက် မိမိအိမ်နားရှိ အပင်များရေလောင်းနေသည့်အကြောင်းကို စဉ်းစားကြည့်ပါ။ ထိုသူသည် မိမိ၏လုပ်ဆောင်မှုအားဖြင့် ရှင်သန်ခြင်းသို့မဟုတ် ကြီးထွားခြင်းကို မပြုနိုင်သော်လည်း ဘုရားသခင်သည် သူ၏ကြီးမြတ်သောအလုပ်များကို ပြီးမြောက်စေနိုင်သည်။ သင့်လုပ်ငန်းသည် သေးငယ် ပါ သလား၊ ကိစ္စမရှိပါဘူး။ ထည့်ဝင်ခြင်း ကြီးပါသလား၊ ဒါလည်း ကိစ္စမရှိပါဘူး။

"ငါသည် စိုက်ပျိုးသောသူဖြစ်၏။ အာပေါလုသည် ရေလောင်းသောသူဖြစ်၏။ အပင်ကို ကြီးပွားစေသောသူကား ဘုရားသခင်ပေတည်း။ စိုက်ပျိုးသောသူမတတ်နိုင်။ ရေလောင်း သောသူလည်း မတတ်နိုင်။ ကြီးပွားစေတော်မူသောဘုရားသခင်သာလျှင် တတ်နိုင်တော်မူ၏" (၁ကော၊ ၃:၆-၇)။

သို့ဖြစ်၍ ကျွန်ုပ်တို့၏ကန့်သတ်ခြင်း များစွာတို့ကို သိရှိဖို့ရန်လိုအပ်သည်။ ကျွန်ုပ်တို့သည် ထိုအရာ များကြောင့် ဘုရားသခင်၏အဆင့်အတန်း နည်းပါးစေရန်သို့မဟုတ် မိမိတို့ထည့်ဝင်ခြင်းများအား အထင်အမြင်သေးခြင်း ဖြစ်စေရန်အခွင့်မပေးရ။ ကျွန်ုပ်တို့ဖြစ်သင့်သည်ထက် မိမိတို့ကိုယ်ကို ပို၍မြင့်မားစွာ မထင်ရ။ ယုံကြည်ခြင်းကင်းမဲ့ခြင်းနှင့်ထောင်လွှားခြင်းသည် အခြားသောသူများ၏အသက်တာများ၌ ဘုရားသခင်ပြုလိုသည့် အံ့သြဖွယ်အလုပ်ကို ဖျက်ဆီးသည့်အရာနှစ်ခုဖြစ်ပါသည်။

## ကျွန်ုပ်တို့ယုံကြည်ခြင်းကို လေ့ကျင့်ရန် အားသစ်လောင်းခြင်း

ဘုရားသခင်၏ရည်မှန်းချက်ပန်းတိုင်များကို ဆန်းစစ်သော် ထိုရည်မှန်းချက်ပန်းတိုင်များကို သတ်မှတ် ပိုင်းခြားထားသည့် အချိန်နှင့်ကန့်သတ်ခြင်းများ၌ ကျွန်ုပ်တို့မည်ကဲ့သို့ပြည့်စုံစေနိုင်မည်ကို မိန်းမောတွေဝေလျက်နေကြ၏။ ကျွန်ုပ်တို့၌ အံ့သြဖွယ်ဖြစ်ရပ်လိုအပ်သည်။

အခါအားလျော်စွာ ကျွန်တော်သည် ခရစ်ယာန်ခေါင်းဆောင်များအတွက် ပင်လယ်ရပ်ခြား ဘာသာစကားနှစ်မျိုး နှီးနှောဖလှယ်ပွဲသင်တန်းကို ဦးစီးလုပ်ဆောင်တတ်၏။ ထိုအချိန်၌ ကျွန်တော်သည် ဘေးကျပ်နံကျပ်ဖြစ်ခြင်းကို ရင်ဆိုင်ရပါသည်။ အချိန်သည် ကန့်သတ်မှုရှိ၏။ ဘာသာစကားသည်လည်း အဟန့်အတားဖြစ်၏။ ရာသီဥတုလည်း အိုက်စပ်စပ်ဖြစ်၏။ ကျွန်တော်တို့သည် အိန္ဒိယနိုင်ငံ၌ သင်ကြားခြင်း ပြုလုပ်နေစဉ် အပြင်ဘက်၌ ရုပ်တုနှင့်ဆိုင်သောပွဲရှိ၍ အလွန်ဆူညံခြင်းနှင့်ရင်ဆိုင်ရသည်ကို အမှတ်ရသေး၏။ ကျယ်လောင်သော ပျောက်အိုး ဖောက်သံသည် ကျွန်ုပ်တို့ပြောစကားသံများနှင့် အပြိုင်အဆိုင်ဖြစ်၏။

ကျွန်ုပ်တို့ကိုယ်တိုင် ယုံကြည်ခြင်း၌ ဦးစီးဦးရွက်ပြုခြင်းသည် ဆရာသမားများဖြစ်သည့်အလျောက် ပဓာနကျ၏။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကြီးမြတ်သော ရည်ရွယ်ချက်များကို ရှေ့ရှုမည်ဖြစ်သောကြောင့် စိတ်ဓာတ်ကျခြင်းနှင့် ဆိုင်သောစိုးမိုးမှုကို အခွင့်မပေးသင့်ပေ။ လေ့ကျင့်သင်ကြားခြင်း ကာလတလျှောက်တွင် ဘုရားသခင်၏နာမကြီးမြတ်ဖို့ရန် ကိုယ်တော့်ကို နေရာပေးရပါမည်။ တစ်နာရီအတွင်း၌ ကျွန်ုပ်တို့ပြီးမြောက် နိုင်သောအရာထက် တစ်မိနစ်အတွင်း၌ ကိုယ်တော်ပြီးမြောက်နိုင်သောအရာ ပို၍များပြား၏။ ဘုရားသခင်၏လူတို့အား ပြုစုပျိုးထောင်ခြင်းတည်းဟူသော ကိုယ်တော်၏ရည်ရွယ်ချက်တစ်ခုလုံးကို နားလည်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် အားတက်မြှင့်တင်ခြင်းခံရ၏။ "ငါဆိုသည်ကား သင်သည် ပေတရုဖြစ်၏။ ဤကျောက်ပေါ်မှာ ငါ့အသင်းတော်ကို ငါတည်ဆောက်မည်။ ထိုအသင်းကို မရဏာနိုင်ငံ၏တံခါးတို့သည် မနိုင်ရ" (မ၊ ၁၆:၁၈)။

ပေတရု၌ ယေရှုပေးအပ်သည့် အခွင့်အာဏာများစွာရှိသည့်တိုင်အောင် ယေရှုကသာ သူ၏အသင်းတော်ကို တည်ဆောက်လျက်ရှိကြောင်း အခိုင်အမာ မိန့်ဆိုခဲ့၏။ မည်သည့်အရာကမျှ သူ၏ အကြံအစည်ကို အနှောင့်အယှက် မပြုနိုင်ပေ။

## ဘုရားသခင်ကို အားထားမှီခိုနေရသောအသက်တာဖြင့် အသက်ရှင်ခြင်း

အကယ်၍ ကျွန်ုပ်တို့၏ရည်မှန်းချက်များသည် ဘုရားသခင်၏ကြီးမြတ်သော ရည်ရွယ်ချက်များနှင့်အညီ မှန်ကန်စွာဖွဲ့စည်းထားပါက ကျွန်ုပ်တို့သည် မိမိတို့၏အသက်တာကို ဖန်တီးမည့်အစား မြှင့်တင်အားပေးခြင်းကိုသာ ပြုရပါလိမ့်မည်။ ကျွန်ုပ်တို့သည် ခရစ်တော်နည်းတူ ကြီးမြတ်သော ဆရာမဖြစ်ကြပေ။ ကျွန်ုပ်တို့သည် ဆရာသမားများနှင့်လေ့ကျင့်ပေးသူများ နာမည်ခံများဖြစ်သည့်အလျောက် မိမိတို့အပိုင်းကို အာရုံစူးစိုက်ဖို့လိုအပ်ပါသည်။ ထိုသို့ပြုသောအခါ ကျွန်ုပ်တို့၏အကန့်အသတ်ရှိသောအချိန်နှင့် အခြေအနေများ၌ ဘုရားသခင်အလိုရှိသောအရာကို ပြီးမြောက်နိုင်ဖို့ရန် ဘုရားသခင်သည် ကျွန်ုပ်တို့အား သူ၏ဝိညာဉ်တော်နှင့်ပြည့်ဝစေရန် ကြိုးပမ်းလေ၏။

ကျွန်ုပ်တို့သည် ဒေသနာဝေငှချက်ကို သင်ကြားသည်ဖြစ်စေ၊ ဆားဒေး စကူးလ် အတန်းကို သင်ကြားသည်ဖြစ်စေ၊ အဖွဲ့ငယ်လေးကို သင်ကြားသည်ဖြစ်စေ မိမိတို့သည် ဘုရားသခင်၏ကြီးမြတ်သော အလင်းပေးခြင်းအောက်၌ အသက်ရှင်ကြ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ကိုယ်တော်၏အံ့အားသင့်ဖွယ် ကောင်းသော အလုပ်ကို သင့်တင့်လျောက်ပတ်စွာ ထမ်းဆောင်ရမည့်အကြောင်း ကိုယ်တော်၏ လုပ်ပိုင်ခွင့် အာဏာကို နှိမ့်ချစွာ ရှာဖွေကြရမည်။

ခရစ်တော်၏ပြစ်တင်ကြိမ်းမောင်းခြင်းကို သတိပြုရမည်။ အကယ်၍ ကျွန်ုပ်တို့သည် တတ်ကျွမ်းသည်ဟု ထင်မှတ်ပါက ပြဿနာကို အဖြေရှာခြင်းထက် ထိုပြဿနာဘက်၌ ပါနေသူများဖြစ်ကြသည်။ ဘုရားသခင်သည် စစ်မှန်သောကြီးထွားခြင်းကို ဖြစ်ပေါ်စေ၍ ယုံကြည်သူများအား ကြီးထွားဖွံ့ဖြိုးခြင်းတစ်ဆင့်မှ အခြားတစ်ဆင့်သို့ ပို့ဆောင်ပေးသည်။

ခရစ်တော်သည် အနှိုင်းမဲ့ဆရာဖြစ်ပါသည်။ သူ၏ဝိညာဉ်သည် တပည့်တော်တစ်ဦးချင်းထံ၌ ဆရာအဖြစ်လည်းကောင်း၊ လေ့ကျင့်ပေးသူအဖြစ်လည်းကောင်း ကဏ္ဍနှစ်ခုစလုံး၌ လုပ်ဆောင်တော်မူ၏။ ခရစ်တော်သည် သူ၏သမ္မာတရားကို ထိထိရောက်ရောက် လက်ဆင့်ကမ်းနိုင်ဖို့ရန် သံတမန်များကို ရှာဖွေလျက်နေ၏။ ကျွန်ုပ်တို့သည် သာလွန်သော ဆုတောင်းခြင်းလိုအပ်သည်။

## သင်ခန်းစာ

- ရေရှည်ရည်မှန်းချက်များသည် ကျွန်ုပ်တို့၏သေးဖွဲသောအရာကို ပိုမိုကောင်းမွန်စွာ နားလည်စေ၍ သင်ကြားခြင်းနေရာ၌ သိသာထင်ရှားမှုရှိ၏။
- ကျွန်ုပ်တို့သည် ကန့်သတ်မှုရှိသောအချိန်၌ ရှိနေသောကြောင့် ယုံကြည်သူတစ်ဦးအား ကြီးထွားစေဖို့ရန် မိမိတို့၏အင်အားများကို အကောင်းဆုံးအသုံးချနိုင်ရမည့်အကြောင်း ဉာဏ်ပညာအတွက် ဘုရားသခင်ကို နှိမ့်ချစွာ တောင်းခံဖို့လိုအပ်ပါသည်။
- ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် သွန်သင်၍ ညွှန်ပြရမည်။ သို့မှသာ ဘုရားသခင်သည် ကျွန်ုပ်တို့၌ရှိသည့်အနည်းငယ်သောအရာကိုယူ၍ သူ၏ မဟာကောင်းမြတ်မှု စုံလင်စေဖို့ရန် ၎င်းကို တိုးပွားစေမည်ဖြစ်သည်။
- အကောင်းဆုံးသောဆရာသည် ထာဝရဘုရားဘက်၌ ထောက်မသူအဖြစ် ရပ်တည်ခြင်းအားဖြင့် မိမိ၏စိတ်နှလုံးကို လုပ်ဆောင်လျက်ရှိသည့် အလုပ်ပေါ်၌ ချထား၏။

## ကျက်မှတ်ဆင်ခြင်ပါ

- ၁ကော၊ ၃:၆-၇
- မ၊ ၂၃:၈၊၁၀

**တာဝန်ပေးအပ်ခြင်း**

- ဤအခန်းထဲမှ သင်လေ့လာသင်ယူခဲ့သည့် အရေးပါဆုံးတစ်ခုကို ဖော်ပြပါ ။ ၎င်းအပေါ်၌ ဆုတောင်းပါ။
- သင်သည် မြင့်မားသောရည်မှန်းချက်ထား၍ စိတ်ပျက်အားလျော့ရန် ရည်ရွယ်ပါသလား သို့မဟုတ် နိမ့်ကျသောရည်မှန်းချက်ထား၍ အကျိုးယုတ်ရမည်လော။ ကျေးဇူးပြု၍ ရှင်းပြပါ။
- မြင့်မြင့် သို့မဟုတ် နိမ့်နိမ့်အောင်မြင်သောသူများအဖို့ သင်ကြားခြင်းဆိုင်ရာ သူတို့၏အမြင် တိုးတက်ခြင်းနှင့်စပ်လျဉ်း၍ ဤသင်ခန်းစာသည် မည်ကဲ့သို့အထောက်အကူပြုနိုင်သနည်း။
- ၁ကော၊ ၃:၅-၁၀ ကို စဉ်းစားဆင်ခြင်၍ အခြားသူများအား သွန်သင်ရန်နှင့် လေ့ကျင့်ပေးရန် အကောင်းဆုံးချဉ်းကပ်မှုကို အကျဉ်းချုပ် ဖော်ပြပါ။.

.

# #၂၃ တစ်ခုလုံး၏အစိတ်အပိုင်းများ

ဘုရားသခင်၏ရည်မှန်းချက်အလုံးစုံ မည်ကဲ့သို့ဖြစ်မြောက်ကြောင်းကို အပြည့်အဝ နားမလည်ခြင်းသည် လေ့ကျင့်သင်ကြားခြင်း၌ သိသာထင်ရှားသော ပြဿနာကြီးဖြစ်ပါသည်။ ယောဟန်သည် ၁ယော၊၂:၁၂-၁၄ ၌ ယုံကြည်သူ၏ ဝိညာဉ်ရေးရာ ခရီးစဉ်ကို စိစစ်ခွဲဝေပေးလျက် အသက်တာ အဆင့်ဆင့်၌ ကြီးထွား ခြင်းကို နားလည်စေရန် ကျွန်ုပ်တို့သိရှိဖို့ လိုအပ်သောအရာကို ချပြလေ၏။

အသက်တာ၏တူညီချက်၊ ရှင်းလင်းစွာပြောဆိုနိုင်သည့် ရင်းမြစ်၊ စွမ်းရည်၊ ပုံစံနှင့်အသက်တာ မောင်းနှင်ခြင်းတို့သည် တကယ်အထောက်အကူပြုသော်လည်း တိုင်းတာ၍ရသောရည်မှန်းချက်များသို့ ကျွန်ုပ်တို့ကို မပို့ဆောင်နိုင်ပေ။ ၎င်းတို့ကို အခြားသူများအား အလွယ်တကူ တင်ဆက်နိုင်၍ လေ့လာလိုက်စားရန် စိန်ခေါ်နိုင် ပါသည်။ ယောဟန်သည် အဆင့်တစ်ခုမှ အခြားအဆင့်တစ်ခုကို ပိုင်းခြားပေး ခြင်းသက်သက်မဟုတ်ဘဲ အထူးအဆင့်များ၌ ဖြစ်ပျက်မည့်ကြီးထွားမှုဆိုင်ရာ အဓိက ကဏ္ဍကိုလည်း ဖော်ထုတ်ပြသပေး၏။

ကြီးထွားဖွံ့ဖြိုးခြင်း၏အမှတ်အသားဖြစ်ပါသည်။ ကလေးငယ်များသည် ကျွန်ုပ်တို့၏တိုက်ရိုက် အကျိုးပြုခြင်းကို ခံသောသူများမဖြစ်ကြသော်လည်း ထိုအမှတ်အသားများမှာမူ သူတို့အဖို့ သွယ်ဝိုက်သောရည်မှန်းချက်များဖြစ်ပါ သည်။ မိဘ၏တာဝန်သည် ပြုစုစောင့်ရှောက်ခြင်းနှင့်ပတ်ဝန်းကျင်တစ်ခု၌ ကြီးထွား စေခြင်းသာဖြစ်သည်။

ငါ့ကလေး နှစ်ယောက်တို့လည်း စကားစပြောရန် အလွန်နှေးကွေးခဲ့သည်။ ကျွန်ုပ်တို့သည် မိဘဖြစ်သည့်အလျောက် တစ်ခုခုများဖြစ်သလားဟု စိုးရိမ်မိ၏။ တကယ်တော့ ဘာမှမဖြစ်ပါ။ ကလေးတိုင်း မတူညီတဲ့ခြေလှမ်းနဲ့ ကြီးပြင်း လာကြတာကို ကျွန်ုပ်တို့သင်ယူမိတယ်။ ကျွန်ုပ်တို့သည် ဤကြီးထွားဖွံ့ဖြိုးမှု၌ မြန်ဆန်အောင်မလုပ်ပေးနိုင်သော်လည်း ကြီးထွားခြင်းဆိုင်ရာ ထိုအမှတ်အသား များသည် သိသာထင်ရှား၍ ထိုအမှတ်အသားများက သူတို့ကောင်းမွန်လျက် ရှိကြောင်း ကျွန်ုပ်တို့ကို ပြောပြနေခြင်းဖြစ်သည်။

ယနေ့ခေတ်ကြီးမှာ ဆေးပညာလည်း အရမ်းကိုမြင့်မားလာပြီဖြစ်တဲ့ အတွက် ကလေးတစ်ဦး ပုံမှန်မကြီးထွားလျှင် ထိုကလေးဘာဖြစ်နေသည်ကို ချက်ချင်းထောက်ပြနိုင်ကြ၏။ ထိုကလေးသည် ပုံမှန်ကြီးထွားဖွံ့ဖြိုးမှုအတွက် အာဟာရဓာတ် ချို့တဲ့တာလည်းဖြစ်နိုင်ပါသည်။ အကြောင်းရင်း အမျိုးမျိုး ရှိနိုင်ပါသည်။ ဓာတုဗေဒပိုင်းဆိုင်ရာဆေးဝါးများသည် ခန္ဓာကိုယ်ဖွဲ့စည်းမှု မှန်ကန်

နိုင်ဖို့ရန် ဖြည့်ဆည်းပေးနိုင်ပါသည်။ ထိုသို့သော လုပ်ဆောင်ချက်မှန်သမျှတို့သည်လည်း ခန္ဓာကိုယ်၏ ဖွဲ့စည်းတည်ဆောက်မှု စည်းမျဉ်းစည်းကမ်းများနှင့် အကြောင်းအရာများအတိုင်း လုပ်ဆောင်ခြင်း ဖြစ်ရပါမည်။

## ဝိညာဉ်ရေးရာ ရည်ရွယ်ချက်ပန်းတိုင်များ

ဒီဟာလည်း ဝိညာဉ်ရေးရာလိုအပ်ချက်များ အခြေအနေအတိုင်းဖြစ်ပါသည်။ နည်းစနစ်ကို ဖန်တီးနေခြင်းမဟုတ်ဘဲ လုပ်ဆောင်နေခြင်းသာဖြစ်ပါသည်။ ကျွန်ုပ်တို့၏ယုံကြည်စိတ်ချမှုကို ဘုရားသခင် ဖန်းတီးပေးသည့် ဝိညာဉ်ရေးရာ နည်းစနစ်ထဲ၌ ချထားခြင်းဖြစ်ပါသည်။ ဒီအရာသည် တကယ်အလုပ်ဖြစ်၍ ဝိညာဉ်ရေးရာကြီးထွားခြင်းကို ဖြစ်ပေါ်စေပြီး နှုတ်ကပတ်တော် ကျမ်းချက်များသည်လည်း ကျွန်ုပ်တို့၏ ကြီးထွားမှု ပမာဏကို အထောက်အကူပြုစေရန် ကြီးထွားခြင်းဆိုင်ရာ အမှတ်လက္ခဏာ ဖြစ်စေပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင် ခန့်ထားသည့် သင်ကြားသူနှင့် သင်ကြားခံရသူများ ဖြစ်သည့်အလျောက် ဤကြီးထွားခြင်းပုံစံကို တိုက်တွန်းရခြင်းဖြစ်ပါသည်။

လူတို့အား ကျွန်ုပ်တို့ကြီးထွားစေသောကြောင့် ကြီးထွားခြင်း၏လက္ခဏာသည် ကျွန်ုပ်တို့၏ရည်မှန်းချက်များဖြစ်လာရခြင်းမဟုတ်ဘဲ အဆင့်အတန်း အမျိုးမျိုးသောလူများ၌ ဘုရားသခင် လုပ်ဆောင်လျက်ရှိသည့်အရာကို နားလည်စေသောကြောင့်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကောင်းမွန်သည့် ကြီးထွားမှုကို အားဖြည့်စေရန်နှင့်မြှင့်တင်ပေးရန် လိုအပ်ချက်ကို ဖြည့်ဆည်းပေး၏။ ပေါလု၏ သွန်သင်ချက်နှင့်စပ်လျဉ်းသည့် သူ၏ရည်ရွယ်ချက်ပန်းတိုင် အဆင့်သုံးဆင့်မှာ "ကျွန်ုပ်တို့ညွှန်ကြားချက်၏ ရည်ရွယ်ချက်ပန်းတိုင်ကား စင်ကြယ်သောစိတ်နှလုံး၊ ကြယ်လင်သောအသိစိတ်နှင့် ဟန်ဆောင်မှု ကင်းသောယုံကြည်ခြင်းတို့မှ ဖြစ်ပေါ်လာသည့် ချစ်ခြင်းမေတ္တာဖြစ်၏" (၁တိ၊၁:၅)။

ယောဟန်သည် အဆင့်တိုင်း၌ ဖြစ်ပျက်ရန် လိုအပ်သောအရာအမျိုးမျိုးကို ခွဲခြားပေးခဲ့၏။ ကျွန်ုပ်တို့သည် ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှုကို အသုံးပြုခြင်းဖြင့် ဤအတွေးမျိုးကို ဆက်လက်ဖြည့်စွက် နိုင်ပါသည်။ ယောဟန်၏နှိုင်းယှဉ်ဆင်ခြင်ခြင်းသည် လွယ်လွယ်ကူကူ ပြောင်းလဲ၍ရသည့် အယူအဆများကို ချပြရုံတင်မကဘဲ အကောင်အထည်ဖော်ခြင်းဆိုင်ရာ လက်တွေ့ကျသည့်အဆင့်များကိုပါ ဖော်ထုတ် ပြသကြောင်း ငါကိုယ်တိုင်တွေ့ရှိခဲ့ပါသည်။ ၎င်းတို့သည် ရိုးရှင်းသော်လည်း အလွန်လေးနက်သော အရာဖြစ်ပါသည်။

ငါလည်း သင်ကြားပေးသူတစ်ဦးအနေနဲ့ ရေတွင်းတိုင်း၌ နက်ရှိုင်းစွာတူးဖော်ခဲ့သော်လည်း မည်သည့်အခါမျှ အောက်ရေနက်တိုင်ကို မတွေ့ခဲ့ပါ။ ပို၍နက်ရှိုင်းလာအောင် အမြဲတူးဖော်နေရမည်။

## ထူးကဲသောလေ့ကျင့်မှု

ထူးကဲသောလေ့ကျင့်မှု၏အဓိကသော့ချက်မှာ ဤသွင်ပြင်နှစ်ခုကို ကျွန်ုပ်တို့မည်ကဲ့သို့ ဆက်နွယ်ထားသည် ဆိုသည့်အနေအထားပေါ်၌ မူတည်ပါသည်။

(၁) ကျွန်ုပ်တို့သည် ကြီးထွားမှုအစိတ်အပိုင်းမှန်သမျှကို ဘုရားသခင်၏ရည်ရွယ်ချက်နှင့်အညီ ဝိညာဉ်ရေးရာကြီးထွားဖွံ့ဖြိုးမှုသို့ ဆက်နွယ်ခြင်းအားဖြင့် ကြည်လင ပြတ်သားစေသည်။

(၂) ဝိညာဉ်ရေးရာ စောင့်ရှောက်ခြင်း မဟာဗျူဟာနှင့် ညွှန်ကြားချက်တို့သည် တစ်ဦးချင်းစီအတွက် ချက်ချင်းလိုအပ်၏။




ယုံကြည်သူများသည် မှန်ကန်သောလေ့ကျင့်မှုကို မရရှိသောအခါ ကြီးမားသောပြဿနာများကို ရင်ဆိုင်ကြရ၏။ သခင်ဘုရားထံတော်ပါးမှ လူအများလွင့်မျောသည့်နေရာ၌ ယုံကြည်သူများလည်း မကြီးထွားတော့ဘဲ ရပ်တန့်သောအခါ ပို၍ဆိုးရွားသောခက်ခဲမှုများရှိလာသည်ကို ကျွန်ုပ်တို့မြင်တွေ့ရပါသည်။

တစ်ခါတစ်ရံ အသင်းတော်၌ တစ်စုံတစ်ရာ အလိုလိုမှားယွင်းမှု ဖြစ်ပျက်လျက်ရှိတတ်၏။ ဤသို့ဖြစ်ရခြင်းသည်လည်း အရေးပါလှသည့်ဤအဆင့်နှစ်ဆင့်ကို အသင်းတော်၌ မေ့နေသောကြောင့် သော်လည်းကောင်း၊ ယုံကြည်သူများအနေဖြင့် ကောင်းမွန်သောစောင့်ရှောက်ခြင်းကို လက်ခံရရှိခြင်း မရှိသောကြောင့်သော်လည်းကောင်း ဖြစ်နိုင်ပါသည်။

## သင်ခန်းစာ

- ဘုရားသခင်၏လုပ်ဆောင်ချက် တစ်ခုလုံး၏ရုပ်လုံးပုံသည် ကျွန်ုပ်တို့အား အရာရာအားလုံးကို ရှုမြင် တတ်စေပါသည်။
- လေ့ကျင့်မှု၌ ဖြစ်ပျက်သည့် အကြီးမားဆုံးပြဿနာများမှာ တစ်ခုလုံးထဲက အစိတ်အပိုင်း ကွဲပြားခြင်း ကြောင့်ဖြစ်ပါသည်။ ရေရှည်ရည်ရွယ်ချက် ပန်းတိုင်များကနေ့ ရေတို ရည်ရွယ်ချက် ပန်းတိုင်းများသို့ ကူးပြောင်းခြင်း

## ကျက်မှတ်ဆင်ခြင်ပါ

- ၁တိ၊၁:၅

**တာဝန်ပေးအပ်ခြင်း**

- သင့်အသက်တာ၊ ကျောင်း၊ အလုပ်စသည့်တို့၌ အဓိကတာဝန်ရှိခြင်းကို ဖော်ပြပါ။
- ဤလောက၌ သင့်အသက်တာအတွက် ဘုရားသခင်၏ရေရှည် ရည်ရွယ်ချက်ပန်းတိုင်ကား အဘယ်နည်း။ ဘုရားသခင်သည် သင့်ကို ဝိညာဉ်ရေးရာ၌ မည်ကဲ့သို့ကြီးထွားစေလို၍ သူ့ကိုမည်ကဲ့သို့ အစေခံစေလိုပါသနည်း။
- သင့်၏ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးမှုအတွက် သင့်အသက်တာသည် ဘုရားသခင်၏ရေရှည် ရည်ရွယ်ချက်ပန်းတိုင်းနှင့် ဆက်နွယ်မှုရှိဖူးပါသလား။

# #၂၄ ရည်ရွယ်ချက်နှင့်တကွ လေ့ကျင့်ပေးခြင်း

လေ့ကျင့်မှုအမြင်ဘက်ကနေ၍ ကြီးထွားခြင်းအဆင့်တိုင်း၌ ဖြစ်ပျက်ရန် တကယ်လိုအပ်ချက်များကို ဆွေးနွေးခြင်းမတိုင်မီ တစ်ဦးချင်း၏အစိတ် အပိုင်းများနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့နားလည်ခြင်းကို တစ်ခုလုံးအနေနဲ့ မည်ကဲ့သို့ပုံဖော်သည်ကို ကြည့်ကြပါစို့။

ဤအမှု၌ ကျွန်ုပ်တို့သည် တပည့်တော်မွေးထုတ်ရန် ရည်ရွယ်ချက်ရှိသည်ဟု ဆိုကြပါစို့။ လူသုံးဦးကို တပည့်တော်ဖြစ်စေ၏။ တပည့်တော်ဖြစ်စေခြင်းဆိုသည်မှာ အထူးပုံစံဖြင့် လေ့ကျင့်ပေးခြင်းကို ခေါ်သည်။ ကျွန်ုပ်တို့သည် ထိုသုံးဦးတို့၏ကြီးထွားခြင်းအပေါ် ဂုဏ်ယူပါသော်လည်း သူတို့၏အသက်တာကဏ္ဍ နည်းနည်းကိုသာ စိတ်ဝင်စားတာဖြစ်နိုင်ပါသည်။

လေ့ကျင့်ပေးခြင်းကာလ၌ သူတို့အား ကျွန်ုပ်တို့သင်ကြားလျက်ရှိသည့်အရာကို ဂရုစိုက်ဖို့ရန် လိုအပ်လှပါသည်။ သူတို့အတွက် အရေးပါသည့်ရည်ရွယ်ချက်ပန်းတိုင်ကားသူတို့လည်း ငါတို့လိုပဲ အခြားသူများကို တပည့်တော်ဖြစ်စေလိုကြသည်။ ကျွန်ုပ်တို့နာခံလိုက်လျှောက်သည့် ပညတ်ချက်ကိုသာ ဦးတည်မထားဘဲ သူတို့လည်း ငါတို့လို တပည့်တော်မွေးထုတ်ရန် ရူပါရုံရှိကြ၏။




ကျွန်ုပ်တို့လေ့ကျင့်ပေးသောသူများသည် သွား၍ တပည့်တော် မွေးထုတ်နိုင်ကြမည်လော။ မည်သို့ပြုမည်ကို သူတို့တကယ် သိကြပါသလား။ သူတို့ တကယ်ဂရုတစိုက်ရှိကြပါသလား။ အခြားသူများကို ဆင့်ကဲတပည့်တော် မွေးထုတ်ဖို့ရန်သူတို့ကိုသူတို့ လေ့ကျင့်လျက်နေသောသူများဟုတ်ပါသလား။ ပေါလုသည် ဤသို့လုပ်ဆောင်လျက်နေ၏။

များစွာသောသက်သေတို့ရှေ့၌ ငါ့ထံမှ ကြားရသောအရာတို့ကို အခြားသူတို့အားလည်း သင်ကြားပေးနိုင်စွမ်းရှိသည့် သစ္စာရှိသောသူတို့၌ ပေးအပ်လော့ (၂တ၊၂:၂)။ ဤကျမ်းချက်သည် တပည့်တော်ဖြစ်စဉ်ကို ကောင်းကောင်းဖော်ပြပေးသည်။ ပေါလုက တိမောသေကို တပည့်တော်ဖြစ်စေ၍ တိမောသေမှတဆင့် အခြားသူများကို ဆင့်ကဲဆင့်ကဲ တပည့်တော် မွေးထုတ်ခြင်း ဖြစ်ပါသည်။

လူငယ်များစွာတို့သည် ထိမ်းမြားခြင်းကို အတူတကွငြင်းပယ်လာကြ၏။ အကြောင်းမှာ ထိမ်းမြားသည် ပို၍ကောင်းမွန်ကြောင်းကို သူတို့နားမလည်ကြသော

ကြောင့်ဖြစ်သည်။ သူတို့သည် လူတကာနှင့် သောင်းပြောင်းလင်ဆက်ဆံလာကြ၍၊ ခရစ်ယာန်မိဘများသည်လည်း သူတို့သားသမီးများကို ပုံသက်သေ ကောင်းမဖြစ်နိုင်ကြတော့ပေ။ လက်ထပ်ထိမ်းမြားခြင်းမရှိဘဲ ထိုသို့အတူတကွနေခြင်းသည် အလွန်နိမ့်ကျသော ရည်ရွယ်ချက်ပင်ဖြစ်သည်။ စုံတွဲဆိုသည်မှာ အရင်ဆုံး ထိမ်းမြားပြီးမှသာ အိမ်ထောင်ကို ထူထောင်၍ရ၏။ ထိုနည်းတူစွာ သူတို့ကလေးများလည်း သူတို့မိဘကဲ့သို့ ပြုမူအတုယူလာမည်ဖြစ်ပါသည်။


ထိမ်းမြားခြင်းမရှိဘဲ အတူတကွနေထိုင်ခြင်းဖြင့် ကလေးယူခြင်းဆိုသည်မှာ ရှေ့ရေးကို မစဉ်းစားခြင်း ပင်ဖြစ်ပါသည်။ ထိမ်းမြားသောသူများကလည်း ၎င်းကို အရေးမထားလျှင် ထိမ်းမြားခြင်းနှင့် စပ်လျဉ်း၍ သူတို့ကလေးများကို အထင်အမြင်သေးစရာဖြစ်စေပါသည်။

ဤအကြောင်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့ခရစ်ယာန်ကျောင်းများနှင့် ပညာရေးမူဝါဒများ၌ မည်သို့ရှိပါသနည်း။ ၎င်းတို့သည် ဘုရားသခင်၏အလိုတော်နှင့်ကိုက်ညီမှုရှိပါသလား။ များသောအားဖြင့် ကျွန်ုပ်တို့၏ပညာရေး လောကနှင့် အစိုးရလောကတွင် ဘုရားသခင်မိန့်တော်သော စကားများထက် ရေတိုရည်ရွယ်ချက်ပန်းတိုင်များက လွှမ်းမိုးနေပါသည်။

ခရစ်ယာန်များက ဤဖိအားကို ဝိညာဉ်ရေးရာ သတင်းစကားဝေငှသည့်နေရာ ဝတ်ပြုဆုတောင်းခြင်း၌ ဖြေရှင်းရန် ကြိုးစားအားထုတ်ကြသည်။ ဤနေရာသည် မှတ်သားစရာကောင်းသော်လည်း တကယ်လုံလောက်မှုရှိပါသလား။ ခရစ်ယာန်များသည် ဝတ်ပြုဆုတောင်းသည့်နေရာသို့ တက်ရောက်ခြင်း၌ ကျေနပ်ရောင့်ရဲသည်ထက် သူတို့၏ဝိညာဉ်ရေးရာ ကြီးထွားခြင်း၌ သင့်လျော်သော အဆင့်သို့ ရောက်ရှိရန် အသီးသီးစိန်ခေါ်မှုပြုရန် လိုအပ်၏။

## ကျွန်ုပ်အသက်တာ၌ရှိသော အကျပ်အတည်းတစ်ခု

ဥပမာတစ်ခုနဲ့ အဆုံးသတ်ပါရစေ။ ကျမ်းစာကျောင်း၌ နှစ်ပေါင်းများစွာ ဘာသာစကားသင်ယူပြီးမှ ကျောင်းပြီးသောအခါ ကောင်းမွန်သောအသင်းတော်တစ်ပါး၌ ပါဝင်လုပ်ဆောင်လေ၏။ နောက်ဆုံး၌ ငါ့အိပ်မက် တကယ်ဖြစ်လာကြောင်းကို တွေ့ရှိလေ၏။ ငါသည် နိုင်ငံရပ်ခြား သာသနာပြုတစ်ဦး ဖြစ်လာ၍ အဖွဲ့အစည်းကြီး၏အဖွဲ့ဝင်လည်း ဖြစ်လာပါသည်။ ၎င်းနှင့်အတူ အနည်းငယ်သော သာသနာပြုများက အသင်းတော်တစ်ပါးကို စတင်လာကြ၏။ အံ့သြဖွယ်ကောင်းလောက်အောင် ပထမဆုံး ရေနစ်ချင်းမင်္ဂလာပွဲကျင်းပခြင်းသည် ထိုင်ဝမ်နိုင်ငံ တောင်ပိုင်းရှိ ထိုနေရာသစ်၌ဖြစ်ပါသည်။




အဆက်ပြတ်သည့်အကြောင်းရင်း

ဤသို့ယုံကြည်သူအသစ်များစွာ ပြောင်းလဲလာကြသောအခါ အကျွန်ုပ်ဘာလုပ်ရမည်ကို နားမလည် တော့ပေ။ ဒါဟာ ကျမ်းစာကျောင်း၌ သာသနာပြုခြင်း သင်ခန်းစာကို မသင်ကြားခဲ့လို့လည်း မဟုတ်ပါဘူး။ ကျမ်းစာကျောင်းမှာ နေတုန်းက အသင်းတော်တည်ထောင်ခြင်းကိုလည်း သင်ယူခဲ့ပြီးပါပြီ။ တပည့်တော်ဖြစ်စေခြင်းကိုလည်း သင်ယူခဲ့ပြီးပြီ။ သို့သော်လည်း တစ်စုံတစ်ခုသည် လိုအပ်နေဆဲဖြစ်ပါသည်။

ငါလည်း ယုံကြည်သူသည် မည်ကဲ့သို့ ကြီးထွားရမည်ကိုလည်းကောင်း၊ ကြီးထွားဖွံ့ဖြိုးမှု အဆင့်တိုင်း၌ သူတို့အား မည်ကဲ့သို့ကူညီရမည်ကိုလည်းကောင်း မသင်ကြားခဲ့ဖူးပေ။ ငါ့သင်တန်း လေ့ကျင့်ပေးခြင်း၌ တပည့်တော်များမွေးထုတ်ခြင်းဆိုင်ရာ နောက်ဆက်တွဲဖြစ်စဉ်ကို ပျက်ကွက်ခဲ့ပါသည်။ ဘုရားသခင်လုပ်ဆောင်နေသောအရာ တစ်ခုလုံးကို ဘယ်ခါမျှငါမရရှိခဲ့ကြောင်း ငါတွေ့မြင်လေ၏။ သီအိုလော်ဂျီ စာသင်ခန်း၌ သင်ယူခဲ့သည့် သန့်ရှင်းစင်ကြယ်ခြင်းကို တပည့်တော်ဖြစ်စေခြင်း နယ်ပယ်၌ ဘယ်ခါမျှမကျင့်သုံးခဲ့ဖူးပေ။ ဝေငှခဲ့သည့်နှုတ်ကပတ်တော်သည်လည်း ကြားနာသောသူတို့ဝိညာဉ်ရေးရာ ကြီးထွားခြင်း၌ ဘယ်ခါမျှ မချိတ်ဆက်ပေးနိုင်ပေ။

နိုင်ငံများစွာနှင့်အသင်းတော်များစွာတို့ကို လှည့်လည်၍ သင်ကြားခဲ့ဖူးသော်လည်း ထိုပြဿနာသည် ပထဝီဝင်ဒေသ၊ အသင်းတော်ဂိုဏ်းဂဏ သို့မဟုတ် ပညာရေးစသည့်အနေအထားများ၌လည်း ရှိနေဆဲပင် ဖြစ်သည်။ အနည်းငယ်သောယုံကြည်သူများနှင့် အသင်းတော်များကသာလျှင် တပည့်တော်ဖြစ်စေခြင်းသင်တန်းအားဖြင့် သူတို့လူများကို မွေးထုတ်ရန် ရူပါရုံရှိကြ၏။

အသင်းတော်အနေဖြင့် နှစ်ပေါင်းနှစ်ထောင်လွန်သွားပြီးသည့်ထိ တပည့်တော်ဖြစ်စေခြင်း၏ အခြေခံတရားကို နားမလည်ခြင်းသည် ဖြစ်သင့်ပါသလော။ ဘာ့ကြောင့် အခြေခံအကျဆုံးအရာများကို လျစ်လျူရှုရသနည်း။

ကျနော့်အယူအဆပြောရရင် အခြားသူများကို မှန်ကန်စွာလေ့ကျင့်ပေးခြင်းနှင့် ဘုရားတရားကိုင်းရှိုင်းသောလူများအဖြစ် တည်ဆောက်ပေးရန် အကြီးဆုံး

အပျော်အပါးမှာ ခရစ်ယာန်အသက်တာ တစ်ခုလုံး၏ရုပ်လုံးပုံကို မသိရှိခြင်းပင် ဖြစ်သည်။ ခရစ်ယာန်များသည် သူတို့၏ဝိညာဉ်ရေးရာ အသက်တာ ဖြစ်စဉ်၌ ကြီးထွားဖွံ့ဖြိုးမှု တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းဖို့ရန် အထူးသင်ကြားပို့ချခြင်း လိုအပ်ပါသော်လည်း ရှင်းရှင်းလင်းလင်း သင်ကြားခြင်းမရရှိကြပေ။

တန်ခိုးကြီးသောဘုရားသခင် ပေးအပ်သည့်ရည်ရွယ်ချက်ပန်းတိုင်မဲ့နေခြင်းသည် သင်လိုက်စား နေသည့်လေ့ကျင့်ပေးခြင်းကို ကျေနပ်ရောင့်ရဲ့စေရန် ပို၍သေးငယ်သော သို့မဟုတ် ချို့ယွင်းသော ရည်ရွယ်ချက်ပန်းတိုင်ကို ဖြစ်ပေါ်စေပါသည်။

## သင်ခန်းစာ

- သခင်ဘုရားသည် ယုံကြည်သူအသီးသီးအတွက် ကြံစည်သည့်အတိုင်း ရေတိုရည်ရွယ်ချက် ပန်းတိုင်များကို ပုံသွင်း၍ ပို၍ကြီးမားသော ဝိညာဉ်ရေးရာအသက်တာ ရည်ရွယ်ချက်ပန်းတိုင်သို့ ချိတ်ဆက်ရမည်။
- အခြားသူများထံသို့ ဤရုပ်ပုံကို ကျွန်ုပ်တို့အရေးတကြီး လေ့ကျင့်ပေးခြင်းမှာ အခြားသူများထံသို့ ဆင့်ကဲဆင့်ကဲ လေ့ကျင့်ပေးရန် ဖြစ်သည်။
- ခရစ်ယာန်အသက်တာ၏ပြည့်ဝသော ရုပ်ပုံနှင့်အတွေ့အကြုံသည် ပြည့်ပြည့်ဝဝ လက်ဆင့်ကမ်းခြင်းမရှိပေ။ အကြောင်းမှာ လက်တွေ့ကျမှု အနည်းငယ်သာလျှင် ဘုရားသခင်၏ရည်ရွယ်ချက်တစ်ခုလုံးသို့ ဆက်နွယ်မှုရှိ၏။

## ကျက်မှတ်ဆင်ခြင်ပါ

- ၂တိ၊၂း၂

## တာဝန်ပေးအပ်ခြင်း

- အခြားသူများကို တပည့်တော်မွေးထုတ်ဖူးပါသလား။ ထိုအလုပ်ကို သင်တကယ် လုပ်ဆောင် နေပါ သလား။
- လုပ်ဆောင်ပါ က ယုံကြည်သူကို မည်သည့်အဆင့်ထိ လေ့ကျင့်ပေးပါသနည်း။ မည်ကဲ့သို့လုပ်ဆောင် သည်ကို ရှင်းပြပါ။
- အိမ်ထောင်ရှိသောသူသည် သင့်အိမ်ထောင်ဖက်ဖြစ်ပါက ကလေးကို သင်လိုချင်မည်လော။

# #၂၅ ရည်ရွယ်ချက်ကို သတိပြုခြင်း

ဆရာသမားများနှင့်ညွှန်ပြသူများဖြစ်သည့်အလျောက် ကျွန်ုပ်တို့၏ပြဿနာထက်ဝက် မည်သို့သင်ကြားမည်ကိုသိရှိလျက် အခြားတစ်ဝက်ကို ကျွန်ုပ်တို့ကျောင်းသားများအား သင်ယူစေရန် လှုံ့ဆော် စေခဲ့၏။ အမှုတိုင်း၌ အချိန်ကန့်သတ်မှုရှိသော်လည်း အခြားသူများအား ထိရောက်စွာ လေ့ကျင့်ပေးခြင်းနှင့်ဆိုင်သည့် ကျွန်ုပ်တို့၏စိန်ခေါ်မှုကို ပုံဖော်ပေးပါလိမ့်မည်။




ကျွန်ုပ်တို့ဝိညာဉ်ရေးရာ ကြီးထွားခြင်းအတွက် ဘုရားသခင်၏အကြံအစည်သည် အစဉ်အမြဲ တက်တက်ကြွကြွ လုပ်ဆောင်လျက်ရှိ၏။ ကျွန်ုပ်တို့သည် ကိုယ်တော်၏အပိုင်းကို ထိရောက်စွာသယ်ပိုးရန် သူ့ကိုကိုးစားနိုင်ပါသည်။ သို့သော် မာရ်နတ်မင်း၏ စွမ်းအားကိုထိပ်တိုက်ရင်ဆိုင်ဖို့ရန် ထိုသို့ပြုခြင်း သည် လုံလောက်ပါမည်လော။ ဟုတ်ပါတယ်၊ တကယ်လုံလောက်ပါ၏။ ပြဿနာကား ပေးအပ်သည့်အလုပ်ကို အသင်းတော်က မှန်ကန်စွာ သယ်ပိုးခြင်းမရှိသောကြောင့် ဖြစ်ပါသည်။

ပုံမှန်အားဖြင့် ကျမ်းစာကျောင်းနှင့်အသင်းတော်၌လည်းကောင်း၊ ပုံမှန်မဟုတ်သည့်နေအိမ် သို့မဟုတ် တစ်ဦးချင်းစီ၌ လေ့ကျင့်ပေးခြင်း အနေအထား၌လည်းကောင်း ကျွန်ုပ်တို့၏လူများအား မိမိတို့ လေ့ကျင့်ပေးသည့်လမ်းစဉ်ကို ပြန်လည်စဉ်းစားဖို့ လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် ပို၍မဟာဗျူဟာမြောက်စွာ ဦးတည်သောအခါ၌သာ အောင်မြင်ရပါလိမ့်မည်။ အာတိတ်က ကျွန်ုပ်တို့၏နည်းစနစ်များသည် ဘုရားသခင်၏ လူများနှင့်ခေါင်းဆောင်များကို ထိရောက်စွာ လေ့ကျင့်ပေးခြင်းမရှိခဲ့ပေ။ သက်စမ်းရေသည် ကြွယ်ဝစွာမစီးဆင်းပါ။ များစွာသော ခေါင်းဆောင်တို့သည် သူတို့၌ လုံလောက်သောခေါင်းဆောင်များ မရှိဟုညည်းတွားနေချိန်မှာ ခေါင်းဆောင်နှင့်ပတ်သက်၍ မကြာခဏ ပြဿနာတက်နေသောသူများလည်းရှိပြန်၏။

ပြဿနာကား ကျွန်ုပ်တို့အနိုင်ရနိုင်သည်ဟူသောအရာ မဟုတ်ပေ။ ယောဟန်က လူငယ်ယုံကြည်သူများရော ကျွန်ုပ်တို့ပါမကျန် အောင်မြင်သောသူများဖြစ်သည်ဟုဆို၏။ ယုံကြည်ခြင်းသည် ဆရာနှင့် ကျောင်းသားကို မှန်ကန်စွာ အားဖြည့်ပေး၍ ညွှန်ပြပါလိမ့်မည်။ သို့သော် တစ်ချို့ကိစ္စများ၌ ကျောင်းသားများသည် ဤယုံကြည်ခြင်းကို မပိုင်ဆိုင်ကြပေ။ ဤသို့သောအနေအထားများတွင်

ဆရာ၏ ယုံကြည်ခြင်းသည် မိမိအတွက်ကော ကျောင်းသားအတွက်ပါလုံလောက်မှုဖြစ်စေမည်။

ကျောင်းသားသစ်များအတွက် စဉ်းစားကြည့်ကြရအောင်။ သူတို့၏အပြုအမူ၊ အသိတရားနှင့် ကျွမ်းကျင်မှုတို့၌ သူတို့၏ကြီးထွားခြင်း အဆင့်ကား အဘယ်သို့နည်း။ ဆရာသမားသည် သင်ခန်းစာ၏ ရည်ရွယ်ချက်ပန်းတိုင်ကို ရယူရန်လိုအပ်၍ ၎င်းကို သင်ကြား၍ရအောင် စာသင်ချိန်တိုအတွင်း၌ ချပြရမည်။

ကျောင်းသားများနှင့် အချိန်ယူခြင်းသည် အလွန်တိုတောင်းသောကြောင့် ကျွန်ုပ်တို့၏သင်ခန်းစာနှင့် အကြောင်းအရာများကို ဂရုတစိုက်ရွေးချယ်ဖို့ လိုအပ်ပါသည်။ ကျောင်းသားများအတွက် သင့်တော်မှန်ကန်သောအရာကို ကျွန်ုပ်တို့မှန်းဆနိုင်မည်လော။ သူတို့သည် ဘယ်အထိ တိုးတက်ခဲ့ပြီလဲ။ သူတို့သည် သင်ခန်းစာအဆုံး၌ ဘယ်နေရာ၌ရှိသင့်သနည်း။ အသင်းများသည် အသင်းတော်၌ ငါးနှစ်ပြီးနောက် ဘယ်နေရာ၌ ရှိသင့်ပါသနည်း သို့မဟုတ် ကျောင်းသားများသည် ဘွဲ့ရရှိပြီးနောက် ဘယ်နေရာ၌ ရှိသင့်ကြပါသနည်း။

## ကျမ်းစာကို သင်ယူလေ့လာခြင်းသည် ကောင်းသောအမှုမဟုတ်လော။

သမ္မာကျမ်းစာ၏ကောင်းမွန်သောအသိပညာသည်
ကျောင်းသားများအတွက် အချိန်ပြည့် လုပ်ဆောင် နိုင်ဖို့ရန် လုံလောက်သည်ဟု ကျနော်တို့ယူဆပါသည်။ အဲဒါမှန်တယ်ဆိုတာကို သံသယရှိစရာမလိုပေ။ ဒီလိုနဲ့ ဆရာတွေဟာ ဓမ္မဟောင်းချုံငုံလေ့လာခြင်းနှင့် ဓမ္မသစ် ချုံငုံလေ့လာခြင်းဟူ၍ သူတို့သင်ခန်းစာနဲ့ အလုပ်များလာကြ၏။ အချိန်ကောင်းရရှိရင် အထူးအကြောင်းအရာအနေနဲ့ ယောဟန်ခရစ်ဝင်ကျမ်းကိုပါ ပေါင်းထည့်တတ်ကြ၏။ .

ဒါဟာ ကောင်းတဲ့အရာပါ။ သို့သော် အကောင်းဆုံးဟုတ်ပါသလား။ ကျောင်းသားတွေရဲ့ သမ္မာကျမ်းစာ ဗဟုသုတဖြစ်တဲ့ ယျေဘုယလိုအပ်ချက်များကို ကြည့်ရင် ဒါဟာ ဟုတ်တလိုပါပဲ။ အိန္ဒိယနိုင်ငံသား ဧဝေဂေလိဆရာတစ်ဦး အရိုက်ခံတာကို ကျနော်တွေ့ဖူးတယ်။ ဘာလို့လဲဆိုတော့ လူတွေက ကမ္ဘာဦးကျမ်းအစပိုင်းကို မေးလာတဲ့အခါမှာ သူက သေချာမရှင်းပြနိုင်ခဲ့လို့ ဖြစ်ပါတယ်။

ငါသိသလောက် များစွာသောသင်းအုပ်၊ သာသနာပြု၊ လူငယ် သို့မဟုတ် အကြံပေးသူ စသည်ပုဂ္ဂိုလ်များသည် ကျမ်းစာကျောင်းဘက်၌ ခြေရာခံလိုက်တတ်၏။ သို့သော်လည်း ထိုသူတို့သည် ကျနော်တို့ဟာဘယ်သူဘယ်ဝါဖြစ်ကြောင်းကို ဖော်ပြမည့်အစား ကျနော်တို့ဘာ လုပ်ရမည်ကိုသာ ဖော်ပြတတ်ကြပါတယ်။ ဒီတော့ အသက်၏အချက်အချာဟူသော ဤစာအုပ်လေးက ဤရှုထောင့်အမြင်ကို စိန်ခေါ်မှုပြုပါတယ်။ အကြောင်းမှာ ဤသင်ခန်းစာသည် ကျောင်းသားတစ်ဦး၏သင်ယူရန် လိုအပ်မှုကို ပို၍နက်ရှိုင်းသော တောင်းဆိုမှုပြုသောကြောင့် ဖြစ်ပါသည်။ ကျနော်တို့သည် ဘုရားသခင်မည်ကဲ့သို့ လေ့ကျင့်ပေးသည်ကို

ဖော်ထုတ်နိုင်မှသာလျှင် ကျနော်တို့၏နည်းလမ်းများကို ကိုယ်တော်၏ နည်းလမ်းများနှင့်အတူ ထိရောက်စွာပူပေါင်းနိုင်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် မိမိတို့ပတ်ပတ်လည်၌ရှိသောသူများအား လေ့ကျင့်ပေးခြင်းကို အပြစ်ရှာတာမဟုတ်ပါ။ ကျနော်အပါအဝင် များစွာသောသူတို့သည် ထိုသင်ခန်းစာများအားဖြင့် ကြီးစွာအကျိုးဖြစ်ထွန်းပါပြီ။ ကျွန်ုပ်တို့အရေးတကြီးလိုအပ်သည်မှာ ကျွန်ုပ်တို့၏ရှုပါရုံကို ထက်မြက်စေရန်ဖြစ်သည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်ပန်းတိုင်များသည် ယေဘုယအားဖြင့် မှန်ကန်ပါသော်လည်း ၎င်းတို့သည် ဘုရားသခင်၏ စည်းမျဉ်းဥပဒေသနှင့် ဘုရားသခင်၏လေ့ကျင့်ပေးခြင်းဆိုင်ရာ ရည်ရွယ်ချက်နဲ့ တခြားစီဖြစ်ပါသည်။

သမ္မာကျမ်းစာ၏အခြေခံအကြောင်းအရာများကို ဆက်လက်အသုံးပြုရာတွင် ကျမ်းစာဗဟုသုတကို ရှာဖွေစူးစမ်းခြင်းထက် ပို၍ကြီးမားသောရည်ရွယ်ချက်ပန်းတိုင်များ ရှိဖို့လိုအပ်လာပါသည်။ ဤအချက် တို့သည် တချို့စဉ်းစားတွေးခေါ်စရာများဖြစ်ပါသည်။

- ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော် သိရှိခြင်းအပေါ်၌ ဝါကြွားနိုင်သည်။
- ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မှားယွင်းစွာသင်ယူလျက် မိမိတို့၏ဝိညာဉ်ရေးရာ အကျိုးကိုမပေးဘဲနေနိုင်ပါ၏။ (ဥပမာ ဖာရိရှဲလိုမျိုး)
- ကျွန်ုပ်တို့သည် မိမိ၏ယုံကြည်ခြင်းကို လျော့ပါးစေတဲ့ နည်းလမ်း၌ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင်ယူနိုင်ပါသည်။ (ဥပမာ ဇဒကဲများ)
- ကျွန်ုပ်တို့စိတ်နှလုံးထဲ၌ ဘုရားသခင်၏စကားပြောသံကို ကြားနိုင်ရမည့်အကြောင်း ဘုရားသခင်၏ နှုတ်ကပတ်တော် သင်ယူရမည်။
- ကျွန်ုပ်တို့နေ့စဉ် ရင်ဆိုင်ရသည့်စိန်ခေါ်မှုကို မည်ကဲ့သို့သင်ခန်းစာရယူမည်ကို သိရှိမည့်အကြောင်း ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင်ယူဖို့ လိုအပ်သည်။
- ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော် သိရှိခြင်းကို ပိုမိုစူးစမ်းသည့်အလျောက် ဘုရားသခင်သည် ယုံကြည်ခြင်းကို တိုးပွားစေသောဘုရားဖြစ်ကြောင်း ကျွန်ုပ်တို့သင်ယူနိုင်ပါသည်။
- ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မှန်ကန်စွာသင်ယူဖို့ရန် စိတ်နှလုံးပြင်ဆင်ရမည်။

အချက်အလက် ဖော်ပြချက်များရှိနိုင်သော်လည်း ဆရာသမားအတွက်ရော ကျောင်းသားအတွက်ပါ စိန်ခေါ်မှုကြီးကြီးရှိကြောင်းကို နားလည်ဖို့လိုအပ်သည်။ ယေရှုက ရှင်းလင်းစွာ ဤသို့မိန့်ဆိုခဲ့၏။

"…ဟောပြောချက်ကား သင်တို့သည် ကြားလျက်ပင် လုံးဝနားမလည်ဘဲ ကြားကြလိမ့်မည်။ မြင်လျက်ပင် လုံးဝသတိမမူဘဲ မြင်ကြလိမ့်မည်။ အကြောင်းမူကား ဤလူတို့၏စိတ်နှလုံးသည် ထုံထိုင်းလျက် နားသည်လည်း လေးလျက် မျက်စိသည်လည်း ပိတ်လျက်ရှိကြ၏။ သို့မဟုတ်လျှင် သူတို့သည် မျက်စိဖြင့် မြင်၍ နားဖြင့်ကြားလျက် စိတ်နှလုံးဖြင့် နားလည်ကာ ပြောင်းလဲကြသဖြင့် ငါသည် သူတို့ကို ကျန်းမာစေရမည်ဟူ၍ဖြစ်၏(မ၁၃:၁၄-၁၅)။

ကျမ်းစာသိခြင်းတစ်ခုတည်းသာလျှင် ကျွန်ုပ်တို့အဖို့ အထောက်အကူဖြစ်သည်ဟု မယူဆသင့်ပေ။ အဲဒီလို ယူဆခြင်းသည် ကြိမ်ဖန်များစွာ ဆန့်ကျင်ဘက်ဖြစ်တတ်၏။ အကောင်းဆုံးသောနိဗ္ဗာန်ရည်သည်လည်း အချဉ်ပေါက်နိုင်၏။ ကျွန်ုပ်တို့ ကျောင်းသားများသည် သူတို့၏စိတ်နှလုံးဖြင့် နားလည်၍ သခင်ဘုရားထံသို့ မလှည့်မချင်း စစ်မှန်သောကျန်းမာခြင်း သို့မဟုတ် သင်ယူခြင်းဆိုတာ မရှိနိုင်ပါ။

ဤအရာသည် ကျွန်ုပ်တို့အသင်းတော်၌ အဓိကပြဿနာ မဟုတ်ပါလော။ နှုတ်ကပတ်တော်သည် အသက်တာပြောင်းလဲဖို့ရန် မဝေငှတော့ဘဲ ဖျော်ဖြေဖို့ရန်သာ ဖြစ်လေတော့သည်။ လူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် သူတို့၏အသက်တာကို တကယ်ပြောင်းလဲစေနိုင်သည် ဟူသောအရာပေါ် ယုံကြည်စိတ်ချမှု ပျောက်ဆုံးလာကြ၏။ ထုံးစံအချိန်အခါအတိုင်း ဝတ်ပြုကိုးကွယ်ခြင်းသည် ဘုရားသခင်၏လူတို့ကို သန့်ရှင်းသော အသက်တာထဲသို့ မပို့ဆောင်နိုင်ပါ။ အကြောင်းမှာ ဘုရားသခင်၏မျက်မှောက်တော်သို့ မရောက်ရှိ နိုင်ကြသောကြောင့်တည်း။ ဘုရားသခင်လူတို့၏စိတ်နှလုံး မှန်ကကန်စွာပြင်ဆင်ဖို့ များစွာလုပ်ဆောင်ဖို့ လိုအပ်ပါသည်။

## သင်ခန်းစာ

- ဝိညာဉ်ရေးရာ လေ့ကျင့်ပေးခြင်းသည် ကျွန်ုပ်တို့၏လေ့ကျင့်ပေးခြင်း ရှိသမျှထဲသို့ ပေါင်းစပ်ရမည်။ ဝိညာဉ်ရေးရာ ရည်ရွယ်ချက်ပန်းတိုင်များ၏အရေးကြီးပုံသည် ပညာရေးနှင့်ဆိုင်သောအရာများထက် အလေးသာနေရမည်။
- တချို့နေရာများတွင် ဆရာသမားများက အသိပညာသာလျှင် ကျောင်းသားများအတွက် အခြေခံလိုအပ်ချက်ဖြစ်သည်ဟု ယူဆထားသည်မှာ မှားယွင်းမှုဖြစ်ပါသည်။
- ကျွန်ုပ်တို့၏လေ့ကျင့်ပေးခြင်းသည် ဘုရားသခင်၏လေ့ကျင့်ပေးခြင်းဖြစ်စဉ်အောက်၌ ပြန်လည် သုံးသပ်ရမည်။ သို့မဟုတ်လျှင် အထူးသင်ကြားချက်သည် အချည်းနှီးဖြစ်သွားပါလိမ့်မည်။

## ကျက်မှတ်ဆင်ခြင်ပါ

- မ၊၁၃:၁၄-၁၅

## တာဝန်ပေးအပ်ခြင်း

- အတန်းတစ်ခုခု သင်ကြားဖို့ရန် ကျမ်းစာကို အသုံးပြုဖူးပါသလော။ မည်သည့်အတန်း၌ အကောင်းဆုံး လုပ်ဆောင်ခဲ့သနည်း။ ကြောက်စရာကောင်းသည့် လုပ်ဆောင်ချက်ကား အဘယ်နည်း။
- သင့်ရဲ့လေ့ကျင့်ပေးခြင်း/ပညာရေးသည် လုပ်ငန်းအတွက် သင့်ကို ပြင်ဆင်မှုဖြစ်စေသည်ဟု ခံစားပါသလား။
- ပိုမိုကောင်းမွန်အောင်ပြုနိုင်သောအရာရှိသေးပါသလော။

# #၂၆ ကွာဟချက်ကို ဆက်စပ်ခြင်း

အနောက်တိုင်းပညာရေးသည် အသိပညာအပေါ်၌ အခြေခံထားပါသည်။ ခရစ်ယာန်များ အထူးသဖြင့် ကျမ်းစာကျောင်းများက ၎င်းကို ချေပကြရမည်။ ကျွန်ုပ်တို့သည် လူတို့၏အသက်တာထဲ၌ ဘုရားသခင်၏နှုတ်ကပတ်တော် တန်ခိုးဖြန့်ချီခြင်းဖြစ်သည့် ပိုမိုကြီးမားသော ရည်ရွယ်ချက်ပန်းတိုင်အားဖြင့် လှုံ့ဆော်ခြင်းခံရ၏။

သီအိုလော်ဂျီပိုင်းဆိုင်ရာ လေ့ကျင့်ပေးခြင်းနှင့်ထိရောက်သောသာသနာလုပ်ငန်း စပ်ကြား၌ အချိတ်အဆက်မရှိသည့်အရာ ကြီးကြီးမားမားရှိနေပါသည်။ ဓမ္မကောလိပ်မှ ကျောင်းပြီးသွားသော ကျောင်းသားများသည် သူတို့၏ရှေ့၌ လုပ်ဆောင်စရာလုပ်ငန်းအတွက် အသင့်ပြင်ဆင်ခြင်း မရှိကြပေ။ လောကအမြင်အရ ဤပြဿနာဖြေရှင်းချက်ကား ပညာများများလိုသည့်ဟုပင်ဖြစ်ပါသည်။ ယနေ့ခေတ်၌ မဟာဘွဲ့နှင့်ပါရဂူဘွဲ့တို့သည် နေရာအနှံ့အပြားတွင် တွေ့ရှိရရှိနိုင်ပါသည်။

မှန်ပါသည်၊ ဤဒီဂရီများကို ရရှိဖို့ရန် များများကြိုးစားအားထုတ်ရမည်ဟု ပြောဆိုနိုင်ပါသည်။ မိမိကိုယ်ကို ထိန်းချုပ်နိုင်ခြင်းသည် ကြီးမြတ်သောဆုလက်ဆောင်ဖြစ်သော်လည်း နောက်ကိုဆုတ်၍ နောက်ကွယ်၌ရှိသောအရာကို တစ်ချက်စိုက်ကြည့်ဖို့ လိုအပ်ပါသည်။ ကျွန်ုပ်တို့နှင့်ပတ်သက်တဲ့ ကျောင်းသားများအား သာသနာအတွက် အသင့်ဖြစ်မဖြစ်မေးဝံ့ပါသလား။ များသောအားဖြင့် အသင့်ဖြစ်ကြမှာ မဟုတ်ပါဘူး။

ကျွန်ုပ်တို့၏ပညာရေး ကိုင်တွယ်ဖြေရှင်းချက်ကား လူတစ်ဦးသည် မှန်ကန်သော အသိပညာအားဖြင့် ကြီးမားသောအရာများကို အမြတ်အစွန်းရရှိလိမ့်မည်ဟု ဆိုထားသည်။ ဤကား လူသားနှင့်ပတ်သက်သည့်အတက် (အသျှောက်)တစ်ခုပင်ဖြစ်သည်။ အသိပညာသည် ထည့်သွင်းစဉ်းစားရမည့် အပိုင်းအစ ဖြစ်သော်လည်း အားလုံးမဟုတ်ပေ။ ဝိညာဉ်ရေးရာပုံသွင်းခြင်းအပြင် ခရစ်ယာန်အသက်တာ၌ ဖြစ်ပျက်မည့်အရာဖြစ်သည့် ပို၍အရေးပါသော အကြောင်းအရာများလည်းရှိ၏။

အသိပညာသည် မကြာခဏ လူများနှင့်အတူတကွ ဆယ်နွယ်စေမည့် အစား ဝေးဝေးနေစေတတ်၏။ ဝိညာဉ်ရေးရာ ရင့်ကျက်ခြင်းသည်လည်း သီအိုလော်ဂျီပိုင်းဆိုင်ရာ လေ့ကျင့်ပေးခြင်းနှင့် မှားယွင်းစွာတူစေတတ်ကြသည်။ တကယ်တော့ ဒီနှစ်ခုဟာ အလှမ်းဝေးကွာပါသည်။ အသိပညာကို အထူးပြု

ဦးစားပေးသောအခါ ဘုရားတရားကြည်ညိုလျက် ထက်ကြွစွာအသက်ရှင်၍ ထက်မြက်စွာအစေခံဖို့ရန် စိတ်နှလုံးမြင့်တင်ခြင်းအတွက် အချိန်အနည်းငယ်သာ ပေးနိုင်တော့သည်။ ဥပမာ ကျွန်ုပ်တို့သည် မြင့်မြင့်မားမား သင်ယူသောအခါ ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့အား ဘုရားသခင်မည်ကဲ့သို့ သွန်သင်ရမည်ကို သင်ယူဖို့ရန် အချိန်အနည်းငယ်သာ အခွင့်ပေးနိုင်တော့သည်။

ကျွန်ုပ်တို့သည် သဘောမတွေ့စရာ အကြောင်းအရာတွေကြားရလို့ ဝမ်းသာပေမယ့် တစ်ခုလုံးအနေနဲ့ ကြည့်ရင် လက်ရှိအသင်းတော်ခေါင်းဆောင်များက ငွေကြေးပိုင်းဆိုင်ရာ ရင်းနှီးငွေကြီးကြီးမားမားကို မှားယွင်းစွာ လေ့ကျင့်သင်ကြားလျက်နေ၏။ ဓမ္မကောလိပ်ရှိသမျှကို လှူဒါးနေတဲ့ ထက်ဝက်ကျော်ဟာ နောက်ငါးနှစ်ပြီးရင် သာသနာလုပ်ငန်းကို စွန့်ခွာတော့မှာ သံသယရှိစရာ မလိုပါဘူး။

## အဘယ့်ကြောင့် ရှုံးနိမ့်ရသနည်း။

ဘာ့ကြောင့် ဤရှုပ်ထွေးခြင်းနှင့်ရှုံးနိမ့်ခြင်း ရှိရတာလဲ။ ဘုရားသခင်၏နှုတ်ကပတ်တော် ရှုံးနိမ့်နေ သောကြောင့်လော။ သို့မဟုတ် ဘုရားသခင်၏နှုတ်ကပတ်တော်က ကျွန်ုပ်တို့စိတ်နှလုံးကို မထိုးဖောက် နိုင်လို့လား။ သို့မဟုတ် အသင်းတော်၌ မှန်ကန်စွာ အမှုတော်ထမ်းဆောင်ဖို့ရန် လိုအပ်သော လေ့ကျင့်ပေးခြင်းကို ရရှိခံစားခြင်းမရှိလို့လား။

တမန်တော်ပေါလုက ကြားနာသောသူ၏နားထဲသို့ ဘုရားသခင်၏နှုတ်ကပတ်တော် မရောက်ရှိ သောကြောင့် ယုံကြည်ခြင်း အားနည်းရခြင်းဖြစ်သည်ဟု ဆိုပါသည်။ မျိုးစေ့ကျဲသည့် ပုံဥပမာ၌ ဤအကြောင်းအရာကို ယေရှုက ပိုမိုလေးလေးနက်နက် ဖော်ပြထားပါသည်။ သူက ဘုရားသခင်၏လူတို့သည် သူတို့၏ စိတ်နှလုံးကို အသင့်မပြင်ဆင်ကြသောကြောင့် မှန်ကန်စွာ သင်ယူခြင်းမရှိကြ ဟုဆို၏။

ဓမ္မကျောင်းသူ/သားများသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မှန်ကန်စွာစူးစမ်းလေ့လာနိုင်မည့်အကြောင်း သူတို့၏စိတ်နှလုံး အသင့်ဖြစ်စေဖို့ရန် ကျွန်ုပ်တို့ဦးတည်ချက်ကို ပြောင်းသွားမည်ဆိုလျှင် ဘာဖြစ်မည်နည်း။ ထိုသူတို့သည် ကျမ်းစာနှင့်စပ်လျဉ်း၍ အိမ်စာကို ပြီးမြောက်အောင် ဖတ်ရုံသက်သက် သို့မဟုတ် အခြားသူများက မည်သို့ပြောဆိုထားသည် ဟူသောအရာကို လေ့လာခြင်းတို့ထက် ယုံကြည်ခြင်းကို မည်သို့ပြု၍ ရရှိမည်ကို သင်ယူဖို့ရန်လိုအပ်ပါသည်။

ကျွန်တော်သင်ယူချိန်တုန်းက ဓမ္မဟောင်းပါမောက္ခတစ်ပါးက "ဒီအချိန်ဟာ မင်းတို့အသက်တာ၌ ဓမ္မဟောင်းကျမ်းကို ဖတ်ရှုရန် အချိန်ကောင်းဖြစ်နိုင်သည်" ဟုဆို၏။ စာသင်ခန်းထဲ၌ သူသင်ကြားပေးသော အရာကို စဉ်းစားကြည့်ပါ။

- ဓမ္မဟောင်းက အရေးမကြီးပါဘူး။
- ဓမ္မဟောင်းက မင်းတို့အသက်တာနှင့် လိုက်လျောညီထွေမှု ရှိလိမ့်မည် မဟုတ်။
- ဓမ္မဟောင်းကျမ်းကို တစ်ခါဖတ်ပြီးရင် မင်းတို့ဆက်ဖတ်ချင်မှာ မဟုတ်တော့ဘူး။

ဒီပါမောက္ခဟာ သူ့ရဲ့ယုံကြည်မှုကို မတော်တဆ ထုတ်ဖော်မိတာလည်းဖြစ်နိုင်ပါတယ်။ အထက်က သူရဲ့ဖော်ပြချက်တွေဟာ မမှန်ကန်ပါဘူး။ သို့သော်ကျမ်းစာကို အပေါ်ယံပဲ ဖတ်မယ်ဆိုရင် ယုံကြည်ခြင်း ကင်းမဲ့နိုင်ပါတယ်။ သူက "ဓမ္မကျမ်းဟာ ငါ့ရဲ့အသက်တာနဲ့လည်း လိုက်လျောညီထွေမှုမရှိပါဘူး။ ဒါကြောင့်မင်းတို့ရဲ့ အသက်တာနဲ့လည်း လိုက်လျောညီထွေမှုရှိမယ် မထင်ဘူး" ဟူ၍တိုက်ရိုက်ကြီးတော့ ပြောမှာ မဟုတ်ပါဘူး။

ကျောင်းသူ/သားများလည်း ဓမ္မဟောင်းကျမ်းကို ဖတ်ရှုရန် ထိတ်လန့်လာကြ၏။ သူတို့အဖို့ ယုံကြည်ခြင်း ကြီးထွားရန် အခွင့်အလမ်းမရှိတော့သလိုဖြစ်သွား၏။ ကျောင်းသူ/သားများသည် ကျောင်းပြီး နိုင်ဖို့ရန် စာသင်ရမည်ဖြစ်သောကြောင့် စာသင်ချိန်ဟာ အရေးကြီးတယ်ဆိုတာကို ဒီပါမောက္ခကြီးကနားလည်ပြီးသားဖြစ်ပါတယ်။

တစ်ချို့ပါမောက္ခများက ဓမ္မဟောင်းကျမ်းသည် ယုံကြည်အားထားလောက်သောအရာ မဟုတ်ဟု မစဉ်းစားတာလည်းဖြစ်နိုင်ပါ၏။ ဒီဓမ္မဟောင်းတရားကိုဝေဖန်တဲ့ပုံစံနဲ့ သင်ပေး၍ ယုံကြည်ခြင်းပိုင်းဆိုင်ရာကို အားနည်းစေတတ်ကြ၏။ တစ်ချို့ပါမောက္ခများကမူ ဓမ္မဟောင်းကို ယုံကြည်အားထားလောက်သည်ဟုယုံကြည်ကြသော်လည်း သူတို့အသက်တာနှင့် သာသနာလုပ်ငန်းအတွက် လိုက်လျောညီထွေမှု မရှိဟု ယုံကြည်ကြပြန်၏။

တရားဟောတစ်ပါးသည် နှုတ်ကပတ်တော်သမ္မာတရားအားဖြင့် ပုံသွင်းခြင်းမရှိဘဲလျက် ဒေသနာတစ်ပုဒ်ကို ဝေငှရုံမျှသာ ဟောပြောသောအခါအထက်က ဖော်ပြသည့်ပုံစံအတိုင်း မကြာခဏဖြစ်လေ့ရှိ၏။ တရားဟောဆရာသည် ယုံကြည်ခြင်းအားနည်းသည့်တိုင်အောင် သူဝေငှတဲ့နှုတ်ကပတ်တော်သည်ပရိသတ် အသက်တာအတွက် လိုက်လျောညီထွေမှုရှိပါ၏။

## ကြွယ်ဝသောယုံကြည်ခြင်း

ယေရှုမှကား ဓမ္မဟောင်းကျမ်းကို လုံးလုံးခြားနားလျက် သင်ကြားပေး၏။ သူသည် ဓမ္မဟောင်းကျမ်း အတိုင်း ဘုရားတရားကြည်ညိုစွာ အသက်ရှင်ခဲ့၏။ စုံစမ်းနှောင့်ယှက်ခြင်းနှင့် တွေ့ဆုံသောအခါ ဓမ္မဟောင်းကျမ်းကို ကိုးကား၍ချေပတတ်၏။ ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ်၌ရှိတဲ့ သူ့ရဲ့ ယုံကြည်ခြင်းက

သူ့ကို အကာအကွယ်ပေး၏။ ဓမ္မဟောင်းကျမ်းအားဖြင့် သူ၏အသက်တာအတွက် ဘုရားသခင်ချပေးသည့်အရာကို သူနားလည်သဘောပေါက်၏။

နေ့ပေါင်းလေးဆယ်နှင့်ညပေါင်းလေးဆယ် အစာရှောင်ပြီးနောက် ဆာလောင်တော်မူ၏။ ထိုအခါဖြားယောင်းသွေးဆောင်သောသူသည် ချဉ်းကပ်လာ၍ သင်သည် ဘုရားသခင်၏သားတော်မှန်လျှင် ဤကျောက်ခဲတို့ကို မုန့်ဖြစ်စေရန် အမိန့်ရှိပါဟုလျှောက်လေ၏။ ကိုယ်တော်ကလည်း လူသည် မုန့်အားဖြင့်သာအသက်ရှင်သည်မဟုတ်။ ဘုရားသခင်၏ နှုတ်ထွက်စကားရှိသမျှ အားဖြင့် အသက်ရှင်၏ဟူ၍ ကျမ်းစာ၌ ရေးထားသည်ဟု မိန့်တော်မူ၏ (မ၊၄း၂-၄)။

ကျွန်ုပ်တို့၏သင်ယူခြင်းဖြစ်စဉ်နှင့်အကြောင်းအရာအား ပြန်လည်ဆန်းစစ်ခြင်း အရေးကြီးပုံကို ဘယ်အခါမျှ အရေးတကြီးမရှိခဲ့ပါ။ ဆရာသမားသည်လည်း အကြောင်းအရာ သင်ကြားပေးခြင်း တစ်ဘက်ကိုကျော်လွန်သွား၍ ကျောင်းသူ/သားများ၏ယုံကြည်ခြင်းကို မြှင့်တင်ပေးရန် အထူးဂရုစိုက်ဖို့ လိုအပ်ပါသည်။ ဤယုံကြည်ခြင်းသည် ကျွန်ုပ်တို့အတွက် ဘုရားသခင်ထားပေးသည့် ရည်ရွယ်ချက် ပန်းတိုင်များ ရရှိဖို့ရန် တိုက်ရိုက်ဆက်နွယ်ပေး၏။

ကမ္ဘာအဝှမ်း၌ရှိသည့် ဘုရားသခင်၏လူများ ကြီးထွားခြင်း၌ ရပ်တန့်နေသည့်အကြောင်းရင်း တစ်ရပ်ရှိပါသည်။ ဘုရားသခင်၏လူတို့သည် ဘုရားသခင်၏ ရည်ရွယ်ချက်ပန်းတိုင်များ ပြီးပြည့်စုံခြင်းကို မြင်တွေ့ခြင်းထက် အသိပညာ၌ ကျေနပ်ရောင့်ရဲရန် လေ့ကျင့်ပေးခြင်းကို ခံယူလျက်နေကြ၏။

အကယ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်၏ရည်ရွယ်ချက်များနှင့်တန်ခိုးကို အောင်အောင်မြင်မြင် ဖော်ထုတ်မည်ဆိုလျှင် အသိပညာအားဖြင့် ပြဿနာကိုင်တွယ်ဖြေရှင်းနိုင်သည်ဟူသော ဖော်ထုတ်ချက်ကို ချေပရမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မိမိတို့အသက်တာ၌ ထက်မြက်စွာလုပ်ဆောင်တတ်သော ဘုရားသခင်၏နှုတ်ကပတ်တော်ကို လိုအပ်ပါသည်။

ကျမ်းစာကျောင်းမှ ကျောင်းပြီးလာသော ကျောင်းသူ/သားများစွာတို့သည် ဘုရားသခင်ကို ကိုးစားမည့် အစား သူတို့၏အသိပညာ၌သာ မှီခိုအားထားကြ၏။ ထိုသို့ဖြစ်သည့်တိုင်အောင် ကောင်းမြတ်သော ဘုရားသခင်သည် သူတို့၏နည်းလမ်းအားဖြင့် ကောင်းသောအမှုပြုနိုင်၏။ အကယ်၍ ထိုကျောင်းသူ/ သားများသည် အသက်တာပြောင်းလဲ၍ ယေရှုကဲ့သို့ အစေခံရန် ကျွန်ုပ်တို့မျှော်လင့်ပါက ဘာဖြစ်သွား မည်နည်း။ ကောင်းကင်ဘုံ၌ စံမြန်းတော်မူသော ကျွန်ုပ်တို့၏သခင်ဘုရားသည် သူ့နာမ၏ဘုန်းအသရေနှင့် သူ့သိုးများအဖို့ မှန်ကန်သောလေ့ကျင့်ခြင်းကို ရရှိစေခြင်းငှာ ကျွန်ုပ်တို့အား စောင့်ဆိုင်းလျက်နေ၏။

- အကယ်၍ ကျောင်းသူ/သားများသည် ကျမ်းစာကျောင်းမှ သာသနာထဲသို့ မည်ကဲ့သို့ခြေလှမ်းမည်ကို အခက်ခဲမရှိဘဲ ပြေပြစ်စွာ သင်ယူနိုင်ပါက ဘာဖြစ်မည်နည်း။
- အသင်းတော်၌ရှိသော ဘုရားသခင်၏လူတို့သည် ရင့်ကျက်ခြင်းသို့ အပြည့်အဝ အမှန်တကယ် ကြီးထွားနိုင်ပါက ဘာတွေဖြစ်ပျက်နိုင်သနည်း။

ကျွန်ုပ်တို့ဆရာသမားများသည် ယုံကြည်ခြင်း၌ အားနည်းကြသောကြောင့် ကျွန်ုပ်တို့၏ ကျောင်းသူ/ သားများနှင့် ဘုရားသခင်၏နှုတ်ကပတ်တော်သည် အလှမ်းဝေးသည်ဟု မျှော်လင့်ရပါသည်။ ယေရှုမှုကား ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည့် ဓမ္မဟောင်းကျမ်း၌ ကြီးမားသောယုံကြည်ခြင်းရှိ၏။ ရေးသားချက်၏ဆိုလိုရင်းကား ဘုရားသခင်မိန့်ဆိုခဲ့သော စကားတော်သည် ယနေ့ထိ တန်ခိုးနဲ့ပြည့်ဝ လျက်ရှိ၏။

## သင်ခန်းစာ

- အသိပညာ၌ ကိုးစားခြင်းသည် ပုံမှန်လေ့ကျင့်ပေးခြင်း၌ဖြစ်စေ၊ ပုံမှန်မဟုတ်သည့် လေ့ကျင့်ပေးခြင်း၌ ဖြစ်စေ ကျွန်ုပ်တို့၏ရည်ရွယ်ချက်ပန်းတိုင်များကို ရှုပ်ထွေးစေပါသည်။
- ဆရာသမားတစ်ဦး၏ယုံကြည်ခြင်းသည် အဆိုးရောအကောင်းပါမကျန် ကျောင်းသားတစ်ဦး၏သင်ယူ လေ့လာခြင်းနှင့်ယုံကြည်ခြင်းကို လွှမ်းမိုးနိုင်သည်။
- ယေရှုကဲ့သို့ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ယုံကြည်ဖို့ရန် မိမိတို့ကိုယ်တိုင် ပြန်လည်ဆက်ကပ် အပ်နှံခြင်းအားဖြင့်သာလျှင် ကျွန်ုပ်တို့၏ သင်ကြားခြင်းသည် လိုက်လျောညီထွေမှု၊ အင်အား၊ ကျန်းမာခြင်းနှင့် အထောက်အမရှိလာမည်ဖြစ်ပါသည်။

## ကျက်မှတ်ဆင်ခြင်ပါ

- မ၊၄:၄

## တာဝန်ပေးအပ်ခြင်း

- များမကြာမီ သို့မဟုတ် လွန်ခဲ့တဲ့အချိန်၌ သင်ခန်းစာနှင့်ပတ်သက်သော ကျမ်းစာနစ်အုပ်ကိုယူ၍ သင်ခန်းစာ၏ရည်မှန်းချက်များကို ဖော်ပြပါ။
- ဆရာသမားများသည် ဤခေါင်းစဉ်နှင့်ပတ်သက်၍ မည်ကဲ့သို့သောယုံကြည်ခြင်းကို ပိုင်ဆိုင်ကြ ပါသနည်း။
- ဤသင်ခန်းစာများသည် သင့်ကို မည်ကဲ့သို့အကျိုးပြု၍ မည်ကဲ့သို့အကျိုးယုတ်စေပါသနည်း။

# #၂၇ အသစ်သောယုံကြည်သူကို လေ့ကျင့်ပေးခြင်း

ပြီးခဲ့တဲ့သင်ခန်းစာ၌ ခေါင်းဆောင်မှုပိုင်းဆိုင်ရာ လေ့ကျင့်ပေးခြင်း၏ အဓိကအမှားများကြောင့် အသင်းတော်၌ ယုံကြည်ခြင်းအားနည်းခြင်း၊ ဘုရားတရားမကြည်ညိုခြင်းနှင့် ခေါင်းဆောင်များမမွေးထုတ်ခြင်း ဟူသောအချက်တို့ကို ကျွန်ုပ်တို့ထုတ်ဖော်ခဲ့သည်။

ကျွန်ုပ်တို့သည် ခရစ်ယာန်အသက်တာ ကြီးထွားဖွံ့ဖြိုးမှု အဆင့်ဆင့်တိုင်း၌ ဖြစ်ပျက်ရန် လိုအပ်သော အရာကို ရှင်းပြချက် အပြည့်အစုံမပေးနိုင်သော်လည်း ဖြစ်သင့်သောအရာကို မျှော်လင့်ချက်ကြီးစွာဖြင့် အကောင်းဆုံးတင်ဆက်ပေးနိုင်ပါသည်။ ဤအရာသည်လည်း သင်ကြားပေးသူ၊ သင်းအုပ် သို့မဟုတ် တပည့်တော်ပြုသူ စသည့်ပုဂ္ဂိုလ်များထံမှ အစပြု၍ ဘုရားသခင်၏လူတို့အား အနည်းဆုံး မည်သို့ပြင်ဆင်မှုပြုရန် လိုအပ်သည်များကို တွေးတောကြံစည်ရာ၌ အထောက်အကူပြုပါလိမ့်မည်။

ယောဟန်၏တင်ပြခြင်း တန်ခိုးအရှိန်ဖြစ်သည့် ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးမှု အဆင့်အသီးသီး၏ လမ်းစဉ်သည် အစပြုပြီးဖြစ်ပါသည်။ ယောဟန်က ယုံကြည်သူများကို သုံးဖွဲ့ဖြင့် ပိုင်းခြားထားပါသည်။ ကလေးငယ်များ၊ လူငယ်များနှင့် ဖခင်များတို့ဖြစ်ပါသည်။ ဤအပိုင်းသည် အသစ်သောယုံကြည်သူများနှင့် ကလေးငယ်များ အပေါ်၌ ဦးတည်ပါလိမ့်မည်။ သားသမီးတို့၊ သင်တို့သည် ကိုယ်တော်၏ နာမတော်အားဖြင့် အပြစ်များ ခွင့်လွှတ်ခြင်းခံရပြီ ဖြစ်သောကြောင့် သင်တို့ထံသို့ ငါရေးလိုက်၏။ ..... သားသမီးတို့၊ သင်တို့သည် ခမည်းတော်ကို သိကြသောကြောင့် သင်တို့ထံသို့ ငါရေးလိုက်၏…. (၁ယော၊ ၂:၁၂-၁၄)။

ပြီးခဲ့တဲ့သင်ခန်းစာ၌ ယုံကြည်သူအသစ်ကို ပုံဆောင်ထားတဲ့ ကလေးငယ်တစ်ဦးရဲ့ အထူးပြုစု စောင့်ရှောက်ခြင်း လိုအပ်မှုကို အကျဉ်းချုပ် ဆွေးနွေးပြီးဖြစ်ပါသည်။ သင်ကြားပေးသူများနှင့် လေ့ကျင့်ပေးသူများဖြစ်သည့်အလျောက် ၎င်းသည် ကျွန်ုပ်တို့အတွက် အရိပ်နိမိတ်ဖြစ်ပါသည်။ ခရစ်ယာန် အသက်တာကြီးထွားဖွံ့ဖြိုးမှုဆိုင်ရာ ဤအဆင့်အတွက် ကျွန်ုပ်တို့သည် ယောဟန်၏စကားများထဲမှ ဘုရားသခင်၏အဓိက ရည်ရွယ်ချက်ပန်းတိုင်များကို ရှင်းလင်းစွာ ဖော်ထုတ်နိုင်ပါသည်။ တစ်ချိန်တည်းမှာပင် အသစ်သောယုံကြည်သူများအား မည်ကဲ့သို့ လေ့ကျင့်ပေးရန် လိုအပ်သည်ကို ကျွန်ုပ်တို့နားလည်နိုင်ပါသည်။ ယုံကြည်သူများအတွက် ဘုရားသခင်၏ရည်ရွယ်ချက်ပန်းတိုင်များနှင့် ကျွန်ုပ်တို့၏လေ့ကျင့်ပေးခြင်းတို့သည် အပြန်အလှန်ဆက်နွယ်မှုရှိရမည်။

## သေးဖွဲသော ကြိုးပမ်းမှုများ

တပည့်တော်မွေးထုတ်ရန် အထူးလိုအပ်ချက်ကို ထိရောက်စွာ လုပ်ဆောင်ခြင်းမရှိခဲ့ပေ(မ၊၂၈:၂၀)။ သင်းအုပ်ဆရာ အနည်းငယ်သာလျှင် တပည့်တော်မွေးထုတ်ခြင်းသည် အရေးကြီးကြောင်း ယုံကြည်ကြ၏။ ၎င်းသည် သူတို့၏အပြုအမူအားဖြင့် ထင်ရှားတတ်၏။ များစွာသောသူများက ယေရှုကိုခေါ်၍ ယုံကြည်ရာတွင် ဝမ်းသာအားရဖြစ်သော်လည်း ထိုယုံကြည်ခါစလူများကို ပြုစုစောင့်ရှောက်ရန် လျစ်လျူရှုတတ်ကြ၏။ အကယ်၍ မိန်းမတစ်ဦးသည် ကလေးမွေးဖွား၍ ထိုကလေးသည် ချက်ချင်းလမ်းလျှောက်ပါက ကျွန်ုပ်တို့အားလုံး တုန်လှုပ်အံ့ဩသွားပေမည်။ သို့ဖြစ်၍ ဧဝံဂေလိဆရာများကသာလျှင် ပြောင်းလဲပြီး သူများကို ဆက်လက်သွန်သင်မှု ပြုနိုင်သည်။ တစ်ဘက်မှာ အစဉ်အလာအတိုင်း ဟောပြောခြင်းတစ်ခုသာ လုပ်ဆောင်ပြီး အသက်တာလေ့ကျင့်ပေးခြင်း မရှိသော အခါ ယုံကြည်သူများ၏အသက်တာသည် အားနည်းလာတတ်၏။

ကျွန်ုပ်တို့၏မိရိုးဖလာထုံးတမ်းစဉ်လာသည် ကျွန်ုပ်တို့အပေါ်၌ မည်သို့ပင် ဂယက်ရိုက်ခတ် သည်ဖြစ်စေ အသင်းတော်သည် အသစ်သောယုံကြည်သူများကို ရက်ရက်ရောရောချစ်၍ သူတို့၏ဝိညာဉ်ရေးရာကို ပြုစုစောင့်ရှောက်ဖို့ရန် ဘုရားသခင်ခေါ်ထားခြင်းဖြစ်ပါသည်။ အထူးသဖြင့် အသင်းတော် အနေဖြင့် အစပိုင်း၌ ထိုဂရုစိုက်မှုကို ရရှိစေရန် လေ့ကျင့်ပေးဖို့ လိုအပ်ပါသည်။ သင်းအုပ်၊ ဧဝံဂေလိဆရာနှင့် ဓမ္မဆရာတို့သည် အသင်းတော်အား သူ့လုပ်ငန်းဖြစ်သည့် တပည့်တော်မွေးထုတ်ခြင်း ဆောင်ရွက်နိုင်ဖို့ရန် တပ်ဆင်မွေးမံပေးရမည်။ တပည့်တော်ဖြစ်စေခြင်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့၏အခြားစာအုပ်များ သည်လည်း ဤနယ်ပယ်၌ လေ့ကျင့်ပေးခြင်းကို အကျယ်တဝင့် ဖော်ပြပေးပါသည်။

ပထမ၊ ကျွန်ုပ်တို့သည် လေ့ကျင့်ပေးသူများဖြစ်သည့်အလျောက် အသစ်သောယုံကြည်သူများကို ပြုစုစောင့်ရှောက်စေရန် ရင့်ကျက်သောယုံကြည်သူများ အတွက် တာဝန်ဝတ္တရားဖြစ်သည့်ရှုပါရုံကို ချဲ့ထွင်ပေးရမည်။ သက်တမ်းနှစ်နှစ်ရှိပြီဖြစ်တဲ့ ယုံကြည်သူကို လေ့ကျင့်ပေးခြင်းအားဖြင့် အခြားယုံကြည်သူအသစ်ကို လေ့ကျင့်ပေးနိုင်ပါလိမ့်မည်။

ဒုတိယ၊ ဤအခြေခံကျကျ ပြုစုခြင်းဆိုတာ ဘာလဲဆိုတာကို ကျနော်တို့ရှင်းပြရမည်။ အဲဒီထဲမှာ သူငယ်ချင်းဖြစ်ခြင်း၊ သူတို့၏ပြဿနာကို ဝိုင်းဝန်းကူညီခြင်း၊ ဘုရားသခင်၏နှုတ်ကပတ် သမ္မာတရားကို သင်ပေးခြင်းနှင့်သူတို့ရင်ဆိုင်နေသော ပြဿနာကို ကိုင်တွယ်နည်း စသည်တို့ပါဝင်ပါသည်။ ပို၍ခက်ခဲသော ပြဿနာများကို သင်းအုပ်ထံသို့ လွှဲပြောင်းပေးနိုင်ပါသည်။

တတိယ၊ အသစ်သောယုံကြည်သူအား လေ့ကျင့်ပေးခြင်းသည် ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးမှုနှင့် လေ့ကျင့်ပေးခြင်း ပုံရိပ်တစ်ခုလုံးနှင့် သင့်တော်ကြောင်း


ကျွန်ုပ်တို့ပြသဖို့ လိုအပ်ပါသည်။ ဤရှုထောင့် အမြင်သည် လေ့ကျင့်ပေးသူအား အသစ်သောယုံကြည်သူများအပေါ်၌ ဖြစ်ပျက်မည့်ရှုပါရုံကို လက်ဆင့်ကမ်း ရာတွင် အထောက်အကူဖြစ်စေပါသည်။

စတုတ္ထ၊ ခရစ်ယာန်အသက်တာကြီးထွားခြင်း ပထမအဆင့်၌ အသစ်သောယုံကြည်သူများ သင်ယူဖို့ရန်နှင့်ကျွမ်းကျင်ဖို့ရန် လိုအပ်သည်များကို ဖော်ထုတ်ပေးရမည်။ ထိုသို့ဆိုရာတွင် အသစ်သော ယုံကြည်သူများ ညွှန်ကြားရန်အတွက် သူတို့အသုံးပြုနိုင်သည့် လေ့ကျင့်ပေးခြင်းဆိုင်ရာ ပစ္စည်းများ ပါဝင်နိုင်ပါသည်။

တမန်တော်ယောဟန်သည် ဤတစ်ခုလုံးဖြစ်စဉ် အဆင့်ဆင့်တိုင်း၌ အမှန်တကယ် ပြောစရာများစွာရှိပါသည်။ အခြားကျမ်းချက်များထဲမှလည်း ကျွန်ုပ်တို့သင်ယူနိုင်ပါသည်။ အခြားယုံကြည်သူအသစ်များကို လေ့ကျင့်ပေးနိုင်မည့် ဤယုံကြည်သူအသစ်များအတွက် တပည့်တော်မွေးထုတ်ခြင်းဆိုင်ရာ တာဆာပလာများကို ကျွန်ုပ်တို့အလျင်အမြန် စုဆောင်းရရှိနိုင်ပါသည်။

## ပို၍ကြီးမားသော ရှုထောင့်အမြင်

ဘုရားသခင်သည် တပည့်တော်ပြုသူရော တပည့်တော်အပေါ်၌ပါ တပြိုင်နက်အလုပ် လုပ်တော်မူ၏။ မိခင်နှင့် ကလေးငယ်အကြောင်းကို စဉ်းစားကြည့်ပါ။ မိခင်က ကလေးငယ်အား ကျွေးမွေးပြုစုနေသည်ကို ဘုရားသခင် ကျေနပ်အားရ ပါသည်။ ဘုရားသခင်သည် ကလေးငယ်အား ကျွေးမွေးစေရန် သူ့မိခင်ကို အသုံးပြု၍ မိခင်သည် မင်္ဂလာရှိသောသူဟု မှတ်ယူခြင်းခံရ၏။




ထိုနည်းတူစွာ ဘုရားသခင်၏အသစ်သောသားသမီးတို့၏ ဆာလောင်မှုသည် သူတို့ကိုကျွေးမွေးပြုစုစေရန် ပို၍ရင့်ကျက်သောသူတို့ကို သတိပေးလျက်နေ၏။ ဘုရားသခင်၏လူတို့သည် အသစ်သောယုံကြည်သူများကို ပြုစု၍ အကြံဉာဏ်ပေးသကဲ့သို့ သူတို့လည်းပဲ သူတို့နှင့်စပ်ဆိုင်သော အသစ်သောယုံကြည်သူများကို ထိုသို့ပြုလျက်နေကြ၏။ လေ့ကျင့်ပေးသူသည် အသစ်သောယုံကြည်သူများကို လေ့ကျင့်ပေး၍ သူ့ရဲ့ပြုစုစောင့်ရှောက်ခြင်းကို ခံယူလျက်နေကြသော်လည်း ထိုအမှုနှင့် ကျေနပ်ရောင့်ရဲမနေသင့်ပါ။ အခြားသောသူများကို လေ့ကျင့်ပေးနိုင်တဲ့အဆင့်ထိ ရောက်ရှိဖို့လိုအပ်ပါသည်။ တပည့်တော်များသည် ကျွန်ုပ်တို့၏ပုံဥပမာအားဖြင့် များစွာသင်ယူတတ်ကြ၏။

ကျွန်ုပ်တို့ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ အသစ်သောယုံကြည်သူကို လေ့ကျင့်ပေးခြင်းသည် အချိန်အကန့်အသတ်ရှိ၏။ ကလေးငယ်သည် အလျင်အမြန် ကြီးထွားလာ၍ အသက်နှစ်နှစ်ပြည့်သောအခါ နို့ဖြတ်ခြင်းခံရသည့်

အတိုင်း အသစ်သောယုံကြည်သူလည်းပဲ ယုံကြည်ခြင်း၏အခြေခံသမ္မာတရားကို သင်ကြားပေးဖို့ လိုအပ်ပါသည်။ တပည့်တော်မွေးထုတ်သောသူများသည် အသစ်သောယုံကြည်သူများနှင့် တွေ့ဆုံ၍ ထိုယုံကြည်သူသစ်များ ယုံကြည်လာပြီးနောက် ချက်ချင်း ဤသမ္မာတရားများကို အနည်းဆုံး ခုနစ်ခါဆယ်ခါဆွေးနွေးကြမည်ဟု ကျနော်ယူဆပါသည်။

သင်အုပ်ဆရာများနှင့်ဧဝံဂေလိဆရာများကို လေ့ကျင့်ပေးသောသူတို့သည် ယုံကြည်သူများ၏ အသက်တာများမှစ၍ ပို၍ရင့်ကျက်သောယုံကြည်သူများ၏အသက်တာအားဖြင့် အသစ်သောယုံကြည်သူများကို လေ့ကျင့်ပေးရန် ဘုရားသခင်ပြုစေလိုသည့်ဤရူပါရုံကို ချဲ့ထွင်ရပါမည်။ ဤအရာသည် လေ့ကျင့်ပေးခြင်းနှင့်စပ်လျဥ်း၍ ကျွန်ုပ်တို့၏အဓိက ရည်ရွယ်ချက်ပန်းတိုင်များထဲမှ တစ်ခုဖြစ်မလာဖြစ်ပါက ကျွန်ုပ်တို့လေ့ကျင့်ပေးသည့်ထိုသူတို့သည် အခြားသူများကို လေ့ကျင့်ပေးရန် လျစ်လျူရှုနေသော အသစ်သောယုံကြည်သူကဲ့သို့ ဖြစ်သွားလိမ့်မည်။

ကျွန်ုပ်တို့သည် အသစ်သောယုံကြည်သူများကို ပြုစုဖို့ရန် အခြားသူများကို မည်ကဲ့သို့လေ့ကျင့်ပေးရန် မသိရှိသောအခါ ခေါင်းဆောင်များ လေ့ကျင့်ပေးခြင်း အကောင်းဆုံးအခွင့်ထူးကို ကျွန်ုပ်တို့ဆုံးရှုံးရပါ၏။ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် အသစ်သောယုံကြည်သူများအား သူတို့လိုအပ်သည့်ကြီးထွားခြင်းကို မဖြည့်ဆည်းပေးနိုင်တော့ပေ။

ယုံကြည်သူများသည် စောလျင်စွာ လေ့ကျင့်ပေးခြင်း မပြုလုပ်ကြသောကြောင့် ပြဿနာသည် သူတို့၌ အမှန်တကယ်အစပြုသည်ဟု သင်စဥ်းစားဖူးပါသလား။ အသင်းတော်၌ အခြားသောယုံကြည်သူများကို သမ္မာကျမ်းစာအတိုင်းလေ့ကျင့်ပေးမည့်အစား ဝိညာဉ်ရေးရာ ကြီးထွားခြင်းမရှိဟု ပြစ်တင်ဝေဖန်နေခြင်းသည် အလွန်ရှက်စရာကောင်းလှပါသည်။

အမှန်စင်စစ် သင်တို့သည် အချိန်ကာလအရ ဆရာများဖြစ်သင့်ဖြစ်သော်လည်း ဘုရားသခင်၏နှုတ်ကပတ်တရား၏အခြေခံကို တစ်စုံတစ်ယောက်က သင်တို့အား အစမှပြန်သင်ပေးရန် လိုအပ်နေ၏။ နို့ရည်ကို သောက်သုံးနေသောသူတိုင်းသည် ကလေးသူငယ်ဖြစ်သောကြောင့် ဖြောင့်မတ်ခြင်းနှင့်ဆိုင်သောနှုတ်ကပတ်တော်နှင့် ရင်းနှီးကျွမ်းဝင်ခြင်းမရှိ (ဟေဗြဲ ၅:၁၂-၁၃)။

## ကျွန်ုပ်တို့၏စိန်ခေါ်မှု

ယနေ့ခေတ်ကြီးမှာ ကျွန်ုပ်တို့သည် မိခင်က မွေးကင်းစကလေးငယ်လေးကို ပြုစုစောင့်ရှောက် သကဲ့သို့တစ်ဦးပေါ်တစ်ဦး ပြုစုစောင့်ရှောက်ခြင်းကို ချဲ့ထွင်လျက် အသက်တာထဲ၌ လိုအပ်နေတဲ့ နှုတ်ကပတ်တော်နို့စစ်စစ်ကို တိုက်ကျွေးဖို့ အထူးလိုအပ်လာပါသည်။

"ဒီအရာအားဖြင့် ငါ့ကို ကြီးစွာအထောက်အကူ ဖြစ်စေပါတယ်။ ငါသင်ယူခဲ့တဲ့အရာကို ဘယ်တော့မှ မမေ့နိုင်ပါဘူးဟူ၍ ငါတို့အဖွဲ့ထဲက လူတွေက မှတ်ချက်ပေးလာတာကို ကြားရတာ ငါအရမ်း နှစ်သက်အားရမိပါတယ်။ ဤသို့သော မှတ်ချက်သည် ကမ္ဘာအဝှမ်း ပျံ့နှံ့ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

## သင်ခန်းစာ

- ယုံကြည်သူတိုင်းက ပို၍ရင့်ကျက်သောယုံကြည်သူကို လိုအပ်၏။
- ကိုယ်တိုင် တပည့်တော်ဖြစ်စေခြင်း မရှိပါက အသစ်ယုံကြည်သူများသည် မလိုအပ်သော ရုန်းကန်မှု များစွာနဲ့ ရင်ဆိုင်၍ အသင်းတော်မှစွန့်ခွာနိုင်သည်။
- ဧဝံဂေလိလုပ်ငန်းနှင့်သာသနာလုပ်ငန်း၌ ပါဝင်နေသောသူများသည် အသစ်သောယုံကြည်သူများ လေ့ကျင့်ပေးခြင်းတစ်ခုတည်းကိုသာ မလုပ်ဆောင်သင့်ဘဲ တစ်နေ့သောအခါ ဘုရားသခင်အသုံးပြုခံ၍ အသစ်သော ယုံကြည်သူအဆင့်မှ အခြားယုံကြည်သူသစ်များကို လေ့ကျင့်ပေးနိုင်သော သူဖြစ်သည်အထိ ရှုပါရုံထားရှိရမည်။

## ကျမ်းမှတ်ဆင်ခြင်ပါ

- ဟေဗြဲ ၅း၁၂-၁၃

## တာဝန်ပေးအပ်ခြင်း

- ယုံကြည်သူအသစ်ကို သင်ညွှန်ပြဖူးပါသလား။ ဘယ်အချိန်မှာလဲ။ ဘယ်သူလဲ။
- မညွှန်ပြဖူးပါက ဘာ့ကြောင့်ပါလဲ။
- ယုံကြည်သူအသစ်များကို သင်မည်ကဲ့သို့လေ့ကျင့်ပေးသနည်း။ ဆွေးနွေးလို့ရသော အကြောင်းအရာ တစ်ခုကိုမှတ်သားလိုက်ပါ။

# #၂၈ ယုံကြည်သူအသစ်များကို တပ်ဆင်ပေးခြင်း

အသစ်သောယုံကြည်သူများအပေါ် ကျွန်ုပ်တို့၏ပြုစုစောင့်ရှောက်ခြင်းသည် လေ့ကျင့်ပေးခြင်း ဖြစ်စဉ်တစ်ခုလုံးကို ကြီးစွာလွှမ်းမိုးထားပါသည်။ အကယ်၍ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ခေါင်းဆောင်များကို တပည့်တော် မွေးထုတ်ရန် ကောင်းကောင်းမမွမ်းမံနိုင်ပါက သာသနာတစ်ခုလုံးကို အားနည်းစေနိုင်ပါသည်။ ဘုရားသခင်၏အလုပ်လည်း တကယ်လိုအပ်တဲ့နေရာ၌ အကောင်အထည်ဖော်လိမ့်မည်မဟုတ်ပေ။

မှန်ကန်သောလေ့ကျင့်ပေးခြင်းသည် အခြားသူများ၏အသက်တာ ကဏ္ဍအမျိုးမျိုး၌ လေ့ကျင့်ပေးမည့်ခေါင်းဆောင်များကို မွမ်းမံရန်အတွက် ကျွန်ုပ်တို့အား လိုအပ်သောအပြောင်းအလဲကို သယ်ပိုးပေးပါသည်။ ဤအခန်းသည် အသစ်သော ယုံကြည်သူများအား လေ့ကျင့်ပေးမည့် သဘောသဘာဝနှင့် အသက်၏အချက်အချာနှင့်တကွ ဤလေ့ကျင့် ပေးခြင်း၏အရေးကြီးပုံကို ဆောင်ယူပေးသည်။




အသက်၏နှစ်သာရသည် စစ်မှန်သော ယုံကြည်သူတိုင်း၏ အသက်တာနှင့် အသင်းတော်တစ်ခုလုံး၌ ဘုရားသခင်၏အထူး လုပ်ဆောင်ချက်အကြောင်းအရာကို ပြောဆိုခြင်းဖြစ်ပါသည်။ အသစ်တစ်ဖန်မွေးဖွားခြင်းသည် တဘဝလုံးအတွက် အစပြု၍ ယုံကြည်သူတိုင်း၌ သန့်ရှင်းသောဝိညာဉ်တော်၏သန့်ရှင်းစင်ကြယ်စေခြင်း အလုပ်သည် ရပ်နားခြင်းမရှိဘဲ လုပ်ဆောင်လျက်နေ၏။

ကိုယ်တော်သည် ငါတို့ပြုခဲ့သည့် ဖြောင့်မတ်သောအကျင့်အားဖြင့် မဟုတ်ဘဲ မိမိ၏ဂရုဏာတော်နှင့်အညီ အသစ်မွေးဖွားခြင်းနှင့်ဆိုင်သော ဆေးကြောခြင်းနှင့်သန့်ရှင်းသော ဝိညာဉ်တော်၏အသစ်ပြုပြင်ခြင်းအားဖြင့် ငါတို့ကို ကယ်တင်တော်မူ၏။ ဘုရားသခင်သည် ထိုဝိညာဉ်တော်ကို ငါတို့၏ကယ်တင်ရှင်ယေရှုခရစ်တော်အားဖြင့် ငါတို့အပေါ်ကြွယ်ဝစွာ သွန်းလောင်းတော်မူ၏(တိ၊၃း၅-၆)။

သန့်ရှင်းသောဝိညာဉ်တော်၏သွန်းလောင်းခြင်းသည် ကျွန်ုပ်တို့အသက်တာထဲ၌ မြစ်ရေကဲ့သို့ စီးဆင်းနေသည့် ဘုရားသခင်၏အဆက်မပြတ် လုပ်ဆောင်ချက်ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။

တမန်တော်ယောဟန်၏တိကျမှန်ကန်သော တွေ့ရှိချက်ကား အသစ်သော ယုံကြည်သူ၏အထူး လိုအပ်ချက်သည် ကလေးသူငယ်ကဲ့သို့ ဖြစ်သည်ဟုဆို၏။ မိဘများသည် သူတို့၏ကလေးငယ်လေးအတွက် အချိန်နာရီနှင့်ငွေရေးကြေးရေးကို ချိန်ညှိလျက် အလိုက်အထိုက်စဉ်းစား တတ်ကြ၏။ ဥပမာပြောရရင် မိဘများသည် သူတို့၏ကလေးငယ်လေးများအတွက် လိုအပ်သောအစားအစာနှင့် ဝေယျဝစ္စများကို သူတို့၏ဝင်ငွေပမာဏအတိုင်း အသုံးပြုတတ်ကြ၏။ ယောဟန်သည်လည်း အသစ်သောယုံကြည်သူများ ပြုစုစောင့်ရှောက်ခြင်းအတွက် ဤသဘောတရားကို အသုံးပြုခြင်းဖြစ်ပါသည်။

အသစ်သောယုံကြည်သူများကို ပြုစုရန် အခြားသောသူများအား လေ့ကျင့်ပေးခြင်း၌ ကျွန်ုပ်တို့ ရင်ဆိုင်ရသည့် စိန်ခေါ်မှုများထဲမှ အကြီးမားဆုံးတစ်ခုကား ကျွန်ုပ်တို့ကိုယ်တိုင် လေ့ကျင့်ခြင်း မရှိခြင်းပင် ဖြစ်သည်။ တကယ်တော့ ကျွန်ုပ်တို့၌ ပို၍ကောင်းမွန်သောအရာများ ရှိနိုင်တဲ့အကြောင်းကို ကျွန်ုပ်တို့ မမြင်တွေ့နိုင်ခြင်းကြောင့်ပေတည်း။

လူငယ်များကြား၌ မယုံကြည်ခြင်းက အပြေးအလွှား ထကြွနေတာကို ကျနော်တို့တတွေ မမြင်နိုင်ဘဲ နေကြတယ်မဟုတ်လား။ ထိုလူငယ်တွေလည်း ဧဝံဂေလိတရားရဲ့တန်ခိုးကို မမြင်နိုင်ကြတော့ပါဘူး။ ကျွန်ုပ်တို့၏အကြီးမားဆုံး စိန်ခေါ်မှုကား သူတို့၏အသက်တာ အသီးသီးအတွက် ဧဝံဂေလိတရား၏ ထိုက်သင့်လျော်ကန်မှုကို ပြသဖို့ရန်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏အသင်းတော်များသည် အခြားသူများ၏အသက်ကို ကယ်တင်ဖို့ရန် သူတို့၏အချိန်နှင့် ငွေကြေးများစွာကို အသုံးပြုကြသော်လည်း အသစ်သောယုံကြည်သူများအား ပြုစုပျိုးထောင်ခြင်း၌ အင်မတန်နည်းပါးလှပါသည်။ လူတစ်ဦးသည် အကောင်းဆုံးမျိုးစေ့ကို ဝယ်ယူဖို့ရန် ငွေကြေးများစွာကို အသုံးပြုခဲ့သော်လည်း မျိုးစေ့ပေါက်လာ၍ အညှောက်ထွက်လာသောအခါ ရေလောင်းဖို့ မေ့သကဲ့သို့ဖြစ်ကြ၏။

အသင်းတော်ဖြစ်စေ၊ ကျမ်းစာကျောင်းဖြစ်စေ၊ သင်တန်းကျောင်းဖြစ်စေ ကျွန်ုပ်တို့သည် ရည်ရွယ်ချက် အပြည့်ရှိရမည်။

(၁) အသစ်သောယုံကြည်သူများအား လေ့ကျင့်ပေးရန် အရေးကြီးပုံနှင့် လိုအပ်ချက်ကို ဘုရားသခင်၏ လူတို့အား လက်ခံယုံကြည်စေရမည်။

(၂) အသစ်သောယုံကြည်သူများအား မည်ကဲ့သို့လေ့ကျင့်ပေးမည်ကို ထိုသူတို့အား တပ်ဆင်မွေးမံရမည်။

(၃) အသစ်သောယုံကြည်သူများအား လေ့ကျင့်ပေးရာတွင် အသုံးပြုဖို့ ပစ္စည်းများကို ထောက်ပံ့ရမည်။

(၄) အသစ်သောယုံကြည်သူများအား စိတ်နှလုံးအကြွင်းမဲ့ လေ့ကျင့်ပေးရန် ထိုသူတို့ကို စိန်ခေါ်ရမည်။

## အခြားသောသူများကို လက်ခံယုံကြည်စေပါ

အကယ်၍ အနီးအနား၌ အသစ်သောယုံကြည်သူများရှိလျှင် သူတို့အား ပြုစုစောင့်ရှောက်ဖို့ရန် လိုအပ်တဲ့အကြောင်းကို ဘုရားသခင်၏လူများထံသို့ အလွယ်တကူ လက်ခံယုံကြည်စေခဲ့သော်လည်း ထိုအသစ်သောယုံကြည်သူများသည် အနောက်နိုင်ငံသားများကဲ့သို့ ဧဝံဂေလိတရားဘက်၌ စိတ်နှလုံးခိုင်မာနိုင်လျှင် ထိုသူတို့ကို ပုံမှန်အတိုင်းမတွေ့ဆုံဘဲ အခွင့်အလမ်းကို ရှာဖွေရမည်ဖြစ်ပါသည်။

ပထမအနေနဲ့ ပျောက်ဆုံးတဲ့လူ့ဝိညာဉ်တွေကို ကျနော်တို့ရှာဖွေရမည်။ များစွာသော ခရစ်ယာန်တို့သည် ပျောက်ဆုံးတဲ့လူ့ဝိညာဉ်တွေကို ရှာဖွေရာမှာ ကျွမ်းကျင်မှုမှာကော မြင်ကွင်းမှာပါ အလွန်အားနည်းကြပါသည်။ သခင်ဘုရားထံသို့ လူတွေခေါ်ဆောင်သွားနိုင်ရန် လိုအပ်ပါက အချိန်များများ ပေးဆပ်ရပါမည်။ အသက်၏အချက်အချာ သင်ရိုးညွှန်းတမ်းအတိုင်း ဧဝံဂေလိဖြန့်ချီပါ။ ဒုတိယအနေဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အသင်းတော်၊ ကျမ်းစာကျောင်းသာမကဘဲ သခင်ဘုရားက ကျွန်ုပ်တို့၏ တပည့်တော်မွေးထုတ်ခြင်းကို တိုးချဲ့နိုင်ဖို့ရန် အခွင့်အလမ်းများကို ရှာဖွေကြရမည်။ ကျွန်ုပ်တို့သည် တကယ်လိုအပ်သည့်နေရာကို သွားဖို့လိုအပ်ပါသည်။ နေရာအနှံ့တွင် ထိခိုက်နာကျင်သော သိုးများနှင့် လမ်းပျောက်နေသည့်သိုး များစွာရှိပါသည်။ ဘုရားသခင်၏လူတို့သည် ထိုသိုးတို့ကို ကြည့်ရှုစောင့်ရှောက်ရန် သခင်ဘုရားနှင့်အတူ လုပ်ဆောင်ဖို့ရန်အတွက် သင်ယူလေ့လာကြရမည်။

## အခြားသောသူများကို တပ်ဆင်မွမ်းမံပါ

အသစ်သောယုံကြည်သူများအား တပည့်တော်ဖြစ်စေခြင်းသည် အရေးကြီးသောအရာဖြစ်ကြောင်း လူတို့သည် တစ်ခါလက်ခံယုံကြည်လျှင် ထိုသူတို့ကို လွယ်လွယ်ကူကူ ကျွန်ုပ်တို့တပ်ဆင်မွမ်းမံနိုင်သည်။ ဆရာသမားသည် အရင်ဦးဆုံး လေ့ကျင့်ပေးခြင်းခံရသူ အသစ်သောယုံကြည်သူနှင့် ရင်းနှီးကျွမ်းဝင်မှုရှိရမည်။ သို့မှသာ ထိုသူတို့ကို တပ်ဆင်မွမ်းမံနိုင်မည်ဖြစ်ပါသည်။

တစ်ချို့ခေါင်းဆောင်များသည် အခြားသောသူများအား မွမ်းမံသောအချိန်၌ထက် ဤအရာကို လုပ်ဆောင်ခြင်း၌ ပို၍မွမ်းမံခြင်းခံကြရ၏။ သင့်အသင်းတော်အထဲ၌ဖြစ်စေ၊ အပြင်၌ဖြစ်စေ လေ့ကျင့်ပေးခြင်း လုပ်ဆောင်သောအခါ ပေးအပ်ပြီးသောအထူးဆုကျေးဇူးကို အသုံးပြုရန် မမေ့လျော့ရ။ အသစ်သောယုံကြည်သူ ဆယ့်ငါးဦးအား စာအုပ်ငယ်လေးဖြင့် လေ့ကျင့်ပေးခြင်းကို ငါအမှတ်ရမိသည်။ ငါသည် သူတို့အား အချက်အလက်နဲ့ ပြုစုခဲ့သည့်စာအုပ်ငယ်လေးကို

တစ်အုပ်စီဝေမျှ၏။ နောက်ကြာလာသောအခါ ဤစာအုပ်ငယ်လေးသည် သူတို့အတွက် အခြားသူများအား တပည့်တော်မွေးထုတ်ရာ၌ လက်ကိုင် ဖြစ်လာပါသည်။ ငါသည် သူတို့၏မြင်ကွင်းကို ကျွမ်းကျင်မှုမှစ၍ အသိပညာလေ့ကျင့်ခြင်းနှင့်တကွ တည်ဆောက်ပေးခဲ့၏။ နောက်တော့ သူတို့သည် အခြားသူများအား လေ့ကျင့်ပေးဖို့ရန် ဤစာအုပ်ငယ်လေးကို အသုံးပြုတတ်လာကြပါသည်။

ဤသင်ခန်းစာ သင်ယူခြင်းကို မြှင့်တင်ဖို့ရန် နည်းလမ်းများစွာရှိ၏။ ဤအရာကို အကောင် အထည်ဖော်ဖို့ရန် နည်းလမ်းတစ်ခုကား မည်ကဲ့သို့လုပ်ဆောင်သည်ကို ထင်ရှားစေခြင်းအားဖြင့် ဖြစ်ပါသည်။ ခေါင်းဆောင်သည် ပထမအသုတ် တပည့်တော်ဖြစ်စေခြင်း လေ့ကျင့်ပေးခြင်း ကြီးကြပ်ရမည်။ သူသည် သင်တန်းကာလတစ်လျှောက်၌ လေ့ကျင့်ခံတစ်ဦးနှင့် တွဲဖက်ရပါမည်။ ရှက်တတ်သောလူတို့အား ငါတို့နှင့်တွဲဖက် လုပ်ဆောင်နိုင်ကြောင်းကိုလည်း အသိပေးကြေငြာရမည်။ ဥပမာအားဖြင့် သတင်းကောင်း တရားနှင့်ယုံကြည်ခြင်းတရားကို ပြောဆိုတဲ့အခါ ယေရှုက သူတို့ကို ဘယ်လိုကယ်တင်ခဲ့ကြောင်း ပြောဆိုနိုင်ပါသည်။ သူတို့သည် သင်ယူလျက် တစ်ချို့မြန်ဆန်၍ တစ်ချို့နှေးကွေးနိုင်သည်။ ဘုရားသခင်သည် ထိုလူနှစ်မျိုးစလုံးတို့ကို အခြားသူများ လေ့ကျင့်ပေးရာ၌ အတူတကွ အသုံးပြုနိုင်သည်။

မိခင်များသည် သူတို့၏ကလေးငယ်များကို အစားစာကျွေးမွေးနိုင်ကြသော်လည်း ပို၍များသောပြဿနာကား ဘေးပတ်ဝန်းကျင်အခက်အခဲကို မည်ကဲ့သို့ကိုင်တွယ်ရန် မသိရှိကြပေ။ ကျွန်ုပ်တို့သည် သူတို့ဘေးနား၌ ရပ်လျက် အားပေးစကားပြောရပါမည်။ သူတို့က သင့်ကို မေးမြန်းရန် အချိန် မစောင့်ဆိုင်းပါနှင့်။ အသစ်သောတပည့်တော်များသည် စိတ်အားမငယ်မိစေရန် သင်သည် ဤသူတို့နှင့်အတူ အချိန်ယူရမည်။ အခြားသောသူများအား တပည့်တော်မွေးထုတ်ရန် ဦးစွာပထမ အတွေ့အကြုံ ကြီးကြီးကို ချပေးရမည်။

## အခြားသောသူများကို လေ့ကျင့်ပေးရန် ထောက်ပံ့ပါ

တပည့်တော်မွေးထုတ်ခြင်းဆိုင်ရာ လေ့ကျင့်ပေးခြင်း အစီအစဉ်များနှင့်ပစ္စည်းများ၏ အရေအတွက်သည် တိုးပွားလျက်နေ၏။ ဤအရာသည် ကောင်းသောအရာဖြစ်၏။ တစ်ချို့သောလူတို့က ထိုအကြောင်းအရာကို စဉ်းစားတွေးခေါ်လျက်နေကြ၏။ ကျွန်တော်ငယ်ရွယ်သောအချိန်၌ လူနည်းစုသာလျှင် တပည့်တော်မွေးထုတ်ခြင်းကို မြှင့်တင်လုပ်ဆောင်ကြ၏။

တစ်ခုရှိတာက သူတို့တတွေဟာ အသင်းတော်ကို ဗဟိုပြု၍ လုပ်ဆောင်ခြင်းမဟုတ်ဘဲ တစ်ဦးချင်းရဲ့ဝိညာဉ်ရေးရာအသက်တာကို အခြေခံပြီးလုပ်ဆောင်ကြပါတယ်။ အသင်းတော်၏သီအိုလော်ဂျီ ပိုင်းဆိုင်ရာလည်း မှန်ကန်စွာပေါင်းစပ်ခြင်းမရှိပေ။ ကိုယ်ပိုင်မှုနှင့်ဆိုင်တဲ့ တန်ဖိုးထားခြင်းက ပိုပြီးနေရာယူ လာတာကို


တွေ့ရပါတယ်။ အရာရာဟာ ပိုကောင်းလာသလိုဖြစ်ပေမယ့် အသင်းတော်နှင့် အသင်းတော် ငယ်လေးတွေ စပ်ကြား၌ တစ်ချို့ အားပြိုင်မှုရှိနေသေး၏။ တကယ်တော့ သူတို့တွေဟာ ရည်ရွယ်ချက် တစ်ခုအတွက် အတူတကွလုပ်ဆောင်သင့်ပါသည်။

အနည်းငယ်သောအသင်းတော်များသည် သူတို့၌ရှိသောအရာများအားဖြင့် လုပ်ဆောင်ရန် ပြင်ဆင်မှု ရှိကြ၏။ ငါလည်း ဤသို့သောအလားအလာကို အားပေးလိုပါသည်။ အသင်းတော်တိုင်းက သူတို့နှင့်ဆိုင်တဲ့ အသစ်သောယုံကြည်သူအား တပည့်တော်မွေးထုတ်ခြင်း အရင်းအနှီးများကို ဝန်ဆောင်မှုပေးနိုင်ပါ၏။ ဘာသာပြန်ဆိုထားတဲ့ အမျိုးမျိုးကိုလည်းကောင်း၊ စာအုပ်ငယ်လေးကိုလည်းကောင်း၊ ပုံနှင့်တကွ ထုတ်ဝေထားသည့်စာပေများကိုလည်းကောင်း ဝေမျှပေးလှူနိုင်ပါသည်။

အရေးကြီးဆုံးသာအရာကား အမှန်တကယ် ကျေနပ်ရောင့်ရဲခြင်းပဲဖြစ်ပါသည်။ ဤစာအုပ်သည် တပည့်တော်မွေးထုတ်ခြင်းဆိုင်ရာ အဆင့်သုံးဆင့်အတွက် ဘုရားသခင်၏ရည်ရွယ်ချက်အမြင်ကို ဆွေးနွေး၍ အမှန်တကယ်ကျေနပ်ရောင့်ရဲခြင်းအကြောင်းကို အကျဉ်းချုပ် မိတ်ဆက်ပေးခဲ့ပါသည်။

## အထူးပြု ကြည့်ရှုစောင့်ရှောက်ခြင်း

အသစ်သောယုံကြည်သူများ၏လိုအပ်ချက် ဂရုစိုက်ခြင်းသည် အသင်းတော်၏ဦးစားပေးအရာအဖြစ် ရပ်တည်ရမည်။ မိသားစုသည် ကလေး၏လိုအပ်ချက်ကို ဖြည့်ဆည်း၍ စောင့်ရှောက်ပေးသကဲ့သို့ အသင်းတော်သည်လည်း ဘုရားသခင်၏အသစ်သောယုံကြည်သူများအတွက် သင့်တော်သည့် ပြုစုစောင့်ရှောက်ခြင်းကို သေချာလုပ်ဆောင် ပေးရမည်။




အသစ်သောယုံကြည်သူများအတွက် ရှင်းလင်းသောဧဝံဂေလိတရား၊ ဘုရား သခင်၏နှုတ်ကပတ်တော်အားဖြင့် တိုက်ကျွေးခြင်း၊ သူတို့အပေါ်၌ ခမည်းတော်၏စောင့်ရှောက်ခြင်းကို နားလည်စေခြင်းတို့လိုအပ်ပါသည်။ သူတို့သည် ယုံကြည်ခြင်း၌ ခိုင်ခံ့စွာရပ်တည်နိုင်ရမည့်အကြောင်း သူတို့၏ယုံကြည်ခြင်းကို အားပေးရန်ရည်ရွယ်ထားခြင်းဖြစ်သည်။

ထိုသူတို့သည် အသက်တာမယိမ်းယိုင်ရဘဲ အပြစ်တရား၊ ခွင့်လွှတ်ခြင်းတရား၊ ခရစ်တော်နှင့် ယုံကြည်ခြင်း စသည်တို့ကို ရှင်းလင်းစွာ နားလည်ရမည့်

အကြောင်း သူတို့၏ယုံကြည်ခြင်းကို အားပေးဖို့ လိုအပ်ပါသည်။ သို့မှသာ သူတို့၏ ပတ်ဝန်းကျင်၌ တည်မြဲသောဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ပိုမိုလေးနက်စွာ ယုံကြည်စိတ်ချစေမည်ဖြစ်သည်။

အသစ်သောယုံကြည်သူတစ်ဦးသည် မိမိအသိုင်းအဝန်းထဲမှ ထွက်လာသောအခါ ခရစ်ယာန်အသက်တာ၏ပုံစံအမျိုးမျိုး၊ မိတ်သဟာယဖွဲ့ခြင်းနှင့် သန့်ရှင်းခြင်းတို့ကို ဆက်လက်လေ့ကျင့်ပေးဖို့ လိုအပ်လာပါသည်။ အကယ်၍ သူတို့သည် တရားဥပဒေအသိုင်းအဝန်းထဲမှ ထွက်လာသောသူများဖြစ်လျှင် ကယ်တင်ခြင်းတရား၊ သန့်ရှင်းစင်ကြယ်စေခြင်းနှင့် ဧဝံဂေလိတရား၏လွတ်မြောက်ခြင်းတို့အပေါ်၌ အထူးရှင်းလင်းချက် လုပ်ဆောင်ပေးရမည်။

အကယ်၍ အခြားယုံကြည်သူတစ်ဦးသည် အိမ်၌ဖြစ်စေ၊ အလုပ်၌ဖြစ်စေ အများသုံးဝါဒကြောင့် အခက်တွေ့နေလျှင် ထိုသူရင်ဆိုင်နေတဲ့ပြဿနာကို အထူးကိုင်တွယ်ဖြေရှင်းဖို့လည်း လိုအပ်ပါသည်။ မည်သည့်ကမ္ဘာ၌မဆို ထိုသို့သောသူတို့ကို ကယ်တင်၍ အပေါင်းအသင်းဖွဲ့စေဖို့ လိုအပ်ပါသည်။ ဤအကြောင်းကြောင့် ဝိညာဉ်ရေးရာကြီးထွားဖွံ့ဖြိုးမှု ပထမအဆင့်၌ တစ်ဦးပေါ်တစ်ဦး တပည့်တော်မွေးထုတ်ခြင်းသည် အရေးပါခြင်းဖြစ်ပါ၏။ ထို့ကြောင့် အသစ်သောယုံကြည်သူအတွက် ပထမအဆင့်ကား ခရစ်ယာန်တို့၏အခြေခံတရားကို နားလည်ခြင်း၊ ဒုတိယအဆင့်ကား ခရစ်ယာန်အသက်တာ၌ ကြီးထွားဖွံ့ဖြိုးမှုကို ဦးတည်ခြင်းတို့ဖြစ်ပါသည်။

## ယုံကြည်ခြင်းကို ပေါင်းစပ်ပါ

ထိုသူတို့၏အသက်တာသစ်ကို နားလည်ခြင်းနှင့်အတူ တစ်ခုလုံးအနေဖြင့် ဘုရားသခင် လုပ်ဆောင်နေသောအရာကို ပေါင်းစပ်ခြင်းသည် ဝေဖန်စရာဖြစ်တတ်၏။ တကယ်တော့ သူတို့သွားနေတဲ့ ခရစ်ယာန် အသက်တာအတွက် နက်နဲသောအုတ်မြစ်ချခြင်းဖြစ်သည်။ ဥပမာ နှစ်ခု ဖော်ပြပါမည်။

ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ် သူတို့၏ဆာငတ်မှုအသစ်ကို ဖော်ထုတ်ရမည်။ ကလေးငယ် တစ်ဦးက မိမိ၏မိခင်နို့ဆာလောင်နေခြင်းနှင့်တူပါသည်။ ထိုသို့ဖြစ်ခြင်းသည် သူတို့၏အသက်တာသစ်ဖြစ်၍ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဆာငတ်ခြင်းဖြစ်ကြောင်း သိစေပါ။ အစားအစာကို စားရသကဲ့သို့ ၎င်းသည်လည်း ပုံမှန်သွားနေမည်ဖြစ်သည်။

အသစ်သောယုံကြည်သူများသည် အခြားသောသူများနှင့်အတူ ဆုတောင်း၍ နှုတ်ကပတ်တော်ကို ဝေငှလိုကြ၏။ ၎င်းသည် သူတို့၏အသက်တာထဲ၌ ဘုရားသခင်၏ဝိညာဉ်တော် နိုးကြားစေခြင်းဖြစ်၍ သူတို့သည် ပို၍ကြီးမားသော ဝိညာဉ်ရေးရာ မိသားစုဝင်များဖြစ်ကြောင်းကို သိစေရမည်။ ဤအတိုင်း ပုံမှန်ညွှန်ကြားသောအခါ အသစ်သောခရစ်ယာန်များသည် သူတို့အသက်တာထဲ၌ ဘုရားသခင်

ပါဝင် ခြင်းအပေါ် ကောင်းကောင်း ကိုင်တွယ်စပြုတတ်လာကြမည်။ သေးငယ်သော ဤသင်ခန်းစာများသည် ပို၍ကြီးမားသော ရုပ်လုံးကို ပုံဖော်စေပါသည်။ သူတို့ အသက်တာ၌ ဖြစ်ပျက်နေသောအရာနှင့် ဘာ့ကြောင့် ဖြစ်ပျက်ရတာလဲဆိုတဲ့အရာ နှစ်ခုကို ချိတ်ဆက်ပေးဖို့ သတိရပါ။ ဘုရားသခင်၏ဝိညာဉ်တော်သည် သူတို့အထဲ၌ လုပ်ဆောင်လျက်နေ၏။ ထိုအသက်သည် ကြီးထွားလျက် သူ့ဖာသာသူဖော်ပြ လျက်နေ၏။

## ဘုရားသခင်၏မဆုံးသောမေတ္တာ

ဘုရားသခင်၏မေတ္တာသည် တည်တံ့မြဲမြံ၍ အစစ်အမှန်ဖြစ်ပါသည်။ ကျွန်ုပ်တို့မှားယွင်း သော်လည်း ခရစ်တော်အားဖြင့် ခွင့်လွှတ်ခြင်းကို ရရှိဖို့ရန် ဘုရားသခင်သည် လမ်းကို ပြင်ဆင်ပေးတော်မူ၏။ ကိုယ်တော်သည် ကျွန်ုပ်တို့အား အားပေးသူ သို့မဟုတ် ထောက်ခံသူဖြစ်ပါသည် (၁ယော၊၂:၁-၂)။ အကယ်၍ ငါတို့သည် ကောင်းမွန်သောမိသားစုအသိုင်းအဝန်းမှ မကြီးပြင်းလာပါ က ငါဟာ ချစ်ခြင်းမခံစားရဟု ခံစားနိုင်တယ်။ သို့သော် မှန်ကန်သောတပည့်တော်ဖြစ်စေ ခြင်းဆိုသည်မှာ အသစ်သောယုံကြည်သူများအား သူတို့အပေါ် ၌ တည်မြဲသော ဘုရားသခင်၏မေတ္တာရှိကြောင်း သဘောပေါက်စေခြင်းအားဖြင့် ကြီးထွားလာခြင်း ကိုခေါ်သည်။

ခရစ်တော်အားဖြင့် သူတို့နှင့်မထိုက်တန်သော ခရစ်တော်၏အပြစ်ခွင့် လွှတ်ခြင်းကို မှန်ကန်စွာ သိရှိသင်ယူလာကြသောအခါ ချီးမွမ်းဂုဏ်ပြုခြင်းသည် လည်း ပို၍လေးနက်လာပါသည်။ သူတို့၏ ကြိုးစား အားထုတ်မှုကြောင့် မဟုတ်ဘဲ လက်ဝါးကပ်တိုင်ပေါ်၌ သူတို့ကိုယ်စား ယေရှုခရစ်တော်၏ လုပ်ဆောင်ချက် ဖြစ်သည့် ကြီးမြတ်သောအရေးပါမှုကို မြင်တွေ့လာကြပါလိမ့်မည်။ .

ဘုရားသခင်သည် အဆင့်တိုင်း၌ နောက်တစ်လှမ်း ကြီးထွားဖွံ့ဖြိုးမှု အတွက် တန်ဖိုးရှိသော အခြေခံအုတ်မြစ်ကို တည်ဆောက်လျက်နေ၏။ အသစ် သောယုံကြည်သူများသည် ဘုရားသခင်၏မေတ္တာကို ကောင်းကောင်းဆုတ်ကိုင် ထားခြင်းမရှိပါက ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးမှု၏ဒုတိယအဆင့်၌ အခက်ခဲရှိ နိုင်ပါသည်။ ယနေ့ အသင်းတော်၌ ကြီးမားသောပြဿနာကား ထိုအရာပေတည်း။ အသစ်သော ယုံကြည်သူများကို ကောင်းကောင်းမပြုစုခြင်းသည် ကြီးရင့်သော သူယုံကြည်သူများကို ချွတ်ယွင်းစေပါသည်။

## အကျဉ်းချုပ်

ပြောစရာများစွာရှိသော်လည်း အနှစ်ချုပ်ပြောရလျှင် အသစ်သောယုံ ကြည်သူများကို ပြုစုပျိုးထောင်သည့်နေရာ ဤပထမအဆင့် လေ့ကျင့်ပေးခြင်း အတွက် ဘုရားသခင်၏ရည်ရွယ်ချက် ပြန်လည်အားဖြည့် စေခြင်းအား ဦးစားပေး ခြင်းကို ကျွန်ုပ်တို့ညှိဖို့လိုအပ်ကြောင်း အောက်မေ့ရမည်။ အသစ်သော ယုံကြည်သူ

များကို ပြုစုစောင့်ရှောက်ဖို့ရန် ကျွန်ုပ်တို့သည် ဘုရားသခင်၏လူတို့အား ထက်မြက်စွာ လေ့ကျင့်ပေးခြင်းဖြစ်ကြောင်း ယုံကြည်စိတ်ချရမည်။

ဤသင်ခန်းစာများသည် အခြေခံကျ၍ မရှိမဖြစ်လိုအပ်သောအရာဖြစ်သော်လည်း အသင်းတော်၌ အကြီးအကျယ် လိုအပ်လျက်ရှိ၏။ ပြုစုစောင့်ရှောက်ခြင်းမရှိဘဲလျက် သူတို့သည် ခရစ်ယာန်အသက်တာ၏ ဒုတိယအဆင့်၌ မှန်ကန်စွာ ကြီးထွားဖို့ရန် တည်မြဲသောမေတ္တာနှင့်ယုံကြည်မှုကို ရရှိနိုင်ကြမည် မဟုတ်ပေ။ ထိုသူတို့သည် သင်မျှော်လင့်သည့်အတိုင်း ဖြစ်မလာကြဘဲ သူတို့၏ ခရစ်ယာန်အသက်တာ၌ ဒယိမ်းဒယိုင် ဖြစ်လာကြလိမ့်မည်။

အသစ်သောယုံကြည်သူတွေဟာ မတည်တံ့ကြဘူးဆိုတဲ့ အပြစ်တင်စကားကို ငါတို့ရပ်တန့်ဖို့ အချိန်ကျရောက်ပါပြီ။ အစကတည်းက ငါတို့အား ဘုရားသခင်သွန်သင်ခဲ့သည့် သူတို့ပြုစု စောင့်ရှောက်ခြင်းကို စတင်ဖို့ဖြစ်လာသည်။

အသစ်သောယုံကြည်သူ၏အဆင့်သည် တိုတောင်း၍ ချက်ချင်း ဖြည့်ဆည်းပေးဖို့လိုအပ်ပါသည်။ နတ်ဆိုးသည် သူတို့ကိုဖျက်ဆီးရန် အသင့်စောင့်ဆိုင်းလျက်နေ၏။ ကျွန်ုပ်တို့သည် သူတို့ထံရောက်အောင် အစွမ်းကုန်ကြိုးစား၍ သူတို့ကိုလမ်းပြကြရမည်။ အစပိုင်း၌ သူတို့စိတ်နှလုံးကို လှုံ့ဆော်၍ သင်ယူစေရန် ခက်ခဲသလိုဖြစ်သော်လည်း ခရစ်ယာန်အသက်တာ၌ လဲကျနေသောသူများအား ပြန်လည်ထူထောင်ခြင်းထက် သူတို့နှင့်အတူ လုပ်ဆောင်ရသည်မှာ ပျော်ရွှင်ဖွယ်ဖြစ်ပါသည်။ ဘုရားသခင်၏အလိုတော်ကို မဖြစ်ဖြစ်အောင် ဆောင်ရွက်ကြပါစို့။

## သင်ခန်းစာ

- အသင်းတော်နှင့်ခရစ်ယာန် လေ့ကျင့်ပေးရေးအဖွဲ့အားလုံးတို့သည် အသစ်သောယုံကြည်သူများကို ကိုယ်တိုင်ကိုယ်ကျ ဂရုတစိုက် တပည့်တော်ပြုကြရမည်။
- အသစ်သောယုံကြည်သူများကို အနာဂတ်အတွက် မျှော်မှန်းလျက် လေ့ကျင့်ပေးရုံမကဘဲ ပြည့်ဝသော ကြီးထွားခြင်းသို့ ပို့ဆောင်ကာ အခြားယုံကြည်သူအသစ်များကို မွေးထုတ်နိုင်သည်ထိ ဘုရားသခင် အသုံးပြုဖို့ လေ့ကျင့်ပေးရမည်။
- အသစ်သောယုံကြည်သူများအတွက် အထူးလုပ်ပေးသည့်ပစ္စည်းကို သူတို့အသက်တာ၌ အထူးလိုအပ်မှု ရှိသောအခါ ပေးအပ်ရမည်။

## ကျက်မှတ်ဆင်ခြင်ပါ

- တိ၊၃:၅-၆

## တာဝန်ပေးအပ်ခြင်း

- အသစ်သောယုံကြည်သူများကို သင်လေ့ကျင့်ပေးဖူးပါသလား။ ရှင်းပြပါ။
- အသစ်သောယုံကြည်သူကို လေ့ကျင့်ပေးဖို့ရန် ဘာအစီအစဉ် သို့မဟုတ် ဘာပစ္စည်း ရှိပါသနည်း။
- သင်သိတဲ့ အသစ်သောယုံကြည်သူသုံးဦး အကြောင်းကို စဉ်းစားပါ။ အကယ်၍ သူတို့ကို သင်တပည့်တော်မွေးထုတ်မည်ဆိုလျှင် သူတို့အတွက် လိုအပ်သောအရာ သင်မည်သို့ ထည့်သွင်း စဉ်းစားပေးမည်နည်း။
- အကယ်၍ သင်သည် တပည့်တော်မွေးထုတ်ခြင်း၌ ပါဝင်လျှင် သင့်လူများက အခြားသူများကို လေ့ကျင့်ပေးရာတွင် အသုံးပြုဖို့ အထူးပြုသင်ခန်းစာများကို ချပြရမည်။ သင်မည်ကဲ့သို့ ဖြစ်စေလိုသည်ကိုရေးချပါ။

# #၂၉ လူငယ်ယုံကြည်သူများကို ထောက်ခံအားပေးခြင်း

လူငယ်ယုံကြည်သူတစ်ဦးသည် အသစ်သောယုံကြည်သူတစ်ဦးထက် လိုအပ်ချက်အမျိုးမျိုးရှိသကဲ့သို့ ဆယ်ကျော်သက်အရွယ်သည်လည်း ကလေးငယ်လေးထက် လိုအပ်ချက်အမျိုးမျိုး ရှိတတ်၏။ ဤအခန်းသည် ခရစ်ယာန်လူငယ်ယုံကြည်သူများအား လေ့ကျင့်ပေးခြင်း၌ ဦးတည်ထားခြင်းဖြစ်ပါသည်။

လူငယ်ယုံကြည်သူသည် အသစ်သောအနေအထား၌ ရင့်ကျက်ခြင်းသို့ အလျင်အမြန် ဦးတည်လာ သော်လည်း သူတို့သည် တကယ်မရောက်ရှိနိုင်ပေ။ သူတို့ကြုံတွေ့နေသော အခက်ခဲတစ်လျှောက် သူတို့ကို လမ်းပြဖို့ရန် ဝိညာဉ်ရေးရာ လေ့ကျင့်ပေးခြင်း လိုအပ်ပါသည်။

".... လူငယ်လူရွယ်တို့၊ သင်တို့သည် မကောင်းသောအရာကို အောင်နိုင်ခဲ့သောကြောင့် သင်တို့ထံသို့ ငါရေးလိုက်၏။ ..... လူငယ်လူရွယ်တို့၊ သင်တို့သည် ခွန်အားနှင့်ပြည့်စုံ၍ ဘုရားသခင်၏နှုတ်ကပတ်တော်သည် သင်တို့၌ တည်သဖြင့် မကောင်းသောအရာကို သင်တို့အောင်နိုင်ခဲ့ကြသောကြောင့် သင်တို့ထံ ငါရေးလိုက်၏"(၁ယော၊ ၂:၁၂-၁၄)။

တစ်ဖန် ယောဟန်သည် ကျွန်ုပ်တို့အား ၁ ယော၊ ၂:၁၂-၁၄ ထဲမှ အထူးထိုးထွင်းအမြင်ဖြင့် ခင်းကျင်းပေး၏။ သူသည် ကျွန်ုပ်တို့အား ရန်းကန်လှုပ်ရှားမှုအမျိုးမျိုးကြုံလျက်၊ ဖြားယောင်း သွေးဆောင်ခြင်းခံလျက်၊ ဘုရားသခင်၏နှုတ်ကပတ်တော်ထဲမှ သင်ယူလျက်ရှိသည်ဟု ဦးတည်ထားဟန်ရှိ၏။ ဧဖက်အခန်းကြီး ၆ ထဲမှ ယုံကြည်သူတစ်ဦး၏ဝိညာဉ်ရေးရာ လက်နက်စုံအကြောင်းကို ဤသို့တွေ့ရ၏။

သင်တို့သည် မာရ်နတ်၏လှို့ဝှက်သောအကြံအစည်များကို ခုခံဆီးတားနိုင်ရန် ဘုရားသခင်၏လက်နက်စုံကို ဆောင်ယူဝတ်ဆင်ကြလော့။ အကြောင်းမူကား ငါတို့သည် အသွေးအသား ရှိသောသူကို ရင်ဆိုင်တိုက်ခိုက်နေကြသည်မဟုတ်။ အုပ်ချုပ်မှုများ၊ အာဏာ စက်များ၊ ဤလောကမှောင်မိုက်ခြင်းကို အစိုးတရပြုသောမင်းများ၊ အထက်ကောင်းကင်အရပ်၌ ရှိသည့် ဆိုးညစ်သော ဝိညာဉ်တန်ခိုးများနှင့် ရင်ဆိုင်တိုက်ခိုက်နေကြခြင်းဖြစ်၏(ဧ၆:၁၁-၁၂)။

အရေးကြီးသည့် သတိပြုစရာအချက်ကား ဤအရာသည် ယုံကြည်သူတစ်ချို့ သာမန်ဖြတ်သန်းရသည့် အရာမဟုတ်ဘဲ ယုံကြည်သူတိုင်း နောက်ဆုံး၌

ထိပ်တိုက်ရင်ဆိုင်ရမည့် အရာဖြစ်ပါသည်။ ဤအထဲ၌ ယုံကြည်သူတို့၏လေ့ကျင့်ခြင်းဆိုင်ရာ အစိတ်အပိုင်းများစွာ ပါဝင်ပါသည်။

အသစ်သောယုံကြည်သူကို လေ့ကျင့်ပေးခြင်းသည် လေ့ကျင့်ပေးသောသူတို့အား သူတို့အနီးအနား၌ ဘုရားသခင်ရှိနေသည်ဟူသည့် မှန်ကန်သောရှုထောင့်အမြင်ကို ရရှိစေပါသည်။ ထိုသို့ပြုခြင်းသည် သူတို့အား ညွှန်ပြသောသူများနှင့် ကောင်းမွန်သောဆက်နွယ်မှု ရရှိစေပါသည်။ သူတို့အထဲ၌ ဤအရာကိုသဘောပေါက်ခြင်း နက်ရှိုင်းစွာမရှိပါက သူတို့သည် လူငယ်ယုံကြည်သူ လေ့ကျင့်ပေးခြင်း တစ်လျှောက်၌ ဘုရားသခင်ကို အလွယ်တကူ ကိုးစားနိုင်ကြမည်မဟုတ်ပေ။ စိတ်ပျက်ခြင်းကို ဖြစ်စေသည့်သံသယသည် အလွယ်တကူဝင်လာ၍ သူတို့ကို စိတ်အားငယ်ခြင်းနှင့်ရှုံးနိမ့်ခြင်းသို့ ပို့ဆောင်သွားမည်ဖြစ်ပါသည်။

ဝိညာဉ်ရေးရာဗဟုသုတမှာသမျှကို ဆယ်ကျော်သက်အရွယ်များအားသင်ကြားပေးရာတွင် လေ့ကျင့်ပေးသူအတွက် လွယ်ကူမှုရှိပါသည်။ ကျွန်ုပ်တို့သို့ ပါဝင်လာသောအသစ်သောမိတ်ဆွေများနှင့် ကျောင်းသားများကို ရင်းနှီးအောင်လုပ်ကြပါစို့။ ထိုအခါကျွန်ုပ်တို့သည် သူတို့၏ဝိညာဉ်ရေးရာ အခြေအနေသို့ စတင်ဝင်ရောက်နိုင်ပါလိမ့်မည်။ ထိုသို့လုပ်ဆောင်ခြင်းသည် သူတို့၏ဝိညာဉ်ရေးရာကြီးထွားမှု လက်ရှိအခြေအနေကို အသင်းတော်က အကူအညီပေးနိုင်ရန်များစွာအထောက်အကူ ဖြစ်စေပါသည်။ တစ်ချိန်က မရေရာမသေချာတဲ့ အရာတွေလည်း အလွန်ပွင့်လင်းပြီး ရှင်းလင်းလာမည်ဖြစ်ပါသည်။

ကိုယ့်ကိုယ်ကိုနှင့်အခြားသူများ နှိုင်းယှဉ်ခြင်းသည် အန္တရာယ်ရှိသော်လည်း မှန်ကန်စွာ တင်ပြရမည်။ သို့သော် ဝိညာဉ်ရေးရာကြီးထွားမှု အတိုင်းအတာကို တရားစီရင်ဖို့ရန် မဟုတ်ဘဲ သိရှိဖို့ရန် အကဲဖြတ် သုံးသပ်ခြင်းကို အသုံးပြုနိုင်ပါသည်။ ကျွန်ုပ်တို့၏ရည်ရွယ်ချက်သည် အပြစ်ရှာဖို့၊ နှိုင်းယှဉ်ဖို့မဟုတ်ဘဲ လူများ ကြီးထွားစေခြင်းငှာ အထောက်အကူအတွက်ဖြစ်ပါသည်။

## လူငယ်ယုံကြည်သူ၏လိုအပ်ချက်များ

အသစ်သောယုံကြည်သူသည် ကယ်တင်ခြင်းနှင့်ထာဝရအသက် ယုံကြည်စိတ်ချမှုအကြောင်းကို သေချာသင်ယူလေ့လာဖို့ လိုအပ်သည်။ ဤသမ္မာတရားများသည် ဘုရားသခင်၌ ကိုးစားရန် အခြေခံတရားကို တည်ဆောက်ပေးသည်။ ကျွန်ုပ်တို့၏ခမည်းတော်ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကြည့်ရှု စောင့်ရှောက်တော်မူ၏။

လူငယ်ယုံကြည်သူသည် မိမိအသက်တာ၌ ဘုရားသခင်၏နှုတ်ကပတ်တော် မည်ကဲ့သို့အသုံးပြုရမည်ကို သင်ယူလေ့လာရမည်။ သူသည် ဖွန်းခူးကျွေးမွေးခြင်းကို မခံယူတော့ဘဲ ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် မိမိကိုယ်ကို ကျွေးမွေးရပါမည်။ ဤအကူးအပြောင်းသည် ကျွန်ုပ်တို့၏ လေ့ကျင့်ပေးခြင်း

အပေါ်၌ တိုက်ရိုက်ဆက်နွယ်မှု ရှိပါလိမ့်မည်။ ကျွန်ုပ်တို့သည် ယုံကြည်သူများအား သူတို့၏ဝိညာဉ်ရေးရာ စည်းကမ်း၌ ကြီးထွားစေလျက် သူတို့ကိုယ်တိုင် ဘုရားသခင်၏နှုတ်ကပတ်တော်၌ စိတ်နလုံးအကြွင်းမဲ့ ကိုးစားစေတတ်ရမည်။ ဥပမာအနေဖြင့် လူတို့အား သမ္မာကျမ်းစာကို မည်ကဲ့သို့ခြုံငုံလေ့လာရမည်ကို သင်ပေးလျှင် ၎င်းသည် သူတို့အဖို့ ပိုမိုနက်ရှိုင်းစွာ လေ့လာဖို့ရန် ကြီးစွာအထောက်အကူပြုပါလိမ့်မည်။ သို့သော် လူတိုင်း ထိုသို့လေ့လာနိုင်ဖို့ရန် တူညီတဲ့ပညာရေးနောက်ခံကောင်း မရှိကြကြောင်းကို ကျွန်ုပ်တို့သတိပြုရပါမည်။

ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်စပ်လျဉ်း၍ လူငယ်ယုံကြည်သူ၏ ပေါင်းစပ်ခြင်း အတိမ်အနက်သည် သူ့အသက်တာ၌ တိုက်ရိုက်အကျိုးရှိစေရုံသာမက နတ်ဆိုးကိုပါမည်ကဲ့သို့တားဆီးရ မည်ကိုလည်း သင်ယူစေပါသည်။ အဖွဲ့လိုက်သင်ကြားခြင်းသည် အဆင်ပြေသော်လည်း တစ်ဦးချင်း၏ ရှန်းကန်မှုများကို ကိုင်တွယ်ဖို့ရန် အကြံပေးတိုင်ပင်ခြင်းသည် ပို၍ကောင်းမွန်၏။

တစ်စုံတစ်ဦး၏အသက်အရွယ်သည် ယုံကြည်သူတစ်ဦး၏ဝိညာဉ်ရေးရာ ကြီးထွားခြင်းကို အလျင်အမြန် အကျိုးသက်ရောက်မှုရှိစေနိုင်သည်။ လူငယ်တစ်ဦးသည် အသစ်သောယုံကြည်သူ အဆင့်ကို ဖြတ်ကျော်လျက် လျှောက်လှမ်းသောအခါ လူကြီးထက် ပို၍ရှည်လျားစွာ လျှောက်လှမ်းပါလိမ့်မည်။ ၎င်းကို သူတို့၏စွမ်းရည်နှင့်တကွ ဆက်လက် လုပ်ဆောင်ရမည်။

## လူငယ်ယုံကြည်သူအတွက် ရည်ရွယ်ချက်ပန်းတိုင်များ

ဤဒုတိယအဆင့် တပည့်တော်ဖြစ်စေခြင်း၏အရှည်အလျားသည် ခြားနားနိုင်သော်လည်း ခြုံပြီးပြောရလျှင် သုံးနှစ်ခန့်ကြာနိုင်သည်။ ကျွန်ုပ်တို့သည် အများကြီး သို့မဟုတ် မည်သည့်အခါမှ မကြီးထွားဟု ပြောရမည်လော။ တချို့သော လူငယ်ယုံကြည်သူများသည် လိုအပ်သော သင်ခန်းစာများကို မည်သည့်အခါမျှ ပိုင်ပိုင်နိုင်နိုင်မရှိကြပေ။ သူတို့၏ခရစ်တော် သိရှိခြင်းအတိုင်းအတာသည် ဝိညာဉ်ရေးရာ ရင့်ကျက်ခြင်း၏ပမာဏမဖြစ်နိုင်ပေ။ လူငယ်ယုံကြည်သူတို့၌ အရေးကြီးသည့် လေ့လာသင်ယူစရာ များစွာရှိပါ၏။

(၁) ဝိညာဉ်ပိုင်းဆိုင်ရာကို ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် သူတို့ဖာသာသူတို့ ပြုစုပျိုးထောင် ကြ၏။

(၂) ကားတိုင်ပေါ်၌ ယေရှုခရစ်တော်၏လုပ်ဆောင်ချက်အားဖြင့် နတ်ဆိုးအပေါ် အနိုင်ယူသကဲ့သို့ ဟူသောနယ်ပယ်များနှင့်စပ်လျဉ်း၍ ဘုရားသခင်၏နှုတ်ကပတ်တော်ထဲမှ အဓိကသွန်သင်ချက်ကို နားလည် ကြ၏။

(၃) သူတို့အသက်တာထဲသို့ ဝင်ရောက်လာသည့် ဖြားယောင်းသွေးဆောင်ခြင်းများကို အဆက်မပြတ် သိမြင်၍ အောင်မြင်ကြ၏။ .

လူငယ်ယုံကြည်သူအတွက် အဓိကရည်မှန်းချက်ပန်းတိုင်များအပေါ် အာရုံစူးစိုက်ခြင်းသည် ပို၍အရေးကြီး၍ ထိုရည်မှန်းချက်ပန်းတိုင်များသို့ ရောက်ရှိ ဖို့ရန်ဘာဖြစ်ရမည်ကို ဖော်ထုတ်ရမည်။ ငါတို့သခင်သည် ကျွန်ုပ်တို့အား လေ့ကျင့်ပေးရန် ကျွန်ုပ်တို့ရင်ဆိုင်သည့် အခြေအနေမျိုးစုံကိုလည်း အသုံးပြုနိုင်ပါသည်။ မည်သည့်အရာမျှ မချုပ်နိုင်ပေ။ သင်ယူလေ့လာသူဖြစ်အောင် ကြိုးစားပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့၏လေ့ကျင့်ပေးသောအရှင် ဖြစ်သည့်အလျောက် တခဏမျှ အချိန်မဖြုန်းပါ။

## ဘုရားတရားကြည်ညိုသော အကြံပေးသူများ မွေးထုတ်ခြင်း

ကျွန်ုပ်တို့၏လေ့ကျင့်ခြင်းအဆင့် စာအုပ်နှစ်အုပ်သည် ဤလူငယ်ယုံကြည်သူအဆင့်၌ ကြီးထွားဖို့ရန် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မည်ကဲ့သို့အသုံးပြု၍ မည်ကဲ့သို့သင်ယူရမည်ကို ရောင်စုံမင်သားပေး၏။ ကျွန်ုပ်တို့သည် နတ်ဆိုးကို သီအိုရီအရနဲ့သာ နိုင်ခြင်းမဟုတ်ဘဲ လက်တွေ့နဲ့ပါနိုင်ခဲ့တဲ့အကြောင်းကို ယုံကြည်သောသူတည်းဟူသော အကြံပေးသူ သို့မဟုတ် ဆရာသမားကို တွေ့ရှိထားသည်။

များစွာသောယုံကြည်သူများသည် ကောင်းကောင်းမွန်မွန် လေ့ကျင့်ပေးခြင်းမခံကြပေ။ သူတို့သည် ဤလိုအပ်သည့်ယုံကြည်ခြင်းဆိုင်ရာ သင်ခန်းစာများကို ကျွမ်းကျင်ခြင်းမရှိကြပေ။ လေ့ကျင့်ပေးသောသူသည် ဤသူတို့အား မည်ကဲ့သို့ ခေါ်ဆောင်ရမည်ကို သင်ယူလေ့လာ၍ ယုံကြည်သူများကဲ့သို့ သူတို့ဖြစ်သင့်သော နေရာသို့ ဦးတည်စေရမည်။ အကယ်၍ အကြံပေးသူသည် မိမိအသက်တာ နယ်ပယ်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသောနေရာ၌ ဖြားယောင်းသွေးဆောင်ခြင်းကို မည်ကဲ့သို့အောင်မြင်ရမည်ကို မသင်ယူခဲ့ပါက လေ့ကျင့်ခံသော လူငယ်ယုံကြည်သူသည် မိမိအား ဘုရားသခင်ကူညီနိုင်သည်ကိုပင် သံသယရှိလာမည်ဖြစ်သည်။ ဤအဖြစ်သည် တစ်စုံတစ်ဦး၏ယုံကြည်ခြင်းအား အားပေးမည့် အစား မေ့မြောသွားစေ မည်သာ ဖြစ်သည်။

ငါလည်း ရှန်းကန်လျက်နေတဲ့နယ်ပယ်၌ ငါကိုယ်တိုင်ကြီးထွားနိုင်ဖို့ရန် ဆွေးနွေးတိုင်ပင်ခြင်းဆိုင်ရာ သင်ခန်းစာများရယူလျက် ငါ့ကိုငါယုံကြည်စိတ်ချမှုရှိစေရန် သင်းအုပ်နဲ့ဆိုင်တဲ့ လေ့ကျင့်ပေးခြင်း စာအုပ်များစွာကို ဖတ်ရှုခဲ့ရသည်ကို အမှတ်ရမိပါသည်။ ဒါတွေဟာ အမှန်ဆိုရင် အစကတည်းက ငါလုပ်သင့်တဲ့ အရာတွေပဲဖြစ်ပါတယ်။

ယုံကြည်သူတွေဟာ သူတို့ကြုံတွေ့နေတဲ့ အခက်ခဲမျိုးစုံတို့ကို သူတို့ကိုယ်တိုင် အောင်မြင်နိုင်တယ်ဆိုတာကို အသင်းတော်ထဲမှာ မယုံကြည်ကြဘူး။ ဤရှန်းကန်လှုပ်ရှားမှု အခက်ခဲတွေကို ကိုင်တွယ်မည်ဆိုရင် သူတို့ရဲ့အလေးထားတဲ့အရာတွေမှာထက် သူတို့ရဲ့တည်ကြည်မှုပေါ်မှာ များစွာ မူပေါ်တည်ပါလိမ့်မည်။ အဓိကပြဿနာမှာ ဘာမဆို ကြိုတင်ကောက်ချက်ချတတ်ကြတဲ့

အတွက်ကြောင့် အနိုင်ရရန် အကြောင်းမရှိ၊ မယုံကြည်ခြင်းသည် သူတို့ကို လွှမ်းခြုံနေသော်လည်း အကြံပေးသူက မိမိ၏အောင်မြင်ခြင်းအကြောင်းကို မျှဝေရမည်။

ထို့ကြောင့် အကြံပေးသူမှစ၍ အားလုံးတို့သည် သူတို့ရောက်ရှိနေသည့်နေရာကို မြင်တွေ့နိုင် ရမည့်အကြောင်း ဝိညာဉ်ပိုင်းဆိုင်ရာ ကြီးထွားဖွံ့ဖြိုးမှု အားလုံးကို ပြန်လည်လုပ်ဆောင်ဖို့ရန် လိုအပ်ခြင်းဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် ဆရာသမားများ၊ သင်းအုပ်များနှင့်လေ့ကျင့်ပေး သူများအား ယုံကြည်ခြင်းကို တည်ဆောက်ပေး၍ သူတို့ပြစ်မှားခဲ့သည့် အပြုအမူ ဥပမာ အပြာရုပ်ရှင် ကြည့်ခြင်း၊ ဝိညာဉ်ရေးရာ၌ မောက်မာခြင်း၊ အမျက်ထွက်ခြင်း စသည်တို့ကို ဘုရားသခင်ကူညီမစနိုင်တဲ့အကြောင်း လှုံ့ဆော်ပေး၏။ ကျွန်ုပ်တို့သည် ပြဿနာရှိသောယုံကြည်သူများအား ပြဿနာကို ကုစားပေးတဲ့ အထူးဆရာများထံသို့ စေလွှတ်ခြင်းကို ကန့်ကွက်၏။ ၎င်းသည် အတိုင်းအတာတစ်ခုထိ ကောင်းသော်လည်း သူတို့၏ဝိညာဉ်ရေးရာကို ချို့တဲ့စေတတ်၏။ ထိုပြဿနာတွေကို အောင်မြင်ဖို့ရန် ဘုရားသခင်၌ မည်ကဲ့သို့ ကိုးစားရမည်ကို ဒီလူတို့အား ဘာလို့ မပြသတာလဲ။ ကျွန်ုပ်တို့၏ရည်မှန်းချက်ကား လူငယ်ယုံကြည်သူတို့၏ ထိုးထွင်းသိမြင်နိုင်စွမ်းကို တည်ဆောက်ပေးရန်ဖြစ်သည်။ သို့မှသာ သူတို့သည် နတ်ဆိုး၏ဖြားယောင်းခြင်းကို သိမြင်နိုင်၍ မည်ကဲ့သို့တုံ့ပြန်ရမည်ကို သေချာသိရှိကြရမည်ဖြစ်သည်။ သူတို့သည် ဤသို့ဆက်လက် လုပ်ဆောင်လာသောအခါ ဝိညာဉ်ရေးရာကြီးထွားခြင်း တတိယအဆင့်သို့ ရောက်ရှိသွားပေမည်။

အဆင့်တိုင်းတွင် ဘုရားသခင်၏လုပ်ဆောင်ချက်အပေါ်၌ ယုံကြည်ခြင်း မရှိလျှင် စုံလင်သော ရင့်ကျက်ခြင်း အဆုံးသို့ ကျွန်ုပ်တို့ရောက်ရှိနိုင်မည်မဟုတပေ။ မည်သို့ပင်ဖြစ်စေ တစ်နည်းတစ်လမ်းဖြင့် ဘုရားသခင်သည် ကျွန်ုပ်အပေါ်၌ ရည်ရွယ်ချက်ရှိ၍ အခြားသူများသည်လည်း ဝိညာဉ်ရေးရာ ကြီးထွားခြင်း ဒုတိယအဆင့်အားဖြင့် ရွေ့လျားနေသည်ဟု ယုံကြည်မယ်ဆိုလျှင် ကျွန်ုပ်တို့သည် ကိုယ်တော်ကိုကိုးစားလျက် ဖြတ်သန်းနိုင်မည်ဖြစ်ပါသည်။ ဘုရားသခင်၏လုပ်ဆောင်ချက် အပေါ်၌ထားရှိသော ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် အရှုံးမပေးဘဲရှင်သန်နေမည်ဖြစ်သည်။

## သင်ခန်းစာ

- လူငယ်ယုံကြည်သူသည် အသစ်သောယုံကြည်သူထက် ခြားနားသောကြီးထွားခြင်း အလားအလာကို ပိုင်ဆိုင်၏။
- လူငယ်ယုံကြည်သူသည် အမျိုးမျိုးသော ဖြားယောင်းခြင်းများကို အောင်မြင်ရမည့်အကြောင်း ဘုရားသခင်၏နှုတ်ကပတ်တော်၌ မိမိကိုယ်ကို မည်ကဲ့သို့ ပြုစုပျိုးထောင်ရမည်ကို သင်ယူလေ့လာ ရမည်။
- အသင်းတော်၌ အကျပ်အတည်းရှိရခြင်း အကြောင်းရင်းမှာ မည်သို့သော ဖြားယောင်းခြင်းကိုမဆို အသက်အရွယ်ကြီးရင့်သူများအနေဖြင့် သူတို့

ကိုယ်တိုင် အနိုင်ယူနိုင်သည်ကို သဘောပေါက်ခြင်းမရှိကြသောကြောင့် တည်း။

- ဖြားယောင်းသွေးဆောင်ခြင်းကို အောင်မြင်ကျော်လွှားရန် အဆင့်များသည် အခြေခံကျသော်လည်း လူငယ်ယုံကြည်သူများနှင့်တကွ လေ့ကျင့်ပေးသူများတို့သည် မည်ကဲ့သို့လုပ်ဆောင်ရမည်ကို ရှင်းလင်းစွာမချပြနိုင်ကြသောကြောင့် ယုံကြည်သူများသည် မယုံကြည်ခြင်းသို့ နစ်မွန်းရခြင်းဖြစ်သည်။

## ကျက်မှတ်ဆင်ခြင်ပါ

- ဧ၊၆း၁၁-၁၂

## တာဝန်ပေးအပ်ခြင်း

- သင့်ကိုယ်သင် လူငယ်ယုံကြည်သူတစ်ဦးဟု သတ်မှတ်ပါသလား သို့မဟုတ် မသတ်မှတ်ဘဲ နေပါ သလား။ အကြောင်းပြချက်ပေးပါ။
- လူငယ်ယုံကြည်သူတစ်ဦးအား ဖြားယောင်းခြင်း အမျိုးမျိုးကို ကျော်လွှားဖို့ရန် ကောင်းကောင်း တပ်ဆင် ပေးပါသလား။ သင်မကျော်လွှားနိုင်တဲ့ နယ်ပယ်တွေရှိပါသလား။ ၎င်းတို့ကား အဘယ်နည်း။ သင့်ယုံကြည်ခြင်းကို ပြန်လည်ရရှိဖို့ သခင်ဘုရားအား တောင်းလျှောက်ပါ။

# # ၃၀ လူငယ်ယုံကြည်သူများကို တပ်ဆင်ပေးခြင်း

လူငယ်ယုံကြည်သူအတွက် လေ့ကျင့်ခြင်းအကြောင်းကို ဆွေးနွေးကြပါစို့။ ကလေးငယ်တိုင်းသည် ခန္ဓာကိုယ်အရ ကြီးထွားကြသော်လည်း များစွာသောသူတို့သည် ရင့်ကျက်ခြင်း၌ အခက်ခဲရင်ဆိုင်ကြ၏။ အထူးသဖြင့် မိသားစု၌ မေတ္တာမခံစားဘဲ ကြီးထွားလာလျှင် ထိုသူကလေးတို့သည် အရာရာကို အထင်လွဲမှားမှု ရှိလာနိုင်သည်။ သူတို့၏နောက်ခံသမိုင်း ပျက်စီးခြင်းသည် သူတို့ကို အခက်ခဲများစွာနဲ့ ရင်ဆိုင်စေပါသည်။ ခန္ဓာပိုင်းဆိုင်ရာ တည့်မှန်ခြင်းသည် လူငယ်ယုံကြည်သူများ ဝိညာဉ်ပိုင်းဆိုင်ရာသို့ လိုက်လျောညီထွေမှုကို ဖြစ်ပေါ်စေပါသည်။




လူတို့အား လေ့ကျင့်ပေးခြင်းသည် သာသနာလုပ်ငန်းအတွက် ပြင်ဆင်မှုကို ဖြစ်ပေါ်စေသည်။ များစွာသောသူတို့သည် ကိုယ်တိုင်ပြဿနာများနှင့်တကွ ကျမ်းစာကျောင်းကို သွားကြ၏။ သီအိုလော်ဂျီသည် သူတို့ကိုယ်တိုင် ရှန်းကန်မှုများကို ကွယ်ပျောက်စေမည်ဟု ယူဆကြ၏။ တကယ်တော့ သူတို့အထဲ၌ရှိသည့် ရှန်းကန်မှုများကို အောင်မြင်ကျော်လွှားနိုင်ဖို့ရန် သူတို့အသင်းတော်၌ လေ့ကျင့်ပေးခြင်းကို လက်ခံရယူ ကြရမည်။

ဝမ်းနည်းဖွယ်ကောင်းသည်မှာ သူတို့လိုအပ်သည့် လေ့ကျင့်ပေးခြင်းဆိုင်ရာ တပည့်တော်ဖြစ်စေခြင်း ဤဒုတိယအဆင့်ကို များစွာသောအသင်းတော်များနှင့် ကျမ်းစာကျောင်းများ၌ မေ့လျော့နေကြခြင်းပင်ဖြစ်သည်။ အသင်းတော်သည် ဤနယ်ပယ်များ၌ ဘုရားသခင်၏လူတို့ကို ကောင်းမွန်စွာ မသွန်သင်ခဲ့သောကြောင့် ဆွေးနွေးလမ်းညွှန်ခြင်း ဘာသာရပ်များသည် နေရာယူတည်ရှိ နှင့်လေ၏။

အဲဒီလို ဘာသာရပ်များကို သင်ယူလျက် တကယ်အကျိုးပြုသောသူများ ရှိလျှင် ငါတကယ် အံ့ဩမိပါတယ်။ အကြောင်းရင်းကတော့ ခရစ်ယာန်တစ်ဦး၌ ရှိသင့်ရှိထိုက်တဲ့ ယုံကြည်ခြင်းမရှိလို့ပဲ ဖြစ်ပါတယ်။ များစွာသောဆွေးနွေးတိုင်ပင်ဆရာများက တစ်စုံတစ်ဦးသည် အမျက်ဒေါသနှင့်စိုးရိမ်မှုများကို သည်းခံရမည်ဟုသင်ကြားပေးကြ၏။ သို့သော် သမ္မာကျမ်းစာက ကျွန်ုပ်တို့အား ပြောပြသည်မှာ အလွန်ခြားနားပါသည်။ ကျွန်ုပ်တို့သည် အမျက်ဒေါသကို ကိုင်တွယ်ရုံသက်သက်မဟုတ်ဘဲ အဆုံးသတ်လို၏။

ဘုရားသခင်သည် သူ၏ရည်မှန်းချက်ပန်းတိုင်များနှင့်ဆိုလိုရင်း ရှိသော်လည်း အသင်းတော်က ၎င်းတို့ကို ကိုယ်တော်၏လူတို့အား ကြီးထွားဖို့ရန်အတွက် အမွေဆက်ခြင်းမရှိပေ။ ပြဿနာကား အပြင်ဘက်မှ အသစ်သောယုံကြည်သူများ ဝင်ရောက်လာခြင်းကြောင့်မဟုတ်ဘဲ အသင်းတော်နှင့် ၎င်း၏ခေါင်းဆောင်များ၌ ယုံကြည်ခြင်းကင်းမဲ့နေကြသောကြောင့်ပေတည်း။

ဘုရားသခင်သည် သူ့လူတို့ကိုခိုင်ခံ့၍ ဘုရားတရားကြည်ညိုသောသူများ အဖြစ် ကြီးထွားဖို့ရန် ကြီးမြတ်သောလေ့ကျင့်ပေးခြင်းကို ရရှိစေလိုသည်(ဧ၊ ၄း၁၅-၁၆)။ ဤလေ့ကျင့်ပေးခြင်းသင်တန်းသည် တိုင်းပြည်၌ လိုင်စင်ရ ကျွမ်းကျင် အတတ်ပညာရှင် အကြံပေးဆွေးနွေးဆရာများအား အဆင့်အတန်း လျော့ကျစေရန် မဟုတ်ပေ။ ယုံကြည်သူများက လူတစ်ဦး၏ဝိညာဉ်ရေးရာ ရုန်းကန်မှုများကို အခြေခံကျကျ ကူညီနိုင်ဖို့ရန် ဒေါက်တာဘွဲ့ရရှိဖို့လိုသည်ဟု တိုး၍တိုး၍ ယူဆလာကြသည်။ ဒါဟာ တကယ့်အမှားအယွင်း ဖြစ်ပါသည်။

အသင်းတော်များသည် သူတို့၏လူများကို လေ့ကျင့်ပေးခြင်း ပြုလုပ်ပေးသော်လည်း များစွာသူများသည် ပျက်ကွက်နေဆဲရှိသောကြောင့် ကျမ်းစာကျောင်းများ၌လည်း ဤသွန်သင်ခြင်း လိုအပ်နေရခြင်း ဖြစ်ပါသည်။ သင်းအုပ်ဖြစ်စေ၊ သာသနာပြုဖြစ်စေ၊ ဓမ္မဆရာဖြစ်စေ၊ လူငယ်ခေါင်းဆောင်ဖြစ်စေ၊ တစ်ကိုယ်တော်ဖြစ်စေ၊ မယားဖြစ်စေ ဤတရားကို သိရှိဖို့လို၍ ဖြောင့်မတ်စွာ အသက်ရှင်ခြင်း လိုအပ်သည် မဟုတ်လော။ ဘုရားတရားကြည်ညိုခြင်းဆိုသည်မှာ ခရစ်တော်ကဲ့သို့ အမှုတော်ထမ်းဆောင်ခြင်းဖြစ်သည်။ ဘုရားသခင်၏လူအပေါင်းတို့သည် ဝိညာဉ်ရေးရာ၌ ခိုင်ခံ့၍ ကျန်းမာသန်စွမ်းလျက်ရှိကြောင်းကို ကျွန်ုပ်တို့သည် ယုံကြည်စိတ်ချနိုင်ရမည့်အကြောင်း ဤသင်ကြားခြင်းကို ကျွန်ုပ်တို့လိုအပ်၏။

ခေါင်းဆောင်တို့လည်း လေ့ကျင့်ပေးခြင်း လိုအပ်ကြ၏။ သူတို့သည် ဘုရားတရားကြည်ညိုသည့် ဘုရားသခင်၏ရည်ရွယ်ချက်ပန်းတိုင်များကို ခံယူဖို့လိုအပ်၍ အခြားသူများအား လေ့ကျင့်ပေးရန် သင်ယူကြ ရမည်။ လူငယ်ယုံကြည်သူတိုင်း လေ့ကျင့်ပေးခြင်းဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များကို လိုအပ်ကြပါသည်။

- ဖြားယောင်းသွေးဆောင်ခြင်း၏အစွန်းအထင်းကိုခုခံရန် အပြည့်အဝပြင်ဆင်ပါ။
- ဖြားယောင်းသွေးဆောင်ခြင်းဆိုင်ရာ အခြေခံကျသော ပြဿနာကို နားလည်ပါ။
- ဖြားယောင်းသွေးဆောင်ခြင်းသည် သူတို့၏အပြစ်သဘောသဘာဝနှင့် လောကသို့ မည်ကဲ့သို့ဆက်နွှယ် သည်ကို သုံးသပ်ပါ။
- ဖြားယောင်းသွေးဆောင်ခြင်းကို တိုက်ခိုက်ရန် သမ္မာတရားကို ရယူ၍ အသုံးပြုပါ။

- သူတို့၏စိတ်နှလုံးများ၌ ခွင့်လွှတ်ခြင်းတရား နေရာယူခြင်းကို ဦးစားပေးစေပါ။
- ဘုရားသခင်၏နှုတ်ကပတ်တန်ခိုးကို ကိုယ်တိုင်သက်သေခံပါ။

တမန်တော်ယောဟန်က လူငယ်တို့သည် နတ်ဆိုးကို အောင်မြင်ကြသည်ဟုဆို၏။ ဘုရားသခင်၏လူယောက်ျား၊ လူမိန်းမနှစ်ဦးစလုံးတို့သည် သူတို့အောင်မြင်ခြင်း၌ စိတ်ချမှုရှိကြ၏။ ၎င်းသည် ဖြစ်နိုင်သောအရာမဟုတ်ဘဲ ဖြစ်သည့်အရာဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့အသက်တာထဲ၌ အခွင့်ပေးသောအခါ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် အားရှိလာ၍ စာတန်၏လှည့်ဖြားမှုကို သိမြင်ကာ သမ္မာတရားကို လက်တွေ့ကျင့်သဖြင့် ခိုင်ခံ့စွာရပ်တည်လေ၏။

"အကြောင်းမူကား ဘုရားသခင်ထံမှ ပေါက်ဖွားလာသောသူတိုင်းသည် လောကကို အောင်နိုင်၏။ လောကကို အောင်နိုင်သောအောင်ပွဲမှာ ငါတို့၏ယုံကြည်ခြင်းပင်ဖြစ်၏" (၁ယော၊၅:၄)။

ဤကား ကြီးမားသောအသက်တာ တစ်ခုလုံး၏အဓိကဖြစ်စဉ် ဖြစ်ပါသည်။ ဝိညာဉ်ရေးရာအသက်သည် ဖြားယောင်းသွေးဆောင်ခြင်းကို အမြဲအောင်နိုင်ဖို့ရန် ကျွန်ုပ်တို့အား ပေးအပ်ခြင်းဖြစ်ပါသည်။ များစွာသော အကြံပေးဆွေးနွေးသူများသည် ဘုရားသခင်၏လူတို့အား အောင်နိုင်ခြင်းသို့ မပို့ဆောင်ဘဲ မည်ကဲ့သို့ ကိုင်တွယ်ရမည်ကိုသာ ပြောပြတတ်ကြ၏။ ၎င်းသည် ယေရှုခရစ်တော်၏ခရစ်ဝင်ကျမ်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်နှင့် အလှမ်းဝေးကွာ၏။ ဘုရားသခင်သည် ကျွန်ုပ်တို့အား အမြဲအောင်မြင်းခြင်းကို ပေးလို၏။ ကျွန်ုပ်တို့သည် မိမိတို့၏အသက်တာထဲ၌ နတ်ဆိုး၏ခြေကုပ် နေရာယူလာရန် လုံးဝငြင်းပယ်ကြရမည်။

## လေ့ကျင့်ပေးခြင်း၏အကျိုးအမြတ်များ

အစပိုင်း၌ ကျွန်ုပ်တို့သည် အပြစ်ခွင့်လွှတ်ခြင်းနှင့်ပကတိဖြစ်ခြင်းကို တွေ့ရှိဖို့ရန် ပုံမှန်အားဖြင့် ကားတိုင်း၏တန်ခိုးသို့ ပြန်လှည့်ကြ၏။ ၎င်းသည် တနည်းပြောရရင် ဘုရားသခင်၏အံ့သြဖွယ် ကျေးဇူးတရားကို ကျွန်ုပ်တို့အား သတိပေးခြင်းဖြစ်ပါသည်။

ယုံကြည်သူသည် တိုက်ခိုက်မှု တစ်ခုပြီးတစ်ခု ခံရသည့်အလျောက် သူ့အပေါ်၌ နတ်ဆိုး၏အပ်ချောင်း ဆိုက်ဝင်သွားသည်ကို မြင်တွေ့လာသည်။ ထို့ကြောင့် ဤအဆင့်အတွက် လေ့ကျင့်ပေးခြင်းသည် ခိုင်ခံ့စွာ ရပ်တည်နိုင်ဖို့ရန် ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် နတ်ဆိုး၏အကြံအစည်အပေါ် မည်ကဲ့သို့ တားဆီးရမည်ကို ဦးတည်သင့်ပါသည်။

ဤလေ့ကျင့်ပေးခြင်းကို ကျောင်းသူ/သား၊ အသင်းသား၊ အသင်းတော်၌ ပါဝင်သူအပေါင်းတို့အား ဖြည့်ဆည်းပေးခြင်းအားဖြင့် ကျွန်ုပ်တို့သည် ယုံကြည်သူ အသီးသီး၏ယုံကြည်ခြင်းကို မြှင့်တင်ပေး၏။ ဤကား ဘာသာတရား၏ အစဉ်အလာအရ ကျက်မှတ်၍ "ငါယုံကြည်သည်" ဟုရိုးရှင်းစွာ ပြောဆိုခြင်း မဟုတ်တော့ဘဲ နတ်ဆိုးကို အောင်နိုင်ဖို့ရန် ဘုရားသခင်၏နှုတ်ကပတ်တော်ကို လေ့လာသင်ယူလျက် ထိုနှုတ်ကပတ်တော်ကို အသုံးပြုခြင်းဖြစ်ပါသည်။

၎င်းသည် ယုံကြည်သူအသီးသီးအတွက် ဘုရားသခင်၏ရည်ရွယ်ချက် မဟုတ်လော။ များစွာသော ယုံကြည်သူတို့သည် ထိုအဆင့်သို့ အဘယ့်ကြောင့် မည်သည့်အခါမျှ မရောက်ရှိကြသနည်း။ များစွာသော သင်းအုပ်နှင့်ဓမ္မဆရာများက ငါတို့သည် ဤဒုတိယအဆင့်မှာပဲ ရှိသေးသည်ဟု ငါ့အားဆိုကြ၏။ သူတို့သည် ထိုအဆင့်မှာပဲရှိသေးလျှင် အခြားသူများကို လေ့ကျင့်ပေးရန် ယုံကြည်ခြင်း၌ မရင့်ကျက်သေးပါ။ ဘုရားတရားကြည်ညိုသောအသက်တာဖြင့် အသက်ရှင်၍ ဖြားယောင်းသွေးဆောင်ခြင်းကို အောင်နိုင်ရန် မဖြစ်နိုင်ပါဟု ဆိုသောခေါင်း ဆောင်များအတွက် လွန်စွာဆိုးဝါးပါ၏။

## မည်ကဲ့သို့ လေ့ကျင့်ရန် သင်ယူခြင်း

ငါတို့သည် ဤအရာများကို မည်ကဲ့သို့လေ့ကျင့်ပေးနိုင်မည်နည်းဟု အံ့အားသင့်နိုင်သည်။ ဤအကျင့်စရိုက်များနှင့်ဝိသေသများကို လက်တွေ့ကျင့် သုံးဖို့ရန် ဘယ်ကနဲ့ သင်ယူနိုင်မှာလဲ။ လေ့ကျင့်ခြင်းသည် ကိုယ်တိုင်အတွက် စိန်ခေါ်ခြင်းဖြစ်၍ ခက်ခဲရှုပ်ထွေးခြင်းမရှိပေ။ တမန်တော်ယောဟန်သည် ကျွန်ုပ် တို့ဦးတည်ရန် လိုအပ်သည့်ချိန်ရွယ်ခြင်း နယ်ပယ်များ၌ အကောင်းဆုံး လုပ် ဆောင် ပေးခဲ့သည်။

အခြေခံသဘောတရားများသည် 'သာမညောင်ညကို ကျော်လွန်၍ ရောက် ရှိခြင်း - အောင်နိုင်သောသူဖြစ်ခြင်းဟူသော ပထမအခန်းကြီးလေးခန်း၌ ရှင်းပြပြီးဖြစ်သည်။ ၎င်း၌ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကြိုတင်၍ အောင် မြင်သောသူဖြစ်စေပြီး ကျွန်ုပ်တို့ရင်ဆိုင်ရသော ဝိညာဉ်ရေးရာတိုက်ပွဲ၌ သူ၏ သန့်ရှင်းသောရုပ်လုံးထင်ဟပ်စေရန် ကျွန်ုပ်တို့ကိုယ်စား လုပ်ဆောင်လျက် နေ၏။ နောက်လာမည့်အခန်းများ၌လည်း ဤအခြေခံသဘောတရားများကို အသုံးပြု၍ ကျွန်ုပ်တို့ကိုယ်တိုင်၏ ပြဿနာတည်းဟူသောအမျက်ဒေါသ၊ တပ်မက်ခြင်း နှင့်မာနတို့ကို အောင်မြင်ဖို့ရန် ပြသပေး၏။

တစ်စုံတစ်ဦးသည် သေးငယ်သောဒုစရိုက်အပြစ်ကို မည်ကဲ့သို့ကိုင် တွယ်ရန် ကောင်းကောင်း မသင်ယူပါက နောက်ဆုံး၌ ထိုအပြစ်သည် ထိုသူကို စိုးမိုး၍ ဖျက်ဆီးပါလိမ့်မည်။ များစွာသော သင်းအုပ်တို့၏ သာသနာလုပ်ငန်း တိုးချဲ့လာပုံကို စဉ်းစားကြည့်ပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် စိတ်နှ

လုံးအထဲတွင် လိုအပ်သောအကွယ်အကာ ဖြစ်ပျက်၏။ "နှလုံးသည် အသက်၏ အခြေအမြစ် ဖြစ်သောကြောင့် သင်၏နှလုံးကို အထူးသဖြင့် စောင့်ရှောက်လော့" (သု၊ ၄:၂၃)။

ဤလေ့ကျင့်ခြင်းသင်တန်းသည် အကြာကြီးမဟုတ်ပေ။ လူတစ်ဦးသည် ဆယ်ကျော်သက်အရွယ် တစ်လျှောက် ကြီးထွားသကဲ့သို့ လူငယ်ယုံကြည်သူ တစ်ဦးသည် နှစ်အနည်းငယ်အတွင်း၌ စုံလင်သောရင့်ကျက်ခြင်းသို့ ကြီးထွား ပေမည်။

ကျွန်တော်ပြောလေ့ပြောထရှိသည့်အတိုင်း ဤအဆင့်၌ ကြီးထွားဖို့ရန် သုံးနှစ်ခန့် ကြာနိုင်ပါသည်။ အကယ်၍ တပည့်တော်တစ်ဦးသည် ဘုရားသခင် ၏နှုတ်ကပတ်တော်ကို ကောင်းစွာ သိတတ်နားလည် သောသူဖြစ်လျှင် အခြေခံ သဘောတရားကို အလျင်အမြန် သင်ယူနိုင်ပါသည်။ အချိန် သို့မဟုတ် ကုန်ကျ စရိတ်သည် ပြဿနာမဟုတ်ပေ။ အကြီးဆုံးပြဿနာကား သင်းအုပ်များနှင့်ဓမ္မ ဆရာများအား ဤအရာသည် ဘုရားသခင်ပြုစေလိုသောအရာဖြစ်၍ ယုံကြည် သူတိုင်း၏အသက်တာ၌ လွယ်လွယ်ကူကူ ပြုနိုင်သောအရာဖြစ်သည်ကို ယုံကြည် စေရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မျက်လှည့်ပညာ သို့မဟုတ် အနာငြိမ်းခြင်း ကဲ့သို့သောပုံစံများဖြင့် အကြံပေးနေခြင်းမဟုတ်ဘဲ ရှင်းလင်းသော သမ္မာကျမ်းစာ ၏လုပ်ဆောင်ချက်ကို ရှေးရှုခြင်းသာဖြစ်သည်။

## ကျွန်ုပ်တို့၏ရူပါရုံကို ရှင်းလင်းခြင်း

ခဏစဉ်းစားကြည့်ပါ။ ယုံကြည်သူများနှင့်စပ်လျဉ်း၍ ပျမ်းမျှအားဖြင့် သင့်ယုံကြည်မှုကား အဘယ်နည်း။ သူတို့သည် ဝိညာဉ်ရေးရာ၌ စုံလင်သော ရင့်ကျက်ခြင်းသို့ ကြီးထွားနိုင်မည်ဟု သင်ယူဆ ပါသလား။ သူတို့သည် ဖြားယောင်း သွေးဆောင်ခြင်းတိုင်း၌ ရပ်တည်နိုင်မည်လော။

ငါတို့သည် ကျရှုံးစရာမလိုအပ်မည့်အကြောင်း ဘုရားသခင်သည် ကျွန်ုပ် တို့အား ဖြားယောင်းသွေးဆောင်ခြင်းမှာသမျှကို အစဉ်အမြဲအောင်မြင်ရန် အလိုရှိ သည်ဟုကျွန်ုပ်တို့ယုံကြည်နိုင်လျှင် ထိုအသံသည် နည်းနည်းတစ်မျိုးမဖြစ်ဘူး လား။ အသင်းတော်သည် နွေးရုံမျှသာရှိ၏။ အကြောင်းမှာ အသင်းတော်၌ အမှန် အပြောင်းအလဲဖြစ်နိုင်သောအရာကို အရှုံးပေးသောကြောင့်တည်း။

ကျွန်ုပ်တို့သင်တန်းကျောင်းများနှင့်ကျမ်းစာကျောင်းများမှ မည်သို့သော လူများက ကျောင်းပြီးသွား ကြသနည်း။ ကျွန်ုပ်တို့အသင်းတော်၌ မည်သို့သော ခေါင်းဆောင်များကို မွေးထုတ်ပါသနည်း။ သူတို့၏ဝိညာဉ်ရေးရာ ရင့်ကျက်ခြင်း အပေါ်၌ ကျွန်ုပ်တို့ကျေနပ်အားရမှု ရှိပါသလား။ ဖြေကြားမည်ဆိုရင် အများစု ကတော့ 'no' ပဲဖြစ်မှာပါ။ အကြောင်းရင်းကတော့ ပြောစရာမလို ရှင်းပါတယ်။ ကျွန်ုပ်တို့သည် သူတို့ကို ဘုရားသခင်၏နှုတ်ကပတ်တော် ညွှန်ကြားသည့်အတိုင်း

မလေ့ကျင့်ပေးကြလို့ပါ။ ၎င်းသည် အမိန့်တော်ဖြစ်သောကြောင့် ကျွန်ုပ်တို့၏ ခေါင်းဆောင်များသည် ဘုရားသခင်၏နှုတ်ကပတ်တော် သမ္မာတရား အတိုင်း အသက်ရှင်ရန် သင်ယူ၍ အခြားသူများကိုလည်း ထို့နည်းတူစွာ သင်ကြားပေး ရမည်။

ကျွန်ုပ်တို့အသင်းတော် လူထုပရိသတ်တို့သည် အပြောင်းအလဲ မလုပ်နိုင် ကြသောကြောင့် ထိုအရှုပ်အထွေးကြားမှာပဲ ရှိနေကြသည်။ သူတို့သည် မယုံကြည် နိုင်ကြသောကြောင့် အပြောင်းအလဲ မလုပ်နိုင်ကြပေ။ အသင်းတော်၌ မူးယဇ် ဆေးစွဲနေသူများရှိသော်လည်း ထိုအဟန့်အတားကို မကျော်လွှားဘဲ ထုံးစံအတိုင်း သာ နေကြရ၏။

## ဘုရားသခင်၏ရုပ်ပါရုံကို အကောင်အထည်ဖော်ခြင်း

ဤရုပ်ပါရုံကို ကျွန်ုပ်တို့ကျောင်းမှာကော အသင်းတော်မှာပါမည်ကဲ့သို့ အကောင်အထည်ဖော် ကြမည်နည်း။ တစ်ချို့သောသွန်သင်ခြင်းသည် စာသင်ခန်း များ၌ သင်ကြားရသော်လည်း အုပ်စုငယ်နှင့် တစ်ဦးချင်းအကြံပေးဆွေးနွေးခြင်း ကသာ တစ်ဦးချင်းနှင့်ဆိုင်သော ရှန်းကန်မှုများကို ဖော်ထုတ်ရန် အဓိက သော့ချက်ဖြစ်သဖြင့် အောင်မြင်ခြင်း ဖြစ်စဉ်၏လုပ်ဆောင်ချက် မည်ကဲ့သို့ဖြစ် သည်ကို ပြသနိုင် ခဲ့သည်။

လူတွေဟာ သူတို့ရဲ့ အားနည်းချက်နှင့်အပြစ်များကို လူသိရှင်ကြား ဝန်ခံ လိုစိတ်မရှိကြပါ။ ထိုသူတို့သည် တစ်ချို့သောအပြစ်အကြောင်း ပြောဆိုခြင်း နှင့်ပတ်သက်၍ ဘာမှပြဿနာမရှိကြပါ။ သို့သော် တချို့သောသူတို့သည် အပြစ် အကြောင်းပြောလာရင် မသိချင်၊ မကြားချင်ဘဲ ပုန်းတတ်ကြ၏။ ဒုစရိုက်အပြစ် များစွာတို့သည် ခွင့်မလွှတ်တတ်သောအပြုအမူကဲ့သို့ ပေါ်လွင်၍ ကျွန်ုပ်တို့ငယ် ရွယ်စဉ်ကပင် အထဲ၌ စွဲနေပြီးသားဖြစ်ပါသည်။

ထိုအရာတို့ကို ငါမည်ကဲ့သို့ သိရှိနိုင်မည်နည်း။ ဘုရားသခင်၏နှုတ်ကပတ် တော်က ကျွန်ုပ်တို့အား ပြောပြ၏။ ကျွန်ုပ်တို့သည် ကိုယ်တော်၏စည်းမျဉ်း ဥပဒေသများအတိုင်း အသက်မရှင်သောအခါ အဘယ်သို့ ဖြစ်သည်ကို ငါတွေ့မြင် ရ၏။ ကျွန်ုပ်တို့အသက်တာသည် အောင်မြင်ခြင်းထက် ရှုံးနိမ့်ခြင်းနှင့်ကျရှုံးခြင်းဖြင့် ဖွဲ့စည်းထားပါသည်။ တစ်ဘက်၌ ကျွန်ုပ်၏အသက်တာမှာကော အခြားသူများ၏ အသက်တာမှာပါ တန်ခိုးနဲ့ ပြည့်စုံသော ကိုယ်တော်၏သမ္မာတရား လုပ်ဆောင် လျက်ရှိသည်ကို အံ့သြခြင်းနှင့်အတူ ကျွန်တော်မြင်တွေ့ ခဲ့ရပါသည်။ ကိုယ်တိုင် အောင်မြင်ခြင်းသည် လေ့ကျင့်ပေးသူများအား ထိရောက်သော ပျိုးထောင်ခြင်းနှင့် အတူ ဒုံတွဲ၏။ သင်ကိုယ်တိုင် မပိုင်ဆိုင်သော တစ်စုံတစ်ရာကို အခြားသူများအား လက်ဆင့်မကမ်းနိုင်ပါ။ အသင်းတော်များနှင့်တွဲဖက်ထားသည့် ကျောင်းများသည်

၂ တိ၊၂:၂ ဖြစ်စဉ်ကို အကောင်းအထည်ဖော်ဖို့ရန် အောင်မြင်သောလေ့ကျင့်ပေးသူများကို ပျိုးထောင်ရမည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အား အောင်မြင်ခြင်း၌ ပျော်ရွှင်စေလိုပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် အောင်မြင်ကျော်လွှားနိုင်ရမည့်အကြောင်း ၎င်းကို ကိုယ်တော်စီရင်ပေး၏။ ကျွန်ုပ်တို့အဖို့ ပို၍ကြီးမားသော ကိုယ်တော်၏အကြံအစည် ဖြစ်သည့်ရင့်ကျက်ခြင်းထဲသို့ ရှေ့တိုး၍ကြီးထွားဖို့ရန် ကျွန်ုပ်တို့သည် ကိုယ်တော်ကို နာခံဖို့လိုအပ်ပါသည်။ ကျွန်ုပ်တို့လုပ်ဆောင်ခြင်း အသီးအပွင့်နှင့်ဆိုင်သည့် အရည်အချင်းနှင့်အရည်အသွေးတို့သည် ဤဒုတိယအဆင့်၌ ကျွန်ုပ်တို့အဘယ်မျှလောက် ကောင်းအောင်လုပ်ဆောင်နိုင် သည်ဟူသောအရာ၌ မူတည်ပါ ၏။

အကယ်၍ အသင်းတော်အနေနဲ့ မိမိ၏ယုံကြည်သူများကို လေ့ကျင့်ပေးရာတွင် ဤသမ္မာတရားများ ကိုသာ ပိုင်ဆိုင်ထားမည်ဆိုလျှင် ဘုရားသခင်၏လူတို့သည် သူတို့၏ယုံကြည်ခြင်း၌ ခိုင်ခံ့ကြပါလိမ့်မည်။ နိုးထခြင်း ဖြစ်ပေါ်၍ မိသားစုများလည်း ပြန်လည်အားကောင်း ကျန်းမာလာပါလိမ့်မည်။ ခေါင်းဆောင်များစွာလည်း ပေါ်ထွန်းလာလိမ့်မည်။ စိတ်နှလုံးကို မှန်ကန်စွာ ပုံသွင်းခြင်းမရှိလျှင် ကျွန်ုပ်တို့ အသက်တာထဲသို့ နတ်ဆိုး၏တွေးခေါ်မှုအလေ့အထ စိမ့်ဝင်လာသောအခါ ကျွန်ုပ်၏ပြဿနာသည် ဆက်လက်တည်တံ့နေမည်သာ ဖြစ်ပါသည်။ မှန်ကန်သောလေ့ကျင့်ခြင်း၌ ခိုင်ခံ့သောဘုရားတရား ကြည်ညိုခြင်းအသက်တာ တည်ဆောက်ခြင်းပါဝင်၏။ ထိုသို့မဟုတ်ပါက မှန်ကန်သောချစ်ခြင်းမေတ္တာ မရှိခြင်းပင်ဖြစ်သည်။

## သင်ခန်းစာ

- များစွာသောယုံကြည်သူတို့သည် ရှုံးနိမ့်သောခရစ်ယာန်များအဖြစ် သွားလာကြ၏။ အကြောင်းမှာ ဘုန်းတန်ခိုးနဲ့ပြည့်သည့် ဘုရားသခင်၏ နှုတ်ကပတ်တော်လုပ်ဆောင်ချက်သည် သူတို့အသက်တာထဲ၌ ဆွဲဆောင်ခြင်းမခံရသောကြောင့်တည်း။
- ဘုရားသခင်သည် အသင်းတော်အား ကျရှုံးခြင်းများ၌ ကားတိုင်၏တရားကို တည်စေလျက် အပြစ်တရားကို ပုံမှန်အနိုင်ယူခြင်းအားဖြင့် သန့်ရှင်းစွာအသက်ရှင်စေလိုပါသည်။
- အသင်းတော်အနေဖြင့် ဖြားယောင်းသွေးဆောင်ခြင်းနှင့်အပြစ်တရားကို အနိုင်ယူရန် ယုံကြည်ခြင်းတရားကို လက်ခံယုံကြည်လာသောအခါ ဘုရားသခင်၏တန်ခိုးတော်နှင့်နိုးထမှု၌ မည်ကဲ့သို့အားထားရမည်ကို သင်ယူပါလိမ့်မည်။
- လေ့ကျင့်ခြင်းသည် မိမိတို့အသက်တာများ၌ ဘုရားသခင်၏တန်ခိုးတော်လုပ်ဆောင်နေခြင်းကို မြင်တွေ့သောခေါင်းဆောင်များမှ ဆင်းသက်လာရမည်။

## ကျက်မှတ်ဆင်ခြင်ပါ

- ၁ ယော၊၅:၄

## တာဝန်ပေးအပ်ခြင်း

- သင့်အသက်တာ၌ အားနည်းချက်တစ်ခုကို ဖော်ပြပါ။ ပြီးမှ ၎င်းကို အောင်မြင်ဖို့ရန် လိုအပ်သော ခြေလှမ်းများကိုလှမ်းပါ။ သင်သည် ထိုပြဿနာကို အောင်မြင်ဖို့ရန် တက်တက်ကြွကြွလုပ်ဆောင်လျက် နေပါသလား။ ဤဖြစ်စဉ်ကို အခြားသောသူများနဲ့ ဆက်သွယ်နိုင် ပါသလား။
- အခြားသူများ၌ သင်မြင်တွေ့သော အပြစ်ကြီးများကို ဖော်ပြပါ။ သူတို့အသီးသီးအား ထိုအပြစ်ထဲမှ လွတ်မြောက်လာရန် ယုံကြည်ခြင်းနှင့် မျှော်လင့်ချက်ရှိစေဖို့ရန် လိုအပ်သောခြေလှမ်းများကို ရှင်းပြပါ။
- သင့်အသင်းတော် သို့မဟုတ် ကျမ်းစာကျောင်းတို့က ခေါင်းဆောင်များ၌ မရင့်ကျက်ခြင်းနှင့် ဒုစရိုက်အပြစ် တိုးပွားနေခြင်းကို သည်းခံခွင့်ပြုပါသလား။ ဤပြဿနာကို မည်ကဲ့သို့ ချဉ်းကပ် သင့်ပါသနည်း။

# #၃၁ ရင့်ကျက်လျက်ရှိသော ယုံကြည်သူများကို ညွှန်ပြပေးခြင်း

ဖခင်အဖြစ် ယောဟန်ဖော်ပြထားသည့် ဤတတိယအဆင့် ဝိညာဉ်ရေးရာကြီးထွားခြင်းအကြောင်းကို သင့်တင့်လျောက်ပတ်စွာ စဉ်းစားတွေးခေါ်ရန် အကြီးဆုံးစိန်ခေါ်မှုတစ်ခုကား ထုံးတမ်းစဉ်လာအရ တစ်စုံတစ်ဦးအား သို့မဟုတ် အခြားသူများအား ရင့်ကျက်သောယုံကြည်သူအဖြစ် ဖော်ပြခြင်းသည် မသင့်တော်သောအရာ ဖြစ်လာတတ်သည်။ ဤတွေးတောမှုအလေ့အထသည် ဘုရားသခင်၏လူတို့ကို ကျမ်းစာအရ အသက်ရှင်ရန် လိုအပ်မှုများနဲ့ ကင်းဝေးစေပါ၏။ သူတို့ကို သူတို့ ဖခင်တစ်ဦးအနေနဲ့ ငြင်းပယ်သောသူကို သင်တွေ့ဖူးပါသလား။ ဤဖြစ်ရပ်သည် တော်တော်ကို ရယ်ဖွယ်ကောင်းသည့် အရာဖြစ်ပါသည်။

မာန၏ပြဿနာများနှင့်ဉာဏ်၏ထောင်ချောက်တို့သည် ဧကန်မုချ ကြီးမားသောပြဿနာ ဖြစ်၏။ သို့သော်လည်း ၎င်းတို့ကို ဖခင်အဆင့်၌ မှန်ကန်စွာကြည့်မည်ဆိုလျှင် ထိုမာနကို ကိုင်တွယ်ခြင်း လမ်းစဉ်အတွက် သမ္မာကျမ်းစာ၏ ရှုထောင့်အမြင်ရှိနေသည်ကို ကျွန်ုပ်တို့တွေ့မြင်ရလိမ့်မည်။

တစ်ဦးနှင့်တစ်ဦး နှိုင်းယှဉ်ခြင်းသည် အပြစ်ရှိတဲ့ လူတွေအတွက် ပြဿနာတစ်ရပ်ဖြစ်ပါသည်။ လူသားတို့၏သဘောသဘာဝသည် သူတစ်ပါးထက် သာလို့ကြ၏။ ကျွန်ုပ်တို့အဖို့ သမ္မာကျမ်းစာ၏ ရှုထောင့် အမြင်သုံးမျိုးမှာ၊

(၁) ဘုရားသခင်၏စံနှုန်းနှင့်ရည်မှန်းချက်ပန်းတိုင်များကို တိုး၍တိုး၍ဆက်ခံပါ။

(၂) ကျွန်ုပ်တို့အား ဘုရားတရားကြည်ညိုခြင်း၌ ညွှန်ပြပေးရန် ဘုရားသခင်ကို အစဉ်အမြဲရှာဖွေပါ။

(၃) ကျွန်ုပ်တို့အနီးအနား၌ရှိသောသူတို့ကို ပို၍ကောင်းအောင် လေ့ကျင့်ပေးပါ။

ခြားနားချက်ကို သင်မြင်တွေ့နိုင်ပါသလား။ ကြီးထွားခြင်းကို ရှာဖွေခြင်းဖြင့် ကြီးထွားဖို့ရန် အခန်းထဲကို ကျွန်ုပ်တို့ဝင်ရောက်၍ ပို၍ရင့်ကျက်လေ၏။ အခြားသူများအား အစေခံခြင်း၌ အာရုံစူးစိုက်ခြင်း အားဖြင့် မိမိတို့ကိုယ်ကို အခြားသူများနှင့် နှိုင်းယှဉ်မအားတော့ပေ။ ဤကား ဖခင်များနှင့်စပ်လျဉ်း၍ ဤတတိယအဆင့်ကို ကျော်လွန်သည့်မှန်ကန်သောစိတ်ထားဖြစ်ပါသည်။ ဖခင်အဆင့်ဖြစ်မလာဘဲ တစ်နေရာရာ၌ ထောင်ချောက်မိနေသည့် ကျွန်ုပ်တို့အနီးအနားရှိ ခရစ်ယာန်များအတွက် ကျွန်ုပ်တို့သည် အော်ဟစ်ဆုတောင်းပေးသင့်သည်။

ယေရှုက မိမိကိုယ်ကို ရင့်ကျက်သောသူအဖြစ် ယူဆခြင်းသည် ကောင်းသောအရာဖြစ်၍ သင့်တော်ပါသည်ဟုဆို၏။ "မြေကြီးသည် အလိုအလျောက် အသီးသီးလျက် ဦးစွာအပင်၊ ထို့နောက်အနှံ၊ ထိုမှတဆင့် အနှံထဲတွင် အောင်သောအဆန်ကို ဖြစ်စေ၏" (မာ၊ ၄:၂၈)။ ဤနောက်ဆုံးအဆင့်သည် အသီးသီးရန် ကျွန်ုပ်တို့မျှော်လင့်သင့်သည့်နေရာဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မိမိတို့အလိုသို့ လိုက်၍ ဂိမ်းကစားခြင်း သို့မဟုတ် ရုပ်ရှင်ဇာတ်လမ်းကြည့်ခြင်းအားဖြင့် အချိန်ဖြုန်း လျက် ဝမ်းနည်းစရာကောင်းသောအသက်တာ၌ အသက်ရှင်တတ်ကြ၏။ ဖခင်တစ်ဦးသည် သူ့သားသမီးများ၏လိုအပ်ချက်များကို လျစ်လျူရှုလျက် မိမိငွေ ကြေးများကို မိမိအားပျက်စီးစေမည့်နေရာ၌ သုံးဖြုန်းခြင်းထက် ပို၍ကြီးမားသော အပြစ်မရှိတော့ပေ။ တကယ်ဝမ်းနည်းစရာအမှုဖြစ်သော်လည်း ဖြစ်ပျက်လျက် နေ၏။

ပထမအဆင့်၌ ကလေးငယ်တစ်ဦးသည် မိဘနစ်ပါး၌ လုံးလုံးမှီခိုအားထားသည်ကို ကျနော်တို့ တွေ့မြင်ရ၏။ ထိုနည်းတူစွာ ယုံကြည်သူတိုင်းသည် အခြားသောသူများကို ခရစ်တော်ထံသို့ ခေါ်ဆောင်သွား၍ သူတို့၏ဝိညာဉ်ရေးရာ လျှောက်လှမ်းခြင်း၌ ကူညီနိုင်သောသူဖြစ်သည်အထိ ခရစ်တော်၌ ကြီးထွားစေရမည်။ အကယ်၍ အသစ်သောယုံကြည်သူများကို မည်သူတစ်စုံတစ်ယောက်ကမျှ ပြုစုပျိုးထောင်ခြင်းမရှိလျှင် ထိုသူတို့၏ယုံကြည်ခြင်းသည် စမ်းတဝါးဝါးဖြစ်ပါလိမ့်မည်။ သို့ဖြစ်၍ ဖခင်တစ်ဦး၏စိတ်နေထားနှင့် အသက်ရှင်ခြင်းသည် သူ့အနီးအနား၌ရှိသောသူတို့ကို ပြုစုပျိုးထောင်လျက် သူတို့ကို ခရစ်တော်ထံသို့ ပို့ဆောင်ခြင်းပဲဖြစ်ပါသည်။

တတိယအဆင့်မှုကား ကျနော်တို့သည် ယုံကြည်သူများအား အခြားသူများကို ကောင်းမွန်စွာပြုစုစောင့်ရှောက်စေခြင်းငှာ သင်ယူလေ့လာဖို့အတွက် လေ့ကျင့်ပေးခြင်းဖြစ်ပါသည်။ အခြားသူများအား အစေခံခြင်း အကြောင်းရင်း၌ ကြီးထွားဖွံ့ဖြိုးခြင်းသည် ဘုရားသခင်နှင့် ပိုမိုရင်းနှီးသောအသက်တာနှင့် ပိုမိုနက်ရှိုင်းသောအသက်တာကိုဖြစ်စေ၍ ထိုသူတို့အား မည်ကဲ့သို့ပျိုးထောင်ရမည်ကို သဘောပေါက်စေသည်။ ယုံကြည်ခြင်းအားကြီးသောယောကျ်ားနှင့်မိန်းမတို့သည် ဖခင်များသဖွယ် ထိုအရာတို့၌ ရင့်ကျက်သောသူများဖြစ်၍ အသင်းတော်၏ လိုအပ်ချက်များကို ကြည့်ရှုစောင့်ရှောက်ရန် လိုလားသောသူများကို ခေါင်းဆောင်များအဖြစ်သို့ ပျိုးထောင်ပေးကြ၏။

## မိဘများ၏ရှုထောင့်အမြင်ဘက်မှ

ငါ့မှာ ကလေးရှစ်ယောက်ရှိ၍ အကြီးဆုံးနှင့်အငယ်ဆုံးသည် အသက် ၂၂ ခန့်ကွာခြားကြ၏။ ဆယ်ကျော်သက်အရွယ်လည်း လေးဦးရှိသေး၏။ တစ်ချို့မှာ အထက်တန်းကျောင်းပြီးခါနီး၍ တစ်ချို့မှာ အရွယ်မရောက်သေးပေ။ ကျနော်တို့သည် ကလေးတွေအဖို့ ဘာမှအလောတကြီးမရှိပါဘူး။ သို့သော် ကျနော်တို့သည် သူတို့တတွေအားလုံး ကောင်းမွန်တဲ့ပညာရေးရရှိပြီး ထိုပညာရေးကနဲ့တဆင့်

အလုပ်ကောင်းတွေ ရှာတွေ့နိုင်ကြဖို့ အမြဲဆုတောင်းပေးကြ၏။ ကျနော်တို့သည် မိဘဖြစ်သည့်အားလျော်စွာ သူတစ်ပါးထက် ကိုယ့်သားသမီးတွေအတွက် ဆန္ဒပို တတ်ကြပါသည်။

ထိုနည်းတူစွာ ကျနော်တို့၏မိဘကဲ့သို့သော ဘုရားသခင်သည်လည်း ကျနော်တို့အား စုံလင်သောရင့်ကျက်ခြင်းသို့ ရွေ့လျားစေလိုပါသည်။ ရင့်ကျက်ခြင်းသည် ကျနော်တို့အသက်တာအဖို့ ဘုရားသခင် စီရင်ထားသည့်အရာကို အလေးထားခြင်းနှင့်တကွ ပြည့်စုံစေခြင်းသဘောပါဝင်ပါသည်။ ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ခြင်းမှု တတိယအဆင့်သည် ဟိန္ဒူဘာသာ၏ဝိညာဉ်ရေးရာ ကျင့်ထုံးနည်းဖြစ်သည့် မိမိတို့၏ မိသားစုများ သို့မဟုတ် လူ့ဘောင်အသိုင်းအဝိုင်းထဲမှ ခွာလျက် ဝိညာဉ်ရေးရာ အလင်းတရား ရှာဖွေခြင်းနှင့် လုံးဝမတူညီပေ။ ရင့်ကျက်ခရစ်ယာန်သည် ဘုရားသခင်နှင့် ပို၍ အကျွမ်းတဝင်ဖြစ်ရန် ရှာဖွေတတ်၏။ သို့မှသာ သူသည် အခြားသူများကို စိတ်ပါဝင်စားစေ၍ လုပ်ကျွေးပြုစုနိုင်မည်ဖြစ်ပါသည်။

လောကဥ္စရှိလူတို့သည် ငွေကြေးအထောက်အပံ့ရရှိဖို့သက်သက် အမှုထမ်းခြင်း ဖြစ်နိုင်သော်လည်း ဘုရားသခင်၏လူတို့မူကား မိမိတို့အသက်တာ၌ ကိုယ်တော်၏လုပ်ဆောင်ချက် လွှမ်းမိုးသောကြောင့် အမှုထမ်းခြင်းဖြစ်၏။ သူတို့သည် ဘုရားသခင်အား နှစ်သက်စေဖို့ရန် ရှာဖွေ၍ အခြားသူများကို ကြည့်ရှုစောင့်ရှောက်၏။ တစ်ချို့ခရစ်ယာန်များသည် သင်းအုပ်များအဖြစ် ခေါ်ခြင်းခံရ၍ ကျန်သည့်ယုံကြည်သူ အပေါင်းတို့သည် အခြားသူများအား ပြုစုစောင့်ရှောက်ခြင်း၌ ကြီးထွားဖို့ရန်ဖြစ်သည်။ သင်းအုပ်တို့သည် အမှုထမ်းဖို့ရန် လူတိုင်းအား တပ်ဆင်မွေးမံပေးကြ၏ (၄:၁၁-၁၂)။

## အမှုထမ်းရန် နှလုံးသားနှင့်

အမှုထမ်းခြင်း၏ရှုထောင့်အမြင်သည် ကျနော်တို့အသက်တာထဲသို့ မည်ကဲ့သို့သင့်တော်သနည်း။ အမှုထမ်းခြင်း၏မြင်ကွင်းသည် ယုံကြည်သူ၏စိတ်နှလုံး၌ နက်ရှိုင်းစွာ ပေါင်းစည်းသင့်သောအရာ ဖြစ်ပါသည်။ ထိုအရာသည် ကမ္ဘာတစ်ဝှမ်းရှိ အမျိုးမျိုးသောအဖွဲ့အစည်းတိုင်း၌ ကြီးမားသော စိန်ခေါ်တစ်ရပ်ဖြစ်ပါသည်။ တစ်ကိုယ်ကောင်းဆန်ခြင်းသည် ပါးနပ်သော်လည်း ကျနော်တို့အထဲ၌ တကယ်ရှိ၏။ ကျနော်တို့သည် အခြားသူများအတွက် တာဝန်ယူမှုကို နားလည်ခံယူတတ်ခြင်းမရှိဘဲလျက် ကျနော်တို့နှစ်သက်သောအရာ အလိုလိုက်ခြင်းသို့ ရောက်ရှိသည့်နေရာ၌ အနားယူရန် ရှေ့ရှုတတ်ကြ၏။

မိမိအတွက်သာ စဉ်းစားပြီး အခြားသူများအတွက် မစဉ်းစားတတ်သော သူများကို ပေါလု ပြစ်တင်လေ၏။ "ညီအစ်ကိုတို့၊ စဉ်းစားဆင်ခြင်မှုနှင့်ပတ်သက်၍ ကလေးသူငယ်များ မဖြစ်ကြနှင့်။ မကောင်းမှုနှင့်ပတ်သက်၍ ကလေးသူငယ်များ

ကဲ့သို့ဖြစ်ကြလျက် စဉ်းစားဆင်ခြင်မှုနှင့်ပတ်သက်၍ စုံလင်ရင့်ကျက်သောသူဖြစ်ကြလော့” (၁ကော၁၄:၂၀)။

လေ့ကျင့်ပေးသူများအနေဖြင့် ကျနော်တို့အနီးအနား၌ ရှိသောသူတို့၏လိုအပ်မှုကို ကျနော်တို့ဂရုတစိုက် စောင့်ကြည့်၍ အထူးလေ့ကျင့်ပေးခြင်း လိုအပ်မှုမှန်သမျှကို ပြင်ဆင်ပေးရမည်ဖြစ်ပါသည်။ တစ်ချို့သောအသင်းတော်များသည် တပည့်တော်ဖြစ်စေခြင်း အစီအစဉ်ကို ရှာဖွေလျက်နေကြ၏။ အစီအစဉ်များသည် ထုံးစံအတိုင်း စည်းကမ်းတင်းကျပ်လွန်းသဖြင့် တစ်ဦးချင်းအပေါ် ဘုရားသခင်၏ ပုံ့ဆောင်ခြင်းကို မကြခဏ အခွင့်မပေးတတ်ကြပေ။ ကောင်းမွန်တဲ့ အရင်းအမြစ်တွေဟာ (ဗီဒီယို သင်တန်း) အရေးကြီးသော်လည်း လူတစ်ဦးအား သခင်ဘုရားမည်ကဲ့သို့ ပုံ့ဆောင်နေသည်ကို သိရှိဖို့ရန် တစ်ဦးချင်းစီနှင့် အချိန်ယူအသုံးပြုရမည်။

ဒီမနက် ဒီဟာမရေးသားခင်လေးမှာ ငါ ဆင်ခြင်နလုံးသွင်းစဉ် နိုင်ငံရပ်ခြားခရီးစဉ်အတွက် ပြင်ဆင်ခြင်းအကြောင်းအရာနှင့်ပတ်သက်၍ သခင်ဘုရား၏မျက်နှာတော်ကို ရှာဖွေလျက်နေ၏။ ဘုရားသခင်သည် တစ်ချို့အကြောင်းအရာတွေကို ရှင်းလင်းဖို့ တစ်ချို့သောငါ့ညီအစ်တွေထံသို့ ငါ့အား ချက်ချင်းမှတ်စုစာရေးစေတော်မူ၏။ ငါ့ကွန်ပျူတာစက်ကို ဖွင့်လိုက်တာနဲ့ ထိုအကြောင်းအရာကို ငါတို့၏တွဲဖက်အတွင်းရေးမှူးထံကနဲ အတည်ပြုအီးမေးလ်ပေးပို့လာပါတယ်။ ဘုရားသခင်သည် ကျနော့်စိတ်နလုံးကို တိုက်တွန်း၍ ၎င်းကို အတည်ပြုလေ၏။ ဆုံးဖြတ်ချက်အကြောင်းအရာ၌ ငွေကြေးတောင်းဆိုမှုပါသော်လည်း ဘုရားသခင်အတူပါရှိတာကြောင့် ကိုယ်တော်ပြင်ဆင်ပေးလိမ့်မယ်ဟု ငါယုံကြည်နိုင်၏။ ဤနည်းအတိုင်း ငါ၏ယုံကြည်ခြင်းသည် ပို၍ကြီးမားသောအရာတွေအတွက် ပို၍ကြီးမားသောအဆင့်သို့ တည်ဆောက်ပေးခြင်း ခံရ၏။ ရင့်ကျက်သောယုံကြည်သူများကို လေ့ကျင့်ပေးပါ။

- ဘုရားသခင်နှင့်ရင်းနှီးရန် မည်ကဲ့သို့ ရှာဖွေရမည်နည်း။
- ကိုယ်တော်၏နှုတ်ကပတ်တော်ထဲသို့ ပိုမိုနက်ရှိုင်းစွာ မည်ကဲ့သို့တူးဖော်ရမည်နည်း။
- ကိုယ်တိုင်အခက်ခဲများကို မည်ကဲ့သို့ ရုန်းကန်ရမည်နည်း။
- အခြားသူများအရှုံးပေးသောအခါ မည်ကဲ့သို့ သည်းခံရမည်နည်း။
- အခြားသူများ သံသယရှိသောအခါ မည်ကဲ့သို့ ယုံကြည်ရမည်နည်း။
- မသန့်ရှင်းသောအသိုင်းအဝန်း၌ အသက်ရှင်သောအခါ မည်ကဲ့သို့ သန့်ရှင်းရမည်နည်း။
- အခြားသူများအား အမှုထမ်းဆောင်ရင်း ဘုရားသခင်၏မေတ္တာကို မည်ကဲ့သို့ ပြသရမည်နည်း။

- အခြားသူများ လိုအပ်သည့်အတိုင်း မည်ကဲ့သို့ကြင်နာစွာ ရင်ဆိုင်တွေ့ရမည်နည်း။

စစ်မှန်သောယုံကြည်သူသည် ယုံကြည်ခြင်း၌ မရပ်တန့်ဝံ့ပေ။ ကျနော်တို့သည် ဘုရားသခင်နှင့်ဆက်နွယ်ခြင်း၌ ကြီးထွား၍ ယေရှုကဲ့သို့ဖြစ်ရန် ဆန္ဒပြင်းပြလျက် အခြားသူများကို ပိုမိုကောင်းမွန်စွာ အမှုထမ်းဆောင်လေ၏။ ကျနော်တို့သည် လေ့ကျင့်ပေးသူ သို့မဟုတ် လမ်းညွှန်ပေးသူများဖြစ်သည့်အလျောက် မိမိတို့အသက်တာ၏နယ်ပယ်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသောနေရာ၌ မည်ကဲ့သို့အကောင်းဆုံးမြှင့်တင်ရမည်ကို ဘုရားသခင်ထံ၌ ကြည့်မျှော်လျက် နေကြ၏။

## သင်ခန်းစာ

- ယုံကြည်သူများသည် မိမိတို့အနီးအနား၌ရှိသောသူများကို အမှုထမ်းဆောင်ဖို့ရန် ဘုရားသခင်ထံသို့ ချဉ်းကပ်၍ တန်ခိုးပေးခြင်းခံရမည့်အကြောင်း ဝိညာဉ်ရေးရာ၌ ကြီးထွားဖို့ စဉ်းစားသင့်သည်။
- ဘုရားသခင်သည် ကျနော်တို့အသက်တာအားဖြင့် အသီးသီးစေလို၏။ ထိုသို့ အသီးသီးခြင်း ကြီးမားစွာဖြစ်ပျက်ရန် အကြောင်းရင်းမှာ ဝိညာဉ်ရေးရာသဘောအရ ရင့်ကျက်သော ယုံကြည်သူများသည် သူတို့အသက်တာအားဖြင့် ဘုရားသခင်၏ဝိညာဉ်တော် အံ့အားသင့်စွာ လုပ်ဆောင်လျက်ရှိသည်ကို မြင်တွေ့ဖို့လိုအပ်ပါသည်။
- ငါတို့၏လေ့ကျင့်ခြင်းသင်တန်းသည် ဤရုပါရုံကို အပြည့်သွတ်သွင်းခြင်းသက်သက်မဟုတ်ဘဲ ဘုရားသခင်နှင့် နီးကပ်စွာရပ်တည်၍ အခြားသူများအမှုထမ်းဆောင်ရန်အတွက်လည်းဖြစ်ပါသည်။

## ကျက်မှတ်ဆင်ခြင်ပါ

- ၁ ကော၊၁၄:၂၀

## တာဝန်ပေးအပ်ခြင်း

- သင်သည် ရင့်ကျက်သောယုံကြည်သူ ဟုတ်ပါသလား။
- ဘုရားသခင်ထံသို့ ချဉ်းကပ်ရန် သင်၌မည်သည့်စိန်ခေါ်မှုရှိသနည်း။
- ဝိညာဉ်ရေးရာ၌ အခြားသူများခြောက်ကပ်နေချိန်မှာ သင်သည် ပူလောင်ပေါက်ကွဲမှု တွေ့ကြုံဖူးပါသလား။၎င်းကိုသင်မည်ကဲ့သို့ ကိုင်တွယ်ခဲ့သနည်း။

# #၃၂ ရင့်ကျက်သောယုံကြည်သူများကို တပ်ဆင်ပေးခြင်း

ခရစ်ယာန်တစ်ဦး၏ဝိညာဉ်ရေးရာ ကြီးထွားခြင်း အဆင့်သုံး၌ရှိသောသူများကို လေ့ကျင့်ပေးခြင်းသည် ပထမအဆင့်နှစ်ဆင့်၌ရှိသောသူများနှင့် သိသိသာသာခြားနားပါ၏။

ပထမအဆင့်နှစ်ဆင့်၏ဦးတည်ချက်သည် ယုံကြည်သူအား အဆင့်များတလျှောက်လုံး အကူအညီပေးရန်ဖြစ်သည်။ ၁ယော၊၂:၁၂-၁၄ အရ စတုတ္ထအဆင့်ဟူ၍မရှိပေ။ ဤအချက်သည် ဤအဆင့်၌ ကြီးထွားခြင်းဆိုင်ရာ ကျနော်တို့၏ချဉ်းကပ်မှုကို ပြောင်းလဲစေ၏။ သို့ဖြစ်၍ ယုံကြည်သူသည် အဆင့်တစ်နှင့် နှစ်၌ရှိနေစဉ် သူ့အား နောက်အဆင့်သို့ တက်လှမ်းစေမည့်ရည်မှန်းချက်ပန်းတိုင်အပေါ်၌ အာရုံစူးစိုက် လေ၏။




ဤအဆင့်၌ စိုးရိမ်ဖွယ်အချို့ရှိ၏။ အသင်းတော်ကို နှစ်ပေါင်းနှစ်ဆယ်ထက်မနည်း အုပ်ချုပ်၍ သူ၏ဝိညာဉ်ရေးရာကြီးထွားခြင်း၌ ငြိလျက်နေသော အသင်းလူကြီးအကြောင်းကို ကျနော်တို့စဉ်းစားနိုင်၏။ သို့မဟုတ် အသင်းတော်၌ နှစ်ပေါင်းသုံးဆယ်အတွင်း နောက်မှီပါသည့်ခုံရှည်၌ သစ္စာရှိရှိ ထိုင်လျက်ရှိသောသူကို စဉ်းစားနိုင်၏။ မောရှေသည် ဘုရားသခင်ထံမှ တင်းကျပ်သောစည်းကမ်းကို ခံယူထားသဖြင့် ကျောက်တုံးကို အမိန့်ပေးမည့်အစား တောင်ဝှေးနဲ့ ရိုက်လေ၏(တော၊၂၀:၁၁-၁၂)။

ဤပြဿနာများကို ခရစ်ယာန်တစ်ဦး၏ကြီးထွားဖွံ့ဖြိုးမှုဆိုင်ရာ ဤတတိယအဆင့်၌ ကြီးထွားခြင်းကို မှန်ကန်စွာ နားလည်သဘောပေါက်ခြင်းအားဖြင့် ကိုင်တွယ်ဖြေရှင်း နိုင်၏။ ကျနော်တို့သည် ခရစ်တော်အားဖြင့် ဘုရားသခင်နှင့် အကျွမ်းဝင်ခြင်း၌ ကြီးထွားဖို့ရန် နည်းလမ်းကို ရှာဖွေသည့်အတိုင်း ဝိညာဉ်ရေးရာကြီးထွားဖွံ့ဖြိုးမှုသည် ဆက်လက်မြင်သာလာမည်ဖြစ်ပါသည်။ အရွယ်ရောက်သောသူတို့သည်လည်း သူတို့၏စုံလင်ရင့်ကျက်ခြင်း၊ ဉာဏ်ပညာ၊ သနားခြင်းဂရုဏာနှင့် ခရစ်တော်၏ပြည့်စုံခြင်း၌ ကြီးထွားကြ၏(ဧ၊၄:၁၃)။

မည်သို့ဖြစ်စေကာမူ နားလည်သဘောပေါက်ကြပါစို့။ သူတို့ဖာသာသူတို့ ကြီးထွားပြီဟု မှတ်ယူလျက် ယုံကြည်ခြင်းလမ်း၌ ရပ်တန့်နေသောသူများထက် အသစ်သောယုံကြည်သူတစ်ဦးကို ဤတတိယအဆင့် ရောက်ရှိသည်အထိ လေ့ကျင့်ပေးခြင်းသည် အမြဲပို၍ လွယ်ကူပါသည်။

## ကျွန်ုပ်တို့ကြီးထွားခြင်းကို ထိန်းသိမ်းခြင်း

'ထိန်းသိမ်း' ဟူသောစကားလုံးသည် ကြီးထွားဖွံ့ဖြိုးမှု၏စကားလုံးကို အာရုံ၌မြင်ယောင်စေခြင်း မဟုတ်သော်လည်း ၎င်းက တစ်စုံတစ်ဦး၏အသက်တာ၌ ဝိညာဉ်ရေးရာ စည်းကမ်းတချို့ စဉ်ဆက်မပြတ် ဦးစားပေးသတ်မှတ်နေခြင်း ဖြစ်ပါသည်။ ဥပမာအနေနဲ့ ဆုတောင်းခြင်းသည် ဘုရားသခင်နှင့် ရင်းနှီးစွာ တိုင်ပင်ဆွေးနွေးခြင်းဖြစ်၍ ကြီးထွားသင့်သည်။ တစ်ဦးချင်းကိုယ်တိုင် ကျမ်းစာ လေ့လာသကဲ့သို့ ဆုတောင်းခြင်းသည်လည်း အမြဲလေးလေးနက်နက်ဖြစ်ဖို့ လိုအပ်ပါသည်။

ကျနော်တို့အသက်တာထဲတွင် ဘုရားသခင်၏ရည်ရွယ်ချက်အပေါ် မိမိတို့၏ဆက်ကပ်အပ်နှံခြင်း နောက်ထပ် ကြီးထွားသည့်နေရာ၌ စိတ်ဝင်စားမှု လျော့ကျသွားစေရန် သို့မဟုတ် မနာခံခြင်း ရှိလာရန် ကျနော်တို့သည် သွေးဆောင်ခြင်း ခံတတ်၏။ ဤတတိယအဆင့်၌ သခင်ဘုရားမေးလေ့မေးထရှိသည့် မေးခွန်းမှာ "သင့်အသက်တာ၌ အရေးကြီးဆုံးအရာကား အဘယ်နည်း သို့မဟုတ် မည်သူနည်း။ ကျနော်တို့တုံ့ပြန်မည့်အဖြေသည် ကိုယ်တော်အား ကျနော်တို့စိတ်နလုံးအကြွင်းမဲ့ ရှာသည်မရှာသည်ကို ဖော်ပြသွားမည်ဖြစ်ပါသည်။

ရှင်ဘုရင်တချို့တို့မှာ သူတို့၏အုပ်ချုပ်မှု အစပိုင်း၌ ကောင်းကောင်းလုပ်ဆောင်ခဲ့ကြသော်လည်း ကြာလာသောအခါ ထောင်လွှားမောက်မာ၍ ရုပ်တုကိုးကွယ်သောသူများဖြစ်လာကြ၏။ မည်သို့ဖြစ်စေကာမူ ဤစိုးရိမ်ဖွယ်ဖြစ်ရပ်တို့သည် ကျနော်တို့၏ဆက်ကပ်ခြင်း၊ မှန်ကန်တဲ့ဆုံးဖြတ်ချက်ချခြင်းနှင့် လျှောက်နေသည့်လမ်း၌ ဆက်လျှောက်ဖို့ရန် တကယ့်အခွင့်ထူးဖြစ်စေပါသည်။ ကျနော်တို့တွေ့ကြုံသည့် ကြီးထွားခြင်း အတိုင်းအတာပေါ်၌ ဆက်လက်စွဲကိုင်ထားရန် အားပေးတိုက်တွန်းတဲ့ ကျမ်းချက်များစွာ ရှိပါသည်။ ၎င်းတို့မှာ

"ကတိပေးတော်မူအရှင်သည် သစ္စာနှင့်ပြည့်စုံတော်မူသည်ဖြစ်၍ ယိမ်းယိုင်ခြင်းမရှိဘဲ ငါတို့ဝန်ခံသောမျှော်လင့်ခြင်းကို စွဲကိုင်ထားကြကုန်စို့" (၁ဝ:၂၃)။

"ထို့ကြောင့် ညီအစ်ကိုတို့၊ ခိုင်မြဲစွာရပ်တည်လျက် ငါတို့၏စကားအားဖြင့်ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေ၊ သင်တို့သင်ယူထားသောဓလေ့ထုံးတမ်းကို စွဲကိုင်ထားကြလော့" (၂သက်၊၂:၁၅)။

"သို့သော် အရာခပ်သိမ်းတို့ကို စစ်ဆေး၍ ကောင်းသောအရာကို စွဲကိုင်ထားကြလော့ "(၁သက်၊၅:၂၁)။

"ငါသည် အလျင်အမြန်လာမည်။ သင်၏သရဖူကို မည်သူမျှ မလုယူစေရန် သင်၌ရှိသောအရာကို စွဲကိုင်ထားလော့ "(ဗျာ၊၃:၁၁)။




ရင့်ကျက်သောယုံကြည်သူသည် သခင်ဘုရားအတွက် စိတ်အားထက်သန်မှုကို စောင့်ထိန်းသတိပြုသင့်သည်။ ၎င်းသည် ခက်ခဲသောအရာဖြစ်သည်။ ထိုသူသည် စိတ်ပျက်ခြင်း၊ အလျှံအပယ်ရှိခြင်း၊ သံသယ၊ အင်အား၊ စိတ်ဖိစီးခြင်း၊ ကျော်စောခြင်း၊ ခါးသီးခြင်း၊ ဝမ်းနည်းခြင်း၊ ဒုက္ခခံခြင်းနှင့်ညှဉ်းဆဲခြင်းတို့ကို ရင်ဆိုင်နိုင်ပါသည်။ တစ်ခုချင်းကို တွေ့ကြုံသည့်အနေအထား ရောက်လာသောအခါ ကျနော်တို့သည် သမ္မာတရားများကို စွဲကိုင်၍ ဘုရားသခင်၏နည်းလမ်းအတိုင်း အသက်ရှင်ဖို့ရန် မိမိတို့ကိုယ်ကို တစ်ဖန်ဆက်ကပ်အပ်နှံကြရမည်။

ဝိညာဉ်ရေးရာ အသက်တာနှင့်ပတ်သက်၍ ကြီးမြတ်သောအရာတစ်ခုကား ကြီးထွားခြင်း၌ အဆုံးဟူ၍ မရှိခြင်းဖြစ်ပါသည်။ ၎င်းကို ပေါလုက ကောင်းကောင်းဖော်ပြ၏။

"ငါသည် ထိုအခွင့်ကိုရရှိပြီ သို့မဟုတ် စုံလင်ခြင်းသို့ရောက်ပြီဟု ဆိုလိုသည်မဟုတ်ဘဲ ခရစ်တော်ယေရှုသည် ထိုအခွင့်အတွက် ငါ့ကို ဖမ်းကိုင်ထားသည်ဖြစ်၍ ငါသည်လည်း ထိုအခွင့်ကို ဖမ်းကိုင်နိုင်ရန် ကြိုးစားလျက်ရှိ၏" (ဖိ၊၃:၁၂)။

ပေါလုသဘောပေါက်သည်မှာ မိမိ၏ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးမှုနှင့် ဆက်လက်အသက်ရှင်မှုသည် မိမိအတွက်သာမကဘဲ သခင်ဘုရားအဖို့အလို့ငှာ ကိုယ်တော်၏ရည်ရွယ်ချက်အတိုင်း မိမိအသက်တာအားဖြင့် အခြားသူများအတွက် လုပ်ဆောင်နေခြင်း ဖြစ်ပါသည်(ဖိ၊၁:၂၂-၂၄) ။ ပေါလုသည် မိမိအတွက် သခင်ဘုရား ကြံစည်ထားသည့် ကြီးသောအမှု၊ ငယ်သောအမှုရှိသမျှတို့ကို ရရှိလို၏။

## တတိယအဆင့်၌ ပေါင်းစပ်ခြင်း

အဆင့်သုံးဆင့်အသီးသီးအတွက် ၁ယော၊၂:၁၂-၁၄ ထဲ၌ဖော်ပြသည့် ယောဟန်၏တိုက်တွန်း ချက်များကို ကျနော်တို့စဉ်းစားသောအခါ ကျနော်တို့သည် ကြီးထွားခြင်းအပေါ်၌ ပိုမို အာရုံစိုက်လာကြ၏။ ၎င်းသည် ခရစ်ယာန်အသက်တာ

တတိယအဆင့်လည်းဖြစ်ပါသည်။ ၎င်းကို အပြင်ဘက်ကနေ၍ကြည့်လျှင် ဘာသာရေးဆန်သော်လည်း ကျနော်တို့သည် ဘာသာရေးသက်သက်မဟုတ်ပေ။ ကျနော်တို့သည် မိမိတို့၏ခရစ်တော် သိရှိခြင်း ရည်ရွယ်ချက်ကို အသစ်မွမ်းမံ၍ ကျနော်တို့အသက်တာ၌ သူ၏ ရည်ရွယ်ချက် ရှင်သန်စေခဲ့၏။

ကျနော်တို့သတိမထားလျှင် အားအင်ကုန်ခန်းတတ်သည်။ အကယ်၍ ကျနော်တို့သည် သခင်ဘုရား၏ ရှေ့တော်မှောက်၌ မိမိတို့ကိုယ်ကို အားသစ်မလောင်းပါက လုပ်ဆောင်ခြင်းသည် လုပ်ရိုးလုပ်စဉ်ဖြစ်လာ၍ ခန်းခြောက် သွားမည်။ ရောမမြို့ရှိ ယုံကြည်သူများအား ပေါလုသတိပေးပုံကို ဂရုပြုပါ။ "လုံ့လဝီရိယ စိုက်ထုတ်ရာတွင် ပျင်းရိခြင်းမရှိဘဲ ဝိညာဉ်ရေး၌ ထက်သန်လျက် သခင်ဘုရားကို အစေခံကြလော့" (ရော၁၂ :၁၁)။




ဤအရာများကို ကျနော်တို့သယ်ပိုးခြင်းအတွက် ကျနော်တို့အလုပ်များသည့် အနေထား၌ဖြစ်စေ၊ ကြီးရာမရသည့်အနေအထား၌ဖြစ်စေ ရည်ရွယ်ချက်ကို မမေ့လျော့ရ။ ယေရှုသည် နောက်ဆုံးပုံသက်သေဖြစ်၍ အပ်နှံခြင်းနှင့် လုပ်ဆောင်ခြင်းတို့စပ်ကြား၌ရှိသည့် ဆက်နွယ်ခြင်းကို ပြသ၏။

"ငါသည် စပျစ်ပင်ဖြစ်၏။ သင်တို့သည် အကိုင်းအခက်များဖြစ်ကြ၏။ မည်သူမဆို ငါ၌တည်နေ၍ ငါသည်လည်း သူ၌တည်နေလျှင် ထိုသူသည် များစွာသောအသီးကို သီးတတ်၏" (ယော၁၅:၅)။

အကယ်၍ ရည်ရွယ်ချက်လမ်းစဉ်အတိုင်း ကျနော်တို့အားဖြင့် ဘုရားသခင်လုပ်ဆောင်ခဲ့သည့်အရာကို ကျနော်တို့ဆက်လက်မြင်တွေ့ပါက စကားလုံးအသီးသီးသည် ကျနော်တို့အား ကျနော်တို့ထိန်းသိမ်းရမည့် အကျွမ်းဝင်သောဆက်နွယ်မှုကို သတိရစေပါသည်။

## လေ့ကျင်းပေးခြင်း ပစ္စည်းများကို ကြည့်ရှုစစ်ဆေးခြင်း

ဤအဆင့်၌ လေ့ကျင့်ပေးခြင်းသည် စာတန်က ယုံကြည်သူများကို ပါးနပ်စွာ သွေးဆောင်တတ်သည် အတွက်ကြောင့်ဖြစ်စေ၊ သခင်ဘုရားနှင့် အကျွမ်းတဝင် ဆက်နွယ်ခြင်း မြှင့်တင်ရန်အတွက်ကြောင့်ဖြစ်စေ ထိုးထွင်းသိမြင်နိုင်စွမ်း ပို၍လိုအပ်ပါသည်။ ထိုမှတဆင့် တိုးပွားခြင်းနှင့်အသီးသီးခြင်း နှစ်ခုစလုံး ရှိလာမည်။ တချို့နေရာ တော်တော်များများ၌ ယုံကြည်သူများသည် ဘုရားနှင့်အချိန်ယူခြင်းကို မထိန်းသိမ်း နိုင်ကြပေ။ အကျိုးဆက်မှာ ခရစ်တော်နှင့်

သီးခြားဖြစ်လာ၍ မကြီးထွားနိုင်ကြတော့ပေ။ ကောင်းမွန်သောလေ့ကျင့်ပေးခြင်းသည်

- အရေးပါသည့် တိတ်ဆိတ်အချိန်ယူခြင်း ဖြစ်စဉ်ကိုလည်းကောင်း၊
- ပြိုလဲပြီးနောက် ကောင်းမွန်သော တိတ်ဆိတ်အချိန်ယူခြင်းကို ပြန်လည်ရရှိစေရန်လည်းကောင်း၊
- ခက်ခဲသောကျမ်းပိုဒ်များထဲက ထိုးထွင်းသိမြင်နိုင်စွမ်းကို ရရှိစေရန်လည်းကောင်း၊
- ကျမ်းစာများမှတဆင့် ဘုရားသခင်၏ဆိုလိုရင်းကို နားထောင်ရာ၌လည်းကောင်း စသည်တို့ဖြင့် အထောက် အကူပြုပါသည်။

ဤဖြစ်စဉ်များစွာတို့သည် ထုံးတမ်းစဉ်လာ အသင်းတော် သို့မဟုတ် ကျမ်းစာကျောင်းတို့၌ ရိုးရှင်းစွာ အာရုံစိုက်ခြင်းမဟုတ်ပေ။ ကျနော်တို့သည် လူတွေမသိရှိတဲ့အခါမှာ သူတို့အား သခင်ဘုရား၏မေတ္တာကို ပေးအပ်ဖို့ရန် ကြီးမြတ်သောလေ့ကျင့်ပေးခြင်းကို လုပ်ဆောင်ပေးမည့်အစား အပြစ်တင်တတ်ကြ၏။

အထူးအာရုံစိုက်ခြင်းသည်လည်း အသီးအပွင့် နယ်ပယ်တစ်ခုလုံး၌ လိုအပ်၏။ ရင့်ကျက်ခြင်းသည် အသီးအပွင့်ကို ဖြစ်ထွန်းစေ၏။ ယေရှုသည် ကျနော်တို့အား အသီးသီးရန်သက်သက်မမျှော်လင့်ဘဲ တည်မြဲဖို့ရန်လည်း မျှော်လင့်၏(ယော၊၁၅:၁၆)။

များသောအားဖြင့် ကျနော်တို့သည် မိမိတို့၏လုပ်ငန်းများကို ၎င်း၏အသီးအပွင့်ဖြင့် တိုင်းတာလျက်ရှိ၏။ ၎င်းသည် ကောင်းသောအမှုဖြစ်သော်လည်း ဤတတိယအဆင့်၌ ပို၍ကျယ်ပြန့်သောရှုထောင့်အမြင် ထားရှိဖို့ အရေးကြီးပါသည်။ ခရစ်ယာန်တစ်ဦး၏ကြီးထွားခြင်းအဆင့် အစိတ်အပိုင်းတိုင်း၌ အထူးသဖြင့် အခက်အခဲရင်ဆိုင်လျက်ရှိသည့် တစ်စုံတစ်ဦး၌ အသီးအပွင့် အမြဲတွေ့လေ့မရှိကြောင်းကို သတိပြုရမည်။ ယေရှု၏ဆင်းရဲဒုက္ခများထဲက အသီးသည်သာလျှင် သူရှင်ပြန်ထမြောက်ပြီးနောက်ပိုင်း သိသာထင်ရှားလာ၏။

ခရစ်ယာန်များအား စိတ်အားထက်သန်မှုကို မြှင့်တင်ပေးရန်နှင့် ကျနော်တို့၏လုပ်ဆောင်ချက်ကို သင့်မြတ်စေဖို့ရန် စာအုပ်ကောင်းများစွာရှိပါသည်။ ကျနော်တို့ခေတ်ကာလ၌ ကျနော်တို့သည် လေ့ကျင့်ပေးခြင်းအားဖြင့် အားကြီးသောယုံကြည်သူများနှင့် တွေ့ဆုံနိုင်ခြင်း၊ ကောင်းမွန်သောစာအုပ်များ၊ ဗီဒီယိုအခွေများနှင့် အသံဖြင့် နားထောင်စရာများ ရရှိနိုင်ခြင်းတို့သည် ကြီးမြတ်သောမင်္ဂလာများ ဖြစ်ပါသည်။ ငါတို့သည် သူတစ်ပါးအား စာဖတ်ရန်နှင့်လေ့လာရန် တောင်းဆိုမှုပြုနိုင်သော်လည်း ခရစ်တော်နှင့် အကျွမ်းဝင်မှု လေးနက်လာသည်

နှင့်အမျှ အရေးကြီးဆုံး သင်ခန်းစာများစွာတို့သည် အလွယ်တကူ အုပ်စုခွဲ၍ မရတော့ပေ။ ဤအကြောင်းကြောင့် ကျောင်းသားများသည် ကျမ်းစာကျောင်း၌ မကြာခဏ လျစ်လျူရှုခြင်းခံလျက်နေကြ၏။

## လက်တွေ့ ဂရုစိုက်ခြင်း

အုပ်စုသေးသေးလေးဖြစ်၍ တစ်ဦးကိုတစ်ဦး ပွင့်လင်းစွာ ဝေမျှနိုင်သည့် နေရာဖြစ်သောကြောင့် ဤအဆင့်၌ ညွှန်ပြပေးခြင်းသည် အကောင်းဆုံးဖြစ်၏။ တပည့်တော်ဖြစ်စေခြင်းနှင့်စပ်လျဉ်း၍ ကြီးမြတ်သော ပုံစံကား ယုံကြည်သူတစ်ဦး သည် ခရီးထွက်ခြင်း အတွေ့အကြုံများစွာရှိခြင်းကြောင့် တစ်ပည့်တော် မွေးထုတ်နိုင်ခြင်းမဟုတ်ဘဲ အခြားသူတစ်ဦးအား ရိုးရှင်းစွာနဲ့ တစ်ပည့်တော်ဖြစ်စေ နိုင်သည်ဟူသော အရာပင် ဖြစ်ပါသည်။

ဥပမာအားဖြင့် ဤတတိယအဆင့်တွင် ညီအစ်ကိုတစ်ဦး သို့မဟုတ် နှစ်ဦးကိုရှာထား၍ လိုအပ်ချက်တစ်ခုကို ရှာဖွေရမည်။ ထိုအချိန်၌ ငါ က သင်သည် မည်သည့်နယ်ပယ်၌ ကြီးထွားလိုသနည်း ဟူ၍မေးကာ ငါလည်း သူ့အား ဖြစ်စေ ချင်သည့်အရာကို ပြောပြလေ၏(ဥပမာ-ဘုရားသခင်၏စကားသံကို နားထောင်ခြင်း၊ ကျမ်းစာကို စူးစမ်းလေ့လာခြင်း)။ အချိန်အခါကို ဆုတောင်းခြင်း၊ ဝေမျှခြင်း နှင့်ဆွေးနွေးခြင်းဟူ၍ ခွဲထား၏။ နှစ်ဦးထဲက တစ်ဦးသည် မည်သည့်နေရာ၊ မည်သည့်အချိန်၌ဖြစ်စေ လက်တွေ့ တွေ့မြင်နိုင်ပါသည်။

## သင်ခန်းစာ

ဤတတိယအဆင့် ဝိညာဉ်ရေးရာကြီးထွားခြင်းသည် အရင်ကျသော အဆင့်များနှင့် ခြားနားပါသည်။ အကြောင်းမှာ ၎င်း၏ရည်မှန်းချက်ပန်းတိုင်ကား ၎င်းကို လက်ဆင့်ကမ်းမည့်အစား ထိုအဆင့်ထဲ၌ ရှင်သန်စေရန်ဖြစ်သော ကြောင့်တည်း။

- ကျနော်တို့၏ကြီးထွားခြင်းကို ခြိမ်းခြောက်သည့်အန္တရာယ်များအား ကျနော်တို့အသက်တာထဲ၌ ဘုရားသခင်လုပ်ဆောင်လျက်ရှိသည့် အရာ ပေါ်၌ အာရုံစူးစိုက်ခြင်းအားဖြင့် ရှောင်ရှားနိုင်သည်။
- ဘုရားသခင်ကြံစည်နှင့်သောလုပ်ဆောင်ချက်များကို သယ်ဆောင်သွားရန် လေ့ကျင့်ပေးသူသည် ယုံကြည်သူအသီးသီးအား မွမ်းမံတပ်ဆင်ရ၏။ သူသည်လည်း ၎င်းကို ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ခရစ်တော် နှင့်ရီးနှင့်ကျွမ်းဝင်၍ လုပ်ဆောင်နိုင်ခြင်းဖြစ်သည်။

- ခရစ်ယာန်နှင့်ဆိုင်သည့်လေ့ကျင်းသင်ကြားခြင်းသည် ယုံကြည်သူများအား ကြီးထွားဖွံ့ဖြိုးမှုဆိုင်ရာ ဤတတိယအဆင့်၌ ကြီးထွားဖို့ရန်အတွက် ပြင်ဆင်မှု များများလုပ်ဆောင်ရမည်။

## ကျက်မှတ်ဆင်ခြင်ပါ

- ဖိ၃:၁၂

## တာဝန်ပေးအပ်ခြင်း

- သင့်ဝိညာဉ်ရေးရာ ကြီးထွားခြင်းကို အထောက်အကူပြုသည့် ခရစ်ယာန်အသက်တာ အကြောင်းအရာ သုံးခုကိုရေးချပါ။ တစ်ခုချင်းစီက သင့်ကို မည်ကဲ့သို့အထောက်အကူပြုကြောင်း ရှင်းပြပ ါ။
- သင်သည် ယုံကြည်ခြင်း၌ နောက်ဆုတ်ခြင်းနှင့်ချောက်ကပ်ခြင်းကို ကြုံတွေ့ဖူးပါသလား။ တစ်ခုကို ကောက်နုတ်၍ မည်ကဲ့သို့စတင်ဖြစ်ပေါ်လာသည်ကို ထင်ဟပ်စေပါ။ ၎င်းကို နောက်ဆုံး၌ မည်ကဲ့သို့ဖြေရှင်းပါသနည်း။
- သင်သည် ရင့်ကျက်ခြင်း၏တတိယအဆင့်သို့ ရောက်နေပါသလား။ ရှင်းပြပါ။
- ယုံကြည်ခြင်းကို စောင့်ထိန်းဖို့ရန် သင်၏အကြီးမားဆုံးစိန်ခေါ်မှုကား အဘယ်နည်း။
- သင်သည် တစ်စုံတစ်ဦးအား ဝိညာဉ်ရေးရာကြီးထွားဖွံ့ဖြိုးမှု တတိယအဆင့်၌ ညွှန်ပြဖူးပါသလား။ ၎င်းသည်အဘယ်ကဲ့သို့ဖြစ်သနည်း။

# အသက်၏ရင်းမြစ်

# &

# လှေကျင့်ပေးခြင်း

## အခန်း ၃၃-၄၀

# #၃၃ အဓိက ရည်ရွယ်ချက်

အသက်အုတိုင်သည် ယုံကြည်သူများ၏အသက်တာ၌ သခင်ဘုရား၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ အမျိုးမျိုးသောဝန်းကျင်များ၌ ဘုရားသခင်၏ လူတို့ကို ပြုပြင်ပြောင်းလဲစေသည့် ဘုရားသခင်၏တန်ခိုးတော် စီးဆင်းမှုကိုလည်း ကောင်း ဖော်ထုတ်ပြသ၏။

ဘုရားသခင်သည် ၎င်း၏ကြီးထွားခြင်း အကြောင်းအရာကို ရှာဖွေလျက် နေ၏။ ကျနော်တို့သည် ဘုရားသခင်၏တိုက်ရိုက်ရည်ရွယ်ချက်များကို လျစ်လျူရှု သည်ဖြစ်စေ၊ မရှုသည်ဖြစ်စေ ဆန့်ကျင်သောအခါ ဘုရားသခင်၏အထူး အသက် တာပြောင်းလဲစေခြင်း ပြတ်တောင်းပြတ်တောင်း ဖြစ်သွားနိုင်သည်။ သို့သော် သတိရှိရှိ စဉ်းစားဆင်ခြင်ခြင်းအားဖြင့် ကိုယ်တော်၏ရည်ရွယ်ချက်များကို မိမိတို့ ကိုယ်ပိုင်အတွက် ခံယူမည်ဆိုလျှင် အဆက်မပြတ် ကိုယ်တော်၏တန်ခိုး လုပ်ဆောင်ချက်ကို ကျနော်တို့တွေ့မြင်ရလိမ့်မည်။


ကျမ်းစာကျောင်း၊ အသင်းတော်၊ မိသားစုနှင့်လူတစ်ဦးချင်းစီတို့သည် ဘုရားသခင်၏ရည်မှန်းချက်ပန်းတိုင်များကို ထောက်ရှုလျက် အသီးသီး၏အခြေ အနေများကို သေသေချာချာဆန်းစစ်ဖို့နှင့်ညှိယူဖို့လိုအပ်ပါသည်။ ကောင်းမွန် သောအကဲဖြတ်ခြင်းသည် လေ့ကျင့်ပေးခြင်းအတွက် လက်ရှိလိုအင် ဆန္ဒများအ တွက်ရော လက်ရှိအစီအစဉ်များနှင့်စီမံကိန်းများ၌ ဘုရားသခင်နှင့် နီးနီးကပ်ကပ် မလုပ်ဆောင်ခြင်း၏အကျိုးဆက်များအတွက်ပါ သုံးသပ်ဆင်ခြင် ရမည်။

များစွာသောအသင်းတော်များနှင့် အခြားခရစ်ယာန်များ၏ဖွဲ့စည်းပုံသည် ခိုင်မာသော ရည်ရွယ် ချက်များနှင့် တည်ထောင်နေစဉ်တွင် များစွာသောသူတို့သည် အပိုင်စီးခံရ၍ လွင့်မျောလျက် နေကြ၏။ အကယ်၍ အသင်းတော်တစ်ပါးသည် ဘုရားသခင်၏ရည်မှန်းချက်ပန်းတိုင်များကို မရှာဖွေလျှင် သို့မဟုတ် အသီးမသီး လျှင် စပျစ်ပင်နှင့်အဆက်ပြတ်ခြင်း မရှိကြောင်း မည်ကဲ့သို့ ယုံကြည်စိတ်ချရမည ်နည်း(ယော၁၅:၁-၆)။ များစွာသောသူတို့သည် မြင့်မြတ်သောရည်မှန်းချက်ပန်း တိုင်များနဲ့ အစပြုကြသော်လည်း သူတို့၏လမ်းကြောင်းများမှ လမ်းလွဲကြပြန်၏။ ဤသို့ မကြာခဏ ဖြစ်ရခြင်းမှာ ဘုရားသခင်လုပ်ဆောင်သော အရာပေါ်၌ မမျှော်လင့်ဘဲ အခြားသူများ၏မျှော်လင့်သောအရာ၌ အာရုံစူးစိုက်ကြသောကြောင့် ဖြစ်သတည်း။

ဘုရားသခင်သည် ကျနော်တို့ထဲက ဘွဲ့ရသောသူများ၏အရေအတွက်ဖြင့် ကျနော်တို့ကို တန်ဖိုးဖြတ် မည်မဟုတ်ပေ။ ဘုရားသခင်၏လူတို့သည် ပြောင်းလဲ၍ အခြားသူများ၏အသက်တာကို ပြောင်းလဲစေဖို့ရန် ဘုရားသခင်၏အသုံးတော်ခံဖို့ အဆင်သင့်ဖြစ်ကြပါသလား။ ခရစ်တော်က ကျနော်တို့အား ဤသို့မေးမြန်းနိုင်ပါသည်။ ငါ့လူတို့ကို မည်သည့်ဘွဲ့အားဖြင့် ငါ့ကဲ့သို့ဖြစ်စေ၍ အခြားသူများကို အမှုထမ်းဆောင် စေပါသနည်း။

ကျနော်တို့၏အဆုံးရလဒ်ကို ကျနော်တို့၏ရည်မှန်းချက်ပန်းတိုင်များနှင့် အတူ ဆန်းစစ်မည်ဆိုလျှင် ထိုရည်မှန်းချက်ပန်းတိုင်များ၏ပြီးစီးမှု တချို့ကို ကျနော်တို့မြင်တွေ့ရလိမ့်မည်။ ၎င်းသည် ကောင်းသောအရာ ဖြစ်သော်လည်း ကျနော်တို့၏အာရုံစိုက်မှုနှင့် အဓိကကျသောကြိုးစားအားထုတ်မှုများကို ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးမှုနှင့်စပ်လျဉ်းသည့် ဘုရားသခင်၏ရည်ရွယ်ချက် အပေါ်၌ ပို၍တပ်ဆင်နိုင်မည်ဆိုလျှင် မွမ်းမံတပ်ဆင်ခြင်းသည် ပိုမိုထိရောက်လာပါလိမ့်မည်။

ဘုရားသခင်သည် မိမိနှင့်အလုပ်လုပ်ဖို့ရန် နှစ်မြုပ်အပ်ခြင်းကို တောင်းဆို၏။ ထိုတောင်းဆိုမှုသည် ကိုယ်တော်အရေးပါသည်ဟု ယူဆသောအရာကို မှီအောင်လိုက်ခြင်းလည်းဖြစ်သည်။ ဘုရားသခင်သည် အမြင်သဘောတရားနဲ့ သိခြင်းကို အလိုမရှိဘဲ ကိုယ်တိုင်သိခြင်းကိုသာ အလိုရှိ၏။ လူအသီးသီး ဘုရားသခင်၌ ယုံကြည်ကိုးစားမှုရှိရမည်။ ထိုသို့သော ယုံကြည်ကိုးစားမှုသည် အမြဲဖြစ်ပျက်သောအရာဖြစ်၍ ခက်ခဲသော အချိန်အခါများ၌ ဘုရားသခင်၏မစခြင်းကို မိမိလူတို့က မကြာခဏ တွေ့ကြုံခံစားသောအရာဖြစ်ပါသည်။ ဒါဝိဒ်၏စကားကို နားထောင်ကြည့်ပါ။




အို ထာဝရဘုရား၊ အကျွန်ုပ်၏ခွန်အား ဗလတည်းဟူသောကိုယ်တော်ကို အကျွန်ုပ်ချစ်ပါ၏။ ထာဝရဘုရားသည် ငါ၏ကျောက်၊ ငါ၏မြို့ရိုး၊ ငါ့ကို ကယ်လွှတ်သခင်၊ ငါ၏ဘုရား၊ ငါကိုးစားသောအစွမ်းသတ္တိ၊ ငါ၏အကွယ်အကာ၊ ငါ့ကိုကယ်တင်သော ဦးချိုငါ၏ရဲတိုက်ဖြစ်တော်မူ၏(ဆာ၊၁၈:၁-၂)။

ဘုရားသခင်အပေါ်၌ ကိုယ်တိုင်ကိုယ်ကျ၏ယုံကြည်စိတ်ချမှု ခိုင်ခံ့ပုံကို ကျနော်တို့မြင်တွေ့ရသည်မဟုတ်ပါလော။ ဒါဝိဒ်သည် ရဲရင့်သောစစ်သူရဲ၊ လိမ္မာပါးနပ်သောသူဖြစ်သော်လည်း ထိုအရာတို့၏နောက်ကွယ်၌ ဘုရားသခင်က

မိမိတန်ခိုးပြသ၍ သူ့ကို ကူညီခဲ့သည့် ဘဝအတွေ့အကြုံပေါင်းများစွာ ခံစားခဲ့သူလည်းဖြစ်ပါသည်။ ဘုရားသခင်သည် ထိုသို့သောအမှုအရာများကို စစ်မှန်သော ယုံကြည်သူများ၌ ပြုလို၏။ ဘဝဆိုသည်မှာ ဘုရားသခင်လေ့ကျင့်ပေးသည့်ကျောင်းဖြစ်ပါသည်။

ဤဖြစ်စဉ်ကို ကျနော်တို့နားလည်ရသော်လည်း ဤအရာကို ကျနော်တို့လေ့ကျင့်ခြင်း အစီအစဉ်များနှင့် ရောယှက်ဖို့ရန် အခက်အခဲရှိ၏။ ကျနော်တို့ကိုယ်တိုင် အသက်တာ၏ကြီးထွားဖွံ့ဖြိုးမှုသည် စစ်ဆေး တိုင်းတာရန် ခက်ခဲပါ၏။ တစ်ခါတစ်ရံ ကျနော်တို့ကိုယ်ပိုင်အသင်းတော်နှင့် တရားဝင်အသိအမှတ်ပြုအဖွဲ့အစည်းများက ကျနော်တို့၏အရည်အချင်းများ ရရှိထိန်းသိမ်းရန် ကျနော်တို့အား အထူးကူညီပံ့ပိုး ပေးကြ၏။ ၎င်းသည် သာမန်အားဖြင့် အကျိုးရှိသော်လည်း တစ်ချိန်တည်းမှာပင် ကျနော်တို့၏အဖွဲ့ အစည်းများကို ဘုရားသခင်၏စံအတိုင်း မဟုတ်ဘဲ သူတို့၏စံအတိုင်း တန်ဖိုးဖြတ်ရန် ဘောင်ခတ်တတ်ကြ၏။

အားပြိုင်မှု အခင်းအကျင်းများသည် သခင်ဘုရားထံတော်ပါးမှ ကျနော်တို့၏ရည်ရွယ်ချက်ပန်းတိုင်များ အမျိုးမျိုးရှိသကဲ့သို့ ဖြစ်ပါသည်။ ကိုယ်တော်သည် မိမိ၏အဆင့်အတန်းနှင့်မျှော်လင့်ချက် ကိုက်ညီမှုရှိအောင် ကျနော်တို့အပေါ်၌ တွန်းအားထားတတ်၏။ သခင်ဘုရားသည် ကျနော်တို့နည်းဗျူဟာကို အထူးလမ်းညွှန်မှုနှင့် ဉာဏ်ပညာအားဖြင့် ပယ်ဖျက်နိုင်သည်မှန်သော်လည်း ကျနော်တို့အထဲ၌ တည်ရှိနေသည့်နည်းဗျူဟာအတိုင်း ကျနော်တို့နှင့်အတူ အလုပ်လုပ်လေ့ရှိ၏။

အသက်အူတိုင်သည် လက်ရှိကျနော်တို့၏လေ့ကျင့်ပေးခြင်း နည်းစနစ်များနှင့်အတူ ဘုရားသခင်နှင့်ဆိုင်သည့် ဝိညာဉ်ရေးရာကြီးထွားဖွံ့ဖြိုးမှု လေ့ကျင့်ပေးခြင်းကို ပေါင်းစပ်စေခြင်းငှာ လမ်းကြောင်းအမျိုးမျိုး ပြင်ဆင်ပေးသည်။ အောက်တွင် ဤအရာနှင့်စပ်လျဉ်း၍ ကျနော်တို့မည်ကဲ့သို့ ပြုရမည်ဟူသော အယူအဆတချို့ကို မျှဝေပေးပါသည်။

## အသက်အူတိုင်၏ထူးခြားသောလက္ခဏာများ

စိတ်နှလုံး၌ စောင့်ထိန်းရန် အရေးကြီးလှသည့် အခြေခံကျသော တချို့ထူးခြားသော လက္ခဏာများမှာ၊

### ➡ ဉာဏ်ပညာအရ နှိုးဆွပေးခြင်း

အသက်၏နှိုင်းစာချက်နှစ်ခုကို မေးဆက်ပြီးဖြစ်သည်။ တစ်ခုကား အသက်၏ရင်းမြစ်နှင့်စပ်လျဉ်း၍ ဒုတိယတစ်ခုကား အသက်၏ကြီးထွားဖွံ့ဖြိုးမှုကို

ဖော်ပြခြင်းဖြစ်သည်။ အလားတူသည့်အချက် တစ်ခုချင်းစီသည် အခြေခံကျသော ဝိညာဉ်ရေးရာ သမ္မာတရားများ၏ကြီးမားသော နားလည်သဘော ပေါက်မှုကို ဖြစ်ပေါ်စေပါသည်။ ကျနော်တို့သည် ၎င်းတို့အပေါ်၌ ပို၍စဉ်းစားတွေးခေါ်လေ ဝိညာဉ်ရေးရာ အသက်၏ဖြစ်ရပ်မှန်ဖြစ်သည့် မမြင်နိုင်သည့်ပိုမိုနက်ရှိုင်းသော ထိုးထွင်းသိမြင်နိုင်စွမ်းကို ရရှိလေဖြစ်သည်။

သိပ်မကြာသေးခင် သမုဒ္ဒရာ၏အောက်ခြေကို လူတွေစူးစမ်းလေ့လာ နိုင်ခြင်းမတိုင်မီ ကျနော်တို့သည် ၎င်း၌ အသက်မရှိဟုယူဆကြ၏။ ယခုကျနော် တို့သည် အလွန်နက်ရှိုင်းသော သမုဒ္ဒရာအောက်ခြေ၌ အသက် ပေါင်းများစွာရှိ၍ စိတ်ဝင်စားဖွယ်ကောင်းသည့် စူးစမ်းလေ့လာစရာ ကျယ်ပြန့်သော ကွင်းပြင်အသစ် ရှိကြောင်းကို ကျနော်တိုသိရှိရ၏။ ဤပုံစံအတိုင်း ဘုရားသခင်၏ရည်ရွယ်ချက်နှင့် လမ်းစဉ်များကို အကျယ်တဝင့် လေ့လာခြင်းသည် ထိုအသက်ကို ပေးသောအရှင် ဘုရားသခင်အကြောင်းကို ဆင်ခြင် အောက်မေ့ခြင်း၊ သင်ယူသိရှိလိုစိတ် တိုးပွားခြင်းတို့ကို မြှင့်တင်ပေးသည်။

ဤအကြောင်းကို လေ့လာခြင်းသည် ဗုဒ္ဓဘာသာ သို့မဟုတ် ရှေးကျသော အယူအဆများကဲ့သို့သော အကြောင်းအရာများကို လေ့လာခြင်းနှင့် ဆန့်ကျင့် ဘက်ဖြစ်၏။ သူတို့သည် အဆုံး၌ လူ၏ပုံပျက်ခြင်းကို ထင်ဟပ်စေကြ၏။ သို့သော် အသက်အူတိုင်မူကား ကျနော်တို့အထဲ၌ရှိသည့် ခရစ်တော်တည်းဟူသော အသက် ၏အချက်အချာသည် ကောင်းသောအရာ၊ မှန်သောအရာ၊ ရှင်သန်ခြင်းနှင့် ဖြစ်မြောက်ခြင်း စသည့်တို့ကို ကျနော်တို့၏အသက်တာ ရင်းမြစ်ထဲသို့ သွင်းပေး လေ၏(၁ယော၊၅:၂၀)။

## ➡ လွယ်လွယ်ကူကူ အကဲဖြတ်ခြင်း

အမှန်အတိုင်းဖြစ်စေဖို့ရန် ကြီးထွားဖွံ့ဖြိုးမှုဆိုင်ရာ စက်ဝိုင်း၏အစိတ် အပိုင်း တချို့ကို တိုင်းတာရန် ခဲယဉ်းပါသည်။ သို့သော် ၎င်းတို့အထဲမှ အဆင့်တစ်နှင့်အဆင့်နှစ်တို့သည် လွယ်လွယ်ကူကူ ထုတ်ဖော်၍ အကဲဖြတ် နိုင်ပါသည်။ ဤသို့ ပြောဆိုသောကြောင့် ကျောင်းသူ/သားများ၏အသက်တာ၌ အမှန်တကယ် ပြောင်းလဲခြင်းကို အာရုံစိုက်မည့်အစား အရေအတွက်နှင့် ဘွဲ့ဒီဂရီကိုသာ အာရုံစိုက်ကြသည့် အဖွဲ့အစည်းများအား တရားဝင်သည်ဟု ကျနော်တို့ထောက်ခံနေခြင်းမဟုတ်ပေ။ ကျနော်တို့သည် ဤတိုင်းတာခြင်းကို လုပ်သင့်လုပ်ထိုက်သော လေ့ကျင့်ပေးခြင်း အစီအစဉ် ဖြစ်မြောက်စေခြင်း၌ ကျနော်တို့အား လမ်းညွှန်ရန်အသုံးပြုသည်။

## ➡ ကိုယ်တိုင်ကိုယ်ကျ လုပ်ရကျိုးနပ်ခြင်း

ကျောင်းနှင့်စာသင်ခန်းများသည် ကျောင်းသူ/သားများကို ဆွဲချနိုင်သည်။ ပညာရေးအပေါ် ပုံမှန်ထက် ဖိအားပေးခြင်းသည် ဝိညာဉ်ရေးရာအသက်တာ ပြုစုပျိုးထောင်အတွက် အခန်းနည်းနည်းလေးသာ နေရာပေး တတ်၏။ ဥယျာဉ်၏မြေဆီလွှာ ဖိသိပ်လာသောအခါ အပင်၏အမြစ် ဖွံ့စည်းမှုနည်းစနစ် ကြီးထွားဖို့ရန် ခဲယဉ်းလာပါသည်။ အကျိုးရလဒ်ကား အပင်၏ကြီးထွားမှု နည်းနည်းလေးသာရှိ၏။ ဤကဲ့သို့သော ပြဿနာမျိုးသည် ကျနော်တို့၏အကောင်းဆုံးသော ကျမ်းစာကျောင်းများ၌လည်းရှိ၏။

ကျမ်းစာသင်ပေးသောဆရာများရော ကျောင်းသူ/သားများပါ နှစ်ဝက် စာသင်ကာလ၏အလုပ်နှင့် စပ်လျဉ်း၍ အသိပညာတောင်းဆိုမှုကြောင့် အရှိန်ကျ လာကြ၏။ ထိုသူတို့သည် သူတို့၏ဝိညာဉ်ရေးရာအတွက် တန်ဖိုးရှိသည့်အချိန် နည်းနည်းလေးသာ ရရှိကြတော့သည်။ အာရုံစူးစိုက်မှုသည် စစ်မှန်သောကြီးထွား ခြင်းသို့ ဦးတည်နိုင်သောအခါ အရာအရာအားလုံး ပိုမိုအဓိပ္ပာယ်ရှိလာ၍ ကိုယ်ကိုယ်တိုင် အရာရောက်လာမည် ဖြစ်သည်။

## ➡ တန်ခိုးပေးခြင်းနှင့်စိတ်ဝင်တစားရှိခြင်း

ကျနော်တို့သင်ယူခြင်းမှာသမျှသည် အသက်တာတည်ဆောက်ရေး အတွက် အဓိပ္ပာယ်ရှိစေသည့်အရာဖြစ်ရမည်။ ကျောင်းသားတစ်ဦးသည် မိမိကိုယ်ကို ယုံကြည်စိတ်ချရန်အတွက်သာ အသိပညာလိုအပ်တာ မဟုတ်ဘဲ ထိုအသက်တာကို ဘုရားသခင်ထံမှ ပြုစုပျိုးထောင်ရမည်။ ထိုကျောင်းသားသည် သူသင်ယူခဲ့သည့်အရာများကို သူ့အသက်တာထဲ၌ ပိုမိုကောင်းမွန်စွာ ချိတ်ဆက် နိုင်လေ သူ၏သင်ယူမှုသည် ပို၍မှန်ကန်မှု ရှိလေဖြစ်ပါမည်။ အသိပညာ သင်ခန်းစာသည် နားလည်သဘောပေါက်ရုံအတွက်သာ ကောင်းသည် မဟုတ်ဘဲ၊ ၎င်းသည် အသက်တာနှင့်လုပ်ငန်းထဲသို့ မည်ကဲ့သို့ ဆက်နွယ်ကြောင်းကို နှလုံးသွင်းခြင်းသည် ပို၍ကောင်းပေ၏။ အကယ်၍ သူတို့၏အသိပညာနှင့် လက်တွေ့လေ့လာမှုများကို အသက်အူတိုင် အယူအဆများနှင့်အတူ တပြိုင်နက် ပေါင်းစပ်နိုင်လျှင် သူတို့အသက်တာနှင့်အခြားသူများ၏ အသက်တာများ၌ ဘုရားသခင်လုပ်ဆောင်လျက်ရှိသည့်အရာကို စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေး နိုင်မည်ဖြစ်ပါသည်။ သင်ခန်းစာများသည်လည်း ဘုရားသခင်၏ရည်ရွယ်ချက်နှင့် တိုး၍တိုး၍ ပေါင်းစည်းလာမည်။ ဤထိုးထွင်းသိမြင်နိုင်စွမ်းသည် စိတ်လှုပ်ရှား ဖွယ်ဖြစ်၍ တန်ခိုးရှိ၏။

## ➡ ဘုရားသခင်အပေါ် အာရုံစူးစိုက်မှုနှင့်ဝိညာဉ်တော်၏အကူအညီ

ကျောင်းသားများသည် သီအိုလော်ဂျီနှင့်ဘုရားသခင် အကြောင်းကို သင်ယူလေ့လာနေကြသော်လည်း အန္တရာယ်များစွာရင်ဆိုင်ကြ၏။ ဘုရားသခင်ကို သိရှိခြင်းနေရာ၌ အခြားအစားထိုးခြင်းသည် အကြီးမားဆုံး ပြဿနာ ဖြစ်လာသည်။ အကယ်၍ ကျနော်တို့သည် ဘုရားသခင်၏ဘုန်းအသရေနှင့် ရည်ရွယ်ချက်အပေါ်၌ မှန်ကန်စွာအာရုံစူးစိုက်လာပါက အခြားသောအရာများ ပျောက်ကွယ်သွားမည်။ ဘုရားသခင်နှင့်အတူ ရှင်သန်ခြင်း၌ ဤသို့သော အဓိကရည်မှန်းချက်မရှိပါက အခြားသော ရည်မှန်းချက်များက နေရာယူ ထိန်းချုပ်ပေမည်။

## ➡ ကြွံကြွံခံသော အသီး

ကျနော်တို့၏လူ့အဖွဲ့အစည်းသည် ပြုပြင်ပြောင်းလဲခြင်း လိုအပ်သည်။ ဤလိုအပ်ချက်များသည် ဘုရားသခင်၏လူတို့က သူတို့ရရှိသည့်ဘွဲ့ဒီဂရီထက် ဘုရားသခင်နှင့်ရင်းနှီးလာခြင်းအားဖြင့် အပြောင်းအလဲ ရှိလာမည်ဖြစ်သည်။ ဝိညာဉ်ရေးရာ ပြုပြင်ပြောင်းလဲခြင်း၌ အချိန်အခါနှင့်အာရုံစူးစိုက်မှု လုံလောက်မှု မရှိသောအခါ အတွင်းပိုင်းကြီးထွားခြင်းသည် တစွပ်စွပ်မြည်လာ၍ စုံလင်ခြင်းသို့ မကြီးထွားမီ အသီးမသီးဘဲ နေတတ်၏။

## ဂရုတစိုက် စစ်ဆေးခြင်း

ကျနော်တို့သည် ကျောင်းသူ/သားများအား ကျမ်းစာကျောင်း၌ သူတို့၏ လေ့ကျင့်ခြင်းကာလအတွင်း ဖြစ်ပျက်သောအရာကို စစ်ဆေးခြင်းမဟုတ်ပေ။ ရန်သူသည် အမြဲလှုပ်ရှား၏။ သို့သော် မှန်ကန်သော လေ့ကျင့်ပေးခြင်းသည် ဘုရားသခင်၏လူတို့ကို ရန်သူ၏လှည့်ကွက်များထဲမှ အကာအကွယ်ပေးနိုင်သည်။

ယေရှုက ကောင်းသောအလုပ်များဖြစ်သည့် သူ၏အလုပ်များသည် သူနှင့်ပေါင်းစည်းခြင်းမှ လာသည်ဟုဆို၏(ယော၊၁၅:၅)။ လိုအပ်သည့်ကျွမ်းကျင်မှုများ၊ အကျင့်စရိုက်နှင့်ဝိညာဉ်ရေးရာ စည်းကမ်းချက်များကို အသားပေးခြင်းအားဖြင့် ကျောင်းသားများ၏အသက်တာထဲသို့ ဤစိတ်နေ သဘောထားကို ပို၍ပေါင်းစပ်နိုင်မည်ဖြစ်သည်။

ပေါလုသည် ကျနော်တို့ မြှင့်တင်ဖို့ရန် လိုအပ်သောဤအပြောင်းအလဲကို အကျဉ်းချုပ်လိုက်ပါသည်။ "ဝိညာဉ်တော်၏အသီးအပွင့်မူကား ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ မိမိကိုယ်ကို ချုပ်တည်းခြင်းပေတည်း။ ဤအရာများကို ဆန့်ကျင်သောတရားမရှိ" (ဂ၊၅:၂၂-၂၃)။

စကားလုံးအမျိုးမျိုး အသုံးပြုသော်လည်း ကျနော်တို့ရှာဖွေသည့် အသီးအပွင့်၏အရည်အသွေး၌ ဂရုတစိုက်အာရုံစူးစိုက်ဖို့ လိုအပ်ပါသည်။ ကောင်းသောအသီးသည် ဘုရားသခင်၏မျက်မှောက်တော်၌ အသက်ရှင်သောသူများ၏ ထူးခြားသော လက္ခဏာဖြစ်ပါသည်။

## အကျဉ်းချုပ်

ဝိညာဉ်ရေးရာ ကြီးထွားခြင်းအပေါ် အထူးအလေးပေးခြင်းနှင့်အတူ ၎င်း၏ကြီးထွားဖွံ့ဖြိုးမှုဆိုင်ရာ ရှင်းလင်းသောလမ်းကြောင်းသည် မရှိမဖြစ်လိုအပ်၏။ အကြောင်းမှာ သာသနာလုပ်ငန်းအတွက် ပြင်ဆင်မ နှစ်ကာလအတောအတွင်း၌ ကျမ်းစာ၏ရှုထောင့်အမြင်ကို ထိန်းသိမ်းနိုင်ဖို့ရန်ဖြစ်သည်။

ကျနော်တို့၏ရည်မှန်းချက်ဖြစ်သည့် အသက်တာပြုပြင်ပြောင်းလဲခြင်းအစီအစဉ်သည် ကျောင်းသူ/ သားများ၏အသက်တာထဲမှ ပေါက်ဖွားလာသည့် အကြီးမားဆုံးသောအသီးအပွင့်အတွက်ကို ရှာဖွေရမည်။ သို့မဟုတ်လျှင် ဤအသက်သည် အခြားသူများ၏အသက်တာထဲ၌ သွတ်သွင်းမည့်အစားသေသွားမည်ဖြစ်သည်။ ခရစ်ယာန်အသိုင်းအဝန်း စာသင်ခန်းများ၌ လေ့လာဆည်းပူးခြင်းသည် ဘာသာရေးဆန်သည့် အတွေးအခေါ် ဖြစ်လာသော်လည်း တကယ့်အသက်ရှင်ခြင်းအတွက် ဘာမှအကျိုးမပြုပေ။ အသက်အူတိုင်သို့ ပြန်လှည့်ခြင်းသည် ကျနော်တို့အား ဘုရားသခင်ထံသို့ ပို့ဆောင်၍ သူ၏အသက်-ပွားများစေခြင်း တန်ခိုးကို ဖြစ်ပေါ်စေသည်။

## သင်ခန်းစာ

- ဘုရားသခင်သည် သူ၏အဆင့်အတန်းနှင့်မျှော်လင့်ချက်များ အပေါ်၌ အာရုံစူးစိုက်ရန် ကျနော်တို့အား စိန်ခေါ်ခြင်းအားဖြင့် ကျနော်တို့ကောင်းကျိုးအတွက် ဩဇာလွှမ်းမိုးမှု အစပြု၏။
- အသက်အူတိုင်၌ တွေ့ရှိသည့်တန်ဖိုးသည် ဦးစားပေးဖို့ရန် ကြွယ်ဝချမ်းသာ၍ ထိုက်တန်လှပေ၏။
- ကျနော်တို့သည် ကိုယ်တိုင်ကိုယ်ကျ လုပ်ရကျိုးနပ်သော လိုအပ်ချက်များကို ရှာဖွေသောအခါ ဘုရားသခင်ဆိုလိုသည့်သူနှင့်နီးကပ်စေခြင်းဖြစ်သည့် လေ့ကျင့်ခြင်းကို ရှာဖွေတွေ့ရှိခြင်းထက် ပို၍တန်ဖိုးရှိသော အရာမရှိတော့ပေ။

## ကျက်မှတ်ဆင်ခြင်ပါ

- ဂါ ၅:၂၂-၂၃
- ဆာ၊၁၈:၁-၂

## တာဝန်ပေးအပ်ခြင်း

- သင်၌ ဘဝရည်မှန်းချက်ပန်းတိုင်ရှိပါသလား။ ၎င်းသည် အဘယ်နည်း။ ၎င်း၌ ဘုရားသခင်ကို ပို၍နက်ရှိုင်းစွာသိခြင်းနှင့်ပို၍ရင်းနှီးကျွမ်းဝင်ခြင်း နည်းလမ်းများပါဝင်ပါသလား။
- သင်တွဲဖက်ပါဝင်သည့် ကျမ်းစာကျောင်း သို့မဟုတ် အသင်းတော်၏ အဓိက ရည်မှန်းချက်ပန်းတိုင်ကား အဘယ်နည်း။ သူတို့ကို ဂရုတစိုက် လေ့လာပါ။ ထိုသူတို့တည် ဘုရားသခင်၏ကြီးမြတ်သော ရည်မှန်းချက် ပန်းတိုင်များကို အဘယ်သို့ခိုင်းနှိုင်းသနည်း။ ရှင်းပြပါ။
- ဆာလံ ၁၈ ကို ဖတ်ရှု၍ ဒါဝိဒ်သည် သူ၏အသက်တာ၌ ဘုရားသခင် ပြုသောအမှုကြောင့် မည်ကဲ့သို့ လေးလေးနက်နက်အကျိုးထိရောက်မှု ရရှိသည်ကိုသတိပြုရမည်။

# #၃၄ အတွင်းပိုင်း လုပ်ဆောင်ချက်များ

ပေါလုသည် သူ၏ရည်မှန်းချက်ပန်းတိုင်များကို "အသက်နှင့်ဆိုင်သော နှုတ်ကပတ်တော်ကို စွဲကိုင်ထားလျက်" ဟူ၍ အကျဉ်းချုပ်ထား၏။ ၎င်းသည် သူ၏ အတွေးအခေါ်များ၊ ဆုံးဖြတ်ချက်များနှင့် သဘောထားရှိသမျှတို့၌ ခရစ်တော်၏ နှုတ်ကပတ်တော် ထိထိရောက်ရောက် အားထုတ်၍ လမ်းညွှန်ဖို့ရန် အခွင့်ပေးခြင်း ဖြစ်သည်။

"အရာခပ်သိမ်းကို ညည်းညူခြင်းနှင့် ငြင်းခုံခြင်းမရှိဘဲ လုပ်ဆောင်ကြလော့။ ဤသည်ကား ကောက်ကျစ်၍ ဖောက်ပြန်လမ်းလွဲသောမျိုးဆက်၏ အလယ်တွင် သင်တို့သည် ရိုးသား ဖြူစင်လျက် အပြစ်တင်စရာမရှိသောသူများ၊ အပြစ်အနာအဆာကင်းသော ဘုရားသခင်၏သားသမီးများဖြစ်ကြပြီး အသက်နှင့် ဆိုင်သောနှုတ်ကပတ်တော်ကို စွဲကိုင်ထားလျက် ဤလောက ၌ရှိသောအလင်း ရောင်များကဲ့သို့ သူတို့အထဲတွင် ထွန်းလင်းကြမည်အကြောင်းတည်း။ ထိုသို့ အားဖြင့် ငါသည် အချည်းနှီးအားထုတ် လုပ်ဆောင်ခဲ့သည်မဟုတ်ကြောင်း ခရစ်တော်၏ နေ့ရက်၌ ဂုဏ်ယူဝါကြွားနိုင်မည်(ဖိ၊၂:၁၄-၁၆)။

ပေါလုသည် သူ၏တွေးတောကြံမှုများနှင့်လုပ်ဆောင်ချက်များကို သူ့အား ဘုရားသခင်ခေါ်ခြင်းနှင့် ယှဉ်လျက် ပုံမှန်ပြန်လည်ဆန်းစစ်၏။ ကျောင်းများ၊ အသင်းတော်များ၊ ခရစ်ယာန်စီးပွားရေးလုပ်ငန်းများနှင့် ခရစ်ယာန်တစ်ဦးချင်းစီ တို့သည် အပြင်ပန်းအားဖြင့် သူတို့၏ပုံစံ၊ ဘာသာစကားနှင့်အချိန်အခါတို့ဖြင့် ပုံဖော်ကြသော်လည်း ပေါလုကဲ့သို့ လုပ်ဆောင်ကြရမည်။ ၎င်းသည် ကောင်းပေ၏။ ဘုရားသခင်၏အသက် လမ်းကြောင်းနှင့်ဆိုင်သော အကြောင်းအရာကို မည်သည့် အရာနှင့်မျှ အလဲအလှယ်လုပ်လို့ မရပေ။

ကျွန်ုပ်တို့၏အဓိက အခက်အခဲကား ဤအသက်အူတိုင်ကို ကျွန်ုပ်တို့၏ လေ့ကျင့်ခြင်း အလယ်ဗဟို၌ မည်ကဲ့သို့မှန်ကန်စွာနေရာချထားမည်ကို သိရှိရန်ဖြစ် ပါသည်။ ဥယျာဉ်ထဲ၌ အပင်များ နီးနီးကပ်ကပ် စိုက်ခြင်းသည် အားလုံးကြီးထွား ဖို့ရန် မွန်းကျပ်စေပါသည်။ အပင်တိုင်း နေရောင်ခြည်ကောင်းကောင်းရရှိ၍ လေဝင်လေထွက်ကောင်းအောင် ကျွန်ုပ်တို့သည် တစ်ပင်နှင့်တစ်ပင် အကွာ အဝေးကို ဦးစားပေးချင့်ချိန်ရမည်။ ဤသို့ နေရာချထားခြင်းနှင့်စပ်လျဉ်း၍ ဦးစားပေးခြင်းသည် ဘုရားသခင်နှင့်အခြားသူများသို့ ဆိုလိုချက်တစ်ခုဖြစ်လာ၍ ကျွန်ုပ်တို့၏အဓိက ရည်ရွယ်ချက်သည် အရည်အသွေးထဲက အရည်အချင်း ဖြစ်ပါသည်။

## 'ဘာလဲမဟုတ်ဘဲ မည်သူလဲဟူ၍ ဖြစ်၏'

အသီးသီးတို့အား ဘုရားသခင်အစပြု ပြောင်းလဲစေခြင်းသည် ကျနော်တို့ လေ့ကျင့်ခြင်း၏အဓိက အစိတ်အပိုင်းဖြစ်လာသည်ကို ကျနော်တို့နားလည် ထားကြရမည်။ ဤသော့ချက် အစိတ်အပိုင်းမရှိပါက ထိရောက်သောလေ့ကျင့် ခြင်းသည် မကြာမီကျဆင်းသွားမည်။

ကျနော်တို့သည် တစ်ဦးချင်း၏ပြောင်းလဲခြင်း အပေါ်၌ အာရုံစူးစိုက်ခြင်း မရှိတာလည်းဖြစ်နိုင်ပါသည်။ သည်နေရာ၌ ဖြစ်နိုင်ချေပုံစံနှစ်ခုကို ကျနော်တို့ ချပြဖို့ မျှော်လင့်ထားပါသည်။

တစ်ဖန် ကျနော်တို့ပြောနေရင်းနဲ့ စိတ်နှလုံးထဲ၌ ခရစ်ယာန်ကျောင်း တစ်ကျောင်းကို စဥ်းစားမိပြန်၏။ ရွေးစရာ နှစ်ခုရှိသည်။

(၁) အသက်အရွယ်အတိုင် လေ့ကျင့်ပေးခြင်းကို ကြီးထွားဖွံ့ဖြိုးမှုဆိုင်ရာ အစီအစဉ်အဖြစ် သီးသန့်ထိန်းသိမ်းပါ။

(၂) ဝိညာဉ်ရေးရာ ပြုပြင်ပြောင်းလဲခြင်း အစီအစဉ်ကို တည်ရှိနေသည့် အစီအစဉ်ထဲသို့ ပေါင်းစပ် လိုက်ပါ။

အသီးသီး စိန်ခေါ်မှုရှိ၏။ ပထမတစ်ခုကို ရှင်းပြပါ့မည်။ အခြားတစ်ခုသည် ပထမတစ်ခုကို ကျနော်တို့နားလည်လာသည်အမျှ ပို၍ပေါ်လွင်လာပြီး အကျဉ်းချုပ် ဆွေးနွေးသွားမည်ဖြစ်ပါသည်။ အသက်အရွယ်အတိုင်သည် အသင်းတော်နှင့်အခြား နေရာများ၌ အဘယ်ကဲ့သို့ဖြစ်သည်ကို ဤအရာက ပိုမိုကောင်းမွန်စွာ ရှင်းလင်း စေမည်။

## ၎င်း၏ထင်ရှားသောနေရာကို သီးခြားထားပါ

အသက်အရွယ်အတိုင်၏ကိုယ်စားပြုခြင်း ထိမ်းသိမ်းခြင်းသည် ၎င်း၏ရည်မှန်း ချက်ပန်းတိုင်များကို ရှင်းလင်း စေဖို့ရန်သော်လည်းကောင်း၊ အခြားသောလေ့ ကျင့်ခြင်း/သင်ခန်းစာများသို့ သင့်တော်သောဆက်နွယ်မှုရှိစေရန်သော်လည်း ကောင်း၊ ၎င်း၏အကာအကွယ်အား အာမခံပေး၍ စုံလင်သောကြီးထွားဖွံ့ဖြိုးမှု ရှိစေရန်သော်လည်းကောင်း အရေးကြီး၏။

ရစ်လိမ်သောပုံစံသည် ကျနော်တို့အသက်တာအတွက် ဘုရားသခင်နှင့် ဆိုင်သောကြီးထွားဖွံ့ဖြိုးမှု အစီအစဉ်၏ကြီးထွားခြင်းနှင့်ညှိနှိုင်းခြင်းတို့ကို အား ထုတ်မှုများကို အလေးထားသည်။ အသက်တစ်ချောင်းဖြစ်သကဲ့သို့ ၎င်းသည်




တစ်ခုဖြစ်၍ ရည်မှန်းချက်ပန်းတိုင်လည်းတစ်ခုဖြစ်၏။ အရာအားလုံးသည် ပေါင်းစပ်ထားခြင်းဖြစ် သည်။

သင်ခန်းစာ သို့မဟုတ် အစီအစဉ်တိုင်းသည် အသက်၏ အနှစ်သာရ ရည်မှန်းချက်ပန်းတိုင်နှင့်သင့်တော်ရမည်။ တစ်စုံတစ် ယောက် သည် မတူညီသော လှုပ်ရှားမှုများ သို့မဟုတ် အဆင့်အတန်း များကို အကဲဖြတ်သော် သူသည် ၎င်း၏အဓိက ရည်ရွယ်ချက် ဘက်သို့ ပြန်လှည့်လာရမည်။ ဝိညာဉ်ရေးရာ ဦးတည်ချက်ကို သီးသန့် စောင့်ထိန်းခြင်း အားဖြင့် ကျနော်တို့ မြင်တွေ့လိုသော အရာမှစ၍ ကြီးထွားဖွံ့ဖြိုးမှု၏အဆင့်တိုင်း၌ မည်သို့ဖြစ်မည်ကို ရှင်းလင်းစေပါသည်။

ရည်မှန်းချက်ပန်းတိုင်သည် အမျိုးမျိုးဖော်ပြနိုင်သော်လည်း ၎င်း၏အဆုံးသည် မည်သည့်အခါမျှ အမျိုးမျိုးမဖြစ်သင့်ပေ။ ကျနော်တို့သည် ယုံကြည်သူ အသီးသီးတို့၏စုံလင်သော ကြီးထွားဖွံ့ဖြိုးမှုကို မြင်တွေ့ လိုပါသည်။ သို့မှသာ သူတို့သည် ခရစ်တော်နှင့် ရင်းနှီးကျွမ်းဝင်၍ ဘုရားသခင်ရည်ရွယ်ထားသည့် အလုပ်ကို အပြည့်အဝသယ်ပိုးနိုင်မည်ဖြစ်ပါသည်။

များစွာသောသူတို့သည် တစ်စုံတစ်ရာကို ရွေးရှု၍ လုပ်ဆောင်လျက် သူတို့စိတ်ဝင်းစားမှုများနှင့် အစွမ်းအစများကို ပေးဆပ်သည့်အလျောက် မြင့်မြတ်သော ဤရည်ရွယ်ချက်ပန်းတိုင်ကို ငြင်းပယ်ကြလိမ့်မည်။ သို့သော် ဤကြီးထွားဖွံ့ဖြိုးမှုသည် ဖြစ်ပျက်လျက်ရှိသည်ကို ယုံကြည်စိတ်ချဖို့ အရေးကြီး ပါသည်။

## အစပြုသည့်နေရာ

ကျောင်းသားတိုင်း အစပြုသောအခါ တစ်နေရာရာ၌ရှိကြ၏။ ဝင်ခွင့်စာပေးပွဲသည် တစ်စုံတစ်ဦး၏ ကျမ်းစာဗဟုသုတနှင့်ကိုယ်တိုင်အတွေ့အကြုံကို စမ်းသပ်အကဲဖြတ်ခြင်းဖြစ်ပါသည်။ ဤအရာသည် အစပြုသည့်နေရာဖြစ်သော်လည်း ကျနော်တို့သည် တစ်စုံတစ်ဦး၏ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးမှု အပေါ်၌ အခြေခံကျကျ အာရုစိုက်ဖို့လိုအပ်ပါသည်။ အဆင့်သုံးဆင့် အသီးသီး၌ တချို့သောစံနှုန်းကို အသုံးပြုခြင်းအားဖြင့် ကျောင်းသား၏ကြီးထွားခြင်း အခြေအနေကို စမ်းသပ်နိုင်ပါသည်။ ထိုသို့ဖြင့် သူသည် မည်သည့်နေရာ၌ ကောင်းကောင်းကြီးထွား၍ မည်သည့်နေရာ၌ ကြီးထွားဖို့ရန် လိုအပ်ကြောင်း သိရှိလာမည် ဖြစ်ပါသည်။

တစ်ဦးချင်းစီ၏ဝိညာဉ်ရေးရာ ရင့်ကျက်ခြင်းသည် အသိဉာဏ်ထက်မြက်မှုနှင့်မတူပေ။ ယေရှုသည် ဖာရိရှဲတို့၏အသိဉာဏ်နှင့်ပတ်သက်၍ အသိတရားကင်းမဲ့ခြင်းကို ဝေဖန်ပြစ်တင်ခြင်းမပြုခဲ့ပေ။ သမ္မာကျမ်းစာအပေါ် သူတို့၏ချဉ်းကပ်မှုသည် လက်ခံဖွယ်ဖြစ်သော်လည်း ဝိညာဉ်ရေးရာ၌ သေလျက် အပြင်ပန်းသဏ္ဌာန်ကို အားထားကြသောကြောင့် ကျမ်းစာ၏ဆိုလိုရင်းကို မှန်ကန်စွာမမြင်နိုင်ရုံမက သူတို့အသက်တာ၌ လက်တွေ့ကျင့်သုံးခြင်းမရှိကြပေ။

ပထမစိန်ခေါ်မှုကား လူတစ်ဦးရှိသည့်နေရာကို အကဲဖြတ်ရန်၊ ဒုတိယစိန်ခေါ်မှုကား ထိုသူသွားမည့်နေရာကို အမြင်အာရုံပေးရန်၊ တတိယစိန်ခေါ်မှုကား ထိုနေရာသို့ ရောက်ရှိအောင် ကူညီရန်တို့ဖြစ်ပါသည်။

ကြီးထွားခြင်းဆိုင်ရာ ဤအချက်များကို အချိန်မှီဖော်ထုတ်၍ သူတို့နှင့်အတူ ထိုသို့သော ဆွေးနွေးမှုများကို လုပ်ဆောင်ပေးခြင်းအားဖြင့် သူတို့အားမှန်ကန်သောလမ်းကြောင်း၌ ခြေလှမ်းစေပါသည်။

ထိုသို့သောမျိုးစေ့ကို ကျဲခြင်းအားဖြင့် ကျောင်းသားများ ကြီးထွားခြင်းကိုကျနော်တို့မျှော်လင့်ပါသည်။ ကျမ်းစာသိခြင်း ဗဟုသုတ၌ မဟုတ်ဘဲ ခရစ်တော်နှင့်အတူ သူတို့၏ဝိညာဉ်ရေးရာ ကြီးထွားမှုကို မျှော်လင့်ခြင်းဖြစ်ပါသည်။ သူတို့အဖို့ကျနော်တို့၏ယုံကြည်ခြင်းသည် သူတို့၏မျှော်လင့်ချက်များနှင့် ဦးတည်ချက်များကိုစတင်ပုံသွင်းရန်ဖြစ်ပါသည်။

ကျနော်တို့၏ရည်ရွယ်ချက်ပန်းတိုင်သည် ယုံကြည်သူအသီးသီးအတွက်ယေဘုယျမြေပုံကို ချပြခြင်းမဟုတ်ပေ။ အသီးသီးတို့၌ စတင်ရမည့်နေရာ အမျိုးမျိုးရှိ၏။ မည်သို့ပင်ဖြစ်စေ ကျနော်တို့သည် ထိုနယ်ပယ်များ၌ ကြီးထွားခြင်းကိုမြင်တွေ့လို၏။

တချို့သောသူတို့သည် အမျက်ဒေါသ ထိန်းချုပ်ခြင်းနှင့်စပ်လျဉ်း၍ဆွေးနွေးရန် အကြောင်းများရှိနိုင်သည်။ ပြဿနာချင်းတူသည့်တိုင်အောင်ထိုသူတို့၏အနေအထားသည် အခြားသောသူများ၏ အနေအထားနဲ့ ခြားနားသော်လည်း ဖြေရှင်းချက်ကား အတူတူပဲဖြစ်ပါသည်။ ထိုအရာများကို ကျောင်းသားများနှင့်ဆွေးနွေးရန် အချိန်ယူခြင်းအားဖြင့် ၎င်းအပေါ်၌ တစ်စုံတစ်ရာ လုပ်ဆောင်ဖို့လိုအပ်၍ ထုတ်ဖော်နိုင်တဲ့အကြောင်း သူတို့၏စိတ်နှလုံးသည် စတင်အားရုံစူးစိုက်လာကြ၏။

ကိုယ်တိုင်ညွှန်ပြပေးခြင်းသည် ကဏ္ဍတစ်ခုအဖြစ် ပါဝင်သော်လည်းစာသင်ခန်း၌ သင်ကြားခြင်း သို့မဟုတ် အထူးနှီးနှောဖလှယ်ပွဲတို့လည်းကဏ္ဍတစ်ခုအဖြစ် ပါဝင်နိုင်၏။ ကျနော်တို့သည် လူငယ် ယုံကြည်သူများကိုလေ့ကျင့်ပေးခြင်းအားဖြင့် ဝိညာဉ်ရေးရာ၌ ပိုမိုရင့်ကျက်သော ကျောင်းသားများကိုတိုးမြှင့်နိုင်သည်။

သခင်ယေရှုကို အမှန်တကယ် မသိရှိသူများအနေနဲ့ တိကျသောဆုံးဖြတ်ချက်ချဖို့လိုအပ်ပါလိမ့်မည်။ ကျနော်တို့သည် ထိုဆုံးဖြတ်ချက်ချခြင်းနှင့်စပ်လျဉ်း၍ အသင်းတော်များ၌ ရေနှစ်ချင်းမင်္ဂလာမခံမီ မေးမြန်းလေ့ရှိ၏။ ကျောင်းများအနေနဲ့လည်း ဤအရာကို ပါးနပ်စွာဖြင့် သုံးသပ်အကဲဖြတ် လုပ်ဆောင်ပါလိမ့်မည်။ အသက်သည် မယုံကြည်သူများ၌ မရှိသောကြောင့် ကြီးထွားခြင်းဆိုတာ မဖြစ်နိုင်ပေ။ ယုံကြည်သူတစ်ဦး၌ပင် အသက်၏အမှတ်လက္ခဏာကို မြင်တွေ့ဖို့ ခဲယဉ်းတတ်ပါသည်။

အကယ်၍ ကျောင်းသားများသည် ကျောင်း၏ရည်မှန်းချက်ပန်းတိုင်များနှင့် တထပ်တည်းမကျလျှင် သူတို့နှင့်အတူ ကျနော်တို့၏ရည်မှန်းချက်ပန်းတိုင်များကို ရှင်းလင်းခြင်းအားဖြင့် သူတို့ကိုသူတို့ သီးခြား ခွဲထွက်လာပါလိမ့်မည်။ တစ်နည်းပြောရရင် ကျနော်တို့၏ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းစနစ်များကို ဆွဲဆောင်မှုရှိအောင်လုပ်သင့်သည်။ စိတ်ဝင်စားမှုမရှိသောကျောင်းသားများ မပါဝင်ခြင်းအားဖြင့် ကျနော်တို့သည် ကျောင်း သို့မဟုတ် အသင်းတော်အတွက် ပို၍ကြီးမားသောဦးတည်ချက်ကို တည်ဆောက် နိုင်မည်ဖြစ်ပါသည်။

## တိကျသော ရည်ရွယ်ချက်ပန်းတိုင်များကို ဖော်ထုတ်ခြင်း

ကျောင်းသားများ၏ဝိညာဉ်ရေးရာခရီး၌ မှီခိုအားထားမည်ဆိုလျှင် သူတို့၏ဝိညာဉ်ရေးရာ ကြီးထွား ဖွံ့ဖြိုးမှု ခြေလှမ်းဆက်လှမ်းစေဖို့ရန် ကျနော်တို့သည် သူတို့နှင့်အတူ ဂရုတစိုက်အလုပ်လုပ်ဖို့ လိုအပ်ပါသည်။

စာသင်ခန်း၌ သင်ကြားခြင်းသည် တချို့သော ဤလေ့ကျင့်ခြင်းကို အထောက်အကူပြုနိုင်သည်။ ကျောင်းသားများသည် မိမိတို့၏အသက်တာများကို ထိုအတိုင်း ယူဆကြသည်ကို ကျနော်တို့သတိပြုရမည်။ အသက်တာ၏စီမံချက်များကို ကျောင်းသားများအား ပေးအပ်ခြင်းအားဖြင့် သမ္မာကျမ်းစာက သူတို့အား မည်သည့်အကြောင်းအရာဖြင့် ပြောပြသည်ကို ရရှိနိုင်ပါသည်။ .

အဆင့်တိုင်း၌ ကျောင်းသားများသည် အရာများစွာတို့ကို သင်ယူကြ၏။ ကဏ္ဍတစ်ခု အပေါ်၌ အကျဉ်းချုပ် ထိတွေ့ကြည့်ပါမည်။

ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးမှုသည် ဝိညာဉ်ရေးရာ စည်းကမ်းများထဲမှ တစ်ခုဖြစ်သည့် အတွင်းပိုင်း ရောင်ပြန်ဟပ်ခြင်းအားဖြင့် ကြီးမားစွာ အထောက်အကူပြု၏။ အသီးသီးတို့သည် ဘုရားသခင်ပြောဆိုနေသည့် အရာကို တိတ်ဆိတ်စွာ နားထောင်ဖို့လိုအပ်သည်။ ဝိညာဉ်ရေးရာကြီးထွားဖွံ့ဖြိုးမှုနှင့်စပ်လျဉ်း၍ အဆင့်တိုင်း၌ ခြားနားသည့်လက္ခဏာသွင်ပြင်များရှိ၏။

(၁) အသစ်သောယုံကြည်သူသည် ခမည်းတော်ဘုရားအသံကို ကြားထောင်ဖို့ သင်ယူလျက်နေ၏။ ယုံကြည်သူသည် ဩတ္တပ္ပစိတ်အားဖြင့် သန့်ရှင်းသောဝိညာဉ်တော် အလုပ်လုပ်နေသည်ကို စတင် သိရှိလာသည်။

(၂) လူငယ်ယုံကြည်သူသည် ဝိညာဉ်တော်၏စကားနှင့်နတ်ဆိုး၏စကားသံတို့ကို ခွဲခြားသိမြင်တတ်လာသည်။ သူသည် ဝိညာဉ်တော်၏ စကားတော်များသို့ မည်ကဲ့သို့တုံ့ပြန်မည်ကို မှန်ကန်စွာ သင်ယူ၍ သူ့ကိုယ်သူ ကာကွယ်ရန် ၎င်းတို့ကို အသုံးပြုကာ သွေးဆောင်ခြင်းကို တိုက်ထုတ်လေ၏။

(၃) ရင့်ကျက်သောယုံကြည်သူသည် ပြောဆိုခဲ့သည့်အရာ၌ ဆက်လက်ကြီးထွား၍ ဝတ်ပြုကိုးကွယ်ခြင်း၌ အချိန်များများပေးကာ လေ့ကျင့်သင်ကြားခြင်းခံလျက်၊ လမ်းညွှန်ခြင်းခံလျက်၊ ဘုရားသခင်အားဖြင့် ကာကွယ်ခြင်းကိုလည်းခံယူလျက်နေ၏။ အရာအားလုံး သူ့အသက်တာအားဖြင့် ဘုရားသခင်အသီးသီးစေလိုသည့် တိကျသောလမ်းစဉ်အားဖြင့် အသုံးပြုတတ်လာ၏။

## အဆင့်မြင့် ပန်းတိုင်များနှင့်ရည်မှန်းချက်များ

တစ်စုံတစ်ဦး၏စိတ်ပိုင်းဆိုင်ရာနှင့်ခန္ဓာပိုင်းဆိုင်ရာ ကြီးရင့်လာခြင်းသည် ထိုသူ၏ဝိညာဉ်ရေးရာ ကြီးထွားမှုကို အလျင်အမြန်ပုံဖော်စေပါသည်။ မိမိတို့ပတ်ပတ်လည်၌ ကြီးထွားနေသောသူများကို မြင်တွေ့သောသူတို့သည် အလျင်အမြန် ကြီးထွားဖို့ရန် အလားအလာရှိ၏။

အိမ်ထောင်သည်စုံတွဲများနှင့်အတူ အလုပ်လုပ်သောသူတို့သည် အိမ်ထောင်ပြုမည်ဆိုလျှင် သူတို့၏အိမ်ထောင်ရေးအတွက် ကောင်းမွန်သောအုတ်မြစ်ချဖို့ရန် ကြီးမားသော အခွင့်အလမ်းကို ရရှိကြသူများဖြစ်သည်။ ထိုအချိန်သည် အခြားသောစုံတွဲအသစ်များကို လေ့ကျင့်ပေးရန် အလွန်ကောင်းသော အချိန်အခါလည်းဖြစ်ပါသည်။

ကျနော်တို့သည် စေ့စပ်ပြီးသောချစ်သူနှစ်ဦးတို့အား ဘုရားသခင်၏စကားတော်ကို နားထောင်လျက် ကောင်းမွန်သောအိမ်ထောင်တစ်ရပ် တည်ထောင်ရန် သွန်သင်ပေးနိုင်ပါသည်။ သူတို့သည် ဘုရားသခင်အား မည်ကဲ့သို့နားထောင်ရမည်ကိုလည်းကောင်း၊ ယောကျ်ားကောင်း သို့မဟုတ် မယားကောင်း မည်ကဲ့သို့ဖြစ်ရ မည်ကိုလည်းကောင်း ကူညီအကြံပေးနိုင်သည်။

တစ်ကိုယ်တော်တစ်မားများအတွက်လည်း မယားကောင်း သို့မဟုတ် လင်ယောကျ်ားကောင်း မည်ကဲ့သို့ ရှာဖွေရမည်ကိုလည်းကောင်း၊ တလုံးတဝတည်းဖြစ်လာဖို့ရန် လိုအပ်သောယုံကြည်အပ်နှံမှု နားလည်ဖို့ရန်ကိုလည်းကောင်း ကျနော်တို့ ကူညီအကြံပေးနိုင်ပါသည်။ လင်ယောကျ်ားကောင်းတစ်ဦး ဖြစ်ဖို့ရန် ဘုရားသခင်သည် ကျနော့်အား မည်သည့်နည်းလမ်းများဖြင့် ကူညီနိုင်သနည်း။

စွမ်းပကားရှိသော မယားတစ်ဦးအနေနဲ့ အိမ်ထောင်ရေးအတွက် ကောင်းမွန်သော ဆက်ဆံပြောဆိုခြင်း၏စည်းမျဉ်းဥပဒေသ များကား အဘယ်နည်း။ ယေဘုယျ အားဖြင့် ကျနော်တို့သည် သူတို့အား ဘုရားသခင်၏စကားတော်ကို နားထောင်ကြရန် လေ့ကျင့်ပေးခြင်းဖြစ်၏။ ထိုသို့ဂရုတစိုက် ဘုရားသခင်ကို နားထောင်ကြမည်ဆိုလျှင် ကောင်းမွန်သောအိမ်ထောင်ရေးကို ရှေးရှုရာတွင် သူတို့၏ ရည်မှန်းချက်ပန်းတိုင် အကောင်အထည်ဖော်ဖို့ရန် ကြီးစွာအထောက်အကူပြုပါလိမ့်မည်။

ကျနော်တို့သင်ယူလျက်ရှိသည့် များစွာသောအရာများသည် ဘ၀အသက်-အခြေခံအားထားခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ ကျနော်တို့သည် ဘ၀အတွေ့အကြုံများအားဖြင့် သင်ယူရ၏။ အိမ်ထောင်မရှိဘဲ သင်ကြားပေးနေသောသူတစ်ဦးသည် အကန့်အသတ်ရှိသည်ဖြစ်၍ မည်ကဲ့သို့ကောင်းမွန်သော လင်ယောကျ်ားတစ်ဦး ဖြစ်နိုင်မည်နည်း။ သို့ဖြစ်၍ ဘုရားသခင်အပေါ် နားထောင်ခြင်းနှင့်ဆိုင်သည့် ကျနော်တို့၏ရည်မှန်းချက်ပန်းတိုင်ကို စိတ်ဝင်စားမှုနယ်ပယ်နှင့်အတူ ပေါင်းစပ်လိုက်သောအခါ အကြောင်းအရာ လက်တွေ့ကျမှုနှင့်အတူ သူတစ်ပါးတို့အား ပိုမိုလှုံ့ဆော်ပေးနိုင်၏။

ဘုရားတရားကိုင်းရှိုင်းသော ညွှန်ပြပေးသူများနှင့်ဆရာသမားများ အရေးတကြီး လိုအပ်သည်။ သို့မဟုတ်လျှင် ကျောင်းသားများသည် သူတို့လိုအပ်သော ယုံကြည်ခြင်းကိုမရရှိဘဲ ကြောက်မက်ဖွယ်ကောင်း လောက်အောင် ပိုမိုဆိုးရွားလာနိုင်သည်။ အကယ်၍ ဆရာသမားတစ်ဦးသည် ညစ်ညမ်းသောဗီဒီယိုများကို ပြောင်မကြည့်သည့်တိုင်အောင် ကြည့်မည်ဆိုရင်လည်း ဘာမှမဖြစ်ပါဘူး၊ ကောင်းပါသည်ဟု ယူဆလျှင် ဝိညာဉ်ရေးရာ ဖောက်ပြန်ခြင်းပြုသည်ဟု ဆိုရမည်ဖြစ်ပါသည်။ ကျောင်းသားများသည် လှပကောင်းမွန်သော အိမ်ထောင်ရေးအတွက် ယုံကြည်ခြင်းကို မရရှိကြဘဲ ဆရာသမားထံမှ အိမ်ထောင်ရေးနှင့်စပ်လျဉ်း၍ လောကီဆန်သည့် တွေးခေါ်မှုအလေ့အထကိုသာ သင်ယူလာကြမည်ဖြစ်ပါသည်။ ဥပဒေသနှစ်ရပ်၏ အကျဉ်းချုပ် လုပ်ဆောင်ချက်ကား၊

- ဘုရားသခင်၏ဒီဇိုင်းပုံစံသည် သူ့အား နားထောင်လိုသောသူအသီးသီးတို့အား ဖန်တီးပေး၏။ သူတို့သည် ထိုဒီဇိုင်းပုံစံကို မိမိတို့အသက်တာ၌ မည်ကဲ့သို့လုပ်ဆောင်ရန် သင်ယူကြ၏။
- ဘုရားသခင်သည် သာယာလှပသောအိမ်ထောင်များကို ဖန်တီးရန် ရည်ရွယ်ထား၏။ ကျနော်တို့သည် ထိုအိမ်ထောင်ရှင်များအား ဝိညာဉ်ရေးရာ စည်းကမ်းချက်များကိုလည်းကောင်း၊ ဘုရားသခင်နှင့် သူတို့၏ ရင်းနှီးမှုသည် ကောင်းမွန်သောအိမ်ထောင်တစ်ရပ်အတွက် အကျိုးပြုသည်ကိုလည်းကောင်း ပြသပေးနိုင်၏။

ကျနော်တို့သည် အိမ်ထောင်ရေးရှုထောင့်အမြင်မျှသာ သင်ကြားခြင်းထဲမှ လွဲရှောင်၍ ကျောင်းသားများအား ဘုရားတရားကြည်ညိုသည့် သာယာလှပ သောအိမ်ထောင်ရေး အကြောင်းကို သွတ်သွင်းပေးကြ၏။ ကျောင်းသားများ အသက်တာ၌ မည်သို့ပင်ဖြစ်စေ အရေးမကြီးပေ။ ဤအရာများကို ဘုရားသခင် ၏ကြီးမားသော ရည်ရွယ်ချက်နှင့်တန်ခိုးအတိုင်း ဆက်လက်လုပ်ဆောင်ဖို့သာ ဖြစ်ပါသည်။

**အသက်၏အနှစ်သာရ ပေါင်းစပ်ခြင်း**

ကျနော်တို့သည် အသက်အူတိုင်၏ပေါင်းစပ်ခြင်း အကြောင်းကို ခရစ်ယာန်ကျောင်းသားများ၏ လေ့ကျင့်သင်ကြားခြင်းတစ်ခုလုံးသို့ အချိန်အနည်း ငယ်အတွင်း၌သာ ဆွေးနွေးသွားမည်။ ၎င်းသည် နောက်ဆုံးတွင် ဖြစ်ပျက်လာ မည်ဟု မျှော်လင့်လျက်နေစဉ် အဓိကရည်မှန်းချက်ပန်းတိုင်သည် အဖွဲ့အစည်း၏ ကဏ္ဍအသီးသီးကို နက်ရှိုင်းစွာဖောက်ထွင်းနိုင်၏။ ကျနော်တို့၏အဓိကဦးတည် ချက်ကား နည်းပညာထက် ရှုပါရုံကို ဝေငှခြင်းဖြစ်သည်။

ကျနော်တို့၏အသင်းတော်များ သို့မဟုတ် ကျမ်းစာကျောင်းများ၌ ထိုရှုပါရုံ ၏ဆိုလိုရင်းကို သွတ်သွင်းပေးရန် အချိန်ယူရမည်။ ထို့ပြင် ဘုရားသခင်၏ ရည်မှန်းချက်ပန်းတိုင်များ ခံယူခြင်းဆိုင်ရာ စိန်ခေါ်မှုကို နားလည်သဘော ပေါက်ခြင်း၊ ပြောင်းလဲဖို့ရန် အခြားသူများ၏လိုအပ်ချက်ကို သိရှိခြင်းတို့၌လည်း နပန်းလုံးရမည်ဖြစ်သည်။ ကျနော်တို့သည် အလောတကြီးမလုပ်ပဲ မိမိတို့လုပ် ဆောင်နေသည့်အရာနှင့် အစီအစဉ်ပေါ်၌ ဘုရားသခင်ကို တိုင်တည်ရှာဖွေသင့် သည်။ ကျနော်တို့လုပ်ဆောင်နိုင်သောအရာကို အစပြု၍ ဘုရားသခင်၏ ပို့ဆောင်ခြင်းအားဖြင့် ရှေ့သို့ရွေ့လျားမည်ဖြစ်ပါသည်။ အကယ်၍ ကျနော်တို့၌ ထိန်းချုပ်မှု များများရှိလျှင် များများလုပ်ဆောင်နိုင်မည်။ တစ်စုံတစ်ဦးက "တပည့်တော်အသစ်ကို ပုံသွင်းခြင်းသည် ယုံကြည်သူအဟောင်းကို ပုံသွင်းခြင်း ထက် ပို၍လွယ်သည်" ဟု ပါးနပ်စွာပြောဆိုခဲ့ဖူးသည်။ ဤအရာသည် အမှန်တရား ပင်ဖြစ်သည်။

ဆရာများနှင့်ကျောင်းသားများသည် အသက်အူတိုင်၏အမြင်သဘော ထားကို ဘုရားသခင်က မည်ကဲ့သို့အသုံးပြုသွားမည်ကို အတူတူသိရှိကြသောအခါ ဟောပြောခြင်း၊ ဆက်ဆံပြောဆိုခြင်း၊ ဆွေးနွေးလမ်းညွှန်မှုသင်ရိုးများနှင့် အခြား သင်ယူစရာများတို့သည် အားကောင်းသောတန်ဆာပလာများ ဖြစ်လာ လိမ့်မည်။ ကျောင်းသားများအနေနဲ့လည်း သူတို့၏သင်ယူခြင်းအားဖြင့် သူတို့အသက်တာနှင့် အခြားသော သူများ၏အသက်တာ၌ ဘုရားသခင်၏ဝိညာဉ်တော် မည်ကဲ့သို့ လုပ်ဆောင်လျက်ရှိသည်ကို စတင်မြင်တွေ့ကြ သောအခါ သူတို့သည် သင်ယူဖို့ရန် ပိုမိုစိတ်အားထက်သန်လာကြမည်။

ဟောပြောခြင်းသည် လေးနက်မှုရှိလာ၍ အသက်တာနှင့်စိတ်နှလုံး ပြောင်းလဲခြင်းကို သယ်ပိုးလာမည် ဖြစ်သည်။ ဘုရားသခင်နှင့်ဆုတောင်းခြင်းသည် လေ့ကျင့်ခြင်းအတွက် အရေးပါသည့်ကဏ္ဍ ဖြစ်လာသည်။ ဤသို့ မေးမြန်းခြင်းခံရပါမည်။

- ဘုရားသခင်သည် ငါ့အား ဘာကို ဟောပြောစေလိုသနည်း။
- ကိုယ်တော်အလိုရှိသောအရာကို ကျနော်မည်ကဲ့သို့ သင်ယူမည်နည်း။
- အမှန်စင်စစ် ငါသည် ဤအရာများကို ကိုယ်တော်၏ဝိညာဉ်တန်ခိုးအားဖြင့် မည်ကဲ့သို့ သယ်ဆောင် သွားမည်နည်း။
- ဟောပြောခြင်း၌ ဆုတောင်းခြင်းသည် မည်သို့နေရာကျသနည်း။

တချို့အဖြစ်အပျက်များကြောင့် အသင်းတော်ထိခိုက်ပျက်စီးပုံ သို့မဟုတ် အားကောင်းလာပုံကို ရိုးရှင်းစွာ ပိုင်းခြားစိတ်ဖြာ၍ သိမြင်ခြင်းအားဖြင့် အသင်းတော်သမိုင်း ပြုပြင်ပြောင်းလဲနိုင်သည်။ ဤသို့ပြုခြင်းဖြင့် အသင်းတော်၌ ဘုရားသခင်၏သမ္မာတရား အကျိုးသက်ရောက်မှုရှိသည်မရှိသည်ကို ကျနော်တို့အား ပိုမိုကောင်းမွန်စွာ မြင်တွေ့စေပါသည်။

ပြုပြင်ပြောင်းလဲခြင်းကို သင်ယူလေ့လာခြင်း သက်သက်သာမကဘဲ ယခုကျနော်တို့အသက်ရှင်ရာတွင် ခြားနားမှုရှိသည် မရှိသည်ကို ကျနော်တို့သိရှိလိုခြင်းဖြစ်သည်။ ဤနည်းအားဖြင့် ကျနော်တို့အား ဘုရားသခင် ပြုစေလိုသောအရာနှင့် ကျနော်တို့၏ကဏ္ဍသည် မည်သို့ဖြစ်သည်ကို သိမြင်နိုင်မည်ဖြစ်ပါသည်။

အကယ်၍ အသက်အူတိုင်သည် အခြားသောသင်ကြားခြင်းနှင့် လုံးလုံး ပေါင်းစပ်ခဲ့ပါက ၎င်းသည် ပျောက်ကွယ်၍ နောက်ဆုံး၌ တိမ်မြုပ်သွားနိုင်သည်။ လူတို့၏ထုံးတမ်းစဉ်လာများက နေရာယူလွှမ်းမိုးလာလိမ့်မည်။ အသက်၏အနှစ်သာရသည် ကျနော်တို့ကျောင်း သို့မဟုတ် အသင်းတော် သို့မဟုတ် မိသားစု တစ်နေရာရာ၌ ပေါင်းစပ်သည်ဖြစ်စေ၊ မပေါင်းစပ်သည်ဖြစ်စေ ကျနော်တို့၏ ဝိညာဉ်ရေးရာ ပြုပြင်ပြောင်းလဲခြင်း အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။

ဤစာအုပ်သည် ကျောင်းများ၊ နေအိမ်များနှင့်အသင်းတော်များ၌ ဘုရားတရားကြည်ညိုသည့် လေ့ကျင့်ခြင်းကို ပြန်လည်ရရှိလာအောင် မေးဆက်ပေးခြင်းသာဖြစ်သည်။ ပထမအနေနဲ့ ဘုရားသခင်၏ အစီအစဉ်ကို မေးဆက်ပေးခြင်းဖြစ်၍ နောက်မှ ဘုရားသခင်သည် သင့်အား မဏ္ဍာမခြေလှမ်း စတင်စေဖို့ရန် မည်သည့်နေရာသို့ ပို့ဆောင်နိုင်သည်ကို ပြင်ဆင်ပေးမည်။ ကျနော်တို့သည် ဆရာများ၊ ကျောင်းသားများ၊ သင်းအုပ်များနှင့်အသင်းသားများအတွက် ဘုရားသခင်၌ သူတို့ရှိသင့်သည့်နေရာနှင့်စပ်လျဉ်း၍ ရှုပါရုံကို ဖြန့်ချိ၍ အနည်းငယ်သော ဥပမာများကို စီစဉ်ပေးခြင်းဖြစ်၏။

ဘုရားသခင်၏လူမျိုး မျိုးဆက်တို့သည် သမ္မာတရား၏တန်ခိုးနှင့်ရင်းနှီးမှုများတွင် လှည့်ဖြားခြင်းကို ခံကြရ၏။ ထိုအရာတို့သည် ပြောင်းလဲရမည်။ ကျနော်တို့၏ရည်ရွယ်ချက်သည် ခရစ်တော်၏စုံလင်သော ကိုယ်ကို တည်ဆောက်ဖို့ရန် ဖြစ်သည်။ ကျနော်တို့သည် ယုံကြည်ခြင်းအားဖြင့် မိမိတို့အဖို့ ဘုရားသခင်၏ရည်ရွယ်ချက်ပန်းတိုင်များကို တည်ထောင်သောအခါ ထိုပန်းတိုင်နှင့် ပို၍နီးစပ်လာမည်ဖြစ်ပါသည်။

တစ်စုံတစ်ဦး၏ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးမှု အဆင့်ဆင့်၌ အသက်၏အနှစ်သာရသည် မည်ကဲ့သို့ ဖြစ်သည်ကို ကျနော်တို့ခွဲခြားတတ်လာသည့်အခါ ကျနော်တို့၏အထူး အခြေအနေများ၌ ၎င်းကို ကျနော်တို့အသုံးပြုနိုင်သည်။ ကျနော်တို့၏စွမ်းရည်သည် မိမိတို့အဖို့ ဘုရားသခင်၏ရည်ရွယ်ချက်နှင့် တစ်ထပ်တည်းဖြစ်လာသည်။ ကျနော်တို့သည် ဤအတွက် ရွေးချယ်ခံရ၍ ပုံဖော်ခံခြင်းဖြစ်သည်။ ကျနော်တို့သည် ၎င်းကို ဆုပ်ကိုင်ထား၍ ဤမြေကြီးပေါ်၌ ခရစ်တော်နှင့်တူအောင် ဘုရားသခင်သည် ကျနော်တို့အား မည်ကဲ့သို့မစ သည်ကို ကြည့်ကြပါစို့။

## အထွေထွေ ချဉ်းကပ်နည်းနှစ်မျိုး

အသက်၏အနှစ်သာရ လေ့ကျင့်ခြင်း အစီအစဉ်ကို အဓိကသင်ရိုးညွှန်းတမ်းအဖြစ် သီးသန့်ထိန်းထားခြင်း အားဖြင့် ကျနော်တို့အား အဖွဲ့ငယ်လေးကို အစပြုစေ၍ ငွေကြေးအရင်းအမြစ် အသုံးပြုမှုနည်းပါးစေကာ ရှုပါရုံအပေါ်ဖြည်းဖြည်းချင်း ရွေ့လျားစေပါသည်။ ထို့ပြင် ဘုရားတရားကြည်ညိုသည့် ညွှန်ပြပေးသူများကို ဖြစ်ထွန်းစေ၍ သင်ရိုးညွှန်းတမ်းတစ်ခုလုံးကို ဘုရားတရားကြည်ညိုသည့် လေ့ကျင့်ပေးခြင်းအဖြစ်သို့ ပြောင်းလဲစေမည်ဖြစ်ပါသည်။

ဥပမာပြောရရင် ငါသည် ဤသာသနာဖြစ်သည့် စာရေးခြင်းအလုပ်နှင့် နိုင်ငံတကာ လေ့ကျင့်ပေးခြင်း လုပ်ငန်းတို့၌ အပြည့်အဝပါဝင်နေသော်လည်း အမှန်ညွှန်ပြပေးရန် လိုအပ်မှုရှိသည့်လူတို့သည် မည်သည့် အရပ်ဒေသ၌ရှိသည်ကို တွေ့ရှိနိုင်ဖို့ရန် ဆုတောင်းခြင်းဖြင့် စောင့်ကြည့်လျက်နေ၏။ ကျနော်ပါဝင်နေသည့် အသင်းတော်သည် တပည့်တော်မွေးထုတ်ခြင်း၌ တက်ကြွသည် မတက်ကြွနှင့် စပ်လျဉ်း၍ ပြဿနာမဟုတ်ပေ။ လူမှန်ကို ရှာဖွေ၍ ညွှန်ပြပေးခြင်းကို အစပြုလိုက်ပါ။ ကျနော်တို့အစပြုသည့်နေရာသည် အလွန်အရေးပါသည်ဖြစ်၍ အသက်၏အနှစ်သာရနှင့်ဆိုင်သော အခြေခံသဘောတရားက ကျနော်တို့လုပ်ဆောင်နေသည့်အရာအား မည်ကဲ့သို့ပုံသွင်းရန် လိုအပ်သည်ကို သင်ယူလေ့လာရမည်။ ငါသည် အရွယ်ရောက်သောသူများကို ငါနှင့်အတူ လေ့ကျင့်ပေးရန် အခြားဆရာများကို ကြိုးစားရှာဖွေလျက်တတ်၏။ ကျနော်တို့သည် သင်ကြားခြင်း မစမီ ကျနော်တို့၏သင်ခန်းစာများကို အတူတကွ ဆွေးနွေးတိုင်ပင်ကြ၏။ ထိုသူတို့သည် နောက်ပိုင်းတွင် ရှုပါရုံနှင့်ရည်ရွယ်ချက်များ၌ တူညီမှုရှိသည့်ဆရာသမားများ ဖြစ်လာကြသည်။

ကျမ်းစာကျောင်းသားတစ်ဦးအနေနဲ့ မိမိအား ကောင်းကောင်း လေ့ကျင့် တပ်ဆင်ပေးခြင်းမရှိသည့် ကျောင်းအဖွဲ့အစည်းအား အဘယ်ကြောင့် ဒေါလာ ထောင်သောင်းများစွာကို ပေးနေရပါသနည်း။ အသင်းသားတစ်ဦးသည် အသင်း သားတို့အား ခရစ်တော်နှင့်သဏ္ဌာန်တူသည့်အဆင့်သို့ ကြီးထွားဖို့ရန် ရူပါရုံနှင့် ယုံကြည်ခြင်းမရှိသည့်အသင်းတော်သို့ အဘယ့်ကြောင့် တက်ရောက်ပါဝင်နေရ သနည်း။

ကျနော်တို့သည် အသင်းတော်ကို အပြည့်အဝ လေ့ကျင့်တပ်ဆင်ပေးရန် ကျနော်တို့စိတ်နှလုံး၊ နေအိမ်နှင့်အသင်းတော် စသည်တို့၌ အသက်၏အနှစ်သာရ နှင့်စပ်လျဉ်း၍ ဘုရားသခင်၏အားဖြည့်ဆည်းပေးခြင်းကို လိုအပ်ပါ၏။ ဘုရားသခင် ၏သမ္မာတရားကို အခိုင်အမာပြောဆိုသည့် ရဲရင့်သောခေါင်းဆောင် များသည် အဘယ့်ကြောင့် ကျနော်တို့အသက်တာများထဲ၌ ကိုယ်စားမပြုနိုင်ပါသနည်း။

## သင်ခန်းစာ

- ကျောင်းသားများ၏အသက်တာ၌ ဝိညာဉ်ရေးရာ ပြုပြင်ပြောင်းလဲခြင်း၏ ပေါင်းစပ်ခြင်းသည် သိသာထင်ရှားသည့် အပြောင်းအလဲကို တောင်းဆို၏။
- အသက်အူတိုင်၌ တွေ့မြင်ရသည့် ဘုရားသခင်၏ရည်ရွယ်ချက်သည် အသင်းတော်နှင့်ကျမ်းစာ ကျောင်းများ၌ နိုးကြားမှု၊ ရှင်သန်မှုနှင့် ကြီးထွားမှုတို့ကို မြင်တွေ့ဖို့ရန်အတွက် အဓိကဦးတည်ချက် ဖြစ်ရမည်။
- အသက်အူတိုင်ကို အတွင်းပိုင်း ပြုပြင်ပြောင်းလဲမှု လမ်းကြောင်း ပိုမိုကောင်းမွန်စွာ ပေါ်လွင်ဖို့ရန် အတွက် အသုံးပြုပါ။ အဖွဲ့ငယ်လေးကို အစပြု၍ အောင်မြင်မှု၌ ဝမ်းမြောက်ကာ နယ်ပယ်ကိုချဲ့ပါ။

## ကျက်မှတ်ဆင်ခြင်ပါ

- ဖိ၊၂:၁၄-၁၆

## တာဝန်ပေးအပ်ခြင်း

- သင်သည် အရင်က လူတစ်ဦးကို ဝိညာဉ်ရေးရာ၌ အကဲဖြတ်ဖူးပါသလား။ မည်ကဲ့သို့နည်း။ မည်သည့် ပြဿနာများကို သင်ရင်ဆိုင်ရပါသနည်း။
- အသက်အူတိုင်ကို အနက်ဖွင့်ပါ။ ဤအသက်အူတိုင်သည် ခရစ်ယာန် လေ့ကျင့်ခြင်း တစ်ခုခု၌ အချက်အချာကျသည်ဟု သင်သဘောတူပါသ လား။ ရှင်းပြပါ။
- သင်၏ကျောင်း၊ အသင်းတော်နှင့်လူတစ်ဦးအတွက် အဓိကဦးတည်ချက် အဖြစ် သင်ပြုလုပ်နိုင်သည့် ဘုရားသခင်၏အသက်အူတိုင်နှင့်စပ်လျဉ်း၍ စိန်ခေါ်မှုများကို အကဲဖြတ်သုံးသပ်ပါ ။

# #၃၅ ခေါင်းဆောင်မှု ကြီးထွားရင့်သန်ခြင်း

ကျမ်းစာကျောင်းတည်ထောင်သူများက မိမိတို့သည် အထူးသာသနာနယ်အတွက် ခေါင်းဆောင်ကောင်းများဖြစ်သည့်သင်းအုပ်ဆရာများ၊ သာသနာပြုများ၊ အကြံပေးသူများ၊ စီမံခန့်ခွဲသူများ၊ ဓမ္မဆရာများ စသည့်ပုဂ္ဂိုလ်များကို မွေးထုတ်ရန် မိမိတို့၏ကျောင်းသားများကို လေ့ကျင့်ပေးလျက်ရှိကြောင်း ပြောကြားသည်မှာ ထုံးစံပင်ဖြစ်ပါသည်။ သူတို့တကယ် ဟုတ်ရဲ့လား။

ငါ က သင်းအုပ်တစ်ပါးအား သူ့ရဲ့အသင်းတော်ခေါင်းဆောင်မှု လေ့ကျင့်ခြင်း လုပ်ငန်းအကြောင်း အရာကို မေးမြန်းခဲ့ပါတယ်။ အဲဒီသင်းအုပ်က သူ့လူတို့အား ကျမ်းစာကျောင်းဖြစ်စေ၊ ကျမ်းစာသင်တန်းဖြစ်စေ တက်ရောက်ဖို့ရန် ဘာ့ကြောင်းမလွှတ်ပဲ နေရသည်ကို သူ့ဂိုဏ်းချုပ်များကပင် အံ့သြမိကြပါသည်။ ကျမ်းစာကျောင်းအနေနဲ့ သူ့လူတို့ကို အလုပ်အတွက် ဘာမှလေ့ကျင့်ခြင်းမရှိပါဟု သူကရိုးရိုးလေး ပြောဆိုလိုက်ပါသည်။ ကျွန်ုပ်တို့၏အကောင်းဆုံးကျောင်းများထဲက လေ့ကျင့်ပေးခြင်းသည် ဖြားယောင်း သွေးဆောင်းခြင်းကို တိုက်လှန်နိုင်ဖို့ရန် ခိုင်ခံ့သောယုံကြည်ခြင်းကို တပ်ဆင်ပေး၍ ဘုရားသခင် အပေါ် ချစ်ခြင်းမေတ္တာ ကြီးထွားစေလျက် အခြားသူများအား သနားကြင်နာစွာ အလုပ်အကျွေးပြုသည့် အလျောက် ဘုရားသခင်၏နှုတ်ကပတ်တော် အသုံးပြုရာတွင် အမှန်နက်ရှိုင်းမှုရှိပါသလား။

ဤစာအုပ်သည် ဘုရားတရားကြည်ညိုသော ခေါင်းဆောင်များ၏အခြေခံ အုတ်မြစ် မည်ကဲ့သို့ ကြီးထွားစေရမည်ကို အာရုံစိုက်သောစာအုပ်ဖြစ်ပါသည်။ ထို့အပြင် မှန်မှန်ကန်ကန် ကြီးထွားရန် လိုအပ်သည့်အလျောက် တစ်ဦးချင်းစီ၏ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးမှုအပေါ်၌ မူတည်လျက် သူတို့သည် အထူးညွှန်ပြမှုကို လိုအပ်ကြပါ၏။ မည်သို့ပင်ဖြစ်စေ ဤအခြေခံကျသော လေ့ကျင့်ခြင်းသည် ယုံကြည်သူ အပေါင်းတို့အတွက် အကျိုးဝင်ပုံဖော်ထားခြင်း ဖြစ်ပါသည်။

ဝိညာဉ်ရေးရာအသက်တာ၏ပြုစုပျိုးထောင်ခြင်း မရှိပါက လူတစ်ဦးသည် ခေါင်းဆောင်ကောင်း မဖြစ်နိုင်ပါ။ "ငါနှင့်ကင်းကွာလျှင် သင်တို့သည် မည်သည့်အမှုကိုမျှ မပြုနိုင်ကြ"(ယော၊၁၅:၅)။ ဒါဝိဒ်မင်းကြီးလည်း အလားတူစဉ်းစားသည်မှာ "အံ့ဖွယ်သောအမှုတို့ကို တပါးတည်းသာစီရင်တော်မူသော ထာဝရအရှင်ဘုရားဘုရားသခင်၊ အစ္စရေးအမျိုး၏ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း" (ဆာ၊၇၂:၁၈)။

ဝိညာဉ်ရေးရာကြီးထွားခြင်းသည် ကျွန်ုပ်တို့အား ဘုန်းအသရေနှင့်ပြည့်စုံသော ဘုရားသခင်၏ မျက်မှောက်တော်နှင့် ကင်းကွာစေသည့်အရာများကို ဖယ်ရှားပေးခြင်းဖြစ်သည်။ တနည်းအားဖြင့် ဝိညာဉ်ရေးရာကြီးထွားဖွံ့ဖြိုးမှုဆိုသည်မှာ တစ်စုံတစ်ဦးသည် ဘုရားသခင်နှင့် ပိုမိုရင်းနှီးလာသည့်အမျှ ဘုရားသခင်၏လမ်းစဉ်များကို ပို၍သဘောတူလက်ခံလာခြင်းပင်ဖြစ်သည်။

လောကီရေးရာဝါဒ၊ ရုပ်ဝတ္ထုပိုင်းဆိုင်ရာဝါဒနှင့် ထုံးတမ်းစဉ်လာဝါဒတို့သည် ယနေ့ကျွန်ုပ်တို့ မျက်မှောက်ခေတ်ကာလတွင် ကျွန်ုပ်တို့အား ခရစ်တော်နှင့်ဝေးကွာစေသည့် စွမ်းအားသုံးမျိုးဖြစ်ပါသည်။ အကယ်၍ အသင်းတော်အနေဖြင့် ဘုရားသခင်၏လက်နက်တန်ဆာများကို ဝတ်ဆင်ထားပါက ၎င်းတို့ကို ကြောက်စရာမလိုအပ်ပေ။

ကျွန်ုပ်တို့ရဲ့သင်ယူလေ့လာခြင်း ပုံစံဟာ ကျွန်ုပ်တို့ရဲ့ တကယ့်ရည်ရွယ်ချက်များနဲ့ လွဲနေတယ်။ သိမြင်နားလည်နိုင်တဲ့ ညွှန်ကြားချက် ဖြစ်ရပ်မှန်များဟာ အရေးပါလာတဲ့အခါမှာ ဒီရည်ရွယ်ချက်ကို အထူးဂရုစိုက်ဖို့ လိုအပ်လာပါတယ်။ ဝိညာဉ်ရေးရာ တိုက်ပွဲ၌အနိုင်ရစေတဲ့ ယုံကြည်ခြင်းမျိုးသည် ခရစ်ယာန်ခေါင်းဆောင်အဖို့ သတင်းအချက်အလက် စုဆောင်းဖို့ရန် မိမိကိုယ်ကို တန်ဖိုးထားခြင်းနှင့် မိမိကိုယ်ကိုယုံကြည်စိတ်ချစေခြင်း မဟုတ်ဘဲ အထောက်အကူဖြစ်သင့်သည်။

များစွာသောခရစ်ယာန်ခေါင်းဆောင်များနှင့်ဆရာသမားများသည် သူတို့အသက်တာ အသက်ရှင်ခြင်း၌ဖြစ်စေ၊ ခရစ်တော်အစေခံခြင်း၌ဖြစ်စေ လေ့ကျင့်ပေးခြင်းကို ကောင်းမွန်စွာမခံရသူများဖြစ်ကြသည်။ ထိုသူတို့အဖို့ နဖူးတွေ့ဒူးတွေ့ဆိုသည်ထက် စိတ်ကူးသက်သက်သာဖြစ်သည်။ ငါလည်း ကမ္ဘာတဝှမ်းခေါင်းဆောင်များစွာနဲ့ လက်တွဲပြီးလုပ်ဆောင်ခဲ့ပါတယ်။ သည်တပည့်တော်မွေးထုတ်ခြင်း လေ့ကျင့်ပေးခြင်း သင်ခန်းစာအဆင့်ဆင့်များကို တင်ဆက်ချပြတဲ့အခါမှာ များစွာသောသူတွေက “ငါတို့က အဆင့်၂ တောင်မှ မရောက်သေးဘူး” လို့ ဆိုကြပါတယ်။ သူတို့တွေဟာ အမျိုးမျိုးသော ဖြားယောင်းခြင်းများနဲ့သာ နပန်းလုံးလျက်နေကြပါသေးတယ်။

ခေါင်းဆောင်တစ်ယောက် အသက်တာလဲကျပြီဆိုရင် စိတ်ဓာတ်ကျဖို့အရမ်းကို လွယ်ပါတယ်။ ကျနော်တို့အားလုံးလည်း အသက်တာလဲကျနိုင်တယ်။ ဒါပေမယ့် မကြာခဏဖြစ်နေရင် အခြားသူများကို ယုံကြည်ခြင်း၌ ဘယ်လိုနည်းနဲ့တည်ဆောက်နိုင်မှာလဲ။ ဒါကြောင့် ရှုံးနိမ့်ခြင်းဆိုတာ ရှုံးနိမ့်ခြင်းကို ပေါ်ပေါက်စေတတ်တယ်။

ငါရဲ့တွေ့ရှိချက်အရ ထုံးစံအတိုင်း လုပ်ဆောင်တဲ့ ခရစ်ယာန်တွေရဲ့လေ့ကျင့်ခြင်းနဲ့ပတ်သက်ပြီး ချို့ယွင်းမှုကို တင်ဆက်သွားမှာဖြစ်ပါတယ်။

ဝိညာဉ်ပိုင်းဆိုင်ရာ ကြီးထွားဖွံ့ဖြိုးမှု ပထမ အဆင့်နှစ်ဆင့်၌ ကြီးထွားဖွံ့ဖြိုးမှုမရှိပဲ ခေါင်းဆောင်တွေရဲ့အားနည်းချက်ကို ကျနော်ပိုင်းခြားစိတ်ဖြာရပါမည်။

**အဆင့် #၁ ရည်မှန်းချက်ပန်းတိုင်ဆိုသည်မှာ ဘုရားသခင်၏ မေတ္တာ၌ စိတ်ချမှုရှိခြင်းမှ ဆင်းသက်လာသည့် ကိုယ်တော်ထံတော်ပါး၌ ပိုမိုကိုးစားခြင်းကိုခေါ်၏။**

ခေါင်းဆောင်များသည် မိမိတို့၏အသက်တာအတွက် ဘုရားသခင်၏ စဉ်ဆက်မပြတ်မေတ္တာကို ကောင်းကောင်းမတွေ့မြင်သောအခါ သူတို့၏ကယ်တင်ခြင်းအတွက်ရော သူတို့၏လုပ်ငန်းအတွက်ပါ လုံခြုံ စိတ်ချမှုကင်းမဲ့တတ်ကြ၏။ ကားတိုင်တရားကို ကောင်းကောင်းနားမလည်သူများသည် မိမိတို့၏ လုပ်ဆောင်အားဖြင့် ဘုရားသခင်လက်ခံသည်ဟု ထင်မှတ်တတ်ကြ၏။ ဘာသာတရားမှစ၍ လောကီတရားနှင့် တစ်စုံတစ်ဦး၏လုပ်ဆောင်ချက်များကို အလေးထားလွန်းခြင်းတို့သည် စစ်မှန်သောကိုးကွယ်ခြင်းအစား၌ ရုပ်တုကိုးကွယ်ခြင်းကို အစားထိုးတတ်၏။

ဖြစ်ပေါ်လာနိုင်သည့်အခြားပြဿနာများမှာ အခြားသူများ၏အာရုံစိုက်မှုကို လွန်လွန်ကဲကဲ ရှာဖွေ လာခြင်း၊ သူတစ်ပါးအပေါ် မှန်မှန်ကန်ကန် ချစ်ခြင်းနှင အလုပ်အကျွေးပြုစုခြင်း၌ မစွမ်းနိုင်သည့်အရာကိုပင် ရရန်ကြိုးစားလာခြင်းတို့ဖြစ်ပါသည်။

**အဆင့် #၂ ရည်မှန်းချက်ပန်းတိုင်ဆိုသည်မှာ ဖြားယောင်းသွေးဆောင်ခြင်းကို အောင်နိုင်ရန် ဘုရားသခင်၏နှုတ်ကပတ်တော်ကို အသုံးပြုရန် သင်ယူခြင်းကိုခေါ်၏။**

ယုံကြည်သူတစ်ဦးသည် အဆင့် # ၁ ၌ ရှင်းရှင်းလင်းလင်း ကြီးထွားခြင်းမရှိပါက အဆင့် # ၂ ကို လွယ်လွယ်ကူကူ ဖြတ်ကျော်နိုင်မည်မဟုတ်ပေ။ ခရစ်ယာန်အသက်တာ၏တွေ့ကြုံမှုများစွာတို့သည်လည်း စိတ်ပျက်စရာ ရှုံးနိမ့်မှုများ၌သာ ရှင်သန်လာမည်ဖြစ်သည်။

လူငယ်ယုံကြည်သူသည် ဘုရားသခင်၏နှုတ်ကပတ်တော်၌ ယုံကြည်စိတ်ချမှု အားကြီးသည် မဟုတ်လော။ သို့ရာတွင် ဖြားယောင်းသွေးဆောင်ခြင်းကို သူမနိုင်ကြောင်း သိရှိသွားသောအခါ ဘာဖြစ် မည်နည်း။ ထိုသို့သော ယုံကြည်သူက မိမိသည် နှုတ်ကပတ်တော်နှင့် သဟဇာတမဖြစ်သည်ကို နားလည် လာမည်။ ဘုရားသခင်သည်လည်း ဒုတိယအဆင့်အနေနဲ့ နေ့စဉ်မည်ကဲ့သို့ အသက်ရှင်၍ ဝိညာဉ်ရေးရာ၌ မည်ကဲ့သို့ကြီးထွားမည်ကို ထိုသူအား သင်ကြားပေးမည်ဖြစ်သည်။

ဤစိတ်နေသဘောထားသည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် သာသနာလုပ်ငန်းအပေါ် သူတို့၏အယူအဆတစ်ခုလုံးကို စွန်းထင်းစေပါလိမ့်မည်။

ဘုရားသခင်၏နှုတ်ကပတ်တော်၌ ယုံကြည်သက်ဝင်မည့်အစား ပိုမိုနက်ရှိုင်းသော ပြဿနာသို့ ခေါ်ဆောင်သွားရန် နတ်ဆိုးက သူတို့၏စိတ်နှလုံးထဲသို့ မယုံသင်္ကာများကို မသိမသာသွင်းပေးပါလိမ့်မည်။

(၁) သူတို့၏အသက်တာထဲ၌ ဒုစရိုက်အပြစ်ကို အခွင့်ပေးခြင်း

(၂) ဘုရားသခင်နှင့် ရင်းနှီးကျွမ်းဝင်မည့်အစား ဘာသာတရားအတိုင်း အသက်ရှင်ခြင်းကို လက်သင့်ခံခြင်း

(၃) ဘုရားသခင်၏နှုတ်ကပတ်တော်ကို နိမ့်ကျသောအယူအဆဖြင့် ခံယူခြင်း

(၄) ပို၍နက်နဲသော ဝိညာဉ်ရေးရာရန်းကန်မှုများ၌ အထောက်အကူဖြစ်စေရန် အထူးကျွမ်းကျင်သူများ လိုအပ်သည်ကို ယုံကြည်လက်ခံခြင်းရှိရမည်။ အကြောင်းမှာ သူတို့ဟာသူတို့ မကိုင်တွယ်နိုင် သောကြောင့်တည်း။

## စစ်မှန်သောသာသနာလုပ်ငန်းကို နားလည်ခြင်း

အကယ်၍ ကျနော်တို့၏အကြီးမားဆုံး သာသနာလုပ်ငန်းသည် ခရစ်တော်နှင့်ရင်းနှီးခြင်းထဲမှ ဖြစ်ပေါ်လာပါက ကျနော်တို့အသက်တာ၌ မသန့်ရှင်းသည့် လက္ခဏာသွင်ပြင်များ လက်သင့်ခံသောအခါ ဝန်ခံရပါမည်။ ထိုအခါ ကျနော်တို့၏ သာသနာလုပ်ငန်းသည် ဘုရားရှင်နှင့်ကျနော်တို့အကြား ပူးတွဲသည့်ထက် ကျနော်တို့ကိုယ်ပိုင်၏အတွေ့အကြုံ ကျွမ်းကျင်မှုနှင့်အခွင့်အလမ်းများ ဖြစ်လာပါလိမ့်မည်။

အမှုတော်ဆောင် သို့မဟုတ် ဓမ္မဆရာတစ်ဦးဦး၏ဒုစရိုက်အပြစ်ကို ချည်နှောင်ခြင်းသည် ထိုသူကို သတ်ဖို့ရန်သာမကပဲ သူ၏လုပ်ငန်းကိုပါအင်အားနည်းစေရန် နတ်ဆိုးအတွက် ကောင်းကောင်းအသုံးချ စေမည့် အဓိကသော့ချက်ဖြစ်လာသည်။

ဤအတွက်ကြောင့် ကျနော်တို့သည် မလွန်ဆန်နိုင်သောပုဂ္ဂိုလ်များဖြစ်သည့် သူတို့၏တပ်မက်ခြင်းအပေါ် သူတို့၏စိတ်ကူးကို တည်ဆောက်လျက် စိတ်နှလုံး၌ ခါးသီးခြင်းကို သိထားသောသူများထက် ဘုရားတရားကြည်ညိုသောသူများကို လိုအပ်ရခြင်းဖြစ်ပါသည်။ ထိုသူတို့၏အသက်တာတလျှောက်တွင် ချစ်ခြင်းမေတ္တာနှင့်ဆိုင်သော ဧဝံဂေလိတရား၏ဘုန်းအသရေကို မမြင်တွေ့ရပေ။ သူတို့၏အသက်တာသည် မကြီးထွားနိုင်တော့ဘဲ ဆုတ်ယုတ်လာတော့သည်။

အသင်းတော်နှင့်ကျမ်းစာကျောင်းများသည် ဘုရားသခင်၏လူများကို သူတို့အား ဘုရားသခင်ခေါ်ထားသည့် ဘုန်းအသရေရှိသောအနေအထားသို့ ပြန်လည်ပျိုးထောင်ဖို့ရန် အရေးပေါ် လေ့ကျင့်ပေးခြင်း လိုအပ်သည်ကို သဘောပေါက်နားလည်ကြရမည်။

ပညာရှိသောသူတို့သည်လည်း ကောင်းကင်မျက်နှာကျက်၏အရောင်အဝါ ကဲ့သို့လည်းကောင်း၊ လူအများတို့ကို ဖြောင့်မတ်ခြင်းတရားလမ်းထဲသို့ သွင်းသော သူတို့သည်လည်း ကြယ်များကဲ့သို့ လည်းကောင်း အစဉ်အမြဲထွန်းလင်းကြလိမ့် မည်(၁၂:၃)။

ဘုရားတရားကြည်ညိုသောခေါင်းဆောင်များသည် ခရစ်ယာန်အသက်တာ ကြီးထွားခြင်း အဆင့်သုံးဆင့် ထဲကဖြစ်ရမည်။ သူတို့သည် လေ့ကျင့်ခြင်း၊ ဗဟုသုတနှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးခြင်းအားဖြင့် များစွာအကျိုးပြု နိုင်သော်လည်း ဘုရားသခင်နှင့်အကျွမ်းဝင်ဖို့ရန်နှင့် အမှုတော်မြတ်၌ ထိရောက်မှု ရှိဖို့ရန်အတွက် ဘုရားတရားကြည်ညိုခြင်း အလေ့အကျင့်သည် အဓိကကျ၏။

## ဘုရားတရားကြည်ညိုသော ခေါင်းဆောင်မှု

ခေါင်းဆောင်များ လေ့ကျင့်ပေးခြင်း ဖြစ်စဉ်၌ အတွင်းကျကျ ပါဝင်ခြင်း သည် ဘုရားသခင်၏ အလိုတော်ဖြစ်သည်ဟူသောအချက်သည် စိတ်ဝင်စားဖွယ် ကောင်းသောအရာပင်ဖြစ်ပါသည်။ ကျနော်တို့ စိတ်နှလုံးထဲ၌ ကိုယ်တော်ထည့် ပေးသည့်အသက်သည် ခရစ်တော်၏ပုံသဏ္ဍာန်အဖြစ်သို့ ကြီးထွားဖို့ရန် သတင်း ကောင်းတရား DNA အားဖြင့် ကြိုးပမ်းလျက်နေ၏။

သင်းအုပ်တစ်ပါး၌ ဘုရားတရားကြည်ညိုသော ခေါင်းဆောင်မှု၏ပုံစံ အမျိုးမျိုးအပေါ် ပေါလုဖော်ပြခဲ့သည့်လမ်းစဉ်ကို သတိပြုရမည်။ ထိုသူ၏အသက် တာသည် သူ၏ခေါင်းဆောင်မှု နေရာနှင့်အကွ အပြည့်အဝ ကွင်းဆက်ဖြစ် ဖို့ရန် လိုအပ်ပါသည်။

အပြစ်တင်ခွင့်နှင့်ကင်းလွတ်သောသူ၊ မယားတစ်ယောက်တည်းရှိသော သူဖြစ်လျှင်ငင်း၊ သူတို့၏သားသမီးတို့သည် ကာမဂုဏ်၌ လွန်ကျူးသည်ဟု အပြစ် တင်ခြင်း၊ နားမထောင်ခြင်းနှင့်လွတ်၍ ယုံကြည်လျှင်ငင်း၊ ထိုသို့သောသူကို ခန့်အပ်ထား၏။ အကြောင်းမူကား သင်းအုပ်သည် ဘုရားသခင်၏ဘဏ္ဍာစိုးကဲ့သို့ အပြစ်တင်ခွင့်နှင့် ကင်းလွတ်သောသူဖြစ်ရမည်။ ကိုယ့်အလိုသို့လိုက်တတ် သောသူ၊ စိတ်တိုသောသူ၊ စပျစ်ရည်နှင့်ပျော်မွေ့သောသူ၊ သူတပါးကို ရိုက်ပုတ် သောသူ၊ မစင်ကြယ်သောစီးပွားကို တပ်မက်သောသူမဖြစ်ရဘဲ၊ ဧည့်သည်ဝတ်ကို ပြုတတ်သောသူ၊ သူတော်ကောင်းနှင့် အဆွေဖွဲ့သောသူ၊ ဣန္ဒြေစောင့်သောသူ၊ ဖြောင့်မတ်သောသူ၊ သန့်ရှင်းသောသူ၊ ကာမဂုဏ်ချုပ်တည်းသောသူဖြစ်ရမည်။ စင်ကြယ်သော ဩဝါဒဖြင့် တိုက်တွန်း သွေးဆောင်ခြင်းငှာငင်း၊ ငြင်းခုံသောသူတို့ ၏စကားကို ချေခြင်းငှာငင်း တတ်နိုင်မည်အကြောင်း၊ ကိုယ်တိုင်သင်ပြီးသော သစ္စာစကားတော်ကို အမြဲစွဲလန်းသောသူ ဖြစ်ရမည်(တိ၊၁:၆-၉)။

ဤအချက်အလက်တို့သည် ထိုနေရာ ထိုအချိန် ထိုယဉ်ကျေးမှု၌ အရေးကြီးသည်ဟု ထိုအသိုင်း အဝန်းများက စဉ်းစားထားသည့်အရည်အချင်းများ

သက်သက် မဟုတ်ပေ။ ထိုထက်မက သာလွန် ကျော်လွန်ပါ၏။ ဘုရားသခင်၏ သန့်ရှင်းသောရည်ရွယ်ချက်နှင့်အညီ ရိုးသားဖြောင့်မတ်စွာ ကျနော်တို့အသက် ရှင်ခြင်းသည် လူတို့အား တိုက်ရိုက်လွှမ်းမိုးခြင်းနှင့်လေ့ကျင့်ပေးခြင်းဖြစ်ပါသည်။

ကျနော်တို့စာအုပ်များထဲက တစ်အုပ်ဖြစ်သည့် ဘုရားသခင်၏လူဟူသော စာအုပ်သည် ဘုရားသခင်နှင့် ရင်းနှီးမှုအားဖြင့် စစ်မှန်သောဘုရားတရားကြည် ညိုခြင်းဖြစ်လာသည်ကို ချဲ့ထွင်ထားသည်။

ဘုရားသခင်၏သန့်ရှင်းသောလုပ်ဆောင်ချက်ထဲမှ ကျနော်တို့အထဲ၌ မောင်းနှင်နေသည်ကို ယုံကြည်စိတ်ချခြင်းသည် ကျနော်တို့ကို ယုံကြည်ကိုးစား စေပါသည်။

(၁) ဘုရားသခင်နှင့် အနီးကပ်အသက်ရှင်ရန်

(၂) ကြိုးစားခဲ့ပြီးသည့်အရာကို စောင့်ထိန်းရန်

(၃) အခြားသူများအား ဘုရားသခင်၏နှုတ်ကပတ်တော်ကို ထိရောက်စွာ တိုက်ကျွေးရန်

သည်ယုံကြည်စိတ်ချမှုမရှိရင် ကျနော်တို့အမှုတော်မဆောင်ပဲနေတာ အကောင်းဆုံးဖြစ်ပါတယ်။ ထိုသို့မဟုတ်ပဲ ထိုယုံကြည်စိတ်ချမှုကို ရရှိရန် ကျနော်တို့သည် သင်ယူလေ့လာ၍ ကျနော်တို့၏လုပ်ငန်း၌ ဆက်လက်လုပ် ဆောင်ပါက ပို၍ပင်ကောင်းပေ၏။ မှန်ကန်သောစိတ်ထားနှင့်ယုံကြည်ခြင်းရှိလျှင် တိုးတက်မှု အလျင်အမြန် ဖြစ်ပျက်လာနိုင်သည်။

ဘုရားသခင်သည် ဘုရားတရားကြည်ညိုသောခေါင်းဆောင်များ မွေးထုတ် ခြင်းကို နှစ်သက်အားရ၍ ဘုရားတရားကြည်ညိုသော အပြုအမူမရှိသည့် ခေါင်း ဆောင်များ မွေးထုတ်ရန် ကျနော်တို့၏ကြိုးပမ်း အားထုတ်မှုကို မနှစ်သက်ပေ။ ကျနော်တို့သည် ကျနော်တို့၏လေ့ကျင့်ပေးခြင်းသင်တန်း၌ ဘုရားသခင်၏ တန်ခိုးတော်ကို လွှင့်ထုတ်၍ ကျနော်တို့၏အသက်တာ၊ သာသနာလုပ်ငန်း သို့မဟုတ် အခြားသူများအား လေ့ကျင့်ပေးခြင်းဖြင့် ဘုရားသခင်၏စိတ်နှလုံးနှင့် တူသော ခေါင်းဆောင်ကိုရှာဖွေလျက်နေ၏။

ထာဝရဘုရားက သူ၏မျက်နှာ သူ၏အရပ်ကို မကြည့်မရှုနှင့်။ သူ့ကို ငါပယ်ပြီ။ ထာဝရဘုရားသည် လူမြင်သကဲ့သို့ မြင်တော်မူသည်မဟုတ်၊ လူသည် အဆင်းသဏ္ဍာန်ကို ကြည့်ရှုတတ်၏။ ထာဝရဘုရားမူကား စိတ်နှလုံးကို ကြည့်တတ် သည်ဟု ရှမွေလအား မိန့်တော်မူ၏(၁ရာ၊၁၆:၇)။

အကယ်၍သာ ကျနော်တို့အသင်းတော်များနှင့်ဓမ္မကျောင်းများတွင်သည် အခြေခံလေ့ကျင့်ရေး သင်တန်းကို သွတ်သွင်းပေးနိုင်မယ်ဆိုရင် ကျနော်တို့ အလယ်မှာ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ဘုရားတရားကြည်ညိုသော

ခေါင်းဆောင်များအတွက် အရှိန်အဝါနဲ့ ကြီးထွားလာလိမ့်မည်။ ထိုသူတို့သည် ဘုရားသခင်၏လူတို့အထဲသို့ ဘုရားသခင်၏ဝိညာဉ်တော်ကို တန်ခိုးရှိစွာ ဖြည့်ဆည်းပေးမည့်သူများဖြစ်သည်။

## သင်ခန်းစာ

- ကျနော်တို့သည် အသက်တာပြောင်းလဲခြင်းမဟုတ်သည့် လေ့ကျင့်ရေး သင်တန်း အစီအစဉ်များကို သည်းမခံရ။ ထိုသို့ပြုခြင်းသည် ဘုရားတရား ကြည်ညိုသော ခေါင်းဆောင်မှုနှင့်လေ့ကျင့်ရေး သင်တန်းအတွက် အရမ်း လိုအပ်ပါသည်။
- ကျနော်တို့၏စံနှုန်းသည် ဘုရားတရားကြည်ညိုသော အသက်ရှင်ခြင်းဖြစ် ရမည်။ သို့မဟုတ်လျှင် ထိုစံနှုန်းသည် ဘုရားသခင်၏အမြင်၌ နွေးရုံမျှသာ ဖြစ်၍ လူတိုင်း ဒုက္ခခံစရာဖြစ်လာပါလိမ့်မည်။
- ယုံကြည်သူအပေါင်းတို့အား ပြန်လည်ထူထောင်ခြင်း၊ သူတို့ကို ဘုရား တရားကြည်ညိုသော အသက်ရှင်ခြင်းသို့ ခေါ်ဆောင်သွားရန် ဘုရား သခင်၌ အထူးနည်းလမ်းရှိ၏။ ထိုသို့ဖြင့် သူတို့သည် ဘုရားတရား ကြည်ညိုသော ခေါင်းဆောင်မှုအတွက် သင့်လျော်နိုင်မည်ဖြစ်သည်။

## ကျက်မှတ်ဆင်ခြင်ပါ

- တိ၊ ၁:၅-၉

## တာဝန်ပေးအပ်ခြင်း

- သင်သည် ခရစ်ယာန်ခေါင်းဆောင်တစ်ဦး ဟုတ်ပါသလား။ သင်သည် ဘုရားတရားကြည်ညိုပါသလား။ ရှင်းပြပါ။
- အသင်းတော်တစ်ပါးပါ၊ ဓမ္မကျောင်း သို့မဟုတ် သာသနာ၌ ဘုရားတရားကြည်ညိုခြင်းမရှိသည့် လူတစ်ဦးဦးကို သင်သိရှိပါသလား။ သိရှိပါက အကျိုးဆက်ဖြစ်ပေါ်သော တချို့ပြဿနာများကို ထောက်ပြပါ။
- အကယ်၍ သင်သည် အမှုတော်ဆောင်သင်တန်းကို တက်ရောက်သ ူဖြစ်ပါက ထိုသင်တန်း၌ စိတ်နေသဘောထားနှင့်အပြုအမူများကို လေ့ကျင့်သင်ကြားပေးပါသလား။ ၎င်းသည် စေသနာအလျောက် ဟုတ်ပါ သလား။ ၎င်းက မည်ကဲ့သို့လုပ်ဆောင်ပါသနည်း။ ၎င်းသည် မည်ကဲ့သို့ တိုးတက်နိုင်မည်နည်း။

# #၃၆ အသင်းတော်များ၌ လေ့ကျင့်ပေးခြင်း

ခေါင်းဆောင်များသည် အသင်းတော်ကို ပုံသွင်းသောသူများဖြစ်သောကြောင့် အသင်းတော်နှင့် ဂိုဏ်းဂဏအားတို့သည် သူတို့၏ခေါင်းဆောင်များကို လေ့ကျင့်ပေးခြင်း၌ အာရုံစိုက်ရန် လိုအပ်ပါသည်။

တရားသူကြီးမှတ်စာနှင့်ဓမ္မရာဇဝင်စာအုပ်များသည် ကျနော်တို့အား ခေါင်းဆောင်အမျိုးမျိုးတို့၏ ပုံဥပမာများစွာကို ပုံဖော်ပေး၏။ ဂိဒေါင်နှင့်ဒါဝိဒ်ကဲ့သို့သော ရဲရင့်သည့်ခေါင်းဆောင်များသည် ရှံဆုန်၊ အာဟပ်မင်းနှင့်သူ့ဇနီးယေဇဗေလကဲ့သို့သော ဆိုးညစ်သည့်ခေါင်းဆောင်များနှင့် ဆန့်ကျင်ဘက်ဖြစ်ကြ၏။ အတိတ်က ထိုတရားသူကြီးများ၊ ရှင်ဘုရင်များနှင့် ယနေ့ခေတ်တွင် ဘုရားလူတို့၏ခေါင်းဆောင်များဖြစ်သည့် သင်းအုပ်များ၊ ဓမ္မဆရာများ၊ အသင်းလူကြီးများတို့စပ်ကြား၌ ရာထူးအလိုက်ခြားနားချက်များရှိကြ၏။ သို့သော် ဘုရားသခင်၏လူတို့အပေါ်၌ ခေါင်းဆောင်တို့၏လွှမ်းမိုးမှုသည် ငြင်း၍မရသောအရာဖြစ်သည်။

ဒေသန္တာရအသင်းတော်အနေနဲ့ ဝိညာဉ်ရေးရာနဲ့ပြည့်ဝသော သူတို့၏ သင်းအုပ်ဆရာကို ကျော်လွန်ပြီး မမျှော်လင့်ပေ။ ထို့အတူပါပဲ မိသားစုနှင့် အသင်းတော်၌လည်းဖြစ်၏။ ၎င်းကို ယေရှုက “တပည့်သည် ဆရာထက်မသာ။ ကျွန်သည် သခင်ထက်မသာ” ဟူ၍ မိန့်ဆိုသည်မဟုတ်လော(မ၁၀ း၂၄)။

ဘုရားသခင်၏ဝိညာဉ်တော်သည် အတူပါရှိ၍ တက်ကြွစွာလုပ်ဆောင်နေသော်လည်း ခေါင်းဆောင်များ၏အသက်တာ၌ အပေးအယူရှိလာသောအခါ ဝိညာဉ်တော်၏လုပ်ဆောင်ချက်သည် အကန့်အသန့်ရှိလာပါ၏။ ဘုရားသခင်၏ လူတို့သည်လည်း သူတို့သင်းအုပ်ဆရာ၏လောကီဆန်ခြင်း၊ ဘာသာတရားလုပ်စားခြင်းနှင့်အကျင့်ပျက်ခြင်းတို့ကို စတင်အတုခိုးလာကြသည်။

ဘုရားရှင်၏လုပ်ဆောင်ချက်ကို ခေါင်းဆောင်များအားဖြင့်သာ ချုပ်ချယ်ဟန့်တားခြင်းမဟုတ်ပဲ ထိုခေါင်းဆောင်များသည် အသင်းတော်၌ ဝိညာဉ်ပိုင်းဆိုင်ရာ လွှမ်းမိုးမှုရှိကြသောကြောင့် အသင်းသားများအားဖြင့်လည်း ချုပ်ချယ်ဟန့်တားနိုင်ပါသည်။ သူတို့အား အကောင်းဆုံးလေ့ကျင့်ပေးမည့် ပထမနေရာသည် အသင်းတော်ဖြစ်၍ ဒုတိယနေရာအနေနဲ့ ကျမ်းစာသင်ကျောင်းများ၌လည်း လေ့ကျင့်ပေးနိုင်ပါသည်။

အကယ်၍ ဘုရားသခင်၏လူများအတွက် ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးမှု၌ စိတ်အားထက်သာသော အသင်းအုပ်တစ်ပါးသည် သင်၌ရှိမည်ဆိုလျှင် မည်သို့ပြုမည်နည်း။ ထိုအရာသည် ပရိသတ်အလယ်၌ မည်ကဲ့သို့အကောင်အထည်ဖော်

မည်နည်း။ သင်းအုပ်ဆရာရယ် ငါ့ကို ပြောပြပါ။ "ငါ က ဒီဟာကော ဟိုဟာပါကြိုးစားတယ်" ဒါပေမယ့် ဘာကိုဆက်လုပ်ရမှန်းတောင်မသိတော့ဘူး။"

ထိုသို့သော အသင်းတော်ရင်ဆိုင်နေရသည့်အကြီးမား ဆုံးပြဿနာမှာ ယေဘုယအားဖြင့် လမ်းပြမြေပုံမရှိခြင်း ကြောင့်ဖြစ်သည်။ သူတို့၏ယေဘုယ ရည်မှန်းချက် ပန်းတိုင်များသည် ရှာဖွေလိုက်စားရန် ကောင်းမွန်သော်လည်း ဘုရားသခင်၏လူများကို အကောင်းဆုံးပို့ဆောင်ရန် လမ်းမရှိပေ။

*ဝိညာဉ်ရေးရာ လမ်းပြမြေပုံသည် အရေးပါ၏။*




သူတို့သည် ဟိုနားဒီနား လိုအပ်ချက် တချို့ကိုတွေ့ရှိ၍ အကောင်းဆုံး လုပ်ဆောင်ကြ၏။ သို့သော် မကြာခဏ မဟုတ်ပါ။ သူတို့၏ကြိုးစားအားထုတ်မှု သည် ဖြေရှင်းချက်အဖြေမဟုတ်ဘဲ၊ ဖာထေးခြင်းသာ ဖြစ်သည်။

## ဘုရားသခင်၏ပိုမိုကြီးမားသော လုပ်ဆောင်ချက်

ဘုရားသခင်၏ပိုမိုကြီးမားသော လုပ်ဆောင်ချက်ကို ဖက်တွယ်ထားခြင်း မရှိပဲလျက် ကျနော်တို့သည် မကြာခဏ အဓိကအရာကို ပြုပြင်မည့်အစား ဖာထေးခြင်းကိုသာ အာရုံစိုက်တတ်ကြ၏။ ဘုရားသခင်သည် မြေကြီးပေါ်၌ အသင်းတော်အတွက် ကြီးမားသောရည်မှန်းချက်ပန်းတိုင်ရှိ၏။ ဒေသန္တာရအသင်း တော်သည် အသက်ရှင်၍ ထက်မြက်သောလူစုများဖြစ်ပြီး ဘုရားသခင်က ကြီးမား စွာလုပ်ဆောင်လို၍ မိမိ၏ဘုန်းအသရေကို ပြသလိုသည့်လူစုများ ဖြစ်ပါသည်။

အဘယ်သို့နည်းဟူမူကား တမန်တော်တို့မှစ၍ ပရောဖက်များတည်း ဟူသောတိုက်မြစ်အပေါ်၌ သင်တို့သည် ထပ်ဆင့်၍ တည်ဆောက်လျက်ရှိကြ၏။ ထိုတိုက်ထောင့်အမြစ် ကျောက်ကား ယေရှုခရစ်ဖြစ်သတည်း။ ထိုကျောက် နှင့်တတိုက်လုံးသည် စေ့စပ်၍ ကြီးပွားသဖြင့် သခင်ဘုရားအဖို့အလို့ငှာ သန့်ရှင်း သောဗိမ္ဗာန်တော်ဖြစ်၏။ ထိုဗိမ္ဗာန်တော်၌လည်း ဘုရားသခင်သည် ဝိညာဉ်တော် အားဖြင့် ကျိန်းဝပ်တော်မူခြင်းအလို့ငှာ သင်တို့သည် ငါတို့နှင့်အတူ တည်ဆောက် လျက်ရှိကြ၏(ဧ၂:၂၀-၂၂)။

အသင်းတော်သည် သင်တန်းကျောင်းများနှင့် များစွာခြားနားပါ၏။ အသင်းတော်သည် ဘုရားသခင်၏ လူများကို လေ့ကျင့်ရုံမျှသာ လေ့ကျင့် ပေးနေခြင်းမဟုတ်ပေ။ အသင်းတော်ပင်လျှင် ဘုရားသခင်၏ လူများဖြစ်ပါသည်။ အဖွဲ့အစည်းဆန်ဆန်ပြောရလျှင် အသင်းတော်၌ အခြားထူးခြားမှုများစွာရှိသေး ၏။ ဥပမာ ပြောရလျှင် လုပ်ဆောင်သောသူများသည် အခကြေးပေးခြင်းမဟုတ်ဘဲ

စေတနာ့ဝန်ထမ်းများ ဖြစ်ကြသည်။ အသင်းသားများသည်လည်း ကျောင်းမှာထက် အသင်းတော်၌ နှစ်ရှည်လများပါဝင် လုပ်ဆောင်တတ်ကြ၏။

အသင်းတော်ရှိဓမ္မဆရာများသည် ကျမ်းစာကျောင်း၌ရှိသော ဆရာသမားများထက် အဆက်အသွယ်မကြာခဏများတတ်၏။ ဥပမာ ကျမ်းစာကျောင်း ပါမောက္ခတစ်ဦးသည် မိမိကျောင်းသားနှင့် တစ်ပတ်မှာ တစ်ခါပဲဆုံခွင့်ရှိ၍ ကျောင်းသားအား စာဖတ်ပြီး စာတမ်းပြုစုရန် တာဝန်အပ်နှင်းလေ့ရှိ၏။ သင်းအုပ် သို့မဟုတ် Sunday School ဆရာတစ်ပါးသည် မိမိအသင်းသားကို အချိန်ကြာကြာ မထားရစ်ပေ။ လွယ်လွယ်နဲ့မကွာပါ။ ဤခြားနားချက်ကို တစ်ခုချင်းစီ ဆွေးနွေးပါမည်။

## တိုးချဲ့သည့် အဆက်အသွယ်နှင့်ကိုယ်တွေ့ညွှန်ပြခြင်း

အချိန်သည် အလွန်အရေးပါသည့် အကြောင်းရင်းတစ်ရပ်ဖြစ်သည်။ အသင်းတော်သည် ကျနော်တို့အသီးသီးအား ပိုမိုနက်ရှိုင်းစွာ ပါဝင်ခွင့်ပေးသောကြောင့် အကျိုးဖြစ်ထွန်းမှုများကို အသင်းတော်၌ မြင်တွေ့ရ၏။ အရေးအကြောင်းတိုင်ပင်ခြင်းမှအပ မည်သည့်အရာမျှ အရေးတကြီးမဟုတ်သလိုပါပဲ။ အသင်းတော်၊ ကျောင်း သို့မဟုတ် အစီအစဉ်တစ်ရပ်တို့သည် ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးမှုနှင့် မကြာခဏ ရှုပ်ထွေးတတ်၏။

ကျမ်းစာကျောင်းများသည် စာသင်နှစ် တစ်နှစ်ပြီးတစ်နှစ်အတွင်း၌ ဖြစ်ပျက်သောအရာများကို အာရုံစိုက်ကြ၏။ အသင်းတော်မူကား အသင်းသားများက သစ္စာရှိရှိ ပုံမှန်ပါဝင်မည်ဆိုလျှင် အားလုံး အကောင်းဆုံး လုပ်ဆောင်ရန် ရည်ရွယ်တတ်ကြ၏။

အသက်၏အနှစ်သာရသည် အသက်တာကြီးထွားဖွံ့ဖြိုးမှုဇယား မြေပုံကို ကျနော်တို့အား ရေးဆွဲစေ၍ အမှုထမ်းရသောအခွင့်ထူးကို ဖြစ်စေပြီး အသီးသီးစေပါ ၏။ အသင်းတော်ခေါင်းဆောင်များသည် နူးညံ့သောသိုးထိန်းများကို လိုချင်သည်နည်းတူ အသင်းသားတစ်ဦးချင်းစီတို့နှင့် တွေ့ဆုံ၍ သူတို့သည် မည်သို့သော တပည့်တော်အဆင့်၌ ရှိနေကြသည်ကို သိမြင်ကြရန် ကူညီအားပေးကြ၏။ ထိုသူတို့နှင့်အတူ ကိုယ်တွေ့ဆက်နွယ်ခြင်းနှင့်အချိန်ယူခြင်းသည် သူတို့အား ညွှန်ပြပေးရန် ကျနော်တို့ကို အခွင့်ထူး ရရှိစေပါသည်။

အသင်းတော်ရှိ လူတစ်ဦးသည် အိမ်ထောင်ပြု၍ honeymoon ခရီး ထွက်သွားသော်လည်း အသင်းတော်သို့ ပြန်လာပါလိမ့်မည်။ လေ့ကျင့်သင်ကြားခြင်းသည် ဇနီးမောင်နှံပြန်ရောက်လာသောအခါ ပြန်ဆက်နိုင်သည်။ အချိန်သည် ကျနော်တို့ဘက်၌ရှိ၏။

အသင်းတော်ခေါင်းဆောင်များသည် ဤချည့်နဲ့သောအခြေခံအုတ်မြစ်များကို မြှင့်တင်ဖို့ရန် အထောက်အကူပြုစေသော ဆွေးနွေးမှုများပြုလုပ်နိုင်သည်။ ထိုသို့ဖြင့် ထိုလူစုတို့၏ ဝိညာဉ်ပိုင်းဆိုင်ရာ ကြီးထွားဖွံ့ဖြိုးမှု၌ ရှေ့ကိုတိုးစေလျက် ရည်မှန်းပန်းတိုင်နှင့်အတူ အခြားသူများအား ထိရောက်စွာ အမှုထမ်းဆောင်ရွက်စေနိုင်မည်ဖြစ်သည်။

သင်းအုပ်များသည် ကျမ်းစာကျောင်းဆရာများကဲ့သို့ သီအိုလော်ဂျီပညာရပ်ကို လေးလေးနက်နက် သင်ကြားပို့ချရန် အခွင့်ထူး သိပ်မရရှိကြပေ။ အကြောင်းမှာ အချိန်တိုင်း၌ အကန့်အသတ်ရှိနေသောကြောင့်ဖြစ်သည်။ အသင်းတော်၏ အားသာချက်ကား ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ထိုအသင်းတော်၌ စွမ်းစွမ်းတမံ ဟောပြောနိုင်စွမ်းရှိ၍ ထိုနှုတ်ကပတ်တော်အား အမြစ်တွယ်စေဖို့ရန် အခွင့်အလမ်းကို ဖန်တီးနိုင်၏။ ကျနော်တို့သည် အဓိကအကြောင်းအရာဖြစ်သည့်ကယ်တင်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်းနှင့် ဧဝံဂေလိ ဝေငှခြင်းတို့အပေါ်၌ ကျနော်တို့ အာရုံစိုက်နေသည်မှာ သမ္မာကျမ်းစာ၏ခွင့်ပြုခြင်းပင်ဖြစ်သည်။

သို့ရာတွင် ယုံကြည်သူများအနေဖြင့် ကြီးထွားခြင်းမရှိတော့သောအခါ ပြဿနာတစ်ရပ် ဖြစ်ပေါ်နိုင်သည်။ အသင်းတော်၌ ဝိညာဉ်ရေးရာကြီးထွားခြင်းနှင့် ရင့်ကျက်ခြင်းသည် အလိုအလျောက်မရှိနိုင်ပေ။ သို့ဖြစ်၍ အသင်းတော်၏ ရှင်းလင်းသောရူပါရုံသည် တဖြည်းဖြည်းချင်း တိုးပွားသင့်သည်။ ကောင်းမွန်သော တရားဟောချက်နှင့်သင်ကြားခြင်းများကို ကောင်းကောင်းမတုံ့ပြန်နိုင်ရန် မည်သည့်အရာက ဘုရားသခင်၏ လူတို့ကို ထုံထိုင်းစေပါသနည်း။

ဒုစရိုက်အပြစ်၏အခြေခံအကြောင်းရင်းများစွာထဲတွင် ကျနော်တို့ကိုယ်တိုင်လည်းပါဝင်၏။ ယောဟန်က ဗျာဒိတ်ကျမ်းအခန်းကြီး ၂-၃ တို့တွင် နွေးရုံမျှသာဖြစ်စေသည့်ကဏ္ဍများစွာကို ထောက်ပြခဲ့သည်။ သို့သော် ပြန်လည် ပျိုးထောင်ခြင်းအကြောင်း ထပ်တလဲလဲထောက်ပြသည်ကို ကျနော်တို့မြင် တွေ့ရ၏။

အသင်းတော်ခုနစ်ပါးတို့ထံသို့ စာရေးသားရာတွင် ယောဟန်က အသင်းတော်၌ ယေရှု၏တရားသဖြင့် နေရာယူခြင်းတို့ကို စတင်ရည်ညွှန်းထား၏။ ဥပမာ စမုရနမြို့၌ရှိသောအသင်းတော်အတွက် ယေရှုသည် ထမြောက်သောသူဖြစ်၏။ သေခြင်းတရားကို ကြောက်ရွံ့ခြင်းသည် အသင်းအပေါ် ၌ မအုပ်စိုးသင့်ပေ (ဗျာ၊၂း၈-၁၁)။ ပေရဂံမြို့၌ရှိသောအသင်းတော်ထံသို့ ရေးသားချက်ကား ဆိုးညစ်ခြင်းအတွက် အသွားနှစ်ဘက် ထက်သောဓားဖြင့် တရားစီရင်ခြင်းရှိရမည်ဟု အသေအချာပြောဆို၏(ဗျာ၊၂း၁၂-၁၇)။ ပြန်လည် ထူထောင်ခြင်းသည် ကျနော်တို့၏အာရုံစိုက်မှုကို မိမိတို့အသက်တာ၌ ယေရှုခရစ်တော် ပြင်ဆင်ပေးသည့် ဘုန်းအသရေနှင့်ပြည့်စုံသောနေရာသို့ အမြဲပို့ဆောင်ပါလိမ့်မည်။

ပြန်လည်ထူထောင်ခြင်းဟူသည်မှာ လူတစ်ဦး၏အသက်ရှင်ခြင်းအား ဘုရားရှင်ထံသို့ ပြန်လည်ဇဟိုပြုစေခြင်းကိုခေါ်သည်။ ယုံကြည်သူများသည် ဝိညာဉ်ပိုင်းဆိုင်ရာ လမ်းပြမြေပုံမှ ပိုမိုကောင်းမွန်သော လမ်းညွှန်မှုကို ရရှိလာသည့်နှင့်အမျှ အသက်တာကြီးထွားဖို့ရန် သူတို့၏စိတ်အားတက်သန်မှုမှာ နဂိုအတိုင်းပြန်ဖြစ်လာ၏။ ယေဘုယဆန်သော ရည်မှန်းချက်ပန်းတိုင်နှင့် အထူးလုပ်ငန်းများကို ပေါင်းစည်းလိုက်သောအခါ သူတို့၏ရည်မှန်းချက်ပန်းတိုင်သည် သူတို့ရောက်ရှိနိုင်ကြောင်း ယုံကြည်စိတ်ချမှုရှိလာကာ ပိုမိုပါဝင်လိုစိတ်ရှိလာကြမည်ဖြစ်သည်။

သင်းအုပ်သည် ဘုရားသခင်၏လူစုတို့အသက်တာ၌ ဘုရားသခင်လုပ်ဆောင်လျက်ရှိသည့်အရာကို အလွယ်တကူ မြင့်တင်ပေးနိုင်သူဖြစ်သင့်သည်။ အကယ်၍ ၎င်းကို ဂရုတစိုက်မြှင့်တင်ပေးသည့် ညွှန်ပြခြင်း အစီအစဉ်နှင့် ပေါင်းစပ်လိုက်လျှင် ဘုရားသခင်၏လူတို့သည် စိတ်အားထက်သန်မှု တိုးပွားလာမည်ဖြစ်ပါသည်။ ထိုသို့ဖြစ်ရခြင်းသည် အသင်းတော်၏အကြီးအကဲများကြောင့်မဟုတ်ဘဲ၊ ဘုရားရှင်၏ လုပ်ဆောင်ချက်ကြောင့်ဖြစ်သည်။

## စိတ်ပါဝင်စားမှု နည်းပါးခြင်း

ဘုရားသခင်၏လူတို့သည် ကျမ်းစာကျောင်းကို မတက်လိုကြပေ။ သူတို့၏ငွေကြေး ထောင်သောင်းများစွာကိုလည်း ဘွဲ့ဒီဂရီရရှိဖို့အတွက် ထည့်ဝင်ခြင်းမပြုကြပေ။ အကယ်၍ အသင်းတော်၏ လေ့ကျင့်သင်ကြားခြင်းကို ကောင်းကောင်းလုပ်ဆောင်ပါက လူတို့သည် အသက်တာပြောင်းလဲခြင်းရှိ၍ ကိုယ်တိုင်ကိုယ်ကျဘုရားသခင်ကို တွေ့မြင်လာကာ ဝတ်ပြုခြင်း၌ မွေ့လျော်လာကြမည်။ ထိုလူတို့သည် အသင်းတော်၌ အလိုလိုပျော်လာကြမည်။ သူတို့၏အသက်တာ၌ ဘုရားသခင်လုပ်ဆောင်လျက်ရှိသော အရာများကြောင့် အခြားသူများလည်း အသင်းတော်သို့လာရောက်လိုစိတ်ရှိလာကြမည်။

ဤကား ဘုရားသခင်၏လူတို့အလယ်၌ ဘုရားသခင်ကျိန်းဝပ်တော်မူခြင်းတည်းဟူသော ဘုရားသခင်၏အသင်းတော်ကို ပုံဖော်ခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် သူတို့အလယ်၌ ရှင်သန် လှုပ်ရှားပါ က အများနှင့်ဆိုင်သည့်တရားဟောခြင်းနှင့်သင်ကြားခြင်း၌ ကိုယ်တိုင်ကိုယ်တျ ပြောင်းလဲခြင်းရှိရမည်။ ကိုယ်တိုင်သန့်ရှင်းခြင်းနှင့်ဝိညာဉ်ရေးရာကြီးထွားခြင်းမရှိဘဲလျက် အသက်ရှင်ခြင်းကို အခွင့်ပေးလာသောအခါ ကျနော်တို့သည် ဘုရားသခင်နှင့်သူ၏လုပ်ဆောင်ချက်ကို မကြိုဆိုနိုင်တော့ပေ။ "ထိုဗိမာန်တော်၌လည်း ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် ကျိန်းဝပ်တော်မူခြင်းအလို့ငှာ သင်တို့သည် ငါတို့နှင့်အတူ တည်ဆောက်လျက်ရှိကြ၏" (ဧ၊၂:၂၂)။

ဒေသန္တရအသင်းတော်သည် လေ့ကျင့်သင်ကြားခြင်းအတွက် နေရာကောင်းဖြစ်၍ ကျမ်းစာကျောင်းနှင့် မယှဉ်ပြိုင်နိုင်မှာကို စိုးရိမ်စရာမလိုအပ်ပေ။ အသင်းတော်အနေဖြင့် မိမိအလုပ်ကို မှန်မှန်ကန်ကန် လုပ်ဆောင် မည်ဆိုလျှင် ကျမ်းစာကျောင်းကို ယှဉ်ပြိုင်နိုင်ပါသည်။ များစွာသောလူများ ကျမ်းစာကျောင်းကိုသွား၍ ကျောင်းတက်ရခြင်းမှာ မိမိတို့အသင်းတော်၌ မတွေ့ရှိနိုင်သည့် ထိုရည်ရွယ်ချက်ကြောင့်ဖြစ်သည်။

ဤသို့ပြောဆိုရာတွင် အသင်းတော်အပြင်ဘက်၌ သင်တန်းများများတက်ခြင်းသည် ကောင်းသယောင်ဖြစ်သော်လည်း အသင်းတော်၌ လုပ်ငန်းဆောင်ရွက်ရန်အတွက် အခွင့်အလမ်းများနှင့် သင့်လျော်သော လေ့ကျင့်မှုများအတွက် လိုအပ်ချက် မဖော်ပြပါက အံ့အားသင့်စရာဖြစ်ပေမည်။ သင်းအုပ်တို့သည် ဝိညာဉ်ရေးရာ၌ အစဉ်ကြီးထွားလျက် သခင်ဘုရားနှင့်အခြားသူများကို ချစ်တတ်လာသောအခါ ၎င်းသည် ကူးစက်ပြန့်ပွားလွယ်သောအရာဖြစ်လာသည်။ လူတို့သည် ထို့အတူပြုလာကြ၍ အခြားသူများကို ပိုမိုအလုပ်အကျွေးပြုရန် စိတ်အားထက်သန်လာကြလိမ့်မည်။

အသင်းတော်သည် ယုံကြည်သူများအား ခိုင်ခံ့စွာကြီးထွားဖို့ရန် ဝီရိယရှိရှိကူညီအားပေးရမည်။ အသင်းတော်အနေဖြင့် ၎င်းကို အလိုအလျောက်ဖြစ်လာမည်ဟု မမျှော်လင့်သင့်ပေ။

## သင်ခန်းစာ

- အသင်းတော်အနေဖြင့် ယုံကြည်သူအသီးသီးတို့၏ဝိညာဉ်ရေးရာ ကြီးထွားခြင်း ဘယ်အဆင့်ရောက်နေသည်ကိုလည်းကောင်း၊ ပြဿနာများကြားထဲက မည်ကဲ့သို့လုပ်ဆောင်မည်ကိုလည်းကောင်း ရှင်းလင်းနားလည်စေဖို့ရန် ကြီးမားသောအခွင့်ထူးနှင့်တာဝန်ရှိပါသည်။
- ဘုရားသခင်၏လူတို့သည် မိမိတို့အသက်တာအတွက် ဘုရားသခင်၏ အလိုတော်ကို သိရှိ၍ ၎င်းသည် မည်ကဲ့သို့အကောင်အထည်ဖော်မည်ကို အလွန်စိတ်ဝင်စားကြ၏။ ဤအကြောင်းများကို ကျမ်းစာ၏ ကျိုးကြောင်းဆီလျော်မှုရှိသည့်အတိုင်း ဖော်ပြလိုက်ပါ။ ဘုရားသခင်၏လူတို့သည် စိတ်ပါဝင်စား လာကြလိမ့်မည်။
- ဘုရားသခင်သည် ဘုရားသခင်၏လူတို့ကို မိမိ၏သန့်ရှင်းသောဗိမာန်တော်အဖြစ် တည်ဆောက်ရန် အလွန်ဆန္ဒပြင်းပြ၏။ ကိုယ်တော်သည် မိမိနှင့်လုပ်ဆောင်၍ မိမိထံသို့ ဘုန်းအသရေယူဆောင်လာမည့်ခေါင်းဆောင်များကို ရှာဖွေလျက်နေ၏။ အသင်းတော်အနေနဲ့ ယုံကြည်သူအသီးသီးတို့၏ကြီးထွားမှုကို ကူညီသောအားဖြင့် ထိုအသင်းတော်သည် ယုံကြည်သူတို့အတွက်ရော အခြားအသင်းတော်များ အတွက်ပါ အားကြီး

သောခေါင်းဆောင်များကို မွေးထုတ်ခြင်းတည်းဟူသော အကြီးမားဆုံးသောပံ့ပိုးမှုကို ပြုလုပ်ပေးခြင်းဖြစ်သည်။

## ကျက်မှတ်ဆင်ခြင်ပါ

- ဧ၂:၂၁-၂၂

တာဝန်ပေးအပ်ခြင်း

- အထက်မှာ ဖော်ပြသည့်တိုင်း သင်ပါဝင်နေသည့်အသင်းတော်အကြောင်းကိုဖော်ပြပါ။ ထိုအသင်းတော်ရှိလူတို့သည် ကြီးထွားခြင်းကို စိတ်ပါဝင်စားကြပါသလား။ အဘယ့်ကြောင့် စိတ်ပါဝင်စားမှုရှိကြသနည်း သို့မဟုတ် အဘယ့်ကြောင့် စိတ်ပါဝင်စားမှုမရှိကြသနည်း။
- အသင်းတော်ခေါင်းဆောင်တို့သည် အသင်းသားများ၏ဝိညာဉ်ရေးရာကြီးထွားခြင်းနှင့် နောက်တဆင့် မည်ကဲ့သို့ရောက်ရှိမည်ကို သိရှိလျက်သူတို့ကို အထက်၌ ဖော်ပြသည့်လမ်းစဉ်အတိုင်း အမှန်တကယ် ညွှန်ပြကြပါသလား။
- လူတို့သည် ကြီးထွားလျက် အခြားသူများကို အလိုအလျောက် ပြုစုပျိုးထောင်ကြပါသလား။ အသင်းတော်ကို ကြည့်ရှုစောင့်ရှောက်၍ တည်ဆောက်သောလူတို့သည် ရာခိုင်နှုန်းအားဖြင့် ဘယ်လောက်ရှိပါသနည်း။

# #၃၇ လေ့ကျင့်သင်ကြားခြင်း ကျောင်းများ၌ ပေါင်းစည်းခြင်း

ဤအခန်း၌ ခရစ်ယာန်လေ့ကျင့်ရေးကျောင်းနှင့်ခရစ်ယာန်သင်တန်းကျောင်းများက မည်ကဲ့သို့ အကျိုးအမြတ်ရရှိနိုင်သည်ကို ကျနော်တို့အာရုံစိုက်ရပါလိမ့်မည်။ ကျမ်းစာကျောင်းများသည် အသင်းတော် များထက် စည်းကမ်းဖြင့် ထိန်းကျောင်းနိုင်သောအနေအထားရှိသည်။

အကယ်၍ တစ်စုံတစ်ဦး၏ရည်ရွယ်ချက်ကို ခိုင်ခိုင်မာမာတည်ဆောက်၍ လုံခြုံစိတ်ချမှုရှိမည်ဆိုလျှင်တောင် ဝိညာဉ်ရေးရာအသက်တာနှင့် အသက်တာလေ့ကျင့်ခြင်း၌ တစ်ခုခုဖြစ်နိုင်သေးသည်။ ဤပဓာနကျသည့် အသက်တာတည်ဆောက်ခြင်းကို ဟန့်တားသောအရာများသည် လေ့ကျင့်ခြင်းဆိုင်ရာ အခြားနယ်ပယ်တစ်ခုလုံးနှင့် ဆက်စပ်မှုရှိ၏။ ကျနော် ဥပမာတစ်ခု ပေးပါမည်။

လင်မယားနှစ်ဦးသည် သူတို့၏ကလေးနှစ်ဦးနှင့်အတူ ပရိသတ်များနှင့်တကွ သင်းအုပ်ထံသို့ရောက်လာကြ၏။ သူတို့သည် များမကြာခင်ကပဲ ကျမ်းစာကနေ ဘွဲ့ယူသောသူများဖြစ်သည့်အတိုင်း သင်းအုပ်အလုပ်ကို ပါဝင်လုပ်ဆောင်ရန် စိတ်အားထက်သန်သောသူများဖြစ်ကြသည်။ နှစ်ကြာလာ သောအခါ သူတို့၌ အိမ်ထောင်ရေးပြဿနာရှိသည်ကို ကျနော်တို့တွေ့မြင်၏။ သူတို့နှစ်ဦးသည် အချင်းချင်းမတက်တော့ကြပေ။ ဤအရာက ဘာကိုဖော်ပြသလဲဆိုရင် ခေါင်းဆောင်မှု၌ ယောကျ်ားရဲ့ခေါင်းမာခြင်းအကြောင်းကို ထင်ဟပ်စေသည်။ အဆုံးမလုဘူးဆိုတာ ကျိန်းသေပြောနိုင်သည်။ ဤအိမ်ထောင်ရေး ပြဿနာသည် ကျမ်းစာကျောင်းမှာကတည်းက ရှိနေပြီးသောအရာဖြစ်သည်ကို ကျနော်တို့ နောက်မှပဲ သိရှိရလေ၏။

ကျမ်းစာကျောင်းက ကောင်းသောလေ့ကျင့်ခြင်းကို ပေးအပ်ခဲ့သော်လည်း သူတို့၏အိမ်ထောင်ရေး မပြေလည်မှုကြောင့် သာသနာလုပ်ငန်းတစ်ခုအတွက် အုတ်မြစ်ကို မချနိုင်ခဲ့ကြပေ။ ဤသို့သော ပြဿနာများသည် အချိန်တိုင်း၌ မိသားစုများအပေါ် ရိုက်ခတ်လျက်ရှိ၏။

## ကျွန်ုပ်တို့၏ရည်မှန်းချက်ပန်းတိုင်များသို့ ပြန်လှည့်ခြင်း

လူယောကျ်ားတစ်ဦးသည် ကျမ်းစာကျောင်းမှဘွဲ့ရဖြစ်သော်လည်း သူ့အသက်တာ၌ ချည့်နဲ့နေ၏။ ကျမ်းစာကျောင်းများ၏ရည်မှန်းချက်ပန်းတိုင်သည်

အဘယ်နည်း။ ကျမ်းစာကျောင်းသားများသည် အိမ်ထောင်ရေး အရုပ်အရှင်းများနဲ့ ကျောင်းပြီးသင့်ပါသလား။ ဤမေခွန်းများသည် တချို့သော သူများအတွက် ရယ်စရာဖြစ်နိုင်သည်။

အသင်းတော်များကလည်း ကျမ်းစာကျောင်းမှဘွဲ့ရရှိပြီးသောသူများသည် ကျောင်း၌ပြဋ္ဌာန်းထားသည့် သင်ရိုးညွှန်းတမ်းများကို သင်ယူအောင်မြင်ကြသောကြောင့် ရင့်ကျက်သောသူများဟု မှတ်ယူတတ်ကြ၏။ သို့သော် ကျမ်းစာကျောင်းသည် ကျောင်းသူ/သားများ၏လိုအပ်မှုဖြစ်သည့် အကျင့်စရိုက်နှင့်ဝိညာဉ်ရေးရာ ရင့်ကျက်ခြင်းများကို သင်ကြားလေ့ကျင့်ပေးခြင်းမပြုပေ။ ထို့အတွက်ကြောင့် ဝိညာဉ်ရေးရာ ရင့်ကျက်ခြင်းနှင့် ဆိုင်သော ရည်မှန်းချက်ပန်းတိုင်ကို ရရှိဖို့ရန် သိရုံနဲ့ မလုံလောက်ခြင်းဖြစ်ပါသည်။

ကျနော်တို့သည် ကျနော်တို့ကျောင်းများ၏ပညာရေးဆိုင်ရာ နည်းပညာများကို သန့်စင်စေရန် သခင်ဘုရား၏ပိုမိုကြီးမားသော ရည်ရွယ်ချက်သို့ ဦးတည်သွားကြရမည်။ အကယ်၍ ရည်မှန်းချက် ပန်းတိုင်သည် သာသနာအတွက် လူတို့ကိုကြိုတင်ပြင်ဆင်ထားမည်ဆိုလျှင် ကျနော်တို့သည် ထိုလူတို့ကို သာသနာအတွက် ကောင်းကောင်းပုံသွင်းရမည်။ လေ့ကျင့်သင်ကြားခြင်းသည် သူတို့၏ စိတ်နေသဘောထားနှင့်အစေခံရန် ဆက်ကပ်အပ်နှံခြင်းကို အဓိပ္ပာယ်ရှိရှိ ပုံသွင်းဖို့ရန် အသိတရားသက်သက်ဖြင့် ဖြည့်ဆည်းပေးခြင်းကို ရှောင်ကြည်ရမည်။

ဤအရာသည် ဧဝံဂေလိတရားအတွက် အခြေခံတရားဖြစ်သောကြောင့် စိန်ခေါ်မှုအနည်းငယ် ရှိပါလိမ့်မည်။ ကျနော်တို့သည် အချင်းချင်းချစ်ကြရမည်။ အခြားသူများကို အမှန်တကယ် သနားကြင်နာ ပြုစုစောင့်ရှောက်၍ ဘုရားသခင်၏ရည်ရွယ်ချက်အတိုင်း အသက်ရှင်ဖို့ရန် ကျနော်၏အသက်တာသည် ဘုရားသခင်၏ဖမ်းဆွဲခြင်းကိုခံရ၏။

ညီအစ်ကိုတို့၊ သင်တို့သည် လွတ်ခြင်းအခွင့်ကို ရသောသူဖြစ်၏။ သို့သော်လည်း ဇာတိပကတိအား အခွင့်ကိုပေး၍ ထိုလွတ်ခြင်းကို မယုံကြနှင့်။ အချင်းချင်းချစ်၍ အမှုချင်းကို ဆောင်ရွက်ကြလော့(ဂ၅:၁၃)။

ကျနော်တို့သည် အကောင်းဆုံးကို လိုချင်သော်လည်း အကောင်းမမြင်သောသူဖြစ်ရန် အရမ်းလွယ်ကူသည်။ တစ်နှစ်ပြီးတစ်နှစ် ဤရည်မှန်းချက်ပန်းတိုင်များသည် ပြည့်စုံခြင်းမရှိပေ။ အကယ်၍ သင့်အသင်းတော်သည် လေ့ကျင့်တပ်ဆင်ပေးခြင်းမရှိသည့် သင်းအုပ်ဆရာကို လက်ခံမိသော် လိုအပ်ချက်သည် သာမန်ထက်လွန်ကဲသောပြဿနာများဖြစ်လာမည်။

## ပို၍ကောင်းသော လမ်း

အသက်အုတိုင်သည် ဤစိန်ခေါ်မှုများကို မည်ကဲ့သို့ရင်ဆိုင်ရမည်ကို ရှင်းထုတ်ပေးသည်။ လေ့ကျင့်သင်ကြားခြင်းအတွက် အဓိကရည်မှန်းပန်းတိုင်များကို ပုံသွင်းရန် ဘုရားသခင်၏အသက်နှင့် ဆိုင်သော ရည်မှန်း ချက်ပန်းတိုင်များကို အသုံးပြုခြင်းအားဖြင့် လူတစ်ဦး၏ ခန္ဓာကိုယ်ရော စိတ်ဝိညာဉ် တစ်ခုလုံးကိုပါ ပြုပြင်ပြောင်းလဲစေနိုင်သည်။ ဤကျယ်ပြန့်သောချဉ်းကပ်မှုကို လက်ခံစွဲလန်းခြင်းသည် ဝိညာဉ်ရေးရာ ကြီးထွားနေစဉ်၌ ဖြစ်ပေါ်သည့်ရည် မှန်းချက်ပန်းတိုင်များ၊ ဖြစ်စဉ်များနှင့်ကြီးထွားခြင်း အမျိုးမျိုးတို့ကို သတိပြုလိုက်နာရန် စွမ်းရည်ဖြစ်စေပါသည်။ ဤချဉ်းကပ်မှုသည် သင်ကြားပေးသူအား မိမိ၏ကျောင်းသူ/သားများ ကြီးထွားဖွံ့ဖြိုးခြင်း၌ အထောက်အကူဖြစ်စေရန် ဆောင်ရွက်မှုနည်းလမ်းများ၊ လေ့ကျင့်သင်ကြားခြင်း အခွင့်အလမ်းများနှင့် အထူးစီမံချက်များ ကိုဖန်တီးရန် စွမ်းပကားဖြစ်ပါသည်။




လေ့ကျင့်သင်ကြားခြင်း၏အဓိကဦးတည်ချက်ဖြစ်သည့် အသက်၏အနှစ်သာရအပေါ် မည်ကဲ့သို့လုပ်ဆောင်ရန် အကြံပြုချက်များသည် နောက်တစ်ခန်းတွင် ပါလာလိမ့်မည်။ ဤကျယ်ပြန့်သော ရှုထောင့်အမြင်သည် ညှိနှိုင်း ဆောင်ရွက်သူ၊ သင်ကြားပေးသူနှင့် ကျောင်းသားများအတွက် မည်သည့်အရာ လုပ်ပေးနိုင်သည်ကို ကျနော်တို့မြင်တွေ့ကြရလိမ့်မည်။

ခရစ်ယာန်ကျောင်းများသည် မကြာခဏ အောက်၌ဖော်ပြသည့် လက်ရွေးစင်အချက်အလက်များကို အသုံးချတတ်ကြ၏။ သို့သော် အကယ်၍ သူတို့သည် ညှိနှိုင်းခြင်းကို ကောင်းကောင်းမခံသောသူများ သို့မဟုတ် တစ်ခုလုံးထက် တစိတ်တပိုင်းကို ပုံသွင်းခြင်းခံသောသူများဖြစ်ခဲ့လျှင် ဘုရားသခင်အလိုရှိသည့် ပြည့်ဝသောတန်ခိုးကို တွေ့ကြုံခံစားကြမည်မဟုတ်ပေ။ ရှင်းလင်းဖို့ရန်အတွက် ဤအရာကို ညှိနှိုင်းဆောင်ရွက်သူ၊ သင်ကြားပေးသူနှင့်ကျောင်းသားများဟူ၍ အမြင်သုံးမျိုးဖြင့် ကျနော်တို့ ပိုင်းခြားစိတ်ဖြာ ထားပါသည်။

## ညှိနှိုင်းဆောင်ရွက်သူ၏တာဝန်များ (ကျောင်းအုပ်)

- အဓိကအရာကို ပူးပေါင်းခြင်းသည် လေ့ကျင့်သင်ကြားခြင်းမှာသမျှ ပေါင်းစည်းခြင်းဖြစ်သည်ကို စိတ်ချရမည်။
- လေ့ကျင့်သင်ကြားခြင်းသည် ကျောင်းသားများ၏စိတ်နှလုံးထဲသို့ ရောက်ရှိနေသည်ကို ယုံကြည်စိတ်ချ ရမည်။

- ဘုရားသခင်၏ဘုန်းအသရေအဖို့ ဘုရားသခင်၏ရည်ရွယ်ချက်ပြီးမြောက်ခြင်းကို အာရုံစိုက်ရမည်။
- လူတိုင်းက စီမံခန့်ခွဲသူ၊ ဆရာနှင့်ကျောင်းသားများဟု ခွဲခြားနိုင်အောင် ရည်မှန်းချက် ပန်းတိုင် ထားရမည်။
- ဆရာများ၊ စီမံခန့်ခွဲသူနှင့်ကျောင်းသားများ တစ်ယောက်စီတိုင်းသည် အတူတကွကြီးထွားသည်ကို ရိုးရိုးသားသား သိမှတ်လက်ခံရမည်။
- ဘုရားသခင်၏ရည်မှန်းချက်အတိုင်း အစေခံခြင်းသည် အကောင်းဆုံးနှင့် မရှိမဖြစ်လိုအပ် သည့်ကို သိသာထင်ရှားစွာအတည်ပြုရမည်။
- ကျောင်းကို ထောက်ခံအားပေးသူများအား ပွင့်လင်းမှုကိုပေးရမည်။
- လေ့ကျင့်သင်ကြားခြင်း၌ ဝိညာဉ်တော်၏အပိုင်းနှင့်ရည်ရွယ်ချက်အပေါ် သိရှိနားလည်ခြင်းကို မြှင့်တင် ရမည်။
- သင်ရိုးနှင့်လေ့ကျင့်သင်ကြားခြင်း အသီးသီးအတွက် တန်ဖိုးဖြတ်ခြင်း ဖြစ်စဉ်ကို ရှင်းလင်းရမည်။
- ဝိညာဉ်ရေးရာအသက်တာနှင့်လေ့ကျင့်သင်ကြားခြင်း သင်ရိုးကို ပေါင်းစပ်ရမည်။

## သင်ကြားသူနှင့်လေ့ကျင့်ပေးသူ၏တာဝန်များ

- သင်ရိုးအသီးသီးယူ၍ ၎င်းတို့၏အခန်းကဏ္ဍများကို ရှာဖွေရမည်။
- ကျောင်းသူ/သားများ၏ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးမှုနှင့်လုပ်ငန်းသို့ သင်ရိုးများ အဆက်အစပ်ရှိပုံကို ရိုးရိုးသားသားဆွေးနွေးရမည်။
- ပညာရေးနှင့်ဆိုင်သည့်အရာ သင်ကြားခြင်း၌ အနက်အဓိပ္ပာယ်တိုးလာပုံကို တွေ့ရှိရမည်။
- သင်ရိုးတစ်ခုလုံးအတွက်ရော အတန်းအသီးသီးအတွက်ပါ ဘုရားသခင်၏ ပါဝင်မှုကို ရှာဖွေရမည်။
- တစ်စုံတစ်ဦးက အခြားသူများအား ကျကျနနတပ်ဆင်ခြင်း၌ ဘုရားသခင် အသုံးပြုနေသည်ကို အသိအမှတ်ပြုရမည်။
- ဘုရားသခင်ကို သင်ကြားခြင်းဖြစ်စဉ်၏ကဏ္ဍအဖြစ် စောင့်ထိန်းရမည်။
- ဘုရားသခင်၏ပိုမိုမြင့်မားသော ရည်မှန်းချက်ပန်းတိုင်ကို လက်ခံယုံကြည်၍ ထိုရည်မှန်းချက် ပန်းတိုင်များကို ပြီးမြောက်ဖို့ရန် ဘုရားသခင်ကို ရှာဖွေရမည်။
- ကျောင်းသူ/သားများအား ကျကျနနသင်ကြားပေးရန် ဘုရားသခင်၏ အထူး ဉာဏ်ပညာကို ရှာဖွေရမည်။
- ဤရှုပါရုံကို သင်ယူလေ့လာသူများထံသို့ ပြောပြရမည်။

- တစ်စုံတစ်ဦးသည် ကျောင်းသူ/သားများ ရင်ဆိုင်နေသည့်ပြဿနာများကို ကိုင်တွယ်ပေးသူဖြစ်သည့်အလျောက် ဘုရားသခင်၏သမ္မာတရား တန်ခိုးတော်ကို ပြသရမည်။
- ကျောင်းသူ/သားများသည် အသင်းတော်အပြင်ဘက်၌ ပြဿနာဖြေရှင်းနည်းများကို ရှာဖွေမည့်အစား ဘုရားသခင်ထံ၌ အားကိုးရန် စိတ်ချလက်ချ ညွှန်ပြရမည်။
- ကျောင်းသူ/သားများသည် ကိုယ်တိုင်ကိုယ်ကျအတွက်ရော အသိဉာဏ်အတွက်ပါ ကြည့်ရှု စောင့်ရှောက်ခြင်းခံနေရသည်ကို ယုံကြည်ရမည်။

## ကျောင်းသူ/သားတို့၏တာဝန်များ

- ဘုရားသခင်၏ရည်ရွယ်ချက်ကို သယ်ပိုးဖို့ရန် တစ်စုံတစ်ဦး၏အသက်တာအတွက် ဘုရားသခင်၏ကြိုတင်ပြင်ဆင်မှုတစ်ခုလုံးကို နားလည်သဘောပေါက်ရမည်။
- ထိုသူ၏အသက်တာနှင့်သာသနာ၌ ဤသမာရိုးကျဆန်သော လေ့ကျင့်သင်ကြားခြင်းသည် ဘုရားသခင်၏ရည်ရွယ်ချက်သို့ မည်ကဲ့သို့ဆက်စပ်သည်ကို သိမှတ်ရမည်။
- ထိုသူ၏အသက်တာ၌ ဘုရားသခင်၏ပိုမိုကြီးမားသော ရည်မှန်းချက်ပန်းတိုင်များ အကောင်အထည်ဖော်ဖို့ရန် လေ့ကျင့်သင်ကြားခြင်းက မည်သို့ကဲ့သို့ဖြစ်မြောက်စေသည်ကို တွေ့မြင်ရမည်။
- ထိုသူ၏ဝိညာဉ်ရေးရာ လမ်းခရီးဘယ်ရောက်နေသည်ကို သုံးသပ်ရမည်။
- မာန၏ဖြားယောင်းခြင်းနှင့်ကင်းလွတ်မည့်အကြောင်း အစဉ်ကြီးထွားခြင်း၌ နိုးကြားရမည်။
- အတိတ်ကာလက ကြီးထွားခြင်းအားဖြင့် အားယူရမည်။
- လေ့ကျင့်သင်ကြားခြင်းသည် ထိုသူ၏အသက်တာတစ်ခုလုံးနှင့် ပေါင်းစည်းသည်ကို ပုံမှန်သတိပေး ရမည်။
- ထိုသူ၏အသက်တာတစ်ခုလုံးအတွက် ဘုရားသခင်ကြည့်ရှုစောင့်ရှောက်သည်ကို နားလည်ရမည်။
- ကျွမ်းကျင်မှုနှင့်အသိပညာ လေ့ကျင့်သင်ကြားခြင်းသည် ထိုသူ၏ဝိညာဉ်ရေးရာသို့ မည်ကဲ့သို့ဆက်စပ် သည်ကို သိရှိရမည်။
- ကိုယ်တိုင်ကိုယ်ကျ ဖြေရှင်းမရနိုင်သောရှုန်းကန်မှုများအတွက် ဖြေရှင်းချက်များ ရှာဖွေတွေ့ရှိခြင်း အားဖြင့် ကြွယ်ဝရမည်။
- အပြစ်ကနေ လွတ်မြောက်ပြီး ယုံကြည်ခြင်း၌ ကြီးထွားရမည်။
- လုပ်ငန်း၌ အာရုံရမည်။
- အတိတ်ကရှုံးနိမ့်မှုများကြောင့် စိတ်အားငယ်ခြင်းကို အနိုင်ယူရမည်။

- အခြားသူများ၏ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးမှုအဆင့် မည်သို့ပင်ဖြစ်စေ သူတို့ကို လေ့ကျင့်သင်ကြားရန် သင်ယူရမည်။

ဤသည်ကား အောင်မြင်မှုပေတည်း။ ဤရည်မှန်းချက်ပန်းတိုင်များသည် ကျောင်းသားများအား အသင်းတော်အတွက် ဘုရားသခင်၏ရည်ရွယ်ချက် တစ်ခုလုံးနှင့်တကွ ပိုမိုကြီးမားသော ညီညွတ်မှုထဲသို့ ပို့ဆောင်ပေး၏။ ထိုသို့ဖြင့် အသင်းတော်သည် ခရစ်တော်နှင့်သဏ္ဍာန်တူလာမည် ဖြစ်သည်။ မြေကြီးပေါ်၌လည်း ကိုယ်တော်၏ဘုန်းတော် ပိုမိုတောက်ပလာမည်ဖြစ်သည်။

## သီးခြား သင်ရိုးညွှန်းတမ်း

တစ်စုံတစ်ဦး၏ပုံမှန် သင်ရိုးညွှန်းတမ်းအပြင် အသက်၏အနှစ်သာရ ကြီးထွားဖွံ့ဖြိုးမှုကို သီးသန့်ထားရှိခြင်းအားဖြင့် ကျောင်းသားအတွက် များစွာအကျိုးရှိပါလိမ့်မည်။ အမှုတော်မြတ်ထဲသို့ ဝင်ရောက်မည့် ကျောင်းသားသည် ကိုယ်တိုင်ကိုယ်ကျ စမ်းသပ်ခံရုံသာမကပဲ အခြားသူများကို ကူညီဖို့ရန် အသုံးပြုခံလိုသောသူဖြစ်ရမည်။ သူတို့၏အသက်တာကို သခင်ဘုရားထံ၌ လေးလေးနက်နက်ပုံအပ်၍ ယုံကြည်သူများအား အဆက်မပြတ် ကြီးထွားဖို့ရန် လှုံ့ဆော်ပေးသူများဖြစ်ကြရမည်။

ကျမ်းစာကျောင်းများတွင် အခက်ခဲများရှိလာပါလိမ့်မည်။ တစ်စုံတစ်ဦးသည် အသက်အူတိုင်ကို ပုံမှန်သင်ရိုးညွှန်းတမ်းနှင့် မည်ကဲ့သို့ရောယှက်မိသနည်း။ အသက်တာကြီးထွားရန် အလိုမရှိသောသူများကို ကျွန်ုပ်တို့တွေ့ရှိမည်ဆိုပါက ဘာဖြစ်ပျက်မည်နည်း။ ကျွန်ုပ်တို့သည် အလွန်ခက်ခဲသောပြဿနာ ရင်ဆိုင်နေသူများကို ဘာပြောနိုင်မည်နည်း။

ဤကား အသေးစိတ်လုပ်ဆောင်မည့်နေရာ မဟုတ်သေးပေ။ အဆုံး၌ ကျမ်းစာကျောင်း သို့မဟုတ် အသင်းတော်က ပိုမိုကြီးမားသောဘဝ၏ရည်မှန်းချက်ပန်းတိုင်ကို လုပ်ဆောင်ဆောင်ရွက်ရမည်။ အကယ်၍ ကျွန်ုပ်တို့၏လုပ်ဆောင်ခြင်းသည် ကျွန်ုပ်တို့၏ရည်မှန်းချက်ပန်းတိုင်ကို မရောက်ရှိသေးပါက ကျွန်ုပ်သည် ဖြစ်စဉ်တိုင်း၌ ပြန်လည်သုံးသပ်လျက် ဆုတောင်းဖို့လိုအပ်ပါသည်။

## သင်ခန်းစာ

- ညိုနှိုင်းဆောင်ရွက်သူများသည် လိုအပ်သော လေ့ကျင့်သင်ကြားခြင်းကို ပေါင်းစည်းဖို့ရန်အတွက် တိုးပွားသောစိတ်ချယုံကြည်မှုကိုရရှိကြ၏။ ထိုသို့ဖြင့် သူတို့သည် သာသနာအတွက် စစ်မှန်သော ကြိုတင်ပြင်ဆင်မှုကို ပြင်ဆင်ပေးရမည်ဖြစ်သည်။

- သင်ကြားပေးသူတို့၏လေ့ကျင့်သင်ကြားခြင်းသည် ကျောင်းသားများအတွက် ပြည့်ဝသောကြီးထွား ဖွံ့ဖြိုးမှုအပိုင်းအစဖြစ်သည်ကို တွေ့ရှိခြင်းအားဖြင့် သူတို့သည် သင်ကြားခြင်း၌ တိုးတက်မှုရှိလာ၏။
- ကျောင်းသားများအနေဖြင့် သူတို့၏ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးမှု မည်သို့ပင်ဖြစ်စေ ခရစ်တော်၌ ကြီးထွားဖို့ရန် အပြစ်တရားကို အောင်မြင်၍ အခြားသူများအား လေ့ကျင့်ပေးရန်အတွက် သင်ယူကြ၏။

## ကျက်မှတ်ဆင်ခြင်ပါ

- ဂ၊၅:၁၃

## တာဝန်ပေးအပ်ခြင်း

- အတိတ်ကကျောင်းသားဘဝ သို့မဟုတ် လက်ရှိကျောင်းသားဘဝ၌ သင်၏အတွေ့အကြုံကို ဖော်ပြပါ။ သင်၏ဝိညာဉ်ရေးရာ ကြီးထွားခြင်းအဆင့်ကား အဘယ်နည်း။ ထိုလေ့ကျင့်သင်ကြားခြင်းသည် အခြားသူများအား သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအပြည့်နဲ့ ပြုစုပျိုးထောင်ရန် သင့်ကို အထောက်အကူပြုသည်ဟုထင်ပါသလား။ ရှင်းပြပါ။
- အခြားသူများကို လေ့ကျင့်ဖူးပါသလား။ သင့်ကျောင်းသား၏ဝိညာဉ်ရေးရာ လိုအပ်ချက်များကို အကြောင်းအရာတစ်ခုနှင့် ပေါင်းစည်းခြင်းအားဖြင့် ပြဿနာများ ရင်ဆိုင်ဖူးပါသလား။ ရှင်းပြပါ။
- ပေါလုသည် တမန်တော် ၂၇: ၂၃ ၌ မိမိအသက်ရှင်ခြင်း၏ရည်ရွယ်ချက်ကို မည်ကဲ့သို့အကျဉ်းချုပ် ပါသနည်း။ ကျနော်တို့၏အသက်ရှင်ခြင်းအတွက် ဤအခြေခံသဘောတရားများသည် အဘယ့်ကြောင့် အလွန်အရေးကြီးသနည်း။ “အဘယ့်ကြောင့်နည်းဟူမူကား ငါ့ကိုပိုင်တော်မူ၍ ငါကိုးကွယ်သော ဘုရားသခင်၏ကောင်းကင်တမန်သည် ယနေ့ညဉ့်တွင် ငါ့အနားမှာ ပေါ်လာလျက် ပေါလု သင်သည် မစိုးရိမ်နှင့်(၇:၂၃)။
- အကယ်၍ သင်သည် ကျမ်းစာကျောင်း၏ဆရာ သို့မဟုတ် စီမံခန့်ခွဲသူဖြစ်ပါက ထိုကျောင်းသည် ဤအသက်အူတိုင်၏ရည်ရွယ်ချက် လက်ခံယုံကြည်သည်ကို သင်တွေ့မြင်ပါသလား။

# # ၃၈ ခရစ်ယာန် K - ၁၂ ကျောင်းများ၌ လေ့ကျင့်သင်ကြားခြင်း

ခရစ်ယာန်ကျောင်းများသည် ကလေးများစွာကို လေ့ကျင့်ပေးလျက်ရှိ၏။ အမေရိကန် ပရိုတက်စတင့်ကျောင်းများ၌ နှစ်စဉ်တက်ရောက်သူဦးရေမှာ တစ်သန်းခွဲကျော်ပါသည်။ လောကီပညာရေးသည် ပို၍လောကီဆန်လျက် အကျင့်ပျက်ခြင်း၊ အရက်အကြောက်ကင်းမဲ့ခြင်းများက လွှမ်းမိုးလာသောအခါ ခရစ်ယာန်ကျောင်းများသို့ ပြန်လှည့်လာသောမိဘများ တိုးပွားလာကာ ခိုလှုံရာကျောင်းသဖွယ် ဖြစ်လာတော့သည်။ လောကီဆန်ခြင်း၏ထိခိုက်နစ်နာမှုသည် ကျနော့်ကလေးများအပေါ်၌ သက်ရောက်မှု ရှိလာပါသည်။ ဤသို့ဖြစ်ရခြင်းသည် အကျင့်စရိုက်မှစ၍ ဘုရားသခင်နှင့်ဆက်နွယ်ခြင်းအပေါ်တွင် ရှပ်တုကို မြတ်နိုးကိုးကွယ်ခြင်း အသိပညာ၏အကျိုးဆက်များထဲမှ တစ်ခုဖြစ်ပါသည်။

ခရစ်ယာန်ကျောင်းများ၏လေ့ကျင့်သင်ကြားခြင်းသည် တန်ဖိုးမဖြတ်နိုင်လောက်အောင် လုပ်ဆောင် ပေးသည်မှန်သော်လည်း ရှုပါရုံနှင့်ပတ်သက်သည့် ညွှန်ပြခြင်းသည် အဓိကအားဖြင့် အသင်းတော်နှင့်အိမ်၌ ဖြစ်သင့်သည်ကို မမေ့လျော့သင့်ပေ။ သို့ရာတွင် အသင်းတော်တိုင်းက မိမိ၏လူတို့ကို တပည့်တော်ဖြစ်စေရန် မနိုင်မနင်းဖြစ်လာသည်။ မိသားစုမှုကား ကောင်းသောအားပေးမှုကို အမြဲအသုံးပြုနိုင်ပါသည်။

ခရစ်ယာန်ကျောင်းများသည် ဤတပည့်တော်ဖြစ်ခြင်း အယူအဆများနှင့် လေ့ကျင့်သင်ကြားခြင်း တန်ဆာပလာများကို အကျိုးရှိရှိအသုံးချနိုင်ပါသလား။ အရေးကြီးဆုံးမှာ ကောင်းကောင်း ညွှန်ပြနိုင်သူများနှင့် အစပြုခြင်းပင်ဖြစ်သည်။ ကျနော်တို့သည် ဘုရားသခင်၏အခြေခံလမ်းစဉ် လုပ်ဆောင်ချက်ကို တစ်ကြိမ်သိပြီးမှ ဘုရားသခင်၏အစီအစဉ်ကို တက်ကြွတက်ကြွ အားပေးထောက်ခံခြင်း မရှိပါက မိုက်မဲရာကျ ပါလိမ့်မည်။ တချို့သောသူများက မိမိတို့၏တာဝန်များကို လျစ်လျူရှု၍ ပျက်ကွက်နေသကဲ့သို့ ကျနော်တို့လည်း လိုအပ်ချက်ရှိသောသူများကို လျစ်လျူရှုလျက် သူတို့၏ဘေး၌ရပ်ကာ သူတို့ပျက်စီးပါစေဟု မဆိုသင့်ပေ။

## ပညာတတ်စေရုံသက်သက်နှင့် မပြောင်းလဲစေရ

ဤကျောင်းများနှင့်ကလေးများအတွက် ဘုရားသခင်၏လိုအင်ဆန္ဒများကို စဉ်းစားပါ ။

✦ ကလေးများသည် သူတို့အသက်ရှင်ခြင်းအတွက် ဘုရားသခင်၏ရည်ရွယ်ချက်ကို စိတ်အားထက်သန်စွာ ရှာဖွေနေသောသူများဖြစ်သည်။

✦ ကလေးများသည် အခြားသူများအတွက် ဘုရားသခင်၏မေတ္တာအားဖြင့် လှမ်းဆော်ခံရသူများ ဖြစ်သည်။

✦ ဘုရားသခင်၏လမ်းစဉ်နှင့်ရည်ရွယ်ချက်များကို အခိုင်အမာယုံကြည်သော ကလေးများသည် ဤလောက၌ သူတို့ကို အားကောင်းကောင်းဖြင့် ဆွဲဆောင်သော အရာများထက် ပိုမိုကြီးမြတ်ကြ၏။

ဘုရားသခင်၏နှုတ်ကပတ်တော်တန်ခိုးသည် ဆက်စပ်မှုကင်းမဲ့စွာ ထင်ရှားသောအခါ လောကသည် အားကောင်းသကဲ့သို့ဖြစ်နိုင်ပါသည်။ အကောင်းဆုံးလက်နက်ကား ကိုယ်တော်၏လူမျိုးတို့အဖို့ ဘုန်းအသရေနှင့်ပြည့်စုံသော ဘုရားသခင်၏ရည်ရွယ်ချက်များနှင့်တန်ခိုးတော်တို့ကို ဖော်ထုတ်ခြင်းပင် ဖြစ်ပါသည်။

ဆုတောင်းသောအချက်ဟူမူကား ဝိညာဉ်တော်အားဖြင့် ခရစ်တော်သည် သင်တို့၏အတွင်းလူကို ခွန်အားနှင့် မြဲမြံခိုင်ခံ့စေ၍ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည် သင်တို့၏စိတ်နှလုံးထဲ၌ ကျိန်းဝပ်တော်မူမည်အကြောင်း ဘုန်းတော်ကြွယ်ဝပြည့်စုံခြင်းနှင့်ညီလျော်စွာ သင်တို့အား ပေးသနားတော်မူ၍ မေတ္တာ၌ စိုက်ပျိုးခြင်း၊ တိုက်မြစ်လည်းကျတည်ခြင်း ရှိသဖြင့် သင်တို့သည် သန့်ရှင်းသူအပေါင်းတို့၏နည်းတူ အနံအလျား၊ အနက်အမြင့်တို့ကို ပိုင်းခြား၍ သိခြင်းငှာငင်း၊ ကိုယ်ဉာဏ်နှင့် မသိနိုင်သော ခရစ်တော်၏ မေတ္တာတော်ကို သိနားလည်ခြင်းငှင်း၊ သင်တို့သည် တတ်စွမ်းနိုင်သဖြင့် ဘုရားသခင်၏ပြည့်စုံတော်မူခြင်း ရှိသမျှနှင့်အညီ ပြည့်စုံကြပါမည်အကြောင်း ငါဆုတောင်းလျက်ရှိ၏(ဧ၃:၁၆-၁၉)။

ဘုရားသခင်၏ရည်မှန်းချက်ပန်းတိုင်သည် ကျနော်တို့၏ရည်မှန်းချက်ပန်းတိုင်များ၌ မှန်ကန်မှုကိုပေး၍ ကျနော်တို့၏ချဉ်းကပ်မှု၌ ရှင်းလင်းစေကာ ကျနော်တို့၏နည်းပညာပိုင်း၌ တီထွင်မှုကို ဖြစ်ပေါ်စေပါသည်။ ဖွဲ့စည်းတည်ဆောက်ခြင်း အပြောင်းအလဲရှိသောအခါ စိန်ခေါ်မှုများဖြစ်ပေါ်လျက်ရှိ၏။ ဤအတွက်ကြောင့် ခေါင်းဆောင်များကို မွေးထုတ်ခြင်းဖြစ်သည်။

သင့်ကျောင်း၏ရည်မှန်းချက်ပန်းတိုင်များကို သေသေချာချာကြည့်ပါ။ ၎င်းတို့သည် ပြည့်စုံပါသလား။ အားနည်းချက်များကို စာရင်းပြုစုပါ။ ဤစာရင်းကို မကြာခဏ တစ်စုံတစ်ဦး၏အကြောင်းပြချက်များ ခိုင်ခံ့စေရန်အတွက် အသုံးပြုနိုင်ပါသည်။ ကျောင်းများကို လျစ်လျူမရှုသင့်ပေ။ မိဘများအနေဖြင့် သူတို့၏ကလေးများအတွက် အကျင့်စရိုက်ကို အလေးထားသည့်ပညာရေးကို ရှာဖွေပေးရမည်။

သတိထားရမည့်အရာ တချို့ရှိပါသည်။ မယုံကြည်သူများနှင့်အတူ အလုပ်လုပ်ဆောင်ခြင်းသည် အကြီးမားဆုံးပြဿနာတစ်ရပ်ဖြစ်ပါသည်။ အသင်းတော်တခုလုံး

အနေဖြင့် ဝန်ချတောင်းပန်ခြင်းကို ယုံကြည်လက်ခံစဉ် ကျောင်းသားများစွာက ယုံကြည်လက်ခံခြင်းမရှိပေ။ ဘုရားသခင်သည် သင်ကြားပေးသော ဆရာနှင့် ကလေးအသီးသီးတို့၌ သန့်ရှင်းခြင်းကို တောင်းဆိုသောအခါ သူတို့အားလုံးသည် သူတို့အထဲ၌ လုပ်ဆောင်မည့်သန့်ရှင်းသောဝိညာဉ်တော်မရှိပေ။ များစွာသော သူတို့သည် ဘုရားသခင်နှင့်ဆိုင်သော အရာများအတွက် စိတ်ဝင်စားမှုမရှိကြပဲ၊ သူတို့နှင့်သူတို့၏ဆွေမျိုးများအတွက် အကျိုးအမြတ်ရှိမည့် အရာကိုသာ စိတ်ဝင်စားကြ၏။

ယုံကြည်ခြင်းဆိုင်ရာ အပေါ်ယံဝန်ခံခြင်းများသည် ဝိညာဉ်တော်၏လုပ်ဆောင်ချက်ဖြစ်သည့် ဒုတိယမွေးဖွားခြင်းအတွက် ကိုယ်စားမပြုနိုင်ပေ။ စိတ်ဝင်စားမှုမရှိခြင်းသည် ထိုသူတို့၏စိတ်နှလုံး၌ ဘုရားသခင်၏လုပ်ဆောင်ချက်မရှိခြင်း ပင်ဖြစ်သည်။ ကျောင်းသူ/သား အပေါင်းတို့သည် ဘုရားသခင်၏သားသမီးများ ဖြစ်ကြသည်ဟု ဟန်ဆောင်မပြောသင့်ပေ။ ဘုရားသခင်သည် ဤကလေးများ၏ အသက်တာထဲ၌ အင်အားအပြည့်နဲ့ လုပ်ဆောင်နိုင်ဖို့ရန် သူတို့သည် ဦးစွာပထမ ထိုဘုရားရှင်ရှေ့၌ ကယ်တင်ခြင်းရရှိဖို့လိုအပ်ပါသည်။




ထိုသို့သောပြဿနာသည် နေအိမ်၌လည်းရှိ၏။ ကျွန်ုပ်တို့အနေဖြင့် မိမိတို့၏ ကလေးများ အားလုံးသည် ဘုရားရှင်ကို သိကြသည်ဟု မျှော်လင့်လျက် ဆုတောင်းနေကြစဉ်တွင်ပင် အမှန်တကယ် ဘုရားရှင်ကို မသိရှိသောသူများဖြစ်ကြပေ၏။ သူတို့သည် ဘုရားရှင်ကို သိရှိလာကြလိမ့်မည် ဟူသော မျှော်လင့်ချက်ဖြင့် လေ့ကျင့်သင်ကြားပေးလျက်နေ၏။ ယေရှုမပါလျှင် ဝိညာဉ်ရေးရာအသက်တာမရှိနိုင်သလို ဝိညာဉ်ရေးရာ ကြီးထွားခြင်းလည်းမရှိနိုင်ပေ။ နေအိမ်၌ ပုံစံအမျိုးမျိုးဖြင့် လေ့ကျင့်သင်ကြားပေး နိုင်သော်လည်း ကျောင်း၌ ပိုမိုခက်ခဲ၏။

ကလေးများအတွက် စည်းမျဉ်းစည်းကမ်း ပြဋ္ဌာန်းချက်အတိုင်း လေ့ကျင့်သင်ကြားပေးမည့်အစား ပိုမိုကောင်းမွန်သောချဉ်းကပ်မှုဖြင့် လေ့ကျင့်သင်ကြားသင့်ပါသည်။ စိတ်ပါဝင်စားသော မိဘ သို့မဟုတ် ကလေးများအတွက် အကြံပေးညွှန်ပြခြင်းကို အဓိကဦးတည်ထားရမည်။

## အရည်အချင်းပြည့်မှီသော ညွှန်ပြသူများကို ရှာဖွေခြင်း

ဝင်ငွေသုံးငွေ-ဘတ်ဂျက် ပြဿနာသည် အမြဲရှိနေသော်လည်း အကြီးမားဆုံးပြဿနာကား အမှုထမ်းဆိုင်ရာ အရည်အချင်းပြည့်မှီသည့် ညွှန်ပြသူများ မတွေ့ရှိခြင်းဖြစ်ပါသည်။ အကြံပေးညွှန်ပြခြင်း အလုပ်ကို လုပ်ဆောင်နေသော

သူများတွင် လူနည်းစုသာလျှင် ကောင်းမန်စွာ လေ့ကျင့်သင်ကြားခြင်း ခံယူကြ၏။ တချို့နည်းပြကောင်းများသည် ကျောင်းသားများ၏ဝိညာဉ်ရေးရာ ရှင်သန်ရေးကို ကူညီလိုသောသူများဖြစ်ကြောင်းကို ကျနော်နားလည်ပါသည်။

အကယ်၍ ဓမ္မကျောင်းသည် အသင်းတော်နှင့်နီးနီးကပ်ကပ် ဖွဲ့စည်းလိုက်ပါက ဘယ်ဟာက မကြာခဏအမှုဖြစ်မည်နည်း။ အသင်းတော်သည် စိန်ခေါ်မှုကိုပြု၍ အသင်းသားတချို့ကို ဤနယ်ပယ်၌ ကူညီဖေးမရန် မွမ်းမံတပ်ဆင်ခြင်းပြုနိုင်ပါသည်။ တစ်ခါ လေ့ကျင့်ပေးသောကလေးများသည် အခြားကလေးများကို ထိုအခြေခံတရားအတိုင်း ညွှန်ပြပေးသူများအဖြစ် ဆောင်ရွက်နိုင်ကြသည်။ ဘုရားသခင်သည် ကလေးများ၏အသက်တာအားဖြင့် အံ့ဖွယ်ရာလမ်းစဉ်များကို ပြုလုပ်နိုင်ကြောင်း တံခါးဖွင့်ထားရမည်။

## ဓမ္မကျောင်းများ၌ ထိရောက်သောလေ့ကျင့်သင်ကြားခြင်း

အကယ်၍ အရည်အချင်းပြည့်မီသောခေါင်းဆောင်များသည် ရုပါရုံနှင့် ကလေးများအတွက် လေ့ကျင့်သင်ကြားခြင်း တန်ဆာပလာများကို ရရှိနိုင်ပါက ဤအရာများက ကောင်းမွန်သော လေ့ကျင့်သင်ကြားခြင်း အစီအစဉ်တစ်ရပ်ကို ပြင်ဆင်ပေးပါလိမ့်မည်။ လက်ရွေးစင် သင်ရိုးညွှန်းတမ်းနှင့် ကျမ်းစာသင်ခန်းစာများသည် ကလေးများ၏ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးမှုကို ဖြည့်ဆည်းပေးပါသည်။

ကလေးများ၏ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးမှု တိုင်းတာဖို့ရန်အတွက် ပုံစံကားချပ်၏ရည်ရွယ်ချက် အသုံးပြုပုံနှင့်စပ်လျဉ်း၍ သတိထားရမည်။ ဥပမာ ကာလအချိန်အားဖြင့် အရွယ်ရောက်သောယုံကြည်သူသည် ကလေးငယ်ထက် အလျင်အမြန် ကြီးထွားနိုင်သည်။ အသစ်သောယုံကြည်သူသည် အသက်အရွယ်နှင့် အခြေအနေပေါ်မူတည်၍ သုံးလမှ လေးလအတွင်း ကလေးများထက် မြန်ဆန်စွာ ကြီးထွားဖို့လိုအပ်သည်။ သင်ရိုးညွှန်းတမ်းသည် ဤအကြောင်းအရာများနှင့်အညီ ညှိဖို့ရန်လိုအပ်ပါသည်။ ကလေးများအနေဖြင့် ဘုရားသခင်၏ရည်မှန်းချက် ပန်းတိုင်များအပေါ် တိကျမှန်ကန်စွာ အာရုံစူးစိုက်နိုင်ဖို့ရန် မတူညီသည့် ပုံစံကားချပ်များစွာကို အကျိုးရှိရှိအသုံးချရပါမည်။

ကျမ်းစာကျောင်း၌ ဓမ္မပညာဆည်းပူးနေသောလူငယ်များသည် စိတ်ပိုင်းဆိုင်ရာမှစ၍ အရွယ်ရောက် ကာစလူငယ်များဖြစ်သောကြောင့် အထူးလမ်းစဉ်အတိုင်း တာဝန်ပေးအပ်ရာတွင် အမြော်အမြင် ရှိဖို့လိုအပ်သည်။ ထိုသူတို့အသက်တာ၌ အသက်အူတိုင်နှင့်ဆက်စပ်မှုရှိသည်ကို ဆက်လက်ပြသဖို့ရန် အထူးစိန်ခေါ်မှုများနှင့်မေးခွန်းများရှိရမည်။ထိုအချိန်၌ စိတ်ပိုင်းဆိုင်ရာနှင့်ခန္ဓာပိုင်းဆိုင်ရာ အပြောင်းအလဲဖြစ် ပေါ်ခြင်းအကြောင်းကို သူတို့အား ရှင်းပြခြင်းသည် သူတို့၏ဝိညာဉ်ရေးရာ အသက်တာ အရေးကြီးပုံကို နားလည်သဘောပေါက်စေနိုင်သည်။ အကယ်၍ သူတို့သည် ဒုတိယအဆင့် လေ့ကျင့်သင်ကြားခြင်းကို

ပြီးမြောက်သည့်တိုင်အောင် ထပ်ခါထပ်ခါ ပြန်လည်လေ့လာခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ ထိုသို့ ပြုခြင်းအားဖြင့် သူတို့၏အသစ်သော ပြဿနာများနှင့် ဝိညာဉ်ရေးရာ တိုက်ပွဲ အမျိုးမျိုးတို့၌ သင်ခန်းစာကောင်းဖြစ်စေနိုင်ပါသည်။

ဓမ္မကျောင်းများ၌ အချိန်များများရရှိခြင်းသည် ရင်ဆိုင်နေရသည့် ပြဿနာများနှင့်အခြေအနေများကို ဆင်ခြင်သုံးသပ်ရန် အထူးလေ့ကျင့်သင်ကြားခြင်းအတွက် အလွန်အကျိုးရှိပါသည်။ ဥပမာ သူတို့၏အလုပ် ပြီးဆုံးချိန်နီးကပ်လာသောအခါ ဘုရားသခင်၏ရည်ရွယ်ချက်နှင့်အညီ ရွေးချယ်စရာအလုပ် အကိုင်၊ ရွေးချယ်စရာမိတ်ဖက် စသည့်များကို သင်ယူလေ့လာနိုင်ကြ၏။ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍ ဘုရားသခင်၏ လူသည်စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလို့ငှာ ပြင်ဆင်သောသူဖြစ်မည့် အကြောင်း ဩဝါဒပေးခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကို သွန်သင်ခြင်း ကျေးဇူးများကိုပြုတတ်၏(၁တိ၊ ၃:၁၆-၁၇)။

ကျနော်တို့သည် ဤသမ္မာတရားများကို သူတို့အသက်တာ၌ ပတ်စည်းခြင်း မပြုနိုင်ပါက သူတို့သည် ထိုသမ္မာတရားများကို ဆီလျော်မှုမရှိသကဲ့သို့ မြင်တွေ့လာပြီး အလွယ်တကူလွဲမှားနိုင်ကြ၏။ အကယ်၍ ကျနော်တို့သည် သူတို့၏ အသက်တာနှင့်ဘုရားသခင်၏နှုတ်ကပတ်တော် ဆက်စပ်မှုကို ပြသပေးနိုင်လျှင် အားကြီးသော မျိုးဆက်လူငယ်ယုံကြည်သူများသည် တိုးတက်လာပါလိမ့်မည်။

သမ္မာကျမ်းစာနှင့်အညီလုပ်ဆောင်သော လေ့ကျင့်သင်ကြားခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်း၌ပင်လျှင် အမြဲ စိုးရိမ်ဖွယ်ကောင်းသည့် မာနထောင်လွှားခြင်း ရှိတတ်၏။ ကလေးများသည် သူတို့၏မရင့်ကျက်ခြင်းကြောင့် အလွယ်တကူထိခိုက်လွယ်၊ ယုံလွယ်ဖြစ်ကြသည်။ ကောင်းမွန်သောလေ့ကျင့်သင်ကြားခြင်း ရှိပါက ကလေးသည်လည်း သူတပါးတို့အား စိတ်နှိမ့်ချစွာ အစေခံဖို့ရန် အာရုံစူးစိုက်ခြင်းအားဖြင့် မောက်မာခြင်းနှင့်ဆိုင်သော ဖြားယောင်းသွေးဆောင်ခြင်းကို ခါထုတ်နိုင်သည်။ ဤသို့ဖြင့် ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးမှုကနေ နောက်ကိုပြန်ဆွဲချစေသည့် နတ်ဆိုး၏ဖြားယောင်းခြင်းကို စိတ်ပျက်စေပါလိမ့်မည်။ ကလေးတို့သည် အခြားသူများ၌ စစ်မှန်သောဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးမှုကို တွေ့မြင်ကြသောအခါ အားရကျေနပ်၍ အတုယူလာမည်ဖြစ်သည်။

## အကျဉ်းချုပ်

ခရစ်ယာန်ကျောင်းများသည် အလွန်ထူးဆန်းသည့် ဝိညာဉ်ရေးရာ လေ့ကျင့်သင်ကြားခြင်း အခွင့်အလမ်းများကို ပေးအပ်နိုင်သည်။ ကောင်းမွန်သောညွှန်ပြသူများနှင့်အတူ အတန်းထဲ၌ လေ့ကျင့်သင်ကြားခြင်းသည် အလွန်ကောင်းမြတ်သည့် လေ့ကျင့်သင်ကြားခြင်း အချိန်အခါများကို ဖန်တီးတတ်၏။

ဘုရားသခင်ပေါင်းစည်းစေလိုသောပုံရိပ်ကို အစဉ်မပြတ် တင်ဆက်ခြင်းအားဖြင့် ကလေးများသည် ဘုရားသခင်တန်ဖိုးထားသောအရာကို အလွယ်တကူ ခွဲခြား သိမြင်လျက် လက်ခံလာ ကြမည်ဖြစ်ပါသည်။

## သင်ခန်းစာ

- မယုံကြည်သူကျောင်းသားများကို မည်ကဲ့သို့ကိုင်တွယ်ရန် သိရှိရမည်။
- အသက်အရွယ်အလိုက် တဖြည်းဖြည်းကြီးရင့်လာသော လူငယ်များအတွက် လေ့ကျင့်သင်ကြားခြင်း ပစ္စည်းများကို မြှင့်တင်ရမည်။
- အသက်အူတိုင် ရုပ်ပါရုံဖြင့် ပြောင်းလဲတပ်ဆင်ပြီးသော ညွှန်ပြသူများကို ရရှိရမည်။
- မိဘများ၊ အသင်းတော်များနှင့်အစိုးရမင်းများထံသို့ မှန်မှန်ကန်ကန် ဆက်သွယ်ရမည်။

## ကျက်မှတ်ဆင်ခြင်ပါ

- ၂တိ၊ ၃:၁၆-၁၇
- ဧ၊၃:၁၆-၁၉

## တာဝန်ပေးအပ်ခြင်း

- သင်သည် ခရစ်ယာန်ကျောင်း၌ နေဖူးပါသလား။ ဝိညာဉ်ရေးရာ လေ့ကျင့်သင်ကြားခြင်းသည် မည်သို့နည်း။ လုံလောက်မှုရှိပါသလား။ ရှင်းပြပါ။
- ဓမ္မကျောင်းများသည် အသင်းတော်များနှင့် ယှဉ်ပြိုင်မှုရှိပါသလား။ ရှင်းပြပါ။
- သင်သည် အသင်းတော် သို့မဟုတ် ဓမ္မကျောင်းတို့၌ မယုံကြည်သော ကလေးများနှင့် ထိတွေ့ဆက်ဆံမှု အတွေ့အကြုံရှိဖူးပါသလား။ သူတို့ကို မည်ကဲ့သို့ဆက်ဆံကိုင်တွယ်ပါသနည်း။ ဘာကို ပို၍လုပ်နိုင်အုံးမည်နည်း။
- သင်သည် K-၁၂ ကျောင်း၌ စီမံခန့်ခွဲသူလော သို့မဟုတ် သင်ပြသူလော။ ဤအပြောင်းအလဲများကို အကောင်အထည်ဖော်ဖို့ရန် တချို့သော စိန်ခေါ်မှုများကို စဉ်းစားကြည့်ပါ။ တစ်ခုချင်းစီကို ရှင်းပြပါ။ ဆုတောင်းခြင်းဖြင့် အစပြုပါ။

# # ၃၉ ရေရှည်ရှုထောင့်အမြင်

ဘုရားသခင်သည် ကျနော်တို့၏ခန္ဓာကိုယ်ကို ကြီးထွားလာအောင် ပုံဖော်ထားသည့်အတိုင်း သူ့လူတို့၏ဝိညာဉ်ရေးရာကိုလည်း ထို့အတူ ကြီးထွားစေလိုသည်။ ထို့ပြင် ဘုရားသခင်သည် ယုံကြည်သူအသီးသီးတို့အား ထူးခြားသည့်ဝါသနာနှင့်ဆုကျေးဇူးများကို ပေးအပ်တော်မူ၏။

ကျနော်တို့သည် စိန်ခေါ်မှုများစွာကို တင်ပြသောအခါ မကြာသေးမီက တင်ပြပြီးသောအရာကို ရပ်ဆဲမည်ဆိုပါက ကျနော်တို့၏အမြင်သည် တွန့်ရှုံ့သွားပါလိမ့်မည်။ ကျနော်တို့ဆွေးနွေးပြီးသော အဆင့်သုံးဆင့်အပြင် အခြားတစ်ဆင့်ရှိသေး၏။ ထိုအဆင့်ကား ကျနော်တို့လိုအပ်သည့် ဝိညာဉ်ရေးရာ ထိုးထွင်းသိမြင်နိုင်စွမ်းပင်ဖြစ်သည်။

တနေ့ကျရင် ဘုရားသခင်သည် ကျနော်တို့၏ခန္ဓာကိုယ်ကို ပြောင်းလဲ၍ အသစ်သောခန္ဓာကိုယ်ဖြင့် သူ့ထံ၌တည်ရှိစေမည်။ ၎င်းသည် ထာဝရကာလအတွက်ဖြစ်ပါသည်။ သည်းခံသောသူတို့သည် အသက်သရဖူကို ရရှိကြလိမ့်မည်။

စုံစမ်းနှောင့်ယှက်ခြင်းကို သည်းခံသောသူတို့သည် မင်္ဂလာရှိ၏။ အကြောင်းမူကား စစ်ကြောစုံစမ်းခြင်းကိုခံပြီးမှ သခင်ဘုရားကို ချစ်သောသူတို့အား ကတိထားတော်မူသော အသက်သရဖူ ကိုရလိမ့်မည်(ယာ၊၁:၁၂)။

အသက်ရှင်ခြင်း၏လက္ခဏာကား မရပ်မနားအစဉ် ဆန္ဒပြင်းပြခြင်း၊ ဖြစ်နိုင်သမျှအသက် ရှင်ခြင်းနှင့် ၎င်း၏တည်ရှိမှုကို ပြန်လည်ထုတ်လုပ်ခြင်းအားဖြင့် တည်တံ့မြဲမြံခြင်းတို့ဖြစ်ပါသည်။ တချို့က သေခြင်းသည် သာမန်ဖြစ်သည်ဟုသွန်သင်ကြသော်လည်း ယင်းသည် မှန်ကန်မှုမရှိပေ။ အကယ်၍ သေခြင်းသည် အသက်ရှင်ခြင်း၏အခြားအပိုင်းဖြစ်မည်ဆိုလျှင် အသုဘ၌ ငိုယိုဝမ်းနည်းစရာအကြောင်းမရှိပေ။

ကျနော်တို့သည် ဘုရားသခင်ရှေ့တော်၌ အပြစ်ကင်းရှင်းစွာ အသက်ရှင်ရပ်တည်သောအခါ ကျနော်တို့၏ဝိညာဉ်ရေးရာ အသက်တာသည် ပြီးပြည့်စုံ၍ အထွက်အထိပ်သို့ ရောက်ရှိသွား၏။ ယေရှုက မိမိတပည့်တော်များကို ဤမြေကြီးပေါ်၌ ကျနော်တို့မြင်တွေ့သည့်အရာများပေါ်၌ စဉ်းစားတွေးတောခြင်း မပြုရန် သတိပေး၏။ အသက်ဟူသည်မှာ မြေကြီးပေါ်၌ ကျနော်တို့တွေ့ကြုံသည့်အရာထက် များစွာပို၏။

ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ခြင်းဆိုသည်မှာ ဤမြေကြီးပေါ်၌ ဘုရားသခင်၏အလိုတော်ကို နားလည်ခြင်းသက်သက်မဟုတ်ပဲ သူ၏အလိုတော်ကို အချိန်တိုအတွင်း၌ အကောင်အထည်ဖော်ဖို့ရန် မှန်ကန်စွာ ဦးစားပေးတတ်ခြင်းကိုဆိုလိုသည်။ ထိုသို့ဆိုရာတွင် ထာဝရကာလကို ထောက်ရှုလျက် ကျနော်တို့ အသက်ရှင်မှသာ ဖြစ်ထွန်းလာမည်ဖြစ်သည်။ ထိုအခါ ကျနော်တို့၏အချိန်၊ ဦးတည်ချက်နှင့်ခွန်အားများသည် ဤမြေကြီးပေါ်၌ မှန်မှန်ကန်ကန် စတင်အချိုးကျလာပေမည်။

## ရေရှည်လေ့ကျင့်သင်ကြားခြင်း

ထာဝရကာလနှင့်စပ်ဆိုင်သည့် ကျနော်တို့၏အမြင်သည် ကျနော်တို့၏အချိန်အခါပေါ် ကျနော်တို့မည်ကဲ့သို့သတိမူသည်ကိုသာ ပုံသွင်းခြင်းမဟုတ်ပဲ အခြားသူများအပေါ်၌ မိမိတို့မည်ကဲ့သို့ လေ့ကျင့်သင်ကြားသည်ကိုလည်း ကြီးမားစွာပုံသွင်းစေပါ၏။ တရွေ့ရွေ့ကုန်ဆုံးနေသောအချိန်နှင့် ထာဝရကာလသို့ ရွေ့လျားနေသောအချိန်ကာလအပေါ်၌ ဤသို့သောအမြင်မရှိပါက ကျနော်တို့၏ ဦးစားပေးခြင်းများသည် စောင်းသွားပါလိမ့်မည်။ ကျနော်လည်း ယောဟန်၏တင်ဆက်မှုကို အလွန်နှစ်သက်လှပါ၏။

ချစ်သူတို့၊ ယခုတွင် ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ နောက်မှ အဘယ်သို့သော သူဖြစ်မည်ကို မထင်ရှားသေး။ သို့သော်လည်း ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ ငါတို့သည် ကိုယ်တော်နှင့်တူကြလတံ့။ ထိုသို့မျှော်လင့်သောသူမည်သည်ကား ကိုယ်တော်သန့်ရှင်းတော်မူသည်နည်းတူ ကိုယ်ကိုသန့်ရှင်းစေတတ်၏(၁ယော၊၃:၂-၃)။

ထိုသို့သောမျှော်လင့်ချက်သည် ကျနော်တို့၏ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးမှု၌ အထူးသဖြင့် သန့်ရှင်းခြင်းနယ်ပယ်၌ မည်သို့စေ့ဆော်မှုဖြစ်သည်ကို သတိပြုရမည်။ သမ္မာတရားအပေါ်၌ ကျနော်တို့၏အမြင် ပိုမိုကြည်လင်ပြတ်သား လေ ထိုသမ္မာတရားအားဖြင့် ကျနော်တို့သည် ပုံသွင်းခြင်းခံရလေဖြစ်မည်။

## ဘုရားသခင်၏မြို့တော်အဖို့ ရှာဖွေခြင်း

အဆင့်#၃သည် ရင့်ကျက်ခြင်းအကြောင်းကို ပြောဆိုသော်လည်း ၎င်းသည် ကျနော်တို့၏ရည်မှန်းချက်ပန်းတိုင် အဆုံးမဟုတ်ပေ။ ၎င်းသည် လောက၌ရှိနေစဉ်အမှုကိစ္စအတွက်သာဖြစ်သည်။ ဤလောကသည် တညီတညွတ်တည်း ညည်းတွား၍ ဆင်းရဲခြင်း ဝေဒနာ၏ထိန်းချုပ်မှုကို ခံလျက်နေ၏ (ရော၊၈:၁၈-၂၂)။ သို့ဖြစ်၍ ကျနော်တို့သည်လည်း ဖြောင့်မတ်ခြင်းအဝတ်ကို ဝတ်ဆင်၍ အပြစ်တရား မရှိတော့

သည့် ဘုရားရှင်မျက်မှောက်တော်၌ အသက်ရှင်ခြင်းကို မျှော်လင့်တောင့်တလျက် နေကြရခြင်းဖြစ်၏။

ထိုမျှမက ဝိညာဉ်တော်၏ကျေးဇူးတော်အစအဦးကို ခံပြီးသော ငါတို့သည်လည်း သားအရာ၌ မြှောက်ခြင်းချမ်းသာကို မျှော်လင့်၍ စိတ်နှလုံးထဲ၌ ညည်းတွားလျက် နေကြ၏(ရော၊၈း၂၃)။

ဤအနာဂတ် ပြုပြင်ပြောင်းလဲခြင်းသည် မြေကြီးပေါ်၌ မည်သည့်အရာက အရေးကြီးဆုံးဖြစ်သည်ကို ကျနော်တို့အား သတိရှိစေပါသည်။ အသက်တာတစ်ခုလုံးသည် ရှင်ပြန်ထမြောက်ခြင်းနှင့်စပ်ဆိုင်သော သမ္မာတရားအားဖြင့် ပြောင်းလဲခြင်းဖြစ်သည်။ အသက်တာဟူသည်မှာ ဤမြေကြီးပေါ်၌ ကျနော်တို့ကြုံတွေ့ရသည့်အရာသာမကပဲ အနာဂတ်အတွက်ပါ ပုံသွင်းထားခြင်းကိုဆိုလိုပါသည်။ ပိုမိုကြီးမားသော မျှော်လင့်ချက်သည် ကျနော်တို့၏လက်ရှိ လှုပ်ရှားမှုများနှင့်စိတ်ကူးယဉ်အိပ်မက်များကို လွှမ်းမိုးသွားသည်။

ဤမြေကြီးပေါ်၌ရှိသည့် ယုံကြည်သူမှာသမျှသည် သူတို့အသက်တာ၌ ဘုရားသခင်ပြုစေလိုသည့် အလားအလာကို စေ့စေ့စပ်စပ် စိတ်ဝင်တစားဖြစ်သင့်သည်။ လက်ရှိဖြစ်ပေါ်နေသည့် အပြောင်းအလဲသည် သိသာထင်ရှားနေသော်လည်း အလွန်ကြီးမားသည့် ဘုရားသခင်၏အနာဂတ်ကတိတော်နှင့် နှိုင်းယှဉ်ကြည့်လျှင် အနည်းအကျဉ်းမျှသာရှိ၏။ ကျနော်တို့သည် မည်သို့ပင်ဖြစ်စေ ဤမြေကြီးပေါ်၌ ကျနော်တို့၏ဝိညာဉ်ရေးရာ အသက်တာနှင့်ကြီးထွားဖွံ့ဖြိုးမှုကို သေးသိမ်အောင်မလုပ်သင့်ပေ။ အသစ်သောအသက်တာမရှိပဲ ထာဝရအသက်ဟူ၍မရှိပေ။ ကျနော်တို့သည် ဘုရားသခင်၏မိသားစုဝင်နှင့် ဆက်စပ်ခြင်းမရှိပဲ မည်သည့်အခါမျှ ကိုယ်တော်၏မိသားစုဝင်တစ်ဦး ဖြစ်မလာနိုင်ပေ။

## ကျွန်ုပ်တို့၏လေ့ကျင့်သင်ကြားခြင်းအတွက် တာဝန်ခံမှု

ဤမြေကြီးပေါ်၌ ကျနော်တို့၏ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးမှုနှင့်အသီးသီးခြင်းတို့သည် အနာဂတ်၌ ဆုချပေးမည်ဖြစ်သည်။ ၎င်းသည် ယုံကြည်သူများ အသက်ကုန်ဆုံး၍ တရားစီရင်ခြင်းအားဖြင့် တိုင်းတာသည့်အရာဖြစ်သည်။ ဘုရားသခင်သည် ကျနော်တို့၏ကြိုးစားအားထုတ်မှုနှင့်ဆက်ကပ်အပ်နှံမှုတို့ကို ချင့်ချိန်ပါလိမ့်မည်။ ကိုယ်တော်သည် ကျနော်တို့လုပ်ဆောင်နိုင်ခဲ့သည့်အရာနှင့် အမှန်တကယ် လုပ်ဆောင်ခဲ့သည့် အရာတို့ကို နှိုင်းယှဉ်ပါလိမ့်မည်။

ယေရှု၏ပုံဥမာ၌ တစ်တာလန်ရသောသူသည် မိမိ၏ဆုကိုမြေ၌ဝှက်ထား၍ ပြစ်တင်ခံရခြင်းအားဖြင့် ကျနော်တို့အပေါ်၌ ဘုရားသခင်၏မျှော်လင့်ခြင်းများကို သတိပြုစေပါသည်။ "အရှင်ကလည်း ဆိုးညစ် ပျင်းရိသောယ်သား၊ ငါသည်

ကိုယ်မစိုက်မပျိုးသောအရပ်၌ ရိတ်၍ ကိုယ်မဖြန့်မကြဲသောအရပ်၌ စုသိမ်းသည်ကို သင်သိသည်မှန်လျှင်၊(မ၊၂၅:၂၆)။

ပေါလုသည် ၁ကော၊အခန်းကြီး ၃ ၌ မျိုးစေ့စိုက်ပျိုးခြင်းနှင့်ကြီးထွားခြင်း ရုပ်လုံးပုံသဏ္ဍာန် ကိုအသုံးပြု ခဲ့ပါသည်။ "သို့သော်လည်း စိုက်ပျိုးသောသူနှင့်ရေလောင်းသောသူသည် တလုံးတဝတည်းဖြစ်၍ အသီးသီး မိမိလုပ်သည့်အတိုင်း မိမိအကျိုးကိုခံရလိမ့်မည်" (၁ကော၊၃:၈)။ ဘုရားသခင်သည် ကျနော်တို့၏ စံချိန်စံညွှန်း အတိုင်းမဟုတ်ပဲ သူ၏စံချိန်စံညွှန်းအတိုင်း ကျနော်တို့၏လုပ်ဆောင်ချက် အရည်အချင်းကို စမ်းစစ် သွားပါမည်။

အသီးအသီးလုပ်သော အလုပ်သည် ထင်ရှားလိမ့်မည်။ အဘယ်သို့နည်းဟူမူကား ဖော်ပြချိန်နေ့ရက်သည် မီးအားဖြင့်ထင်ရှားစေလိမ့်မည်။ လူတိုင်းလုပ်သောအလုပ်သည် အဘယ်သို့သော အလုပ်ဖြစ်သည်ကို မီးသည် စစ်ကြောစုံစမ်းလိမ့်မည်။ ထိုတိုက်မြစ်အပေါ်၌ ထပ်ဆင့်၍ တည်ဆောက်သော အကြင်သူ၏ အလုပ်သည်မြဲ၏။ ထိုသူသည် အကျိုးကိုခံရ လိမ့်မည်။ အကြင်သူ၏အလုပ်သည် ကျွမ်းလောင်၏။ ထိုသူသည် အရှုံးခံရလိမ့်မည်။ သို့သော်လည်း မီးနှင့်လွတ်သကဲ့သို့ သူသည် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်(၁ကော၊၃:၁၃-၁၅)။

ဘုရားသခင်သည် ဝိညာဉ်ရေးရာ အကြောင်းအရာမှစ၍ ဖြစ်ပျက်လာမည့်အရာ များစွာတို့၏လျှို့ဝှက်ချက်များကို ဖော်ပြခဲ့သည်။ ကျနော်တို့အမွေခံရမည့် အသက်၏ဘုန်းအသရေနှင့်စုံလင်မှု လက္ခဏာသွင်ပြင်များစွာ ရှိနေသေးသည်ကိုလည်း သံသယရှိစရာမလိုအပ်ပေ။ ကိုယ်တော်သည် နောင်ကာလ၌ ဖွင့်ပြမည့်စုံလင်ခြင်းကိုလည်း ထောက်ပြခဲ့သည် (မာ၊၁၀:၂၉-၃၀၊ ရော၊၈:၂၁)။ ဤသမ္မာတရားများသည် ကျနော်တို့လေ့ကျင့်သင်ကြားခြင်းတလျှောက်၌ ကျနော်တို့လုပ်ဆောင်သောအရာနှင့် ပြောဆိုသောအရာတို့အတွက် ဖြောင့်တန်းမှုကို ပြင်ဆင်ပေး၏။

အသက်ရှင်ခြင်းသည် ကျနော်တို့အပေါ်၌ ဘုရားသခင်ဖြစ်ပေါ်စေသည့် တစုံတရာသက်သက်မဟုတ်ပဲ ကျနော်တို့အား ဘုရားသခင်ပေးအပ်သည့်အရာ၌ ကျနော်တို့ကိုယ်တိုင်၏တုံ့ပြန်ခြင်းဖြင့် ဖြစ်ပေါ်လာသော အရာပါသည်။ ဤမြေကြီးပေါ်၌ ကျနော်တို့လုပ်ဆောင်သောအရာသည် ထာဝရကာလအတွက် ကြီးမားသော အကျိုးသက်ရောက်မှုဖြစ်ပါသည်။ တခဏသာ ထင်ရှားသည့်ကျနော်တို့၏ အသက်တာ ပုံသွင်းခြင်းသည် နောင်ထာဝရကာလအတွက် ပုံသွင်းခြင်းပင်ဖြစ်သည်။

တစ်ခါတစ်ရံ ကျနော်တို့သည် သားသမီးများနှင့်အတူထိုင်၍ ဓာတ်ပုံဟောင်းများနှင့် ဗီဒီယိုဟောင်းများကို ပြန်ကြည့်တတ်ကြ၏။ ထိုအရာသည် အတိတ်ကဖြစ်ရပ်များကို ပြန်လည်သတိရစေပါသည်။ ကျနော်တို့သည်

ပြည်ပနိုင်ငံကို ၁၀ နှစ်ဝန်းကျင် အခြေချနေထိုင်ရန် ရွေးချယ်မှုပြုကြ၏။ ကျနော်တို့လင်မယားသည် မိမိတို့၏သားသမီးများရှိရာ နေအိမ်ကျောင်းသို့ ဦးတည်သွားရန် စိတ်ဆုံးဖြတ်ကြ၏။ ဤဆုံးဖြတ်ချက်များသည် နောက်ကျမှ ကျနော်တို့အသက်တာ၌ ထင်ဟပ်လာပါသည်။ ထာဝရကာလလည်း ထိုအတူပင်ဖြစ်ပါသည်။ ကျနော်တို့ရရှိထားသည့် ထာဝရအသက်သည် ဤမြေကြီးပေါ် ကျနော်တို့အသက်ရှင်စဉ်ကာလ၌ သခင်ခရစ်တော်၏လုပ်ဆောင်ချက်အပေါ်၌ ကျနော်တို့မည်ကဲ့သို့ တုံ့ပြန် ခဲ့သည်ဟူသောအရာများနှင့် ဆက်နွယ်ပါသည်။

## ကျွန်ုပ်တို့၏အခွင့်အလမ်း

ဤအခန်း၌ရှိသည့် ကျနော်တို့၏ရည်ရွယ်ချက်သည် ကျနော်တို့အသက်တာအတွက် ကြီးထွားခြင်း သက်သက်ထက် ပိုမိုကြီးမားသည့်ရည်မှန်းချက်ပန်းတိုင်များရှိနေကြောင်းကို ကျနော်တို့အား သတိပေးနေခြင်း ဖြစ်ပါသည်။ ကျနော်တို့သည် မိမိတို့နီးနား၌ရှိသောသူများ၏အသက်တာထဲသို့ အကျိုးသက်ရောက်မှုရှိစေမည့်အသီးများကိုသီးရန်ဖြစ်သည်။ ခရစ်တော်နှင့်အကျွမ်းဝင်ခြင်းအားဖြင့် စတင်အသီးသီးလာခြင်းသည် ဘုရားသခင်၏မေတ္တာနှင့်အလင်းတရားကို လောကီလူသားများထံသို့ လိုက်လံဖြန့်ဝေခြင်းအတွက်သာမကပဲ ထာဝရကာလ၌ ကျနော်တို့အား ဘုရားသခင်မည်ကဲ့သို့ဆက်ဆံရမည်ကို ပုံသွင်းနေခြင်းဖြစ်သည်။

အသက်ရှင်ခြင်းကို ကြည့်ရှုသုံးသပ်ရန် အကောင်းဆုံးနည်းလမ်းမှာ အစပထမ၌ မိမိတို့၏ခန္ဓာနှင့် ဝိညာဉ်ရေးရာအသက်ကို ပေးအပ်သောအရှင်ထံသို့ အစဉ်တုံ့ပြန်ခြင်းသာဖြစ်သည်။

အကျိုးရှိသည့်လေ့ကျင့်သင်ကြားခြင်းကို ကျနော်တို့ရှာဖွေနေခြင်းမှာ ဆုလက်ဆောင်များရရှိဖို့ရန် ကတိပေးချက်ကြောင့်မဟုတ်ပဲ မိမိတို့ဝန်းကျင်၌ အောင်မြင်သောသူများကို မြင်တွေ့၍ တွေ့ကြုံခံစားရသည့်ဝမ်းမြောက်ခြင်းကြောင့်ဖြစ်သည်။ ထိုသူတို့သည် ကျနော်တို့ကဲ့သို့ ဘုန်းအသရေနှင့်ပြည့်စုံသော ဘုရားသခင်၏အလင်းတရားနှင့်အသက်ကို ဆုတ်ကိုင်ထား၍ အသက်တာပြောင်းလဲကြကာ ခရစ်တော်၏ ပြည့်စုံခြင်း၌ ကြီးထွားလျက် တည်ကြည်သောအသီးကို သီးသောသူများဖြစ်ကြရန် ကျနော်တို့ ဆန္ဒရှိ၏(ယော၁၅:၁၆)။

ကောင်းကင်နှင့်မြေကြီးပေါ်၌ ရှိသမျှသောအခွင့်အာဏာကို ယေရှုဆုတ်ကိုင်ထားခြင်းမှာ ကျနော်တို့အား တပည့်တော်မွေးထုတ်စေရန်အတွက်ဖြစ်ပါသည်။ အကြောင်းမှာ ဘုရားသခင်ကို သိရှိဖို့ရန်နှင့်ချစ်ဖို့ရန် အခြားသူများအား လေ့ကျင့်သင်ကြားခြင်းထက် ပို၍ကြီးမြတ်သောအရာမရှိ သောကြောင့်ဖြစ်သည်။ ဤအရာသည် ကျနော်တို့အသက်တာအတွက်လည်း ကြီးမားသော အကျိုးကျေးဇူးများရှိ၏။ ၎င်းသည် ယေရှုကိုယ်တိုင် လုပ်ဆောင်ခဲ့သည့်အရာဖြစ်၍ (ဟေရှာ၊

၅၃:၁၀-၁၂) မိမိတပည့်တော်များအား လုပ်ဆောင်ရန် ခေါ်ယူခြင်းလည်းဖြစ်၏။ တပည့်တော်မွေးထုတ်ခြင်းသည် မိမိတို့ဝန်းကျင်၌ရှိသောသူတို့အတွက် ကောင်းကျိုးချမ်းသာဖြစ်၍ ဘုရားသခင်၏ဘုန်းတော်ကို တိုက်ရိုက် ထင်ရှားစေရန်ဖြစ်သောကြောင့် ကျနော်တို့အသက်တာအတွက် အရေးပါသောအရာဖြစ်သည်။

ဘာ့ကြောင့် တပည့်တော်များကို နည်းနည်းပဲ မွေးထုတ်နေရပါသနည်း။ ကျနော်တို့သည် ဘာ့ကြောင့် ဘွဲ့ဒီဂရီ၊ အသိပညာနှင့်ကျောင်းတက်ခြင်း အစရှိသည်တို့ကိုသာ အလွန်စိတ်စွဲမက်၍ အသက်တာပြုပြင်ပြောင်းလဲခြင်းအလုပ်ကို နည်းနည်းပဲ စိတ်ပါဝင်စားကြသနည်း။ ကျနော်တို့အသက်တာ၌ ဘုရားသခင်၏ တန်ခိုးမဲ့နေခြင်းသည် ကျနော်တို့ဝန်းကျင်၌ရှိသောသူများ၏အသက်တာပြောင်းလဲခြင်း အတွက် လုပ်ဆောင်ခြင်းမရှိသောကြောင့်ဖြစ်သည်။

## သင်ခန်းစာ

- ဤမြေကြီးပေါ်တွင် ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးမှုဆိုင်ရာ အဆင့်သုံးဆင့်ရှိသော်လည်း အဆုံးမဟုတ် သေးပေ။ ကျနော်တို့သည် ယေရှုကဲ့သို့ ပိုမိုကြီးမြတ်၍ ဘုန်းအသရေနှင့်ပြည့်စုံသည့်အဆင့်သို့ ရှင်ပြန်တမြောက် ရအုံးမည်ဖြစ်သည်။
- ကျနော်တို့သည် ဤလောက၌ အသက်ရှင်လုပ်ဆောင်သည့်အတိုင်း နောင်ကာလ၌ အပြည့်အဝချီးမြှင့်ခြင်းခံရမည်။ ဘုရားသခင်၏လူတို့အား ဘုရားတရားကြည်ညိုသည့်အသက်တာ အဖြစ်သို့ လေ့ကျင့်မပေးခြင်း၏ အကျိုးဆက်မှာ ဝမ်းနည်းဖွယ်ရာဖြစ်ပါလိမ့်မည်။
- ကျနော်တို့သည် ဘုရားသခင်၏လူများ စုံလင်ခြင်းသို့ ကြီးထွားလျက်နေသည်ကို မြင်တွေ့လိုသောကြောင့် လေ့ကျင့်သင်ကြားခြင်း၌ စိတ်ပါဝင်စားခြင်းဖြစ်သည်။ ထိုသူတို့၏အသက်တာ ကြီးထွားခြင်းအားဖြင့် တည်ကြည်သောအသီးကို များစွာသီးနိုင်ကြလိမ့်မည်။

## ကျက်မှတ်ဆင်ခြင်ပါ

- ၁ယော၊၃:၂-၃
- ယာ၊၁:၁၂

## တာဝန်ပေးအပ်ခြင်း

- သခင်ဘုရားအား အစေခံဖို့ရန် သင်၏စိတ်ပါဝင်စားမှုနှင့်ဆက်ကပ်မှုတို့ အပေါ်၌ ထာဝရကာလက သင့်ကို မည်မျှလွှမ်းမိုးထားပါသနည်း။

- မ၊၂၈:၁၈-၂၀ ကိုဆင်ခြင်ပါ။ ယေရှုသည် ကျနော်တို့အား တပည့်တော်မွေးထုတ်စေဖို့ရန် စောင့်ဆိုင်းနေသည်ဟု သင်ယူဆပါသလား။ ထိုသို့ဖြင့် မိမိ၏တန်ခိုးတော်ကို ပိုမိုထုတ်လွှတ်နိုင် မည်ဖြစ်သည်။ ကိုယ်တော်၏ အခွင့်အာဏာနှင့်အမိန့်တော်သည် မည်ကဲ့သို့ဆက်နွယ်ပါသနည်း။
- သင်ကိုယ်တိုင်ကြီးထွားခြင်းနှင့်အခြားသူများ၏ကြီးထွားခြင်းသည် အရေးအပါဆုံးဟု သင်ယူဆပါ သလား။ အခြားသူများ၏အောင်မြင်မှုကို တွေ့မြင်သောအခါ သင်၏စိတ်ပါဝင်စားမှုနှင့် ဝမ်းမြောက်ခြင်းသည် မည်သို့သောအတိုင်းအတာဖြစ်သည်ကို ရှင်းပြပါ။

# #၄၀ အသက်၏အင်အား

ဤစာအုပ်၏စိန်ခေါ်ချက်ကား သင်ယူ၍မရနိုင်သောအမှန်တရားကို ထင်ထင်ရှားရှား ဖြစ်စေပါ သည်။ ၎င်းသည် ကျနော်တို့၏အသက်တာ၌ အထူးသဖြင့် မိမိတို့၏လေ့ကျင့်သင်ကြားခြင်း၌ အဆက်မပြတ်လွှမ်းမိုးသော အရာဖြစ်ပေ သည်။

ကျနော်တို့သည် ဆေးဝါးကုသမှုနည်းဟန်၌ ဇီဝဗေဒပညာရှင်တစ်ဦး၏ လုပ်ထုံးလုပ်နည်းအတိုင်း ဖြစ်စဉ်ကို သင်ယူနေခြင်းမျှသာမဟုတ်ပေ။ ဇီဝဗေဒ ပညာရှင်တစ်ဦးသည် မိမိ၏အတွေ့အကြုံကိုသာ စောင့်ကြည့်တတ်၏။ ကျနော်တို့ သည် ဘုရားသခင်ရည်ရွယ်သည့်အသက်ကို သုတေသနပြုဖို့မဟုတ်ပဲ တွေ့ကြုံ ခံစားဖို့ရန် ခေါ်ထားခြင်းခံရသူများဖြစ်သည်။

ကျနော်တို့လည်းပဲ ကျမ်းတတ်ဆရာများ၊ သင်အုပ်များ၊ ဓမ္မဆရာများနှင့် ခရစ်ယာန်ခေါင်းဆောင်များနည်းတူ မှားယွင်းမှုများကို ကျူးလွန်ကြ၏။ ကျနော်တို့ သည် မိမိတို့၏လုပ်ငန်းကိုသာ အာရုံစိုက်လျက် မိမိတို့နှင့်အခြားသူများ၏အထဲ၌ ရှိသည့် ခရစ်တော်တန်ခိုးတော်ကို အနည်းငယ်မျှသာအာရုံစိုက်ကြ၏။ အာရုံစိုက် ရမည့်မေးခွန်းတချို့မှာ၊

➡ ကျနော်တို့သည် အခြားသူများကို သာသနာလုပ်ငန်းနှင့် အမှုတော်မြတ်အတွက် ကောင်းမွန်စွာ လေ့ကျင့် တပ်ဆင်ပါသလား။

➡ ခေါင်းဆောင်များလေ့ကျင့်ပေးရာ၌ မည်သည့်အရာကဖြစ်မြောက်စေသည်ကို စေ့စေ့စပ်စပ် သုံးသပ် အကဲဖြတ်ပါသလား။

➡ ဘုရားတရားကြည်ညိုသည့်ခေါင်းဆောင်မွေးထုတ်ခြင်းကို ထိခိုက်စေသည့် နိမ့်ကျသောလက္ခဏာများကို ဘာ့ကြောင့် ကျနော်တို့သည်း ခံပါသနည်း။

ကျနော်တို့သည် မည်သည့်ကျောင်းကိုတက်ခဲ့သည်ဖြစ်စေ၊ မည်သည့်အသင်းတော်၌ ပါဝင်သည်ဖြစ်စေ၊ မည်သည့်ရာထူးကိုပိုင်ဆိုင်ထားသည်ဖြစ်စေ ကိစ္စမရှိပါဘူး၊ အခြားသူများ အသက်တာပြောင်းလဲခြင်း ခံစားစေခြင်းငှာ တပည့်တော်မွေးထုတ်ခြင်းကသာ ကိစ္စရှိသောအရာဖြစ်ပါသည်။ (ကျနော်ဟာ အသက်တာ ပြောင်းလဲခြင်းအပေါ်၌ ဦးတည်သည့်တရားဟောခြင်း၊ သင်ကြားခြင်း၊ အကြံပေး တိုင်ပင်ခြင်း၊ တအိမ်တက်ဆင်းသွားရောက်ခြင်း၊ ညွှန်ပြပေးခြင်း၊ မေးဆက်ခြင်း နှင့်စကားစမြည်ပြောဆိုခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်လျက်ရှိ၏။

တစ်ဦးအပေါ်တစ်ဦး တပည့်တော်မွေးထုတ်ခြင်းသည် အလွယ်ကူဆုံးသောအရာ ဖြစ်သည်။

အကယ်၍ ကျနော်တို့လုပ်ဆောင်သောအရာများသည် အသက်တာပြောင်းလဲခြင်း မရှိဘူးဆိုပါက ကျနော်တို့လုပ်ဆောင်သောအရာများသည် မည်ကဲ့သို့ဖြစ်သည်ကို အရေးတကြီး ပြန်လည်တွက်ချက်ဖို့ လိုအပ်ပါလိမ့်မည်။ ကျနော်တို့သည် မိမိတို့၏ဓမ္မကျောင်းများ၊ အသင်းတော်များနှင့်လူဦးရေ အရေအတွက်ကြောင့် ဂုဏ်ယူနိုင်သော်လည်း ခရစ်တော်၏မေတ္တာနှင့်ရုပ်လုံးသဏ္ဌာန် ပေါ်လွင်ထင်ရှားခြင်း မရှိပါက ကျနော်တို့လုပ်ဆောင်သမျှသည် အချည်းနှီးသာဖြစ်သည်။

## တာဝန်ယူ ဆောင်ရွက်ခြင်း

ကျနော်တို့သည် အခြားသူများကို မွေးထုတ်တပ်ဆင်ပေးရန်ဖြစ်သည်။ သို့မှသာ သူတို့သည် အခြားသူများကို ဝိညာဉ်ရေးရာကြီးထွားခြင်း အဆင့်သုံးဆင့်၌ တပည့်တော်ဖြစ်စေနိုင်မည်ဖြစ်သည်။ ယုံကြည်သူအသီးသီးတို့သည် ဤအဆင့်များကို ဖြတ်ကျော်ကြရမည်။

ခရစ်တော်အားဖြင့် လူတိုင်းစုံလင်ခြင်းသို့ ရောက်၍ လူခပ်သိမ်းတို့ကို ဆက်သအံ့သောငှာ ငါတို့သည် လူခပ်သိမ်းတို့ကို သတိပေး၍ သတိအမျိုးမျိုးနှင့် ဆုံးမသွန်သင်လျက် ခရစ်တော်၏တရားကို ဟောပြောကြ၏။ ထိုသို့အလို့ငှာ ငါသည် အမှုဆောင်ရွက်၍ ငါ၌တန်ခိုးတော် ပြုပြင်အားထုတ်တော်မူ သည့်အတိုင်း ကြိုးစားအားထုတ်လေ့ရှိ၏(ကော၊၁း၂၈-၂၉)။

ဘုရားသခင်သည် အဆင့်အမျိုးမျိုးတို့၌ ယုံကြည်သူများအပေါ်တွင် မည်သည့်အရာလုပ်ဆောင်နေသည်ကို တိတိကျကျ စဉ်းစားခြင်းအားဖြင့် ကျနော်တို့သည် သခင်ဘုရားနှင့်အတူ မည်ကဲ့သို့ လုပ်ဆောင်မည်ကို ပို၍ကောင်းကောင်း သိရှိနိုင်သည်။

ယနေ့ ကမ္ဘာတဝှမ်းရှိ ကျနော်တို့အသင်းတော်များ၌ တပည့်တော်မွေးထုတ်ခြင်း မလုပ်ဆောင်ပဲ နေရသည့်အကြောင်းရင်းမှာ ယေရှု၏မိန့်တော်ချက်ကို မလုပ်ဆောင်လိုသောကြောင့်ဖြစ်သည်။ ကျနော်တို့၏ ဖြေရှင်းနည်းမှာ လူတို့အား ဘုရားသခင်ပေးအပ်သည့်အသက်ကို ထောက်ခံအတည်ပြုခြင်းသာဖြစ်သည်။ ထိုအသက်သည် ဘုရားသခင်၏လူတို့ကို တိကျသောလမ်းစဉ်များ၌ ကြီးထွားရန် အားပေးအားမြှောက်ပြု၍ အခြားသူများအပေါ်၌ ဘုရားသခင်ပြုစေလိုသည့် အရာကို သိရှိဖို့ရန်အတွက် သူတို့၏အသက်တာကို မြှင့်တင်ပေးတတ်၏။

## ဦးစားပေးသတ်မှတ်ရန် အရေးတကြီးလိုအပ်မှု

ကျနော်တို့သည် မိမိတို့ကိုယ်တိုင် ကြိုးစားအားထုတ်၍ မိမိတို့၏လေ့ကျင့်သင်ကြားခြင်း၌ ဝိညာဉ်ရေးရာအသက်တာဖြစ်စဉ်ကို ဦးစားပေးသတ်မှတ်လာသောအခါ သိသာထင်ရှားသည့် အပြောင်းအလဲများ ရှိလာပါလိမ့်မည်။

အကယ်၍ ဘုရားသခင်၏လူတို့သည် ကြီးထွားခြင်းမရှိပါက လေ့ကျင့်သင်ကြားပေးသူဖြစ်သည့် ကျနော်တို့၏ရှုံးနိမ့်ခြင်းပင်ဖြစ်သည်။ အပင်သည် အစဉ်ကြီးထွား၍ ကြီးရင့်လာသည့်နှင့်အမျှ အသီးများစွာသီးလာ၏။ အကယ်၍ အပင်သည် ကြီးထွားခြင်းမရှိပါက လယ်လုပ်သောသူသည် ထိုအပင်၌ ပိုးရှိနိုင်သည်ကိုလည်းကောင်း၊ ရေလုံလောက်မှုမရှိသည်ကိုလည်းကောင်း၊ အခြားမြေသြဇာလိုအပ်မှုရှိနိုင်သည်ကို လည်းကောင်း သိရှိပါလိမ့်မည်။

အသင်းတော်သည် ဘုရားသခင်၏လူတို့အား မကြီးထွားစေနိုင်သည့် ကြီးမားသောပြဿနာတစ်ရပ် ရင်ဆိုင်နေရသည်။ ဘုရားတရားကြည်ညိုသည့် ဘခေါင်းဆောင်များကို ကောင်းကောင်းမွေးထုတ်ခြင်းမရှိသည့် အသင်းတော်များ၊ ကျမ်းစာကျောင်းများနှင့်ခရစ်ယာန်လေ့ကျင့်ရေး သင်တန်းကျောင်းများသည် ပြဿနာ ဝန်းရံလျက်ရှိ၏။

ဘုရားသခင်သည် အခြားသူများကို စုံလင်ခြင်းသို့ ကြီးထွားစေဖို့ရန် ပြောင်းလဲစေနိုင်သည်ဟူသော ယုံကြည်မှုမရှိပါက ထိုနေရာသည် ဘုရားတရားကြည်ညိုသည့် လေ့ကျင့်သင်ကြားခြင်းမရှိသောကြောင့် ဖြစ်ပါလိမ့်မည်။ အသင်းတော်သည် ယုံကြည်သူအပေါင်းတို့၌ အမှန်တကယ်ဖြစ်သင့်သည့် အသက်တာကြီးထွားဖွံ့ဖြိုးခြင်းထက် ဘုရားတရားကြည်ညိုခြင်းဆိုင်ရာ ဟန်ဆောင်မှုက လွှမ်းမိုးလာပါလိမ့်မည်။

ဘုရားသခင်သည် ကျနော်တို့အထဲ၌ သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးအားဖြင့် ဝိညာဉ်ရေးရာ အသက်တာဖြစ်စဉ်အတိုင်း လုပ်ဆောင်လျက်နေသည်ကို ကျနော်တို့တစ်ဖန် အတည်ပြုသောအခါ ကျနော်တို့အထဲ၌ တစ်ဖန်ရှင်သန်လာသည့် ဘုရားသခင်၏အသက်ကို ကျနော်တို့တွေ့မြင်ပါလိမ့်မည်။ ၎င်းသည် အသင်းတော်တည်းဟူသော DNA အသက်အူတိုင်ဖြစ်ပါသည်။ ကျနော်တို့သည် ကျနော်တို့၏နောက်ဆုံးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဘုရားသခင်၏မေတ္တာနှင့် အလင်းတရားကို သယ်ဆောင်သည့်နေရာ စုံလင်ခြင်းအဆင့်သို့ ကြီးထွားလျက် ဘုရားသခင်အတွက် လုပ်ဆောင်သောသူအဖြစ် ရပ်တည်ကြပါစေသော။

ဘုန်းကြီးသောနာမတော်သည်းလည်း အစဉ်အမြဲမင်္ဂလာရှိတော်မူစေသ တည်း။ မြေကြီးတပြင်လုံးသည်လည်း ဘုန်းတော်နှင့်ပြည့်စုံပါစေသော (ဆာလံ ၇၂:၁၉)။

## သင်ခန်းစာ

- ဝိညာဉ်ရေးရာအသက်တာဖြစ်စဉ်သည် မြင်ကွင်း၌ မပေါ်သော်လည်း ၎င်း၏တရားနှင့်ကြီးထွားဖွံ့ဖြိုးမှု လမ်းစဉ်သည် ဘုရားသခင်အားဖြင့် ထင်ရှား၍ ခန္ဓာပိုင်းဆိုင်ရာ ကြီးထွားခြင်း၌ အရိပ်အမြွက် ပြသလျက် နေ၏။
- ဘုရားသခင်၏လူရှိသမျှတို့သည် မိမိတို့၏ဝိညာဉ်ရေးရာအသက်တာ ကြီးထွားခြင်းအတွက်ရော သူတို့ဝန်းကျင်၌ရှိသည့် အခြားသူများအ တွက်ပါ ပြုစုပျိုးထောင်ဖို့ရန် ကြီးလေးသော တာဝန်ရှိကြ၏။
- ကျနော်တို့သည် ဘုရားသခင်၏အသင်းတော်၌ ခေါင်းဆောင်များဖြစ်သည့် အလျောက် ခရစ်တော်၏မိန့်မှာချက်၌တည်၍ ကျနော်တို့၏ဦးစားပေးမှု များနှင့်လုပ်ရှားမှုများကို ဘုရားသခင်၏လူတို့အား ဝိညာဉ်ပိုင်းဆိုင်ရာ ကြီးထွားခြင်နှင့်လေ့ကျင့်သင်ကြားခြင်းအဖြစ်သို့ ပြောင်းလဲစေရမည်။
- မဖြစ်နိုင်စရာဟု ထင်ရသော်လည်း အရေးမကြီးပေ၊ ဘုရားသခင်သည် ဝိညာဉ်ရေးရာအသက်တာ ပြုစုပျိုးထောင်ခြင်းအပေါ် ကြိုးစားအား ထုတ်မှုအတွက် ကျနော်တို့နှင့်အတူ အလွန်လုပ်ဆောင် လိုသောသူဖြစ် ပါသည်။ ဤကား ဘုရားသခင်၏ရည်ရွယ်ချက်ဖြစ်၍ မိမိ၏လူတို့အတွက် မိမိနှင့် သဏ္ဌာန်တူသည့်အဖြစ်သို့ ကြီးထွားစေကာ အသီးများသီးစေလျက် မြေကြီးပေါ်၌ မိမိ၏ရည်ရွယ်ချက်ကို ခံ့ညားထည်ဝါစွာ ပြီးပြည့်စုံစေဖို့ ဖြစ်ပါသည်။
- ကျနော်တို့သည် ကိုယ်တော်၏ကြီးဖူးတော်အားဖြင့် ကျနော်တို့၏ခမည်း တော်နှင့် ပိုမိုတူညီမှုရှိလာ၍ ကိုယ်တော်၏ကောင်းမြတ်သောအလုပ် များကို ပြီးမြောက်သောအခါ ဘုရားသခင်သည် အထွတ်အထိပ်သို့ ဘုန်းအသရေထင်ရှားခြင်းရှိ၏။ "ထိုနည်းတူ သူတပါးတို့သည် သင်တို့၏ ကောင်းသောအကျင့်ကို မြင်၍ ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘ၏ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှာ ..."(မ၅:၁၆)။

## ကျက်မှတ်၍ ဆင်ခြင်အောက်မေ့ပါ

- ကော၁:၂၈-၂၉

## တာဝန်ပေးအပ်ခြင်း

➡ သင်ရှိသည့်နေရာကနေ အစပြုပါ။ သင့်အသက်တာနှင့်သင်၏ဝန်းကျင်၌ ဘုရားသခင်၏အသက် ထင်ရှားစေခြင်းငှာ သင်ကိုယ်တိုင် ဆက်ကပ်ပါ။

➡ သင့်စိတ်နှလုံးထဲ၌ သန္ဓေတည်သည့် မယုံကြည်ခြင်း၏နယ်ပယ်တစ်ခုခုကို ဝန်ခံပါ။ ၎င်းအတွက် နောင်တရပါ။ ဤကား တချို့သော အကြံပေးချက်များ ဖြစ်သည်။ ဤအချက်များကို "ငါသံသယရှိသည်" ဟုဝန်ခံရမည်။

- ဘုရားသခင်၏လူတို့သည် စုံလင်သောအသက်တာသို့ ကြီးထွားနိုင်သည်။
- ဘုရားသခင်သည် မိမိအသက်တာ၌ဖြစ်စေ၊ သူတပါးတို့၏အသက်တာ၌ ဖြစ်စေ သူ၏ရောမ ရည်ရွယ်ချက် ပြီးပြည့်စုံဖို့ရန် တက်တက်ကြွကြွ လုပ်ဆောင်လျက်နေသည်။
- ဤအသက်တာ အပြောင်းအလဲသည် အရေးကြီး၏။
- ငါသည် ငါ၏အသက်တာ နယ်ပယ်တစ်ခုထက် ပို၍ပြောင်းလဲနိုင်ပါသည်။
- ဘုရားသခင်၏လေ့ကျင့်ခြင်းဆိုင်ရာ အဓိကရည်ရွယ်ချက်မှာ ဝိညာဉ်ပိုင်း ဆိုင်အသက်တာ ပြုစု ပျိုးထောင်ခြင်း၌ အဓိကကျပါသည်။

➡ ကောလောသဲ ၁:၂၈-၂၉ ကို သင့်ကိုယ်ပိုင်စကားဖြင့် ပြန်ရေး၍ "ငါတို့"ဟူသောစကားလုံး၌ "ငါ "ဟူ၍ အစားထိုးအသုံးပြုပါ။


➡ ဘုရားသခင်၏လူတို့ကြီးထွားခြင်းအတွက် ကူညီဖေးမခြင်းနှင့်ကိုယ်တော်၏ရည်ရွယ်ချက် သယ်ပိုးခြင်း တို့၌ ကိုယ်တော်နှင့်အတူ လုပ်ဆောင်ခြင်းအားဖြင့် ဘုရားသခင်၏ဘုန်းအတွက် အမြင့်မြတ်ဆုံး လုပ်ဆောင်ပါ။

➡ ဘုရားသခင်သည် သင်၏စိတ်နှလုံး၌ လျှပ်တပြက် ခြေလှမ်းများ ချပေးခြင်းရှိသည်မရှိသည်ကို ခဏရပ်၍ ရှာဖွေကြည့်ပါ။ ၎င်းတို့၏အကောင် အထည်ဖော်မှုများကို အစပြုသောအခါ၎င်းတို့ကို စာရင်းပြုစု၍ အချိန်ပေးရမည်။

# နောက်ဆက်တွဲများ

# #၁-၄

# နောက်ဆက်တွဲ ၁ -
# ထူးကဲသောသင်ကြားခြင်းအတွက် လမ်းညွှန်မှု



# နောက်ဆက်တွဲ ၂: အသက်တာ၏နှိုင်းစာချက်များ

ဘုရားသခင်သည် မကြာခဏ ဝိညာဉ်ရေးရာသမ္မာတရားများအပေါ်၌ ကျနော်တို့၏နားလည် သဘောခြင်းကို နက်ရှိုင်းစေပါသည်။ ကျနော်တို့အသက်အတွက် ဘုရားသခင်ပေးအပ်သည့် နှိုင်းစာချက်များကို လေ့လာသောအခါ ကိုယ်တော်သည် အရေးကြီးဆုံးသောသမ္မာတရားများကို မယုံကြည်နိုင်လောက်အောင်ပင် ရှင်းလင်းစေပါသည်။ အသက်တာနှိုင်းစာချက် လေးမျိုးမှာ၊



## ၁။ အသက်ပေါက်ဖွားခြင်း - မျိုးစေ့၏နိုင်းစာချက်

ဝိညာဉ်ရေးရာကြီးထွားမှု၏အစပြုခြင်း

“ငါအမှန်အကန်ဆိုသည်ကား မြေ၌ကျသောစပါးစေ့သည် မပျက်လျှင် တခုတည်းနေ၏။ ပျက်လျှင်မူကား များစွာသောအသီးကို သီးတတ်၏။ မိမိအသက်ကို နှမြောသောသူသည် အသက်ဆုံးလိမ့်မည်။ ဤလောက၌ မိမိအသက်ကို မုန်းသောသူမူကား ထာဝရအသက်ကို စောင့်ရှောက်လျက်နေ၏” (ယော၊၁၂:၂၄-၂၅)။

“သင်တို့သည် ဖောက်ပြန်ပျက်စီးတတ်သောမျိုးစေ့အားဖြင့် ဖြစ်ပွားသည် မဟုတ်၊ မဖောက်ပြန် မပျက်စီးတတ်သောမျိုးစေ့တည်းဟူသော အသက်ရှင်၍ အစဉ်အမြဲတည်တော်မူသော ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ဖြစ်ပွားသောသူများဖြစ်ကြ၏ “(၁ပေ၊၁:၂၃)။

## ၂။ အသက်တာ၏န ယ်ပယ် - အသက်တာ၏နိုင်းစာချက်

ဝိညာဉ်ရေးရာကြီးထွားမှု၏အခြေခံတရားများ

“သားတော်ကို ယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။ သားတော်ကို ပယ်သောသူမူကား အသက်ကိုမတွေ့ရ။ ထိုသူ၏အပေါ်၌ ဘုရားသခင်၏အမျက်တော် တည်နေသည်ဟု ယောဟန်ဟောလေ၏ “ (ယော၊၃:၃၆)။

“ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို သင်တို့သည် ယုံမည်အကြောင်း ထိုသို့ယုံ၍ နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း ဤမျှလောက်ရေးထားလျက် ရှိသတည်း။ “(ယော၊၂၀:၃၁)။

## ၃။ အသက်တာ၏ကြီးထွားမှု - ကြီးထွားမှု၏နိုင်းစာချက်

ဝိညာဉ်ရေးရာကြီးထွားမှု၏အဆင့်များ

“အဘတို့၊ သင်တို့သည် ရှေ့ဦးစွာကပင် ရှိတော်မူသောသူကို သိသောကြောင့် သင်တို့အား ငါရေး၍ပေးလိုက်၏။ လူပျိုးတို့၊ သင်တို့သည် မာရ်နတ်ကို အောင်သောကြောင့် သင်တို့အား ငါရေး၍ ပေးလိုက်၏။ သူငယ်တို့၊ သင်တို့သည် ခမည်းတော်ကိုသိသောကြောင့် သင်တို့အား ငါရေး၍ပေးလိုက်၏။ အဘတို့၊ သင်တို့သည် ရှေ့ဦးစွာကပင် ရှိတော်မူသောသူကို သိသောကြောင့် သင်တို့အား ငါရေး၍ ပေးလိုက်ခဲ့ပြီ။ လူပျိုတို့၊ သင်တို့သည် ခွန်အားနှင့် ပြည့်စုံ၍ ဘုရားသခင်

၏နှုတ်ကပတ်တော်၌ မှီဝဲဆည်းကပ် သဖြင့် မာရ်နတ်ကို အောင်သောကြောင့် သင်တို့အား ငါရေး၍ပေးလိုက်ခဲ့ပြီ "(၁ယော၊၂:၁၃-၁၄)။


## ၄။ အသက်တာပြောင်းလဲခြင်း - ပြောင်းလဲခြင်း၏နိုင်းစာချက်

ဝိညာဉ်ရေးရာကြီးထွားမှု၏ရည်ရွယ်ချက်

"ဘုရားသခင်သည် အလိုတော်ရှိသည့်အတိုင်း ကိုယ်ကိုပေးတော်မူ၏။ မျိုးစေ့အသီးသီးတို့အားလည်း မိမိတို့မျိုးအတိုင်း ကိုယ်ကိုပေးတော်မူ၏။ အသားရှိသမျှတို့သည် တမျိုးတည်းမဟုတ်။ လူသားတမျိုး၊ အမဲသားတမျိုး၊ ငါးသားတမျိုး၊ ငှက်သားတမျိုး အသီးအသီးရှိကြ၏(၁ကော၊ ၁၅:၂၈-၂၉)။

"ကောင်းကင်အကောင်အထည်လည်း ရှိ၏။ မြေကြီးအကောင်အထည်လည်းရှိ၏။ ကောင်းကင်အကောင်အထည်၏ဂုဏ်အသရေလည်းတမျိုး၊ မြေကြီးအကောင်အထည်၏ဂုဏ်အသရေလည်း တမျိုးဖြစ်၏။ ... ထိုနည်းတူ သေသောသူတို့၏ထမြောက်ခြင်းအကြောင်းအရာဖြစ်၏။ ကိုယ်သည် စိုက်သောအခါ ပုတ်တတ်သောသဘောရှိ၏။ ထမြောက်သောအခါ မပုတ်နိုင်သောအဖြစ်၌ တည်၏ " (၁ကော၊၁၅:၄၀၊၄၂)။

# နောက်ဆက်တွဲ ၃- စီးဆင်းမှု




၁ယော၊၂း၁၂-၁၄ထဲက အထက်ပါဇယား၏စီးဆင်းမှုသည် ဤအချက်နှစ်ချက်ကို သိမ်းထားသည်-(၁)လိုင်းတံပိုး၏ရွေ့လျားမှုကြောင့် တန်ခိုးပြည့်စုံသော ဘုရားသခင်၏ရည်ရွယ်ချက်နှင့်အတူ(၂)ဘုရားသခင်၏လမ်းစဉ်များကို ဝိညာဉ်ရေးရာ ကြီးထွားဖွံ့ဖြိုးမှု အဆင့်သုံးဆင့်၌ တွေ့မြင်ရသည်။

အစက်ပေါက်များပါဝင်သည့်မျဉ်းကြောင်းများသည် နည်းပညာအရ ၁ယော၌ တွေ့မြင်ရသည့်ရုပ်ပုံ အစိတ်အပိုင်းမဟုတ်သော်လည်း အသင်းတော်၏ ရုပ်လုံးကို ပိုမိုပြည့်စုံစေဖို့ရန် ထည့်သွင်းခြင်းဖြစ်သည်။ ရှာဖွေသူအဆင့်ရှိသည် စက်ဝိုင်းပုံသည် ဘုရားသခင်ထံသို့ လူများလာရောက်ရန်အတွက် ဘုရားသခင်နှိုးဆော်သည့်နေရာဖြစ်သည်။ ဇယားအဆုံးပိုင်းသည် အသင်းတော်၏လမ်းညွှန်မှုကို ကြီးမားစွာပုံသွင်းသည့် တတိယအဆင့်၏ချဲ့ထွင်ခြင်းအဖြစ် ဖြည့်ဆည်းပေးခြင်းဖြစ်သည်။ ဤတပ်ဆင်သူများသည် အချိန်ပြည့် သို့မဟုတ် အချိန်ပိုင်း ဘုရားသခင်၏လူတို့ကို တည်ဆောက်ဖို့ရန် သူတို့၏ခွန်အားများကို ပြန်လည်မြှုပ်နှံခြင်းဖြစ်သည်။

ဘုရားပေးသည့်အသက်သည် မိမိလူတို့အတွက် ဘုရားတရားကြည်ညိုသည့်အကျင့်စရိုက်ကို ဖန်တီးရန် မြစ်ရေသဖွယ်စီးဆင်းလျက်ရှိပြီး သူတို့၏ယုံကြည်ခြင်း ကြီးထွားခြင်းအတွက် အကောင်းဆုံးဖြစ်သည်။ သူတို့သည် ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်ကိုသိရှိလေ ဘုရားသခင်နှင့် ပို၍နီးကပ်လေ၊ ကိုယ်တော်၏ကြီးမားသော ရည်ရွယ်ချက်များကို ပိုမိုကောင်းမွန်စွာ ထမ်းဆောင်နိုင်လေဖြစ်၏။ သန့်ရှင်းမြင့်မြတ်သောအလုပ်ကို အစပြု၍ ဆက်လက်တည်စေမည့် ဘုရားသခင်သည် ဘုန်းအသရေရှိသမျှနှင့် ပြည့်စုံပါစေသော။ ထိုသမ္မာတရား၏ဖြစ်တည်မှုသည် ဤလောက၌ သခင်ဘုရား၏အလုပ်ကို တုံ့ပြန်နိုင်ဖို့ရန် ကျနော်တို့အား အားကြီးစွာနိုးကြားစေသင့်သည်။ သို့မှသာ ၎င်းသည် ကျနော်တို့ အသက်တာနှင့်လေ့ကျင့်သင်ကြားခြင်းအတွက် အရှိန်အဝါကြီးသည့် တို့ထိမှုဖြစ်နိုင်ပေမည်။

# နောက်ဆက်တွဲ ၄: စာရေးသူ၏အကြောင်း

Paul သည် ၁၉၈၀ ခုနှစ်ကတည်းက ပင်လယ်ရပ်ခြား အသင်းတော်တည်ထောင်သူအဖြစ် အမှုတော် ထမ်းဆောင်ခဲ့ပြီး အမေရိကန်ပြည်ထောင်စုမှာလည်း ၁၉၉၀ ခုနှစ်ကတည်းက သင်းအုပ်တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ပါသည်။ ဘုရားသခင်က သူ့ကို Biblical Foundations for Freedom တည်ထောင်ရန် ၂၀၀၀ ခုနှစ်တွင် ခေါ်ခဲ့၍ စာအုပ်များကို ရေးသားကာ နိုင်ငံတကာ ခရစ်ယာန်ခေါင်းဆောင်လေ့ကျင့်သင်ကြားခြင်းကို လုပ်ဆောင်လျက် ဒေသန္တာရအသင်းတော်၌ အမှုတော်ထမ်းဆောင်ခဲ့၏။

Paul ၏ကျယ်ပြန့်သော နယ်ပယ်အပိုင်းအခြားဖြစ်သည့် ခရစ်ယာန်အသက်တာ၊ တပည့်တော်မွေးထုတ်ခြင်း၊ ဘုရားတရားကြည်ညိုလျက် အသက်ရှင်ခြင်း၊ ခေါင်းဆောင်မှု လေ့ကျင့်သင်ကြားခြင်း၊ အိမ်ထောင်ရေး၊ မိဘပြုစုခြင်း၊ စိုးရိမ်ခြင်း၊ ဓမ္မဟောင်းဓမ္မသစ် အနက်ဖွင့်ခြင်းနှင့်ဝိညာဉ်ရေးရာ အသက်တာ ခေါင်းစဉ်များစွာတို့ကို ရေးသားပြုစုသူဖြစ်ပါသည်။

Paul သည် လွန်ခဲ့သည့် ၃၅ နှစ်အထက်ကပင် အိမ်ထောင်ပြုခဲ့သူဖြစ်ပါသည်။ သားသမီးရှစ်ယောက်နှင့် မြေးသုံးယောက်ထွန်းကားခဲ့ပါသည်။ Paul နှင့်သူ့ဇနီး Linda တို့သည် သူတို့အသက်တာ၌ အံ့သြဖွယ်ရာဘုရားသခင်၏ ကောင်းကြီးမင်္ဂလာများကို အစဉ်တွေ့မြင်ကြရ၏။

Paul နှင့် Linda လင်မယားနှစ်ဦးတို့၏အကြောင်းကို ပိုမိုသိရှိလိုပါက BFF လုပ်ငန်း onlineပေါ်၌ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

www.foundationsforfreedom.net